




OBookShelf
.blogspot.com


မင်းသမီး
ပုဂံသား မောင်ဘမော်

[illegible]

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၆၀၂/၂၀၀၃(၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၈၅/၂၀၀၃(၇)
တတိယအကြိမ်
၂၀၀၃ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၅၀ ကျပ်
ထုတ်ဝေသူ - မနောဘဝီစာစဉ်
ဦးအောင်ထွန်း (မြ-၀၁၉၅၂)
မြို့မ(၁)၊ ပေါ်တော်မူလမ်း၊
ဖော်တီမြို့နယ်။
အဖုံးပုံနှိပ်နှင့် အတွင်းပုံနှိပ် - ရတနာသမ္မာပုံနှိပ်တိုက်
ဒေါ်ခင်ဖြူ (မြ-၀၄၇၈၀)
အမှတ်(၂၀၇)၊ ဓေဇယသန္တာလမ်း၊
၁၆/၂-ရပ်ကွက်၊ သင်္ဃန်းကျွန်း၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - အောင်မြင်စာပေ
အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊
ရန်ကုန်မြို့။
☎ ၅၄၁၇၄၅
၀၉ ၈၀ ၄၄၅၈၀
၀၉ ၅၀ ၂၁၁၅၄


http://obookshelf.blogspot.com

http://obookshelf.blogspot.com

A - 9646




OBookShelf .blogspot.com

# မင်းသိင်္ခ

ပုဂံသား မောင်ဘမော်

( တတိယအကြိမ် )

http://obookshelf.blogspot.com





## နောကောနော

တစ်နေ့သည် အသက်ကိုးနှစ်အရွယ်ရှိ ယောကျ်ားကလေး တစ်ယောက်သည် ပုဂံမြို့ 'မြင်ကပါ' အရပ်ရှိ လွန်စွာရှေးကျသော ဘုန်းကြီးဂေ ၁င်းကြီးတစ်ကျောင်း၏ ခန့်ညားသော အုတ်လှေကားကြီးမှ အုတ်တိုင်ကြီးကိုမှီလျက် အောက်ပါ လင်္ကာကလေးကို နှုတ်တိုက်ရွရွ ရွတ်ဆို၍နေလေ၏။

"နောဧကနော၊ နဝဒွေးအဋ္ဌာရသ"

"နောဧကနော၊ နဝဒွေးအဋ္ဌာရသ"

မျက်စိကိုမှိတ်လျက် အဆက်မပြတ် ရွတ်ဆိုပြီးနောက် အနည်းငယ် မော၍သွားလျှင် မျက်လုံးကို ဖွင့်လိုက်လေ၏။ ထိုသို့ မျက်လုံးဖွင့်လိုက်သောအခါ၌ သူ၏ရှေ့တွင် ဆောင့်ကြောင့်ကလေး ထိုင်၍ သူ့ကိုကြည့်နေသော ဂါဝန်(ခေါ်)သင်တိုင်းတိုကလေးကို ဝတ်ထားသည့် သူနှင့် သက်တူရွယ်တူ မိန်းကလေး တစ်ယောက်ကို တွေ့မြင်ရလျှင် အံ့သြ၍ သွားလေတော့၏။

"ငါရောက်နေတာ ကြာပြီ၊ နင် ဘာတွေ ဆိုနေတာလဲ"

http://obookshelf.blogspot.com



ဟု မိန်းကလေးက မေးလေ၏။ ယောကျ်ားကလေးက ပြန်၍မဖြေဘဲ မိန်းကလေးကို သေသေချာချာ ကြည့်၍နေလေ၏။

"မေးနေတာ ပြောလေဟယ်၊ နင် ဘာတွေဆိုနေတာလဲ"

"နင်...ဘယ်သူလဲ"

ယောကျ်ားကလေးက မဖြေသည့်အပြင် သူကပင် ပြန်၍ မေးလိုက်လေသည်။

"ငါ့နာမည် သီသီလို့ ခေါ်တယ်"

"နင်...ဘယ်က ရောက်လာတာလဲ"

"ဒယ်ဒီနဲ့ လိုက်လာတာပေါ့"

"ဒယ်ဒီဆိုတာ ဘာကောင်လဲ"

"အကောင် မဟုတ်ဘူးဟဲ့၊ ဒယ်ဒီဆိုတာ အဖေကို ပြောတာ"

"အဖေကို ဒယ်ဒီလို့ ပြောရသလား"

"အေး...ဟုတ်တယ်"

"နင်က ဘယ်ကလဲ"

ဟု မေးလိုက်ကာ ယောကျ်ားကလေးသည် နှပ်ချေးကို အကျီစဖြင့် သုတ်လိုက်လေ၏။

"အကျီနဲ့ မသုတ်ရဘူး၊ ဘာနဲ့ သုတ်ရမယ်ဆိုတာ နင့်တီချယ်က မပြောဘူးလား"

"တီချယ်ဆိုတာ ဘာကောင်လဲ"

"ဆရာမကို ပြောတာ၊ အကောင် မဟုတ်ဘူး"

"ငါ့မှာ ဆရာမ မရှိဘူး၊ ဘုန်းကြီးပဲရှိတယ်၊ ငါ့ဘုန်းကြီးကတော့ နှာခေါင်းဝမှာ နှပ်ချေးရှိရင် ခေါင်းကိုခေါက်တယ်၊ ဘာနဲ့ သုတ်ရမယ်ဆိုတာတော့ မပြောဘူး"



obookshelf blogspot.com



မိန်းကလေးက တခစ်ခစ်နှင့် ရယ်လေ၏။ ရယ်ပြီးနောက်...

"You are very dirty"

ဟု ပြောလိုက်လျှင် ယောကျ်ားကလေးက "ဘာပြောတာလဲ" ဟု မေးရာ မိန်းကလေးက "သိပ်ပြီး ညစ်ပတ်တာပဲလို့ ပြောတာပါ" ဟု ရှင်းပြလေ၏။ ရှင်းပြပြီးနောက်...

"နင့်နာမည် ဘယ်လိုခေါ်သလဲ" ဟု မေးပြန်၏။

"ငါ့နာမည် ဘမော်"

"ကျောင်းမှာ စာသင်တာ ဘယ်နှစ်တန်းရောက်ပြီလဲ"

"အတွင်းအောင်ခြင်း၊ အပြင်ဇအောင်ခြင်း ပြီးပြီ၊ ရတနာရွှေချိုင့်ကို စပြီးအံနေရပြီ"

"အန်နေတယ် ဟုတ်လား"

"အေး...အံနေပြီ"

"အန်နေရင် ဒေါက်တာကြီး မလာဘူးလား"

"ဒေါက်တာကြီးဆိုတာ ဘာကောင်လဲ"

"အကောင် မဟုတ်ဘူးဟဲ့၊ ဆေးထိုးတာ"

"ဘာဖြစ်လို့ ဆေးထိုးရမှာတုန်း"

"အန်နေတယ်ဆို"

"စာအံတာကိုပြောတာ"

"စာကျက်တယ် ပြောပါဟယ်"

"ကျက်တာက စိတ်ထဲက မှတ်တာ၊ အံတာက ပါးစပ်က ဆိုတာ"

"ကျောင်းကို ဘာနဲ့ လာသလဲ"

"ဒီမှာနေတာ"

http://obookshelf.blogspot.com



"ဘော်ဒါပေါ့"

"ဘော်ဒါဆိုတာ ဘာကောင်လဲ"

"နင်ကလဲ အကောင်ချည်းပဲ ပြောနေတာပဲ၊ အကောင် မဟုတ်ပါဘူး၊ ဘော်ဒါဆိုတာ ကျောင်းအိပ်ကျောင်းစားကို ပြောတာ"

"အေး…ဟုတ်တယ်၊ ငါက ကျောင်းမှာ အိပ်တယ်၊ ကျောင်းမှာ စားတယ်၊ ကျောင်းမှာ နေတယ်"

"ဘော်ဒါဖီး ဘယ်လောက်ပေးရသလဲ"

"ဘော်ဒါဖီးဆိုတာ ဘာလဲ"

"ဘာကောင်လဲလို့ မမေးတော့ဘူးလား"

"ဘာကောင်လဲလို့ မေးတာကို နင်က မကြိုက်ဘူးဆို"

မိန်းကလေးသည် သဘောကျ၍ ရယ်ပြန်လေ၏။ ရယ်ပြီးနောက် ဘော်ဒါဖီး ဆိုသည်မှာ ဘော်ဒါနေစဉ် ကျောင်းလစဉ်မည်၍မည်မျှ ပေးရသည်ကို မေးကြောင်း ပြောလျှင် ယောက်ျားကလေးက…

"ဘုန်းကြီးကျောင်းမှာ နင်ပြောတဲ့ ဘော်ဒါနေရင် ပိုက်ဆံ မပေးရပါဘူး၊ ဘုရားပွဲဖြစ်ရင်တောင် ဘုန်းကြီးက ငါ့ကို ပိုက်ဆံ ပေးသေးတယ်၊ မသာရှိလို့ ဘုန်းကြီးပင့်ရင်လဲ ငါက လိုက်သွားရတယ်၊ အဲဒီအခါမှာတော့ ကန်တော့ပွဲကို ရွက်ရတယ်၊ ပိုက်ဆံတော့ မရဘူး၊ ဘုန်းကြီးပျံ ရှိရင်တော့ ပိုက်ဆံ တော်တော်များများ ရတယ်"

"ဘုန်းကြီးပျံ ဟုတ်လား"

"အေး…ဟုတ်တယ်၊ ဟိုဘက်ကျောင်းက ဘုန်းကြီး နွေတုန်းက ပျံတယ်"





"Oh My God! How can ဘုန်းကြီး fly?"

"နင် ဘာပြောတာလဲ"

"ဘုန်းကြီးမှာ အတောင်လဲ မရှိဘဲနဲ့ ဘယ်လို ပျံနိုင်မလဲ ဟယ်"

"ဘုန်းကြီးပျံဆိုတာ မိုးပေါ်ကို ပျံတာမဟုတ်ဘူး၊ မြေကြီးထဲကို ဝင်တာ"

"ဪ…သေတာကို ပြောတာလား"

"အေး…နင်က ကျောင်းမနေဘူးလား"

"နေတာပေါ့ဟယ်၊ စိန့်မေရီကျောင်းမှာ နေတာ"

"ဪ…နင်တို့ ကျောင်းနာမည်ကလဲ 'စိန့်' ပါတာကိုး၊ ငါတို့ ကျောင်းနာမည်လဲ စိန်ပါတာပဲဟယ်"

"နင်တို့ကျောင်းက ဘယ်လိုခေါ်သလဲ"

"စိန်ဒါမရ"

ယောက်ျားကလေးသည် 'စိန္တာမယ' ကျောင်းတိုက်၏ အမည်ကို စိန့်မေရီကျောင်း၏ အမည်နှင့် ပခုံးချင်းယှဉ်၍ ပြောလိုက်လေ၏။ ထို့နောက် မိန်းကလေးအား…

"နင်ကော ဘယ်စာရောက်ပြီလဲ" ဟု မေးလိုက်လျှင် မိန်းကလေးက တခစ်ခစ် ရယ်မော၍…

"ဘယ် class ရောက်ပြီလဲ ပြောစမ်းပါဟယ်၊ ငါက သုံးတန်းတောင် ရောက်ပြီ" ဟု ပြောလိုက်လေ၏။

"ဒီလိုဆိုရင် လောကနီတိ ဆိုပြစမ်း"

"ဟင့်အင်း မဆိုတတ်ဘူး"

"နင်တို့ကျောင်းကလဲ လောကနီတိတောင် မသင်ဘူးလား၊ တော်တော်ချာတာပဲ"

http://obookshelf.blogspot.com



မိန်းကလေးက ခေါင်းကို ရမ်း၍ပြလေ၏။ ထိုအခါ၌ ယောကျ်ားကလေးက အုတ်တိုင်ဘေးတွင် ချ၍ထားသော ဆေး ပေါ့လိပ်ကို ကောက်ယူပြီးလျှင် ပိန်လိန်နေသော ဓာတ်မီးခြစ်က လေးကို ခြစ်ကာ မီးညှိ၍ ဆေးပေါ့လိပ်ကို အားရပါးရ ဖွာလေ၏။

"နင်...ဆေးလိပ်သောက်တယ် ဟုတ်လား"

"မသာပို့ သွားတုန်းက ရခဲ့တဲ့ ဆေးလိပ်လေ"

မိန်းကလေးသည် ဆေးလိပ်ကိုင်ထားသော ယောကျ်ား ကလေး၏ လက်များကို ကြည့်လိုက်ရာ လက်သည်းများရှည်၍ အတွင်း၌လည်း ချေးများ ဝင်၍နေသည်ကို တွေ့လျှင်...

"နင်...လက်သည်း မညှပ်ဘူးလား"

"ဟင့်အင်း၊ ပါးစပ်နဲ့ပဲ ကိုက်ပစ်တယ်"

"လက်သည်းအရှည် မထားရဘူး၊ လက်သည်းထဲမှာ ချေးတွေရှိရင် ရောဂါဖြစ်တတ်တယ်"

"မဖြစ်ပါဘူး၊ ကျောင်းအောက်မှာနေတဲ့ ကပ္ပိယကြီး လက်သည်းက ငါ့ထက်တောင် ရှည်သေးတယ်၊ ကပ္ပိယကြီး ရောဂါဖြစ်တယ်လို့ မကြားမိပါလား"

"နင် အခု ထမင်းစားပြီးပြီလား"

"မစားရသေးဘူး၊ ဘုန်းကြီး အရင်ဘုဉ်းပေးမယ်၊ ပြီးရင် ကိုရင်တွေ၊ ကိုရင်တွေပြီးတော့မှ ငါ့အလှည့်၊ ငါပြီးတော့ တိုးလုံ"

"တိုးလုံဆိုတာ ဘယ်သူလဲ"

"တိုးလုံဆိုတာ ငါတို့ကျောင်းက ခွေးကို ပြောတာ"

"ငါကတော့ စားပြီးပြီ" ဟု ဆိုကာ မိန်းကလေးက အုတ် လှေကားထစ်ကလေးပေါ်သို့ တက်၍ထိုင်လျှင် ယောကျ်ားကလေး က ပျာပျာသလဲ ကန့်ကွက်လေတော့၏။





"အပေါ်မှာ မထိုင်ရဘူး၊ မိန်းမက အပေါ်က ယောကျ်ား က အောက်ကဆိုရင် ယောကျ်ား ဘုန်းနိမ့်တတ်တယ်"

"ဘုန်းနိမ့်တယ်ဆိုတာ ဘာဖြစ်တာလဲ"

"ဘုန်းနိမ့်တယ်ဆိုတာ ဘုန်းနိမ့်တာပေါ့ဟ၊ အရပ်နိမ့် သွားတာကို ပြောတာ"

"ဟယ်...မိန်းကလေးက အပေါ်က နေတာနဲ့ အောက်က ယောကျ်ားကလေးက အရပ်နိမ့်သွားရောလားဟယ်၊ ငါဖြင့် မယုံ ပါဘူး"

"မယုံဘူး မလုပ်နဲ့၊ ဆရာတော်ပြောတာ၊ ဆရာတော်က မယုံဘူးဆိုရင် သိပ်ပြီးစိတ်ဆိုးတယ်၊ တစ်ခါက မြို့ကလာတဲ့ ဘောင်းဘီနဲ့ အစ်ကိုကြီးကို မယုံဘူးဆိုလို့ ကွမ်းညှပ်နဲ့ ကောက်ပြီး ပေါက်တာ အဲဒီအစ်ကိုကြီး နဖူးပြဲသွားတယ်၊ ဆရာတော်ရှေ့မှာ ဘာပဲပြောပြော ယုံပါတယ်လို့ ပြောရတယ်၊ တော်တော်ကြာ နင်လဲ နဖူးပြဲနေဦးမယ်" ဟု ယောကျ်ားကလေးက မိန်းကလေးကို သတိပေးလိုက်လေတော့၏။

မိန်းကလေးကလည်း တခစ်ခစ် ရယ်မောလေတော့၏။

ထမင်းစားချိန်၌ ယောကျ်ားလေးသည် ကျောင်းပေါ် တက်၍ အလုပ်လုပ်ရလေ၏။ ထမင်းပါ စားပြီးခါမှ သူ၏နေရာ အုတ်တိုင်ကလေးဆီသို့ ပြန်၍ရောက်လာပြီးလျှင် စာကို ကျက်ပြန် လေ၏။ စာကျက်နေစဉ်၌ပင် မိန်းကလေး ရောက်၍လာပြန်၏။ မိန်းကလေး၏လက်ထဲတွင် ဓာတ်ဘူးနှင့်အတူ မုန့်ထည့်သော သံဘူးကလေးပါ ပါ၍လာလေ၏။ ပြီးလျှင် သူတို့နှစ်ယောက် စကားပြောကြလေ၏။ နေ့လည်(၁)နာရီခန့်တွင် မိန်းကလေးက ဓာတ်ဘူးအတွင်းမှ ကော်ဖီကို ဓာတ်ဘူးအဖုံးကလေးအတွင်းသို့

http://obookshelf.blogspot.com



ငုံ့၍ထည့်ပြီးလျှင် မုန့်ဘူးကလေးအတွင်းမှ ပေါင်မုန့်ယိုသုတ် တစ်ချပ်ကို ထုတ်၍ ယောကျ်ားကလေးအား တိုက်ကျွေးလေ၏။

"ငါစားလိုက်ရင် နင်စားဖို့ မကျန်ဘဲ နေမှာပေါ့၊ ငါ့မှာ ကြိသကာ ရှိပါတယ်ဟယ်"

"စားပါဟယ်"

"မနက်ဖြန်ကျရင် အများကြီး ယူခဲ့ဦးမယ်"

"သာဓု...သာဓု ဒါနတော ဘောဂံ၊ ဒါနတော ဘောဂံ"

"ဘာတွေ ပြောတာလဲဟဲ့"

"ငါတို့ဘုန်းကြီးက တစ်ခုခုလှူရင် အဲဒီလိုပဲ ပြောတယ် ဟဲ့၊ အခုလဲ နင်က ငါ့ကို ဒါတွေလှူတာပဲ မဟုတ်လား"

"လှူတာ မဟုတ်ဘူး၊ နင့်ကိုကျွေးတာ"

"ပိုက်ဆံ မပေးရရင် လှူတာပဲပေါ့ဟယ်"

"အေး...ဟုတ်တယ်၊ လှူတာပဲ"

ယောကျ်ားကလေးသည် ကော်ဖီကို တစ်ငုံသောက်လိုက်၊ မိန်းကလေးကို ပြုံး၍ပြလိုက်၊ မုန့်ကို တစ်ကိုက်ကိုက်လိုက်၊ ပြုံးပြလိုက်နှင့် လုပ်၍နေ၏။ အမှန်စင်စစ် ယောကျ်ားကလေးသည် ထိုသို့ပြုံးပြနေခြင်းမှာ သူ့မှာရှိသော သူပေးနိုင်သော အဖိုးအခကို ပေးဆောင်နေခြင်း ဖြစ်ပေသည်။

ဤသို့နှင့် မိန်းကလေးနှင့် ယောကျ်ားကလေးတို့သည် မိတ်ဆွေ ဖြစ်၍သွားကြလေတော့၏။ ညနေဘက်တွင် ဘုန်းကြီး ကျောင်းနှင့် မလှမ်းမကမ်း၌ မော်တော်ကားတစ်စီး လာ၍ရပ်လေ၏။ ကားပေါ်မှ အသက်(၄၀)ခန့် လူကြီးတစ်ဦး ဆင်း၍လာပြီးလျှင် ကျောင်းပေါ်သို့ တက်၍သွားလေ၏။ ကျောင်းပေါ်၌ ဘုန်းကြီးအား ရှိခိုးဦးချပြီးလျှင် မိန်းကလေးကို ခေါ်၍သွားလေသည်။





မိန်းကလေးက ယောကျ်ားလေးအား "နက်ဖြန်ကျရင် နင့်အတွက်ပါ မုန့်တွေအများကြီး ယူခဲ့မယ် ဘမော်"ဟု ဆိုလေ၏။ ထို့နောက် ကားပေါ်သို့ တက်၍သွားသည်။ ကားသည် လာလမ်းအတိုင်း ပြန်၍ထွက်သွားလေ၏။ မိန်းကလေးသည် ကားပေါ်မှ လက်ပြ၍ သွားလေ၏။ ယောကျ်ားကလေးကား မည်သို့ ပြန်၍လုပ်ပြရမှန်း မသိသဖြင့် နှာခေါင်းဝတွင် ထွက်၍ကျလာသော နှပ်ချေးများကို အကျႌဖြင့်သုတ်ရင်း ငေး၍ ကျန်ရစ်ခဲ့လေတော့၏။

ဤကား မောင်ဘမော်နှင့် သီသီတို့၏ စတင်သိကျွမ်းခဲ့ရခြင်း၏ အစပထမ ဖြစ်ပေတော့၏။ တစ်နည်းဆိုရပါမူ ကိုးကျောင်းထွက် လက်ာဖြစ်သော နေ့ဇကနေ့ကို ကျက်မှတ်ရသည့် ဘုန်းကြီးကျောင်းသား မောင်ဘမော်နှင့် စိန့်မေရီကွန်ဗင့် ကျောင်းသူကလေး သီသီတို့၏ ဇာတ်လမ်းအစဟုလည်း ဆိုနိုင်ပေ၏။

❖ ❖ ❖

http://obookshelf.blogspot.com



OBookShelf
.blogspot.com



## နင့်လက်က မွှေးတယ်

နောက်တစ်နေ့တွင် ဘမော်သည် သူ၏နေရာလေး၌ 'နောဧကနော'ကို ကျက်၍နေပြန်၏။ ထိုအချိန်၌ သီသီဆိုသော မိန်းကလေး ရောက်၍လာပြန်၏။ သီသီနှင့်အတူ ဒယ်ဒီဆိုသူ လူကြီးလည်း လိုက်ပါ၍ လာလေ၏။ ထိုလူကြီးမှာ အသားဖြူဖြူ၊ ဥပဓိရုပ်ကောင်းကောင်း ဖြစ်လေ၏။

"ဟော့...ကလေး...မင်း ဘယ်စာ ရောက်ပြီလဲ"ဟု လူကြီးက မေးလေ၏။

"အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း ကျွတ်ပါပြီ၊ ရတနာရွှေချိုင့်ကို အံနေပြီဗျ"

"အေး...ကောင်းတယ်ကွာ၊ သီသီနဲ့ ကစားနော်၊ မင်းအတွက်လဲ သီသီက မုန့်တွေထည့်လာတယ်၊ သီသီကိုလဲ မင်း တတ်တဲ့စာတွေ သင်ပြပေးလိုက်ပါကွ"

"မဖြစ်ဘူးထင်တယ်၊ ကျုပ်တတ်တာတွေ သင်ပေးလို့ မဖြစ်သေးဘူး၊ ကျုပ်က ရတနာရွှေချိုင့်တောင် ရောက်နေပြီပဲ၊

http://obookshelf.blogspot.com



သူ့က လောကနီတိမှ မတတ်သေးတာပဲ ဉစ္စာ"

"မင်းကတော့ လောကနီတိကို တတ်ပြီလား"

"တတ်ပါပြီ"

"တတ်ရင် လောကနီတိထဲက တစ်ပိုဒ်လောက်ဆိုပြစမ်း"

"လောကေ–လောက၌၊ ဟီနပုတ္တော–အမျိုးယုတ်သော သူ၏ သားဖြစ်လျက်လည်း၊ ရာဇာမစ္စော–မင်းအမတ် ဖြစ်တတ်၏။ ဇာလပုတ္တောစ–သူမိုက်၏သား ဖြစ်လျက်လည်း၊ ပဏ္ဍိတော–ပညာရှိ ဖြစ်တတ်၏။ အဓနဿ–ဉစ္စာမရှိသောသူ၏ သားဖြစ်လျက်လည်း၊ ဓနံ–ဉစ္စာသည်၊ ဗဟူ–များတတ်၏။ တသ္မာ–ထို့ကြောင့်၊ ပူရိသာနံ–ယောကျ်ားတို့အား၊ နမညထ–မထေမဲ့မြင် မပြုအပ်ရာ"

"အေး...ဟုတ်တယ်၊ လောကနီတိကို မင်းတတ်နေပြီ" ဟု ဆိုကာ ထိုလူကြီးသည် သီသီနှင့် ဘမော်အား နှုတ်ဆက်ကာ ထွက်၍သွားလေတော့၏။ ထို့နောက် ထိုလူကြီး မရှိတော့သည့် အခါ၌ သီသီက ဘမော်အား လက်ဆေးခိုင်းလေ၏။ ဘမော်လည်း ကျောင်းနောက်ဘက်ရှိ ရေတွင်း၌ လက်ကို သွား၍ဆေးရလေ၏။ လက်ဆေးပြီးလျှင် သီသီက အဖျားကော့သော ကတ်ကြေးငယ်ကလေးဖြင့် ဘမော်၏ လက်သည်းများကို ညှပ်၍ပေးလေ၏။ ဘမော်သည် လက်သည်းညှပ်ခံရင်း သီသီ၏ လက်ကလေးများကို ကြည့်၍နေ၏။ သီသီ၏ လက်ကလေးများသည် ဖြူသွယ်၍ နေသည်။

"ထမင်းစားပြီးရင် လက်ကို ဆပ်ပြာမွှေးနဲ့ ဆေးရတယ်"

"ဆပ်ပြာမွှေးဆိုတာ လက်ဆေးရတာ မဟုတ်ဘူး၊ ဘုန်းကြီး မျက်နှာသစ်တာ"





"ငါတို့အိမ်မှာတော့ လက်ကို ဆပ်ပြာမွှေးနဲ့ပဲ ဆေးတယ်"

"ဒီလိုဆိုရင် နင့်လက်ကလေး မွှေးနေမှာပေါ့နော်"

"အင်း" ဟု ဆိုကာ သီသီက သူ၏လက်ကလေးကို ဘမော်၏ နှာခေါင်းနားသို့ ကပ်၍ပေးလိုက်၏။ ဘမော်ကလည်း သီသီ့လက်ကလေးကို နမ်းရှုပ်ကြည့်ပြန်၏။ 'အေး ဟုတ်တယ်၊ မွှေးတယ်' ဟု ဆိုကာ တရှုပ်ရှုပ်နှင့် နမ်း၍နေလေ၏။ သီသီက သဘောကျ၍ ရယ်ပြီးလျှင် 'နင်ကလဲဟယ် တစ်ခါနမ်းကြည့်ရင် သိပါတယ်' ဟု ပြောလိုက်လေ၏။

ထို့နောက် နပ်ချေးကို အကျီဖြင့်မသုတ်ရဟု ဆိုကာ လက်ကိုင်ပဝါကလေး တစ်ထည်ကိုလည်း ပေး၏။ လက်ကိုင်ပဝါကလေး၌လည်း ရေမွှေးများ ဆွတ်၍ထားရာ မွှေးကြိုင်၍နေလေ၏။ ဘမော်သည် လက်ကိုင်ပဝါကလေးကို အဆက်မပြတ် နမ်း၍ကြည့်နေလေ၏။

နေ့လည်ရောက်လျှင် သီသီက ဘမော်ကို ကော်ဖီနှင့် ပေါင်မုန့် တိုက်ကျွေးလေ၏။

"သီသီ နင်ကော ငါတို့ကျောင်းမှာ ဘော်ဒါနေမလို့လား"

"ဟင့်အင်း...မနေပါဘူး၊ ကျောင်းမိတ်တုန်း ဒယ်ဒီနဲ့ လိုက်လာတာပါ"

"နင်တို့အမေရော"

"ငါ့မှာ အမေမရှိဘူး၊ နင့်မှာကော"

"ငါ့မှာ အဖေလဲ မရှိဘူး၊ ဒယ်ဒီလဲ မရှိဘူး၊ အမေလဲ မရှိဘူး၊ သူတို့က ငါ ငယ်ငယ်ကလေးထဲက သေကုန်ကြပြီ၊ ငါက အရင်က ဈေးနားကအိမ်မှာ နေတာ၊ အဲဒီအိမ်ကပဲ ငါ့ကို မွေးစားတဲ့ အမေလဲ သေသွားပြီ"

http://obookshelf.blogspot.com



"ဟယ်…နင့်ကို သနားလိုက်တာ" ဟု သီသီက ပြောလိုက်လေ၏။

"ငါကလဲ နင့်ကို သနားပါတယ်"

"နင်က ငါ့ကို ဘာဖြစ်လို့ သနားရတာလဲ" ဟု သီသီက မေးလိုက်၏။

"နင်က လောကနီတိမှ မတတ်ဘဲ၊ လောကနီတိ မတတ်တဲ့ လူဟာ အကန်းလို့ ဆရာတော်က ပြောတယ်၊ ဒါကြောင့် နင့်ကို သနားတာ" ဟု ဘမော်က ပြောပြလေ၏။

"What is လောကနီတိ"ဟု သီသီက အင်္ဂလိပ်လို ပြောလိုက်လေ၏။

"နင် ဘာပြောတာလဲဟ၊ ကုလားစကားနဲ့ ပြောတာလား" ဟု ဘမော်က မေးလိုက်ပြန်၏။

"Oh God"ဟု သီသီက သူ၏ ရင်ဘတ်ကလေးပေါ်၌ လက်ဝါးနှစ်ဖက် ဖြန့်ဖိ၍ မျက်စိကလေးမှိတ်ကာ ဗိုလ်ဆန်ဆန် ဘုရားသခင်ကို တလိုက်လေ၏။

"အိုးဂေါ့ဆိုတာ ဘာလဲ" ဟု ဘမော်က မေးလိုက်ပြန်၏။

"God ဆိုတာ ဘုရားသခင်ကို ပြောတာ"

"ဘုရားသခင်က 'ဂေါ့' မဟုတ်ဘူး၊ 'ဂေါတမ' ဘုရားသခင်၊ နင့်ကြည့်ရတာ တိတ္ထိနဲ့တူပါတယ်" ဟု ဘမော်က စကားကြီး စကားကျယ် ပြောလိုက်လေ၏။

သီသီသည် ဘမော်ပြောသည့် တိတ္ထိဆိုသည်ကိုလည်း နားမလည်သဖြင့် ဆက်မပြောတော့ဘဲ သူသိချင်သည်ကိုသာ ထပ်၍ မေးလိုက်လေ၏။

"ဘုန်းကြီးကျောင်းမှာ စာကျက်ပြီးရင် ဘာလုပ်ရသလဲ"



OBookShelf
blogspot.com



"ဘုန်းကြီးကျောင်းမှာ ဘော်ဒါနေတာက အလုပ်တွေ အများကြီး လုပ်ရတယ်၊ မနက်အစောကြီးထပြီး ယာဂုကျိုရတယ်၊ တုံးခေါက်ရတယ်၊ ဝတ်တက်ရတယ်၊ ပန်းခူးရတယ်၊ ရေခင်ရတယ်၊ ကနုတ် ဆေးရတယ်"

"ကနုတ်ဆိုတာ ဘာလဲ"

"ဘုန်းကြီး ရေးကုန်းတဲ့တုတ်ကို ပြောတာ၊ တုတ်ပေမယ့် မရှူးနိုင်ဘူး၊ ချောနေတာပဲ"

"မိတ်အင် အင်္ဂလန်လား"

"နင် ဘာပြောတာလဲ"

"အင်္ဂလန်က လုပ်တာလားလို့ မေးတာ"

"အင်္ဂလန်ဆိုတာက ဘယ်သူလဲ၊ သူက ကပ္ပိယကြီးလား"

"အို…ဟယ်…နင်ကလဲ အင်္ဂလန်ဆိုတာ တိုင်းပြည်ပေါ့၊ ဘယ်ကလူ ကပ္ပိယကြီး ဖြစ်မှာလဲ"

"ငါမသိဘူးလေ၊ နင်က ကနုတ်ကို အင်္ဂလန်က လုပ်တာလားလို့ မေးတော့ ကပ္ပိယကြီးလားလို့ ထင်မိတာပေါ့၊ တို့ကျောင်းက ကပ္ပိယကြီးက ကနုတ် လုပ်တယ်လေ"

"သူက ဘာဖြစ်လို့ ကနုတ် လုပ်တာလဲ"

"ဘုန်းကြီးကျောင်းမှာ အလုပ်မလုပ်ဘဲ ထမင်းစားနေရင် စားတဲ့အစာဟာ သံတွေခဲတွေ ဖြစ်တတ်တယ်လို့ ဘုန်းကြီးက ပြောတယ်"

"အလုပ်မလုပ်တာနဲ့ အစားအသောက်တွေကနေ သံတွေ ဖြစ်ပြီး ခဲကုန်မယ်ဆိုတာ ငါတော့ မယုံပါဘူးဟယ်"

"ဟော့…မယုံဘူးလို့ မပြောရဘူး၊ ဘုန်းကြီးကြားသွားရင် ကွမ်းညှပ်နဲ့ ပေါက်နေဦးမယ်"

http://obookshelf.blogspot.com



သီသီက ရယ်လေ၏။ ထို့နောက် ဘမော်သည် သီသီ၏ လက်ကလေးကို ကြည့်၍ 'နင့်လက်ကလေးတွေက မွှေးတယ်၊ နမ်းကြည့်ဦးမယ်' ဟု ပြောလိုက်ရာ သီသီက 'နမ်းလေ' ဟု ဆိုကာ လက်ကလေးကို ထိုးပေးလိုက်လေ၏။ 'နင်ကလဲ အလကားနေရင်း နမ်းနေတာပဲ' ဟု ဆိုလိုက်ပြန်လျှင် ဘမော်က 'အလကားဆိုတာ ပိုက်ဆံမပေးရတာကို ပြောတာ၊ ပိုက်ဆံမပေးရရင် အလှူလုပ်တာပေါ့" ဟု ပြောလေ၏။

"အေး...ဟုတ်တယ်၊ အလှူလုပ်တာ" ဟု သီသီက ပြောလေ၏။

"အလှူဆိုရင် သာဓုခေါ်ရမယ်" ဟု ဆိုကာ ဘမော်သည် သီသီ၏လက်ကို နမ်းရှုပ်ရင်း 'သာဓု သာဓု၊ ဒါနတော ဘောဂဝါ၊ ဒါနတော ဘောဂဝါ' ဟူ၍ ဆိုလေတော့၏။

ထို့နောက် သီသီနှင့် ဘမော်တို့သည် မန်ကျည်းပင် အုပ်အုပ်ကြီးများအောက်၌ ဆော့ကစားကြပြန်၏။

နောက်တစ်နေ့၌ သီသီရောက်လာပြန်၍ လက်၌လည်း အထုပ်ကလေးတစ်ထုပ် ပါလာလေ၏။ ထိုအထုပ်ကို ဘမော်အား ပေးလိုက်ရာ ဘမော်က ဖြေ၍ကြည့်လျှင် ဖွပ်ကျယ်အင်္ကျီ တစ်ထည်၊ လုံချည်တစ်ထည်နှင့် ဖိနပ်ကလေးတစ်ရံ ဖြစ်ပေသည်။

"ဒယ်ဒီကိုပြောပြီး ဈေးကဝယ်ခဲ့တာ၊ ရေချိုးပြီးရင် နင့်အင်္ကျီလုံချည်ဟောင်းတွေကို ချွတ်ပြီး ဒီဟာတွေကို ဝတ်ရမယ်" ဟု ဆိုလေ၏။

ဘမော်လည်း အဝတ်အစားသစ်များကို ဝတ်ဆင်လိုသည် ဖြစ်၍ ရေတွင်း၌ ရေငင်ကာ ချိုးလေတော့သည်။ ရေချိုးသော်လည်း အနှစ်နှစ်အလလက တင်၍နေသော နားရွက်နောက်





မှ ချေး၊ ဒူးခေါက်ခွက်မှ ချေး၊ ခြေမျက်စိမှ ချေးတို့သည် မပြောင်စင်ဘဲ ရှိနေလေရာ သီသီက လက်ညှိုးဖြင့်ထောက်၍ 'ဒီမှာ ချေးတွေ ရှိသေးတယ်' ဟု ညွှန်ပြသော်လည်း ဘမော်မှာ ထိုချေးများကို ပြောင်စင်အောင် မတွန်းနိုင်ဘဲ ရှိလေ၏။

သီသီလည်း စိတ်မရှည်နိုင်တော့သည့်အလျောက် ပါးစပ်ဖြင့် ပြော၍မနေတော့ဘဲ ကိုယ်တိုင်ဝင်၍ တွန်းပေးလေတော့၏။ သို့ရာတွင် ဘမော်က ငြိမ်ငြိမ်မခံဘဲ 'ယားတယ်' ဟု ဆိုကာ တွန့်၍တွန့်၍ နေလေတော့၏။

ရေချိုးပြီးနောက် သီသီက ဘမော်အား အင်္ကျီအသစ် လုံချည်အသစ်များကို ဝတ်ဆင်၍ ပေးပြန်၏။ အဝတ်အစားများကို ဝတ်ပြီးလျှင် သီသီသည် သူ၏သွားတက်ကလေးကို ပေါ်အောင် ပြုံးလိုက်လေ၏။

": ဒီလို သန့်သန့်ပြန့်ပြန့် နေရတယ်"

"အေး...ဟုတ်တယ်၊ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ပေါ့သွားသလိုပဲ "

သီသီက ပြုံးလေ၏။ ထို့နောက်...

"ကော်ဖီသောက်မယ်" ဟု ဆိုကာ သီသီနှင့် ဘမော်တို့သည် ကော်ဖီသောက်ကြပြန်၏။

ဤသို့လျှင် တစ်လကျော်ကျော်ခန့် သီသီနှင့် ဘမော်တို့သည် ခင်မင်ရင်းနှီးစွာ နေထိုင်ခဲ့ကြပြီးလျှင် တစ်နေ့သ၌ သီသီသည် အခါတိုင်းအချိန်၌ပင် ရောက်ရှိလာပြန်၍ ဘမော်နှင့် စကားပြောခြင်း၊ မန်ကျည်းပင်ကြီးများကို ပတ်၍ပြေးခြင်းများ ပြုလုပ်ပြီးလျှင် ကော်ဖီသောက်သောအခါ၌လည်း ကော်ဖီကို နှစ်ခွက်တိုက်လေ၏။ မုန့်ကိုလည်း နှစ်ခုကျွေးလေ၏။

http://obookshelf.blogspot.com



ထိုသို့ ကော်ဖီနှစ်ခွက်တိုက်၍ မုန့်နှစ်ခု ကျွေးခြင်းကြောင့် တစ်စုံတစ်ခု ထူးခြားနေပြီဖြစ်ကြောင်း ဘမော်၏စိတ်၌ ထင်မှတ်မိလေ၏။

"ငါ့ကို ဘာဖြစ်လို့ ကော်ဖီနှစ်ခွက်နဲ့ မုန့်နှစ်ခုတောင် ပေးတာလဲ၊ နင် မသောက်တော့ဘူးလား" ဟု ဘမော်က မေးလိုက်လေသည်။

"ဟင့်အင်း ငါမသောက်တော့ဘူး၊ ငါသောက်မယ့်အစား နင့်ကို တိုက်လိုက်တာပဲ၊ နက်ဖြန်ခါဆိုရင် နင်တော့ ကော်ဖီ မသောက်ရတော့ဘူး"

"ဘာဖြစ်လို့လဲဟယ်"

"ငါတို့ ရန်ကုန်ကို ပြန်ရတော့မယ်"

"ဟင်"

"နောက်ကို ဘယ်တော့လာဦးမလဲ"

"မလာတော့ဘူး"

"ဒီလိုဆိုရင် နင်နဲ့ငါနဲ့ တစ်သက်လုံး မတွေ့ရတော့ဘူးပေါ့နော်"

"အေးပေါ့ဟယ်"

"ငါ့စိတ်ထဲမှာ ငိုချင်သလိုပဲ သီသီ" ဟု ဘမော်က ပြောလိုက်သောအခါ၌ သီသီ၏ မျက်လုံးအိမ်မှ မျက်ရည်တို့သည် ဆည်ကျိုးသည့်အလား ဒလဟော စီး၍ကျလာလေတော့၏။ ဘမော်က ငိုချင်သလိုလို ရှိသေး၏။ သီသီကမူ ငိုချခဲ့လေပြီ။

"နင်တို့ ဘယ်အချိန်ကို သွားကြမှာလဲ သီသီ"

"မနက်အစောကြီး ငါးနာရီကို ဒယ်ဒီရုံးက ကားနဲ့ ဈေးနားက အိမ်ကြီးကနေ ထွက်ကြမှာ"





"နင်တို့နေတဲ့ ရန်ကုန်ဆိုတာ အဝေးကြီးပဲလား"

"အဝေးကြီးပေါ့ဟယ်"

ထိုနေ့က ဘမော်ရော သီသီပါ ခါတိုင်းကဲ့သို့ မပျော်မြူးနိုင်တော့ဘဲ မှိုင်၍နေကြလေ၏။ ညနေသို့ရောက်လျှင် သီသီ၏ဖခင် ရောက်ရှိလာပြီးလျှင် ဆရာတော်အား လှူဖွယ်ဝတ္ထုများ ကပ်လှူလေ၏။ ဆရာတော်ကလည်း ပေစာထုပ်များနှင့် ပုရပိုဒ်များကို ခွန့်ကြလိုက်လေသည်။

သီသီ၏ဖခင်သည် သီသီကို ခေါ်၍ ပြန်ရန် ပြင်ဆင်လေ၏။ ပြန်ခါနီး၌ ဘမော်အား သီသီဖခင်က...

"ဟေ့...ကလေး စာကြိုးစားကွနော်၊ ဆရာတော်က စာပေ ပရိယတ္တိဘက်ကလဲ တော်တယ်၊ ရာဇဝင်ဘက်ကလဲ သိပ်ပြီးနှံ့စပ်တယ်ကွ၊ ဆရာတော်ဆီမှာ ပညာကို ပြည့်စုံအောင် သင်ပေတော့" ဟု ဆိုလေ၏။

သီသီကလည်း သူ၏မုန့်ဖိုးများထဲမှ စုဆောင်းထားသော ငွေငါးကျပ်ကို ထုတ်၍ ဘမော်အား ပေးလေ၏။ ဘမော်က မယူဘဲ သီသီ့မျက်နှာကို ကြည့်၍နေလေ၏။ သီသီ၏ဖခင်က 'ယူပါကွ' ဟု ဝင်ရောက်ပြောဆိုမှသာ လှမ်း၍ယူလိုက်ပြီးလျှင်...

"ဦးလေး ကျွန်ုပ်နဲ့ သီသီနဲ့ တစ်သက်လုံး မတွေ့ရတော့ဘူးလား" ဟု မေးလိုက်လေ၏။

သီသီ၏ဖခင်က ဘမော်ကို ကြည့်ပြီးလျှင်...

"မဟုတ်ပါဘူးကွာ တွေ့ရမှာပေါ့ ကလေးရယ်" ဟု ပြောဆို နှစ်သိမ့်၍ သီသီကိုခေါ်ကာ ထွက်၍သွားလေ၏။ သီသီသည် ကားပေါ်မှ လက်ပြ၍ သွားလေ၏။ ဘမော်သည် သီသီပေးခဲ့သော ငါးကျပ်တန် ငွေစက္ကူကလေးကိုကိုင်ကာ လက်ညှိုးကလေး



OBookshelf blogspot.com

http://obookshelf.blogspot.com



ကို ပါးစပ်ဖြင့်ကိုက်၍ သီသီတို့ကားကလေးကို ကြည့်ရင်း ကျန်ရစ်ခဲ့လေတော့၏။

ထိုညက ဘမော်သည် ကောင်းစွာအိပ်မပျော်ဘဲ ရှိလေ၏။ အိပ်ပျော်သွားသည့်အခါ၌လည်း သီသီနှင့်အတူတကွ ဆော့ကစားနေသည်ကို လည်းကောင်း၊ ကော်ဖီသောက်နေသည်ကို လည်းကောင်း အိပ်မက်များ မြင်မက်လေ၏။ နံနက်လေးနာရီထိုးချိန်တွင် အိပ်ရာမှ နိုးလေ၏။ အိပ်ရာမှ နိုးလျှင်နိုးချင်း မျက်နှာကိုမျှ ပင် မသစ်တော့ပဲ ခြေကုန်သုတ်၍ ပြေးလေ၏။ မောသည့်အခါ၌လည်း နားလိုက်၊ အမောပြေလျှင် ထ၍ပြေးလိုက်နှင့် လာခဲ့လေ၏။ အမှန်စင်စစ် ဘမော်သည် ထိုခရီးကို အလင်းရောင် ကောင်းစွာ မရှိဘဲ မသွားရဲပေ။ သို့ရာတွင် ယခုအခါ၌ မည်သို့သော အကြောင်းကြောင့် သတ္တိများ ဝင်လာသည် မသိပေ။ ကြောက်ရွံ့ခြင်း မရှိဘဲ ပြေး၍လာခဲ့လေ၏။

ဈေးသို့ရောက်လျှင် အလင်းရောင် ကောင်းစွာ ရနေပေပြီ။ ဘမော်၏မျက်လုံးများသည် ကျီးကန်းတောင်းမှောက် ဆိုသည့် စကားအတိုင်း သီသီတို့ကို ရှာဖွေလေ၏။ ထိုသို့ရှာဖွေခဲ့ရာ ညောင်ဦးဘက်သို့ မောင်း၍သွားသော သီသီတို့၏ကားကို တွေ့ရလျှင် ဘမော်သည် "သီသီ...သီသီ" ဟု ဆိုကာ နောက်မှ ပြေး၍ လိုက်လေ၏။ သီသီတို့က မကြားပေ။ ကားကလေးမှာ တစ်စထက် တစ်စ အရှိန်ပိုရလာသည်ဖြစ်၍ ဘမော်သည် မီအောင် မလိုက်နိုင်တော့ဘဲ ကျန်ရစ်ခဲ့လေတော့၏။

မော်တော်ကားကလေးကို မျက်စိတဆုံး ရပ်ကြည့်နေခဲ့လေ၏။ မြင်ကွင်းအတွင်း၌ မော်တော်ကားကလေး ပျောက်ကွယ်သွားလျှင် ဘမော်၏ပါးပြင်ပေါ်သို့ မျက်ရည်များ စီး၍ကျလာလေ





တော့၏။ ဤသည်မှာ ဘမော်ဟူသော ပုဂံသား ဘုန်းကြီးကျောင်းသားကလေး၏ ဝမ်းနည်းကြေကွဲခြင်း၏အစ ဖြစ်ပေတော့၏။

**အပစ္စေယျ**၊ မတောင့်တအပ်သည်ကို။ **န ပစ္စေယျ**၊ မတောင့်တရာ။ **အစိန္တေယျ**၊ မကြံအပ်သည်ကို။ **န စိန္တယေ**၊ မကြံရာ။ **ဓမ္မမေဝ**၊ တရားသဘောနှင့် စပ်ယှဉ်သည်ကို သာလျှင်။ **သုစိန္တေယျ**၊ ကောင်းစွာ ကြံရာ၏။ **မောဃံ**၊ အချည်းနှီးသော။ **ကာလံ**၊ ကာလကို။ **န ဣစ္ဆယေ**၊ အလိုမရှိရာ။

OBookShelf
.blogspot.com

http://obookshelf.blogspot.com





## ငါးကျပ်တန် တစ်ရွက်ကြောင့်

ဘမော်သည် သီသီကို လွမ်းသောစိတ်ဖြင့် ငိုကြွေးကာ ပြန်လာလေ၏။ သွားစဉ်က ပြေးသွားခဲ့သော လမ်းကို အပြန်၌ တစ်လှမ်းချင်း လျှောက်၍ ပြန်လာခဲ့လေ၏။ ကျောင်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် ဦးပဥ္စင်း ဦးနန္ဒိယက ကြိမ်လုံးဖြင့် တအား လွှဲ၍ ရိုက်လေတော့၏။

"မင်းက ဘယ်သွားတာလဲ၊ ယာဂုလဲ မကြို၊ တုံးလဲ မခေါက် ပန်းလဲမရှူး" ဟု ဆိုကာ ရိုက်နက်လေတော့၏။ ဘမော်သည် သီသီကို လွမ်းဆွတ်နေရသည့်အချိန်၌ ပြင်းစွာအရိုက်ခံရသည်ဖြစ်ရာ သူ့ဘ၀ကိုသူ လွန်စွာ ၀မ်းနည်းကြေကွဲခြင်း ဖြစ်မိလေ၏။

ဘမော်၏ နုနယ်သော စိတ်ဓါတ်ကလေး၌ ထိုကြေကွဲဖွယ်သော အဖြစ်အပျက်သည် အမာရွတ်ထင်သကဲ့သို့ မှတ်မှတ်သားသား ဖြစ်၍ သွားလေတော့၏။

နေ့စဉ်လိုလိုပင် အုတ်လှေကားမှ အုတ်တိုင်ကလေးကို

http://obookshelf.blogspot.com



မိကာ စာမကျက်နိုင်တော့ဘဲ မှိုင်၍သာ နေလေ၏။ ညအခါ၌ ဘုန်းကြီးရှေ့၌ စာပြန်ခိုင်းပြန်လျှင်လည်း နေ့ခင်းက စာ ကောင်းစွာ မကျက်ဘဲ ငေးမှိုင်၍နေမိသောကြောင့် ကောင်းစွာ စာမပြန်နိုင်ဘဲ ရှိ၍ ဘုန်းကြီး၏ အရိုက်အနက်ကို ခံရပြန်လေ၏။

ဘမော်သည် ယခင်က အရိုက်မခံရပါဘဲလျက် သီသီ ပြန်သွားမှပင် နေ့စဉ်ရက်ဆက် အရိုက်ချည်းသာ ခံနေရရှာလေ၏။ အုတ်တိုင်ကလေးကို မှီကာ သီသီနှင့်အတူ စကားပြောခဲ့သည်များ၊ သီသီက လက်သည်းညှပ်ပေးခဲ့သည်များကို သတိရနေမိလေ၏။

တစ်နေ့သည၌ မြို့ပေါ်မှ ပိုက်ဆံရှိသော ဒကာဒကာမများသည် သူတို့၏ သားသုံးယောက်ကို လာရောက်၍ သက်န်းဆီးပေးလေ၏။ သူတို့၏သားသုံးယောက်၏ အမည်မှာ စံလှ စံမြ စံထူး ဟူ၍ ဖြစ်ပေ၏။ အမှန်စင်စစ်အားဖြင့်လည်း စံတင်ထိုက်သူများပင် ဖြစ်ပေ၏။ စံတင်ထိုက်သည်မှာ အခြားနေရာ၌မဟုတ်။

မျောက်ရှုံးအောင် ဆော့သောနေရာ၌ ဖြစ်ပေသည်။ သက်န်းဆီးပြီးသောအခါ၌လည်း သက်န်းတဖားဖားနှင့် ဆော့ကြလေတော့၏။ ညဘက်၌လည်း ထမင်း ခိုး၍စားကြ၏။ အပင်ရှိသမျှ တက်၏။ ခိုဥ၊ စာဥကလေးများကို နှိုက်၏။ လေးခွ တစ်လက်စီနှင့် ခို၊ စာကလေး၊ ပုတ်သင်ညို၊ တောက်တဲ့မကျန် ပစ်ခတ်လေ၏။

သူတို့သည် (၇)ရက်ခန့် ကျေနပ်လောက်အောင် ဆော့ပြီးနောက် လူထွက်ကြလေ၏။ ထိုသို့လူထွက်ရာတွင် ကောင်းစွာမထွက်ဘဲ ဘမော်ကို ကြီးစွာသောဒုက္ခကို ပေး၍ ထွက်လေ၏။

စံထူးဆိုသူက ခေါင်းအုံးစွပ်အတွင်း၌ ထည့်၍ထားသော





ငါးကျပ်တန်တစ်ရွက် ပျောက်သည်ဟု ဦးပဥ္ဇင်းတစ်ပါးကို တိုင်လေ၏။ ကျောင်းရှိ ဦးပဥ္ဇင်းနှင့် ကိုရင်များက ကူညီ၍ ရှာပေးကြသော်လည်း ပြန်၍မတွေ့ဘဲရှိရာ စံထူးက 'တစ်ယောက်ယောက်ခိုးတာပဲ ဖြစ်မယ်' ဟု ဆိုလေ၏။ ဤသို့ဆိုရုံသာ မဟုတ်ဘဲ 'ကျောင်းမှာ ဆရာတော်ရှိတယ်၊ ဆရာတော်ကတော့ မခိုးဘူး၊ ဦးပဥ္ဇင်းတွေလဲ ခိုးမှာ မဟုတ်ဘူး၊ ကပ္ပိယကြီးရှိတယ်၊ ဒါပေမယ့် သူက ကျောင်းအောက်မှာ နေတာ၊ သူလဲ မဖြစ်နိုင်ဘူး၊ ကိုရင်တွေနဲ့ ကျောင်းသားကိုပဲ မသင်္ကာဘူး" ဟု ဆိုလေတော့သည်။

ထို့ကြောင့် ဦးပဥ္ဇင်း ဦးနန္ဒိယက ကိုရင်များနှင့် ဘမော်၏ ပစ္စည်းများကို ရှာဖွေလေတော့၏။ ထိုသို့ရှာဖွေရာတွင် ကိုရင်တို့ထံမှ မည်သည့်ပိုက်ဆံကိုမျှ မတွေ့ရသော်လည်း ဘမော်ထံ၌မူ သတင်းစာစက္ကူကလေးဖြင့် အထပ်ထပ်ပတ်၍ သိမ်းဆည်းထားသော သီသီပေးခဲ့သည့် ငွေငါးကျပ်တန်ကလေးကို တွေ့သွားလေတော့၏။

"တပည့်တော် ပိုက်ဆံပါဘုရား" ဟု ဘမော်က တုန်ယင်သော အသံဖြင့် လျှောက်ထားလေ၏။

"မင်းလိုကောင်မှာ ဘယ်မအေ့လင်က ပေးထားလို့ ငွေငါးကျပ်တောင် ရှိမှာတုန်း" ဟု စံထူးက ဝင်၍ဆဲလေ၏။

"သီသီ ပေးထားခဲ့တာပါ ဘုရား" ဟု ဘမော်က ဦးပဥ္ဇင်း ဦးနန္ဒိယကို အသနားခံ၍ ပြောလိုက်သော်လည်း ဦးပဥ္ဇင်း ဦးနန္ဒိယကိုယ်တိုင်က ယုံကြည်ပုံမပြ၊ ဘမော်ကို မသင်္ကာသော မျက်လုံးများဖြင့် ကြည့်၍နေလေ၏။

ထိုသို့ မယုံကြည်သော မျက်လုံးများဖြင့် ကြည့်၍နေစဉ် စံထူးက ဦးပဥ္ဇင်းလက်ထဲမှ ငါးကျပ်တန်ကို ဆွဲယူ၍ ကြည့်ပြီးလျှင်

http://obookshelf.blogspot.com



"ဦးပဥ္စင်းဘုရား၊ တပည့်တော်ပိုက်ဆံမှ အစစ်ပါဘုရား၊ နံပါတ်ရဲ့ရှေ့မှာ မှတ်တိုင်ကလေး (T စာလုံးကို ပြောခြင်းဖြစ်၏) ပါတယ်ဘုရား၊ ဒီကျောင်းသား ခိုးထားတာပါဘုရား" ဟု ဆိုကာ ငါးကျပ်တန်ကို အိတ်တွင်းသို့ထည့်ရန် ဟန်ပြင်လိုက်လေ၏။

ဘမော်သည် ဒေါသကြောင့် အသား တဆတ်ဆတ် တုန်၍ နေလေ၏။ မိမိအနေနှင့် နေ့စဉ် လွမ်းဆွတ်သတိရနေသော သီသီအား အလွမ်းပြေ ကြည့်ရှုနေရသည့် ငါးကျပ်တန်ကလေးကို မိမိအား သူခိုးစွပ်စွဲပြီး မတရား ရယူလိုက်ခြင်းသည် ဘမော်၏ အသည်းနှလုံးကို ထက်စွာသောဓားဖြင့် ဆွလိုက်သကဲ့သို့ ခံစားလိုက်ရလေ၏။

ထို့ကြောင့် စံထူးအား မျက်တောင်မခတ် တွေ၍ကြည့်နေမိလေ၏။ ထိုအချိန်တွင် မည်သည့်အချိန်က ကြိမ်လုံးကို ယူလိုက်သည် မသိ၊ ဦးနန္ဒိယသည် ဘမော်၏လက်ကို ဆွဲကိုင်လျက် ကြိမ်လုံးဖြင့် တရှမ်းရှမ်း ရိုက်နှက်လေတော့၏။

အခါတိုင်း၌ ဘမော်သည် အရိုက်ခံရလျှင် ငိုလေ့ရှိ၏။ ယခုမူ မည်သည့်အကြောင်းကြောင့် မသိ၊ မငိုဘဲ ကျိတ်၍ခံလေ၏။

"ခိုးဦးကွာ၊ ခိုးဦးကွာ" ဟု ဆိုကာ ဦးပဥ္စင်း ဦးနန္ဒိယလည်း တအားလွှဲ၍ ရိုက်နှက်လေ၏။ ဘမော်ကလည်း 'တပည့်တော် မခိုးဘူးဘုရား၊ တပည့်တော် မခိုးဘူးဘုရား' ဟုသာ လျှောက်ထားလေ၏။ ဦးပဥ္စင်း ဦးနန္ဒိယလည်း ကျေနပ်လောက်အောင် ရိုက်နှက်ပြီးနောက် ဘမော်ကို ခြေထောက်ဖြင့် ဆောင့်၍ကန်လိုက်ရာ ဘမော်သည် ခွေလဲ၍ သွားလေ၏။ ထိုသို့ ခွေလဲ၍သွားသည်ကို စံထူး စံလှ စံမြ ညီအစ်ကိုသုံးယောက်က ဝိုင်း၍လှောင်ပြောင်ကြ



obookshelf.blogspot.com



သေး၏။

ထိုအခြင်းအရာသည် ဒုတိယအကြိမ်မြောက် ဘမော်၏ နုနယ်သော စိတ်ဓာတ်ကလေး၌ အမာရွတ်ကြီးတစ်ခု ထင်မှတ်သွားလေတော့၏။

ဘမော်သည် အရိုက်ခံရသောနေရာများကို လက်ဖြင့် ပွတ်၍ မိမိ၏နေရာဖြစ်သော အုတ်လှေကားဆီသို့ သွားရောက်ကာ ထိုင်၍နေလေ၏။

"ဒီလိုပေါ့ ဘမော်ရယ်၊ ကံမကောင်းသေးတဲ့အခါ ဘုရင့်မကိုဋ်တစ်ခုလုံးတောင် ဆန်ဆေးပလုံး ဖြစ်ရသေးတာပဲ၊ အခုလဲ မင်းမခိုးဘဲနဲ့ သူခိုးဖြစ်ပြီး အရိုက်ခံရတာကိုး" ဟု ကျောင်းအောက်မှ ကပ္ပိယကြီး ဦးသာခုက နှစ်သိမ့်စကားပြောလေ၏။

ကပ္ပိယကြီးက နှစ်သိမ့်စကား ပြော၍နေစဉ်၌ စံထူး စံလှ စံမြတည်းဟူသော စံညီအစ်ကိုများသည် အနီးသို့ ရောက်လာပြီးလျှင်...

"ပိုက်ဆံသူခိုး ပျောက်လို့ရှာ၊ တွေ့ပြီ တွေ့ပြီ သူပဲသူပဲ" ဟု သံပြိုင်အော်ဟစ်ကာ နောက်ပြောင်လေတော့၏။ ကပ္ပိယကြီးက "သွားကြ၊ သွားကြ" ဟု မောင်းထုတ်ကာ ဘမော်အား ကျောင်းနောက်သို့ ခေါ်သွားပြီးနောက် အရှိုးများ၊ အပေါက်အပြဲများကို နနွင်းသိပ်၍ ပေးလေ၏။

"ကျိတ်မှိတ်ပြီး သည်းခံပေါ့ ဘမော်ရာ၊ စာတာစန်းလက်ညှိနေရင် ဒီလိုပဲကွယ့်" ဟု ကပ္ပိယကြီးက ပြောလေ၏။

ဘမော်မှာမူ ကပ္ပိယကြီး နနွင်းသိပ်ပေးသည်ကို ခံရင်း မိမိ၏ကံဆိုးပုံကို တွေး၍ ဝမ်းနည်းနေမိလေ၏။ ကပ္ပိယကြီးသည် နနွင်းကုန်၍ ဆွမ်းချက်ရုံ၌ နနွင်းယူရန် ထွက်သွားလေ၏။ ထို

http://obookshelf.blogspot.com



အချိန်၌ စံညီအစ်ကိုသုံးယောက် ရောက်လာပြန်၏။

"ပိုက်ဆံသူခိုး ပျောက်လို့ရှာ၊ တွေ့ပြီ တွေ့ပြီ သူပဲ...သူပဲ" ဟု လာရောက် နောက်ပြောင်ကြပြန်၏။ ဘမော်သည် လွန်စွာ မခံချင်ဖြစ်၍သွားကာ နေရာမှ ဆတ်ခနဲ ထလိုက်လေ၏။

"အောင်မာ၊ သူခိုးက တို့ကို မကျေနပ်ဘူးလား၊ ဟား... ဟား ငယ်ပါသေးတယ်၊ မင်းကသာ ငါ့မျက်နှာကို ဖူးအောင်ရောင်အောင် လက်သီးနဲ့ ထိုးနိုင်မယ်ဆိုရင် ဟောဒီငါးကျပ်တန်ကို ပြန်ပေးမယ်" ဟု စံထူးက မတရားယူထားသော ငါးကျပ်တန်ကလေးကို ထုတ်၍ ထောင်ပြလေ၏။ ဘမော်သည် ငွေငါးကျပ်တန်ကလေးကို မြင်ရသည့်အခါ၌ သီသီကို လွန်စွာအမှတ်ရ၍ သွားလေ၏။ စံထူး၏ မတရားလုပ်ပုံ၊ ဦးပဥ္စင်း ဦးနန္ဒိယ၏ မစဉ်းမစား ရိုက်နှက်ပုံ၊ စံထူးတို့ညီအစ်ကို၏ ပြောင်လှောင်ပုံတို့ကို တပေါင်းတစည်းတည်း စိတ်၌ ခံစားလိုက်ရ၏။ ဘမော်၏ မျက်လုံးများသည် ဒေါသကြောင့် ပြာ၍သွားလေ၏။

ထို့ကြောင့် ကပ္ပိယကြီး၏ ခွဲလက်စထင်းပုံမှ ဓားမကို ကောက်ယူပြီးလျှင် စံထူး၏မျက်နှာသို့ တအား ခုတ်၍ချလိုက်ရာ စံထူးလည်း ဘမော်လို ကောင်သေးကောင်ညှက်ကလေးတစ်ဦးက မိမိကဲ့သို့ အရပ်အမောင်းကောင်းသော လူတစ်ယောက်ကို မည်သည့်နည်းနှင့်မျှ ရင်ဆိုင်နိုင်မည် မဟုတ်ဟု ယူဆထားသည်ဖြစ်ရာ အငိုက်မိသကဲ့သို့ ဖြစ်၍သွားကာ ပုံလျက်သား လဲကျသွားလေတော့၏။

"ဟဲ့...ဟဲ့ ဘမော် လွန်မယ်" ဟု အော်ဟစ်ကာ ကပ္ပိယကြီး ပြေး၍လာသော်လည်း ဘမော်သည် လဲကျသွားသော စံထူးအား ဓားမဖြင့် တအားလွှဲ၍ ခုတ်ချလိုက်ပြီး ဖြစ်လေ၏။





စံလှနှင့် စံမြတို့မှာလည်း 'ဆရာတော်ဘုရား၊ ဆရာတော်ဘုရား၊ ဘမော် လူသတ်နေပါပြီဘုရား' ဟု အသံကုန် ဟစ်၍အော်ကာ ပြေးလေ၏။ ဘမော်ကလည်း ထိုနှစ်ယောက်နောက်မှ ပြေး၍လိုက်ရာ မီလုမီခင်၌ စံမြက လှည့်၍ကြည့်လိုက်ရာ ဘမော်သည် စံမြ၏မျက်နှာကို ဓားဖြင့် ဖြန်းခနဲ ခုတ်လိုက်လေ၏။

စံမြလည်း လဲကျသွားပြန်၏။ စံလှမှာမူ ကျောင်းပေါ်သို့ တက်၍ပြေးပြီးလျှင် ဆရာတော်၏ သင်္ကန်းကြားဝယ် ဝင်၍ပုန်းရင်း 'ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါဘုရား' ဟု ပြောကာ ငိုယိုလေတော့၏။

ကျောင်းပေါ်မှ ဦးပဥ္စင်း ဦးနန္ဒိယအပါအဝင် ဦးပဥ္စင်းများ ပြေး၍ဆင်းလာကြလေ၏။ ကျောင်းနောက်ဖေးသို့ ရောက်လျှင် လဲနေသော စံထူးနှင့် စံထူး၏အနီးတွင် ရပ်၍နေသော ကပ္ပိယကြီးကို တွေ့လျှင် ဦးပဥ္စင်း ဦးနန္ဒိယက ကပ္ပိယကြီးအား...

"ဦးသာစု၊ လဲနေတာ ဒီလိုပဲ ကြည့်နေရသလား၊ ထူလိုက်ပါ" ဟု လှမ်း၍အော်လိုက်လျှင် ကပ္ပိယကြီးက ဦးနန္ဒိယအား 'အသက်မရှိတော့ဘူး ဘုရား' ဟု ပြန်၍ပြောလိုက်လေ၏။

ဦးနန္ဒိယသည် 'ဟိုက်'တစ်ခွန်းသာလျှင် ပြောနိုင်လေ၏။

ဘမော်မှာမူ သူ၏နေရာ အုတ်တိုင်ကလေး၌ ထိုင်ကာ ဓားမကို ဘေးမှာချလျက် တရှုပ်ရှုပ် ငိုကြွေးလေတော့၏။

ဦးနန္ဒိယလည်း ဘမော်ထံသို့ ပြေး၍သွားရာ ဘမော်က 'ဦးပဥ္စင်းဘုရား၊ တပည့်တော် မခိုးပါဘူးဘုရား' ဟု ငိုယို၍ ပြောလေ၏။

"ခိုးတာ မခိုးတာ အရေးမကြီးဘူး၊ စံထူးကို နင် သတ်လိုက်ပြီပေါ့" ဟု မေးလေ၏။ ဘမော်က မဖြေ၊ ငိုမြဲငို၍နေလေ

http://obookshelf.blogspot.com



၏။ ဦးပဥ္စင်းတစ်ပါးက မျက်စိကစား၍ ကျောင်းအောက်သို့ ကြည့်လိုက်ရာ ကျောင်းအောက်၌ လဲ၍နေသော စံမြကို တွေ့ရလျှင် 'ဟိုမှာ ဟိုမှာ' ဟု ဆိုကာ စံမြထံသို့ ပြေးသွားပြန်လေ၏။

"ဟော့ ကိုယ်တော်၊ အသက်ရှိသေးရဲ့လား" ဟု ဦးပဥ္စင်း ဦးနန္ဒိယက စံမြကို ကောက်ယူ၍ ပွေ့ထားသော ဦးပဥ္စင်းကို လှမ်း၍ မေးလိုက်လေ၏။

"မသေသေးပါဘူး ဘုရား၊ သတိမေ့နေတာပါ၊ ဒဏ်ရာကတော့ များတယ်" ဟု ထိုဦးပဥ္စင်းက ပြန်၍ဖြေလေ၏။

ထို့နောက် စံမြကို ဆေးရုံတင်ရန်၊ ပုလိပ်တိုင်ရန်အတွက် ဦးနန္ဒိယက စီစဉ်ရလေတော့၏။၊ ဘမော်ကိုမူ မရိုက်တော့ချေ။ ဆရာတော်ကြီးသည် ကျောင်းပြတင်းပေါက်မှ ငုံ့၍ကြည့်ပြီးလျှင် ဘမော်အား 'ဘမော် နင်တော့ ပါဏာတိပါတကံ ထိုက်ပြီ' ဟု ဆိုကာ ဝင်၍သွားလေ၏။

ကပ္ပိယကြီးမှာလည်း ပုဆိုးဖြင့် ထုပ်၍ထားသော သူ၏ အဝတ်ထုပ်ကလေးနှင့် မြေရေနွေးအိုး မည်းမည်းကြီးကို လက်မှဆွဲကာ ဆရာတော်အား တက်၍ ကန်တော့လေ၏။ ဆရာတော်ကလည်း မည်သည့်ကိစ္စအတွက် ကန်တော့ကြောင်း မမေးရုံမျှမက မော့၍ပင်မကြည့်ဘဲ နေလေ၏။ ကပ္ပိယကြီးသည် ကျောင်းပေါ်မှ ဆင်း၍လာပြီးလျှင် ဦးနန္ဒိယအား ကန်တော့ပြန်၍...

"တပည့်တော်ကို သွားခွင့်ပြုပါဘုရား" ဟု လျှောက်ထားလေ၏။

"အရေးထဲ ဒကာကြီးက ဘယ်ကိုသွားမှာတုန်း" ဟု ဦးပဥ္စင်း ဦးနန္ဒိယက မကျေမနပ်ဖြင့် မေးလိုက်လေ၏။

"ပုလိပ်တွေ ဝင်ချည်ထွက်ချည် လုပ်တော့မယ်၊ သေသွားတဲ့ စံထူးရဲ့ဆွေမျိုးတွေလဲ ရောက်လာကြတော့မယ်၊ သူငယ်နှပ်စား အရွယ်မျှသာရှိတဲ့ ဘမော်ဆိုတဲ့ ကျောင်းသားကလေးကို နှိပ်စက်ကလူ ပြုကြတော့မယ်၊ တပည့်တော် မျက်စိအောက်မှာဆိုရင် တပည့်တော် မကြည့်ရက်ဘူးဘုရား၊ တပည့်တော်ပါ လူသတ်မှု ဖြစ်လိမ့်မယ်၊ အမှန်ကတော့ ဘမော်ဟာ ငွေငါးကျပ်ကို မခိုးပါဘူး၊ ကလေးမကလေးက ပေးသွားတာပါ၊ တပည့်တော်ကိုယ်တိုင် မြင်ပါတယ်" ဟူ၍ လျှောက်ထားသည့်အပြင် စံထူးတို့ညီအစ်ကိုက ဘမော်ကို ပြောင်လှောင်ကြပုံတို့ကိုပါ အသေးစိတ် ရှင်းပြပြီးလျှင်...

"ဘမော်ရေ သွားပြီဟေ့" ဟု နှုတ်ဆက်ကာ ကျွန်စစ်သားတည်ထားခဲ့သော မြစေတီဘက်သို့ အဝတ်ထုပ်ကလေးကို လွယ်လျက် ခေါင်းငိုက်စိုက်ချကာ ထွက်၍သွားလေတော့၏။

ကပ္ပိယကြီး ပြောသွားသည်ကား မှန်ပေသည်။ မကြာမီ အချိန်၌ပင် စံထူးတို့၏ဆွေမျိုးများ ရောက်လာပြီးလျှင် ဘမော်အား သတ်မည်ဖြတ်မည် တကဲကဲ လုပ်လေတော့၏။

ဘမော်ဆိုသည့် ကိုးနှစ်အရွယ် ကလေးတစ်ယောက်အား စံထူးတို့၏အဖေနှင့် ဦးလေးများက ငှက်ကြီးတောင်ဓားများ တဝင့်ဝင့်လုပ်ကာ သတ်မည်ဖြတ်မည် လုပ်လေတော့၏။ ဘမော်အား ဦးပဥ္စင်း ဦးနန္ဒိယနှင့် ဆရာတော်က ကာကွယ်ပေးထားရ၏။ ဘမော်သည် ဆရာတော်၏ ခြေထောက်ကို ဖက်ကာ ထွားကျိုင်းသော လူကြီးများနှင့် သူတို့၏ဓားများကို ကြည့်ကာ ကြောက်ရွံ့၍ နေပေသည်။

အရွယ်ချင်းမမျှသော မိမိကဲ့သို့ ကလေးတစ်ယောက်ကို နိုင်ထက်စီးနင်း လုပ်လိုလှသည့် စံထူး၏ဖခင်နှင့် ဦးလေးများကို





ဆောင်မြင်စာပေ

http://obookshelf.blogspot.com



ကြည့်ကာ ဝမ်းနည်းသလိုဖြစ်၍ လာလေ၏။ ထိုဝမ်းနည်းခြင်းကား သာမန်ဝမ်းနည်းခြင်းမျိုး မဟုတ်ဘဲ နုနယ်သော စိတ်ဓာတ်ကလေး၌ အမာရွတ် ထင်စေသည့် ဝမ်းနည်းခြင်းမျိုး ဖြစ်ပေသည်။

ထို့နောက် ပုလိပ်များ ရောက်ရှိလာရိုက်၍ ရာဇဝတ်အုပ်ကသေဆုံးသွားသူ၏ မိဘဆွေမျိုးများကို ရှင်းပစ်ပြီးလျှင် ဘမော်ကို ခေါ်၍သွားလေ၏။

ဘမော်သည် ကြောက်ရွံ့ငိုယိုလျက် ပုလိပ်များ၏လက်သို့ ပါ၍သွားလေ၏။ ဘမော်ဘက်မှ သက်သာရာသက်သာကြောင်း ဝင်ရောက်ပြောမည့်သူဟူ၍ ကြွက်တစ်ကောင် ကြောင်တစ်မြီးမျှ မရှိပေ။ ဆရာတော်ကြီးကမူ ဘမော် ပုလိပ်လက်သို့ ပါ၍သွားသောအခါ၌ 'ချမ်းသာပါစေကွယ်' ဟု မေတ္တာပို့သလိုက်လေ၏။

ဘမော်သည် 'ကျွန်တော့်ကို မသတ်ပါနဲ့ဗျာ၊ ကျွန်တော့်ကို မသတ်ပါနဲ့ဗျာ' ဟု ပုလိပ်များကို ငိုယိုတောင်းပန်လေ၏။ ထိုသို့တောင်းပန်သည်ကို ပုလိပ်တစ်ယောက်က...

"ဟိတ်...ခွေးကောင်လေး၊ တိတ်စမ်း၊ သူများကို မင်းကသတ်တယ်၊ မင်းကို သတ်မှာတော့ ကြောက်နေပြီလား" ဟု ပြောလိုက်ရာ ဘမော်၏စိတ်ထဲ၌ လူသတ်မှုဖြစ်လျှင် သေစားသေရသည်ဟု ကြားဖူးထားသည်ဖြစ်ရာ စံထူးသေသကဲ့သို့ မိမိလည်း သေရပေတော့မည်တကားဟု တွေးထင်မိသည့်အခါ၌ ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။

ဤကား ပုဂံမြို့မှ ဘုန်းကြီးကျောင်းသားလေး မောင်ဘမော်၏ ကလေးဘဝ၌ တွေ့ကြုံခဲ့ရသော အနိဋ္ဌာရုံများ၊ စိတ်မချမ်းမြေ့ဖွယ်ရာများနှင့် စိတ်အမာရွတ်များ ဖြစ်ပေတော့၏။



OBookShelf blogspot.com



## ပွဲဦးထွက်ခုက္ခ

ဂါတ်သို့ရောက်လျှင် ဘမော်အား အချုပ်ခန်းအတွင်းသို့ ပို့လိုက်လေ၏။ အချုပ်ခန်းအတွင်း၌ အသက်လေးဆယ်ခန့် အချုပ်သားကြီးတစ်ဦးနှင့် တွေ့ရလေ၏။ ထိုအချုပ်သားကြီးသည် အရုပ်အမောင်းကောင်း၍ မျက်နှာမှာလည်း ယောကျ်ားပီသသော မျက်နှာဖြစ်၏။ ယင်းလူကြီး၏ မျက်နှာမှာ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လွန်စွာလိုက်ဖက်၍ တစ်မျိုးတစ်ဖုံ ကြည့်ကောင်းလှပေ၏။

ဘမော်၏စိတ်၌ 'ဤလူကြီးကား လူဆိုးလူမိုက်ကြီးပေလော၊ လူဆိုးလူမိုက်ကြီး ဖြစ်သည်ထားဦး၊ လွန်စွာ တည်ကြည်ပုံရပေသည်' ဟု အောက်မေ့မိလေ၏။

"ဟေ့...ကလေး၊ ဘာမှုလဲကွ" ဟု ထိုလူကြီးက သာယာညင်းပျောင်းသော အသံဖြင့် မေးလိုက်လေ၏။

"မသိဘူးခင်ဗျ"

"ဘာဖြစ်လို့ ဖမ်းလာတာလဲ"

http://obookshelf.blogspot.com



"စံထူးကို စားမနဲ့ ခုတ်လို့ပါခင်ဗျာ"

"မင်းက ခုတ်တာလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"စံထူးဆိုတာက ဘယ်လိုဖြစ်သွားသလဲ ကလေး"

"သေသွားပြီခင်ဗျာ"

"ဟေ...လူသတ်မှုပေါ့ကွ၊ ကြိုက်ပြီကွာ၊ ဘာဖြစ်လို့ သတ်လိုက်တာလဲ"

"ကျွန်တော့်ကို အနိုင်ကျင့်လို့ ခင်ဗျာ"

"ကြိုက်ပြီဟေ့၊ အနိုင်ကျင့်ရင် ဗိုလ်ကျရင် မခံတာတော့ မှန်တယ်ကွ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ မင်းအသက် ဘယ်လောက် ရှိပြီလဲ"

"ကိုးနှစ်ရှိပြီ ထင်တာပဲ"

"ဘယ့်နှယ့် ထင်တာလဲကွ၊ မင်းအမေက မင်းကို အတိအကျ မပြောဘူးလား"

"ကျွန်တော့်မှာ အမေမရှိဘူးခင်ဗျာ"

"အဖေကော"

"အဖေလဲ မရှိဘူး"

"ကြိုက်ပြီ၊ လောကမှာ ဘယ်သူ့ကိုမှ အားကိုးစရာမရှိဘဲ နေနိုင်တဲ့ အခွင့်အလမ်းဟာ နည်းတဲ့အခွင့်အလမ်း မဟုတ်ဘူးကွ၊ အဖေက မင်းကြီးဖြစ်လို့ အဖေ့ရဲ့ဂုဏ်သိမ်ကို အားကိုး မိုက်ရဲ ရမ်းရဲတဲ့ ကောင်စားမျိုးတွေနဲ့ မင်းနဲ့ ဘာမှမဆိုင်ဘူး၊ ငါကတော့ ကြိုက်တယ်၊ ဒီသတ္တိမျိုးမှ ကြိုက်တာ၊ ကဲ...ကဲ၊ မင်းကို သတိပေးလိုက်ဦးမယ်၊ ကလေးတစ်ယောက် လူသတ်မှုဖြစ်လာရင် ပုလိပ်က အရွယ်ရောက်မရောက်ဆိုတာကို ရာဇဝတ်ဆိုင်ရာ ဆရာဝန်ကြီး





ဆီ ပို့ပြီး ဆေးစစ်ကြည့်ရတယ်၊ အဲဒီဆရာဝန်ကြီးရဲ့ ဆေးစာ မှတ်ချက်ဟာ အလွန်အရေးကြီးတယ်၊ ဒါပေမယ့် မင်းဟာ အရွယ် မရောက်သေးတဲ့ ကလေးပါပဲကွာ၊ လူကြီးတွေ ခံရတဲ့ အပြစ်မျိုး တော့ မင်း ခံရမှာ မဟုတ်ပါဘူး"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော့ကိုတော့ ပုလိပ်ကြီးတွေ မသတ်ကြပါဘူးနော်"

"ဘယ်ကလာ သတ်ရမှာတုန်းကွာ၊ ပုလိပ်ဆိုတာကို ငါတို့မင်းတို့လို တရားခံတွေ မှန်းစရာအကြောင်း မရှိပါဘူးကွာ၊ တကယ်လို့ တို့ကို လူများက သတ်သွားရင်လဲ အဲဒီသတ်သွားတဲ့ လူကို ပုလိပ်တွေက ဖမ်းရမှာပဲ မဟုတ်လား၊ ဒီတော့ ပုလိပ်ဆိုတာ ငါတို့ရဲ့ရန်သူတွေတော့ မဟုတ်ဘူးကွ၊ ငါတို့ရဲ့ရန်သူက မတရား လုပ်တဲ့သူတွေ၊ အားကိုးအားထားရှိလို့ ကြီးနိုင်ငယ်ညှဉ်း လုပ်တတ်တဲ့ လူတွေ ဖြစ်တယ်ကွ"

ဘမော်သည် ထိုလူကြီးအား မြင်လျှင်မြင်ချင်း လေးစားစိတ်များ ဖြစ်ပေါ်လာခဲ့သည်ဖြစ်ရာ ယခုကဲ့သို့ မိမိအပေါ်၌ ကြင်ကြင်နာနာ ဆက်ဆံပြောဆိုခြင်း ပြုသည့်အပြင် အားပေးစကားများ ပြောခဲ့သောကြောင့် ချစ်ခင်ကြည်ညိုစိတ်များပင် ဖြစ်ပေါ်၍ လာလေတော့၏။

ထိုလူကြီးပြောသည့် စကားများသည် လွန်စွာမှန်ကန်ကြောင်းကို များမကြာမီ၌ပင် တွေ့မြင်ရလေတော့၏။

ပုလိပ်များသည် ဘမော်အား တရားသူကြီးနှင့် ကုလားဆရာဝန်ကြီး ရှေ့မှောက်သို့ ခေါ်သွားပြီးလျှင် အကျီလုံချည်များ ချွတ်၍ခိုင်းကာ ကုလားဆရာဝန်ကြီးအား ဆေးစစ်ခိုင်းလေ၏။

ကုလားဆရာဝန်ကြီးသည် ဘမော်အား တစ်ကိုယ်လုံးရှိ

http://obookshelf.blogspot.com



အရိုးအဆစ်များပါမကျန် စစ်ဆေးကြည့်ရှုပြီးနောက် ဘမော်ကို ပါးစပ်ဟခိုင်းပြီးလျှင် သွားများကို စစ်ဆေးကြည့်ရှုလေ၏။ ထိုသို့ စစ်ဆေးပြီးနောက် ကုလားဆရာဝန်ကြီးက တရားသူကြီးအား အင်္ဂလိပ်စကားဖြင့် ပြောလေ၏။ တရားသူကြီးကမူ မြန်မာစကားဖြင့်သာ ပြန်၍ပြောလေ၏။

"သွားကိုကြည့်ဖို့မလိုပါဘူး ဒေါက်တာ၊ လူကိုကြည့်တာနဲ့ပဲ အရွယ်ရောက်တယ်မရောက်ဘူးဆိုတာ သိဖို့ကောင်းပါတယ်"

"ဒီကလေးဟာ ခင်ဗျားရဲ့ သားကလေးသာဆိုရင် ဒီလိုစကားမျိုး ခင်ဗျား ပြောမလား"

ကုလားဆရာဝန်ကြီးက မျက်နှာနီမြန်းစွာဖြင့် အင်္ဂလိပ်လို ပြောပြန်၏။

"ခင်ဗျားတို့ လုပ်ချင်တာလုပ်ပါ၊ ကျုပ်ကတော့ တရားဥပဒေဘက်က ခုခံရမှာပဲ၊ ခင်ဗျား အခုပြောနေတဲ့ စကားတွေမှာ လာဘ်စားထားတဲ့ လက္ခဏာတွေ ပါနေတယ်၊ ကျုပ်ကတော့ မကျေနပ်ရင် ဆရာဝန်ပြောင်းပြီး စစ်ခိုင်းမယ်" ဟု တရားသူကြီးက ပြန်၍ပြောလေရာ...

ကုလားဆရာဝန်ကြီးက နေရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး အင်္ဂလိပ်လို ပြောပြန်၏။ ကုလားဆရာဝန်ကြီး၏ စကားကြောင့် တရားသူကြီးမှာ လွန်စွာ ဒေါသထွက်၍ သွားလေတော့၏။

"ဒီမှာ မစ္စတာဒါး၊ မင်းဟာ ဆရာဝန်တစ်ယောက် ဖြစ်လို့ လေးလေးစားစား ဆက်ဆံနေတာ၊ တကယ်ကတော့ မင်းလိုကောင်မျိုးကို အဖက်လုပ်ပြီး စကားပြောနေစရာ မလိုဘူး" ဟု တရားသူကြီးက ပြောလိုက်ရာ ကုလားဆရာဝန်ကြီးလည်း



obookshelf blogspot.com



လွန်စွာစိတ်ဆိုးလျက် ဂါတ်အတွင်းမှ ထွက်၍သွားလေတော့၏။

စစ်ဆေးခြင်း ပြုလုပ်ပြီးသည့်အခါ၌ ဘမော်အား အချုပ်ခန်း အတွင်းသို့ ပြန်၍ပို့လိုက်လေ၏။ အချုပ်ခန်းအတွင်းသို့ ရောက်လျှင် သံပန်းကန်ပြားအစုတ်နှင့် ထမင်းစားနေသော ထိုအချုပ်သားကြီးကို တွေ့ရပြန်၏။

"ဘယ်လိုလဲကွ၊ ငါပြောသလို ဆေးစစ်တယ် မဟုတ်လား" ဟု ထိုအချုပ်သားကြီးက ဆီး၍မေးလေ၏။

"ဟုတ်တယ် ဦးလေးရဲ့၊ စစ်လိုက်ဆေးလိုက်တာ တကိုယ်လုံးပါပဲဗျာ၊ ဒူးခေါင်းရိုးကို သံတူလိုလိုဟာနဲ့ ထုတာ နာလိုက်တာ မပြောပါနဲ့တော့ဗျာ"

"အနာခံမှ အသာစံရတယ်ဆိုတာ ဒါမျိုးပေါ့ကွာ၊ ရော့ ရော့...ထမင်းစားလိုက်ဦး၊ မင်းအတွက် ထမင်း ယူထားတယ်"

ဘမော်လည်း လွန်စွာ ဆာလောင်မွတ်သိပ်လျက်ရှိပြီ ဖြစ်သဖြင့် ပဲဟင်းရည်ကျဲ ဆမ်း၍ထားသော ထမင်းကို မြိန်ရှက်စွာ စားသောက်လေတော့၏။ ဘမော် ထမင်းစားနေသည့်အချိန်၌ လူကြီးသည် ထမင်းစား၍ ပြီးစီးသွားပြီ ဖြစ်သဖြင့် ဆေးပေါ့လိပ် တိုကလေးကို ဖွာ၍နေလေ၏။

"မင်းကိုတော့ သရက်က ကလေးထောင်ကို ပို့လိမ့်မယ် ထင်တယ်၊ ထောင်ကိုပို့ရင်လဲ ဘာမှမကြောက်နဲ့ကွ၊ ထောင်ထဲမှာလဲ ကျားတွေနေတာမှ မဟုတ်ဘဲ၊ လူတွေနေတာပဲ ဥစ္စာ၊ ပြီးတော့ ထောင်ဆိုတာဟာ ဆုံးမပြုပြင်ပေးတဲ့ စာသင်ကျောင်းတစ်မျိုးပဲကွ"

"ဦးလေးက ထောင်ကို ခဏခဏ ရောက်ဖူးတယ်လား"

"သိပ်မများပါဘူးကွာ၊ ဒါနဲ့ပါဆိုမှ ငါးခါလောက်ပဲ ရှိပါသေးတယ်"

http://obookshelf.blogspot.com



"လူသတ်မှုနဲ့ပဲလား"

"မဟုတ်ဘူးကွ၊ ခားပြမှုနဲ့ သုံးခေါက်၊ ခိုးမှုနဲ့ နှစ်ခေါက်"

"ဒါဖြင့် ဦးလေးက သူခိုးဓားပြပေါ့"

"အေးပေါ့ကွ၊ ငါက သူခိုးဓားပြကြီးပေါ့ ဟဲ...ဟဲ"

"ဦးလေးက ဘာဖြစ်လို့ သူခိုးဓားပြကြီး လုပ်ရှင်ရတာလဲ"

"ဒါတွေ မင်း မသိပါဘူး၊ လောကကြီးက သိပ်ပြီး ရှုပ်ထွေးတယ်ကွ၊ မာယာလဲ သိပ်ပြီးများတယ်"

"ဦးလေးနာမည် ဘယ်လိုခေါ်သလဲ"

"ငါ့နာမည်က ဆရာသိုင်းလို့ ခေါ်တယ်ကွ"

ဘမော်သည် ဂါတ်တဲအချုပ်ခန်း၌ (၁၄)ရက်ခန့်နေပြီးနောက် မြင်းခြံထောင်သို့ ပြောင်းခဲ့ရလေ၏။ မြင်းခြံထောင်၌မူ အချုပ်ခန်းအတွင်း၌ မနေရဘဲ ထောင်မှူးကြီး၏အိမ်၌ နေရလေ၏။ ထောင်မှူးကြီးမှာ သားချင်းသမီးချင်း စာနာတတ်သော်လည်း ထောင်မှူးကြီးကတော်မှာမူ ကလေးနှင့် မဖျူအောင် အလုပ်များကို လုပ်နိုင်းလေ၏။ မြင်းခြံ၌ပင် ဘမော်၏ အမှုကို စစ်ဆေးပြီးနောက် ထောင်(၇)နှစ် ကျခံစေရန် အမိန့်ချလိုက်လေတော့၏။ ထို့ကြောင့် ဘမော်အား သရက်မြို့ရှိ ကလေးထောင်သို့ ပို့လိုက်လေတော့၏။ သရက်ထောင်သို့ ရောက်သည့်အခါ၌ ဘမော်အဖို့ ဒုက္ခ မျိုးစုံတို့ကို ခံစားရလေတော့၏။

ဤသည်ကား ပုဂံသား မောင်ဘမော်၏ လူ့ဘဝကို ရရှိပြီး ကိုးနှစ်အကြာ၌ ကြုံတွေ့ခဲ့ရသော ပွဲဦးထွက်ဒုက္ခများပင် ဖြစ်ပေတော့သတည်း။

❖ ❖ ❖



## အပျိုကြီး၏ ဝက်သားဟင်းအိုး

တစ်နေ့သ၌ အသက်(၁၆)နှစ်အရွယ်ခန့် ရှိသော လူငယ်ကလေးတစ်ဦးသည် မန္တလေးမြို့ရှိ ထမင်းဆိုင်နှင့် ခေါက်ဆွဲဆိုင်များသို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဝင်ရောက်ကာ ပန်းကန်ဆေးဖြစ်စေ၊ စားပွဲထိုးဖြစ်စေ လုပ်လိုကြောင်း ပြောဆို၍ အလုပ်တောင်းနေလေ၏။

ဝင်မိသမျှသော ဆိုင်တို့မှ ဆိုင်ရှင်များက အလုပ်သမား မလိုကြောင်း ပြောဆိုလွှတ်လိုက်လေ၏။ အချို့သောဆိုင်များက ဆိုလျှင် ပါးစပ်နှင့်ပင် မပြောတော့ပဲ လက်ခါ၍သာ ပြကြလေ၏။

ထိုလူငယ်သည် စိတ်ပျက်အားငယ်စွာဖြင့် ထမင်းဆိုင်များကို ဆက်လက်၍ ရှာဖွေပြန်၏။ နောက်ထပ်ဝင်ခဲ့သောဆိုင်များကလည်း ခေါင်းခါလက်ခါ၍သာလျှင် ပြကြလေ၏။ လူငယ်သည် မည်သည့်အစားအသောက်ကိုမျှ စားသောက်ရခြင်း မရှိသဖြင့် လွန်စွာ ဆာလောင်မွတ်သိပ်လျက် ရှိပေသည်။

ထို့ကြောင့် သောက်ရေအိုးစင်၌ ရေအဝသောက်ပြီးလျှင်

http://obookshelf.blogspot.com



သစ်ရွက်ကလေးဖြင့် ပတ်၍သိမ်းထားသော ဆေးပေါ့လိပ်တိုကလေးကို ထုတ်၍ သစ်ပင်ရိပ်၌ထိုင်ကာ ဆေးလိပ်ဖွာရင်း ရှေ့ရေးကို တွေးတောနေလေ၏။

ဆေးလိပ်သောက်၍ အနည်းငယ် အနားယူပြီးနောက် ဆက်လက်၍ လျှောက်ပြန်ရာ ထမင်းဆိုင်တစ်ဆိုင်ကို တွေ့ပြန်၍ ဝင်ရပြန်လေ၏။

"ပန်းကန်ဆေးပဲ ရရ၊ စားပွဲထိုးပဲ ရရ၊ လုပ်ပါရစေ ခင်ဗျာ" ဟု ထိုလူငယ်က ပြောလိုက်လျှင် ပိုက်ဆံသိမ်းသော စားပွဲခုံ၌ ထိုင်နေသည့် အသက်(၄၀)အရွယ် မိန်းမကြီးက လှမ်း၍ကြည့်လိုက်လေ၏။

"အလုပ်လုပ်တာက ဟုတ်ပါပြီ၊ ပိုက်ဆံက ဘယ်လောက် ပေးရမှာလဲကွဲ"

"ဘယ်လောက်ပဲ ပေးပေးပါ ခင်ဗျာ"

"အေး...အခုလို ပိုက်ဆံစကား မပြောဘူးဆိုရင်တော့ ဖြစ်ပါတယ်၊ ငါ့ဆီက ကောင်တွေက လူဇော်နံ့တဲ့ကောင်တွေ မဟုတ်ဘူးကွ၊ ပိုက်ဆံစကား သိပ်ပြီးပြောတာ၊ ကဲ...ကဲ...မင်းရဲ့ လွယ်အိတ်ကို ချပြီး စကနားပါဦး၊ ထမင်းကော စားပြီးပြီလား"

"မစားရသေးဘူးခင်ဗျ"

"ဟဲ့...စံအောင် သူ့ကို ဝက်သားဟင်းနဲ့ ထမင်းကျွေးလိုက်" ဟု ထိုမိန်းမကြီးက အမိန့်ပေးလိုက်လေ၏။

စံအောင်ဆိုသူက ထိုမိန်းမကြီး မမြင်အောင် မဲ့ရွဲ့ပြပြီးနောက် ထမင်းဟင်းပန်းကန်များကို လာရောက်၍ ချလေ၏။ လူငယ်မှာလည်း ဆာဆာနှင့် စားသောက်လေရာ ထမင်းထည့်ပေးရသော စံအောင်က 'ဘယ်အငတ်တိုင်းပြည်က ရောက်လာတာလဲ' ဟု ဆိုလေ၏။

လူငယ် စားသောက်နေရာသို့ ဆိုင်ရှင်မိန်းမကြီး ရောက်ရှိလာပြီးလျှင် 'ဟဲ့...ကလေး စားသာစား၊ အားမနာနဲ့၊ ဝမ်းအပြင် အိတ်မပါဘူး' ဟု ဆိုလေ၏။ လူငယ်လည်း အားရပါးရ စားလေ၏။

"နေစမ်းပါဦး၊ မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ဘမော်လို့ ခေါ်ပါတယ်"

"အေး...ကောင်းကောင်း အလုပ်လုပ်ပေါ့ကွာ" ဟု အဒေါ်ကြီးက ဆိုလေ၏။

ဘမော်လည်း ထမင်းစားပြီးသည်နှင့် တပြိုင်နက် ပန်းကန် ဆေးသောနေရာသို့ သွားရောက်ကာ ပန်းကန်များကို ဆေးလေ၏။ ညဆိုင်ပိတ်ချိန်သို့ ရောက်သည့်အခါ၌ တစ်ဆိုင်လုံးကို တံမြက်စည်းလှည်း၍ ရေမိုးချိုးကာ ဆိုင်တံခါးများ ပိတ်ရလေ၏။ ဆိုင်ရှင်အဒေါ်ကြီးက ဘမော်အား ဆေးလိပ်သောက်ရန်အတွက် ပိုက်ဆံနှစ်ပြား ပေးခဲ့လေ၏။

ဘမော်လည်း ဆေးပေါ့လိပ် တစ်ပြားဖိုးဝယ်၍ ကျန်တစ်ပြားကို လက်ကိုင်ပဝါအစွန်း၌ ချည်နှောင်၍ ထားလိုက်လေ၏။ ဆိုင်ရှင်အဒေါ်ကြီးမှာ ဆိုင်၌နေသည် မဟုတ်သောကြောင့် ဆိုင်ပိတ်သည်နှင့်တပြိုင်နက် ပိုက်ဆံသေတ္တာကလေးကို ယူလျက် လခြမ်းဖြင့် ငှားရမ်းထားသော မြင်းလှည်းဖြင့် အိမ်သို့ ပြန်လေ့ရှိလေ၏။ နောက်တစ်နေ့ နံနက်ငါးနာရီခန့်တွင် ချက်ပြီး ဟင်းအိုးများနှင့် ရောက်လာပြီးလျှင် ဆိုင်မှရှိသော အိုးဟောင်းများကို အိမ်သို့ သယ်ဆောင်သွားပြန်၏။ ညနေပိုင်းတွင် ဆိုင်မှ အလုပ်သမား တစ်ယောက်ကို ခေါ်၍ ဟင်းချက်စရာများကို ဝယ်ကာ အိမ်သို့ တစ်




☺ ဆောင်းမြင်စာစဉ် ☺

obookshelf.blogspot.com

http://obookshelf.blogspot.com



ခေါက် ပြန်လေ့ရှိလေ၏။

ဆိုင်ရှင်အဒေါ်ကြီးသည် အိမ်၌ ဟင်းချက်ရာတွင် ကူညီလုပ်ကိုင်ပေးရန်အတွက် ဆိုင်အလုပ်သမားတစ်ယောက်ကို ခေါ်သွားလေ့ ရှိတတ်၏။

ဘမော်သည် ရောက်စါစညများ၌ ဆိုင်၌ပင် အခြားသော ဆိုင်အလုပ်သမားများနှင့်အတူ အိပ်ရလေ၏။ အခြားသော ဆိုင်အလုပ်သမားများမှာ ဆိုင်ပိတ်သည်နှင့်တပြိုင်နက် ဆိုင်တွင်း၌ လက်ဖဲ့ထိုးခြင်း၊ တစ်ဦးနှင့်တစ်ဦး အားစမ်း လက်လုံခြင်း၊ ဆေးလိပ်ကြေး ဖဲကစားခြင်းများ ပြုလုပ်လေ့ရှိ၏။ ဘမော်မှာမူ လွယ်အိတ်အတွင်း၌ လုံခြုံစွာ ဝှက်၍ထားသော ပစ္စည်းကလေးကို ထုတ်၍ကြည့်ကာ တစ်ကိုယ်တည်း စိတ်ကူးနေလေ့ ရှိပေသည်။

မကြာခဏဆိုသလို လျှို့ဝှက်စွာထားသည့် ပစ္စည်းကလေးကို ထုတ်၍ ကြည့်တတ်လေ၏။ ထိုပစ္စည်းကလေးကား ငယ်စဉ်က သီသီဆိုသည့် ကွန်ဗင့်ကျောင်းသူကလေး ပေးသွားသော လက်ကိုင်ပဝါနှင့် ငါးကျပ်တန်ကလေးတစ်ရွက် ဖြစ်ပေသည်။

ဘမော်နှင့် အတူတကွ အလုပ်လုပ်ကြရသော ဆိုင်အလုပ်သမားများမှာ တာတီး၊ လှမြင့်၊ စံအောင်၊ သာလှ၊ မွန်လေးတို့ ဖြစ်ပေသည်။

ထိုသူတို့ သည် ဆိုင်ပိတ်သည့်အခါ၌ ဆိုင်ရှင်အဒေါ်ကြီး ဒေါ်သိန်းယဉ်၏ အတင်းမျိုးစုံကို ပြောလေ၏။ ဆိုင်ရှင်အဒေါ်ကြီး အနေနှင့် ဂရုမထားသော ဆိုင်ပစ္စည်းများကိုလည်း မကြာခဏ ခိုးရောင်းလေ့ ရှိပေသည်။

ဘမော်မှာမူ ထိုသူတို့နှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေထိုင်သော်လည်း ထိုသူတို့၏ မကောင်းသော အပြုအမူတို့၌



OBookShelf
blogspot.com



လုံးဝ စိတ်ဝင်စားခြင်း မရှိခဲ့ပေ။

တာတီးတို့ လေးယောက်မှာမူ တစ်ခါတစ်ရံ၌ အရက်ဝယ်၍သောက်ခြင်း၊ မကောင်းသော မိန်းမများကို ခေါ်လာခြင်းစသည့် မဖွယ်မရာ ကိစ္စများကိုပင် ပြုလုပ်ကြလေ၏။

ဘမော်ရောက်ရှိပြီး တစ်လခန့်အကြာတွင် လှမြင့်ဆိုသူအား သစ္စာမရှိဟုဆိုကာ ဆိုင်ရှင်အဒေါ်ကြီး ဒေါ်သိန်းယဉ်က အလုပ်မှ အပြီးအပိုင် ထုတ်၍ပစ်လိုက်လေ၏။ လှမြင့်ဆိုသည့် ဆိုင်အလုပ်သမားသည် မည်သို့သော သစ္စာမရှိသည့်အလုပ်ကို လုပ်မိသည် မသိပေ။ ယင်း၏ အဝတ်အစားများထည့်သော သံသေတ္တာစုတ်ကလေးကိုပင် ယူငင်ခြင်း မပြုတော့ဘဲ လုံးဝ ပျောက်ကွယ်သွားလေတော့၏။

လှမြင့် အလုပ်ထုတ်ခံရပြီး တစ်ပတ်ခန့်အကြာ ဆိုင်ပိတ်ချိန်၌ တာတီးတို့လူစုသည် လှမြင့်အကြောင်းကို ပြောဆိုကြလေတော့၏။

"ဟေ့ကောင် တာတီး၊ မင်းနဲ့ လှမြင့်နဲ့ ဒီကနေ့ တွေ့ကြတယ်ဆို" ဟု သာလှက မေးလိုက်လေ၏။

"အေး...ဟုတ်တယ်ကွ၊ သူ့ရဲ့သေတ္တာကို ယူခိုင်းလို့ ယူပြီး သွားပို့တာ"

"နေစမ်းပါဦးကွ၊ လှမြင့်နဲ့ ဆိုင်ရှင်အပျိုကြီးက ဘယ်လိုဖြစ်ကြတာလဲ"

"လှမြင့်ကို အပျိုကြီးက ကူပြီး ဟင်းချက်ပေးဖို့ ခေါ်သွားတယ် မဟုတ်လား"

"အေး...အဲဒါ ဘာဖြစ်လဲ"

"အဲဒီညက မီးဖိုထဲမှာ ဝက်သားအိုးကို တည်ထားပြီး

http://obookshelf.blogspot.com



ဝက်သားနုးရင် ကြက်သွန်ဥတွေ ထည့်ဖို့ မှာထားပြီး အပျိုကြီးက အပေါ်ထပ်ကို တက်သွားပြီး အိပ်တော့တာကိုးကွ"

"အင်း...လုပ်စမ်းပါဦး"

"ပြောမှာပေါ့ကွ၊ လှမြင့်က ဝက်သားအိုးနူးလို့ ကြက်သွန်ဥတွေ ထည့်မယ်ဆိုပြီး ကြက်သွန်ရှာတော့ ကြက်သွန် မတွေ့တာနဲ့ အပျိုကြီးကို မေးမယ်ဆိုပြီး အိမ်ပေါ်ကိုတက်ပြီး အပျိုကြီးအခန်းထဲကို ဝင်တာ အခန်းထဲလဲရောက်ရော တို့လှမြင့်ကြီးဟာ ကြက်သွန်ဥကိစ္စကို မေ့သွားပြီး ဟဲ...ဟဲ"

"ဘာဖြစ်သလဲကွ၊ ပြောစမ်းပါဦး" ဟု စံအောင်က မေးပြန်၏။

"ပြောမှာပေါ့ကွ၊ မင်းကလဲ ဘာဖြစ်နေတာလဲ"

"မင်းက အရေးကြီးတဲ့နေရာကျရင် ရပ်ရပ်နေတာကိုးကွ"

"တိုတိုပဲ ပြောမယ်ကွာ၊ လှမြင့်က အပျိုကြီးကို အတင်းဝင်ဖက်ပြီး မတော်မတရား ကြံတော့တာကိုးကွ၊ ဒါပေမယ့်ကွာ အပျိုကြီးက သူ့ထက်လည်တာပေါ့၊ သူ့ကို ဆောင့်ကန်ပြီး ခွေးမျိုး၊ ခွေးကျင့်ခွေးကြံ ကြံတယ်ဆိုပြီး ညတွင်းချင်း မောင်းထုတ်ပစ်လိုက်တာပဲဟေ့"

"နေစမ်းပါဦးကွ၊ အပျိုကြီးရဲ့အဒေါ် မျက်စိမမြင်တဲ့ အဘွားကြီးက ဘယ်ကိုသွားနေလို့လဲ" ဟု သာလှက ဝင်၍ မေးပြန်၏။

"မရှိဘူးလေကွာ၊ စစ်ကိုင်းချောင်ကို သွားနေတယ်လေ၊ ဘယ်လောက်ကြာပြီလဲ" ဟု မွန်လေးက တာတီးကိုယ်စား ဝင်၍ ဖြေလိုက်လေ၏။

"လှမြင့်က အခု ဘယ်ဆိုင်မှာ ရောက်နေပြီလဲ" ဟု





စံအောင်က မေးပြန်၏။

"ပယောဂဆရာတစ်ယောက်နဲ့ တွေ့ပြီး အဲဒီဆရာနဲ့ လိုက်သွားလေရဲ့" ဟု တာတီးက ပြောလေ၏။

ထိုနေ့ညက တာတီး၊ သာလှနှင့် မွန်လေးတို့သည် ဆိုင်ရှင်အပျိုကြီး၏ အကြောင်းကို ညနာရီပြန်တစ်ချက်ထိုးသည်အထိ ပြောဆိုနေကြလေ၏။ ဘမော်မှာမူ သီသီပေးခဲ့သော လက်ကိုင်ပဝါကလေးကို နမ်းရှုပ်လျက် အိပ်ပျော်သွားလေတော့၏။

❖ ❖ ❖

http://obookshelf.blogspot.com



OBookShelf
blogspot.com



## ဣတ္ထိမာယာ ဝက်ပါ

ဘမော်သည် အပျိုကြီးထမင်းဆိုင်၌ နေထိုင်လာခဲ့ရာ လေးလခန့်ပင် ကြာခဲ့ပြီ ဖြစ်လေသည်။ ဘမော်အား ဆိုင်ရှင်အပျိုကြီးကလည်း မကြာခဏဆိုသလို အကျီလုံချည်များ ဝယ်ချမ်း၍ ပေးလေ၏။ ဘမော်မှာ ဆိုင်ပိတ်သည့်အချိန်၌ အခြားသော ဆိုင်အလုပ်သမားများကဲ့သို့ အလဟဿ အကျိုးမဲ့ အချိန်ကို ဖြုန်းတီးခြင်း မပြုဘဲ စီဘီလိုင်း၌ နေထိုင်သည့် စိန်ငှက်ရိုးဟု ခေါ်သော ဆိုင်းဆရာကြီးတစ်ဦးထံတွင် ကျိုးနွံစွာ တပည့်ခံ၍ ဆိုင်းပညာကို သင်ယူလေ၏။ ဆိုင်းဆရာကြီး စိန်ငှက်ရိုးကလည်း ဆိုင်းပညာကိုသာ မဟုတ်ပဲ ဂီတနှင့် ပတ်သက်သော အခြားပညာရပ်များကိုပါ သင်ကြားပြသလေ၏။ ထို့ပြင် ဆရာကြီးက ဘမော်အား တယော ဟောင်းကလေး တစ်လက်ကိုပါ အပျင်းပြေထိုးရန်အတွက် ပေးထားလေ၏။

ဘမော်သည်လည်း ညအခါ၌ တယောထိုး ကျင့်လေ၏။ ကျင့်ခါစတွင် တာတီးတို့လူစုက 'ဟေ့ကောင် ဘမော်၊ မင်းရဲ့

http://obookshelf.blogspot.com



တဲ့ယောသံကဖြင့်ကွာ ပတ္တာကျပ်ပြီးနေတဲ့ တံခါးသံလိုပဲ' ဟုလည်းကောင်း၊ 'လှည်းဝ ဆီမထိုးရတဲ့ အညာလှည်းကြီး သွားနေတဲ့ အသံနဲ့တူတယ်' ဟူ၍လည်းကောင်း နောက်ပြောင်ခဲ့ကြသော်လည်း သုံးလခန့် လေ့ကျင့်ပြီးသောအခါ၌မူ...

"ဘမော်ရေ၊ နန်းတော်ရှေ့ရဲ့ သီချင်းလေးတစ်ပုဒ်လောက်" ဟူ၍လည်းကောင်း၊ "ယိုးဒယားလေးတစ်ပုဒ်လောက်" ဟူ၍လည်းကောင်း ပွဲတောင်း၍ လာကြလေတော့၏။

ဘမော်၏ တယောလက်သံမှာလည်း တစထက်တစ ညက်၍ညက်၍ လာလေတော့၏။ ပင်ကိုယ်ကပင် အဆွေးသမားဖြစ်သော ဘမော်မှာ ငယ်စဉ်က သိကျွမ်းခဲ့ရသော သီသီဆိုသည့် ကလေးမလေးအား လွမ်းဆွတ်သည့်အခါ၌ အလွမ်းတေးသားများကို တယောထိုးရင်း အလွမ်းဖြေ၍ နေရလေတော့၏။

ဘမော်သည် ထမင်းဆိုင်မှ ဝတ္တရားများ ကိုလည်း ကျေပွန်စွာ ဆောင်ရွက်လေ၏။ ထိုလုပ်ငန်းများ ပြီးဆုံးသည့်အခါ၌ စိန်ငှက်ရိုး၏အိမ်သို့ သွားရောက်ကာ ရေခပ်ပေးခြင်း၊ ထင်းခွဲပေးခြင်း၊ အိမ်ဝိုင်းအတွင်း၌ တံမြက်လှည်းခြင်း စသော ဆရာကတော်ကြိုက် လုပ်ငန်းများကို ပြုလုပ်ပေးပြီးလျှင် ဒူလာရောဂါစွဲ၍နေသော စိန်ငှက်ရိုး၏ ခြေသလုံးဘေားရှိ အကြောများကို နှိပ်နယ်ပေးခြင်း၊ ရေနွေးကြမ်းခပ်ပေးခြင်း စသော ဆရာကြိုက် လုပ်ငန်းများကို ပြုလုပ်ပေးပြန်၏။ ထိုသို့ပြုလုပ်ပေးပြီးသည့်အခါမှပင် ပညာရပ်များကို သင်ယူလေ့ ရှိပေသည်။

စိန်ငှက်ရိုးထံ၌ ပညာသင်ရသည်မှာလည်း အမြဲတမ်း သင်ယူရသည် မဟုတ်ပေ။ စိန်ငှက်ရိုးသည် မိုးကုန်သည်နှင့် တပြိုင်နက် နာမည်ကြီး ဇာတ်သဘင်အဖွဲ့များနှင့် လိုက်ပါ၍သွားရ



သည် ဖြစ်ရာ ထိုအချိန်များ၌ ဘမော်အဖို့ ပညာသင်ကြားခြင်း မပြုရတော့ပေ။

ဘမော်သည် ကလေးဘောင်မှ နှစ်စေ့၍ လွတ်မြောက်ခဲ့ပြီးနောက် အဖိုးကြီးဒေါ်သိန်းယဉ်၏ ဆိုင်၌ အလုပ်ရသဖြင့် ထမင်းကို နပ်မှန်အောင် စားရ၏။ အချိန်အားများတွင် မိမိဝါသနာပါသော ဂီတပညာကို သင်ယူခွင့်လည်း ရသဖြင့် လွန်စွာအဆင်ပြေ၍ နေလေ၏။

ဤသို့လျှင် အဆင်ပြေစွာ နေထိုင်လာခဲ့ရာမှ လအတော်အတန်ကြာသော နေ့တစ်နေ့တွင် ဆိုင်ရှင်အဒေါ်ကြီးက ညနေဆိုင်ပိတ်၍ အပြန်တွင် ယင်းအား ဟင်းချက်ရာ၌ ကူညီရန်ဟုဆိုကာ မြင်းလှည်းနှင့် တပါတည်း ခေါ်ဆောင်သွားလေ၏။ အိမ်သို့ရောက်လျှင် ဒေါ်သိန်းယဉ်က ဘမော်အား ရေမိုးချိုးစေ၍ ဈေးမှဝယ်ယူခဲ့သော ဈေးချုပ် အကျႌလေးတစ်ထည်နှင့် လုံချည်တစ်ထည်ကို ပေးလေ၏။

"မောင်ဘမော်၊ ဒီအကျႌနဲ့ လုံချည်အသစ်ကလေးကို လဲလိုက်ပါဦး၊ လူပျိုအရွယ်ကလေးဆိုတာ သန့်သန့်ပြန့်ပြန့် လှလှပပ နေရတယ်ကွယ့်" ဟုလည်း ဒေါ်သိန်းယဉ်က ပြောလိုက်သေး၏။ ထို့နောက် ဘမော်အား ထိုးမုန့်၊ ကရေကရာမုန့် စသည်များကို ကျွေးမွေးလေ၏။

ဘမော်လည်း ဒေါ်သိန်းယဉ် ကျွေးမွေးသော မုန့်ပဲသရေစာများကို စားသောက်ပြီးနောက် ဒေါ်သိန်းယဉ်အား ကူညီ၍ ဟင်းများချက်ပေးလေ၏။ ညကိုးနာရီခန့်တွင် ဒေါ်သိန်းယဉ်သည် ရေမိုးချိုးလျက် သနပ်ခါးကို ခြေဆုံးခေါင်းဆုံး လိမ်းပြီးလျှင် ဝက်သားဟင်းအိုးကို ပြင်ဆင်ကာ မီးဖိုပေါ်သို့ တင်ပြီးနောက်

http://obookshelf.blogspot.com



"မောင်လေး ဝက်သားအိုးကို ကြည့်နေနော်၊ ဝက်သားနူးရင် မမကို လာပြီးနှိုးနော်" ဟု ဆိုကာ အပေါ်ထပ်သို့ တက်၍သွားလေ၏။

ဘမော်လည်း တယောပြားကလေးကို ထိုးလျက် ဝက်သားဟင်းအိုးကို စောင့်၍နေလေ၏။ အချိန်အတော်ကြာသော အခါ၌ ဝက်သားတုံးများကို ယောက်မဖြင့် ထိုးကြည့်ရာ နူးအိနေပြီဖြစ်ကြောင်း သိရလျှင် ဒေါ်သိန်းယဉ်အား နှိုးမည်ဟု အပေါ်ထပ်သို့ တက်ခဲ့လေ၏။ အပေါ်ထပ်သို့ ရောက်ပြန်လျှင် ဒေါ်သိန်းယဉ် အိပ်သောအခန်းသို့ ဝင်ပြန်လေ၏။

အခန်းတွင်းသို့ လသာမှန်အိမ်ကို ထွန်းညှိထားသည်ဖြစ်ရာ ဇာခြင်ထောင်အတွင်း၌ ပက်လက်ဆန့်ဆန့်ကြီး အိပ်ပျော်နေသော အပျိုကြီး ဒေါ်သိန်းယဉ်ကို သဲကွဲစွာ မြင်ရလေ၏။ ဘမော်သည် ခြင်ထောင်ဘေးသို့ ကပ်သွားပြီးလျှင် 'အစ်မ...အစ်မ' ဟု ခေါ်လေ၏။ ထိုအခါမှပင် 'အင်' ဟူသော ညည်းသံလိုလို၊ အပျင်းဆန့်သံလိုလို အသံမျိုးကို ပြုလုပ်လျက် အပျိုကြီး ဒေါ်သိန်းယဉ်သည် အိပ်ရာမှ နိုး၍လာလေတော့၏။

"ဟင်...မောင်လေးပါလား"

"ဝက်သားတွေ နူးနေပြီ၊ အစ်မက ဝက်သားနူးရင် လာနှိုးပါဆိုလို့"

"အေးကွယ်၊ ဝက်သားနူးရင် ကြက်သွန်ဥတွေ ထည့်ရမယ်၊ မောင်လေး ထည့်တတ်မှာ မဟုတ်ဘူး၊ မမ ထည့်ပါ့မယ်"

"ဟုတ်ကဲ့" ဟု ဆိုကာ ဘမော်က အောက်ထပ်သို့ ဆင်းရန်အတွက် မတ်တတ်ရပ်လိုက်လေ၏။

"မောင်လေး အောက်ကို ဆင်းတော့မလို့လား"

"ဟုတ်ကဲ့"





"မဆင်းပါနဲ့ဦးကွယ်၊ မမလေ အကြောအခြင်တွေ သိပ်ပြီး တက်နေလို့ နည်းနည်းလောက် နှိပ်ပေးပါလားကွယ်၊ တစ်ခါတစ်ခါ အကြောတွေ တက်လာပြီဆိုရင် အသေလို ဖြစ်သွားတော့တာကွယ့်၊ အင်း...ကျွတ် ကျွတ် ကျွတ်၊ နှိပ်ပေးစမ်းပါကွယ်၊ နိုင်းတယ်လို့ မအောက်မေ့ပါနဲ့၊ ကိုယ့်ရဲ့အစ်မရင်းတစ်ယောက်လို သဘောထားပြီး နည်းနည်းလောက် နှိပ်ပေးစမ်းပါ"

"ဟုတ်...ဟုတ်ကဲ့" ဟု ဆိုကာ ဘမော်သည် အပျိုကြီး ဒေါ်သိန်းယဉ်၏ ခြေထောက်များကို နှိပ်နယ်၍ ပေးလေ၏။

"ဒီလို မလုပ်နဲ့"

ဘမော်သည် အသံနက်ကြီးဖြင့် အထက်ပါအတိုင်း အော်ဟစ်ကာ မတ်တတ်ရပ်လိုက်လေ၏။ အပျိုကြီးလည်း ဘမော်၏ အော်သံကြောင့် လိပ်ပြာလွင့်ထွက်သွားလုမတတ် ထိတ်လန့်၍သွားလေ၏။ မိမိ၏ ထောင်ချောက်အတွင်းသို့ ဝင်ပြီးခါမှ တဖန်ပြန်၍ လွတ်မြောက်သွားသော သားကောင်အား မုဆိုးသည် တက်တခေါက်ခေါက်နှင့် မချင့်မရဲ ဖြစ်၍နေသည့်အလား ဘမော်ကို ကြည့်လျက် အပျိုကြီးသည် မချင့်မရဲ ဖြစ်၍နေလေ၏။

"မမက မောင်လေးကို တကယ်ချစ်လို့ပါကွယ်၊ ဒါလောက်တောင် ပစ်ပစ်ခါခါ မလုပ်သင့်ပါဘူး" ဟု အပျိုကြီးက ပြော၍ ဘမော်၏ မျက်နှာကို အကဲခတ်လေ၏။ ဘမော်က မကျေနပ်သောမျက်နှာနှင့် အပျိုကြီးအား စိန်းစိန်းကြည့်၍ နေလေ၏။

"မမဟာ ယင်ဖိုတောင် မသန်းခဲ့ရဖူးတဲ့ အပျိုစင်အစစ်ပါ၊ ဘယ်ယောကျ်ားကိုမှလဲ စိတ်မပါခဲ့ပါဘူး၊ မောင်လေးကျခါမှ မမ ဘယ်လိုဖြစ်တယ် မသိဘူး ဟင်း...ဟင်း" ဟု ဆိုကာ ချုံးပွဲချ၍

http://obookshelf.blogspot.com



ငိုလေတော့၏။ ဘမော်လည်း တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ အောက်ထပ်သို့ ဆင်း၍လာလေ၏။ အောက်ထပ်သို့ ရောက်လျှင် မီးဖိုခန်းအတွင်းသို့ ဝင်ကာ တိုင်၌ချိတ်ခဲ့သော တယောပြားကလေးကို ဖြုတ်ယူ၍ ရာဂဆင်ရိုင်း သောင်းကျန်းလှသော ထမင်းဆိုင်ရှင် အပျိုကြီးထံမှ အပြီးအပိုင် ထွက်၍ သွားလေတော့၏။

မီးဖိုမှ ဝက်သားဟင်းအိုးမှာလည်း မီးအပူရှိန်ကြောင့် ပျော့အိခြင်းမက ပျော့အိ၍နေလေ၏။

အိမ်ပေါ်ထပ် အခန်းတွင်းမှ အပျိုကြီးမှာလည်း ရာဂတည်းဟူသော အပူရှိန်ကြောင့် လည်းကောင်း၊ ဒေါသတည်းဟူသော အပူရှိန်ကြောင့် လည်းကောင်း၊ ဆောက်တည်ရာမရဖြစ်ကာ ကျန်ရစ်ခဲ့လေ၏။

> သဗ္ဗာနဒီ၊ ခပ်သိမ်းသော မြစ်တို့သည်။ ဝင်္ကနဒီ၊ မြစ်ကောက်သာ ရှိကုန်၏။ သဗ္ဗေဝနခ၊ ခပ်သိမ်းသော တောတို့သည်။ ကဋ္ဌမယာ၊ ထင်းဖြင့်သာ ပြီးကုန်၏။ သဗ္ဗိတ္ထိယော၊ ခပ်သိမ်းသော မိန်းမတို့သည်။ နိဝါတကေ၊ ဆိတ်ငြိမ်သောအရပ်ကို။ လဘ မာနေ၊ ရသည်ရှိသော်။ ပါပံ၊ မကောင်းမှုကို။ ကရေ၊ ပြုမြဲတည်း။

❖ ❖ ❖





ဘမော်သည် အပျိုကြီးအိမ်မှ ထွက်လာပြီးနောက် စီဘီလိုင်းရှိ ဆရာဖြစ်သူ စိန်ငှက်ရိုးထံ သွားရောက်မည်ဟု ကြံမိသော်လည်း ဆရာစိန်ငှက်ရိုးရော၊ ဆရာကတော်ပါ 'အောင်ဘညို' ဇာတ်နှင့် လိုက်ပါသွားကြသည်မှာ သုံးရက်ခန့်ရှိပြီဖြစ်ကြောင်း သတိရသဖြင့် ဘုရားကြီးဘက်သို့ ခြေဦးလှည့်ခဲ့လေ၏။

ဘုရားကြီးသို့ရောက်လျှင် အတက်အဆင်း လှေကားရင်း၌ ထိုင်ကာ မိမိ၏ရှေ့ရေးကို မျှော်တွေးရင်း တယောထိုး၍နေလေ၏။ အတော်အတန် ညဉ့်နက်သည်အထိ ထိုနေရာ၌ အချိန်ဖြုန်းပြီးလျှင် ထမင်းဆိုင်သို့ ပြန်၍လာကာ တာတီးတို့အား တံခါးဖွင့်ခိုင်းပြီးလျှင် မိမိ၏အဝတ်အစား ထည့်ထားသော လွယ်အိတ်ကိုယူလျက် တာတီး၊ စံအောင်၊ သာလှနှင့် မွန်လေးတို့ကို နှုတ်ဆက်လေ၏။

"ဟ...ဘမော်၊ ညကြီးမင်းကြီး ဘယ်လိုဖြစ်လာတာလဲကွ၊ အပျိုကြီးနဲ့ ဘယ်လိုဖြစ်လာလို့တုန်း" ဟု တာတီးက မေးလေ၏။

"မဟုတ်မှလွဲရော၊ ဝက်သားအိုးနူးရင် ကြက်သွန်ဥထည့်ဖို့ အပျိုကြီးကို သွားအနိုးမှာ လုမြင့်လို မတော်မတရား ကြံမိပြီထင်တယ်" ဟု သာလှက ဝင်၍ပြောပြန်၏။

"အေး...ဟုတ်တယ်၊ ဝက်သားဟင်းအိုး ကိစ္စပဲ၊ ဒါပေမယ့် လုမြင့်လိုတော့ ငါက မတော်မတရားကြံတာ မဟုတ်ဘူး၊ အပျိုကြီးက ငါ့ကို ကြံတာပေါ့" ဟု ဘမော်က ဒေါနှင့်မောနှင့် ပြောလိုက်ရာ တာတီးတို့လူစုက ဝိုင်း၍ ရယ်မောကြပြီးလျှင် စံအောင်ဆိုသူက "ဒီလိုအကျဉ်းချုံးပြီး မပြောပါနဲ့ကွာ၊ ထိုင်စမ်းပါဦး၊ အသေးစိတ် ပြောစမ်းပါ" ဟု ဆိုလေ၏။ ဘမော်က "ငါ မပြောချင်ဘူး ရှက်တယ်" ဟု ဆိုကာ ထွက်၍သွားလေတော့၏။

http://obookshelf.blogspot.com



စံအောင်ကမူ "တောက်...လူချင်း လဲလိုက်ချင်တယ်ကွာ" ဟု ဆိုလိုက်ရာ ကျန်လူများက ဝိုင်းဝန်းရယ်မောကြပြီးလျှင် မွန်လေးက 'ဒီတစ်ခါ ဝက်သားအိုးကတော့ ငါ့အလှည့်ပဲ မှတ်တယ်' ဟု ဆိုလိုက်ပြန်ရာ ဝေါကနဲ ပွဲကျ၍ သွားကြပြန်လေ၏။

ဘမော်မှာမူ လွယ်အိတ်ကို လွယ်လျက် တယောပြားလေးကို ကိုင်ကာ ဘူတာရုံသို့ ဦးတည်၍ လျှောက်လာခဲ့လေတော့၏။

ဘူတာရုံသို့ရောက်လျှင် ရန်ကုန်သို့ လိုက်ပါရန်အတွက် လက်မှတ်ကို ဝယ်ယူလေ၏။ ရထားမှာ နံနက်လေးနာရီကျော်မှ ထွက်မည်ဖြစ်ကြောင်း သိရသဖြင့် စင်္ကြံလမ်းမှ တိုင်တစ်တိုင်ကို မှီကာ တယောထိုး၍ နေသေး၏။ နောက်ဆုံး၌ မျက်လုံးများသည် အိပ်ချင်လွန်း၍ ကျိန်းစပ်လာပြီ ဖြစ်သဖြင့် တိုင်ကိုမှီကာ အိပ်ချလိုက်လေတော့၏။

ယသမိံပဒေသေ၊ အကြင်အရပ်၌။ နမာနော၊ မြတ်နိုးခြင်းလည်း မရှိ။ နပေမံ၊ ချစ်ခြင်းလည်း မရှိ။ နစဗန္ဓဝါ၊ အဆွေခင်ပွန်းလည်း မရှိ။ ကောစိ၊ တစ်စုံတစ်ယောက်သော။ နစ ဝိဇ္ဇာဂါဟော၊ အတတ်ပညာ သင်စိမ့်သောသူလည်း မရှိ။ တတြပဒေသေ၊ ထိုအရပ်၌။ ဒိဝသံ၊ တစ်နေ့တစ်ရက်မျှ။ နဝသေ၊ မနေအပ်ရာ။

❖ ❖ ❖





## လူ့ဘောင်ခုက္ခ တွင်းဆုံးကျအောင်

"ဟော့ကောင် ထစမ်း" ဟူသော အသံနက်နှင့်အတူ တစ်စုံတစ်ယောက်က ခြေထောက်ဖြင့် ကန်လိုက်သဖြင့် ဘမော်လည်း အိပ်ချင်မူးတူးဖြင့် မျက်စိကို ဖွင့်၍ကြည့်ရာ ပုလိပ်နှစ်ယောက်၊ ကုလားရာဇဝတ်အုပ် တစ်ယောက်ကိုသာ မကပဲ အပျိုကြီး ဒေါ်သိန်းယဉ်ကိုပါ တွေ့ရလေ၏။

"သူပါပဲရှင်" ဟု အပျိုကြီးက ဘမော်ကို ညွှန်ပြလေ၏။

"ဟော့ကောင် အမျိုးယုတ်၊ ဂါတ်ကို လိုက်ခဲ့စမ်း" ဟု ဆိုကာ ပုလိပ်နှစ်ယောက်က ဘမော်၏လက်များကို ဆွဲ၍ ဘမော်အား မတ်တတ်ရပ်စေပြီးလျှင် လက်ထိပ် ခတ်လိုက်လေတော့၏။ လက်ထိပ်ခတ်ပြီးနောက် ကုလားရာဇဝတ်အုပ်က...

"ရှေ့ကသွား၊ ခွေးမသား အမျိုးယုတ် မုဒိမ်းကောင်" ဟု ဆဲဆိုလိုက်မှပင် ဘမော်လည်း ရိပ်မိလေ၏။ အပျိုကြီးသည် မိမိအား ချောက်တွန်းပေပြီဟု နားလည်လိုက်လေ၏။

ဂါတ်သို့ရောက်လျှင် အပျိုကြီးက ရာဇဝတ်အုပ်၏ ခြေ

http://obookshelf.blogspot.com



ထောက်ကို ဖက်၍ငိုပြီးလျှင်...

"ရာဇဝတ်အုပ်မင်းရယ်၊ ကျွန်မတို့ မိန်းမဆိုတာ အသက်နဲ့ လူလုပ်တာ မဟုတ်ပါဘူး၊ အရှက်နဲ့ လူလုပ်တာပါ၊ ကျွန်မက ဒီကောင့်ကို ဝက်သားအိုး ကြည့်နိုင်းပြီး အိမ်ပေါ်ထပ်မှာ အိပ်ပျော်နေမိပါတယ်၊ အဲဒီအခါမှာ ဟီး...ဟီး...ဒီကောင် ဘယ်အချိန်က ရောက်လာတယ် မသိဘူး၊ ကျွန်မကို ဗလက္ကာရ ပြုတော့တာပါပဲရှင်၊ ဒီကောင် ထောင်ကျမှ ကျွန်မ ကျေနပ်နိုင်မယ်" ဟု ပြောလေ၏။

ကုလားရာဇဝတ်အုပ်က ဘမော်၏ပါးကို တအားလွဲ၍ ရိုက်လေတော့၏။ ဘမော် ပါးစပ်အတွင်းမှ သွေးများ ယိုစီးကျလာလေသည်။

"သူပြောတာကို မယုံပါနဲ့ခင်ဗျာ" ဟု ဘမော်က ပြောလိုက်ရာ အခြားသော ပုလိပ်များကပါ ဝင်ရောက် ထိုးကြိတ်ကန်ကြောက်ကြလေတော့၏။ ကျေနပ်လောက်အောင် ရိုက်နှက်ပြီးနောက် အချုပ်ခန်းအတွင်းသို့ သွင်းလိုက်လေ၏။

"ဟား...ဟား...မုဒိမ်းမကျင့်ရဘဲ မုဒိမ်းမှုနဲ့ ဝင်လာတဲ့ကောင်ကိုး" ဟု အချုပ်ခန်းအတွင်းမှ အချုပ်သားတစ်ယောက်က ပြောလိုက်သဖြင့် ဘမော်က ထိုအချုပ်သားကို မော့၍ကြည့်လေ၏။

ထိုအချုပ်သားကလည်း ဘမော်ကို သေသေချာချာကြည့်လေ၏။ ဘမော်လည်း ထိုအချုပ်သားကို မြင်ဖူးသလိုလိုရှိသည်နှင့် သေချာစွာ ပြန်၍ကြည့်လေ၏။ ထိုသို့ကြည့်နေစဉ် အချုပ်သားကြီးက ဘမော်ကို ပြုံး၍ပြလိုက်လေ၏။ ဘမော်သည် ထိုအချုပ်သားကြီးကို ကောင်းစွာ မှတ်မိပေပြီ။ ထိုအချုပ်သားကြီး



obookshelf
blogspot.com



ကား ဘမော် ငယ်စဉ်က လူသတ်မှုဖြင့် အချုပ်သို့ရောက်စဉ်က တွေ့ခဲ့ရသော အချုပ်သားကြီး ဖြစ်ပေသည်။

"ဦးလေး ကျွန်တော့်ကို မှတ်မိပြီလား" ဟု ဘမော်က ပြောလိုက်လေ၏။

"ဟင့်အင်း မမှတ်မိဘူးကွ၊ မင်းက ဘယ်သူလဲ"

"ကျွန်တော် ငယ်ငယ်တုန်းက လူသတ်မှုဖြစ်လို့ အချုပ်ထဲရောက်တော့ ဦးလေးနဲ့ တွေ့တယ်လေ"

"အိုး...ဟိုး သိပြီ သိပြီ၊ ပုဂံမှာ ကလေးချင်း ဓားမနဲ့ ခုတ်သတ်ခဲ့တဲ့ အမှုလေ၊ ဘယ်သူတဲ့ မင်းနာမည်"

"ဘမော်လို့ ခေါ်ပါတယ်"

"အေး...မှတ်မိပြီ၊ မှတ်မိပြီ၊ ပုဂံသား မောင်ဘမော်ကိုး၊ နေစမ်းပါဦးကွ၊ ကလေးထောင်မှာ ဘယ်နှစ်နှစ် ခံရသလဲ"

"ခုနစ်နှစ်ပါခင်ဗျ၊ ထောင်က လွတ်လာတာ တစ်နှစ်တောင်မှ မပြည့်သေးဘူး"

"ဟီ...ဟီ...ထောင်ထဲကို တစ်ခေါက် ပြန်ရဦးတော့မှာပေါ့၊ ကောင်းတယ် ကောင်းတယ်"

"ထောင်ထဲကို ပြန်ရမှာ ဘယ့်နှယ့် ကောင်းမှာလဲဗျာ"

"ဒါမှ အသက်တစ်ရာ မနေရ၊ အမှုတစ်ရာတွေ့ရ ဆိုတဲ့ စကားပုံနဲ့ ညီတော့မှာပေါ့ကွာ၊ ဟဲ...ဟဲ၊ အခု ရောက်လာတာ မုဒိမ်းမှုဆို"

"ဟုတ်ပါတယ် စောစောက ဦးလေးပြောသလိုပါပဲ၊ ကျွန်တော် ဘာမှမလုပ်ရဘဲနဲ့ ကျွန်တော့်ကို ထမင်းဆိုင်ရှင်မိန်းမကြီးက မုဒိမ်းမှုနဲ့ စွဲတာပါခင်ဗျာ၊ ဦးလေးက ဘယ်လိုလုပ်ပြီး သိနေတာလဲ"

http://obookshelf.blogspot.com



"မင်းကို မုဒိမ်းကောင်ဆိုပြီး ကုလားရာဇဝတ်အုပ်က ရိုက်နေတာကို ငါက ကြားနေရတယ်ကွ"

"ဒါကိုပြောတာ မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်ဟာ တကယ် မကျူးလွန်ခဲ့ဘဲနဲ့ ရောက်လာတယ်လို့ ဦးလေးက ပြောတယ် မဟုတ်လား"

"ဒါက ဒီလိုကွ၊ ဟောဒီ နယ်ချဲ့သမား အင်္ဂလိပ်အစိုးရရဲ့ အုပ်ချုပ်မှုလက်အောက်မှာ အချုပ်ခန်းထဲ ရောက်လာတဲ့သူ တော်တော်များများဟာ မခိုးဘဲ သူခိုးဆိုပြီး ဖမ်းလာတဲ့ကောင်၊ စားပြမတိုက်ရဘဲ စားပြမှုနဲ့ မသင်္ကာလို့ ခေါ်လာတဲ့ကောင်တွေက များတယ်ကွ၊ ဒါကြောင့် မင်းဟာလဲ မုဒိမ်းမကျင့်ရဘဲ မုဒိမ်းမှုနဲ့ ရောက်လာတဲ့ကောင်ဆိုတာ ငါ ရိပ်မိပါတယ်ကွာ၊ ပြီးတော့ မင်းကို မြင်ကတည်းက မင်းဟာ ဒီလိုအမှုမျိုးကို ကျူးလွန်မယ့်ကောင်မျိုး မဟုတ်ဘူးဆိုတာ ငါ့ရဲ့ပညာအရ သိပါတယ်ကွ"

"ဟုတ်ပါတယ်ခင်ဗျာ" ဟု အစချီကာ ဘမော်သည် ထိုအချုပ်သားကြီးအား မိမိ၏အဖြစ်အပျက် အလုံးစုံကို သေချာစွာ ပြောပြခဲ့လေ၏။ အချုပ်သားကြီးလည်း ဘမော် ပြောပြသည်ကို စိတ်ဝင်စားစွာ နားထောင်ပြီးနောက်...

"စိတ်က ဘယ်ခါ၊ မချရာတည့်၊ သဘာဝဆိုး၊ မိန်းမမျိုးတို့၊ အရိုးနည်းပါး၊ အကောက်များလို့ အဆိုရှိတယ်ကွ၊ မိန်းမဆိုတာ အဖြောင့်နည်းတယ်၊ အကောက်က များတယ်ကွ၊ မိန်းမတွေနဲ့ မလွှဲမရှောင်သာလို့ ဆက်ဆံရတဲ့အခါမှာ သတိကြီးဖို့လိုတယ်" ဟု ပြောလေ၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ ဆိုင်ရှင်အပျိုကြီးကဖြင့် ကျုပ်အပေါ်မှာ တကယ် ယုတ်မာလိုက်တာပါပဲ" ဟု ဘမော်က ပြော





လိုက်လေ၏။

"လူ့ဘောင်ဒုက္ခ၊ တွင်းဆုံးကျအောင်၊ မှောက်မှားအတူ၊ မိန်းမဟူသည်၊ သွေးမြူဆောင်ပတ်၊ လှည့်ဖြားတတ်၏လို့လဲ ဆိုထားတယ်၊ လူ့လောကမှာ ဒုက္ခအရောက်ဆုံးနေရာ ရောက်အောင် လှည့်ဖြားသွေးဆောင်တဲ့နေရာမှာလဲ သူတို့ပဲကွ"

"ဟုတ်ပါတယ်ဗျာ၊ ထမင်းဆိုင်က အပျိုကြီးကဖြင့် ကျုပ်ကို ဟောဒီဒုက္ခတွေ ရောက်အောင် လုပ်လိုက်တော့တာပါပဲ ဦးလေးရယ်" ဟု ဘမော်က ပြောလေ၏။ ထိုအခါ အချုပ်သားကြီးက...

"မဟုတ်သေးဘူးကွ၊ မင်းရဲ့ ထမင်းဆိုင်ရှင် အပျိုကြီးတစ်ယောက်တည်းကိုသာ ဒီလိုအကျင့်မျိုး ရှိတယ်လို့ မထင်နဲ့ကွ၊ ပေါ်ဆမ်းပျားရည်၊ ယိုစိမ့်သည်ဟု၊ ထွေလည်ထိုထို၊ တောင်ကြီးမျိုး၍၊ ရွတ်ဆိုနှုတ်က၊ ကျိန်သမျှလည်း၊ မိန်းမသစ္စာ၊ မုသားသာတည်းလို့ မဃဒေဝမှာ ဆိုထားတယ်ကွ၊ မိန်းမဆိုရင် ဘယ်မိန်းမပဲဖြစ်ဖြစ် မယုံလေနဲ့ မောင်၊ ယုံမိရင်တော့ ဒုက္ခ တွေ့ပြီးသားပဲ" ဟု ဆိုလေ၏။

ဤသို့လျှင် ဘမော်သည် အချုပ်ခန်းအတွင်း၌ အချုပ်သားကြီးနှင့် အတူနေခဲ့ကြပြီးနောက် ရုံးတင်၍ တရားစွဲဆိုခြင်း ခံရလေတော့၏။ အပျိုကြီးဘက်မှ ကုလားရှေ့နေကြီးတစ်ဦးက ဘမော်၏ နောက်ကြောင်းရာဇဝင်များကို ရှာဖွေ၍ တရားသူကြီးအား တင်ပြလေ၏။ ထိုသို့တင်ပြပြီးလျှင် ဘမော်သည် ငယ်စဉ်ကလေးဘဝကပင် လူသတ်မှုဖြင့် ကလေးထောင်သို့ကျခဲ့ကြောင်း၊ ထောင်မှ လွတ်လာသည်မှာပင် တစ်နှစ်ပင် မပြည့်သေးကြောင်းစသည့် ရာဇဝင်ကြောင်းကိုင်လျက် ထောင်မကျကျအောင် ပြော



obookshelf.blogspot.com

http://obookshelf.blogspot.com



ဆို လျှောက်ထားလေတော့၏။

ဆရာဝန်ကလည်း ထိုနေ့က ဘမော်ဝတ်ဆင်သော လုံချည်၊ အင်္ကျီကြီး ဝတ်ဆင်သော ထဘီတို့ကို ယူ၍ စစ်ဆေးခြင်းပြုခဲ့သော်လည်း မသင်္ကာဖွယ်ရာ အချက်အလက်များ မတွေ့ရှိရကြောင်း ထောက်ခံသဖြင့် ဘမော်သည် ထိုအမှုမှ ကွင်းလုံးကျွတ်လွတ်မြောက်ခဲ့လေ၏။

သတင်းစာ တစ်စောင်ကမူ အမှုဆိုင်နေစဉ်အတွင်း၌ ဘမော်၏ဓာတ်ပုံကို ရိုက်၍ ယူသွားပြီးနောက် ထိုအမှုကို သတင်းအဖြစ် ဖော်ပြခဲ့လေ၏။

ဘမော်လည်း အချုပ်မှ လွတ်လျှင်လွတ်ချင်း မန္တလေးမြို့ကို စွန့်ခွာလေတော့၏။ ရန်ကုန်ရှိ ထမင်းဆိုင်တစ်ဆိုင်၌ အလုပ်လုပ်မည်ဟု ဆုံးဖြတ်ကာ ရန်ကုန်သို့ ဆင်းခဲ့လေတော့၏။

ထိုသို့ဆင်းခဲ့ပြီးနောက် အလုပ်ကို မနေမနား ရှာဖွေခဲ့ရာ တရုတ်ခေါက်ဆွဲကြော်ဆိုင်ကြီးတစ်ဆိုင်၌ စားပွဲထိုးအလုပ်ကို ရခဲ့လေတော့၏။ စားပွဲထိုးအဖြစ်နှင့် နေထိုင်ခဲ့စဉ်အတွင်း ထိုခေါက်ဆွဲဆိုင်သို့ လာရောက် စားသောက်ကြသည့်လူများ အထဲတွင် ဂီတနှင့်ပတ်သက်သော လူများလည်း ပါရှိပေရာ ထိုသူများအား ဘမော်က ချော့မော့ပေါင်းသင်း၍ အားလပ်သော အချိန်များ၌ ထိုသူများထံသို့သွားရောက်ကာ ပညာရပ်များကို ဆည်းပူးလေတော့၏။

❖ ❖ ❖





## သေမင်းဆိုတာ ဘာလူမျိုးလဲ

ဘမော်သည် ရန်ကုန်သို့ရောက်ရှိပြီး ငါးလခန့် ကာလအတွင်း၌ပင် တရုတ်ခေါက်ဆွဲဆိုင်ကြီးသုံးဆိုင်၌ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရလေ၏။ ဘမော်သည် စားပွဲထိုးအလုပ်ကို လုပ်ရာ၌ လွန်စွာ သွက်လက်ဖျတ်လတ်ပေသည်။ သို့ရာတွင် ဆိုင်ရှင်များအနေနှင့် ခွင့်မလွှတ်နိုင်သော အမှားတစ်ခုကို မကြာခဏ ကျူးလွန်မိတတ်ပေသည်။ ထိုအမှားကား လာရောက်စားသောက်သူများ စားသောက်ပြီးစီးကြသောအခါတွင် ကျသင့်ငွေကို တွက်ချက်ရာ၌ အမြဲလိုလိုပင် အမှားမှားအယွင်းယွင်း တွက်ချက်မိတတ်ခြင်းပင် ဖြစ်၏။

တတိယမြောက် ဝင်ရောက်လုပ်ကိုင်ရသောဆိုင်မှာ (၂၂) လမ်းရှိ ကျင်ဟုတ်ဆိုသည့် တရုတ်အမျိုးသားတစ်ဦး ပိုင်သော ယုန်နှစ်ကောင် ခေါက်ဆွဲဆိုင် ဖြစ်လေသည်။ ယုန်နှစ်ကောင် ခေါက်ဆွဲဆိုင်ဟုသာ ဆိုသော်လည်း အရက်ကို အဓိက ရောင်းချသည့် အရက်ဆိုင်ကြီးတစ်ဆိုင်သာ ဖြစ်လေသည်။

http://obookshelf.blogspot.com



တစ်နေ့သ၌ လူရှင်းနေစဉ်အတွင်း လူကြီးတစ်ယောက် ဝင်လာပြီးလျှင် ဆိုင်အတွင်းရှိ သီးသန့်ပြုလုပ်ထားသော အခန်းတွင်းသို့ဝင်ကာ ထိုင်လျက် ဝက်အူချောင်းကြော်တစ်ပွဲနှင့် အရက်များကို မှာယူကာ စားသောက်နေလေ၏။ ထိုလူကြီး စားသောက်နေစဉ်အတွင်း အခြားလူကြီးတစ်ယောက် ရောက်ရှိလာကာ...

"ရောက်နေတာ ကြာပြီလား၊ ပစ္စည်းရော ပါခဲ့ရဲ့လား" ဟု မေးလေ၏။

ဘမော်လည်း ထိုအခန်းတွင်းသို့ ဝင်ပြီးလျှင် 'ဘာစားမလဲ ဆရာ' ဟု နောက်မှရောက်လာသော လူကြီးအား မေးလိုက်လေ၏။ ဤသို့မေးပြီးနောက် ဘမော်လည်း အုံအားသင့်၍ သွားလေ၏။

အဘယ်ကြောင့်ဆိုသော် နောက်မှရောက်လာသော လူကြီးကား မိမိနှင့် အချုပ်ခန်းအတွင်း၌ အတူတကွ နေခဲ့သော အချုပ်သားကြီး ဖြစ်သောကြောင့်တည်း။

ထိုလူကြီးက ဘမော်အား မျက်စိမှိတ်၍ ပြလေ၏၊ အစီပွါယ်မှာ မသိချင်ဟန်ဆောင်၍ နေရန်အတွက် ဖြစ်၏။ ဘမော်ကလည်း ထိုလူကြီးဆိုလိုသော အစီပွါယ်ကို နားလည်လိုက်ပေသည်။ ထို့ကြောင့် မသိချင်ဟန်ပြု၍ နေရလေသည်၊

အချုပ်သားကြီးက အရက်မသောက်လိုကြောင်း၊ ဘီလပ်ရည်တစ်လုံးသာ ရေခဲနှင့်တကွ ယူခဲ့ရန်လိုကြောင်း မှာကြားသဖြင့် ဘမော်လည်း ဘီလပ်ရည်နှင့် ရေခဲများကို သွားရောက်၍ ယူငင်ကာ ပြန်၍လာလျှင် အခန်းအတွင်း၌ ပထမ ရောက်ရှိနေသော လူကြီးကို မတွေ့ရတော့ဘဲ အချုပ်သားကြီးတစ်ယောက်တည်းကိုသာ တွေ့ရလေသည်။





"ဟေ့...ချာတိတ်၊ မင်း ဒီဆိုင်မှာ ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး၊ သုံးလလောက်ပဲ ရှိသေးတာ"

"မင်းကို လခ ဘယ်လောက်ပေးသလဲ"

"ခြောက်ကျပ် ပေးပါတယ်ခင်ဗျ"

"ငါက ခြောက်ဆယ် ပေးမယ်ကွာ၊ ငါနဲ့ အလုပ်လုပ်မလား"

"ဦးလေးက ဘယ်လိုအလုပ်မျိုး လုပ်ရမှာလဲ"

"မဟုတ်တာ လုပ်ရမှာ မဟုတ်ပါဘူး၊ မဟုတ်တာဆိုတာ အကုသိုလ် ဖြစ်မယ့်ဟာမျိုး မလုပ်ရဘူးလို့ ပြောတာ၊ အကုသိုလ်ဆိုတာ သိတယ်မဟုတ်လား"

"သိပါတယ်ခင်ဗျ၊ ငါးပါးသီလပျက်တဲ့ အလုပ်ကို ပြောတာ မဟုတ် ဘား"

"အေး...ခပ်လွယ်လွယ် ပြောရရင်တော့ ဟုတ်တယ်"

"အကုသိုလ်အလုပ်မျိုး မဟုတ်ဘူးဆိုရင် လုပ်ပါ့မယ် ဦးလေး"

"ကဲ...ဒီလိုဆိုရင် မင်းရဲ့ဆိုင်ရှင်ကို ပြောလိုက်တော့၊ သန်ဘက်ခါကို အလုပ်ထွက်မယ်လို့၊ သန်ဘက်ခါ ဆယ်နာရီတိတိမှာ ငါ လာပြီးခေါ်မယ်"

"ဟုတ်ကဲ့ခင်ဗျ"

"ရော့" ဟု ဆိုကာ အချုပ်သားကြီးက ငွေများ ထုတ်၍ ပေးလေ၏။ ဘမော်သည်လည်း အစီပွါယ် နားမလည်သဖြင့် လူကြီးကိုတစ်လှည့်၊ လူကြီးလက်တွင်းမှ ငွေစက္ကူများကိုတစ်လှည့် ကြည့်၍နေလေ၏။



obookshelf blogspot.com

http://obookshelf.blogspot.com



"ဘာအတွက်လဲ ဦးလေး၊ ဦးလေးတို့စားတဲ့ ဝက်အူချောင်းကြော်နဲ့ ဘိလပ်ရည်ရယ် အရက်ရယ်က ငါးကျပ်ပဲ ကျပါတယ်"

"မဟုတ်ဘူးကွ၊ ငါနဲ့ အလုပ်လုပ်မယ်ဆိုတော့ တစ်လစာ ကြိုတင်လစာ ပေးထားတာ၊ ငါတို့စားသောက်တဲ့ ငါးကျပ်က ဒီမှာ" ဟု ဆိုကာ လူကြီးက ငါးကျပ်တန်တစ်ရွက်ကို ထုတ်၍ပေးလေ၏။

ဘမော်လည်း မိမိအနေနှင့် တစ်ကြိမ်တစ်ခါမျှ ပိုင်ဆိုင်ခဲ့ဖူးခြင်း မရှိသော ငွေခြောက်ဆယ်ကို ဝမ်းသာ၍ တုန်ယင်သော လက်များဖြင့် ယူငင်လိုက်လေ၏။

လူကြီးလည်း ဘမော်အား ငွေများပေးပြီးလျှင် နှုတ်ဆက်ကာ ထွက်သွားလေတော့၏။ လူကြီးထွက်သွားသည်နှင့် တစ်ပြိုင်နက် ဘမော်သည် ဆိုင်ရှင်ထံသို့ သွားရောက်၍ အကျိုးအကြောင်း ပြောပြပြီးလျှင် ငွေခြောက်ဆယ်ကိုပါ အပ်နှံ၍ ထားလိုက်လေ၏။

ထိုနေ့မှစ၍ ဘမော်လည်း နောက်သုံးရက်တွင် လူကြီးနှင့်အတူ လိုက်ပါ၍ လုပ်ကိုင်ရမည့်အရေးကို တွေးတော၍ ကြည့်မိလေ၏။ ထိုလူကြီးကား အချုပ်ခန်းတွင် ဆုံဆည်းခဲ့ဖူးသောလူကြီးဖြစ်၏။ ထိုလူကြီးနှင့် အတူတကွ လုပ်ကိုင်ရမည့်အလုပ်ဆိုသည်မှာ မည်သို့သောအလုပ်မျိုး ဖြစ်ပေမည်နည်း။ သူခိုးဓားပြအလုပ်မျိုးတော့ မဖြစ်တန်ရာ၊ အဘယ်ကြောင့်ဆိုသော် လူကြီး၏စကား၌ အကုသိုလ်ဖြစ်စေမည့် အလုပ်မျိုး မဟုတ်ကြောင်း ပါရှိပေသည် မဟုတ်လော။

ဘမော်သည် အထက်ပါအတိုင်း တွေးတောစဉ်းစားခဲ့လေ၏။ သို့ရာတွင် အဖြေကို မရသဖြင့် 'နောက်တော့ သိရမှာ





နေပါ့' ဟု မိမိစိတ်ကို ဖြေသိမ့်ကာ ထိုအကြောင်းနှင့် ပတ်သက်ပြီး တွေးတောစဉ်းစားခြင်း မပြုတော့ပေ။

ချိန်းဆိုထားသောရက်၌ နံနက်(၁၀)နာရီတိတိတွင် ထိုလူကြီးသည် လွယ်အိတ်ကြီးတစ်လုံးကို လွယ်လျက် ဘမော်ထံသို့ ရောက်ရှိလေ၏။

"ဟေ့...မောင်ဘမော်၊ မင်းပစ္စည်းတွေ ယူပေတော့၊ သွားကြရအောင်" ဟု လူကြီးက အောင်မြင်ပြတ်သားသော အသံဖြင့် ပြောဆိုလိုက်လေ၏။ ဘမော်လည်း မိမိ၏လွယ်အိတ်ကို ယူလျက် လုပ်ဖော်ကိုင်ဖက်ဖြစ်သော အလုပ်သမားများကို နှုတ်ဆက်ပြီးလျှင် ဆိုင်ရှင်ထံ၌ အပ်နှံထားသော ငွေခြောက်ဆယ်ကို ထုတ်ယူလေ၏။

ဆိုင်ရှင်လည်း ဘမော်အား ငွေခြောက်ဆယ်ကို ထုတ်ပေးပြီးနောက် လူကြီးအား...

"ဆရာကြီး၊ ဒီကောင်လေးကို ဘယ်ခေါ်သွားမှာလဲ" ဟု လှမ်းမေးလေ၏။

"သေမင်းဆီကို ခေါ်သွားမှာ"

"ဟိုမှာ အရောင်းအဝယ် ကောင်းသလား"

သေမင်းဆိုသည်မှာ ဆိုင်ရှင်တရုတ်က လူနာမည်(သို့မဟုတ်)ခေါက်ဆွဲဆိုင်နာမည် ထင်မှတ်သောကြောင့် 'ဟိုမှာ အရောင်း အဝယ် ကောင်းသလား' ဟု ပြန်မေးလိုက်ခြင်း ဖြစ်၏။

"အေး...ကောင်းတယ်၊ မင်းကော လိုက်ချင်သလား"

"ဝ မိလိုက်ချင်ပါဘူး၊ မေးကြည့်တာပါ"

"ဟိုမှာ ခေါက်ဆွဲစားတဲ့လူ များသလား"

"ဘယ်မှာလဲ"

http://obookshelf.blogspot.com



"ဆရာကြီးပြောတဲ့ သေမင်းဆီမှာလေ"

"ခေါက်ဆွဲစားတဲ့လူ၊ အရက်သောက်တဲ့လူ၊ ကားမောင်းတဲ့လူ၊ သူတောင်းစား၊ သူဌေး၊ ဓားမြ၊ သူခိုး၊ ပုလိပ်၊ ယောက်ျား၊ မိန်းမ၊ ကလေး၊ မယ်သီလရှင်၊ ဘုန်းကြီး၊ ရသေ့၊ ဆိုက်ကားသမား၊ လူလိမ်၊ လူညစ်၊ စာရေးဆရာ၊ မြင်း၊ ကြောင်၊ ခွေး၊ အိုဗျာ...စုံနေတာပဲ၊ သေမင်းဆီမှာက အစုံရှိတယ်ဗျ"

"ဆရာကြီး ပြောသလိုဆိုရင် သေမင်း ထောင်ကဲဖြစ်နေပြီပေါ့၊ သေမင်းက ဘာလူမျိုးလဲ"

"ဟေ...သေမင်း ဘာလူမျိုးလဲ ဟုတ်လား၊ ဘုရားစူးရစေ့ရဲ့၊ ဒါတော့ ငါလဲ မသိဘူးကွ၊ ကပ်သီးကပ်သပ်ကွာ၊ မင်းနဲ့ကျမှပဲ သေမင်း ဘာလူမျိုးလဲလို့ အမေးခံရတော့တယ်၊ ငါ့ကိုယ်ငါတော့ တော်တော် ဗဟုသုတရှိတယ် အောက်မေ့ထားတာ၊ ဒီတစ်ခါတော့ ခံရတော့တာပဲကွာ၊ ဟဲဟဲ...သေမင်းနဲ့ တွေ့တော့မှပဲ မေးကြည့်ရဦးမယ်ဟေ့၊ မောင်ဘမော်ရေ၊ လာဟေ့၊ သွားကြရအောင်" ဟု ပြောကာ ဘမော်၏လက်ကို ဆွဲလျက် ဆိုင်တွင်းမှ ထွက်လာခဲ့လေတော့၏။

လူကြီးသည် ဆိုင်မှထွက်ခဲ့ပြီးနောက် လမ်းပေါ်သို့ရောက်သည့် အချိန်အထိ ခေါင်းတဆတ်ဆတ် ငြိမ့်ကာ...

"သေမင်းဆိုတာ ဘာလူမျိုးလဲတဲ့၊ သဘောကျသကွာ၊ ဟား...ဟား...ဟား၊ ဟေ့ မောင်ဘမော်၊ မင်းကော မသိချင်ဘူးလား"

"ဘာလူမျိုးလဲ ဆိုတာတော့ မသိချင်ပါဘူး ဦးလေးရာ၊ သူ့ဟာသူ ဘာလူမျိုးပဲဖြစ်ဖြစ်ပေါ့"

"ဟား...ဟား၊ အေးကွ၊ မင်းပြောတာလဲ ဟုတ်တယ်၊






သေမင်းဆိုတာ အရောဝင်လို့ ကောင်းတာမဟုတ်ဘူးကွ" ဟု ဆိုပြီးနောက် ဆိုက်ကားတစ်စီးအား ခေါ်ယူကာ ရန်ကုန်ဘူတာကြီးဆီသို့ ပို့ခိုင်းလေတော့သည်။

လမ်း၌ ဘမော်သည် လူကြီးအား 'ကျွန်တော်တို့ ဘယ်ကို သွားကြမှာလဲ ဦးလေး' ဟု မေးကြည့်ရာ လူကြီးက 'သေမင်းဆီကို လေကွာ၊ ဟား...ဟား...ဟား' ဟု ပြောလိုက်ပြီး သူ၏ ခြောက်ကပ်ကပ် နိုင်လှသော အသံကြီးဖြင့် ကျယ်လောင်စွာ ရယ်မောလေတော့သည်။

လောကေ၊ လောက၌။ စလပ္ပမာဏံ၊ ရေတိမ်ရေနက်ကိုကား။ ကုမုဒမာလံ၊ ကုမုဒြာကြာကို မြင်သဖြင့် သိအပ်၏။ ပထဝီယာပမာဏံ၊ မြေကောင်းမကောင်းကိုကား။ တိဏဓမီလာတံ၊ မြက်ညှိုးမညှိုးကို မြင်သဖြင့် သိအပ်၏။ ကုလပ္ပမာဏံ၊ အမျိုးယုတ်မြတ်ကိုကား။ ဝိနယောပမာဏံ၊ ကိုယ်အမူအရာ နှုတ်အမူအရာဖြင့် သိအပ်၏။ ဗျတ္တိပ္ပမာဏံ၊ ပညာရှိမရှိကိုကား။ ကထိတဝါကျံ၊ ဆိုသောစကား ဖြင့် သိအပ်၏။

❖ ❖ ❖

http://obookshelf.blogspot.com





## အရေးကြီးတာက တစ်မျိုး

ဘမော်နှင့် လူကြီးတို့သည် တစ်နာရီခန့် နားနေကြပြီး နောက် ရန်ကုန်မှ ပြည်သို့ ခုတ်မောင်းသော အဆန်လော်ကယ် ရထားပေါ်၌ စီးနင်းလိုက်ပါလာခဲ့ကြလေသည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခြောက်နှစ်လောက်တော့ ရှိလိမ့်မယ် ထင်တယ် ဦးလေး"

"မင်းအသက်ကိုတောင် မင်း သေသေချာချာ မသိဘူး လား"

"ဟုတ်တယ် ဦးလေး၊ ကျုပ်မိဘတွေက ကျုပ်ငယ်ငယ်က တည်းက ဆုံးသွားတယ်၊ ဒါကြောင့် ကျုပ်အသက်ကို သေသေချာ ချာ မသိတာပါ"

ဘမော်၏စကားကြောင့် လူကြီးမှာ စိတ်မကောင်း ဖြစ် သွားရလေသည်။

"ငါလဲ မင်းလိုပါပဲကွာ၊ ငါ့အသက်ကိုတောင် ငါ သေ

http://obookshelf.blogspot.com



သေချာချာ မပြောနိုင်ပါဘူး၊ အင်းလေ ဒါပေမယ့် ဒါတွေက အရေးမကြီးပါဘူး၊ လောကကြီးမှာ အရေးကြီးတာက တစ်မျိုးပေါ့ကွာ"

"အရေးကြီးတာက ဘာလဲ ဦးလေး"

ဘမော်၏စကားကြောင့် လူကြီးမှာ ဟက်ဟက်ပက်ပက် ရယ်မောပြီးလျှင်...

"ဒီမေးခွန်းကို ဒီလိုဖြေလို့ မရဘူးကွ၊ ပြောဖို့ သိပ်ခက်တယ်၊ အင်း...ဒါပေမယ့် နောက်တော့ မင်းဘာသာမင်း သိလာလိမ့်မယ်"

လူကြီး၏ ဇေ့လည်ကြောင်ပတ် နိုင်လှသော စကားကြောင့် ဘမော်မှာ မည်သည့်စကားကိုမျှ မပြောတော့ဘဲ မျက်လုံးများကို မှိတ်လျက် လိုက်ပါလာလေတော့သည်။

"ဟော့ ဘမော် ထ...ထ၊ ထမင်းစားကြရအောင်" ဟူသော လူကြီး၏ နှိုးသံကြားမှ ဘမော်လည်း အိပ်ပျော်နေရာမှ လန့်၍ နိုးလာလေတော့သည်။

"ဒါ ဘာဘူတာလဲ ဦးလေး"

"လက်ပံတန်းဘူတာလေကွာ၊ ဒီဘူတာက ထမင်း သိပ်ကောင်းတယ်"

လူကြီးသည် ဘမော်အား ငွေတစ်ကျပ် ထုတ်ပေးပြီးလျှင် ထမင်းထုပ်ဝယ်ရန် ခိုင်းလိုက်လေသည်။ ဘမော်တစ်ယောက် ထမင်းထုပ် ဝယ်ယူပြီး ပြန်လာသောအခါ သူတို့ထိုင်သည့်ခုံ၏ ရှေ့ဘက်ခုံတွင် ရန်ကုန်မှ စီးလာခဲ့ကြသော အဘွားကြီးနှစ်ယောက် မရှိတော့ပဲ အသက်အစိတ်ပတ်ဝန်းကျင်ခန့်မျှသာ ရှိကြသော လူရွယ်လင်မယားနှစ်ယောက်ကို တွေ့ရလေသည်။ လူရွယ်





လင်မယားနှစ်ယောက်၏ ဝတ်စားထားပုံနှင့် ရုပ်ရည်ရူပကာ သန့်ပြန့်ပုံများကို ကြည့်ပြီး ဘမော်၏စိတ်ထဲတွင် ကြည်နူးသလိုလို အားကျသလိုလို ဖြစ်မိလေတော့သည်။ ယောကျ်ားဖြစ်သူမှာ အယ်လ်ပတ်ကား တိုက်ပုံအနက်နှင့် ရေနံရောင် ဘန်ကောက်ကို ဝတ်ဆင်ထားပြီး မိန်းမဖြစ်သူမှာ ဘိလပ်ရှာစကောင် နုံ့သာရောင်နှင့် တူတာယ်ထမီတို့ကို ဝတ်ဆင်ထားလေသည်။ သူတို့နှစ်ယောက်သည် ထိုင်နေသောနေရာကို အနည်းငယ် ချဲ၍ထိုင်နေကြပြီး အလယ်၌ ခါတ်ဘူးတစ်လုံးနှင့် ပန်းကန်ပြားနှစ်ချပ်ကို ချထားလေသည်။ ပန်းကန်ပြားတစ်ချပ်၌ ကိတ်မုန့်ခြောက် သုံးလေးခုကို ထည့်ထားပြီး ကျန်ပန်းကန်ပြားတစ်ချပ်တွင်မူ ခေါက်ရိုးမကျေသေးသော လက်သုတ်ပဝါတစ်ထည်ကို ထည့်ထားလေသည်။ စောစောက ဘမော်၏ စိတ်ထဲတွင် ထိုလင်မယားနှစ်ယောက်အား အားကျသလိုလို ဖြစ်မိခဲ့သော်လည်း ယခုမူ အမြင်ပင် ကပ်၍သွားလေတော့သည်။ လွန်စွာမှ ဟိတ်ဟန်ထုတ်လွန်းသည်ဟု ထင်မိလေတော့သည်။

ဘမော် ထင်သည့်အတိုင်းပင် ထိုလင်မယားမှာလည်း သူတို့ကိုယ်သူတို့ တွဲဖြုပေါ်တွင် စီးနင်းလာကြသည့် ဘုရင်ခံနှင့် ဘုရင်ခံကတော်ပုံ ဖမ်း၍နေကြလေသည်။ ရထားပေါ်တွင် အတူပါလာကြသော ခရီးသည်များနှင့် သူတို့မှာ အဆင့်အတန်း မတူကြသောကြောင့် စိတ်ပျက်နေသည့် မျက်နှာထားများကို ဆောင်လျက် ရှိကြလေသည်။ အထူးသဖြင့် သူတို့၏ ရှေ့ထိုင်ခုံတွင် ထိုင်နေသည့် လူကြီးနှင့် ဘမော်တို့ နှစ်ယောက်အား အထင်သေးသော မျက်နှာမျိုးဖြင့် ကြည့်လေ၏။ ဤသည်ကို ဘမော်က ရိပ်စားမိသော်လည်း လူကြီးမှာမူ မည်သို့မျှ သတိမပြုမိကြောင်း

http://obookshelf.blogspot.com



ဘမော်က သတိထားမိလေသည်။ ဘမော်နှင့် လူကြီးတို့မှာ ဝယ်ယူလာသော ထမင်းထုပ်များကို ဖြေကာ ခေါင်းချင်းဆိုင်ပြီး စားကြလေသည်။ သူတို့နှစ်ယောက် ထမင်းနှင့်ဟင်းများကို လက်ငါးချောင်းစလုံးဖြင့် အားရပါးရနယ်ကာ ပလုတ်ပလောင်း စားနေသည်ကို ကြည့်ပြီး ဟန်များသောစုံတွဲမှာ ရွံသလိုလို ဖျို့ချင်သလိုလို အမူအရာများ ဖြစ်၍နေလေသည်။ ဤသည်ကို ဘမော်က ရိပ်မိသောကြောင့် လူကြီးနားသို့ ခေါင်းကို အနည်းငယ်တိုးပြီး လေသံတိုးတိုးဖြင့်...

"ဟိုလင်မယားက ကျုပ်တို့နှစ်ယောက်ကို သိပ်အထင်သေးနေပုံရတယ်" ဟု ပြောလိုက်ရာ လူကြီးက...

"စားမှာသာ စားစမ်းပါ ဘမော်ရာ၊ ဒါတွေက အရေးမကြီးပါဘူးကွာ၊ လောကကြီးမှာ အရေးကြီးတာက ဒါမဟုတ်ဘူးကွ" ဟု ပြန်ပြောလိုက်သဖြင့် ဘမော်လည်း မည်သို့ဆက်ပြောရမည်ကို မသိသောကြောင့် ထမင်းကိုသာ ဆက်၍စားလေတော့သည်။ ထမင်းစားပြီးသောအခါမှ ဘမော်တစ်ယောက် အခက်တွေ့လေတော့သည်။

"ဦးလေး ကျုပ်တို့တော့ အခက်တွေ့ပြီ"

"ဘာဖြစ်လို့လဲကွ"

"လက်ဆေးဖို့လေ"

ဘမော်၏စကားကြောင့် လူကြီးမှာ ဟက်ဟက်ပက်ပက်ရယ်မောပြီးလျှင်...

"မင်းကလဲကွာ ဒါများ အခက်အခဲလုပ်လို့" ဟု ဆိုကာ ထမင်းစဟင်းစများ ပေနေသော သူ၏ လက်ငါးချောင်းစလုံးကို လုံချည်ဖြင့် အားရပါးရ သုတ်လိုက်လေတော့သည်။ ဘမော်





လည်း လူကြီးနည်းတူ သူ၏ ပေကျံနေသောလက်ကို လုံချည်ဖြင့်ပင် သုတ်လိုက်လေ၏။ သူတို့ပြုမူနေသည်ကို ကြည့်ပြီး မိန်းမဖြစ်သူက ယောကျ်ားအား မေးငေါ့ကာ မဲ့ရွဲ့၍ ပြလေသည်။

ထိုအချိန်၌ ရထားလည်း စတင် ထွက်ခါစပြုနေပြီ ဖြစ်ပေသည်။ ရထားထွက်ခါမှပင် ထိုလင်မယားမှာ အလုပ်ရှုပ်ကြလေ၏။ မိန်းမဖြစ်သူက စာကလေးကြော်နှင့် ဆီထမင်းကို ဝယ်ယူ၏။ ရထားပလက်ဖောင်းပေါ်မှ ဈေးသည်ကလေးက ရောင်းချင်ရာလွန်း၍ ရထားနှင့်အတူ ပြေး၍လိုက်ကာ ရောင်းရရှာလေ၏။ မိန်းမဖြစ်သူက ဆီထမင်းထုပ်နှင့် စာကလေးကြော်ကို ယူပြီးလျှင် ချွေးခံအကျႌအတွင်းမှ ပိုက်ဆံကို မနှိုက်ချင်နှိုက်ချင်ဖြင့် နှိုက်၍ နေလေ၏။ ဈေးသည်မကလေး ပြေး၍လိုက်ရင်း 'မြန်မြန်လုပ်ပါ အဒေါ်ကြီးရယ်' ဟု တောင်းတောင်းပန်ပန် ပြောဆိုသည်ကို မိန်းမလုပ်သူက 'နှိုက်နေတာ နင့်မျက်စိက မမြင်ဘူးလား' ဟု ငေါက်လိုက်သေး၏။

ရထားမှာလည်း အရှိန်ရသည်ထက် ရ၍ လာလေ၏။ ဈေးသည်မိန်းကလေးမှာ ဆီထမင်းဗန်းကို ရွက်လျက် ရထားနှင့်အတူ ပြေး၍လိုက်နေရှာ၏။ 'ပေးပါ အဒေါ်ရယ်' ဟု တောင်းတောင်းပန်ပန် ပြောဆိုပြန်၏။ မိန်းမဖြစ်သူသည် ချွေးခံအိတ်အတွင်းမှ ပိုက်ဆံကို နှိုက်ပြီးပါလျက် မပေးသေးဘဲ ယောကျ်ားလက်သို့ အပ်လိုက်လေ၏။ ယောကျ်ားဖြစ်သူလည်း ပိုက်ဆံကို ပေးတော့မလိုလိုလုပ်၍ မပေးဘဲနေလေ၏။ ဈေးသည်မိန်းကလေးသည် 'ပေးပါ ဦးလေး၊ ပေးပါ ဦးလေးရယ်' ဟု အော်ဟစ်ကာ ပြေး၍လိုက်နေရရှာ၏။ သူ၏အသံမှာ ငိုသံများပါလျက် ရှိပေ၏။



obookshelf.blogspot.com

http://obookshelf.blogspot.com



ယောက်ျားဖြစ်သူလည်း ပိုက်ဆံကို မပေးတော့ဘဲ အိတ်တွင်းသို့ ထည့်လိုက်လေ၏။ ရထားမှာလည်း အရှိန်ကောင်းစွာ ရပေပြီ။ ဈေးသည်မိန်းကလေးမှာ ဆက်၍ မလိုက်နိုင်ရှာတော့ဘဲ ရပ်ကာ ငိုယိုလျက် ကျန်ရစ်ခဲ့လေ၏။ ထိုအခြင်းအရာကို ရထားတစ်တွဲလုံးရှိ ခရီးသည်တိုင်းလိုလို မြင်တွေ့ကြသော်လည်း ထိုလင်မယား၏ အပြုအမူကို မတရားဘူးဟူ၍ မည်သူတစ်ဇုံတစ်ယောက်ကမျှ အမုန်းခံ၍ ဝင်ရောက်ပြောဆိုခြင်း မပြုကြပေ။

ဘမော်သည် ဈေးသည်မိန်းကလေးအတွက် စိတ်မကောင်း ဖြစ်၍နေမိလေ၏။ ထိုလင်မယားအပေါ်၌လည်း တနုံ့နုံ့ဒေါသဖြစ်လျက် ရှိပေသည်။

လူကြီးမှာမူ ဆေးပြင်းလိပ်ကို ပြာခြွေလိုက်ပြီးနောက် ပါးစပ်အတွင်းသို့ ပြန်၍ထည့်လိုက်လေ၏။ ဈေးသည်မိန်းကလေးအား လင်မယားနှစ်ယောက်က ညစ်လိုက်သည်ကို သတိပြုမိလိုက်ဟန် မတူပေ။ ထို့ကြောင့် ဘမော်က ပြောပြမည်ဟု ကြံကာ

"ဒီမှာ ဦးလေး" ဟု အစချီလိုက်လျှင် လူကြီးက...

"ဟိုလင်မယားအကြောင်းကို ပြောမလို့ မဟုတ်လား၊ ဒါက အရေးမကြီးပါဘူးကွာ၊ ဒီလို...လုပ်လိုက်ရုံပေါ့" ဟု ဆိုကာ နေရာမှထ၍ အရေးပေါ် ဥသြကြိုးကို ဆွဲလိုက်လေတော့၏။

မကြာမီ၌ပင် ရထားလည်း ရပ်၍သွားလေ၏။ ရထားရပ်သွားပြီးနောက် ဂါတ်ဗိုလ်၊ စက်ခေါင်းဗိုလ်နှင့် တီစီများသည် ဘမော်တို့တွဲသို့ ရောက်ရှိလာကြလေ၏။ ရထားတစ်စီးလုံးသည်လည်း ဆူဆူညံညံ ဖြစ်၍သွားလေ၏။

ဂါတ်ဗိုလ်၊ စက်ဗိုလ်နှင့် တီစီများသည် ဘမော်တို့တွဲပေါ်သို့ တက်၍လာကြပြီးလျှင် ဂါတ်ဗိုလ်က...





"ကြိုး ဘယ်သူဆွဲတာလဲ" ဟု မေးလေ၏။

"ကျုပ်ဆွဲတာ" ဟု လူကြီးက အေးဆေးစွာ အဖြေပေးလိုက်လေ၏။

"ဘာဖြစ်လို့ ဆွဲတာလဲ"

"ဟိုလင်မယားက ဟောဟိုးမှာ ကျန်ခဲ့တဲ့ ဆီထမင်းသည်ကလေးဆီက ဆီထမင်းဝယ်ပြီး ပိုက်ဆံမပေးဘဲ ညစ်လိုက်ကြတယ်၊ ဈေးသည်မိန်းကလေး ငိုပြီးကျန်ခဲ့တယ်၊ ဒါကြောင့် ကြိုးကို ကျုပ် ဆွဲလိုက်တာ"

ဂါတ်ဗိုလ်သည် လူကြီးကိုတစ်လှည့်၊ လင်မယားကိုတစ်လှည့် ကြည့်လေ၏။ လူကြီးက ဆေးပြင်းလိပ်ကို ခဲလျက် အေးဆေးစွာ မတ်တတ်ရပ်နေ၏။ လင်မယားနှစ်ယောက်ကမူ ဂါတ်ဗိုလ်ကို မျက်နှာချိုသွေးကာ ပြုံး၍ပြကြလေ၏။

ဂါတ်ဗိုလ်သည် လူကြီးအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက်...

"အကြောင်းမရှိဘဲ ဥသြကြိုးကို ဆွဲတဲ့အတွက် ဒဏ်ငွေဆောင်ရမယ်" ဟု ပြောလေ၏။

"ဘယ့်နှယ့် အကြောင်းမရှိဘဲ ဆွဲတာ ဟုတ်ရမှာလဲ၊ ဆွဲတဲ့ အကြောင်းကို ကျုပ်ပြောပြခဲ့ပြီးပြီပဲ၊ ခင်ဗျား မကြားဘူးလား"

"ဟော့...ဒဏ်ငွေဆောင်မလား၊ မဆောင်ဘူးလား"

"မဆောင်နိုင်ဘူး၊ ကျုပ်လုပ်တာ မှန်တယ်"

"မလိုချင်ဘူး၊ ဒဏ်ငွေမဆောင်ရင် ဖမ်းတယ် လိုက်ခဲ့"

ထိုအခါ၌ ဘမော်သည် စိုးရိမ်ထိတ်လန့်စိတ်များ ဖြစ်ပေါ်၍လာကာ...

"ဦးလေး ဘယ်လိုလုပ်ကြမလဲ၊ မတရားလုပ်တာက ဟို

http://obookshelf.blogspot.com



လင်မယား၊ အဖမ်းခံရတာက ကျုပ်တို့" ဟု ပြောလိုက်လေ၏။

"ဒါများ ဘာခက်လို့လဲကွာ၊ ဒီလိုလုပ်တာပေါ့" ဟု ဆိုကာ လူကြီးသည် လင်မယားနှစ်ယောက်ထံသို့ လျှောက်သွားပြီးလျှင် ယောက်ျားလုပ်သူ၏မျက်နှာကို လက်သီးဖြင့် တအားစွတ်၍ ထိုးလိုက်ရာ ထိုလူသည် ဝှပ်ကနဲမြည်၍ လဲကျမေ့မြောသွားလေတော့၏။

ဂါတ်ဗိုလ်နှင့် တီစီတို့သာ မဟုတ်ဘဲ တစ်တွဲလုံးရှိ မြင်တွေ့သူအပေါင်းသည် ဟာခနဲ၊ ဟင်ခနဲ ဖြစ်ကြလေတော့၏။ မိန်းမဖြစ်သူကလည်း လူကြီးအား အော်ဟစ်ဆဲဆိုလေ၏။ ထိုအခါ လူကြီးက မိန်းမဖြစ်သူအား ဆက်၍ ပါးရိုက်လိုက်ပြန်ရာ ဂါတ်ဗိုလ်နှင့် တီစီတို့လည်း လူကြီးအား ဝိုင်း၍ချုပ်ထားကြလေသည်။ ဘမော်မှာ မည်သို့လုပ်ရမည်ကို မသိဘဲ ကြောင်၍သာနေလေတော့သည်။ တခြားတွဲများမှ ခရီးသည်များမှာ ရုတ်ရုတ်သဲသဲ ဖြစ်၍နေလေတော့သည်။

ထို့နောက် လူကြီးအား ဖမ်း၍ ဘူတာဆီသို့ ခေါ်ဆောင်သွားလေတော့၏။ ဘမော်မှာလည်း လူကြီးနှင့်အတူ လိုက်ပါ၍သွားရလေတော့၏။ မရှေးမနှောင်း၌ပင် သတိမေ့လျက်ရှိသော ယောက်ျားလည်း သတိပြန်၍ရလာသဖြင့် ယင်း၏မိန်းမကို ခေါ်ကာ တရားလိုအဖြစ်နှင့် နောက်မှလိုက်ပါ၍ လာခဲ့ကြလေ၏။

ဘမော်လည်း ဇလီဖာတုံးများကို နင်း၍လျှောက်လာရင်း တစ်စုံတစ်ခုကို စဉ်းစားမိသည့်အလျောက် လူကြီးအား အောက်ပါအတိုင်း ပြောလိုက်လေ၏။

"ဦးလေး ကျွန်တော် တစ်ယောက်တည်း ဘယ်လိုနေရမှာလဲဗျ"





"ဒါများ ဘာခက်လို့လဲကွာ၊ ဒီလို လုပ်လိုက်တာပေါ့"

"ဘယ်လိုလုပ်ရမှာလဲ ခင်ဗျ"

"ဟောဒီကျောက်ခဲကို ကောက်ပြီး ဟိုလင်မယားကို သွားပြီး ထုလိုက်ရုံပေါ့ကွ"

ဘမော်ကလည်း 'ဟုတ်တာပေါ့' ဟု ဆိုကာ ရထားလမ်းမှ ကျောက်ခဲတစ်လုံးကို ကောက်ယူကာ နောက်မှပါလာသော လင်မယားနှစ်ယောက်အနက် ယောက်ျားလုပ်သူ၏ ဦးခေါင်းကို ပြေး၍ ထုချလိုက်လေတော့၏။

ဂါတ်ဗိုလ်နှင့် တီစီတို့မှာ ရုတ်တရက်ဖြစ်၍ ဘမော်အား မတားဆီးနိုင်လိုက်ကြပေ။ ယောက်ျားလုပ်သူ ဦးခေါင်းမှာ သွေးများ ဖြာထွက်၍ သွားလေတော့၏။

ထိုအချိန်ကျမှပင် တီစီနှစ်ယောက်သည် ဘမော်ထံသို့ ပြေး၍လာပြီးလျှင် ဝိုင်းဝန်းချုပ်ကိုင်၍ ခေါ်သွားလေတော့၏။

"ဟော့…ဘမော် ငါပြောတာ မမှန်ဘူးလား၊ မင်းလဲ တစ်ယောက်တည်း အပြင်မှာ မနေရတော့ဘူး ဟဲ…ဟဲ"

"ဟုတ်တယ် ဦးလေး၊ ဦးလေးက သိပ်ပြီးအကြံပိုင်တာပဲ၊ ဒါပေမယ့် ကျုပ်တို့ ရှေ့ကို ခရီး ဘယ်လိုဆက်ကြမှာလဲ"

"ဒါက အရေးမကြီးပါဘူးကွာ၊ အရေးကြီးတာက တစ်မျိုး"

ဘူတာသို့ ရောက်သည့်အခါ၌ ဘမော်နှင့် လူကြီးအား ရုံပိုင်ကြီး၏ အခန်းတွင်းသို့ ခေါ်ဆောင်ကာ ပုလိပ်လက်သို့ အပ်လိုက်လေတော့၏။

လက်ပံတန်းအချုပ်၌ ခုနစ်ရက်ခန့် ထားပြီးနောက် ရုံးတင်၍ တရားစွဲလေတော့၏။ မီးရထားဌာနက အကြောင်းမရှိဘဲ အရေးပေါ်ဥသြဆွဲခြင်းကို အဓိကထား၍ လူကြီးအား တရားစွဲ

http://obookshelf.blogspot.com



လေ၏။ လင်မယားနှစ်ယောက်ကမူ လူကြီးရော ဘမော်ပါ နှစ်ဦးစလုံးကို ရိုက်မှု၊ ကျောက်ခဲနှင့် ထုမှု စသည်တို့ကို ပဓာနထား၍ တရားစွဲလေ၏။

ရုံး၌ တရားဆိုင်ရသော ရက်များ၌ ဘမော်တို့သည် ထိုလင်မယားနှင့် မကြာခဏ ဆုံတွေ့ကြရလေ၏။

"မြင်ပါများတော့ ခင်တွယ်ဆိုတဲ့ စကားဟာ တော်တော်ကလေး မှန်တယ် မောင်ဘမော်" ဟု လူကြီးက ပြောလေ၏။

"ဘာဖြစ်လို့လဲ ဦးလေး" ဟု ဘမော်က ပြန်၍မေးလေ၏။

"ငါတော့ ဟိုလင်မယားကို မကြာခဏ တွေ့နေရလို့လား မဆိုနိုင်ဘူး၊ နည်းနည်းတောင်မှ ခင်မင်စ ပြုလာပြီ"

"ကျုပ်ကတော့ မခင်ပေါင်ဗျာ၊ ဒီလင်မယားကို ကြေကို မကြေဘူး"

"ဒါက အရေးမကြီးပါဘူးကွာ၊ ငါတို့က ခင်ခင် မခင်ခင် အမှုအတွက်ကတော့ ထောင်ခြောက်လလောက် ကျလိမ့်မယ် ထင်တယ်"

"ဘယ်လိုလုပ်ကြမလဲ ဦးလေး"

"ဒါများ ခက်တာလိုက်လို့ကွာ၊ ထောင်ထဲနေလိုက်ရုံပေါ့"

"ဒီလိုတော့ လွယ်တာပေါ့ဗျာ"

"လွယ်ရင် ပြီးတာပဲ၊ လောကမှာ ခက်တယ်ဆိုတာ ဘာမှ မရှိဘူး၊ အားလုံးကို လွယ်လွယ်ကလေးလို့သာ သဘောထားရမယ်၊ ပြီးတော့ ငါတို့ဘက်က အလကားလိုက်ပေးတဲ့ ရှေ့နေကြီးကလဲ တော်ပါတယ်ကွ"

"ဦးလေးကလဲဗျာ၊ တော်တော့်ကို မဟုတ်တာ ပြောတာပဲ၊ ကျုပ်တို့ဘက်က ရှေ့နေကြီးက ဘယ်မှာ တော်လို့လဲဗျ၊ တစ်





ချိန်လုံး အိပ်ငိုက်နေတာချည်းပဲ၊ ကျုပ်တို့ လွတ်အောင်လဲ ဘာတစ်ခွန်းမှ ပြောမပေးပါလား"

"မင်းက နားမလည်လို့ကွ၊ အိပ်နေတာဟာ သူ့နည်းသူ့ဟန်နဲ့ ငါတို့ကို လွတ်အောင် လျှောက်လဲချက် ပေးနေတာကွ၊ နောက်ဆုံးပေါ် နည်းလေကွာ"

ရုံးထုတ်၍ အမှုစစ်ဆေးစဉ်က ဘမော်နှင့် လူကြီးသည် အထက်ပါအတိုင်း ပြောဆိုခဲ့ကြလေသည်။ လူကြီး၏စကားမှာ မှန်ကန်လှပေသည်။ မုချ ထောင်ကျလိမ့်မည်ဟု မျှော်လင့်ထားပါလျက် လုံးဝ ထောင်ကျခြင်း မရှိခဲ့ပါ။ တရားသူကြီးသည် မည်သို့မည်ပုံ အတွေးပေါက်၍သွားသည် မသိပေ။ ဘမော်နှင့် လူကြီးအား ပြစ်မှုထင်ရှားမရှိဟု ဆိုကာ တရားသေ လွှတ်လိုက်လေတော့၏။

ဘမော်နှင့် လူကြီးသည် အချုပ်မှလွတ်သည်နှင့် တပြိုင်နက် ရှေ့သို့ခရီးဆက်ရန် ထွက်၍လာခဲ့လေ၏။ ထိုလင်မယားနှစ်ယောက်မှာမူ မီးရထားဘူတာအနီးရှိ ထမင်းဆိုင်မှ ဆိုင်ရှင်မိန်းမကြီးအား သူတို့၏အဖြစ်အပျက်ကို ပြောပြ၍ အောက်ပါအတိုင်း ညည်းညူလေတော့၏။

"ကျွန်မတို့ အရိုက်လဲ ခံရသေးတယ်၊ ခရီးဖင့်နေတဲ့အတွက် ပြည်မှာရဖို့ရှိတဲ့ ငွေတွေလဲ မရတော့တဲ့အပြင် စားစရိတ်၊ ရုံးစားရိတ်နဲ့ဆိုတော့ ငွေနှစ်ထောင်လောက် ကုန်သွားတယ်၊ လူတွေလဲ ဖတ်ဖတ်ကို မောနေတာပဲ"

ထိုအခါ၌ လူကြီးက ဘမော်အား လှည့်၍ကြည့်ပြီးလျှင်

"ဟော့ကောင် ကြားလား ငွေနှစ်ထောင်လောက် နစ်နာသွားတယ် ဆိုပါလား၊ ဟား…ဟား…ဟား၊ ပိုက်ဆံငါးမူးကို ညစ်လိုက်တာ အခုတော့ ဒုက္ခရောက်နေပြီ မဟုတ်လား" ဟု ပြော

http://obookshelf.blogspot.com



လိုက်လေ၏။

ဘမော်နှင့် လူကြီးသည် လက်ပံတန်းဘူတာမှပင် ရထားကို ဆက်၍စီးကြရပြန်၏။ ရထားထွက်ချိန်၌ ဈေးရောင်းသောကလေးများသည် ရထားဘေးမှ လိုက်၍ရောင်းနေကြ၏။ ရထားပေါ်မှ ဈေးဝယ်သူအချို့က ပိုက်ဆံကို ပေးမလိုလိုလုပ်ကာ မပေးဘဲ ညစ်ကြပြန်လေ၏။ ထိုအခြင်းအရာကို ဘမော်ရော လူကြီးပါ တွေ့မြင်ကြရပြန်လေ၏။

"ဦးလေး ဟိုလူတွေ ပိုက်ဆံမပေးဘဲ ညစ်ကြပြန်ပြီဗျ" ဟု ဘမော်က ပြောလိုက်လေ၏။

ဘမော်၏စကားကို ကြားရသည့်အခါ၌ လူကြီးသည် ဟက်ဟက်ပက်ပက် ရယ်မောပြီးလျှင်...

"ဟေ့ကောင် ဘမော်၊ အသာကလေး နေစမ်းပါကွာ၊ ညစ်တဲ့လူ၊ မတရားလုပ်တဲ့လူကို တွေ့တိုင်း ဥဩဆွဲလို့ မဖြစ်ဘူးကွ" ဟု ဆိုလေ၏။

"ဘာဖြစ်လို့လဲ ဦးလေး"

"မင်းအနေနဲ့ စဉ်းစားကြည့်လေကွာ၊ ဟောဒီလောကကြီးတစ်ခုလုံးမှာ ညစ်တဲ့လူ မတရားလုပ်တဲ့လူကို တွေ့တိုင်း ဥဩဆွဲလို့ရအောင် နေရာအနှံ့အပြားမှာ ဥဩတွေ ဆင်ပြီးထားမယ်ဆိုပါတော့ကွာ"

"အင်း...ပြောပါဦး ဦးလေး"

"လောကကြီးတစ်ခုလုံးဟာ ဥဩသံတွေနဲ့ ဆူညံနေလိမ့်မယ်ကွ"

"ဘာဖြစ်လို့လဲ ဦးလေး"

"ဘာဖြစ်ရမှာလဲကွ၊ ဟောဒီလောကကြီးကိုက ကြီးနိုင်ငယ်ညှဉ်းလုပ်တဲ့ လောကကြီး ဖြစ်တယ်ကွ၊ သမင်ကို ကျားက အမြဲတမ်း အနိုင်ကျင့်တယ်၊ ကြွက်ကို ကြောင်က အမြဲတမ်း အနိုင်ကျင့်တယ်၊ ကြောင်ကို ခွေးက အမြဲတမ်း အနိုင်ကျင့်တယ်၊ ပန်းပွင့်ကို ပျားက အမြဲတမ်း အနိုင်ကျင့်တယ်၊ ပျားကိုတော့ ဝက်ဝံက အနိုင်ကျင့်တယ်၊ ပျားအုံများ တွေ့ရင် ဝက်ဝံဟာ ဖျက်ဆီးတော့တာပဲဟေ့၊ အဲဒီလို မတရား အနိုင်ကျင့်နေတာတွေကို တွေ့တိုင်း ဥဩဆွဲမယ်ဆိုရင် ငါတို့ဟာ ဘာအလုပ်မှ မလုပ်ဘဲ ဥဩကိုပဲ ဆွဲနေရလိမ့်မယ်"

"ဒီလိုဆိုရင် မတရားအလုပ်ခံရတဲ့ လူတွေဘက်က ဘယ်သူ ကူညီမှာလဲ"

"မတရားအလုပ်ခံရတဲ့ လူတွေအတွက်တော့ တရားဥပဒေ ဆိုတာ ရှိတယ်ကွ၊ ဒါပေမယ့် ဒီနယ်ချဲ့အရင်းရှင်ခေတ်မှာ ငွေများ တရားနိုင်ပါကွာ၊ တိရစ္ဆာန်တွေဘက်ကတော့ ဘယ်သူမှ ကူညီမှာ မဟုတ်ဘူး၊ ဒီအတိုင်း ကြည့်နေကြမှာပဲ"

"ဟုတ်လား ဦးလေး"

"ဟုတ်တာပေါ့ကွ၊ ကမ္ဘာဦးအစကတည်းက ကြွက်ကို ကြောင်က နှိပ်စက်လာတာပဲ၊ လူတိုင်းသိနေတဲ့ကိစ္စပဲ မဟုတ်လား၊ အဲဒါ ဘယ်သူကများ ကြောင်ကို မတရားဘူးရယ်လို့ ကြွက်ဘက်ကနေ ခုခံပြောဆိုဘူးလို့လဲကွ၊ ပြီးတော့ ကျားဟာ သမင်ကို တွေ့ရာသချိုင်း ကိုက်သတ်ခဲ့တာကွ၊ ဒါပေမယ့် ကျားကို မတရားဘူးရယ်လို့ ဘယ်သူကမှ မပြောဘူး"

"ဟုတ်တယ်၊ ဦးလေးပြောတာ ဟုတ်တယ်၊ ဒီတော့ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

"လောကကြီးမှာ အရေးကြီးဆုံးကတော့ အံဝင်ခွင်ကျ







obookshelf.blogspot.com

http://obookshelf.blogspot.com



ဖြစ်ဖို့ပဲကွ၊ ဒါကိုတော့ မြဲမြဲမှတ်ထား"

"ဘယ်လို အံ့ဝင်ခွင်ကျ ဖြစ်ရမှာလဲဗျ၊ ရှင်းရှင်းပြောစမ်းပါ ဦးလေးရာ"

"ငါပြောတာ အရှင်းကြီးပဲကွ၊ အံ့ဝင်ခွင်ကျ ဖြစ်အောင်နေဖို့ပေါ့ကွာ၊ ကိုယ်က ကျားနေရာမှာ ရောက်နေရင် သမင်ကို စားပစ်လိုက် သနားမနေနဲ့"

"တကယ်လို့ ကိုယ်က သမင်နေရာမှာ ရောက်နေရင်ရော ဗျာ"

"အဲဒီအခါကျတော့ ကျားမစားနိုင်အောင် ပြေးပေတော့၊ တကယ်လို့ ကျားက မိသွားလို့ စားရင်လဲ ကျားကို အပြစ်မတင်နဲ့တော့၊ ကိုယ်က သမင်ဖြစ်နေပြီကိုး၊ အစားခံရပေမပေါ့လို့သာ သဘောထားလိုက်ပေတော့"

"အင်း...ဒါလဲ ဟုတ်တာပဲ"

"လောကမှာ အံ့ဝင်ခွင်ကျ နေတတ်ဖို့၊ စားတတ်ဖို့ဟာက လွယ်လွယ်ကလေးနဲ့ ခက်နေကြတယ်ကွ၊ အံ့ဝင်ခွင်ကျဆိုတဲ့ စကားဟာ သိပ်ပြီး အရာရောက်တယ်ကွ၊ ခွေးဖြစ်ရင် ဟောင်ရမယ်၊ ဗျိုင်းဖြစ်ရင် ဖြူရမယ်၊ ကျီးဖြစ်ရင် မည်းရမယ်၊ ပုလိပ်ဖြစ်ရင် ဖမ်းရမယ်၊ လူဆိုးဖြစ်ရင် မိုက်ရမယ်၊ ချစ်တီးဖြစ်ရင် ငွေတိုးပေးရမယ်၊ မင်းသားဖြစ်ရင် ကရမယ်"

"ဒါတော့ လူတိုင်းသိတာပေါ့ဗျာ"

"လူတိုင်းသိပေမယ့် လူတိုင်းမလုပ်ဘူးကွ၊ ဒီအင်္ဂလိပ်ခေတ်မှာ ပုလိပ်ဖြစ်ပြီး လူဆိုးကို မဖမ်းတဲ့ ပုလိပ်တွေ တစ်ပုံကြီးပဲ၊ လူဆိုးဖြစ်ပြီး မမိုက်ရဲတဲ့ အကောင်တွေလဲ တစ်ပုံကြီးပဲ၊ မင်းသားဖြစ်ပြီး မကဘဲနဲ့ ပရိသတ်ရှေ့မှာ ထွက်လာပြီး စကားကလေး





ပြောလိုက် ပြန်ပြီးဝင်သွားလိုက် လုပ်နေတဲ့ မင်းသားတွေလဲ ရှိတယ်ကွာ၊ အဲဒီလူတွေဟာ အံ့ဝင်ခွင်ကျ မဖြစ်တဲ့ လူတွေပေါ့ကွာ"

"ပြောစမ်းပါဦး ဦးလေး"

"အံ့ဝင်ခွင်ကျဆိုတဲ့ သဘောကို မသိတဲ့လူတွေဟာ လောကမှာ လူညံ့တွေ ဖြစ်ကုန်တာပဲကွ၊ ဒီတော့ ဘယ်နေရာကိုပဲ ရောက်ရောက် အံ့ဝင်ခွင်ကျဖြစ်ဖို့ လိုတယ်၊ သဲကန္တာရကို ရောက်ရင် ရေကို ချွေတာတတ်ရမယ်၊ သဲကန္တာရထဲ ရောက်ခါမှ ကျုပ်က တစ်နေ့ကို ရေသုံးကြိမ်ချိုးနေကျဗျဆိုတဲ့ ကောင်မျိုးကို သူ့ဟာသူ ဘာကောင်ကြီးပဲဖြစ်ဖြစ် ငါတော့ အထင်မကြီးဘူး၊ မလေးစားဘူး"

"အင်း...ဟုတ်ပါတယ်"

"အံ့ဝင်ခွင်ကျဆိုတဲ့ သဘောကို နားလည်သွားရင် ကမ္ဘာလီကို အသားမည်းလို့လဲ အပြစ်မတင်တော့ဘူး၊ ပထန်ကုလားကို အရပ်မြင့်လို့လဲ မချီးကျူးတော့ဘူး၊ မျောက်ကိုလဲ ဆော့လှချည်လားလို့ အပြစ်မတင်တော့ဘူး"

"မျောက်ကို ဆော့လှချည်လားလို့ အပြစ်တင်တဲ့လူကိုတော့ မတွေ့ဘူးပေါင်ဗျာ"

"မင်းအသက် ငယ်သေးတော့ အတွေ့အကြုံ နည်းသေးလို့ပါကွာ၊ မိုးတွင်း ဝါဆိုဝါခေါင်ကြီးမှာ မိုးရွာတာကိုတောင် မိုးဆဲလေဆဲ လုပ်တဲ့လူတွေ၊ တပေါင်းတန်ခူး နေပူတာကို ပူရကောင်းလားလို့ တောက်ခေါက်တဲ့ကောင်တွေ၊ ဆဲတဲ့ကောင်တွေကိုတောင် တွေ့ဖူးပါရဲ့ကွာ"

"ဟား...ဟား ဦးလေးကတော့ ကြံကြံဖန်ဖန်ဗျာ"

"ကဲ...အံ့ဝင်ခွင်ကျဆိုတာကို သဘောပေါက်ပြီလား"

http://obookshelf.blogspot.com



"ပေါက်ပါပြီ"

"ဒီလိုဆိုရင် ငါတော့ အိပ်တော့မယ်" ဟု ဆိုကာ လူကြီးသည် ထိုင်ခုံနောက်ကျောကို မှီ၍ အိပ်လေတော့၏။ မကြာမီ၌ပင် လူကြီးထံမှ ဆူညံသော ဟောက်သံများ ထွက်၍လာလေတော့၏။ လူကြီးအိပ်ပျော်သွားသည့်အခါ၌ ဘမော်သည် တစ်ယောက်တည်း ပျင်းရိစွာ လိုက်ခဲ့ရလေ၏။ ထို့နောက် လူကြီးပြောသည့် အံဝင်ခွင်ကျဟူသော စကားကို စဉ်းစားမိလေ၏။

"အင်း...နှစ်ယောက် လာခဲ့ကြတာ တစ်ယောက်က အိပ်ပျော်သွားတော့ ငါတစ်ယောက်တည်း ထိုင်နေရတာ ပျင်းစရာကြီးပဲ၊ ဒီတော့ အံဝင်ခွင်ကျ ဖြစ်သွားအောင် ငါလဲ အိပ်မှပဲ" ဟု တစ်ကိုယ်တည်း ရေရွတ်ကာ ဘမော်လည်း အိပ်လေတော့၏။

ယော၊ အကြင်သူသည်။ **အသန္တသ**၊ သူတော်မဟုတ်သော သူအား။ ***ပီယော***၊ ချစ်အပ်သည်။ ***ဟောတိ***၊ ဖြစ်၏။ **သန္တ**၊ သူတော်ကောင်းကို။ ***ပီယံ***၊ ချစ်ခြင်းကို။ **နကုရုတေ**၊ မပြု။ **အသတံ**၊ မသူတော်တို့၏။ **ဓမ္မံ**၊ တရားကို သာလျှင်။ **ရောစတိ**၊ နှစ်သက်၏။ **တဿ**၊ ထိုသူ၏။ **တံ**၊ ထိုအမူအကျင့်သည်။ ***ပရာဘဝတော***၊ ပျက်စီးခြင်း၏။ **မုခံ**၊ အကြောင်းတည်း။

❖ ❖ ❖





## လမ်းခွဲကြပြီ

ဘမော်နှင့်လူကြီး နှစ်ယောက်စလုံး အိပ်ရာမှ နိုးလာသောအခါ၌ ရထားသည် ပြည်မြို့သို့ စတင်ဝင်ရောက်နေပြီ ဖြစ်၏။ ရထားဆိုက်သည့်အခါတွင် အရပ်ပုပု နှုတ်ခမ်းမွေး ကျိုးတို့ကျဲတဲနှင့် လူတစ်ယောက်က လူကြီးရှိရာသို့ ရောက်လာပြီးလျှင်...

"ဘယ်လိုဖြစ်တာလဲ၊ ချိန်းထားတဲ့ရက်ကို မရောက်ဘဲ နောက်ကျလှချည်လား ကိုအောင်ကြီး" ဟု ပြောဆိုပြစ်တင်လေ၏။ ဘမော်သည် ထိုလူကြီး၏မျက်နှာကို တစ်ချက် မော့ကြည့်လိုက်လေ၏။ ထိုလူကြီး၏နာမည်ကို ဘမော် သိထားသည်မှာ ဦးသိုင်းဟူ၍ ဖြစ်သည်။ ရထားပေါ်၌ အမှုဖြစ်၍ တရားစွဲခံရစဉ်ကလည်း ရုံး၌ ဦးသိုင်းဟုပင် နာမည်ကို ပေးခဲ့လေ၏။ ယခုအခါ၌ ဦးသိုင်းမဟုတ်ဘဲ ကိုအောင်ကြီး ဖြစ်၍နေပြန်သဖြင့် ဘမော်က လူကြီးမျက်နှာကို ကြည့်လိုက်ခြင်း ဖြစ်၏။

"ဦးလေးနာမည်က ပြည်မှာ တစ်မျိုး၊ လက်ပံတန်းမှာ တစ်မျိုးလား"

http://obookshelf.blogspot.com



"အေး...ဟုတ်တယ်"

"တစ်မြို့မှာ နာမည်တစ်မျိုး ပြောင်းနေတာပေါ့"

"တစ်မြို့မှာ နာမည်တစ်မျိုး မဟုတ်ဘူး၊ တစ်ရပ်ကွက်မှာ နာမည်တစ်မျိုး ပြောင်းနေတာ"

"နာမည်တွေ အများကြီးပေါ့"

"နာမည်သူဌေးကြီးပေါ့ကွာ"

"မင်းလဲ ငါနဲ့ပေါင်းရင် နာမည်သူဌေး ဖြစ်လာမှာပါကွာ၊ မပူပါနဲ့"

"ဘာဖြစ်လို့ နာမည် ခဏခဏ ပြောင်းနေတာလဲ"

"နေတတ်သလို နေတဲ့သဘောပေါ့ကွာ"

"ကျုပ်ကြားဖူးတာကတော့ လူဆိုးတွေမှ နာမည် ခဏခဏ ပြောင်းတာဆို"

"ဘယ်ဟုတ်မလဲကွ၊ ကိုယ့်နာမည် ကိုယ်ပိုင်တာပဲ၊ ကိုယ်ပြောင်းချင်တဲ့အချိန် ပြောင်းတာပေါ့၊ ဘာဖြစ်သလဲကွ၊ လူဆိုးမှ နာမည် ခဏခဏပြောင်းတာ မဟုတ်ဘူး၊ လူကောင်းတွေလဲ ပြောင်းတာပါပဲကွာ၊ လာ အောက်ဆင်းရအောင်"

လူကြီးနှင့် ဘမော်သည် ရထားပေါ်မှ ဆင်းလိုက်ကြလေ၏။ ပလက်ဖောင်းပေါ်သို့ ရောက်လျှင် အရပ်ပုပု နှုတ်ခမ်းမွေးကျိုးတို့ကျဲတဲနှင့် လူက...

"ကိုအောင်ကြီး ခင်ဗျားရောက်တာ သိပ်ပြီးနောက်ကျတယ်ဗျာ၊ ငါးကြင်းတွေ ငါးတန်တွေ အများကြီး လွတ်ကုန်ပြီ"

ဟု ပြောပြန်လေ၏။

"ငါးကြင်းတွေ ငါးတန်တွေ ကုန်ရင်လဲ ငါးဖျင်းသလက်တွေကိုပဲ ဖမ်းပေါ့ကွာ၊ နောက်ကျတာက ရထားပေါ်မှာ အမှုဖြစ်





နေလို့ကွ"

"ဆရာကြီးကတော့ ခင်ဗျားကို ဆူလိမ့်မယ်"

"မင်းဆရာကြီးကလား ငါ့ကိုဆူမှာ"

"ဟုတ်တယ်၊ ဆရာကြီးက ကတိပျက်ရင် သိပ်ပြီးစိတ်ဆိုးတာ"

"ဒီလိုဆိုရင် မင်း ဆရာကြီးဆိုတဲ့ကောင်ဟာ တော်တော်ရှာတဲ့ကောင်ပဲ၊ တို့လိုလူမျိုးမှာ ကတိဆိုတာလဲ မရှိဘူး၊ သစ္စာဆိုတာလဲ မရှိဘူး၊ သနားတယ် ဆိုတာလဲ မရှိဘူး၊ အားနာတယ်ဆိုတာလဲ မရှိဘူး"

"ဘယ်ဟုတ်မလဲဗျ၊ ဘယ်အလုပ်ကိုပဲ လုပ်စားစား ကတိတည်ဖို့တော့ လိုတာပေါ့ဗျ"

"မင်းတို့ဟာ လူပါးမဝသေးတဲ့ ကောင်တွေပဲ၊ ဝတ္ထုစာအုပ်ထဲ ဘိုင်စကုတ်ထဲက ခတ်လိုက်လုပ်တဲ့လူက မားပြအခန်းမှာ သစ္စာရှိပြတာတွေ၊ ကတိတည်ပြတာတွေကို အဟုတ်ကြီးအောက်မေ့နေတယ်၊ စိတ်ကူးမယဉ်ပါနဲ့ ဂျပုရာ၊ ကိုယ့်အလုပ်ကိုယ်လုပ်စမ်းပါ"

"ခင်ဗျား ကျုပ်ကို ဂျပုလို့ မခေါ်ပါနဲ့ဗျာ၊ နာမည်ရှိသားပဲ၊ နာမည်ခေါ်ပေါ့ဗျ"

"ဟဲ...ဟဲ ဒီလိုဆိုလဲ နာမည်ခေါ်ရတာပေါ့ကွာ၊ ကဲ... မောင်လှမြင့်ရေ...မင်း ဆရာနဲ့ ဘယ်မှာတွေ့ရမှာလဲ"

"ဒီနာမည်တော့ မခေါ်ပါနဲ့"

"အဲဒါ မင်းနာမည် မဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ ကျုပ်နာမည်ရင်း ဖြစ်နေတယ်၊ ဒီနာမည်ကို ခေါ်တာဟာ ကျုပ်ကို ထောင်ထဲပို့တာနဲ့ အတူတူပဲ"

http://obookshelf.blogspot.com



"အဲဒါကြောင့် ပြောတာပေါ့၊ နာမည်အရင်း ခေါ်တာလဲ မကြိုက်ဘူး၊ ဂျပုမို့ ဂျပုခေါ်ပြန်လဲ မကြိုက်ဘူး၊ ပြီးတော့ မဟုတ်တာလဲ လုပ်ချင်သေးတယ်၊ သစ္စာရှိလူဆိုးကြီးဆိုတဲ့ ဂုဏ်ကို လိုချင်သေးတယ်၊ မင်းတို့လိုကောင်တွေဟာ အလကားကောင်တွေပဲ၊ ထွီ"

လူကြီးသည် တံတွေးကို ထွီကနဲ ထွေးလိုက်လေ၏။ ဘမော်မှာလည်း လူကြီးနှင့် လုမြင့်(ခေါ်)ဂျပုတို့ အပြန်အလှန်ပြောဆိုသောစကားကို နားထောင်၍ ထိုလူကြီးသည် လူဆိုးများနှင့် ဆက်သွယ်ကာ ဒုစရိုက်မှုများ ပြုလုပ်လိမ့်မည် ဖြစ်ကြောင်း ရိပ်မိစ ပြု၍လာလေ၏။

ဤသို့နှင့် လာခဲ့ကြရာ ဈေးအနီးသို့ရောက်လျှင် ဂျပုက 'ဒီမှာ' ဟု ဆိုကာ အိမ်တစ်အိမ်အတွင်းဆီသို့ ခေါ်ဆောင်၍ သွားလေ၏။ အိမ်တွင်း၌ကား စားပွဲဝိုင်း၌ ဝိုင်းထိုင်ကာ အရက်သောက်နေသူများကို တွေ့ရလေ၏။ ထိုအရက်သောက်နေသူများအနက်မှ မှုန်ကုပ်ကုပ်နှင့် လူက...

"ဟော့...ဂျပု၊ ဘယ်သူတွေလဲ၊ မင်းပြောတဲ့ အောင်ကြီးဆိုတာလား" ဟု လှမ်း၍မေးလိုက်လေ၏။

ဂျပုက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် "ဟုတ် ဟုတ်ပါတယ် ဆရာကြီး" ဟု ပြောလေ၏။

"ဘယ်လိုလဲဗျ၊ ခင်ဗျားကလဲ ချိန်းထားတဲ့နေ့မှာ မရောက်ပါလားဗျ" ဟု မှုန်ကုပ်ကုပ်နှင့်လူက လူကြီးအား ဆီး၍ ပြောလိုက်လေ၏။ လူကြီးသည် တံတွေးကို ထွီခနဲ ထွေးလိုက်ပြီးနောက်...

"ချိန်းထားတဲ့နေ့မှာ ရောက်မလာတော့ ကိုယ့်လူက





သေဒဏ်ပေးမလို့လား၊ ဒီမှာ ကိုယ့်လူ၊ မလိမ္မာလို့ လူမိုက်လုပ်စားမှတော့ ဘယ်ကောင့်ကိုမှ မလေးစားနိုင်ဘူး၊ ဆရာလုပ်တာလဲ မခံနိုင်ဘူး၊ လူဆိုးလူမိုက်ချင်း အတူတူ တန်းတူရည်တူ အလုပ်လုပ်ကြမယ်ဆိုရင် ပူးပေါင်းမယ်၊ ကိုယ့်လူက ဓားပြလိုလို၊ လူဆိုးလိုလို လုပ်ပြီး ကျုပ်က တပည့်အဖြစ် ဝင်ရမယ်ဆိုရင်တော့ မဖြစ်နိုင်ဘူး"

"ခင်ဗျားမှာ ဗိုလ်လုပ်နိုင်တဲ့ အရည်အချင်း ရှိရင်လဲ ခင်ဗျားပဲ ဗိုလ်လုပ်ပေါ့ဗျာ" ဟု မှုန်ကုပ်ကုပ်လူက ပြောလေ၏။

"လူဆိုးလူမိုက်တွေပေါ်မှာ ဗိုလ်လုပ်ဖို့တော့ တခြားအရည်အချင်း လိုမယ်မထင်ပါဘူး၊ အစွမ်းကုန် မိုက်နိုင်တဲ့ အရည်အချင်းပဲ လိုတာပါ၊ ဒီတော့ ကိုယ့်လူတို့အထဲက အမိုက်ဆုံး ဘယ်သူလဲ၊ ဘယ်သူနဲ့ ပြိုင်ရမှာလဲ"

"ပြိုင်ရင်တော့ ကျုပ်နဲ့ပဲ ပြိုင်ရမှာပေါ့၊ ဒီမှာ ကျုပ်က ဗိုလ်ပဲ"

"စိန်လိုက်လေ၊ ကိုယ့်လူက ဘယ်လောက်မိုက်သလဲ၊ မိုက်ပြစမ်းပါ"

"ခင်ဗျားက ဘယ်လို စမ်းချင်လို့လဲ ကိုအောင်ကြီး"

"ဟောဒီမှာ ရန်ကုန်က ကျုပ် ဝှက်ယူလာတဲ့ သေနတ်ပါတယ်" ဟု ဆိုကာ ပေါင်၌ဝှက်၍ ချည်ထားသော ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်ပြီးနောက်...

"ကိုယ့်လူနဲ့ ကျုပ် ခေါင်းပန်းလှန်မယ်၊ ခေါင်းကျရင် ကျုပ်ကိုယ်ကျုပ် ပစ်သတ်သေမယ်၊ ပန်းကျရင် ကိုယ့်လူကို ပစ်သတ်မယ်၊ ကျေနပ်ရဲ့လား" ဟု ပြောလိုက်ပြီးနောက် အိတ်အတွင်းမှ ငွေမတ်စေ့ကလေးကို ထုတ်လိုက်လေ၏။

ဘမော်သည် လူကြီးကို သေသေချာချာ ကြည့်လေ၏။



obookshelf blogspot.com

http://obookshelf.blogspot.com



ဤလူကြီးကား မိမိ၏အသက်ကိုပင် ခေါင်းပန်းလှန်၍ အလောင်းအစား ပြုဝံ့ပေသည်တကားဟု လွန်စွာ အံ့ဩသွားမိလေ၏။

စားပွဲဝိုင်းမှ လူများသည် မှန်ကုပ်ကုပ်လူ၏ မျက်နှာကို ကြည့်နေကြလေ၏။ မှန်ကုပ်ကုပ်လူ၏ မျက်နှာသည် ရက်ခြင်း၊ ဒေါသထွက်ခြင်း၊ မခံချင်ခြင်း စသော စေတသိက်များကြောင့် ညိုပုပ်ပုပ်ကြီး ဖြစ်၍နေသည့်အပြင် ချွေးများထွက်၍ မျက်နှာတစ်ခုလုံး အဆီပြန်လျက် ရှိနေ၏။

လူကြီး၏ အသက်ကို လောင်းကြေးပြု၍ ခေါင်းပန်လှန်မည်ဟူသော စိန်ခေါ်ခြင်းကို ငြင်းဆိုလိုက်ပါကလည်း မိမိ၏တပည့်လူဆိုးများအပေါ်၌ သိက္ခာကျပေလိမ့်မည်။ စိန်ခေါ်သည့်အတိုင်း ပြုလုပ်ပါကလည်း အသက်ပါ ပျောက်သွားနိုင်သည့်အဖြစ်ကို တွေးကာ ချွေးစေးများပင် ထွက်၍နေလေ၏။

လူကြီးမှာမူ ဆေးပြင်းလိပ်တိုကြီးကို ပါးစပ်၌ ခဲလိုက်ပြီး ဣန္ဒြေမပျက် ထိုသူ၏မျက်နှာကို ကြည့်နေလေ၏။ ထိုသူလည်း နောက်ဆုံး၌ ဖြစ်ချင်ရာဖြစ်စေဟု သဘောထားကာ...

"စိန်လိုက်ဗျာ၊ သူသေကိုယ်သေပေါ့" ဟု ဆိုလိုက်လေ၏။ ထိုအခါ၌ ထိုသူ၏တပည့်များသည် ဟင်ခနဲ၊ ဟယ်ခနဲ ဖြစ်၍သွားလေ၏။

"ကိုယ့်လူမှာ သတ္တိတော့ မရှိဘူး၊ ကြောက်ကန်ကန်ဝံ့တဲ့ သဘောတော့ ရှိတယ်၊ ဒါပေမယ့် ကိုယ့်လူ သေရတော့မယ်" ဟု ဆိုကာ လူကြီးသည် လက်တွင်းမှ ငွေမတ်စေ့ကလေးကို ထောင်၍ပြလိုက်ပြီးလျှင် ချွင်ခနဲမြည်အောင် လက်မဖြင့်တောက်၍ တင်လိုက်လေ၏။ ငွေမတ်စေ့ကလေးသည် အပေါ်သို့ လွင့်၍ တက်သွားရာ လူဆိုးများသည် မျက်ခြည်မပြတ် လိုက်၍ကြည့်ကြ





လေ၏။ ငွေမတ်စေ့ကလေးသည် တက်သွားပြီးနောက် အရှိန်လျော့ကာ အောက်သို့ ပြန်၍ကျလာလေတော့၏။

"ဖမ်းတယ်"

ဘမော်သည် ငွေမတ်စေ့ကလေးအား ကြမ်းပြင်ပေါ်သို့ အကျမခံဘဲ လမ်းတဝက်တွင် လက်ဖြင့် ဖမ်းလိုက်ပြီးနောက် အထက်ပါအတိုင်း ဖမ်းတယ်ဟု အော်လိုက်လေ၏။

ထိုအခါ၌ လူကြီးသည် လက်တွင်းမှ သေနတ်ဖြင့် မှန်ကုပ်ကုပ်လူ၏ မျက်နှာကို ထိုး၍ချိန်လိုက်ပြီးလျှင် 'သေပေတော့' ဟု ပြောလိုက်ရာ လူဆိုးများအားလုံး အံ့အားသင့်၍ သွားကုန်ကြလေ၏။

"ပန်းကျမှ ကျုပ်ကို ပစ်ရမှာပဲ၊ အခုဟာက ဘာကျမှန်းလဲ မသိဘူး၊ လမ်းတဝက်မှာ ခင်ဗျားကောင်လေးက ဖမ်းလိုက်တာပဲ" ဟု မှန်ကုပ်ကုပ်နှင့်လူက ပြောလိုက်လေ၏။

"မဟုတ်ဘူး ကိုယ့်လူ၊ ပန်းကျရင်လဲ ကိုယ့်လူကို ပစ်ရမှာပဲ၊ ခေါင်းကျရင်လဲ ကိုယ့်လူကို ပစ်မှာပဲ" ဟု လူကြီးက ပြောလိုက်ပြန်လေ၏။

"ဒါတော့ ခင်ဗျား ညစ်တာပဲ၊ ခေါင်းကျရင်လဲ ကျုပ်ကို ပစ်မယ်၊ ပန်းကျရင်လဲ ကျုပ်ကိုပဲပစ်မယ်ဆိုတော့ ခင်ဗျားကိုယ်ခင်ဗျား ပစ်ဖို့တော့ မပါပါလား"

"ဒီလိုမဟုတ်ဘူး ကိုယ့်လူ၊ ကိုယ့်လူနဲ့ ပြောထားတာက တစ်မျိုး၊ ကျုပ်စိတ်ထဲမှာ ကျုပ်ဟာကျုပ် သတ်သတ်ဆုံးဖြတ်ထားတာက တခြား၊ ကျုပ်စိတ်ထဲမှာ ဘယ်လိုဆုံးဖြတ်ထားသလဲဆိုတော့ ပန်းကျရင်လဲ ကိုယ့်လူကို ပစ်မယ်၊ ခေါင်းကျရင်လဲ ကိုယ့်လူကိုပဲ ပစ်မယ်လို့ ဆုံးဖြတ်ထားတယ်"

http://obookshelf.blogspot.com



"ခင်ဗျားချည်း အနိုင်ပေါ့၊ ခင်ဗျားကိုယ်ခင်ဗျား ပစ်သတ်ဖို့တော့ ခင်ဗျားရဲ့ဆုံးဖြတ်ချက်ထဲမှာ မပါဘူးလား"

"ပါပါတယ်၊ လုံးလုံးမပါဘူးဆိုရင်တော့ ဘယ်ကလာ တရားပါ့မလဲ ကိုယ့်လူရာ၊ ပိုက်ဆံဟာ ကြမ်းပြင်ပေါ်မှာ ကျတဲ့အခါမှာ ခေါင်းလဲမဟုတ်၊ ပန်းလဲမဟုတ်ဘဲ တည့်တည့်မတ်မတ်များ ထောင်ပြီးနေရင်တော့ ကျုပ်ကိုယ်ကျုပ် ပစ်သတ်မယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဟဲ...ဟဲ...မတရားဘူးလား"

"မတရားဘူး"

"အေး...လူဆိုးဆိုတာ မတရားလုပ်ရတာပဲ မဟုတ်လား၊ တရားတာ လုပ်ချင်ရင် လူဆိုးမလုပ်နဲ့၊ တရားသူကြီးလုပ်၊ လူဆိုးလုပ်မှတော့ ကိုယ့်ဘက်ကို အမြဲတမ်း အသာရဖို့ စဉ်းစားရလိမ့်မယ်၊ ဘုရားဒကာစိတ်မျိုးရှိရင် လူဆိုးမလုပ်နဲ့ ကိုယ့်လူ၊ လူဆိုးလုပ်မိုက်လုပ်မှတော့ အစွမ်းကုန်မိုက် အစွမ်းကုန် မတရားလုပ်၊ အစွမ်းကုန် ရမ်းကား၊ အဲဒါပဲ ကောင်းတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒါမှန်တယ် ခင်ဗျားပဲ ဗိုလ်လုပ်ပါ" ဟု မှုန်ကုပ်ကုပ်လူ၏တပည့် လူဆိုးများက ဝိုင်းဝန်းထောက်ခံကြလေတော့၏။ မှုန်ကုပ်ကုပ်လူလည်း လွန်စွာအံ့အားသင့်လျက် သူ၏လူများကို ကြည့်ကာ...

"မင်းတို့ သူ့ကို ဗိုလ်တင်လိုက်ပြီလား" ဟု မေးလေတော့၏။

"ဟုတ်တယ် သူ့ကို ဗိုလ်တင်လိုက်ပြီ"

"အများသဘောတူရင်တော့ ခင်ဗျားပဲ ဗိုလ်လုပ်ပါ၊ ကျုပ်က နောက်လိုက် လုပ်မယ်" ဟု မှုန်ကုပ်ကုပ်လူက ကျေကျေနပ်နပ် ပြောလိုက်လေတော့၏။





"မဖြစ်ဘူး၊ ဒီအဖွဲ့မှာ ကျုပ် ဗိုလ်လုပ်ရမယ်ဆိုရင် ကိုယ့်လူကို လက်ခံထားလို့ မဖြစ်ဘူး၊ ကိုယ့်လူက ဗိုလ်လုပ်နေကျမို့ ဗိုလ်မလုပ်ရရင်တော့ အလုပ်လုပ်တဲ့အခါမှာ ယောင့်ကျိုးမှာ မဟုတ်ဘူး၊ ဒီတော့ နောက်လိုက်ကောင်းတစ်ယောက်ရဲ့ အရည်အချင်းမျိုး မရှိတဲ့လူကို ကျုပ်အဖွဲ့မှာ လက်မခံနိုင်ဘူး၊ ဒီတော့ ကိုယ့်လူနဲ့ ကိုယ့်လူရဲ့တပည့် ဂျပုကိုခေါ်ပြီး အခုတစ်ခါတည်း ထွက်သွားပါ" ဟု လူကြီးက ပြောလိုက်ရာ မှုန်ကုပ်ကုပ်လူသည် နေရာမှ ဝုန်းခနဲ ထလိုက်ပြီးလျှင် 'လာဟေ့ ဂျပု' ဟု ဆိုကာ ထွက်သွားကြလေ၏။

"ဟား...ဟား...ဟား"

လူကြီးသည် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။ လူကြီးနှင့်အတူ လူဆိုးများလည်း ရယ်မောကြလေ၏။ ထိုအထဲမှ တစ်ယောက်သော လူဆိုးသည် စိတ်မကောင်းဖြစ်သော မျက်နှာဖြင့် ထွက်သွားသူနှစ်ဦးကို ကြည့်၍နေသဖြင့် လူကြီးက...

"ဟေ့ကောင် ဘာဖြစ်တာလဲ" ဟု မေးလိုက်လေ၏။

"ကျုပ်တို့အပေါ်မှာ ဗိုလ်လုပ်လာခဲ့ပြီး အခုလို ထွက်သွားရတော့ သနားမိလို့ပါ ဆရာရယ်"

"သနားတယ် ဟုတ်လား၊ သနားတာ လူဆိုး မဟုတ်ဘူး၊ မင်းဟာ သနားတတ်တယ်ဆိုတော့ လူဆိုးဖြစ်ချင်လို့ ဖြစ်လာတဲ့အကောင် မဟုတ်ဘူး၊ ငတ်လို့ လူဆိုးဖြစ်နေတဲ့အကောင်၊ ထမင်းဝတာနဲ့ လူဆိုးဘဝကို စွန့်လွှတ်မယ့်ကောင်၊ မလိုချင်ဘူး၊ မင်းပါ ထွက်သွား" ဟု ဆိုကာ သေနတ်ဖြင့် ချိန်လိုက်ရာ ထိုလူဆိုးလည်း ထ၍ပြေးလေတော့၏။

"ကဲ...ဟေ့ကောင် ဘမော် မပျော်ဘူးလား" ဟု လူကြီးက

http://obookshelf.blogspot.com



မေးလိုက်လေ၏။

"မပျော်ဘူး၊ ဦးလေးပြောတော့ အကုသိုလ်အလုပ် မလုပ်ရဘူးဆို"

"ငါက လူဆိုးပဲကွာ၊ ငါပြောတဲ့စကားကို အမှန်ယူလို့ ဘယ်ရမလဲ ဘမော်၊ ပြီးတော့ ငါပြောခဲ့သားပဲ၊ မင်းကို သေမင်းဆီကို ခေါ်သွားမယ်လို့"

"ဒီလိုဆိုရင် ကျုပ်ပြန်မယ်၊ ကျုပ် လူဆိုး မလုပ်ချင်ဘူး၊ လူကောင်းပဲ လုပ်ချင်တယ်"

"အေး...ဒီလိုဆိုရင်လဲ သဘောပဲ၊ လူကောင်းဖြစ်တဲ့နည်းတော့ ငါ့ဆီမှာလဲ မရှိဘူး၊ ငါလဲမသိဘူး၊ ဒါကြောင့် ငါလဲ လူဆိုးဖြစ်နေတာ ဘမော်၊ ဒီတော့ မင်းသွားချင်ရာကို သွားနိုင်တယ်၊ ငါက မင်းကို ငယ်ငယ်ကတည်းက လူသတ်မှုဖြစ်ခဲ့ ထောင်ကျခဲ့တဲ့ကောင်မို့ လူဆိုးများ ဖြစ်မလားလို့ ခေါ်လာတာပဲ၊ လူကောင်းဖြစ်ချင်ရင်တော့ ကြွပေတော့"

ဘမော်သည် လူကြီးကို နှုတ်မျှပင်မဆက်တော့ဘဲ ထွက်လာခဲ့လေတော့၏။ အိမ်အဝသို့ရောက်လျှင် လူကြီးက နောက်မှလိုက်လာပြီးလျှင်...

"ဟေ့...ဘမော်၊ ငါ့ကို နှုတ်တောင် မဆက်တော့ဘူးလားကွ" ဟု ပြောလိုက်ရာ ဘမော်က...

"ကျုပ်လဲ နေတတ်သလို နေတာပဲ ဦးလေး" ဟု ပြောလိုက်လေ၏။

"အေး...ဟုတ်တယ်ဟေ့၊ မင်းတော့ နေတတ်သလိုနေ စာမေးပွဲ အောင်သွားပြီကိုး၊ ဟန်ကျသွားပြီ၊ တစ်နေ့တော့ မင်းလဲ ကောင်းစားမှာ အမှန်ပဲ၊ မင်းမှာ အားနာတယ်ဆိုတဲ့ ခပ်ညှံ့ညှံ့





စိတ်ဓာတ်မျိုးတွေ မရှိတော့ဘူး၊ ကောင်းတယ် ကောင်းတယ်၊ တစ်ခုတော့ မှာလိုက်ပါရစေကွာ၊ လူကောင်းလုပ်မယ်ဆိုရင်လဲ လူကောင်း ပီပီသသ ဖြစ်အောင်လုပ်ပါ"

ဘမော်သည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ ချာခနဲလှည့်၍ ထွက်လာခဲ့လေတော့၏။ ဘမော်သည် လူကြီးနှင့် အပြီးအပိုင် လမ်းခွဲခဲ့လေတော့၏။

ထိုအိမ်မှ ထွက်လာပြီးနောက် ဘမော်သည် မည်သည့်အရပ်ဒေသဆီသို့ သွားရမည်မသိဘဲ ခြေဦးတည့်ရာ လျှောက်၍ သွားလေတော့၏။

လူကြီးနှင့် သူ၏ တပည့်လက်သစ် လူမိုက်များသည် ထိုအိမ်အတွင်း၌ အရက်သောက်ရင်း ရယ်မော၍ ကျန်ရစ်ခဲ့လေတော့၏။

ဘမရာ၊ ပိတုန်းတို့သည်။ ပုပ္ဖံ၊ ပန်းကို။ ကာဠနွိ၊ အလိုရှိ ကုန်၏။ သုဇနာ၊ သူတော်ကောင်းတို့သည်။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ ကာဠနွိ၊ အလိုရှိကုန်၏။ မက္ခိကာ၊ ယင်တို့သည်။ ပူတိ၊ အပုပ်ကို။ ကာဠနွိ၊ အလိုရှိကုန်၏။ ဒုဇ္ဇနာ၊ သူယုတ်တို့သည်။ ဒေါသံ၊ အမျက်ကို။ ကာဠနွိ၊ အလိုရှိကုန်၏။

❖ ❖ ❖

http://obookshelf.blogspot.com





## ပန်းကန်ဆေးတဲ့ ပုဂံသား

ဘမော်သည် ခြေဦးတည့်ရာ လျှောက်၍လာခဲ့ရာ နောက်ဆုံး၌ ဘူတာရုံသို့ ရောက်ရှိခဲ့လေ၏။ ဘူတာရုံသို့ ရောက်လျှင် ဗယာကြော်နှစ်ခုကို ဝယ်၍ စားသောက်ကာ သောက်ရေအိုးစင်မှ ရေကို အဝသောက်လေ၏။ ထို့နောက် အုတ်နံရံတစ်ခုကို မှီ၍ ဆေးပေါ့လိပ်ကို ဖွာလျက် နာကျည်းဖွယ်ကောင်းသော မိမိ၏ အဖြစ်အပျက်များကို စဉ်းစားမိလေ၏။

ငင်းနှင့် မလှမ်းမကမ်းနေရာ၌ ဓာတ်သေတ္တာနှစ်လုံး ခန့် ရှိ၍ ထိုဓာတ်သေတ္တာ၏ အခြားတစ်ဖက်၌ လူသုံးလေးငါး ယောက်သည် ဓာတ်အကြောင်း ဆိုင်းအကြောင်း ပြောဆိုနေကြ လေသည်။

ဘမော်လည်း ထိုသူတို့ပြောဆိုသော အကြောင်းအရာကို နားစိုက်ထောင်သော်လည်း ခရီးပန်းလာသူ ဖြစ်သဖြင့် မကြာမီ၌ပင် အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။

ဘမော် အိပ်ရာမှ နိုးသည့်အခါ ဘမော်အဖို့ သာယာနာ

http://obookshelf.blogspot.com



ပျော့ဖွယ်ကောင်းသော အသံတစ်သံကို ကြားရလေ၏။ဘမော်သည် မျက်လုံးမဖွင့်သေးဘဲ ထိုအသံကို အရသာခံ၍ နားထောင်နေမိလေ၏။

***တောင်ကမ်းပါးယံစွယ်...မောင်နှံ မောင်နှံ ငှက်ကျေးတောင်ပံ...တောင်ပံယှက်ထွေး တေးထုံတျာ...ကျေးပျံကာ ရွေလည်တွဲတဲ့ အလှရယ်...ဟန်နွဲ့လို့သာ...***

သီချင်းဆိုသံမှာ အသံသြ အသံဝါကြီးနှင့် ဖြစ်သကဲ့သို့ တယောသံမှာလည်း လေးလေးတွဲ့တွဲ့ သြသြကြီး ဖြစ်ပေသည်။ သို့ရာတွင် အဆိုနှင့်အတီးသည် လွန်စွာလိုက်ဖက်လှသည်ဖြစ်ရာ ကြားရသူအဖို့ စိတ်ဝင်စားဖွယ်ရာ ကောင်းလှလေတော့၏။

"အခုဆိုတဲ့ သီချင်းကတော့ *ပုဂံသားမောင်ဘကျော်* ဆိုခဲ့တဲ့ မြိုင်ထသီချင်းပါခင်ဗျာ၊ *ပုဂံသားမောင်ဘကျော်* ဆိုတာ မန္တလေးရွှေမြို့တော်က ရုပ်သေးမင်းသမီးကြီး ဆရာပုနဲ့ တွဲဖက်ခဲ့တဲ့ မင်းသားပါပဲ၊ နာမည်ရင်းက ကိုဘကျော်တဲ့၊ ဇာတိက ကြေးနီရွာကပါ၊ ကြေးနီရွာဆိုတာ ချောက်မြို့အရှေ့ဘက်က ဖြစ်ပါတယ်၊ သူ့အဖေက ဦးဖူးတဲ့၊ တောင်သူကြီးပါပဲ၊ အမေကတော့ ဒေါ်မယ်ဗျော့တဲ့၊ သက္ကရာဇ် တွက်စစ်ပေးတော့ တစ်ထောင့်နှစ်ရာ သုံးဆယ့်လေးခုနှစ်မှာ မွေးပါတယ်"

***မာဂဓာ...ဘာသာလေလေ...ရွှေဥသြ၊ မြိုင်နံ့သာနိုင်ညှာ...လေ လေ သုတ်နှော...အိုယှက်ဖြာ...ရွက်ဝါရော...တောသမို့...ပြောလို့မကုန် ကျွားသစ်ဆင် ပျော်ကြောင်းရှာတယ်...ဂျီ သမင် ဖော်ပေါင်းတွေက စုံ...။***

သီချင်းသံနှင့် တယောသံ ထွက်ပေါ်လာပြန်၏။ ထို့နောက် ခေတ္တရပ်ကာ စကားပြောပြန်လေ၏။





"*ပုဂံသားမောင်ဘကျော်* ဟာ ငယ်စဉ်က ကြေးနီရွာ ဆရာတော် ဦးအာသဘထံမှာ ပညာသင်ကြားခဲ့ပါတယ်၊ အဆိုပညာ လက်ဦးဆရာကတော့ ဆရာဆင့်တဲ့၊ ဒုတိယဆရာကတော့ ဆရာဖိုးတဲ့၊ ပထမဆုံးတက်ရတဲ့ စင်ကတော့ ဦးလူကြီးရဲ့ ရုပ်လေးစင် ဖြစ်ပါတယ်၊ နောက်တော့ ဇာတ်ပွဲတွေမှာ အဆက်မပြတ်ကပြလေတော့ ကြေးနီကနေ ပုဂံကိုပြောင်းပြီး နေရာကအစ *ပုဂံသားမောင်ဘကျော်* ရယ်လို့ လူသိများ ကျော်ကြားခဲ့ပါတယ်"

ဘမော်သည် မျက်လုံးကိုဖွင့်၍ အသံလာရာဆီသို့ ကြည့်လိုက်ရာ အိပ်မပျော်မီက ဇာတ်သေတ္တာများ ရှိသောနေရာတွင် ဇာတ်သေတ္တာများကို မတွေ့ရတော့ပေ။ ထိုနေရာ၌ ဇာတ်သေတ္တာများလည်း မရှိတော့၊ ဇာတ်သမားများလည်း မရှိတော့ပေ။ လူကြီးတစ်ဦးသာလျှင် ဟွန်းတယောဟောင်းကြီးတစ်လက်ကို ထိုး၍ သီချင်းဆိုလိုက်၊ စကားပြောလိုက်နှင့် လုပ်နေသည်ကို တွေ့ရလေ၏။ ထိုလူကြီး၏ရှေ့၌လည်း ဒန်ခွက်တစ်လုံး ချထားသည်ဖြစ်ရာ ခရီးသည်များသည် ပိုက်ဆံအကြွေများ ထည့်၍သွားကြလေ၏။

လူကြီးသည် အနီးရှိ ချိုင့်စုတ်ကလေးအတွင်းမှ ရေနွေးကြမ်းကို ချိုင့်ဖုံးအတွင်းသို့ ငှဲ့၍ထည့်ပြီးလျှင် တုန်ယင်သောလက်များဖြင့် ကိုင်တွယ်ကာ သောက်လေ၏။ ထို့နောက် ပြောင်းဖူးဖက် ဆေးလိပ်ကြီးအား မီးညှိ၍ အားရပါးရ ရှိုက်ဖွာလေ၏။ ထိုသို့ရှိုက်ဖွာပြီးနောက် တယောကို ကောက်ယူကာ ကြိုးအနည်းငယ် ညှိလိုက်ပြီးလျှင် ဆက်လက်၍ တယောထိုးပြန်လေ၏။

***ဂျင်းသုပ်တွေလဲ စားသော်...ပွဲလယ်ခေါင်ထဲ အိပ်ပျော်...ခဲလံချောင်းနဲ့ ဗယာကြော်စားရင်း အိပ်ပျော်...မကြားမချင်း သိပ်အော် ဇာတ်ကွက်ဆိုရင် ပျို့စင်မယ် မသိ...အိပ်ပြန်ရင်းပ***

http://obookshelf.blogspot.com



တွေးကာမျှော်…သူများမေးတော့ ပြောရခက်သေးသနော်…

"ဆရာပုကလေး ဆိုခဲ့တဲ့ သီချင်းပါပဲခင်ဗျ၊ ပွဲခင်းထဲမှာ အိပ်ပျော်တဲ့ အပျိုမတွေ အိမ်ပြန်ရောက်လို့ ဇာတ်လမ်းဇာတ်ကွက် မေးရင် မပြောနိုင်ဘဲ ရှိလိမ့်မယ်၊ ထပြီးကြည့်ပါဦးလို့ နှိုးဆော်တဲ့ သီချင်းပါပဲ၊ ဆရာပုကလေးကို မန္တလေးမြောက်ပြင် ထားဝယ်စုရပ်မှာ မွေးပါတယ်၊ အဘ ဦးဘိုးမောင်တဲ့၊ အမိကတော့ ဒေါ်ထယ်လို့ ခေါ်ပါတယ်၊ အရှေ့ပြင် အနိပ်တော်ရပ်မှာ နေထိုင်ပါတယ်၊ သဘင်မျိုးရိုးထဲကပါပဲ၊ ဇာတ်ကွက်ဇာတ်လမ်း ခင်းတဲ့နေရာမှာ အင်မတန်နိုင်နင်းတဲ့ ပုဂ္ဂိုလ်ပါပဲ၊ အသံကလဲ တယ်ပြီးအောင်တယ် ခင်ဗျ၊ သူ့ရဲ့အစ်ကိုကြီးက ကိုလူသာတဲ့၊ ရုပ်သေးမင်းသမီးပါပဲ၊ အစ်ကိုလတ်လည်း ကိုကျော်လေးတဲ့၊ နာမည်ကြီး ဆရာကြွယ်နဲ့ တွဲဖူးတဲ့ သဘင်သမားကြီးပါပဲ၊ ဆရာပုကလေးဟာလဲ ဘမျိုးဘိုးတူ ဆိုတာလို သဘင်ဇာတ်ခံရှိတဲ့သူပါ ခင်ဗျာ"

တယောသမားကြီးသည် တယောထိုး၍ သီချင်းဆိုရုံမျှ မဟုတ်ဘဲ မူလသီဆိုခဲ့ကြသော သဘင်ပညာသည်ကြီးများ၏ အတ္ထုပ္ပတ္တိများကိုပါ ရှင်းပြလေ့ ရှိပေသည်။

ဘမော်သည် တယောသမားကြီး ဆိုပြ၊ တယောထိုးပြသော သီချင်းများထက် ပုဂံသားမောင်ဘကျော် ဆိုသည်ကို ပို၍စိတ်ဝင်စားမိလေ၏။ မိမိ၏ ဇာတိချက်ကြွေဖြစ်သော ပုဂံမြို့ကိုလည်း လွမ်းသလိုလို ဖြစ်၍လာလေ၏။ ပုဂံမြို့နှင့်အတူ မိမိ နေထိုင်ခဲ့သော စိန္တာမယ ဘုန်းတော်ကြီးကျောင်းကိုလည်း သတိရမိလေတော့၏။

ထိုဘုန်းကြီးကျောင်း၌ နေခဲ့စဉ်က ဘုန်းကြီးကျောင်း လှေကား အုတ်တိုင်ကြီးအား မှီ၍ "နော့ဇကနော့" ဟူသော ကိုး





ကြောင်းတွက် လက်ာလေးကို ကျက်မှတ်ခဲ့ရပုံမှအစ ထိုအုတ်တိုင်ကြီးအနီး၌ မိမိနှင့် သိကျွမ်းခဲ့ရသော သီသီဆိုသည့် အင်္ဂလိပ်ကျောင်းသူကလေးကိုပါ သတိရမိလေတော့၏။

ဘမော်သည် မိမိ၏ အဆင်မပြေသော ဘဝဖြစ်စဉ်ကိုပါ ပြန်လည်သတိရ၍ လာမိလေ၏။ မရေမရာ ဟိုရောက် ဒီရောက် ဖြစ်နေရသော မိမိ၏အဖြစ်ကို မြစ်ထဲချောင်းထဲ၌ မျောချင်ရာမျော၍နေသော ဒိုက်သရောကဲ့သို့ လည်းကောင်း၊ အမှိုက်ကဲ့သို့ လည်းကောင်း မြင်ယောင်၍ လာလေ၏။

မြစ်တွင်းချောင်းတွင်း၌ မျောနေသော အမှိုက် ဒိုက်သရောတို့သည်လည်း မည်သည့်နေရာ၌ ရပ်နားခွင့်ရမည် မသိဘဲ မျောချင်ရာ မျော၍နေဘိသကဲ့သို့ မိမိဘဝသည်လည်း မျောချင်ရာ မျော၍နေသည့်အဖြစ်ကို ရပ်နားပစ်လိုပေသည်။

ထိုသို့ရပ်နားပြီးနောက် မိမိနှင့် ငယ်စဉ်က သိကျွမ်းခဲ့ရသော သွားတက်ကလေးပေါ်အောင် ပြုံးတတ်သော၊ မိမိအား ကြင်နာတတ်သော သီသီနှင့်လည်း ပြန်လည်၍ တွေ့ဆုံလိုစိတ်များ ဖြစ်ပေါ်လာလေ၏။ သီသီကို တွေ့အောင်ရှာလိုစိတ်များ ဖြစ်ပေါ်၍လာလေ၏။ သို့ရာတွင် ရှာဖွေ၍ တွေ့ပြီထားဦး၊ သီသီက မှတ်မိပါ့မလား၊ မှတ်မိပြီထားဦး၊ သီသီက ကျောင်းသူကြီး၊ မိမိက ထောင်ထွက်၊ ထမင်းဆိုင် ခေါက်ဆွဲဆိုင်က ပန်းကန်ဆေး၊ ဒီတော့ အဖက်လုပ်၍ စကားပြောပါမည်လားဟူသည့် ဝမ်းနည်းဖွယ်ရာ အတွေးများသည် ဘမော်၏ခေါင်းတွင်း၌ ဖြစ်ပေါ်၍လာသဖြင့် ဘမော်၏နှလုံးသားသည် တမဟုတ်ချင်း၌ ဆွေးမြေ့သွားလေတော့၏။ ထို့ကြောင့် ဘမော်၏ မျက်လုံးအိမ်မှ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီး၍ကျလေတော့၏။

http://obookshelf.blogspot.com



ဒီဘဝမှာတော့ သီသီနှင့် ပြန်လည်ဆုံဆည်းရန် နည်းလမ်း မရှိတော့ကြောင်း တွေးမိသည့်အခါ၌ ဆွေးမြေ့လျက်ရှိသော ဘမော်၏နှလုံးသားသည် ညောင်ဗုဒ္ဓဟောပင်အား လေပြင်းခတ်ဘိသကဲ့သို့ ဆောက်တည်ရာမရ တဖျတ်ဖျတ်နှင့် လှုပ်ခါ၍ နေပေ၏။ မျက်လုံးအိမ်အတွင်းမှ မျက်ရည်များသည်လည်း အဆက်မပြတ် ယိုစီမ့်၍ လာလေတော့၏။

လူတို့၏စိတ်သည် ဆန်းကြယ်လှပေ၏။ မရနိုင်သောအရာကိုမှ လိုချင်မက်မောစိတ်များသည် ပို၍ ပြင်းထန်လှပေသည်။ ဘမော်သည် သီသီနှင့် ဆုံဆည်းလိုစိတ်များ ပို၍ပင် ပေါ်ပေါက်လာပြန်၏။

သီသီနှင့် ဆုံဆည်းရန် မဖြစ်နိုင်ဟူသော အခြင်းအရာနှင့် သီသီနှင့် လွန်စွာဆုံဆည်းလိုသော စိတ်စာတ်တို့သည် ဘမော်၏ရင်တွင်း၌ စစ်ခင်းလျက် ရှိကြလေ၏။ ထိုသို့ ဘမော်၏စိတ်၌ ဗလောင်ဆူ၍နေစဉ်တွင်...

***"ပရမ်းပတာ ဝေးသူနှင့် နီးချင်၍ မချမ်းသာတာတွေ ဆွေးအပူကြီးလို့မို့ တွေးယူပြီး မတမ်းတနှင့်တော့ လမ်းပြရန် အချက် ရှိသေးသဗျ"*** ဟူသော ငိုချင်းလိုလို၊ နတ်သံလိုလို အသံမျိုးနှင့်အတူ တယောသံပါ တယောထိုးသော လူကြီးထံမှ ထွက်ပေါ်၍ လာသဖြင့် ဘမော်သည် ဆတ်ခနဲ လူကြီးကို ကြည့်လိုက်လေ၏။

ဝေးရသူနှင့် နီးချင်၍ စိတ်မချမ်းမသာ ဖြစ်မနေနှင့်၊ အပူကြီးပူ၍ မနေနှင့်၊ ဆွေးပြီးမနေနှင့်၊ နီးရဖို့အတွက် လမ်းရှိသေးကြောင်း အဓိပ္ပါယ်ရသော အထက်ပါစာသားကို နားထောင်မိသည့်အခါ ဘမော်၏စိတ်တွင်း၌ သီသီနှင့် ပြန်လည်ဆုံဆည်းရန် နည်းလမ်းရှိသေးကြောင်း အတိတ်နိမိတ်ကောင်းပေပဲဟု မှတ်ယူကာ အားတက်သွားလေ၏။





ထိုသို့ အားတက်၍သွားသည်နှင့်အမျှ သီသီနှင့် ပြန်လည်၍ ဆုံဆည်းရန် မဖြစ်နိုင်တော့ဟူသော အတွေးသည် လုံးဝလွင့်ပျောက်သွားလေတော့၏။ ထိုအခါ၌ သီသီနှင့် ဆုံဆည်းနိုင်သော နည်းလမ်းတို့သည် တစ်ခုပြီးတစ်ခု ပေါ်ပေါက်၍ လာလေတော့၏။

ဘမော်သည် ငယ်စဉ်က မကြာခဏဆိုသလို ဘုန်းကြီးပျံပွဲများသို့ သွားရောက်တတ်လေရာ ကာလသားများသည် တစ်ဦးနှင့် တစ်ဦး လူချင်းကွဲသွားပါက ဘုန်းကြီးပျံရှိ ရုပ်သေးစင်အနီး ဂဠုန်တောင်ဟူသော နေရာ၌ သွားရောက်ကာ မိမိအဖော်အား ရှာဖွေလေ့ရှိကြောင်း သတိပြုမိလေသည်။ ဂဠုန်တောင်မှာ ပွဲခင်းတစ်ခုလုံးမှ မြင်နိုင်သောနေရာဖြစ်၍ ရှာဖွေသူက မတွေ့သည်ထားဦး၊ အရှာခံရသူက မိမိအား ရှာဖွေနေသူကို အလွယ်တကူ မြင်နိုင်ပေ၏။ ထိုအထဲတွင် မျက်နှာရဲသော ကာလသားတို့သည် ဂဠုန်တောင်၌သာ မဟုတ်ဘဲ ရုပ်သေးစင်ပေါ်သို့ တက်ကာ မိမိအဖော်အား ရှာဖွေခြင်းဖြင့် မိမိက မရှာဖွေနိုင်မီ၌ပင် အရှာခံရသူက မိမိအား မြင်တွေ့သွားတတ်ကြပေသည်။ ထိုအကြောင်းအရာတို့သည် ဘမော်၏ ဦးခေါင်းအတွင်းသို့ မည်သို့မည်ပုံ ဝင်ရောက်လာခဲ့သည် မသိပေ။ ဘမော်သည် သီသီအား ပြန်လည်ဆုံဆည်းရန်အတွက် အကောင်းဆုံးနည်းလမ်းကို ရှာဖွေတွေ့ရှိသွားလေတော့၏။

***"စင်ပေါ်ကနေ ရှာမယ်၊ မတွေ့တွေ့အောင် ရှာမယ်၊ မြန်မာတပြည်လုံးက လူတွေအားလုံး ငါ့ကို သိရမယ်၊ အဲဒီလို သိကြရင် သီသီလဲ ငါ့ကို သိရမယ်၊ သီသီ ငါ့ကိုသိတဲ့နေ့ဟာ***



OBookShelf .blogspot.com

http://obookshelf.blogspot.com



*သီသီနဲ့ ပြန်လည်ဆုံဆည်းရတဲ့နေ့ပဲ၊ ဒီနည်းဟာ အကောင်းဆုံးပဲ၊ လှူပျောက်ရှာတဲ့ နည်းထဲမှာ ဒီနည်းဟာ အကောင်းဆုံးပဲ"*

ဘမော်သည် အထက်ပါအတိုင်း စဉ်းစား၍ ဆုံးဖြတ်လိုက်လေတော့၏။

အမှန်စင်စစ် မိန်းမနှင့် ယောကျ်ားတို့၏ ချစ်ခြင်းမေတ္တာ၌ လွန်စွာအစွမ်းထက်သော အရာတစ်မျိုး ပါရှိပေသည်။ ထိုအရာအား မိန်းမနှင့် ယောကျ်ားတို့၏ ပေါင်းဖော်ရေး သက်သက်၌သာ အသုံးမပြုဘဲ အခြားသော အောင်မြင်ကြီးပွားရေးသို့ လမ်းကြောင်းပြောင်း၍ ပေးလိုက်ပါက နတ်သိကြားများ ဖန်ဆင်းသည့်အလား အောင်မြင်ကြီးပွားခြင်းတို့သည် ဖြစ်ပေါ်၍ လာလေတော့၏။ ထိုသဘောတရားများကို ဘမော်သည် လုံးဝမသိရှာပေ။ သီသီနှင့် ပြန်လည်ဆုံဆည်းရန် အတွက်သာလျှင် မိမိကိုယ်မိမိ အောင်မြင်ကျော်ကြား လူသိများသောအဖြစ်ကို ရယူရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

"ပုဂံသားမောင်ဘကျော် ပြီးရင် ငါ့အလှည့်ပဲ၊ ပုဂံသားမောင်ဘမော်ရယ်လို့ တပြည်လုံးက သိရမယ်ဟေ့" ဟု စိတ်တွင်းမှ ကြိမ်းဝါးလိုက်လေတော့၏။

ထို့နောက် မည်သည့်အကြောင်းအရာဖြင့် ကျော်ကြားအောင် လုပ်ရမည်ကို တွေးတောကြည့်ပြန်၏။ မိမိဝါသနာအလျောက် စိန်ငှက်ရိုးထံ၌ ဆိုင်းတီးခြင်း၊ တယောထိုးခြင်းပညာတို့ကို သင်ကြားခဲ့ပုံအား စဉ်းစား၍ ထိုပညာရပ်များနှင့်ပင် ကျော်ကြားအောင် လုပ်ရပေမည်ဟု ဆုံးဖြတ်လိုက်ပြန်၏။

ထိုအချိန်၌ တယောထိုးသော လူကြီးလည်း အတော်ကလေး ပင်ပန်းသွားပြီ ဖြစ်သဖြင့် သူ၏ဟွန်းတယောကြီးကို ချကာ





ရေနွေးကြမ်းကို ငုံ့၍သောက်ရင်း အနားယူ၍ နေလေ၏။

ဘမော်လည်း သူ၏လွယ်အိတ်ကို ယူလျက် လူကြီးအနီးသို့ ကပ်သွားပြီးလျှင်...

"ဦးလေးက တယောထိုးလဲ သိပ်ကောင်းတာပဲ၊ အဆိုလဲ သိပ်ကောင်းတာပဲ၊ သဘင်သည်ကြီးတွေရဲ့ အကြောင်းကိုလဲ သိလိုက်တာ လွန်နေတာပဲ၊ ဦးလေးက ဘာလဲဟင်" ဟု စကားစလိုက်လေ၏။

"ငါက ဘာလဲ ဟုတ်လား"

"ဟုတ်တယ် ဦးလေးက ဘာလဲ"

"ငါက ပိုက်ဆံတောင်းတဲ့ သူတောင်းစားပေါ့ကွ၊ ငါတောင်းနေတာ မင်းလဲ အမြင်သားပဲ မဟုတ်လား"

"ဒါတော့ မြင်တာပေါ့ ဦးလေးရယ်၊ အခုလို သူတောင်းစား မဖြစ်ခင်က ဦးလေးဟာ ဇာတ်ထဲကလားလို့ မေးတာပါ"

"မဟုတ်ဘူးကွ၊ ဇာတ်ထဲက မဟုတ်ဘူးကွ၊ ငါ့မျိုးရိုးမှာ သဘင်သည် ဇာတ်သမား တစ်ယောက်မှ မပါဘူး"

"အားလုံး သူတောင်းစားတွေချည်းပဲပေါ့"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ငါ့မျိုးရိုးက သူဌေးတွေချည်းပဲ၊ ငါလဲ သူဌေးသားပဲ"

"အင်း...ဆိုစမ်းပါဦး၊ သူဌေးသားကနေ ဘယ်လိုလုပ်ပြီး သူတောင်းစား ဖြစ်သွားရတာလဲ"

"သူ့ကို ချစ်လို့ပေါ့"

"ဘယ်သူ့ကို ချစ်လို့လဲ၊ ဂီတကို ချစ်လို့လား၊ သဘင်ပညာကို ချစ်လို့လား"

"ထွီ...ဘယ်ကလာ ဟုတ်ရမလဲ၊ မြနန်းနွယ်ကို ချစ်မိလို့"

http://obookshelf.blogspot.com



"မြနန်းနွယ်ဆိုတာ ဘယ်သူလဲ"

"မြနန်းနွယ်ဟာ မြနန်းနွယ်ပေါ့၊ ဘယ်သူ ရမှာလဲကွ"

"အဲဒီမြနန်းနွယ်ကို မသိလို့ မေးတာပေါ့"

"မင်းကလဲ ကြည့်တော့ စုတ်တီးစုတ်ပြတ်နဲ့ အမေးအမြန်း ထူလိုက်တာ မပြောနဲ့တော့၊ နေစမ်းပါဦး၊ မင်းက ဘာကောင်လဲ"

"ကျုပ်ကိုယ်ကျုပ် ဘာကောင်ရယ်လို့ ပြောရမှန်းတောင် မသိတော့ပါဘူးဗျာ"

"အလို...အမျိုးအမည် မထင်ရှားတဲ့ အညတရ ဒေဝတာ အိုနတ်သား ဆိုပါတော့၊ အဲဒါ အရေးမကြီးဘူး၊ မင်းဟာ သူခိုးတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးဗျာ"

"မင်းနာမည်"

"မောင်ဘမော်လို့ ခေါ်ပါတယ်"

"ဘယ်အရပ်သားလဲကွ"

"ပုဂံသားပါ ခင်ဗျ"

"ဟ...ပုဂံသား မောင်ဘကျော်လိုပါပဲလား၊ ပုဂံသား မောင်ဘမော်၊ ဟိတ် ခေါ်လို့ကောင်းတယ်ကွ"

"ကျုပ်လဲ ဂီတပညာ သင်ချင်ပါတယ် ဦးလေး"

"သင်ပြီးတော့"

"သင်ပြီးရင် အဲဒီပညာနဲ့ ကျော်ကြားအောင် လုပ်မယ်"

"ကျော်ကြားတော့"

"ကျော်ကြားတော့ မြန်မာတပြည်လုံးမှာ ရှိတဲ့လူတွေ ကျုပ်ကို သိမယ်"





"သိတော့"

"သိတော့ သူလဲ သိမယ်"

"သူဆိုတာ ဘယ်သူလဲကွ"

"သူဆိုတာ သီသီကို ပြောတာ"

"သီသီဆိုတာ ဘယ်သူလဲကွ"

"သီသီဆိုတာ သီသီပေါ့ဗျ၊ ဘယ်သူ ရမှာလဲ"

"ဟိုက်...တယ်လာတဲ့ ပုဂံသားပါလား၊ တစ်ချက်တည်းနဲ့ ငါ့စကားကို ချေပစ်လိုက်တယ်၊ ကြိုက်ပြီဟေ့၊ ထားပါတော့၊ မင်းပြောတဲ့ သီသီက သိပြီဆိုပါတော့"

"သိတော့ သီသီနဲ့ ကျုပ်နဲ့ ပြန်ပြီးတွေ့မယ်"

"တွေ့တော့"

"တွေ့တော့ ကြိုက်ကြမယ်"

"မင်းက ကြိုက်မှာလား၊ သူက ကြိုက်မှာလား"

"ကျုပ်က အရင်ကြိုက်မယ်၊ ပြီးတော့ သူကလဲ ကြိုက်မယ်"

"သူက မင်းကို ကြိုက်မယ်လို့ ပြောလို့လား"

"မပြောပါဘူး၊ ကျုပ်ထင်တာ ပြောတာပါ ဦးလေး"

"ထင်တာတွေ ပြောစတမ်းဆိုရင် ငါနဲ့ မြနန်းနွယ်နဲ့ ညားတာ ကြာလှပြီ၊ ငါလဲ အခုလို သူတောင်းစား မဖြစ်တော့ဘူး မောင်ရေ့"

"ဦးလေးပြောလိုက်တော့ ကျုပ်တောင် စိတ်ပျက်သွားပြီဗျာ"

"ဘာကို စိတ်ပျက်တာလဲ ပုဂံသားရဲ့"

"သီသီနဲ့ တွေ့ဖို့ကိစ္စကို ပြောတာပါ"



OBookShelf
blogspot.com

http://obookshelf.blogspot.com



"မင်းဟာ တော်တော်သိမ်ဖျင်းတဲ့ကောင်ပဲ၊ အလွန်အင်မတန် အဆင့်အတန်းမြင့်တဲ့ ဂီတပညာ အနုဘောဘာဏ ပညာကြီးကို မိန်းမရှာဖို့လောက် သဘောထားတဲ့ကောင်ပဲ၊ နေစမ်းပါဦး၊ အရင်က မင်း ဘာအလုပ်လုပ်ခဲ့သလဲ"

"ပန်းကန်ဆေး လုပ်ခဲ့တယ်"

"ကောင်းကွာ ပန်းကန်ဆေးတဲ့ ပုဂံသား ငါလစွား တယ်မှပဲ၊ အခုတခါ အောင်မြင်ကျော်ကြားတဲ့ ဂီတသမားကြီး ဖြစ်အောင် လုပ်ပြီး မိန်းမကို ရှာမယ်"

"မိန်းမ မဟုတ်ပါဘူး ဦးလေးရ သီသီပါ"

"သီသီဆိုတာ မိန်းမ မဟုတ်ရင် ယောကျ်ားလား"

"ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမယ့် ဦးလေးက သီသီကို မိန်းမ မိန်းမလို့ ပြောတော့ ကျုပ်နားထဲမှာ တစ်မျိုးကြီးပဲ "

"ထားပါတော့ကွာ၊ မင်းနဲ့ ငါနဲ့ကတော့ ရောဂါချင်း ခပ်ဆင်ဆင်ပဲကွ၊ ငါကတော့ ဂီတထဲ သဘင်ထဲကို ရောက်သွားလို့ မြနန်းနွယ်နဲ့ တွေ့ရတယ်၊ မင်းကတော့ သီသီနဲ့တွေ့အောင် အဲဒီနယ်ထဲ သွားဖို့ကြံနေတယ်၊ ဟား...ဟား...မလုပ်နဲ့...ဟော့ကောင်၊ ငါ့လို သူတောင်းစား ဖြစ်သွားလိမ့်မယ်"

ဘမော်သည် လူကြီး၏ချိုင့်ကို ကောက်ယူ၍ ရေနွေးကြမ်းများကို မော့သောက်လေ၏။

"ဟော့...ပုဂံသား အကုန်လုံး သောက်ပစ်ရသလားကွ"

"ရေငတ်လို့ပါဗျ"

"သွားပြီးတောင်းချေ၊ ဆာဒါးရည်ပါ နည်းနည်းထည့်ခဲ့"

ဘမော်သည် ချိုင့်ကိုယူ၍ ကုလားလက်ဖက်ရည်ဆိုင်သို့ သွားရောက်ကာ ရေနွေးတောင်းလေ၏။ ထို့နောက် လက်ဖက်





ခြောက်ရည် အနည်းငယ်ကို ထည့်ခိုင်း၍ ပြန်လာခဲ့လေ၏။

ဘမော် ပြန်ရောက်သည့်အခါ၌ လူကြီးသည် ထမင်းချိုင့်ကလေးအတွင်းမှ ဟင်းဖတ်ဟင်းနများ ပေကျံလျက်ရှိသော ထမင်းအနည်းငယ်ကို စားသောက်လေ၏။ ထို့နောက် ရေနွေးကြမ်းကို ငှဲ့၍ သောက်လေ၏။ ရေနွေးကြမ်း သောက်ပြီးသည့်အခါ၌ ပြောင်းဖူးဖက် ဆေးလိပ်ကို ဖွာလေ၏။

"ငါတို့တိုင်းပြည်မှာ လူဦးရေ ဘယ်လောက်ရှိသလဲ ပုဂံသား"

"မသိဘူး ဦးလေး"

"တော်တော် ဗဟုသုတနဲ့ ပြည့်စုံတဲ့ကောင်ပဲ၊ မှတ်ထားကွ၊ (၁၅)သန်းကျော် ရှိတယ်၊ အဲဒီ (၁၅)သန်းကျော်ထဲမှာ သဘင်ပညာသည် ဂီတပညာသည် ဆိုတာက နည်းနည်းလေးပါကွာ၊ အဲဒီ နည်း သည်းလေးထဲမှာမှ အလွန်အင်မတန် နာမည်ကြီးတဲ့၊ အောင်မြင်တဲ့ ပညာသည်ဆိုတာကလဲ လက်ချိုးပြီး ရေတွက်လို့ရပါတယ်၊ ဒီတော့ ရတောင့်ရခဲဖြစ်တဲ့ သဘင်ပညာသည်ဘဝ၊ ဂီတပညာသည်ဘဝကိုလဲ ရရှိမယ်၊ အဲဒီမှာလဲ အောင်မြင်ကျော်ကြားမယ်ဆိုရင် အလွန်ပဲ ကောင်းပါတယ်၊ ဒါပေမယ့် အဲဒီလိုဖြစ်အောင် လုပ်တာဟာ မိန်းမတစ်ယောက်ကို ရှာဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ရင်တော့ ဂီတပညာသည်ကြီးတွေ သဘင်ပညာသည်ကြီးတွေကို စော်ကားသလို ဖြစ်မနေဘူးလား"

"အင်း...ဟုတ်တယ်၊ ဦးလေးပြောတာ ဟုတ်တယ်"

"ဒီတော့ မင်းရဲ့ ဟန်မကျတဲ့ အစီအစဉ်တွေကို ဖျက်ပစ်လိုက်ပါကွာ၊ ဖျက်ပစ်မယ်ဆိုရင် ရှေ့ကို ဆက်ပြီးလျှောက်ရမယ့် မင်းရဲ့ တစ်သက်တာ ခရီးလမ်းကြောင်းကို ဘယ်ပုံဘယ်နည်း

http://obookshelf.blogspot.com



လျှောက်ရမယ်ဆိုတဲ့ အလွန်အင်မတန် အရေးကြီးတဲ့နည်းလမ်းကို ငါပြောပြမယ်"

ဘမော်သည် လူကြီး၏စကားကို ကြားရသည့်အခါ၌ မခိုးမခန့်ကလေး ရယ်မောလိုက်လေ၏။

"ဘယ်လိုလဲ ပုဂံသားရဲ့၊ ငါလို သူတောင်းစားက နည်းစနစ်ကောင်း ပေးမယ်ဆိုတာကို သဘောကျလို့ ရယ်တာလား၊ ချစ်တဲ့သူအတွက် စိတ်ဒုက္ခရောက်ရတဲ့ လူထဲမှာ ငါကလဲ ထိပ်ဆုံးက ပါခဲ့လေတော့ ငါ့လိုမဖြစ်ရအောင် မင်းကို ပြောနေတာ"

"စိတ်မဆိုးပါနဲ့ ဦးလေးရာ၊ ပြောမှာသာ ပြောစမ်းပါ"

"အေး...ငါတို့တိုင်းပြည်မှာ လူတွေကတော့ အများကြီးပဲ၊ ဒါပေမယ်လို့ သဘင်နဲ့ ဂီတဘက်မှာ တကယ်ထူးချွန်တဲ့လူတွေက နည်းသေးတယ်၊ ဒီတော့ ကြိုးစားပါ၊ ကြိုးစားတာဟာ မင်းအတွက် မဖြစ်စေနဲ့၊ လူတွေအတွက် ဖြစ်စေရမယ်၊ ဘယ်သူနဲ့ပဲ တွေ့တွေ့ ကိုယ်ကစပြီး အကျိုးပြုပါ၊ လူလူချင်း အကျိုးမပြုနိုင်ရင် အကျိုးမပြုတတ်ရင် ဒုက္ခိတ ဖြစ်နေတာနဲ့ အတူတူပဲ၊ မင်းဟာ ဒုက္ခိတတစ်ယောက် မဟုတ်ဘူးဆိုရင် လူတွေကို အကျိုးပြုပါ၊ အဲဒီနည်းဟာ မင်းကို အောင်မြင်မှုစင်မြင့်ပေါ်ကို တင်ပေးမယ့် နည်းပဲကွ၊ တချို့လူတွေဟာ အောင်မြင်တဲ့လူတွေကို ကြည့်ပြီး အားကျနေတတ်ကြတယ်၊ တချို့ကျတော့လဲ မနာလိုဖြစ်ပြီး နေတတ်ကြတယ်၊ သူတို့ဟာ အခု ငါပြောတဲ့ အောင်မြင်နည်း လျှို့ဝှက်ချက်ကို မသိရှာကြလို့ပဲ"

"ဦးလေးပြောတာ ကျုပ်တော့ မရှင်းဘူး၊ ကျုပ် နားလည်အောင် ရှင်းရှင်း ပြောစမ်းပါဗျာ"

"မင်းအနေနဲ့ အောင်မြင်ကျော်ကြားတဲ့သူ ဖြစ်ချင်လား"





"ဖြစ်ချင်တယ်"

"အဲဒီလို ဖြစ်ချင်တာဟာ အောင်မြင်ကျော်ကြားရင် ငွေတွေ အများကြီးရမယ်ဆိုတဲ့ ရည်ရွယ်ချက်၊ မင်းရှာနေတဲ့ သီသီဆိုတဲ့ ကောင်မလေးနဲ့ တွေ့ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အောင်မြင် ကျော်ကြားချင်တာ ဆိုရင်တော့ မဖြစ်နိုင်ဘူး၊ တကယ်ကတော့ ငါသာ အောင်မြင်ခဲ့ရင် လူတွေကို ငါတတ်တဲ့ပညာနဲ့ ဘယ်လို အကျိုးပြုလိုက်မယ်ဆိုတဲ့ စေတနာမျိုး ရှိဖို့လိုတယ်၊ အဲဒီ စေတနာမျိုး မင်းမှာ ပေါ်ပေါက်လာရင် မင်းတော့ အောင်မြင်ပြီ မှတ်ပေတော့"

"ဟုတ်ပါ့မလားဗျ"

"မယုံရင် စမ်းကြည့်လေ"

"ကောင်းပါပြီ၊ ဦးလေးပြောသလို လူတွေကို အကျိုးပြုဖို့ဆိုတဲ့ စေတနာကောင်းကို ရအောင် မွေးမြူပါ့မယ်၊ ဒါနဲ့နေပါဦး၊ ဦးလေးနာမည်ကို မသိရသေးဘူးလား"

"မပြောပါရစေနဲ့ ပုဂံသားရယ်"

ဘမော်သည် သဘင်ပညာရှင်များ၏ အတ္တုပ္ပတ္တိကို စရေ့စေ့ တွင်းကျသိ၍ လွန်စွာမှလည်း တယောထိုးကောင်းလှသော သူတောင်းစား အဘိုးကြီး၏ အနီးမှ ထွက်ခွာခဲ့လေတော့၏။ များမကြာမီ၌ ရန်ကုန်ဘက်သို့ ထွက်မည့် ရထားတစ်စီးသည် ဘူတာရှေ့၌ ဥဩသံ ပေးနေသောကြောင့် ဘမော်သည် ရထားလက်မှတ်ကို ဝယ်ယူကာ ရထားပေါ်သို့ တက်ခဲ့လေတော့၏။

ဘမော်သည် ရထားစတင်ထွက်သည့်အခါ၌ သူတောင်းစား အဘိုးကြီး ပြောပြလိုက်သော လူတွေကို ကူညီမည်ဆိုသော စေတနာနှင့် ကြိုးစားလျှင် အောင်မြင်ပေမည်ဟူသည့် လွန်စွာ

http://obookshelf.blogspot.com



လူသိနည်းသော လျှို့ဝှက်နည်းစနစ်ကို စဉ်းစားရင်း လိုက်ပါ၍ လာလေသည်။

**လောကေ**၊ လောက၌။ **စန္ဒနတဂရ**၊ စန္ဒကူးပင်သည်။ **သုကျေ့ာပီ**၊ ခြောက်သွေ့သော်လည်း။ **ဂန္ဓံ**၊ အနံ့ကို။ **နဇဟာတိ**၊ မစွန့်။ **နာဂေါ**၊ ဆင်ပြောင်သည်။ **ဂတောပိ**၊ စစ်မြေပြင်သို့ ရောက်သော်လည်း။ **နရမုခေ**၊ လူတို့၏ မျက်မှောက်၌။ **လီဠံ**၊ တင့်တယ်ခြင်းကို။ **နဇဟာတိ**၊ မစွန့်။ **ဥစ္ဆု**၊ ကြံသည်။ **ယန္တဂတောပိ**၊ ယန္တရားစက်၏အဝသို့ ရောက်သော်လည်း။ **မဓုရသံ**၊ ချိုသောအရသာကို။ **နဇဟာတိ**၊ မစွန့်။ **ပဏ္ဍိတဇနော**၊ ပညာရှိ သူတော်ကောင်းသည်။ **ဒုက္ခောပိ**၊ ဆင်းရဲခြင်းသို့ ရောက်သော်လည်း။ **ဓမ္မံ**၊ သူတော်ကောင်းတရားကို။ **နဇဟာတိဧဝ**၊ မစွန့်သလျှင်ကတည်း။

❖ ❖ ❖





## သူတောင်းစားကြီး ပေးသည့်နည်းကို စမ်းသပ်ပြီ

အင်းစိန်ဘူတာသို့ ရထားဆိုက်သည့်အခါ၌ ဇာတ်ရုံကြီး တစ်ရုံကို ရထားပေါ်မှ တွေ့မြင်ရလေ၏။ ဇာတ်ရုံအဝင်ဝ၌လည်း ကွေးနေအောင် ကနေသည့် မင်းသမီးပုံနှင့် 'ယိုးဒယားမကျင်စိန် ဇာတ်အဖွဲ့' ဆိုသည့် ဆိုင်းဘုတ်ကို ချိတ်ဆွဲထားလေ၏။

ဘမော်သည် ဇာတ်ရုံနှင့် မင်းသမီးပုံကို တွေ့မြင်သည့် အခါ၌ ဇာတ်ထဲတွင် ဝင်ရောက်လုပ်ကိုင်လိုစိတ်များ ပေါ်ပေါက် လာလေ၏။ ခေါက်ဆွဲဆိုင်၌ ပန်းကန်ဆေး၊ စားပွဲထိုးရခြင်းထက် ဇာတ်အဖွဲ့နှင့် လိုက်ပါရခြင်းက မိမိအဖို့ တိုးတက်ဖွယ်ရာလမ်းရှိ သည်ကို ရိပ်စားမိလေ၏။

သို့ရာတွင် မိမိနှင့်သိကျွမ်းသူ တစ်ယောက်တစ်လေမျှ မရှိဘဲလျက် ဇာတ်ထဲသို့ မည်သို့မည်ပုံ ဝင်ရောက်ရမည်ကို စဉ်းစား၍ မရနိုင်အောင် ရှိလေတော့၏။ ထိုအချိန်၌ လူဆိုးလူမိုက်ကြီး ဦးသိုင်း(ခေါ်)ဦးအောင်ကြီး ပြောဖူးသည့် 'အံဝင်ခွင်ကျ' ဟူသော စကားကို အမှတ်ရမိလေတော့၏။

http://obookshelf.blogspot.com



"အင်း...ဒီအချိန်မှာ ငါဟာ လူရာမဝင်တဲ့ကောင်၊ အသုံးမကျတဲ့ကောင်၊ အထင်ကြီးစရာဆိုလို့ ဘာတစ်ခုမှ မရှိတဲ့ကောင်ပဲ၊ ဒီလိုကောင်မျိုးက ရှက်နေတယ်၊ စိတ်ကြီးဝင်နေတယ်ဆိုရင် အံ့ဝင်ခွင်ကျ မဖြစ်ဘူး၊ ငါ့အနေနဲ့ ရှက်နေလို့ မဖြစ်ဘူး၊ စိတ်ကြီးဝင်နေလို့ မဖြစ်ပေဘူး၊ ဓာတ်ထဲကို မရှက်မကြောက် သွားမှပဲ၊ ဘာမှမဟုတ်တဲ့ကောင်ဟာ ဘာမှမဟုတ်တဲ့ကောင်လို နေမှ၊ အဲဒီလို နေရင် အံ့ဝင်ခွင်ကျဖြစ်ပြီ" ဟု တစ်ကိုယ်တည်း ရေရွတ်ကာ ရထားပေါ်မှ ဆင်း၍သွားလေ၏။

ရထားပေါ်မှ ဆင်းပြီးနောက် ဓာတ်ရုံရှိရာသို့ သွားပြီးလျှင် ဓာတ်ရုံရှေ့တွင် ချိတ်ဆွဲထားသော ရုပ်ပုံကားချပ်များကို ကြည့်ရှုလေ၏။ ထိုရုပ်ပုံကားချပ်များ၌ ***'စိန်လက်ညှိုး စီးသည်'*** ဟူသော စာကို တွေ့ရလေ၏။

ဘမော်သည် ရုပ်ပုံကားချပ်ပေါ်မှ စာများကို အပြည့်အစုံ ဖတ်ကြည့်မိလေ၏။

"စိန်လက်ညှိုးစီးသည့် ယိုးဒယားမကျင်စိန်၊ စိန်လက်ညှိုးက ဘာကို စီးပါလိမ့်၊ ယိုးဒယားမကျင်စိန်ကို စီးတယ်ဆိုပါလား၊ ယိုးဒယားမကျင်စိန်က မင်းသမီးပဲ၊ စီးရအောင် မြင်းလဲ မဟုတ်ပါဘဲလျက် ဘယ်လိုများ စီးပါလိမ့်"

အထက်ပါအတိုင်း ဘမော်သည် ရေရွတ်နေစဉ် လူနှစ်ယောက်သည် ထိုကြော်ငြာကို မော့၍ကြည့်ပြီးလျှင်...

"ဟော့ကောင် စိန်လက်ညှိုးစီးတယ် ဆိုပါလား၊ ကောင်းမယ်ဟေ့" ဟု သူ၏အဖော်ကို ပြောလိုက်လေသည်။

"စိန်လက်ညှိုးက ဘာကိုစီးတာလဲ ခင်ဗျ" ဟု ဘမော်က ဝင်ရောက်၍ မေးလိုက်လေ၏။





"ဓာတ်ကို စီးတာပေါ့ကွ"

"ဓာတ်ကို ဘယ်လိုစီးတာလဲ"

"ဒီကောင်ကလဲ နားဝေးလိုက်တာကွာ၊ ဓာတ်ကြီးတစ်ခုလုံးကို ဦးစီးဦးကိုင်လုပ်ပြီး ဓာတ်ကွက်ဓာတ်လမ်းတွေ စီစဉ်တာကို ပြောတာကွ"

ထိုအခါကျမှပင် 'စိန်လက်ညှိုးစီးသည့် ယိုးဒယားမကျင်စိန်' ဆိုသည့်စာကို နားလည်သဘောပေါက်သွားလေ၏။ ထိုသို့ နားလည်သွားသည့်အခါ၌ နောက်လူများ မိမိကဲ့သို့ မဖြစ်စေရန်အတွက် စာကို ရှင်းရှင်းလင်းလင်း ရေးမည်ဟု စိတ်ပိုင်းဖြတ်လျက် အနီးအနားရှိ အကြော်ဆိုင်မှ မီးသွေးခဲကို သွားရောက်ယူကာ ထိုကြော်ငြာပေါ်၌ အောက်ပါအတိုင်း ရေးသားလေ၏။

***စိန်လက်ညှိုးစီးသည်မှာ ယိုးဒယားမကျင်စိန်ကို စီးသည်မဟုတ်၊ ဓာတ်ကို ဦးစီးခြင်းဖြစ်သည်။***

ထိုအခါ အနီးအနားမှ လူများလည်း ဘမော်ရေးသည်ကို လာရောက် ဖတ်ကြည့်ပြီးနောက် ဆူညံစွာ ရယ်မောကြလေ၏။

ဘမော်လည်း ထိုနေရာမှတဖန် ဓာတ်ရုံနောက်သို့ သွားရောက်ပြန်၏။ ဓာတ်ရုံနောက်သို့ရောက်လျှင် မိုးဗြဲဒယ်ကြီးဖြင့် ထမင်းချက်လျက်ရှိသော ထမင်းချက် အဘိုးကြီးထံသို့ သွားရောက်ပြီးလျှင်...

"ဘကြီး၊ ကျုပ် ဘာကူရမလဲ" ဟု မေးလိုက်ရာ မျက်နှာ၌ ကျောက်ပေါက်မာ ဗရပွစ်ရှိပြီး လွန်စွာ ပါးစပ်ပြဲလှသော ထမင်းချက် အဘိုးကြီးက ကြည့်၍မကောင်းသော သူ၏မျက်နှာကြီးကို မဲ့ရွဲ့လျက်...

"မကူပါနဲ့ကွာ၊ မနှောင့်ယှက်ရင်ဘဲ တော်လှပါပြီ" ဟု

http://obookshelf.blogspot.com



ခါးခါးသီးသီး ငြင်းလိုက်လေ၏။

ဘမော်သည် ထိုဓာတ်အဖွဲ့၌ လိုက်ပါလိုသည်ဖြစ်ရာ ထမင်းချက်အဘိုးကြီးအား မရမက ပေါင်းသင်း၍ ထမင်းချက်အကူအဖြစ်ဖြင့် လိုက်ပါရန် စဉ်းစားမိသော်လည်း အဘိုးကြီးက သူ့အား အလိုမကျသော မျက်နှာနှင့် ကြည့်နေသဖြင့် အခက်တွေ့၍ နေပေသည်။

ဘမော်သည် ဆေးပေါ့လိပ်တိုကို ထုတ်၍ မီးညှိကာ ရှိုက်ဖွာရင်း ထမင်းချက်အဘိုးကြီး မည်သည့်အချက်၌ ကူညီ၍ အကြိုက်တွေ့အောင် လုပ်ရမည်ကို စဉ်းစားနေလေ၏။ ထိုသို့ စဉ်းစားနေစဉ် မီးဖိုအနီး၌ ခွဲလက်စထင်းများ၊ မခွဲရသေးသော ထင်းတုံးများနှင့် ပုဆိန်တစ်လက်ကို တွေ့သဖြင့် 'ဟုတ်ပြီ အဘိုးကြီး မောလို့ မခွဲနိုင်ဘဲထားတာ ဖြစ်ရမယ်' ဟု စိတ်တွေးထင်မိသည့်အလျောက် လွယ်အိတ်နှင့် ဆေးပေါ့လိပ်ကို ချလျက် 'လာလေ့၊ လာလေ့' ဟု ညာသံပေးလျက် ထင်းတုံးများကို တဖြန်းဖြန်း ခွဲလေတော့၏။

နာရီဝက်ခန့်ကြာလျှင် ဘမော်သည် ထင်းတုံးများ အားလုံးကို ခွဲ၍ ပြီးသွားလေတော့၏။ ထိုအခါ၌ ချွေးကိုသုတ်လျက်...

"ကဲ...ဘကြီး ထင်းတွေတော့ ခွဲပြီးပြီ" ဟု အားရဝမ်းသာ ပြောလိုက်လေ၏။

"ထင်းတွေ ခွဲပြီးတော့ ငါက ဘာလုပ်ရမလဲ၊ ထင်းခွဲခ ပိုက်ဆံပေးရမှာလား"

"မပေးရဘူး၊ ဘကြီးကို ကူညီတာ"

"မလိုပါဘူးကွာ၊ မင်းတို့လိုကောင်တွေ တွေ့ပေါင်းများလှပြီ၊ ဓာတ်ရုံနောက်ဖေးကို လာမယ်၊ ထမင်းချက်တဲ့လူနဲ့ မိတ်ဆွေ





ဖွဲ့မယ်၊ မီးသမားနဲ့ မိတ်ဆွေဖွဲ့မယ်၊ ပြီးတော့ ဓာတ်ရုံထဲကို ဝင်မယ်၊ နောက်ဆုံးမှာ တစ်ခုခုကို အလစ်သုတ်သွားတော့တာပဲ၊ ဒါမျိုးတွေ ရိုးနေပြီ ငါ့လူ"

"ဩော်...ဘကြီးက ကျုပ်ကို သူခိုးမှတ်နေတာကိုး"

"အမွေးမြင် အပင်သိပါတယ် ငါ့လူရယ်၊ ဒီတော့ မြန်မြန်ကြွပေတော့"

ဘမော်သည် လွန်စွာအားငယ်၍ သွားလေ၏။ မျက်နှာကောင်း ရမည်လားဟု ထင်းများကို တပင့်တပန်း ခွဲ၍ပေးခဲ့ရသဖြင့် အမောမျှပင် မပြေသေးပေ။ ထမင်းချက်အဘိုးကြီးသည် မိမိအား သူခိုးသူဝှက် အလစ်သုတ်သမားဟု မှတ်ထင်၍နေသည့်အတွက် မိမိအဖြစ်ကို မိမိ ဝမ်းနည်း၍သွားလေ၏။ ရှက်လည်း ရှက်မိ၏။ ဒေါသလည်း ထွက်မိပေသည်။ ထို့ကြောင့် ဓာတ်နှင့် လိုက်မည်ဟူသော အကြံအစည်ကို ဖျက်လိုက်လျှင် ကောင်းမည်ဟု တွေးမိသေး၏။

ဓာတ်နှင့် မလိုက်လျှင် ဒီအတိုင်းထွက်သွားရန် မဖြစ်နိုင်ပေ။ မိမိအား အကြောင်းမဲ့ အထင်သေးလျက်ရှိသော ထမင်းချက်အဘိုးကြီးအား ဒူးဖြင့်တိုက်၍ သွားသင့်ပေသည်။ သို့တည်းမဟုတ် မျက်နှာကို လက်သီးဖြင့်ထိုး၍ သွားသင့်ပေသည်ဟု စဉ်းစားမိလေ၏။

သူတောင်းစားအဘိုးကြီး ပြောသည့် ***လူတွေကို ကူညီ၍ မိမိ၏အကြံအစည်ကို အထမြောက်အောင် ဆောင်ရွက်ပါ*** ဟူသော နည်းစနစ်သည် တကယ်၌ မဖြစ်နိုင်ကြောင်း ဘမော် မြင်တွေ့ရပေပြီ။

သူတောင်းစားအဘိုးကြီးသည် မိမိအား မဖြစ်နိုင်သော

http://obookshelf.blogspot.com



နည်းကိုပေး၍ ချောက်တွန်းလိုက်ခြင်းပေလောဟု သံသယ ဖြစ်မိသေး၏။

ထိုနေရာ၌ ဘမော်သည် ထမင်းချက် အဘိုးကြီးအား ခြေဆုံးခေါင်းဆုံး ကြည့်၍ ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ နေလေ၏။ ထို့နောက် ထမင်းချက် အဘိုးကြီးအား မကျေနပ်သောစိတ်တို့သည် ဘမော်အား လက်စားချေလိုစိတ်ကို ဖြစ်ပေါ်စေလေ၏။

"တခြားကို မသွားဘူး၊ ဒီဓာတ်ထဲကို မရရှာဲနည်းနဲ့ လိုက်မယ်၊ ဒီဓာတ်မှာကို အကြီးအကဲဖြစ်အောင် လုပ်မယ်၊ အဲဒီအခါကျမှ ဒီလူကြီးကို အကြောင်းပြမယ်" ဟု စိတ်၌ ကြိမ်းဝါးလျက် အဘိုးကြီး၏အနီးမှ ခွာ၍ ဓာတ်ရုံပေါက်အနီးဆီသို့ သွားလေ၏။

ဓာတ်ရုံပေါက်အနီး၌ ရေစည်နှစ်လုံးရှိ၍ ထိုရေစည်အနီး၌ ဓာတ်သမားတို့သည် ထမင်းပန်းကန် ဟင်းပန်းကန်များကို ဆေးကြောရန်အတွက် ရောက်ရှိနေကြလေ၏။

ဘမော်လည်း ရေစည်အနီးသို့ ကပ်သွားပြီးလျှင် ယိမ်းသမတစ်ဦး၏ လက်မှ ပန်းကန်ကို ဆွဲယူလိုက်လေ၏။

"ဘာလုပ်တာလဲ" ဟု ယိမ်းသမက လန့်၍အော်လိုက်သည်။

"ကျုပ် ဆေးပေးမယ်" ဟု ဆိုကာ ဘမော်သည် ယိမ်းသမ၏ ပန်းကန်ကို ဆေးပေးလေ၏။ ထို့နောက် လူရွှင်တော်၏မိန်းမလက်မှ ပန်းကန်ကို ယူ၍ ဆေးပေးပြန်၏။

"အားလုံး ပန်းကန်တွေ ခွက်တွေ ထားခဲ့ပါခင်ဗျာ၊ ကျုပ်ဆေးပါ့မယ်" ဟု ဘမော်က ပြောလိုက်လျှင် ဓာတ်သမား သုံး



လေးယောက်သည် သူတို့၏လက်တွင်းမှ ပန်းကန်နှင့် ခွက်များကို ဘမော်ရှေ့၌ ချထားခဲ့လေ၏။ ကျန်လူများမှာမူ မယုံသလိုနှင့် ဘမော်ဆေးနေသည်ကို ကြည့်လေ၏။ မိန်းမကြီးတစ်ယောက်ကမူ...

"ဒီကောင်မျိုးလေးတွေပေါ့၊ ဟိုဟာ လုပ်ပေးပါရစေ၊ ဒီဟာ လုပ်ပေးပါရစေနဲ့၊ နောက်တော့ ပစ္စည်းတွေ ခိုးသွားတာ" ဟု ပြောလိုက်လေ၏။ ထိုအခါ မိန်းကလေးတစ်ယောက်က...

"ဒေါ်သိန်းကတော့ မြင်မြင်ကရာကို သူခိုးပဲ ထင်နေတာပဲ၊ သူ့ခမျာ ထမင်းလေးဘာလေး စားရအောင် လုပ်ပေးနေတာနဲ့တူပါရဲ့၊ ဒါမျိုးက ကျွေးသင့်ပါတယ်" ဟု ပြောလိုက်လျှင် ဒေါ်သိန်းယဉ်ဆိုသူ အဒေါ်ကြီးက...

"ညည်းကျွေးချင်ရင် ကျွေးပေါ့" ဟု ဆိုကာ မေးကိုငေါ့၍ ပြောလေ၏။

"ကျွေးရမယ်၊ စားရမဲ့ သောက်ရမဲ့လူကို ကျွေးရတာဟာ ပိုပြီးကုသိုလ်ရတယ်"

"ကျွေးပေါ့"

"ကျွေးမယ်၊ ကျွန်မမှာ ရှိတာ အကုန်ကျွေးမယ်"

"အကုန်တော့ မကျွေးပါနဲ့ဟယ်၊ ငါတို့လူပျက်တွေ စားဖို့တော့ ချန်ထားပါဦး" ဟု လူပြက်သိန်းတန်ဆိုသူက အနက်တွေးလျှင် တွေးသလောက် ရနိုင်သော ပြက်လုံးဖြင့် မထိတထိ စလိုက်လေ၏။

ထိုအခါ မိန်းကလေးသည် လူပြက်သိန်းတန်ကို မျက်စောင်း ထိုး၍ ကြည့်လိုက်ကာ...

"ကိုယ့်အသက်လဲ ကိုယ်အားနာပါဦး" ဟု ပြောလိုက်လေ၏။

http://obookshelf.blogspot.com



"ဟုတ်သားပဲ သိန်းတန်ရယ်၊ မင်းကလဲ မင်းသမီးပေါက်စလေးတွေဆိုရင် ရိသဲ့သဲ့နဲ့၊ သက္ကရာဇ်ကဖြင့် သိကြားမင်းဖင်ကိုဆောင့်နေပြီ" ဟု ဝန်ကြီးခန်းများ၌သာ အသုံးဝင်တော့သော မင်းသားကြီး ဦးစံပက ဝင်ရောက်၍ ဟန့်တားလိုက်လေ၏။

"ဘကြီးစံပကလဲ ဇာတ်ထဲလိုက်နေတာ အိုပြီးသေတော့မယ်၊ ဘာမှလဲ မသိဘူး၊ လူပျက်ဆိုတာ မင်းသမီးရဲ့ ကိုယ်တစ်ခြမ်းကို ပိုင်တယ်ဗျ" ဟု သိန်းတန်က ပြောလိုက်လေသည်။

"အင်း...ဟုတ်တယ်၊ လူပြက်ရဲ့ ပါးတစ်ဖက်ကိုလဲ မင်းသမီးရဲ့ လက်ဝါးက ပိုင်တယ်ရှင့်" ဟု မိန်းကလေးက ဆတ်ဆတ်ထိမခံ ပြောလိုက်လေ၏။ သိန်းတန်လည်း ထိုနေရာမှ ချာကနဲလှည့်၍ ထွက်သွားလေတော့၏။

"အစ်မလေး...ပေး" ဟု ဆိုကာ ဘမော်က မိန်းကလေးလက်မှ ထမင်းချိုင့်ကို ယူ၍ ဆေးကြောပေးလေ၏။ မိန်းကလေးကလည်း ဘမော်ကို သနားသဖြင့် ကူညီဆေးပေးလေ၏။

ဇာတ်တစ်ခုလုံးရှိ ပန်းကန်များ၊ ထမင်းချိုင့်များကို ကူညီဆေးကြောပြီးနောက် ဘမော်သည် ရေပုံးနှင့်ထမ်းပိုးကို ယူကာ ရေကန်မှ ရေများကို ထမ်း၍ စည်များအတွင်းသို့ ထည့်ပြန်၏။

ဘမော်လုပ်ကိုင်နေသည်ကို ကြည့်ရှု၍ အမျိုးမျိုး ထင်မြင်ချက် ပေးလေ၏။

အချို့က ထမင်းစားချင်၍ဟု ထင်၏။ အချို့က ဇာတ်ထဲတွင် ဆိုချင်ကချင်၍ဟု ထင်၏။ အချို့က နိုးဂုက်ချင်၍ဟု ထင်၏။ အချို့က ယိမ်းသမလေးများကို ပိုးပန်းလို၍ဟု ထင်၏။

ထိုသို့ကြည့်ရှုနေကြသည့်အထဲတွင် ဇာတ်ပိုင်ရှင်ဦးပွကြီးဆိုသူလည်း ပါ၏။ ဤဇာတ်၏ ခေါင်းဆောင်မင်းသမီးဖြစ်သော





ယိုးဒယားမကျင်စိန်လည်းပါ၏။ စိန်လက်ညှိုးဟု ခေါ်သည့် ဇာတ်လမ်း ဇာတ်ကွက် ညွှန်ကြားပြသသော ဆရာကြီးလည်း ပါ၏။ ယိမ်းသမကလေးများလည်း ပါ၏။

ဘမော် ရေထမ်းပြီးသောအခါ၌ ဇာတ်ပိုင်ရှင် ဦးပွကြီးက ဘမော်အား ခေါ်ယူ၍...

"ဟေ့ကောင်...ရေထမ်းခ ဘယ်လောက်ပေးရမလဲ" ဟု အကဲစမ်းသော သဘောဖြင့် မေးလေ၏။

"ကျွန်တော် ရေလဲ ထမ်းပေးပါ့မယ်၊ တစ်ဇာတ်လုံးက ပန်းကန်တွေ ခွက်တွေလည်း ဆေးပေးပါ့မယ်၊ ဇာတ်ပြောင်းတဲ့အခါမှာ ထမ်းစရာ ပိုးစရာ ရှိရင်လဲ ကျွန်တော်တစ်ယောက်တည်း ထမ်းပိုးပါ့မယ်၊ တခြားလဲ ခိုင်းစရာရှိရင် ခိုင်းပါ၊ ကျွန်တော် ဇာတ်ထဲကို လိုက်ပါရစေ" ဟု ဘမော်က ပြောလိုက်လေ၏။

"အေး...ဇာတ်ထဲကိုတော့ လိုက်ခွင့်ပေးမယ်၊ လက်ဆော့ခြေဆော့လုပ်ရင်တော့ ငါနဲ့အတွေ့ပဲ" ဟု ဆိုကာ မျက်နှာလွှဲလိုက်လေ၏။

ဘမော်လည်း ဇာတ်ထဲသို့ လိုက်ပါခွင့်ရသဖြင့် အကြီးအကျယ် ဝမ်းမြောက်သွားလေတော့၏။ သူတောင်းစားကြီး ပေးလိုက်သော နည်းစနစ်ကား မိမိအား ချောက်တွန်းလိုက်သော နည်းစနစ်မျိုး မဟုတ်ကြောင်း သိရှိရလေတော့၏။

"ဟေ့ကောင်လေး ဇာတ်အကြောင်း ကောင်းကောင်း သိရအောင် ဒီကိုလာခဲ့စမ်း၊ ငါ့ကို နင်းပေးစမ်း" ဟု လူရွှင်တော်သိန်းတန်က ခေါ်လိုက်လေ၏။

"ထမင်း မစားရသေးဘူး မဟုတ်လား၊ ဒီကိုလာပြီး ထမင်းစားလိုက်ဦး" ဟု သိန်းတန်နှင့် စကားများသော မိန်းမကြီး

http://obookshelf.blogspot.com



က ဘမော်ကို ထမင်းခေါ်၍ ကျွေးလေ၏။

ဘမော်သည် ထမင်းစားရ ကောင်းနိုးနိုး၊ လှူရှင်တော်ကြီးကို သွားရောက်၍ နှင်းပေးရ ကောင်းနိုးနိုးဖြင့် မဆုံးဖြတ်နိုင်ဘဲ ရှိလေ၏။

"လာပါ ထမင်းစားလိုက်ပါဦး၊ သူ့ကိုနှင်းမပေးလဲ ဘာမှ မဖြစ်ဘူး၊ ဇာတ်ဆရာ (ပိုင်ရှင်)က လိုက်ခွင့်ပြုလိုက်မှပဲ" ဟု မိန်းကလေးက ပြောလိုက်သဖြင့် ဘမော်လည်း မိန်းကလေးထံသို့ သွားရောက်ကာ ထမင်းကို စားလေ၏။ အနီးရှိ အခြားယိမ်းသမလေး တစ်ယောက်က...

"နာမည် ဘယ်လိုခေါ်သလဲ" ဟု မေးလိုက်လေ၏။

"ဘမော်"

"နာမည်က တယ်ကောင်းပါလား၊ အဘတောင် မော်ကြည့်ရတယ်ပေါ့"

"လူပျက်မယားကတော့ လုပ်ပြီ" ဟု ဘမော်အား ထမင်းကျွေးသော မိန်းကလေးက ပြောလိုက်လျှင် အပြောခံရသော ယိမ်းသမကလေးကလည်း အညံ့မခံဘဲ...

"ဟုတ်ပါတယ်၊ ငါတို့ကတော့ လူပြက်မယားပဲ ထားလိုက်ပါတော့ မြမြရယ်၊ ညည်းသာ ရေထမ်းသမားမယား၊ ကားဆွဲမယား မဖြစ်ပါစေနဲ့" ဟု ပြန်၍ပက်လိုက်လေ၏။

ဘမော်လည်း ထမင်းစားပြီးနောက် ပန်းကန်ခွက်ယောက်များကို ဆေးကြော၍ ဇာတ်စင်၏အရှေ့ဘက် ဆိုင်းဝိုင်းဆီသို့ သွားရောက်ကြည့်ရှုရာ တစ်ပြားနှစ်ပြားကို ငြင်းခုံလျက် ဖဲရိုက်နေသော ဆိုင်းသမားအချို့နှင့် ဖင်ပေါ်ခေါင်းပေါ် အိပ်ပျော်လျက်ရှိသော ဆိုင်းဆရာစိန်ကရမက်၊ ဆေးပေါ့လိပ်အတွင်းသို့ မည်းမည်း





အမှုန့်များ ထည့်နေသည့် နဲ့ဆရာကြီးတို့ကို တွေ့ရလေ၏။

ဘမော်သည် ယိုးဒယားမကျောင်စိန် ဇာတ်အဖွဲ့၌ တစ်ဇာတ်လုံး၏ ခိုင်းဖတ် ဘုံကျွန်အဖြစ်ကို ရရှိခြင်းကိုပင် ဘုရင်ခံရာထူးကို ရရှိသူကဲ့သို့ ဝမ်းမြောက်ဝမ်းသာ နေပေတော့၏။

လောကေ၊ လောက၌။ **ဓနစညပယောဂေသု**၊ ဥစ္စာစပါး ရောင်းဝယ်သောအခါတို့၌ လည်းကောင်း။ **တထာ**၊ ထိုမှတပါး။ **ဝိဒ္ဒဂမေသု စ**၊ အတတ်သင်သောအခါတို့၌ လည်းကောင်း။ **ဒူတေသု**၊ တမန်အစေအပါးခံသောအခါတို့၌ လည်းကောင်း။ **အပစာရေသု**၊ မေထုန်မှီဝဲသောအခါတို့၌ လည်းကောင်း။ **တဒါ တေသု ကာလေသု**၊ ထိုအခါတို့၌။ **လဇ္ဇာ**၊ အရှက်အကြောက်ကို။ **စဇ္ဇာ**၊ စွန့်သည်။ **ဘဝေ**၊ ဖြစ်ရာ၏။

❖ ❖ ❖



OBookShelf
MyanmarBook.com

http://obookshelf.blogspot.com



OBookShelf



## လက်ညှိုးကို ဖြတ်ပစ်မည်

ဘမော် ဓာတ်ထဲသို့ရောက်သည့်နေ့မှစ၍ တစ်ဓာတ်လုံးက ဝိုင်း၍ခိုင်းစေကြလေ၏။ ဘမော်၏ အလုပ်တာဝန်များမှာ မနည်းလှပေ။ ညတွင် ကားဆွဲလုပ်ရ၏။ ရုံပွဲကသောအခါများ၌ ရုံပေါက်စောင့်ရ၏။ ရုံခါခေါင်းလောင်း ထိုးရ၏။ မြင်းလှည်းနှင့် ကြော်ငြာထည့်သည့်အခါ၌ စည်တိုနှင့် လင်ကွင်းကို ထုရ၏။ ဓာတ်သမားများ လက်ဖက်ရည် ဝယ်ခိုင်းလျှင် လက်ဖက်ရည် ဝယ်၍ပေးရလေ၏။

ယိုးဒယားမကျင်စိန် ရေချိုးရန် ရေထမ်းပေးရ၏။ ဓာတ်အုပ် ဓာတ်စီး စိန်လက်ညှိုးအား နှိပ်နယ်ပေးရ၏။ ဆိုင်းစရာစိန်ကရမက် စေခိုင်းသမျှ လုပ်ကိုင်ပေးရ၏။

ဓာတ်နားသောညများ၌ အောက်လင်းမီးများ ထွန်းညှိရ၏။ မည်သည့်အလုပ်မျှ မရှိလျှင် ထမင်းချက်ကြီးကို ကူညီရလေ၏။

ထို့ကြောင့် ဓာတ်တစ်ခုလုံးတွင် ဟိုက ဘမော်၊ သည်က

http://obookshelf.blogspot.com



ဘမော်နှင့် ဘမော်၏နာမည်သည် ရေပန်းစားလျက် ရှိပေသည်။ ဘမော်ကလည်း အနိုင်ခံရသည်ဟု သဘောမထားဘဲ လူတိုင်းကို ကူညီနေရသည်ဟု သဘောထားကာ နိုင်းစေသမျှကို မညည်းမညူ လုပ်ကိုင်ပေးသည်ဖြစ်ရာ တစ်စထက်တစ်စ ဘမော်အား လူချစ်လူခင် များ၍လာလေ၏။

စိန်လက်ညှိုး၏တပည့် ဟန်စိန်ဟုခေါ်သည့် ကားဆွဲခေါင်းဆောင် (ယခုအခေါ် စတိတ်ဒါရိုက်တာ)သည် လွန်စွာမျက်စိမှုန်သူ ဖြစ်ပေရာ မည်သည့်အခန်းပြီးလျှင် မည်သည့်အခန်းထွက်ရမည်ကို စာရွက်ဖြင့် သေသေချာချာ ရေးမှတ်ထားပါလျက် မကြာခဏ မှားယွင်းသောကြောင့် ဘမော်က ယင်းဟန်စိန်အား ကူညီရလေ၏။

ဤသို့နှင့်ပင် ဇာတ်အဖွဲ့နှင့် လိုက်ပါခဲ့ရာ မြို့အနှံ့ နယ်အနှံ့ ရောက်ရှိခဲ့လေ၏။ ဇာတ်အဖွဲ့၏သဘော ဇာတ်သမားများ၏ သဘောကိုလည်း နားလည်စ ပြု၍လာလေ၏။ ဘမော် လိုက်ရသော ဇာတ်အဖွဲ့မှ ဇာတ်သမားများသည် တစ်ဦးကိုတစ်ဦး လွန်စွာ မနာလိုစိတ်များ ထားကြလေ၏။ မင်းသမီးချင်းလည်း ဂုဏ်တု ဂုဏ်ပြိုင် လုပ်၏။ တစ်ဦးကိုတစ်ဦး ဖေးမခြင်းမရှိ မိမိက သာသောအကွက်ရလျှင် သာသလိုလုပ်သွား၏။ လူရွှင်တော်ချင်းလည်း မသင့်မြတ်။ ဇာတ်စင်ပေါ်မှလူများနှင့် ဆိုင်းအဖွဲ့မှလူများလည်း မျက်စောင်းတခဲခဲ ရှိလေ၏။

ဇာတ်သမားတို့၌ တူညီသောအချက်တော့ ရှိ၏။ ထိုအချက်ကား ဇာတ်ပိုင်ရှင် ဦးပွကြီးဆိုသူကို ငွေကုန်ကြေးကျ များနစ်ရန် အားလုံး သဘောတူကြ၏။

အမဲသားချည်း ချက်ကျွေးလျှင် ဇာတ်သမားအားလုံး





ချိုပေါက်ကုန်ပြီဟု လူရွှင်တော်များက ပွဲထဲတွင် ပြက်လုံးထုတ်၏။ ထိုနည်းတူစွာ ဖားသားပေါသဖြင့် ဖားသားများ လှိုင်လှိုင်ချက်ကျွေးလျှင်လည်း သီချင်းဆိုရမည့်နေရာ၌ သီချင်းမဆိုတော့ဘဲ "အုံအွမ် အုံအွမ်" ဟု လူရွှင်တော်တစ်ဦးက ဖားအော်သကဲ့သို့ အော်၏။ ကျန်တစ်ယောက်က 'ဟေ့ကောင်...ဒီနေရာ သီချင်းဆိုရမှာ ဘာဖြစ်လို့ သီချင်းမဆိုဘဲ ဖားလို အော်နေရတာလဲ' ဟု မေးလျှင် လူရွှင်တော်က 'ဖားသားတွေချည်း ချက်ကျွေးလို့ သီချင်းအသာထားလို့ လူစကားတွေတောင် မေ့ကုန်ပြီ၊ ဖားစကားတွေပဲ တတ်တော့တယ်' ဟု ပြက်လုံးထုတ်၍ ဇာတ်ပိုင်ရှင်ကို သရော်၏။

ထို့ပြင် ဇာတ်တွင်း၌ လိင်ပြဿနာ ရှုပ်ထွေးလှ၏။ နဲ့ဆရာ မိန်းမနှင့် မင်းသားကြီး ဖျောက်မထား၏။ ယိမ်းသမကလေးနှင့် မင်းသားလတ်က တီတတ်တီတတ်ပုန်း ဖြစ်နေ၏။ ပတ်တီးဆရာက လူပျက်မိန်းမကို ကြိ၏။

ဤမျှ လူကြားမကောင်းသော အဖြစ်အပျက်များကိုလည်း ဇာတ်ကွက်အတွင်း၌ သွတ်သွင်းပြောဆို၍ တစ်ဦးကို တစ်ဦး အရှက်ခွဲလေ၏။

ဇာတ်လမ်းတစ်ခုတွင် နဲ့ဆရာကြီးမိန်းမနှင့် မရှင်းမရှင်းဖြစ်၍နေသော မင်းသားကြီးသည် တောပုန်းကြီး လုပ်ရ၏။ ဘုရင်က တောပုန်းကြီးကို အရအမိ ဖမ်းရန်အတွက် ဘုရင်တို့ဘုန်း၊ မိုးသို့ချွန်း၊ လူပုန်း တောမှာမနေသာ စသည်ဖြင့် ဇာတ်စာများကို ရွတ်၍ တောပုန်းကြီးကို ဖမ်းရန်အတွက် ရာဇသံကို ရွတ်ဆို၏။ ထိုအခါ၌ လူရွှင်တော် သိန်းတန်က 'မှန်လှပါ၊ ဘုရင်တို့ဘုန်း၊ မိုးသို့ချွန်း၊ လူပုန်း တောမှာမနေသာပါ ဘုရား၊ တောမှာမနေသာလို့ မနေပါဘူးဘုရား' ဟု လျှောက်တင်၏။ ဘုရင်လုပ်သူက

http://obookshelf.blogspot.com



'တောမှာ မနေရင် ဘယ်မှာနေသလဲ မောင်မင်း' ဟု ပြန်၍မေး၏။ 'မှန်လှပါ ဘုန်းတော်ကြောင့် တောမှာမနေသာလို့ နဲ့ဆရာကြီး မိန်းမ ခြင်ထောင်ထဲမှာ နေကြောင်းပါဘုရား' ဟု ဆိုလိုက်ရာ ဇာတ်တစ်ဇာတ်လုံး ဝေါကနဲ ပွဲကျ၍ သွားလေ၏။ ပရိသတ်မှာမူ ထိုပြက်လုံး၏ အဓိပ္ပါယ်ကို မသိသဖြင့် မရယ်လိုက်ရသော်လည်း ဇာတ်တစ်ဇာတ်လုံးမှာမူ အူတက်မတတ် ရယ်ကြရရုံမျှမက လူရွှင်တော် သိန်းတန်နှင့် နဲ့ဆရာကြီးတို့သည် ကန့်လန့်ကာနောက်ကွယ်တွင် နောင်ကျိမ် ချကြပေတော့၏။

ဘမော်မှာမူ ဆိုင်းဆရာအနီး နဲ့ဆရာအနီးသို့ မကြာခဏ ကပ်ခါ လေ့လာ၏။ ပါးစပ်ဖြင့် သီချင်းအလိုက်များကို တော့ကြည့်၏။ တစ်ခါတစ်ရံ မောင်းဝိုင်း၌ ဝင်၍ခေါက်ကြည့်ကာ တစ်ခါတစ်ရံ ကြေးနောင်ဝိုင်း၌ ဝင်၍စမ်းကြည့်၏။ ဤသို့နှင့်ပင် အတီးအမှတ်များနှင့် တစ်စထက်တစ်စ နီးစပ်၍ လာလေ၏။

တစ်နေ့သ၌ ဘမော်တို့ ဇာတ်အဖွဲ့သည် မအူပင်မြို့တွင် ပြုလုပ်မြဲဖြစ်သော ဦးရှင်ကြီးပွဲ၌ ကပြရန်အတွက် ရောက်ရှိနေလေ၏။ ဘမော်သည် ဇာတ်မင်းသမီး စက္ကဝက်ကြည်က လက်ဖက်ရည် ဝယ်ခိုင်းသဖြင့် ပွဲဈေးတန်းသို့ လက်ဖက်ရည်ဝယ်ရန် ချိုင့်ကလေးဆွဲ၍ ထွက်လာလေ၏။ ပွဲဈေးတန်းသို့ ရောက်လျှင် လက်ဖက်ရည်ဆိုင်သို့ ဝင်ကာ လက်ဖက်ရည် ဝယ်ယူပြီးလျှင် ဇာတ်ရုံဘက်သို့ ပြန်၍လာလေ၏။ ထိုအခါ၌ လူတစ်ယောက်သည် သူ၏နောက်မှ လိုက်လာပြီးလျှင်...

"ဒီမှာ ငါ့ညီ ခဏနေဦးကွ" ဟု ဆိုသဖြင့် ဘမော်လည်း ရပ်၍ လှည့်ကြည့်လိုက်ရာ ဝတ်ကောင်းစားလှများကို သေသပ်ကျနစွာ ဝတ်ဆင်ထားသော လူတစ်ယောက်ကို တွေ့ရလေ၏။





"ငါ့ညီနဲ့ စကားပြောချင်လို့ပါ၊ အေးအေးဆေးဆေး စကားပြောကြရအောင်ကွာ" ဟု ထိုသူက ဆိုလေ၏။

"အေးအေးဆေးဆေး ပြောလို့မရဘူး၊ လက်ဖက်ရည်တွေ အေးကုန်လိမ့်မယ်၊ လက်ဖက်ရည် သွားပို့လိုက်ဦးမယ်"

"လက်ဖက်ရည်က ဘယ်သူ ဝယ်ခိုင်းတာလဲကွ"

"မင်းသမီး စက္ကဝက်ကြည်က ဝယ်ခိုင်းတာပါ"

"ငါပြောမှာလဲ အဲဒီကိစ္စပဲကွ"

"လက်ဖက်ရည်ကိစ္စလား"

"မဟုတ်ပါဘူး၊ စက္ကဝက်ကြည်ကိစ္စပါ၊ တ(ဲ)ဒိတ်ကလေး နားထောင်စမ်းပါကွာ"

"နားထောင်လို့ မရဘူး၊ လက်ဖက်ရည်တွေ အေးကုန်လိမ့်မယ်၊ လက်ဖက်ရည် သွားပြီးပို့လိုက်ဦးမယ်၊ အစ်ကို ဒီက စောင့်နေပါ"

ဘမော်လည်း လက်ဖက်ရည်ချိုင့်ကို သွား၍ပို့ပြီးနောက် ပြန်၍ထွက်လာလေ၏။ ထိုသူလည်း စောင့်၍နေ၏။ ဘမော်ကို တွေ့လျှင်တွေ့ချင်း ပိုလိုစီးကရက်တစ်ဘူး ပေးလေ၏။

"နေပါစေ၊ ကျုပ်က စီးကရက် မသောက်ပါဘူး၊ ဆေးပေါ့လိပ်ပဲ သောက်တာပါ၊ အစ်ကို ပြောမယ့်ကိစ္စသာ ပြောပါ"

ထိုလူလည်း မှောင်ရိပ်ဆီသို့ ဘမော်အား ခေါ်၍သွားလေ၏။ မှောင်ရိပ်သို့ရောက်လျှင် ထိုသူက ဘမော်၏လက်ကို ဆွဲ၍ ထိုင်စေပြီးလျှင်...

"မင်းသမီး စက္ကဝက်ကြည်မှာ အိမ်ထောင်ရှိသလား" ဟု မေးလေ၏။

"မရှိပါဘူး အပျိုပါ"

http://obookshelf.blogspot.com



"ဒီလိုပါ ငါ့ညီ၊ ငါ့ညီတို့ရဲ့ဓာတ်ကို မနှစ်က ဒီမြို့မှာ ကြည့်လိုက်ရကတည်းက အစ်ကိုဖြင့် မင်းသမီး စက္ကူဝက်ကြည်ကို စွဲလမ်းသွားတော့တာပဲကွယ်၊ ဒါကြောင့် ငါ့ညီကို စာပေးခိုင်းချင်လို့ပါ"

"ဘာစာ ပေးခိုင်းမှာလဲ"

"ရည်းစားစာပေါ့ကွ"

"အစ်ကို့အလုပ်က ဘာလဲခင်ဗျာ"

"ကောလိပ်ကျောင်းသားပါ"

"ကောလိပ်ကျောင်းသားဆိုတာ နောက်ကျတော့ မြို့အုပ်တွေ ဝန်ထောက်တွေ ဖြစ်တယ်မဟုတ်လား"

"ဒါပေါ့ကွ"

"ကျုပ်က ခင်ဗျားစာကို စက္ကူဝက်ကြည်ကို ပေးပေးဖို့က အပန်းမကြီးပါဘူး၊ ဒါပေမယ့် ခင်ဗျားကို သူက မမြင်ဘူးဘဲနဲ့ ဘယ်လိုလုပ်ပြီး ပြန်ကြိုက်မှာလဲ"

"ဒါတွေ မင်းအနေနဲ့ မစဉ်းစားပါနဲ့၊ အစ်ကိုရဲ့စာကိုသာ သူ့လက်ထဲ ရောက်အောင် ပေးပေးစမ်းပါ ငါ့ညီရယ်၊ ငါ့ညီရဲ့ ကျေးဇူးကို မမေ့ပါဘူး"

ကောလိပ်ကျောင်းသား ကိုနောက်ပိုးလည်း ဘမော်ကို အပူကပ်လေတော့၏။ ဘမော်သည် ပြည်ဘူတာ၌ တွေ့ခဲ့ရသော သူတောင်းစားကြီးကို အမှတ်ရမိလေတော့၏။ သူဌေးသားဘဝမှ သူတောင်းစား ဖြစ်သွားရှာသော အဘိုးကြီး၏ အဖြစ်ကိုပါ တပါတည်း အမှတ်ရမိသဖြင့်...

"အစ်ကိုက စက္ကူဝက်ကြည်ကို မရရင် သေမှာလား" ဟု မေးလိုက်လေ၏။





"သေတော့ မသေပါဘူး ညီလေးရယ်၊ ဒါပေမယ့် စွဲလမ်းနေတာတော့ အမှန်ပဲ၊ ဒီစာကလေးကို သူ့လက်ထဲရောက်အောင် ထည့်ပေးစမ်းပါ"

ဘမော်လည်း ထိုသူ၏စာကို လှမ်း၍ယူပြီးနောက် ပြန်လာလေ၏။ ဓာတ်ရုံတွင်းသို့ ရောက်လျှင် စက္ကူဝက်ကြည်ထံသို့ သွား၍...

"အစ်မကြီးရေ၊ ကောလိပ်ကျောင်းသားကြီးတစ်ယောက်က အစ်မကြီးကို ပေးပေးစမ်းပါဆိုပြီး စာတစ်စောင် ပေးလိုက်တယ်ခင်ဗျ" ဟု အော်ကြီးဟစ်ကျယ်ပြော၍ စာကို စက္ကူဝက်ကြည်ရှေ့သို့ ချ၍ပေးလိုက်လေ၏။

"ဟဲ့ကောင်လေး...နင့်အသံကို ဒီထက်ကျယ်အောင် ပြောလို့ မရတော့ဘူးလား"

"အစ်မကြီးက ရှက်လို့လား၊ ဒီလိုစာမျိုးတွေ အမြဲတမ်း ရနေတာပဲ မဟုတ်လား"

"ရှက်လို့မဟုတ်ဘူးဟဲ့၊ ဒါပေမယ့် မိန်းမတို့ဂုဏ်ဖြေ ရွေ ပေးလို့မရ ဆိုတဲ့စကား ရှိတယ်မဟုတ်လား"

"ဘမော်...မင်းဟာ အတော်နံ့တဲ့ကောင်ပဲ၊ မိန်းမတို့ ဂုဏ်ဖြေ ရွှံ့ပိတ်လို့မရဆိုတာ မင်း မကြားဖူးဘူးလား" ဟူ၍ ဓာတ်သမား တစ်ယောက်က ဝင်၍နောက်ပြောင်လိုက်ရာ စက္ကူဝက်ကြည်သည် စိတ်ဆိုးလွန်း၍ မျက်နှာကြီး နီမြန်းသွားလေ၏။

ဘမော်လည်း ထိုနေရာမှ ထွက်လာခဲ့၍ ဓာတ်စင်ပေါ်သို့ တက်ကာ ကားဆွဲရန်အတွက် ပြင်ဆင်နေလေတော့၏။

ထိုနေ့ညက ပဋ္ဌာစာရီဓာတ်ထုပ် ကပြရာ စက္ကူဝက်ကြည်က ပဋ္ဌာစာရီအခန်းမှ ဓာတ်ရုပ် ထွက်ရလေ၏။ ဘမော်



Obook Shelf

လည်း ကားဆွဲရင်း ပရိသတ်ကို ချောင်း၍ကြည့်ရာ ဇာတ်စင်၏ အနီးဆုံးနေရာ၌ စက္ကဝက်ကြည်အား မျက်လုံးကျွတ်ကျလုမတတ် ကြည့်နေသော ကောလိပ်ကျောင်းသားကြီးကို တွေ့ရလေ၏။ စက္ကဝက်ကြည်လည်း ကောလိပ်ကျောင်းသားကြီးအား မကြာမကြာ လှမ်း၍ကြည့်နေသည်ကို တွေ့ရလေ၏။

မအူပင်မြို့၌ ဇာတ်ကနေစဉ် ရက်များအတွင်း၌ မောင်ဘမော်သည် ကောလိပ်ကျောင်းသားကြီးနှင့် စက္ကဝက်ကြည်တို့၏ ပို့စ်မင်း ဖြစ်ခဲ့ရလေ၏။ ပွဲချိုကုန်သောအခါ၌လည်း ဇာတ်ပိုင်ရှင် ဦးပွကြီးက မအူပင်မြို့ ဝါးကပ်တန်းရှိ ဒေါ်အမာဆိုသူ ယွန်းကုန်သည် အဒေါ်ကြီး၏ နေအိမ်ကို ခေတ္တငှားရမ်းကာ ဇာတ်ထုပ်ဇာတ်လမ်းအသစ်များ တိုက်ခြင်း၊ မကြိုက်သောလူများကို ထုတ်ပစ်၍ လူသစ်များကိုခေါ်ယူခြင်း စသော တစ်နှစ်တစ်ခါ ဇာတ်ခေါင်းခွဲရာ၌ ပြုလုပ်သော အလုပ်များကို မအူပင်မြို့၌ပင် ပြုလုပ်ဆောင်ရွက်ခဲ့လေ၏။

မအူပင်မြို့၌ ဇာတ်နားနေစဉ်အတွင်း ဘမော်သည် ကောလိပ်ကျောင်းသားကြီးနှင့် နေ့စဉ်တွေ့ဆုံရလေ၏။

တစ်နေ့သ၌ ဘမော်သည် မအူပင်မြို့၏ ကျက်သရေဆောင် 'တာ'ကြီးပေါ်မှ ဈေးဘက်သို့ လျှောက်လာခဲ့ရာ ဈေးအနီးသို့ ရောက်လျှင် ကောလိပ်ကျောင်းသားကြီးနှင့် တွေ့ဆုံလေ၏။

"ဟော့ ညီလေး…မင်းကို တွေ့ချင်နေတုန်း အတော်ပဲဟော့"

"လာပါဦးကွ၊ လက်ဖက်ရည် သောက်စမ်းပါဦး" ဟုဆိုကာ ဘမော်၏လက်ကို အတင်းဆွဲ၍ လက်ဖက်ရည်ဆိုင်အတွင်းသို့ ခေါ်သွားပြီး လက်ဖက်ရည် မုန့် စသည်တို့ကို ရက်ရောစွာ ကျွေးလေ၏။





"ငါ့ညီတို့ဇာတ် ဒေါ်အမာတို့အိမ်မှာ နားပြီး ဇာတ်တိုက်နေကြတယ်ဆို"

"ဟုတ်ပါတယ်၊ ဦးစောဖိုး ဒေါ်အမာအိမ်မှာပါ"

"အေးကွာ၊ ငါ့ညီရဲ့ကျေးဇူးကြောင့် အစ်ကိုတော့ စက္ကဝက်ကြည်နဲ့ နီးစပ်ပါပြီ၊ အဲဒါကြောင့် ငါ့ညီကို ကျေးဇူးဆပ်ချင်လို့ပါ၊ ငါ့ညီကြိုက်ရာပြော၊ လုံချည်အကျီနဲ့ ဖလေဇာကွက် ယူမလား၊ ပိုက်ဆံယူမလား၊ အားမနာပါနဲ့၊ ငါ့ညီ ကြိုက်တာပြောပါ"

ဘမော်သည် အတော်ပင် အစဉ်းစားရ ကျပ်သွားလေ၏။ ထို့ကြောင့် ကောလိပ်ကျောင်းသားကြီးအား မော့၍ကြည့်နေလေ၏။

"ပြောပါကွ၊ အားမနာပါနဲ့၊ အခုပေးတဲ့ဟာတွေက ပထမအဆင့်ပဲ ရှိသေးတယ်၊ ရှေ့ကိုလဲ ငါ့ညီကို ကျေးဇူးဆပ်ဦးမှာပါကွ"

"အစ်ကို စိတ်တော့ မဆိုးနဲ့နော်"

"ဘယ့်နှယ့် စိတ်ဆိုးရမှာလဲကွ၊ ပြောမှာသာ ပြောစမ်းပါ"

"ကျွန်တော် အစ်ကိုပြောတာတွေ ဘာမှ မလိုချင်ဘူး၊ ဖြစ်နိုင်ရင် တယောကလေးတစ်လက် အဟောင်းပဲဖြစ်ဖြစ် ဝယ်ပေးပါ အစ်ကိုရယ်"

"ဩော်…မင်းက တယောကို ဝါသနာပါတာကိုး"

"ဟုတ်ကဲ့ခင်ဗျ၊ ဟိုတုန်းကတော့ နည်းနည်းပါးပါး သင်ဖူးပါတယ်၊ ဟွန်းတယောကလေးလဲ ရှိခဲ့ဖူးပါတယ်၊ အဲဒီတယောကလေးလဲ ကျွန်တော် အချုပ်ထဲရောက်တော့ ပုလိပ်က သိမ်းသွားတာ အချုပ်က လွတ်တော့ ပြန်တောင်းလို့ မရတော့ဘူး အစ်ကို"

"တယော ဝါသနာပါရင် တယောရတာပေါ့ကွာ၊ အဟောင်း မဟုတ်ပါဘူး အသစ်ကို ရစေမယ်၊ အသစ်မှ မင်းမြင်ရင်

http://obookshelf.blogspot.com



သိပ်ကို လိုချင်သွားမယ်၊ ကဲ…ငါနဲ့ လိုက်ခဲ့ပေတော့"

ကောလိပ်ကျောင်းသားကြီးသည် ဘမော်အား လက်ဖက်ရည်များ တိုက်ကျွေးပြီးနောက် မအူပင်မြို့အစွန်ဖြစ်သော ပေါ်တော်မူဘုရားသို့ ခေါ်၍သွားလေ၏။ ကောလိပ်ကျောင်းသားကြီး၏အမည်မှာ ကိုရွှေမောင်ဖြစ်ကြောင်း နောင်တွင် ဘမော် သိရလေ၏။

ပေါ်တော်မူဘုရားအနီးရှိ လွန်စွာကျယ်ဝန်းသော ခြံကြီးတစ်ခြံအတွင်းရှိ ခြေတံရှည် အိမ်မည်းမည်းကြီးဆီသို့ ဘမော်အား ကောလိပ်ကျောင်းသားကြီးက ခေါ်၍သွားလေ၏။

ထိုအိမ်သို့ရောက်လျှင် ဘမော်သည် ကောလိပ်ကျောင်းသားကြီးကို လွန်စွာ အံ့ဩ၍ သွားလေတော့၏။ အဘယ့်ကြောင့်ဆိုသော် ထိုအိမ်ကြီး၏ဧည့်ခန်း၌ လွန်စွာကြီးမားသော စန္ဒရားကြီးတစ်လုံးနှင့်အတူ ဘင်ဂျို၊ တယော၊ လက်ဆွဲဘာဂျာ စသောတူရိယာပစ္စည်းများကို တွေ့မြင်ရသောကြောင့် ဖြစ်၏။

ကောလိပ်ကျောင်းသားကြီးသည် သူ၏ကွတ်အကျႌကို ချွတ်လိုက်ပြီးလျှင် စန္ဒရားရှေ့တွင်ရှိသော ဆုံလည်ကုလားထိုင်ကလေး၌ ဝင်၍ထိုင်ကာ စန္ဒရားခလုတ်ကလေးများကို လက်ချောင်းကလေးများဖြင့် တို့၍တို့၍ အသံစမ်းလိုက်ပြီးနောက်…

"ညီလေး ဘာသီချင်း နားထောင်မလဲကွ" ဟု ဘမော်အား မေးလိုက်လေ၏။

"အစ်ကိုကြိုက်တာ တီးပါ" ဟု ဘမော်က ပြန်၍ဖြေလိုက်လေ၏။

အစ်ကိုက ခေတ်ပေါ်သီချင်းတွေ အရနည်းတယ်ကွ၊ ဒါကြောင့် မင်းကိုတော့ သီချင်းကြီးတစ်ပုဒ်လောက် တီးပြပါ့မယ်"





ဟု ဆိုကာ ဂီတသင်္ကေတ မှတ်စုစာအုပ်ကို လှန်၍ စန္ဒရားပေါ်သို့ တင်ပြီးလျှင် မြန်မာသီချင်းကြီးတစ်ပုဒ်ကို တီး၍ပြလေ၏။

"အစ်ကို အဲဒီပဲပင်ပေါက်လို စာတွေက ဘာတွေလဲဗျ"

"ဟား…ဟား ပဲပင်ပေါက်စာ မဟုတ်ဘူးကွ၊ Music Note လို့ ခေါ်တယ်၊ အဲဒါကိုကြည့်ပြီး တီးရတာပေါ့ကွာ၊ သင်ရင်လဲ အဲဒီ Music Note နဲ့ သင်ရတယ်ကွ"

"ကျွန်တော်လဲ သင်ဖူးပါတယ်၊ ကျွန်တော်တို့ သင်တာတော့ အစ်ကိုပြောတဲ့ ဘာနုတ်"

"Music Note"

"အဲဒါ မပါပါဘူး၊ ဆရာလုပ်တဲ့လူက ခြောင်နောင်၊ ခြောင်နောင်၊ လယ်ရယ် လယ့်ရယ်လို့ ပါးစပ်က ဆိုပြပေးပြီး သင်ခဲ့တာပဲ"

"ငါ့ညီပြောတာတော့ ဟုတ်ပါတယ်၊ အစ်ကိုတို့က အဲဒီနုတ်နဲ့ပဲ သင်ခဲ့ရတယ်ကွယ့်၊ အစ်ကို တွံတေးမှာရှိတဲ့ ခရစ်ယာန်သာသနာပြုကျောင်း ဒလဆာကျောင်းလို့ ခေါ်တယ်၊ အဲဒီမှာလဲ နေဖူးတယ်၊ နောက်တော့ ရန်ကုန် စိန့်ပေါကျောင်းမှာလဲ နေဖူးတယ်၊ အစ်ကိုတို့ကျောင်းမှာက ခရစ်ယာန်ဘုန်းတော်ကြီး ဘရာသာ ဂျယ်ရယ်ဆိုတာ ရှိတယ်ကွ၊ သူကတော့ ဂီတဘက်မှာ အတော် ထူးချွန်တယ်၊ ဂီတပညာကို ဘရာသာဂျယ်ရယ်က သင်ပြခဲ့တယ်ကွယ့်၊ ကဲ…ကဲ မင်းဝါသနာပါတဲ့ တယောကို အစ်ကို ထိုးပြမယ်"

ကောလိပ်ကျောင်းသားကြီးသည် တယောကိုယူ၍ ကြိုးညှိပြီးလျှင် လွန်စွာ သာယာနာပျော်ဖွယ် ကောင်းသော တယောလက်သံစမ်းကို ထိုး၍ပြလေ၏။



OBookShelf blogspot.com

http://obookshelf.blogspot.com



"သိပ်ကောင်းတာပဲ အစ်ကိုရယ်၊ အစ်ကို့လို တတ်ချင်လိုက်တာ"

"မင်းတို့ဓာတ်က ဒီမှာ ဘယ်လောက် ကြာဦးမလဲ"

"နှစ်လလောက် ကြာမယ် ပြောတယ်"

"ဒီလိုဆို ရပါတယ်ကွ၊ နည်းစနစ်တွေကို သင်ပြပေးလိုက်မယ် ကျန်တာကတော့ မင်းဟာမင်း ဆက်ပြီးလေ့ကျင့်ရမယ်၊ ဆည်းပူးရမယ်ကွယ့်"

"ကောင်းပါပြီ အစ်ကို"

ထိုနေ့မှစ၍ ဘမော်သည် နေ့စဉ်မှန်မှန် အချိန်ရတိုင်း ကောလိပ်ကျောင်းသားကြီးဆီသို့ သွားရောက်ခဲ့လေ၏။ သွားရောက်သည့်အခါတိုင်း၌လည်း လက်ချည်းသက်သက်မဟုတ်ပေ။ ကောလိပ်ကျောင်းသားကြီး ကြိုက်တတ်သော ပစ္စည်းကလေး ပါ၍ သွားမြဲ ဖြစ်လေ၏။ ထိုပစ္စည်းကား အခြားမဟုတ်ပေ၊ စက္ကူဝက်ကြည်ထံမှ စာပင် ဖြစ်၏။

ကောလိပ်ကျောင်းသားကြီးထံမှ ပြန်၍လာလျှင် စက္ကူဝက်ကြည်အတွက် လက်ဆောင်ပစ္စည်းတစ်ခုခု ပါ၍လာမြဲ ဖြစ်ပေသည်။ ကောလိပ်ကျောင်းသားကြီးကလည်း ရေမွှေး၊ ပေါင်ဒါ၊ လက်ကိုင်ပဝါ စသည်တို့ကို နေ့စဉ် လက်ဆောင်ပါးလိုက်မြဲ ဖြစ်၏။ အနိမ့်ဆုံးအားဖြင့် မည်သည့်ပစ္စည်းမှ ဝယ်ပြီးသား မရှိလျှင် ခြံတွင်းမှ ပန်းများကို ခူး၍ ပေးလိုက်တတ်လေ၏။

ဘမော်အား တယောကိုင်ပုံမှအစ တစ်၊နှစ်၊သုံး၊လေး ဂဏန်းများဖြင့် မှတ်သားရလွယ်သော အလွယ်သင်္ကေတများ၊ ဒိုရေမီဖာ အစရှိသော သံစဉ်မှတ်ပုံများမှ အစပြု၍ ပတ်ကားနုတ်ဟု ခေါ်သည့် ဂီတသင်္ကေတများကို သင်ကြားပြလေ၏။ ထိုသင်္ကေတများမှာ တစ်ခါက ဘမော်အနေနှင့် 'ပဲပင်ပေါက်စာများ' ဟု ထင်မှတ်ခဲ့သောအရာများ ဖြစ်လေသည်။



"ငါ့ညီ နားလည်အောင် ပြောရရင် 'တိုင်း' (Time) ဆိုတာ မြန်မာလို စည်းလို့ခေါ်တယ်၊ သူ့ရဲ့ မူရင်းအဓိပ္ပါယ်ကတော့ 'နာရီ' ပေါ့ကွာ၊ နာရီဆိုတာ တစ်နာရီနဲ့ တစ်နာရီဟာ အချိန်ကာလ ကြာညောင်းပုံခြင်း အတူတူပဲ မဟုတ်လားကွ၊ အဲဒီလိုပဲကွ၊ ဂီတမှာလဲ နာရီရှိတယ်၊ အဲဒီနာရီဟာလဲ တစ်ခုနဲ့တစ်ခု တူညီရတယ်ကွ၊ အဲဒါကို စည်းလို့ခေါ်တာပဲ၊ ရှေးတုန်းကတော့ စည်းသုံးချက်မှာ ဝါးတစ်ချက် တီးတယ်၊ အခုတော့ ဒီလိုမဟုတ်ဘူး၊ စည်းတစ်ချက်ကို ဖျောက်ပြီး စည်းနှစ်ချက်မှာ ဝါးတစ်ချက် တီးလေ့ရှိတယ်၊ ဒီတော့ကွာ အတိုမှတ်ထားဖို့ကတော့ စည်းချက် ညီတူညီမျှရှိတဲ့ အပုဒ်ကလေးတွေကို 'ဘား' လို့ ခေါ်တယ်" ဟု ကောလိပ်ကျောင်းသားကြီးက ဘမော်အား ရှင်းပြလေ၏။ အချို့နေရာများ၌ မြန်မာလို သိလျှင် မြန်မာဝေါဟာရများဖြင့် ရှင်းပြ၍ မြန်မာလိုမသိသော နေရာများ၌ အင်္ဂလိပ် ဝေါဟာရများဖြင့်ပင် ရှင်းပြလေ၏။

ထို့ကြောင့် တစ်လခန့် ကြာသည့်အခါ၌ ဘမော်သည် ဂီတသင်္ကေတများကိုသာ မကပဲ စနစ်တကျ တယောထိုးလေ့ကျင့်နည်းကို ရရှိခဲ့လေ၏။ နှစ်လခန့်ကြာလျှင်မူ 'တင်းပြည့်ကျပ်ပြည့် စည်း၊ ဆီးမီးဗရေ့၊ ငါးမုံးစည်းမင့်နင်၊ တမတ်စည်း ကရော့ချက်၊ တမူးစည်းကွေဗာ' စသော စည်းဝါးနာရီအား မြန်မာတစ်ဝက် အင်္ဂလိပ်တစ်ဝက် ပေါင်းစပ်၍ နားလည်ခဲ့ရုံမျှမက အနောက်တိုင်း ဂီတ၌ ခေါ်ဝေါ်သည့် နေရာမှ မြန်လာသော '**အစယ်လရန်ဒို**'၊ မြန်ရာမှ နှေးကွေးသွားသော '***ရီလဲတင်ဒါ***'၊ တဖြည်းဖြည်း တိတ်ဆိတ်သွားသော '***ကယ်လန်ဒို***' တီးလုံးတီးကွက်များအား အခေါ်

http://obookshelf.blogspot.com



အဝေါ်နှင့်တကွ ကျွမ်းကျင်စွာ ပြုလုပ်နိုင်ခဲ့လေတော့၏။

နှစ်လပြည့်၍ ဘမော်တို့ဇာတ်အဖွဲ့သည် မအူပင်မြို့မှ ထွက်ခွာခဲ့လေ၏။ ထိုအခါ၌ ကောလိပ်ကျောင်းသားကြီးက ဘမော်အား အင်္ဂလန်ထုတ် တယောပြားလေးတစ်လက်နှင့် အနောက်တိုင်း ဂီတသင်္ကေတ စာအုပ်ကြီးတစ်အုပ်ကို လက်ဆောင်အဖြစ် ပေးအပ်လိုက်လေ၏။

"ဂီတဘက်မှာ အကျော်အမော်ကြီးတစ်ယောက် ဖြစ်အောင် ကြိုးစားပေတော့" ဟုလည်း ကောလိပ်ကျောင်းသားကြီးက မှာလိုက်သေး၏။ ကောလိပ်ကျောင်းသားကြီးသည် စက္ကဝက်ကြည်အတွက် ရွှေဖြင့်ပြုလုပ်ထားသော ရင်ထိုးကလေးကိုလည်း လက်ဆောင်အဖြစ် ပေးလိုက်လေ၏။

ဘမော်သည် ဇာတ်နှင့် လိုက်ပါခဲ့ပြီးလျှင် အချိန်အားရှိတိုင်း၌ သူ၏တယောကလေးကို ယူ၍ လူသူဝေးသောနေရာမှာ တယောထိုး လေ့ကျင့်ခဲ့လေ၏။ အခြားသောအချိန်များ၌မူ ကုလားကြီးအောင်မြင့်ဟု ခေါ်သည့် ဇာတ်သမားကြီးထံသို့ ချဉ်းကပ်၍ ဇာတ်စာများကို ကျက်မှတ်လေ၏။

ကုလားကြီးအောင်မြင့်မှာ ဇာတ်စီး စိန်လက်ညှိုးအား လွန်စွာ အမြင်ကပ်၍နေသော ဇာတ်မင်းသားဟောင်းကြီး ဖြစ်လေသည်။

"လက်ညှိုးဆိုတဲ့ကောင်ဟာ ဘာတစ်ခုမှ ကျကျနန တတ်တာ မဟုတ်ဘဲ အလကား ဘဝင်မြင့်နေတဲ့ကောင်ကွ၊ ဇာတ်ကွက် ဇာတ်လမ်းလဲ ဟုတ်တိပတ်တိ မချတတ်ဘူး၊ ဇာတ်စကားလဲ မနိုင်ဘူး၊ စာလဲ မရေးတတ်ဘူး" ဟု မကြာခဏ ကဲ့ရဲ့ပြောဆိုတတ်လေ၏။





ဘမော်သည် ကုလားကြီးအောင်မြင့်ထံမှ...

*ဘုရားဟောင်းပြို၊ ကမ္ဘာနီယံက ထားခဲ့ကြတာမို့၊ ဝါးကျောင်းအိုက ခါအသံကို ကြားရပေါ့၊ မဟာသတိပဋ္ဌာန် တရားရွတ်သံ နားစံမယ် ရွာစားရေ...* ဟူသော ရသေ့လေပြေစကား၊

*ကိုးနဝရတ် ငွေစရှသင်းရယ်နဲ့၊ စေယျတုညွှင်းကာ ဏှုနှာကဝိပေပေါ့၊ ရှိန်ခါညီကာ မလွတ်မှန်အောင် စိန္တာမဏိ ဂါထာရွတ်ရန် စဆာကလေးဆိုင်းမယ်* ဟူသော ပုဏ္ဏားလေပြေစသော လေပြေစကားအမျိုးမျိုး။

*ရိုက်ခြိမ်းကာ လောင်တဲ့မီးကဲ့သို့၊ ဖွင့်ဆိုဖွယ် မင့်ကိုကြီးမှာဖြင့်၊ ရတက်မကျေ လက်ရွေးသီးငယ်နှင့် အမလေး ရင်တီးလို့သာ ငိုလိုက်ရှင်တော့ ညီလေးရဲ့* ဟူသော ငိုချင်းစာများ။

*အများပရိသတ် အမြန်ကြားရအောင်၊ ဥာဏ်သွားသူဆရာကဝေက၊ တျာတေတီးကွက် အဆန်းစုံအောင်၊ နည်းလက်စွမ်းကုန် ပြတော်မူစမ်း* ဟူသော ဆိုင်းဆင့်များမှ အစပြု၍ ဇာတ်စကား ဇာတ်စာအမျိုးမျိုးကို ရရှိခဲ့လေ၏။

ထို့ပြင် **သူနိုးတောက်ပြား၊ မဘို့မယ်၊ ထီလတ်ပိုးဥ၊ ဇာတစ်လုံးခေါင်းကျား၊ ရှင်မွေးလွန်း၊ ဒွေးမယ်နော်၊ ပန်းပဲမောင်တင့်တယ်** စသော ဇာတ်လမ်းများ ခင်းကျင်းပုံ၊ ခင်းကျင်းနည်းများကိုပါ လေ့လာခွင့် ရခဲ့လေ၏။

ထိုသို့ ဇာတ်လမ်းများ ခင်းကျင်းပုံကို လေ့လာရာမှအစ ကုလားကြီးအောင်မြင့်ထံ၌ ရှိသော *ငါးရာ့ငါးဆယ်၊ ဇု ဒ္ဓဝင်၊ မဟာဝင်* စာအုပ်များကို ဖတ်ရှုခဲ့လေတော့၏။ ထိုစာအုပ်များမှတဖန် *စံပယ်ပွင့်ဝတ္ထု၊ ဘီအေမောင်တင့်ဝတ္ထု၊ နေရီရီဝတ္ထု* စသော ဝတ္ထုစာအုပ်များကိုပါ ဘမော်သည် အချိန်ရတိုင်း ဖတ်ရှုခဲ့

http://obookshelf.blogspot.com



လေရာ တစ်နှစ်ကျော်ကျော်အတွင်း၌ပင် အတော်ကလေး ဗဟုသုတ စုံ၍လာလေတော့၏။

ဘမော်သည် ဝတ္ထုစာအုပ်များကို ရှာဖွေ၍ မပြတ်တမ်း ဖတ်ရှုရုံမျှမက သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့ကိုပါ ဖတ်ရကောင်းမှန်း သိ၍လာပြီးလျှင် ဖတ်ရှုလေ့လာခဲ့လေတော့၏။

သုသုသုသာ၊ နှာခြင်းမှတ်ခြင်း၌ ကောင်းစွာအားထုတ်သော သူသည်။ သုတသမ္ပန္နော၊ သုတနှင့် ပြည့်စုံ၏။ သုတပညာယ၊ သုတပညာဖြင့်။ ဝဍ္ဍတိ၊ ပွား၏။ ပညာယ၊ သုတပညာဖြင့်။ အတ္ထံ၊ အနက်ကို။ ဇာနာတိ၊ သိ၏။ ဉာတော၊ သိအပ်သော။ အတ္ထော၊ အနက်သည်။ သုခါဝဟော၊ ချမ်းသာကို ဆောင်တတ်၏။

❖ ❖ ❖

နောက်တစ်နှစ်၌ ပဲခူးဘုရားပွဲတွင် ဇာတ်အဖွဲ့များ ဆုံကြပေတော့၏။ ထိုအချိန်၌ မင်းသမီး စက္ကဝက်ကြည်လည်း ဇာတ်ထဲတွင် မရှိတော့ပေ။ ကောလိပ်ကျောင်းသားကြီးနှင့် အကြောင်းဆက် ပေါင်းဖက်ကာ ဇာတ်သဘင်လုပ်ငန်းအား ကျောခိုင်း၍သွားပြီ ဖြစ်၏။





ဘမော်အား သင်ကြားပြသပေးခဲ့သော ကုလားကြီး အောင်မြိုင်လည်း မကွေးမြို့၌ ဇာတ်ကခဲ့စဉ်က အစားမှား၍ ဝမ်းလျှောခါ အနိစ္စရောက်ခဲ့ပြီ ဖြစ်၏။

ဘမော်တို့ ဇာတ်ပိုင်ရှင် ဦးပွကြီးကလည်း ပဲခူးသို့မဝင်မီ အခြားသော ဇာတ်ခွင်များ၌ပင်...

"ဘဂိုး(ပဲခူး)မှာတော့ ငါတို့ အနိုင်ကြိုးရမယ်ဟေ့၊ အဲဒီမှာ တခြားဇာတ်တွေနဲ့ ပြိုင်ရမှာ၊ ဆရာစိန်လက်ညှိုးရေ အခုပေါ်နေတဲ့ အော်ပရာဆိုတာကို အကောင်းဆုံး သွင်းစမ်းပါဗျာ၊ ငွေဘယ်လောက် ကုန်ကုန် ကျုပ်အကုန်ခံပါ့မယ်၊ အဲဒီမှာ မင်းသား အောင်ဘညိုက မီးစလွယ်အော်ပရာနဲ့ ဝင်လိမ့်မယ်၊ မန္တလေးက ဇာတ်တစ်ဇာတ်ကလဲ ရွှေလိပ်ပြာအော်ပရာနဲ့ ဝင်လိမ့်မယ်၊ ကျုပ်တို့ဇာတ်ကလဲ အကောင်းစားတစ်ခုလောက် ထွင်လိုက်ပါ" ဟု စိန်လက်ညှိုးကို အကူအညီတောင်းရင်း ဇာတ်တစ်ဖွဲ့လုံးအား တပ်လှန့်လျက် ရှိပေ၏။ ဇာတ်ပိုင်ရှင် ဦးပွကြီးသည် ပဲခူးဘုရားပွဲ၌ မိမိဇာတ် နာမည်ကြီးမည့်အရေးကို လွန်စွာမျှော်လင့်ထားပေသည်။

ဇာတ်ပိုင်ရှင်နည်းတူ ဇာတ်အဖွဲ့တစ်ခုလုံးကလည်း ပဲခူးဇာတ်ခွင်ကို လွန်စွာ စိတ်စောလျက် ရှိကြပေသည်။

ဤသို့နှင့်ပင် ဘမော်တို့ဇာတ်သည် ရွှေတိဂုံဘုရားပွဲ၌ ဝင်ရောက်ကပြခဲ့ကြသည့် အချိန်သို့ ရောက်ရှိလာခဲ့၏။ ထိုနေရာ၌ ငါးညတိုင်တိုင် ကပြခဲ့ကြပြီး သုံးလေးရက်ခန့် နားကာ ပဲခူးသို့ ဇာတ်ဝင်ရပေမည်။

ဇာတ်ပိုင်ရှင်လည်း စိန်လက်ညှိုး စီစဉ်မည့် အော်ပရာကို လွန်စွာ မျှော်လင့်၍နေပေသည်။ စိန်လက်ညှိုးမှာ မည်သည့်

http://obookshelf.blogspot.com



အော်ပရာကိုမျှ စီစဉ်ခြင်းမပြုဘဲ အခြားသော စာတ်အဖွဲ့က အသုံးငွေနှစ်ရာ ကြိုတင်ပေးမည်ဟု စကားပစ်လိုက်သည်နှင့်ပင် မိမိကို လွန်စွာအားကိုးနေသည့် စာတ်အဖွဲ့ကြီးအား အသိပင် မပေးတော့ဘဲ သံသေတ္တာကလေးကို ဆွဲ၍ တိတ်တဆိတ် ထွက်သွားလေတော့၏ ။

စာတ်ပိုင်ရှင်လည်း နံနက်လင်းသောအခါ၌ စိန်လက်ညှိုး မရှိတော့ကြောင်း သိရသည့်အခါ 'စိန်လက်ညှိုး မရှိတော့ဘူး၊ ဒုက္ခပါပဲ၊ ဆရာစိန်လက်ညှိုး မရှိတော့ဘူး' ဟု ဆောက်တည်ရာမရ ဖြစ်ရရှုံမျှမက ဘယ်သူရေ ဘယ်ဝါရေ စိန်လက်ညှိုးကို ရှာကြပါဦးဟု စိန်လက်ညှိုး ရှာပုံတော် ဖွင့်လေတော့၏။

ထိုအခါကျမှပင် စိန်လက်ညှိုး၏တပည့် ဟန်စိန်က စိန်လက်ညှိုး ပေးသောစာကို စာတ်ပိုင်ရှင်အား ပေးလေတော့၏။ စာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**ကိုပွကြီး**

**ကျုပ်ကို မရှာပါနဲ့၊ ကျုပ် တခြားစာတ်နဲ့ လိုက်သွားပြီ၊ ခင်များတို့စာတ်မှာ လုပ်နေလဲ ကြီးပွားမှာ မဟုတ်ဘူး၊ ကျုပ်ကို အသုံး(၂၅၀) ပေးလို့ လိုက်သွားပြီ။**

**နိုင်ငံကျော်စာတ်စီး**
**စိန်လက်ညှိုး**

"တောက်...လုပ်ရက်ပါပေ့ စိန်လက်ညှိုးရယ်၊ သူ့ကို အားအကိုးကြီး ကိုးမိခါမှ ငါ့ရဲ့စာတ်ကြီး ရေစုန်မျောရပြီ၊ ပွဲခူးမှာ စာတ်ပြိုင်တွေ ရှိလို့ပါဆိုခါမှ တို့ကို ခါးချိုးပစ်ခဲ့တယ်၊ ငါ့မျက်နှာ





ကို မထောက်ထားချင် ထားပါ၊ ကျန်တဲ့ လုပ်ဖော်ကိုင်ဖက် စာတ်သမားတွေရဲ့ မျက်နှာကိုတော့ ထောက်ထားသင့်ပါတယ်"

စာတ်ပိုင်ရှင် ဦးပွကြီးသည် ငိုသံပါကြီးနှင့် မချိတင်ကဲ ပြောဆိုလိုက်ရာ မျက်ရည်လွယ်သော ယိုးဒယားမကျောင်စိန်နှင့် ယိမ်းသမကလေးများသည် ဝမ်းနည်းလွန်း၍ ရှိုက်ကြီးတငင် ငိုကြွေးကြလေတော့၏ ။

မင်းသမီး၊ မင်းသား၊ ဆိုင်းဆရာ၊ ကားဆွဲ စသော စာတ်အဖွဲ့သားများသည် စာတ်ပိုင်ရှင် ဦးပွကြီး၏အနီးသို့ စိတ်မကောင်းသောမျက်နှာ၊ ဝမ်းနည်းကြေကွဲသော မျက်နှာများနှင့် ချဉ်းကပ်၍ လာကြလေ၏။

ဦးပွကြီးသည် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ပြီးလျှင် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက် ချလိုက်လေ၏။

"ငါတို့ ပွဲခူးကိုဝင်ရင် မျက်နှာပန်းလှမှာ မဟုတ်တော့ဘူး၊ ငါ့ရဲ့အဖွဲ့သားတွေလဲ နာမည်ပျက်ကုန်တော့မယ်၊ ဒီတော့ ဒီနေရာကပဲ စာတ်ခေါင်းခွဲကြပါစို့၊ အခု ငါပြောတာဟာ ငါ့ရဲ့အကျိုးမဟုတ်ပါဘူး၊ မင်းတို့ရဲ့ အကျိုးပါ"

ဦးပွကြီးသည် စာတ်ခေါင်းမခွဲလိုပါဘဲလျက် စာတ်ခေါင်းခွဲရန် ဆုံးဖြတ်လိုက်လေ၏။ စာတ်သမားများမှာလည်း ဦးပွကြီးပြောသည်ကို မငြင်းသာသဖြင့် ငြိမ်၍နေကြလေ၏။ အကြံအိုက်၍ နေကြလေ၏ ။

ထိုအချိန်၌ စာတ်စင်၏ အရှေ့ဘက်မှ တယောသံတစ်သံကို ကြားရလေ၏။ တယောသံမှာ လွန်စွာ ပီရိသက်ညောလှပေ၏။ စာတ်သမားများသာမက စာတ်ပိုင်ရှင် ဦးပွကြီးသည်ပင် အသံလာရာဆီသို့ လှမ်း၍ကြည့်လေ၏။ သို့ရာတွင် တယောထိုး

http://obookshelf.blogspot.com



သူကို မမြင်ရ။ အသံကိုသာ ကြား၍နေရလေ၏။

"ဘယ်သူလဲ" ဟု တစ်ယောက်က မေးငေါ့၍ မေး၏။

အမေးခံရသူက ခေါင်းကိုခါ၍ ပြ၏။ တီးမှုတ်သော ဆိုင်းသမား၊ နဲ့သမား၊ ကြေးနောင်သမားအားလုံး ဤနေရာ၌ ရှိနေပါလျက် တယောသံ ထွက်ပေါ်နေခြင်းကို အားလုံး အံ့သြ၍ နေကြလေ၏။ တယောလက်သံမှာလည်း နားဝင်ချိုလှသည်ဖြစ်ရာ လူအသီးသီး၏ ပူဆွေးနေသောစိတ်များ ငြိမ်းအေး၍ သွားကြကုန်၏။

တယောသံသည် တဖြည်းဖြည်း နီး၍နီး၍လာရာ ဂျူတ်တောင်မှ ဆေးလိပ်ကြော်ငြာ ပိတ်ကားကြီးကို ကိုယ်လုံးဖြင့် ဖယ်လျက် တယောထိုးမပျက် ဝင်ရောက်လာသော တယောသမားကို ဇာတ်သမားအားလုံး မြင်တွေ့ကြရသောအခါ၌ ဝမ်းသာစွာ ဝိုင်း၍ အော်ကြလေ၏။ သူတို့ အော်ဟစ်လိုက်သည်ကား…

"ဘမော်"

စိတ်မကောင်းဖြစ်လျက်ရှိသော လူများ၏ မျက်နှာသည် ရွှင်လန်း၍ သွားကြလေ၏။ ဘမော်သည် တယောထိုးလျက် လူများ ရှိရာသို့ တစ်လှမ်းချင်း လှမ်း၍လာလေ၏။ ဘမော်၏စိတ်သည် သူ၏တယောသံ၌သာလျှင် နစ်မျောနေပုံရ၏။ မည်သူ့ကိုမျှ စိတ်ဝင်စားပုံ မရပေ။ ဦးပွကြီးအနီးသို့ ရောက်သည့်တိုင်အောင် ဘမော်သည် တယောကို ထိုးမြဲထိုးလေ၏။

"ဟင်…ဘမော်ရဲ့နဖူးမှာ သွေးတွေနဲ့ပါလား"

ဘမော် ဇာတ်အဖွဲ့အတွင်းသို့ ဝင်ရောက်ရန် ထမင်းပန်းကန်များ ဆေးပေးခဲ့စဉ်က ဘမော်ဘက်မှနေ၍ ခုခံပြောဆိုခဲ့ဖူးသော မိန်းကလေးက အလန့်တကြား ပြောလိုက်ခြင်း ဖြစ်၏။





"ဟုတ်ရဲ့နော် သွေးတွေနဲ့ပါလား၊ နဖူးမှာလဲ ဒဏ်ရာကြီးနဲ့ပါလား၊ အကျီပေါ်ကိုတောင် သွေးတွေ စီးကျနေတယ်" ဟု ယိမ်းသမကလေးတစ်ဦးက ပြောလိုက်လေ၏။

နဖူးပေါ်မှသွေးများ စီးကျနေသည့်တိုင်အောင် တယောထိုး မပျက်သော ဘမော်ကိုကြည့်၍ အားလုံးက နားမလည်နိုင်အောင် ရှိကြလေတော့၏။

"ဒီမှာ ဦးလေး၊ ဦးလေးလဲ ဇာတ်ပိုင်ရှင်လုပ်နေတာ ကြာပြီ၊ ဒီလိုတယောလက်သံမျိုး ကြားဖူးရဲ့လား၊ ဟောဒီလို တယောဘိုတံဟာ ဆုံးသွားလို့ ရှေ့ကို ပြန်ပြီးထိုးရတဲ့အခါမှာ ဘယ်လောက်ပဲ မြန်တယ်ပြောပြော အသံဟာ နည်းနည်းကလေးတော့ ရပ်သွားရမှာပဲ၊ ဒီမှာကြည့် ရပ်ရဲ့လား"

ဘမော်သည် ဦးပွကြီးအား ပြောရင်း တယောဘိုတံကို ရပ်နားခြင်း မရှိစေဘဲ ရှေ့နောက် ဆွဲပြလိုက်လေ၏။

"ဒီလက်သံမျိုးကော ကြားဖူးရဲ့လား"

ဘမော်သည် မေးလိုက်ပြီးနောက် လက်သံစမ်းတစ်ပုဒ်ကို ကျွမ်းကျင်စွာ ထိုးပြလိုက်လေ၏။ ဦးပွကြီးသာ မဟုတ်ပေ၊ ဘမော်ကို တစ်ဇာတ်လုံးက အံ့သြ၍ နေကြလေ၏။

"ဇာတ်ခေါင်းမခွဲပါနဲ့၊ ပဲခူးခွင်ကို ဝင်ပါ၊ အော်ပရာကိစ္စကို ကျွန်တော့်တာဝန် ထားလိုက်ပါ၊ ကျွန်တော် ဖြစ်အောင်လုပ်မယ်"

"မင်းက ဘယ်လောက်တတ်လို့လဲ"

"ကျွန်တော် လုပ်ပြမယ်၊ ကျွန်တော်လုပ်တာကို ပရိသတ်က မကြိုက်ဘူးဆိုရင် ဟောဒီမှာကြည့်၊ ဒီဓားနဲ့ ကျွန်တော့်ရင်ဝကို ကျွန်တော် ထိုးပါ့မယ်၊ ဒါကို အများရှေ့မှာ ပြောတာ၊ ဒါလောက် အာမခံရဲတာကို ထောက်ပြီး ကျွန်တော့်ကို စီစဉ်ခွင့် ပေးလိုက်စမ်း

http://obookshelf.blogspot.com



ပါ"

"မင်း တကယ်ပြောတာလား"

"တကယ် ပြောနေတာပါ"

"နေစမ်းပါဦး၊ မင်းနဖူးက ဒဏ်ရာက ဘယ်လိုဖြစ်တာလဲ"

"ဆရာစိန်လက်ညှိုး ထွက်သွားတာကို သိလို့ ကျွန်တော် လိုက်ခေါ်တာပါ၊ သူ့ကို လာပြီးခေါ်တဲ့ တခြားဇာတ်ကလူလဲ ပါတယ်၊ ခေါ်လို့မရတဲ့အဆုံးမှာ ဆရာစိန်လက်ညှိုးကို ကျွန်တော်က ထမ်းပြီး ဇာတ်ရုံဘက်ကို ပြန်ပြီးပြေးလာတာ၊ ဆရာ စိန်လက်ညှိုးက သူ့ရဲ့ခါးကြားထဲက ဓားနဲ့ ကျွန်တော့်မျက်နှာကို ထိုးတာလေ၊ ဒီဓားနဲ့ပေါ့၊ ကျွန်တော်လဲ ဒဏ်ရာရတာနဲ့ သူ့ကိုလဲ လွှတ်လိုက်ရော တစ်ခါတည်း ထွက်ပြေးတော့တာပဲ၊ ပြီးတော့ ကျွန်တော် ဇာတ်ရုံကို ပြန်လာတော့ ဦးလေးက ဇာတ်ခေါင်းခွဲမယ်လို့ ပြောလိုက်သံလဲ ကြားရော ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ ဝမ်းနည်းသွားတယ်၊ ဒါကြောင့် ကျွန်တော် တယောထိုးတာ"

ဇာတ်သမားများလည်း စိန်လက်ညှိုးအား 'လုပ်ရက်ပလေ' ဟု အပြစ်တင်ကြသကဲ့သို့ ဘမော်ကိုလည်း သနား၍သွားကြလေ၏။

"နေနှင့်ဦး၊ ခွေးမသား စိန်လက်ညှိုးကို ငါကိုယ်တိုင် သတ်မယ်" ဟု ကျောက်ပေါက်မာ ဇရပ်ချစ်နှင့် ထမင်းချက်ကြီးက ပြောလေ၏။

"လုပ်ပြမယ်၊ အောင်မြင်အောင် လုပ်ပြမယ်"

"ကဲ...ကြားကြပြီ မဟုတ်လား၊ ဘမော်က စိန်လက်ညှိုးနေရာမှာ လုပ်မယ်၊ မင်းတို့ သဘောတူကြရဲ့ မဟုတ်လား"





"တူတယ်" ဟု ဇာတ်သမားများက သံပြိုင်အော်ဟစ်ကြလေ၏။ ထိုအခါ၌ ဘမော်သည် တယောကို ပခုံးပေါ်တင်လိုက်ပြီးလျှင် ရွှင်လန်းစေသော တေးသွားတစ်ခုကို ထိုးလေတော့၏။ မင်းသမီးနှင့် ယိမ်းသမများလည်း ဝမ်းမြောက်ရွှင်လန်းစွာ ကကြလေ၏။

ဆိုင်းသမားများလည်း မိမိတို့ဆိုင်းဝိုင်းဆီသို့ ပြေးသွားကြပြီးလျှင် ပျော်ရွှင်လွန်းသဖြင့် တီးမှုတ်ကြရာ နေ့ခင်းကြောင်တောင် အချိန်မဟုတ် အခါမဟုတ် ဇာတ်ရုံအတွင်းမှ ဆိုင်းသံများ၊ သီချင်းဆိုသံများ၊ အော်ဟစ်သံများကို ကြားရသဖြင့် ပွဲဈေးတန်း ဈေးဆိုင်များမှ လူများသည် ဇာတ်ရုံအတွင်းသို့ ပြေးဝင်ကြည့်ရှုကြကုန်၏။

ထိုနေ့မှစ၍ ဘမော်သည် ဇာတ်ထုပ်အသစ်များကို ဇာတ်တိုက်ပေးလေ၏။ အော်ပရာများကိုလည်း ကျနစွာ စီစဉ်သင်ပြခဲ့လေ၏။ အလုံးစုံ စီစဉ်သင်ပြခဲ့ပြီးနောက် ဘမော်တို့၏ဇာတ်သည် ပဲခူးသို့ ရွှေ့ခဲ့ကြလေ၏။

ပဲခူး၌ ဘမော်တို့ဇာတ်ရုံနှင့် မျက်နှာချင်းဆိုင် ဇာတ်ရုံမှာ ပိုစတာကြီးတစ်ခု ချိတ်ဆွဲထားလေ၏။ ထိုပိုစတာကြီးကား အောက်ပါအတိုင်း ဖြစ်ပေသည်။

**စိန်လက်ညှိုး ဦးစီးသည့်**
**မအောင်ဖြူ ဇာတ်အဖွဲ့**
**မည်သည့်အဖွဲ့မှ မလုပ်တတ်သေးသော**
**အထူးအော်ပရာများပါ စီစဉ်ထားသည်။**

http://obookshelf.blogspot.com



ဘမော်လည်း ပန်းချီဆရာကို ခေါ်၍ ပိုစတာတစ်ခု ရေးသားစေပြီးလျှင် ရုံရှေ့၌ ချိတ်ဆွဲလေ၏။ ဘမော် ချိတ်ဆွဲသော ပိုစတာကား အောက်ပါအတိုင်း ဖြစ်သည်။

ယနေ့ည
လက်ညှိုးကို ဖြတ်ပစ်မည်(အင်္ဂလိမာလ ဇာတ်ထုပ်)
မြကိန္နရီ အော်ပရာ
ငွေတလောက်တော့ ငှက်တိုင်းလှသည်(ပြဇာတ်)

စိန်လက်ညှိုးသည် အထက်ပါပိုစတာကို ကြည့်ရှုပြီးနောက် "ဒါ ငါ့ကို သက်သက်စော်ကားတာ၊ လက်ညှိုးကို ဖြတ်ပစ်မယ်ဆိုတာ ငါ့ကို စောင်းပြီးရေးတာပဲ" ဟု မိမိဘာသာ တစ်ကိုယ်တည်း မကျေမနပ် ဖြစ်၍နေလေ၏။

ညသို့ရောက်လျှင် ဘမော်သည် မြကိန္နရီ အော်ပရာ ထွက်ရန်အတွက် ဆက်တင်များကို သေချာစွာ စီစဉ်လေ၏။ ကျောက်တောင်ကျောက်ချပ်များကြားမှ ရေတံခွန်ကျနေပုံကိုလည်း ပကတိရေတံခွန်နှင့် တူစေရန် စီစဉ်ထားလေ၏။ ထို့နောက် မြကိန္နရီအဖြစ် ထွက်ရမည့် မင်းသမီးကလေးကိုလည်း တစ်ခေါက်ထပ်၍ သင်ပြလိုက်သေး၏။ ထိုမင်းသမီးလေးမှာ ဘမော် ဇာတ်အဖွဲ့တွင်းသို့ ဝင်ရောက်စဉ်က ဘမော်ဘက်မှ ပြောဆိုခဲ့သော မိန်းကလေး ဖြစ်၏။

မင်းသမီး၏မျက်နှာကိုလည်း ဘမော်ကိုယ်တိုင် ခြယ်လှယ်ပေးလေ၏။ ကိန္နရီအဝတ်အစားကိုလည်း ဘမော်ကိုယ်တိုင် စိတ်တိုင်းကျ ဝတ်ဆင်ပေးလေ၏။ အချိန်ကျ၍ လိုက်ကာဖွင့်လိုက်





သောအခါ၌ လွန်စွာနက်ရှိုင်းသော မြိုင်တောကြီးကို ပရိသတ်တို့ တွေ့မြင်ရလေ၏။ ထိုအခါ၌ ဘမော်သည် လိုက်ကာအကွယ်မှ နေ၍ တယောထိုးလေ၏။ ပရိသတ်၏မျက်စိ၌ စိမ်းလန်းစိုပြေသော တောနှင့် ညှို့မှိုင်းသော ကျောက်ချပ်၊ ကျောက်ကမ်းပါးများ၊ တသွင်သွင် စီးဆင်းနေသော ရေတံခွန် စိမ့်စမ်းများကို တွေ့မြင်၍ နေရလေ၏။

နားမှ ထိုမြင်ကွင်းနှင့် လိုက်ဖက်သော တယောသံကို ကြား၍နေရလေ၏။ ထို့နောက် ကိန္နရီ ကိန္နရာ ဖိုမအဖြစ် မင်းသား မင်းသမီး ထွက်၍ကကြလေ၏။ ကသည်ဆိုရာ၌လည်း ခုန်ပေါက်နေသည် မဟုတ်ဘဲ ဘမော် စေခိုင်းသည့်အတိုင်း အကွက်ကျကျ လှုပ်ရှားနေကြခြင်း ဖြစ်၏။

ထို့နောက် ဘမော်၏ တယောသံသည် တဖြည်းဖြည်းမြန်၍ ကျယ်လောင်လာပြီးလျှင် လေမုန်တိုင်းကျသံကို ဖန်တီးလေ၏။ ကိန္နရီ ကိန္နရာ ကွဲကွာသွားပုံကို ပြ၏။ ထိုမှတစ်ဖန် လေမုန်တိုင်း ငြိမ်သက်သွားပုံကို ပြပြီးလျှင် ကိန္နရီမလေးက မိမိကြင်ဖော်ကို ရှာဖွေဟန် ပြသကဲ့သို့ ဘမော်၏တယောသံသည် ဆွေးမြေ့ဖွယ်ရာ ပေါ်ထွက်လာပြီးလျှင် လိုက်ကာကို ချလိုက်လေ၏။

ပရိသတ်သည် ဆန့်တငန့်ငန့် ဖြစ်၍သွား၏။ အကြိုက်တွေ့၍ သွား၏။ ထို့ကြောင့် ရုံကွဲမတတ် လက်ခုပ်သြဘာ ပေးကြလေတော့၏။

ဇာတ်စင်အတွင်း၌လည်း ဇာတ်သမားများသည် ဘမော်အား ပွေ့ချီ၍ ကောင်းချီးသြဘာ ပေးကြလေ၏။

"ဒါလောက် လုပ်တတ်ရင်လဲ အစကတည်းက လုပ်တတ်တယ်လို့ ပြောပါတော့လား ဘမော်ရယ်" ဟု ဇာတ်ပိုင်ရှင် ဦးမွကြီး

http://obookshelf.blogspot.com



က ပြောလေ၏။ ကိန္နရီမလေးသည် ဘမော်အနီးသို့ လာပြီးလျှင် "ဘမော် ပရိသတ်က သိပ်ပြီးကြိုက်သွားကြပြီ" ဟု ပြော လိုက်ရာ ဘမော်က ပြုံးလျက်...

"အစ်မလေးရယ် ပရိသတ်က မကြိုက်ရင်လဲ ဟောဒီဓား က ကျုပ်ရဲ့ရင်ဝကို ကြိုက်သွားလိမ့်မယ်" ဟု ဆိုကာ အင်္ကျီ အောက်မှ ဓားမြောင်ကို ထုတ်ပြလိုက်လေ၏။ ထိုဓားမြောင်ကား ဘမော်၏နဖူးကို စိန်လက်ညှိုးက ထိုးသွားသော ဓားမြောင်ပင် ဖြစ်ပေသတည်း။

ထိုညမှစ၍ လက်ညှိုးကို ဖြတ်ပစ်မည် ဆိုသည့်အတိုင်း ဘမော်သည် စိန်လက်ညှိုးအား အပြတ်အသတ် အနိုင်ယူနိုင်လေ တော့၏။

> **သုတ်**၊ အကြားအမြင်ပညာကို။ **အဠွက်**၊ နည်း၏ဟူ၍၊ **နာတိမညေယျ**၊ မအောက်မေ့ရာ။ **စိတ္တေ**၊ စိတ်၌။ **နိဓာပယေ**။ ထားပါကလျှင်။ **ဝမ္မိကော**၊ တောင်ပို့၌။ **ဥဒကဗိန္ဒု**၊ ရေပေါက်သည်။ **စိရေန**၊ ကျဖန်များစွာ ရှည်ကြာသဖြင့်။ **ပရိပူရတိ ဣဝ**၊ ပြည့်သကဲ့သို့တည်း။

❖ ❖ ❖





## သေမင်းနဲ့ တွေ့ပြီ

မိုးလင်းသည့်အခါ၌ လူတိုင်း၏ပါးစပ်များ၌ 'မြကိန္နရီ' အော်ပရာအကြောင်းကို ပြောဆိုကြလေ၏။ လက်ညှိုးကို ဖြတ် ပစ်မည်ဟူသော အင်္ဂလိမာလ ဇာတ်ထုပ်ကိုလည်း ချီးမွမ်းကြလေ ၏။ 'ငွေတလောက်တော့ ငှက်တိုင်းလှပါသည်' ဟူသော ပြဇာတ် မှာလည်း ဘဝင်မြင့်တတ်သောသူတစ်ဦးအကြောင်းကို ဇာတ် ကွက် ဇာတ်လမ်း ကျကျနန စီစဉ်၍ ကပြခဲ့သည်ဖြစ်ရာ လူကြိုက် များပေ၏။

နောက်ညများ၌လည်း ဘမော်စီစဉ်သော 'မနုဇာရီ' အော် ပရာ၊ 'ပြည်ကြီးမဏ္ဍိုင်မြကြီး' ပြဇာတ်၊ ရာဇာဓိရာဇ်နှင့် ပေါလော ကျန်းတော' ကဇာတ်များကြောင့် ဘမော်တို့၏ ယိုးဒယားမကျင် စိန် ဇာတ်အဖွဲ့သည် နာမည်ကြီးခဲ့လေတော့၏။

အော်ပရာ၏ ကောင်းမှုကြောင့် ယိုးဒယားမကျင်စိန် ဇာတ်ကို ပရိသတ်အလိုကျ မြကိန္နရီဇာတ်အဖွဲ့ဟုပင် အမည် ပြောင်းလိုက်ရလေတော့၏။

http://obookshelf.blogspot.com



စိန်လက်ညှိုးဦးစီးသည့် ဓာတ်အဖွဲ့မှာမူ ခွက်ခွက်လန်အောင် အရှုံးပေါ်လေတော့၏။ ထို့ကြောင့် ထိုဓာတ်မှ ဦးပေါကြွယ်ဆိုသူ ဓာတ်ပိုင်ရှင်က မောင်ဘမော်နှင့် တွေ့ဆုံပြီးလျှင် အောက်ပါအတိုင်း ပြောလေ၏။

"ဆရာကိုဘမော်ကတော့ သိပ်ပြီး အောင်မြင်ပါတယ်၊ ကျုပ်တို့ စိန်လက်ညှိုးတောင်မှ လိုက်လို့မမီတော့ဘူး၊ ညကြေး ဘယ်လောက် ရသလဲ"

"ဆယ့်ငါးကျပ် ရပါပြီ"

"မနည်းလှန်းဘူးလား၊ ကျုပ်ဆီကို လိုက်မယ်ဆိုရင် အသုံးငါးရာပေးမယ်၊ တစ်ညကို တစ်ရာ ပေးမယ်၊ ဘယ့်နှယ်လဲ"

"တစ်သိန်းပေးရင်တောင် ကျုပ် မလိုက်နိုင်ဘူး၊ ခင်ဗျား ဥာဏ် ဒါအကုန်ပဲလား ဦးပေါကြွယ်"

"အင်းလေ၊ တစ်ဓာတ်လုံး ခိုင်းနေတဲ့ ဘုံကျွန်ခိုင်းဖတ်တစ်ယောက်အနေနဲ့ ငွေဆယ့်ငါးကျပ်ရတာကို အများကြီးရနေတယ်လို့ ထင်နေတာကိုး"

"ဟုတ်ပါ့၊ ကျုပ်က တစ်ပြားမှ မရဘဲနဲ့တောင်မှ သူများ ကျေးသမှုနဲ့ နေလာခဲ့သေးတာပဲ၊ အခုလို ဆယ့်ငါးကျပ်တောင်မှ ရနေပြီဆိုတော့ ကျုပ်အဖို့ လုံလောက်ပါတယ်"

"ဒီမှာ ဘမော်၊ မင်းအနေနဲ့ အလွန်ဆုံး အောင်မြင်ရင် သုံးနှစ်ပေါ့ကွာ၊ ပြန်ပြီးပြုတ်ကျမှာပါ"

"ကျုပ်တို့အလုပ်ဟာ အနုသုခုမ အလုပ်ပါ၊ အနုသုခုမ စစ်စစ်တွေဟာ တစ်ဦးအောင်မြင်တာကို တစ်ဦးက ဝမ်းမြောက်လေ့ ရှိကြပါတယ်၊ ခင်ဗျားဟာ အနုသုခုမသမားတစ်ယောက် မဟုတ်လို့ ဒီစကားမျိုး ပြောတာပါ၊ ခင်ဗျားပြောသလို သုံးနှစ်မှာ





ကျုပ်ရဲ့အောင်မြင်မှုတွေ ကျဆုံးသွားတယ်ပဲ ထားဦးတော့၊ ကျုပ်လုပ်ပြချင်တာတွေ လုပ်ပြခွင့်ရပြီမို့ ကျုပ်အဖို့ ဝမ်းနည်းစရာ မရှိပါဘူး ဦးပေါကြွယ်"

"မင်းကိုပေးတဲ့ ဈေးမျိုးကို သမ္ဘာရင့်တဲ့ တခြားဓာတ်စီးကြီးတွေကို ပေးပြီးခေါ်ရင် ဓာတ်စီးကြီးတွေ ဓာတ်သမားကြီးတွေက အမြီးနှံ့ပြီး လိုက်လာကြမှာပဲ"

"သမ္ဘာရင့် ဓာတ်စီးကြီးတွေ၊ ဓာတ်သမားကြီးတွေက အမြီးနှံ့ပြီး လိုက်လာမယ် ဟုတ်လား"

"အင်းလေ"

"အမြီးနှံ့တယ်ဆိုတာ ခွေးကိုမှ ပြောရတာဗျ၊ ခင်ဗျားက ဓာတ်သဘင်သမားတွေနဲ့လဲ ထမင်းစားနေရသေးရဲ့၊ ဒီလူတွေကို ဒါလောက်တောင် စော်ကားရသလား ဦးပေါကြွယ်၊ သမ္ဘာရင့်ဓာတ်သမားကြီးတွေတော့ ခင်ဗျားပြောသလို ခင်ဗျားနောက်ကို လိုက်မယ် မလိုက်ဘူးဆိုတာ ကျုပ်အနေဖြင့် အတပ်မပြောနိုင်ဘူး၊ ကျုပ်ရဲ့လက်သီးကတော့ ဟောဒီလို လိုက်လာပြီဗျို့" ဟု ဆိုကာ ဘမော်သည် ပြောပြောဆိုဆို ဦးပေါကြွယ်၏ မျက်နှာအား လက်သီးဖြင့် ထ၍ထိုးလေတော့၏။ ဦးပေါကြွယ်လည်း နေရာမှထ၍ ပြေးလေ၏။ တအောင့်မျှကြာလျှင် ဦးပေါကြွယ်၏နောက်တွင် စိန်လက်ညှိုး အပါအဝင် လူသုံးလေးယောက်သည် ဓားတုတ်များ ဓားများကိုင်၍ ဘမော်ရှိရာ လက်ဖက်ရည်ဆိုင်ဆီသို့ လာကြလေတော့၏။

ထိုလက်ဖက်ရည်ဆိုင်မှာ ပွဲဈေးတန်း၌ လွန်စွာနာမည်ရသော 'လူထု' အမည်ရှိ လက်ဖက်ရည်ဆိုင် ဖြစ်ပေသည်။

"ဆရာလေးရေ...ဟိုမှာ လာကုန်ကြပြီ၊ ပြေးပေတော့"

http://obookshelf.blogspot.com



ဟု ဆိုင်ရှင်က ဘမော်အား သတိပေးလိုက်၏။ ထိုအခါမှပင် ဘမော်သည် လက်ဖက်ရည်ဖျော်သော လူငယ်ဘက်သို့ လှည့်ကာ 'လက်ဖက်ရည်တစ်ခွက် ပေးပါ' ဟု မှာလိုက်လေ၏။

လက်ဖက်ရည်ဖျော်သမားလည်း ဖျော်ပြီးသား အသင့်ရှိသည်နှင့် ဘမော်ရှေ့သို့ လက်ဖက်ရည် လာရောက်ချပေးရင်း 'ကျွန်တော် လက်ဖက်ရည်ဖျော်တဲ့ခုံရဲ့ ဟိုဘက်မှာ ငှက်ကြီးတောင်ဓားတစ်လက် ရှိတယ် ဆရာလေး' ဟု တိုးတိုးကပ်၍ မှာလိုက်လေသည်။

ဘမော်သည် လက်ဖက်ရည်ပန်းကန်ကို ကောက်ယူ၍ သောက်လိုက်လေ၏။ ဦးပေါကြွယ်နှင့် စိန်လက်ညှိုးတို့လည်း နီးသည်ထက်နီး၍ လာလေ၏။ ထိုအခါ၌ ဘမော်သည် လက်ဖက်ရည်ဖျော်သည့်ခုံ၌ ထောင်ထားသော ငှက်ကြီးတောင်ဓားကို သွားရောက်ယူငင်၍ စားပွဲပေါ်၌ ထောင်လျက်သားကိုင်ကာ ရေနွေးကြမ်းကို လက်ဝဲလက်ဖြင့် ငုံ့ပြီးလျှင် အေးဆေးစွာ ရေနွေးကြမ်းသောက်၍နေလေ၏။

ဦးပေါကြွယ်နှင့် စိန်လက်ညှိုးတို့လည်း အနီးသို့ရောက်ကာမှ ဘမော်လက်အတွင်းမှ ဓားကိုမြင်လျှင် မည်သို့မျှ ဝင်၍ မလုပ်ဝံ့ဘဲ ကြည့်၍နေကြလေ၏။

ထို့နောက် စိန်လက်ညှိုးက ဦးပေါကြွယ်အား တစ်စုံတစ်ခု ပြောလိုက်လျှင် ဦးပေါကြွယ်က သဘောတူညီသွားပြီးလျှင် ပြန်၍ လှည့်သွားကြလေတော့၏။

ဘမော်လည်း ထိုလက်ဖက်ရည်ဆိုင်အတွင်းမှ ထွက်၍ လာပြီးနောက် ရေးလက်စ ပြဇာတ်တစ်ပုဒ်ကို ရေး၍နေလေ၏။ ပြဇာတ်၌ အသုံးပြုရမည့် သီချင်းများကိုလည်း မှတ်သား၍ သီချင်း





ရေးရန်အတွက် စာသားများကို ရှာဖွေနေလေ၏။

ညနေပိုင်းသို့ရောက်လျှင် ဓာတ်ရုံနောက်ဖေးသို့ ရာဇဝတ်အုပ်တစ်ယောက်နှင့် ပုလိပ်နှစ်ယောက် ရောက်ရှိလာပြီးလျှင် ဘမော်အား ဦးပေါကြွယ်ကို အနာတရ ဖြစ်စေမှုဖြင့် ဖမ်းဆီးသွားကြလေတော့၏။

ဦးပွကြီးအပါအဝင် ဓာတ်တစ်ဖွဲ့လုံးက ဘမော်ဘက်မှ မကျေမနပ် ဖြစ်ကြလေ၏။ စိန်လက်ညှိုးနှင့် ဦးပေါကြွယ်တို့၏ လက်ချက် ဖြစ်ကြောင်းကိုလည်း သဘောပေါက်ကြလေ၏။

ဘမော်အား ခေါ်သွားသော ရာဇဝတ်အုပ်သည် ဟသ်ာကုန်းဘက်သို့ ရောက်လျှင် သူ၏တပည့်အား...

"ဟော့ကောင် ဂါတ်မပို့ခင်မှာ ဆရာကြီးဆီကို အရင်ပို့လိုက်ဦး၊ သူဖမ်းခိုင်းတာ မဟုတ်လား" ဟု ပြောကာ ဘမော်တို့နှင့် လမ်းခွဲ၍ သွားလေ၏။ ပုလိပ်လည်း ဘမော်အား အိမ်တစ်အိမ်အတွင်းသို့ ခေါ်သွားပြီးလျှင် 'ဒီမှာ ခဏနေဦး' ဆိုကာ ထွက်သွားလေ၏။ ဘမော် ရောက်ရှိနေသောနေရာမှာ အိမ်၏ဧည့်ခန်းပိုင်းဖြစ်သော်လည်း လွန်စွာမှောင်မည်း၍ နေလေ၏။

များမကြာမီ၌ မီးများ လင်း၍လာသဖြင့် ပတ်ဝန်းကျင်သို့ ကြည့်လိုက်ရာ မှုန်ကုပ်ကုပ်ဖြင့် ဘမော်အား ကြည့်၍နေသော လူသုံးယောက်ကို တွေ့ရလေ၏။ ထို့နောက် အခန်းတွင်းမှ ခြေသံကြားရပြီးလျှင် လူတစ်ယောက် ထွက်၍လာလေ၏။ ထိုအခါ၌ လူသုံးယောက်က 'ဆရာကြီး လာပြီ' ဟု ဆိုကာ နေရာမှ ထလိုက်ကြလေ၏။ ဘမော်လည်း ထိုဆရာကြီးဆိုသူအား လှမ်း၍ကြည့်လိုက်ပြီးလျှင် ကြက်သေသေ၍ သွားလေတော့၏။

သည်တော့မှပင် ဘမော်မှာ သူ့ကို လာရောက်ဖမ်းဆီးခဲ့

http://obookshelf.blogspot.com



သော ပုလိပ်များမှာ ပုလိပ်အစစ်များ မဟုတ်သည်ကို ရိပ်စားမိလေတော့သည်။

"ဟော့ကောင် တခြားလူမှတ်တယ် မင်းကိုးကွ" ဟု ဆရာကြီးဆိုသူက နှုတ်ဆက်လိုက်လေ၏။

"ဦးလေးက ဒီမှာ ဘာလာလုပ်နေတာလဲ"

"ဟား...ဟား၊ မင်းအမှုဟာ ငါ့ကို စိန်လက်ညှိုးတို့က အပ်ထားတာကွ"

"အမှုအပ်ရအောင် ဦးလေးက ဘာလဲ"

"ငါက လူမိုက်လေကွာ"

"လူမိုက်ဟုတ်လား"

"အေး...ဟုတ်တယ်၊ တစ်ဦးနဲ့တစ်ဦး မတည့်ရင် ငါ့ကို လာပြီးအပ်ကြတယ်၊ အဲဒီအခါမှာ ငါက မရရတဲ့နည်းနဲ့ ခေါ်ပြီး နာလန်မထူနိုင်အောင် နှိပ်စက်ပေးရတယ်"

"ဘယ်သူ့ဘက်က နှိပ်စက်ရတာလဲ"

"ငါ့ကို ပိုက်ဆံပေးတဲ့ဘက်က နှိပ်စက်ရတာ၊ အခုလဲ မင်းကို ကျိုးသွား ကန်းသွားအောင် နှိပ်စက်ပေးဖို့ စိန်လက်ညှိုးနဲ့ ဦးပေါကြွယ်တို့က ငါ့ဆီမှာ လာပြီးအပ်သွားကြတယ်"

"ဒါဖြင့် ဦးလေးက ကျုပ်ကို နှိပ်စက်မယ် ဆိုပါတော့"

"မင်းမှန်း မသိလို့ပါကွာ၊ မင်းကိုတော့ ငါက လုပ်ရက်ပါ့မလား ဘမော်ရယ်"

"ဦးလေးဟာ တစ်သက်လုံး မဟုတ်တဲ့ အလုပ်ကိုချည်း လုပ်စားနေတာပဲနော်"

"ဟဲ...ဟဲ ငါက မင်းလို တယောလဲ မထိုးတတ်၊ အော်ပရာလဲ မလုပ်တတ်တော့ ဒီလိုပဲပေါ့ကွာ"





"မင်းကို ညစာကျွေးရမယ်ဟော့၊ ဘယ့်နှယ့်ကွာ နှိပ်စက်ဖို့ ခေါ်လာတဲ့လူက ထမင်းကျွေးရမယ့်လူ ဖြစ်နေပြီ၊ အံ့ရောကွာ"

"မစားချင်ပါဘူးဗျာ"

"မစားချင်လို့တော့ မရဘူးကွာ၊ ငါ့ဆီမှာ ထမင်းတစ်နပ် လောက်တော့ စားစမ်းပါ"

"မစားဘူး၊ ခင်ဗျားရှာထားတဲ့ ပိုက်ဆံဟာ မတရားလုပ်ပြီး ရှာထားတဲ့ပိုက်ဆံ ဖြစ်တယ်၊ ကျုပ်က စားမိရင် ကျုပ်ပါ ဒီအလုပ်ကို သဘောတူသလို ဖြစ်နေမယ်၊ အားပေးသလို ဖြစ်မယ်၊ ဘယ်နည်းနဲ့မှ မစားဘူး"

လူကြီးသည် ဘမော်၏စကားကြောင့် ငိုင်၍သွားလေ၏။ စိတ်မကောင်းလည်း ဖြစ်သွားလေ၏။

"မင်း ငါနဲ့ ထမင်းလက်ဆုံ မစားနိုင်တော့ဘူးပေါ့ ဘမော်၊ ပြန်ပြီးစဉ်းစားစမ်းပါဦးကွာ၊ တို့နှစ်ယောက် ရထားပေါ်မှာ ထမင်းတစ်ထုပ်တည်း စားခဲ့ကြတာတွေ၊ လုံချည်နဲ့ လက်သုတ်ခဲ့ကြတာတွေ၊ ဈေးသည်ကလေးကို အနိုင်ကျင့်တဲ့ လင်မယားကို ရိုက်ခဲ့ကြတာတွေကို အမှတ်မရတော့ဘူးလား၊ မင်း ငါ့ကို မေ့သွားပြီလား"

"ဦးလေးပြောတဲ့ စကားကော မေ့သွားပြီလား"

"ငါက ဘာပြောခဲ့လို့လဲ"

"လူကောင်းလုပ်မယ်ဆိုရင်လဲ တကယ် လူကောင်းဖြစ်အောင် လုပ်ပါဆိုတာလေ၊ ကျုပ်က လူကောင်းမှ တကယ့် လူကောင်း၊ လူမိုက်တစ်ယောက် မိုက်ကြေးခွဲပြီး ရှာထားတဲ့ပစ္စည်းကို လုံးဝမစားချင်ဘူး၊ ခင်ဗျား လူကောင်းဖြစ်လာတဲ့ တစ်နေ့မှာ ထမင်းကြမ်းခဲကလေးတစ်ခဲပဲ ဖြစ်စမ်းပါစေ၊ ခင်ဗျားနဲ့ကျုပ် အတူစားမယ်"



obookshelf.blogspot.com

http://obookshelf.blogspot.com



"ဒါဖြင့်လဲပြီးရော ဘမော်၊ ဒီမှာ ခဏကလေး ထိုင်စမ်းပါ" ဟု လူကြီးက ပြောဆိုသဖြင့် ဘမော်လည်း ထိုင်၍နေရလေ၏။ နာရီဝက်ခန့်အတွင်း ထိုခြံအတွင်း၌ မော်တော်ကားသံ၊ ဆိုက်ကားသံများ ကြားရလေ၏။ လူကြီးလည်း ဘမော်အနီး၌ မရှိတော့ပေ။ ဘမော်သည် သူ၏အိတ်အတွင်း၌ ပါလာသော ဆေးပေါ့လိပ်ကို ထုတ်၍ ဖွာရှိုက်နေလေ၏။

ထိုအချိန်၌ လူကြီး ပြန်ရောက်လာပြီးလျှင် 'ဘမော် ခဏ' ဟု ဆိုကာ အခန်းတစ်ခုအတွင်းသို့ ခေါ်သွားလေ၏။ ဘမော်သည် ထိုအခန်းအတွင်းမှ အခြင်းအရာကို မြင်တွေ့ရလျှင် လွန်စွာအံ့အားသင့်၍ သွားလေတော့၏။

ထိုအခြင်းအရာကား ဦးပေါကြွယ်နှင့် စိန်လက်ညှိုးတို့အား ကြိုးများတုပ်လျက် မှုန်ကုပ်ကုပ်လူများက ဝိုင်းရံထားကြခြင်းပင် ဖြစ်ပေသည်။

"ငါက လူမိုက်ဆိုတော့ လူမိုက်နည်းနဲ့ပဲ မင်းကို ဧည့်ခံရမယ် ဘမော်၊ ဒီကောင်တွေဟာ မင်းကို ဒုက္ခပေးဖို့ ငါ့ကို ငွေငါးရာနဲ့ လာပြီးအပ်တဲ့ မင်းရဲ့ရန်သူတွေပဲ၊ ဒီတော့ ဒီလူတွေကို" ဟု ပြောဆိုလျက် လူကြီးသည် နေရာမှ ရုတ်တရက်ထကာ စိန်လက်ညှိုး၏ ပါးကို တဖြန်းဖြန်း ရိုက်နက်လေတော့၏။

"မလုပ်ပါနဲ့ ဦးလေး၊ ကျုပ်ကို မိတ်ဆွေလို သဘောထားရင် သူတို့ကို လွှတ်ပေးလိုက်ပါ၊ သူတို့ဆီက ငွေငါးရာလဲ ပြန်ပြီးပေးလိုက်ပါ" ဟု ဘမော်က ပြောလိုက်လေ၏။

"အေး...ပြန်လွှတ်မယ်၊ ငွေငါးရာကတော့ အကုန်လုံးမပေးနိုင်ဘူးကွ၊ ငါက နှစ်ရာငါးဆယ်ပဲ ရတာ၊ ပုလိပ်ယောင်ဆောင်ခိုင်းတဲ့ လူတွေကို နှစ်ရာငါးဆယ်ပေးရတယ်၊ ဒီတော့





ငါ့ဆီက နှစ်ရာငါးဆယ်ကိုတော့ ပြန်ပေးလိုက်မယ်"

ထိုအခါ၌ ဘမော်ကိုယ်တိုင် သွားရောက်၍ စိန်လက်ညှိုးနှင့် ဦးပေါကြွယ်တို့အား ချည်နှောင်ထားသောကြိုးများကို ဖြေပေးလေ၏။

"ဘယ်လိုလဲ ဘမော်၊ မင်းသေမင်းတွေကို မင်းကိုယ်တိုင်ကြိုးဖြေပေးနေပြီလား"

ထိုအခါ၌ ဘမော်သည် စိန်လက်ညှိုးနှင့် ဦးပေါကြွယ်အား...

"ဆရာစိန်လက်ညှိုးနဲ့ ဦးပေါကြွယ်တို့က ဘာလူမျိုးလဲဗျ"

ဟု မေးလိုက်ရာ...

"မြန်မာလူမျိုးပါ မောင်ဘမော်"

နှစ်ယောက်စလုံးက သံပြိုင် ဖြေကြလေ၏။

"ခင်ဗျားတို့ မြန်မာလူမျိုး ဖြစ်ပေမယ့် မြန်မာ မပီသကြဘူး၊ မြန်မာစိတ်ဓါတ်လဲ မရှိကြဘူး၊ ကျုပ်တို့လူမျိုး၊ ကျုပ်တို့တိုင်းရင်းသားတွေဟာ မြင့်မြတ်တဲ့စိတ်ဓါတ် ရှိကြတယ်၊ တရားသဖြင့် ပြိုင်ဆိုင်တတ်ကြတယ်၊ သူတပါးအောင်မြင်တာကို မနာလိုတဲ့ စိတ်ဓါတ်မျိုး လုံးဝမရှိကြဘူး၊ ခုတော့ ခင်ဗျားတို့တစ်တွေက သိပ်ပြီးယုတ်မာတယ်၊ ကိုယ်လဲ အစွမ်းရှိအောင် မလုပ်တတ်ကြဘူး၊ လူများလုပ်ပြတာကိုလဲ ဖျက်လိုဖျက်ဆီး လုပ်ကြသေးတယ်"

ဟု ဘမော်က ပြောလိုက်ရာ စိန်လက်ညှိုးနှင့် ဦးပေါကြွယ်တို့သည် ခေါင်းငုံ့၍သာ နေကြလေ၏။

"ဦးလေးနဲ့ တွေ့ပေလို့ပေါ့၊ နို့မို့ဆိုရင် ကျွန်တော် ဒုက္ခဖြစ်ရချည်သေးရဲ့၊ ကျွန်တော့်တစ်သက်မှာတော့ ဦးလေးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး" ဟု ဘမော်က ပြောလိုက်ရာ လူကြီး

http://obookshelf.blogspot.com



က ဘမော်ကို အားရဝမ်းသာဖြင့် သိုင်း၍ဖက်လိုက်ပြီးလျှင်...

"ဟော့ကောင် ဘမော်ရ၊ ငါဟာ မင်းရဲ့မိတ်ဆွေပါကွ၊ မင်း ဘယ်လိုအခြေအနေမျိုး ရောက်ရောက် မင်းဘက်မှာ ငါ ရှိတယ်" ဟု ပြောလေတော့၏။

**ယေသခါ၊** အကြင်ခင်ပွန်းတို့သည်။ **ရောဂါတုရေစ၊** အနာ နှိပ်စက်သော ကာလ၌လည်းကောင်း။ **ဒုဗ္ဘိက္ခေစ၊** ငတ်မွတ်ခေါင်းပါးသော ကာလ၌လည်းကောင်း။ **ဗျသနေစ၊** စည်းစိမ်ပျက်စီးသော ကာလ၌လည်းကောင်း၊ **သတြုဂဟေ၊** ရန်သူဖမ်းမိသော ကာလ၌လည်းကောင်း။ **သုသာနေစ၊** သုသာန်တစပြင်၌ လည်းကောင်း။ **တိဋ္ဌာ၊** တည်ရပ်ပေကုန်၏။ **တေသခါ၊** ထိုခင်ပွန်းတို့သည်သာလျှင်။ **သုမိတ္တကာ၊** ခင်ပွန်းကောင်း မည်ကုန်၏။

❖ ❖ ❖

ဘမော်သည် လူကြီး၏အိမ်မှ ဓာတ်ရုံသို့ ပြန်လာခဲ့လေ၏။ ပွဲဈေးတန်းကိုဖြတ်၍ ဓာတ်ရုံကြီးဆောင်မှ ဖြတ်ပြီးလျှောက်ခဲ့ရာ ဓာတ်ရုံနောက်ဘက်သို့ ရောက်ခါနီးတွင် 'ဘမော်' ဟု ခေါ်သံကို ကြားရသဖြင့် ခြေလှမ်းသည် တုံ့ကနဲ ဖြစ်၍သွားပြီးလျှင် အသံလာရာဆီကို ကြည့်လိုက်ရာ မင်းသမီးကလေး မြကိန္နရီကို တွေ့ရလေ၏။





"ဩော်...မြကိန္နရီပါလား၊ ဒီမှာ ဘာဖြစ်လို့ လာပြီးရပ်နေတာလဲ"

"နင့်ကို လာပြီးစောင့်နေတာ၊ ငါလေ နင့်အတွက် စိတ်ပူလိုက်တာဟယ်၊ ဓာတ်ဆရာကြီး ဦးပွကလဲ ဂါတ်ကို လိုက်သွားတယ်၊ နင်နဲ့ မတွေ့ဘူးလား"

"မတွေ့ဘူး၊ ကျုပ်က ဂါတ်ကိုမှ မရောက်ဘဲ မြကိန္နရီ"

"ပုလိပ်တွေက နင့်ကို ဂါတ်ကိုမခေါ်ဘဲ ဘယ်ကိုခေါ်သွားကြတာလဲ"

"သေမင်းဆီကိုလေ"

"သေမင်းဆီကို ဟုတ်လား၊ အရေးထဲ နောက်နေပြန်ပြီဟယ်၊ ငါ့မှာဖြင့် နင့်အတွက် စိတ်ပူလိုက်ရတာ၊ နင်ကတော့ ရွှတ်နောက်နောက်နဲ့"

"ကျုပ်အတွက် စိတ်ပူတတ်တဲ့လူ ဒီကမ္ဘာမှာ မရှိဘူး၊ အခုတော့ မြကိန္နရီက ကျုပ်အတွက် စိတ်ပူတယ်ဆိုတဲ့စကားကို ကြားရတော့ ကျုပ်ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ ဝမ်းသာနေတာလား၊ ဝမ်းနည်းနေတာလား ဆိုတာကို ကျုပ်ကိုယ်တိုင်တောင် မသိဘူး၊ ဘယ်လိုပြောရမယ် မသိဘူး၊ ဒီမှာ ခဏကလေး ရပ်ပြီးနေပါ မြကိန္နရီ၊ ကျုပ် အခုပြန်လာပါ့မယ်"

ဘမော်သည် ဓာတ်ရုံနောက်ဘက် ဓာတ်သမားများ နေထိုင်ရာသို့ ခပ်သုတ်သုတ်ကလေး ထွက်သွားလေ၏။ ဘမော်ကို တွေ့ရသော ဓာတ်သမားများက 'ဟာ...ဘမော် ပြန်လွတ်လာပြီဟေ့' ဟု အားရဝမ်းသာ အော်ဟစ်ကြလေ၏။ သတင်းမေးကြလေ၏။ ဘမော်က 'နောက်မှပဲ ပြောမယ် အရေးကြီးလို့' ဟု ဆိုကာ သူ၏တယောကလေးကို ယူ၍ ဓာတ်ရုံအတွင်းမှ ခပ်သုတ်

http://obookshelf.blogspot.com



သုတ်ကလေး ပြန်၍ထွက်သွားလေ၏။ ဓာတ်သမားများသည် အူကြောင်ကြောင်ဖြစ်၍ ကျန်ရစ်ခဲ့ကြ၏။ တစ်ယောက်တစ်ပေါက် ထင်မြင်ချက် အမျိုးမျိုးကို ထုတ်ဖော်ပြောဆိုကြလေ၏။

ဘမော်သည် ဓာတ်ရုံနံဘေး မှောင်ရိပ်ဆီသို့ ပြန်၍ ရောက်သွားသည့်အခါ၌ မြကိန္နရီသည် ထိုနေရာ၌ပင် မတ်တတ်ရပ်လျက် စောင့်နေဆဲ ရှိသေး၏။

"မြကိန္နရီ၊ ကျုပ်စိတ်ထဲမှာ ခံစားလိုက်ရတာဟာ ဟောဒီလိုပါပဲ"

ဘမော်သည် အထက်ပါ စကားကို ပြောပြီးနောက် တယောကို ထိုးပြလေ၏။ ဘမော်၏ တယောသံသည် မြကိန္နရီအား လွှန်စွာမြင့်မားသော တောင်ထွတ်များဆီသို့ ခေါ်၍သွား၏။ ထိုမှတဖန် တောင်ကမ်းပါးယံ ချောက်ကြီးအတွင်းသို့ ဆတ်ကနဲ တွန်းချလိုက်၏။ တွန်းချပြီးကာမှ 'ဘယ်နား နာသွားသလဲ' ဟု မေးပြန်၏။ ချော့မော့ နှစ်သိမ့်ပြန်၏။ ထိုသို့နှစ်သိမ့်ပြီးလျှင် လွှန်စွာနက်သော တောကြီးအတွင်းသို့ ခေါ်၍သွားပြန်၏။ ထိုတောကြီးအတွင်းမှ စမ်းချောင်းငယ်တစ်ခု၌ ရေချိုးခိုင်းပြန်၏။ ရေချိုးခိုင်းပြီးလျှင် ရသေ့တစ်ဦး၏ ကျောင်းသခ်မ်းသို့ ပို့၍ စိတ်နှလုံးကို အေးချမ်းစေပြန်သည်။ ထိုမှတစ်ဖန် ဘီလူးကြီးထံသို့ ပို့ပြန်၏။ ဘီလူးကြီးထံမှတစ်ဖန် မင်းသားကလေးကို ကယ်ဆယ်ခိုင်း၍ ပန်းရထားစီးကာ ကောင်းကင်ခရီးဖြင့် တူနှစ်ကိုယ် ပျော်ရွှင်မြူးထူးခိုင်းပြန်၏။ ထိုသို့ပျော်မြူးနေစဉ် ပန်းရထားကို ဖျက်ချလိုက်၍ သမုဒ္ဒရာအတွင်းသို့ နစ်မြုပ်စေပြန်၏။

ဘမော်သည် ကျေနပ်လောက်အောင် တယောထိုးပြပြီးနောက်...





"စောစောတုန်းက ကျုပ်အတွက် မြကိန္နရီက စိတ်ပူတယ်လို့ ပြောလိုက်တော့ ကျုပ်စိတ်ထဲမှာ ခံစားလိုက်ရတာ၊ ဘယ်လိုခံစားရတယ်ဆိုတာ မြကိန္နရီကို တယောထိုးပြတာပဲ၊ မြကိန္နရီ နားလည်သွားပြီ မဟုတ်လား"

"ဟင့်အင်း...ဘာမှ နားမလည်ဘူး"

"ဗျာ"

"ငါသွားမယ် ဘမော်" ဟု ဆိုကာ မြကိန္နရီသည် ဘမော်အနီးမှ ထွက်ခွာ၍သွားလေ၏။ ဘမော်သည် ခြေလှမ်းကို မလှမ်းချင် လှမ်းချင်နှင့် လှမ်း၍သွားလေသော မြကိန္နရီ၏ ကိုယ်လုံးကလေးကို နောက်မှကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

"ပါးစပ်နဲ့ နင့်ကို ငါ ကြိုက်တယ်လို့ ပြောရမယ့်နေရာမှာ မင်းက တယောနဲ့ စကားပြောတော့ သူက ဘယ်လိုလုပ်ပြီး ဖြေမလဲကွ ဘမော်ရ"

မည်သည့်အချိန်က ရောက်နေသည် မဆိုနိုင်သော လူရွှင်တော် ကိုညြဏက အထက်ပါအတိုင်း ဘမော်ကို ပြောလိုက်လေ၏။

"ကျုပ်က မြကိန္နရီကို မကြိုက်ပါဘူး ဦးညြဏ"

"ဟေ့ကောင် ဘမော်၊ မင်းဟာ ငါ့ရဲ့မယားငယ် သုံးဆယ့်ခြောက်ယောက်မှာ အငယ်ဆုံးမယားက မွေးတဲ့သား ဆယ်ယောက် ရှိတဲ့အထဲက အထွေးဆုံးသားလောက်ပဲ ရှိသေးတယ်၊ လာပြီး ဖြီးမနေနဲ့၊ မင်းဟာမင်း ဘာတွေပြောနေနေ၊ ငါသိပါတယ်၊ မြကိန္နရီကလဲ မင်းကို မေတ္တာရှိနေတယ်၊ မင်းကလဲ ဒီလိုပါပဲ၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဘယ်ကစပြီး ဘယ်လိုပြောရမှန်း မသိအောင် ဖြစ်နေကြတာတော့ ဒီလိုလုပ်ကွာ၊ စာက

http://obookshelf.blogspot.com



လေး တစ်စောင်ရေး"

ထိုအချိန်တွင် လူရွှင်တော် စန္ဒယော်ကလေး ရောက်လာပြန်ကာ...

"ဘယ်လိုရေးရမလဲ ကိုညိဇာ၊ လုပ်စမ်းပါဦးဗျ" ဟု ဆိုလေ၏။

"လွယ်ပါတယ်ကွ၊ နဘေနဲ့ ရေးရမယ်" ဟု ကိုညိဇာက ပြန်၍ပြောလိုက်၏။

"လုပ်စမ်းပါဦး၊ ရေးပြစမ်းပါဦး" ဟု စန္ဒယော်ကလေးက တိုက်တွန်းလိုက်၏။

"အကြောင်းစကား၊ သောင်းပတ္တမြားနဲ့၊ ကျောင်းသားဖြစ်သူ ကျွန်တော် မောင်ဘမော်က အလောင်းတော် မပျော်နှန်းလို ကုန်းပြီး..."

"ဘာဖြစ်လို့ ကုန်းပြီးဆိုတာကြီး ထည့်ရတာလဲဗျ" ဟု စန္ဒယော်ကလေးက ဝင်၍ ထောက်လိုက်၏။

"ဟဲ့...ကုန်းပြီး စာရေးလိုက်ပါတယ်လို့ ဆက်မယ်လေကွာ"

"ဟား...ဟား...ဟား...ခင်ဗျားစာကလဲ ထောင့်နေပါတယ်ဗျာ၊ နဘေက သိပ်မမိဘူး၊ ဒီလိုရေးရတယ်ဗျ၊ နားလဲမလည်ဘဲနဲ့"

"လုပ်စမ်းပါ စန္ဒယော်ရယ်၊ ရေးပြစမ်းပါဦး"

"ချစ်နှမထံ...ပစ်ခွရန်...လှစ်ဟကြဲ..."

"တော်တော့ ဟေ့ကောင်၊ မင်းဟာ မဟုတ်တော့ဘူး"

လူရွှင်တော် ကိုညိဇာနှင့် စန္ဒယော်ကလေးတို့သည် အထက်ပါအတိုင်း နောက်ပြောင်ပြောဆိုနေကြစဉ်၌ပင် ဘမော်မှာ





ထွက်၍သွားလေတော့၏။

ထိုအခါ၌ လူရွှင်တော် ကိုညိဇာနှင့် စန္ဒယော်ကလေးတို့ နောက်ပြောင်ခြင်းကို ရပ်လိုက်ကြပြီးနောက် အောက်ပါအတိုင်း တိုင်ပင် ပြောဆိုကြလေတော့၏။

"ဟေ့ကောင်...စန္ဒယော်၊ ငါတော့ ကောင်မလေးနဲ့ ဘမော်ကို မြန်မြန် ဖြစ်သွားစေချင်တယ်ကွ"

"ဟုတ်တယ်ဗျ၊ သူတို့နှစ်ယောက်က အသက်အရွယ်ချင်းလဲ မတိမ်းမယိမ်း၊ ရေ့သွားနောက်လိုက်လဲ ညီတယ်၊ ဒီလိုလုပ်ရအောင်ဗျာ"

"ဘယ်လို လုပ်ရမှာလဲ"

"ကျုပ်တို့နှစ်ယောက်က ကြားထဲကနေ ဝင်ပြီး အောင်သွယ်ရအောင် လား"

"အောင်သွယ်တာက ဟုတ်ပါပြီ၊ ဘမော်ဆိုတဲ့ကောင်က တကယ့် လူနုံ့လူအကလေးကွ၊ မိန်းမတစ်ယောက်ကို ကြိုက်နေတာတောင် ကြိုက်တယ်လို့ မပြောရဲဘဲ တယောထိုးပြတဲ့ကောင်"

"ဒါလဲ မပြောနဲ့လေဗျာ၊ ကျုပ်တောင်မှ အစ ကျုပ်ရထားတဲ့ မိန်းကလေးကို မရခင်က ကြိုက်တယ်လို့ မပြောရဲလို့ အိုးစည်ထုပြခဲ့ရသေးတယ်၊ ဘမော်က တယောထိုးတတ်လို့ တယောထိုးပြတာကိုး၊ ကျုပ်က တယော မထိုးတတ်တော့ ကိုယ်တတ်တာကိုယ် လုပ်ပြခဲ့ရတာပဲဗျို့"

"ဟေ့ကောင် စကားအကောင်းပြောရင်း ဖောက်မလာစမ်းနဲ့ကွာ၊ ကောင်မလေးကို ဘမော်က ပြောခိုင်းတယ်ဆိုပြီး မင်းနဲ့ ငါနဲ့ သွားပြောမယ်"

"ဘယ်လိုပြောမှာလဲ ကိုညိဇာ"

http://obookshelf.blogspot.com



"နှင့်ကိုကြိုက်တယ်လို့ ပြောမှာပေါ့ကွ"

"ခင်ဗျားတော့ မကြီးမငယ်နဲ့ ပါးရိုက်ခံချင်ပြီ ထင်တယ်၊ နှင့်ကို ငါ ကြိုက်တယ်လို့ သွားပြောရင် ခင်ဗျားက ကြိုက်လို့ လာပြောတယ်လို့ ကောင်မလေးက ထင်မှာပေါ့ဗျ"

"ဒီလိုကွာ၊ စပြီးပြောတဲ့အခါမှာတော့ နှင့်ကို ငါ ကြိုက်တယ်လို့ ပြောမယ်၊ ကောင်မလေးက မကျေနပ်လို့ ဆူညံညံ ဖြစ်လာရင်တော့ ငါပြောတာ မဟုတ်ဘူး၊ ဘမော်က ပြောခိုင်းတာလို့ စကားကိုဆက်မယ်"

"တကယ်လို့ ကောင်မလေးက ကျေနပ်ပြီး ငြိမ်နေရင်ကောဗျာ"

"ဒီလိုဆိုရင်တော့ ဘမော်အတွက် မပါဘူး၊ ငါ့အတွက် ငါပြောမှာပေါ့ကွ"

"ခင်ဗျားဟာ တော်တော်ကို မတရားတဲ့လူကြီးပဲ၊ ခင်ဗျား မပြောနဲ့၊ ကျုပ် ပြောမယ်"

"မင်းက ဘယ်လိုပြောမှာလဲ စန္ဒယော်"

"ဟော့ ကောင်မလေး မြကိန္နရီ၊ နင့်ကို ဘမော်က ကြိုက်နေတယ်၊ နင်က ပြန်ပြီးမကြိုက်နဲ့၊ နင်ကြိုက်ရမှာက ဒီလိုကောင်မျိုး မဟုတ်ဘူး"

"ဘယ်လိုကောင်မျိုးကို ကြိုက်ရမှာတုန်း"

"စန္ဒယော်လိုကောင်မျိုး ကြိုက်ရမှာ"

"တော်တော့၊ မင်းလဲ လိပ်မျိုးပဲ၊ ဒီတော့ တို့နှစ်ယောက်စလုံး ပြိုင်တူ သွားပြောမယ်၊ ကောင်မလေးရှေ့ကျရင် စုလို ရှုတ်နှောက်နှောက် လုပ်မနေနဲ့၊ ရှက်သွားဦးမယ်"

လူရွှင်တော် ကိုသြဇာနှင့် စန္ဒယော်တို့သည် အထက်ပါ





အတိုင်း တစ်ယောက်တစ်ပေါက် ပြောဆိုနောက်ပြောင်ကြပြီးလျှင် မြကိန္နရီ ဖီးလိမ်းနေသောနေရာသို့ သွားရောက်ကာ ဘမော်က မြကိန္နရီကို မည်မျှစွဲလန်းနေကြောင်းကို ဖွဲ့နွဲ့ပြောဆိုကြလေ၏။

ထိုသို့ပြောဆိုပြီးလျှင် ဘမော်ထံသို့ သွားရောက်ကာ မြကိန္နရီက ဘမော်အား စွဲလန်းနေပုံ၊ မိန်းမသားဖြစ်၍ စတင်ကာ ချစ်ရေးဆိုရန် ခက်နေပုံတို့ကို ဖွဲ့နွဲ့ပြောဆိုလေ၏။

ဤသို့လျှင် လူရွှင်တော်နှစ်ဦးသည် အခွင့်ရတိုင်း မြကိန္နရီကို တစ်လှည့်၊ ဘမော်ကို တစ်လှည့် ပြောဆိုခဲ့လေ၏။ အစတွင် မြကိန္နရီက ရှက်၍ ခေါင်းကို ငုံ့ထားတတ်သော်လည်း နောင်တွင်...

"ဦးလေးတို့ချည်းပဲ လာပြောနေကြ၊ ကာယကံရှင်ကတော့ တစ်လုံးမှကို မဟာပါလား" ဟု ပြန်၍ ပြောတတ်လေ၏။

ထိုအခါ လူရွှင်တော် စန္ဒယော်က...

"တစ်လုံးမှ မဟာဘူး ဟုတ်လား၊ စိတ်ချ တစ်လုံးတင်မကဘူး၊ ခြောက်လုံးတိတိ ဟစေမယ်" ဟု ပြောလေ၏။

ဤသို့ပင် ဘမော်တို့၏ဇာတ်သည် ပဲခူးမှ ညောင်လေးပင်၊ ညောင်လေးပင်မှ တောင်ငူသို့ ပြောင်းရွှေ့ခဲ့ကြလေ၏။

တောင်ငူ၌ ဇာတ်ကနေစဉ်အတွင်း လူရွှင်တော် ကိုသြဇာနှင့် စန္ဒယော်တို့က အချစ်ဇာတ်လမ်းတစ်ခုကို ကပြရန် သဘောတူလိုက်လေသည်။ ထို့ကြောင့် နေ့လည်တွင် ဇာတ်တိုက်ကြလေ၏။ တစ်ခါတစ်ရံ ပွဲနားသောရက်များ၌ နေ့ရောညပါ ဇာတ်တိုက်ကြလေ၏။

ဇာတ်လမ်းတွင် မင်းသားလုပ်သူက မြကိန္နရီကို ချစ်ရေးဆိုရသောအခန်း ပါဝင်၏။ ထိုအခန်း၌ မင်းသားလုပ်သူ တင်မြင့်

http://obookshelf.blogspot.com



ဆိုသောသူအား လူရွှင်တော် ကိုညြဘနှင့် စန္ဒယော်တို့က ချစ်ရေးဆိုသည့်အခန်း၌ မလုပ်တတ်ချင်ဟန် ပြုခိုင်းလေ၏။ ဤသို့ပြုလုပ်လျှင် ညနေ၌ အရက် အဝတိုက်မည်ဟုလည်း တစ်ဖက်က မက်လုံးပေး၍ ထားလေ၏။

နေ့ခင်း၌ ထိုအခန်းကို ဇာတ်တိုက်ကြလေတော့၏။ ထိုအခါ၌ ဘမော်က "တီးဝိုင်းဆရာတို့ ဒီနေရာမှာ မြကိန္နရီက ပန်းခြံထဲမှာ ပန်းခူးနေမယ်၊ ကိုတင်မြင့်က ချွတ်နင်းပြီး မြကိန္နရီနားကို ရောက်အောင် လာမယ်၊ အဲဒီနေရာမှာ ချွတ်နင်းသံကို တီးပေးရမယ်၊ ကိုတင်မြင့်က ဒရိုင်ဘာ၊ မြကိန္နရီက သူဌေးသမီး၊ မြကိန္နရီရဲ့ လက်ကလေးကို ကိုင်လိုက်ပြီး ကိုတင်မြင့်က အစ်မလေးကို ကျွန်တော် ချစ်နေတာ ကြာပါပြီ၊ အစ်မလေးကို ချစ်တယ်လို့ မပြောဝံ့လို့ စိတ်ထဲမှာ မျိုသိပ်ထားရပါတယ်လို့ ပြောလိမ့်မယ်၊ အဲဒီနေရာမှာ ချစ်သမျှကို ပတ်ပျိုးကို ချိုးပေးရမယ်၊ ကဲ...စမယ်၊ ကိုတင်မြင့်က ဟိုဘက်ကနေ ဝင်မယ်၊ မြကိန္နရီက ဟိုနားမှာ ပန်းစည်းကလေးကိုင်ပြီး ရပ်နေ၊ ကဲ...ကဲ ကိုတင်မြင့် ဝင်ပေတော့" ဟု ပြောလိုက်သည့်အခါ၌ မင်းသားလုပ်သူ တင်မြင့်သည် သူခိုးအခန်း၌ ချွတ်နင်းသကဲ့သို့ တစ်လှမ်းချင်းလှမ်း၍ မြကိန္နရီအနီးသို့ ရောက်အောင်လာ၏။ မြကိန္နရီအနီးသို့ ရောက်လျှင် တင်မြင့်အား ဦးညြဘက မျက်စိမှိတ်ပြလိုက်လေ၏။ တင်မြင့်သည် ပြောတော့မလို လုပ်ပြီးမှ တစ်လုံးတစ်ပါဒမျှ မပြောတော့ဘဲ ရပ်၍နေလေ၏။

"ကိုတင်မြင့် ပြောလေဗျာ၊ 'အစ်မလေးကို ကျွန်တော် ချစ်နေတာ ကြာပါပြီ' လုပ်လေဗျာ၊ တီးဝိုင်းက ကိုတင်မြင့် စကားစလိုက်တာနဲ့ 'ချစ်သမျှကို' ဝင်မယ်နော်၊ အရေးကြီးတယ်၊ မင်း





သားက သူ ဘယ်လောက်တောင် ချစ်နေပါတယ်ဆိုတာကို တစ်လုံး နှစ်လုံးပဲ ပြောနိုင်မှာ၊ အတီးက ဒီနေရာမှာ မင်းသားပြောချင်တာတွေ အားလုံးကို အထောက်အကူ ပြုပေးရမှာ၊ ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာပေါ့လေ၊ လေးဆူဒီပါ သီတာရေမြေဆုံးစေတော့... ဆိုတဲ့စာသားဟာ လူတိုင်းရဲ့ အသည်းနှလုံးမှာ အလွတ်ရပြီးသား မဟုတ်လား၊ ဒီတော့ အတီးက ဝင်ပြီး ချစ်သမျှကို အလိုက်ကို ချိုးပေးလိုက်တာနဲ့ မင်းသားက မင်းသမီးကို ဘယ်လောက် ချစ်နေပါတယ်ဆိုတာကို ပရိသတ်က သူ့အလိုလို ဖြည့်ပြီး နားလည်သွားမှာ၊ ကဲ...စမယ်" ဟု ဘမော်က ရှင်းပြပြီးနောက် တင်မြင့်အား ပြောလိုက်ရာ တင်မြင့်က...

"ဘမော် ငါ မလုပ်တတ်ဘူးကွ၊ တစ်ခေါက်လောက်တော့ လုပ်ပြစမ်းပါကွာ" ဟု ဆိုလေတော့၏။

"ကိုတင်မြင့် ရပါတယ်ဗျာ၊ ချစ်ဦးလူလိမ်ဇာတ်တုန်းက ဒီအသွားမျိုး ခင်ဗျား လုပ်ဖူးပါတယ်၊ လုပ်ကြည့်စမ်းပါဗျာ"

"မဟုတ်ဘူး ဘမော်၊ ဒီနေရာက သိပ်ပြီးအရေးကြီးတယ်၊ ချစ်ဦးလူလိမ်တုန်းက ချစ်ရေးဆိုရတာက အဆင့်အတန်း တူတူချင်းကွ၊ အခုဟာက ငါက မြကိန္နရီအိမ်က ဒရိုင်ဘာ၊ မြကိန္နရီက သူဌေးသမီးဆိုတော့ မလှုပ်တတ်ဘူးကွ၊ တစ်ခေါက်ပဲ လုပ်ပြပါကွာ"

"ဟုတ်တယ်ကွ၊ ဒီနေရာက သိပ်ပြီးခက်တာ၊ ဘမော် လုပ်ပြလိုက်ပါကွာ" ဟု ကိုညြဘနှင့် စန္ဒယော်တို့ကပါ ဝင်၍ တိုက်တွန်းလိုက်ပြန်၏။

"ကဲ...ဒီမှာကြည့်" ဟု ဘမော်က ပြောလိုက်သည့်အခါ၌ တီးဝိုင်းက ချွတ်နင်းသံ တီး၍ပေးလေ၏။ ဘမော်သည် တစ်ဖက်

http://obookshelf.blogspot.com



ထောင့်မှနေ၍ မြကိန္နရီရှိရာသို့ တစ်လှမ်းချင်း လှမ်း၍လာပြီးလျှင် မြကိန္နရီ လက်ကလေးကို အသာကိုင်လိုက်လေ၏။ ထိုအခါ၌ ဘမော်က...

"အစ်မလေးကို ကျွန်တော် ချစ်နေတာ ကြာပါပြီ အစ်မလေးရယ်" ဟု ပြောလိုက်လေ၏။ ပြောလိုက်သည့်အခါ၌ တီးဝိုင်းက ချစ်သမျှကို အလိုက်တီးပေးလေ၏။

"ချစ်တယ်လို့ မပြောဝံ့လို့ စိတ်ထဲမှာ မျိုသိပ်ထားရပါတယ်"

"ငါလဲ နင့်ကိုချစ်ပါတယ် ဘမော်"

"ဗျာ"

ဘမော်သည် တီးဝိုင်းကို လှည့်၍ကြည့်လိုက်၏။ တီးဝိုင်းမှ လူများလည်း မရှိတော့။ မင်းသားတင်မြင့်ကိုလည်း မမြင်တော့။ ထိုအခါ၌ ဘမော်နှင့် မြကိန္နရီ နှစ်ဦးသာလျှင် ကျန်ရစ်ခဲ့လေတော့သည်။ ဘမော်သည် မြကိန္နရီအား လွန်စွာအံ့အားသင့်၍ 'ဗျာ' တစ်ခွန်းသာ ရေရွတ်ပြီးလျှင် ကြည့်နေ၏။ မြကိန္နရီက ဘမော်၏ လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"သူတို့ ဘယ်ရောက်ကုန်ပြီလဲ အစ်မလေး"

"သူတို့အားလုံး ထမင်းစား သွားကြပြီလေ" ဟု ဆိုကာ မြကိန္နရီသည် ဘမော်၏ ရင်ခွင်တွင်းသို့ တိုး၍သွားလေသည်။

"နင်ဘာပြောချင်လို့လဲ ဘမော်၊ ပြောလေ၊ ဒီအခန်းကျရင် အားလုံး ရှောင်ပေးကြဖို့ ကြိုတင်ပြီး နင်စီစဉ်ထားတယ်ဆိုတာ ငါ ရိပ်မိပါတယ်ဟယ်"

မြကိန္နရီက အထက်ပါအတိုင်း ပြောပြီးနောက် ဘမော်၏ ဗိုက်ကို မနာမကျင်ရအောင် ဆွဲ၍လိမ်လိုက်လေ၏။





"မဟုတ်ပါဘူး အစ်မလေး၊ ကျုပ် ဘာမှမသိပါဘူး၊ အစ်မလေးဟာ ကျုပ်ရဲ့ကျေးဇူးရှင်ပါ အစ်မလေး၊ ဒါကြောင့် အစ်မလေးကို အစ်မတစ်ယောက်လိုပဲ သဘောထားပါတယ်၊ ပြီးတော့"

"ပြီးတော့ ဘာဖြစ်သေးလဲ ဘမော်"

"ပြီးတော့ ကျုပ်ရဲ့ရင်ထဲမှာ သီသီဆိုတဲ့ မိန်းကလေးတစ်ယောက် ကိန်းအောင်းနေပါတယ် အစ်မလေး"

"ဟင် ဒါဖြင့် နင်ငါ့ကို သက်သက် အရက်ခွဲလိုက်တာပေါ့ ဟင်၊ စကောလောက်မှ စောက်မနက် အကြံပက်စက်တဲ့ကောင်၊ အရက်ခွဲဦးဟယ်၊ အရက်ခွဲဦးဟယ်"

"ဖြန်း...ဖြန်း...ဖြန်း"

မြကိန္နရီက ရှက်ရှက်ဖြင့် ဘမော်၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်နှက်လေတော့၏။ ဘမော်က တစ်စုံတစ်ရာ ပြန်၍ ပြောဆိုခြင်းလည်း မပြု၊ ကာကွယ်ခြင်းလည်း မပြုဘဲ အရိုက်ခံ၍ နေရှာလေ၏။

ထိုအခါ၌ လူရွှင်တော် ကိုညြဏနှင့် စန္ဒယော်တို့ ပြေးလာကြပြီးလျှင်...

"ဟဲ့...ဟဲ့ လွန်ကုန်မယ်" ဟု ဆိုကာ ဝိုင်း၍ဆွဲထားကြလေ၏။

"ဒီကောင်ရှိရင် ကျွန်မ ဒီဇာတ်မှာ မကဘူး၊ ကျွန်မ ထွက်မယ်" ဟု မြကိန္နရီက ငိုသံကြီးနှင့် အော်၍ပြောလိုက်လေ၏။

ဘမော်သည် အထက်ပါစကား ကြားရသည့်အခါ၌ လွန်စွာ ဝမ်းနည်း၍ သွားလေ၏။ ဤဇာတ်အဖွဲ့ကြီး၌ မြကိန္နရီသည် ယခင်ကတည်းက လိုက်ပါလာသူဖြစ်ပြီး မိမိက နောက်မှရောက်လာသူဖြစ်သည်။ ထို့အပြင် မြကိန္နရီက မိန်းမသားဖြစ်သည်။

http://obookshelf.blogspot.com



အနှစ်နာခံစရာရှိလျှင် မိမိကသာ အနှစ်နာခံရမည်ကို ဘမော်သဘောပေါက်ပေသည်။ ထို့ကြောင့် မြကိန္နရီအား စာတ်သမားများက ဝိုင်းဝန်းချော့မော့နေကြစဉ်၌ပင် ဘမော်သည် သူ၏ တယောကလေးနှင့် လွယ်အိတ်ကလေးကို ကောက်ယူကာ မည်သူ့ကိုမျှ နှုတ်ဆက်ခြင်း မပြုဘဲ ထွက်ခွာခဲ့လေတော့၏။

ဘူတာရုံသို့ရောက်လျှင် သာစည်သို့ထွက်မည့် ရထားကို အဆင်သင့် တွေ့ရသဖြင့် လက်မှတ်ဝယ်ကာ ထိုရထားနှင့်ပင် လိုက်ပါခဲ့လေတော့၏။

ဘမော်ကား သူ့အား မြေတောင်မြှောက်ပေးခဲ့သော မြကိန္နရီဇာတ်အဖွဲ့ကို မလွှဲမရှောင်သာ ကျောခိုင်းခဲ့ရလေပြီ ဖြစ်၏။

> လောကေ၊ လောကဥ္စ။ အဂ္ဂိ၊ မီးကိုလည်းကောင်း။ အာပေါ်၊ ရေကိုလည်းကောင်း။ မူဠ္ဌော၊ သူမိုက်ကိုလည်းကောင်း။ သပ္ပော၊ မြွေကိုလည်းကောင်း။ ဣတ္ထိ၊ မိန်းမကိုလည်းကောင်း။ အပယဿေန၊ မထိမပါး ရှောင်ရှားသဖြင့်။ ဂန္တဗ္ဗော၊ သွား အပ်၏။ အဓွေကပါဏာဟရာနိ၊ လတ်တလော အသက်ကို ထိခိုက်စေတတ်ကုန်၏။

❖ ❖ ❖

မြကိန္နရီအား လူရွှင်တော် ကိုညြဇာနှင့် စန္ဒယော်လေးတို့





က အဖြစ်မှန်ကို ရှင်းပြကြလေ၏။ ဆိုင်းသမားများကလည်း ထိုနည်းတူစွာပင် ရှင်းပြကြလေ၏။ ထိုအခါ၌ မြကိန္နရီသည် ဘမော်အား ရက်ရက်နှင့် ပါးကို တအားလွှဲ၍ ရိုက်ခဲ့သောအဖြစ်ကို တွေးမိသဖြင့် စိတ်မကောင်း ဖြစ်မိလေတော့၏။

"မြကိန္နရီရယ်၊ ဘမော်က ဘာမှပြောရာတာ မဟုတ်ပါဘူး၊ ငါနဲ့ စန္ဒယော်နဲ့က ကြားထဲက ဝင်ပြီးစလောက်ဆန်မိပါတယ်၊ သူ့ခမျာ နင့်ကို လေးစားတာ၊ အစ်မလေး၊ အစ်မလေးနဲ့" ဟု ကိုညြဇာက ပြောလိုက်လျှင် မြကိန္နရီသည် ချုံးပွဲချ၍ ငိုကြွေးလေတော့၏။

"ဟုတ်ပါတယ်၊ သူ့ခမျာ ဇာတ်ထဲ လိုက်ချင်ရှာလွန်းလို့ လူတကာရဲ့ ခိုင်းဖတ်အဖြစ်နဲ့ လိုက်ခဲ့ရရှာတယ်၊ အခုတော့ သူ့ရဲ့ ပညာအရည်အချင်းကို ဇာတ်တစ်ဇာတ်လုံးကလဲ နားလည်ပါပြီ၊ အခုတော့ သူ မရှိတော့ဘူး၊ သူတော့ သိပ်ပြီး ရှက်သွားရှာမယ်" ဟု မြကိန္နရီက ပြော၍ ငိုလေ၏။

"ဘမော်ဟာ ဇာတ်ထဲကို သိပ်ပြီးလိုက်ချင်တဲ့ကောင်ပါဟယ်၊ ငါ့ဆီကိုလာပြီး ထင်းတွေခွဲပေး၊ ရေတွေခပ်ပေးနဲ့ ဇာတ်ထဲကို လိုက်ချင်ရှာလွန်းလို့ မျက်နှာလုပ်ရှာတာ၊ ငါကလဲ အဲဒီတုန်းက သူ့ကို သူခိုးဂျပိုးထင်ပြီး အရေးမလုပ်ခဲ့မိဘူး၊ လူကောင်းကလေးပါကွယ်၊ ညြဇာနဲ့ စန္ဒယော်တို့က နောက်တာပြောင်တာက တယ်ပြီး လွန်တာကိုးကွယ့်"

"ဒီလိုမဖြစ်တန်ဘူးရယ်လို့ နောက်မိတာကိုးဗျ" ဟု စန္ဒယော်က ထမင်းချက်အဘိုးကြီးအား အသံခပ်မာမာဖြင့် ပြောလိုက်လေ၏။

"ဒီလိုဗျ၊ ဘမော်ထွက်သွားတာဟာ မြကိန္နရီက ပါးရိုက်

http://obookshelf.blogspot.com



လိုက်လို့ သူ့အနေနဲ့ စိတ်လဲမဆိုးရှာပါဘူး၊ လူပျိုလူရွယ်ကလေးဆို တော့ ရှက်လဲရှက်မပေါ့ဗျာ၊ ပြီးတော့ ဒီဇာတ်မှာက သူဟာ ဇာတ် စီးတစ်ယောက် မဟုတ်လားဗျ၊ ရှက်တော့ ရှက်မှာပါပဲ၊ ဒါပေမယ့် ဇာတ်ထဲက တစ်ခါတည်း ထွက်သွားဖို့တော့ မဟုတ်ဘူးဗျ၊ မြကိန္နရီက 'သူရှိရင် ကျွန်မ ဒီဇာတ်မှာ မကတော့ဘူး' လို့ အော်ပြောလိုက် တော့မှ အကြီးအကျယ် ငိုင်ကျသွားပြီး နောက်တော့ ကျုပ်က သူ့ကို ကြည့်လိုက်တော့ မရှိတော့ဘူး၊ မြကိန္နရီ ဒီဇာတ်က ထွက် သွားမှာစိုးလို့ သူက အရင် ထွက်သွားရှာတာဗျ" ဟု နဲ့ဆရာကြီးက ပြောလိုက်လျှင် မြကိန္နရီလည်း ရှိုက်၍ရှိုက်၍ ငိုလေတော့၏။ ငိုရင်း၌လည်း...

"ကျွန်မကြောင့် ထွက်သွားတာပါ၊ ကျွန်မကိုငဲ့ပြီး ထွက် သွားတာပါ၊ ကျွန်မ သူ့ကို သနားလိုက်ပါတိရှင်" ဟု ပြောလေ၏။

ဇာတ်ပိုင်ရှင် ဦးပွကြီးကလည်း လူရွှင်တော် ကိုညြဇာနှင့် စန္ဒယော်ကလေးကို အပြင်းအထန် ဆူပူကြိမ်းမောင်းလေတော့ ၏။ ဇာတ်အဖွဲ့တစ်ဖွဲ့လုံး၌လည်း ဘမော် ဇာတ်မှထွက်သွားသည့် အတွက် ပူဆွေးသောက ရောက်ကုန်ကြလေတော့သည်။

ထိုအချိန်၌ ဘမော်သည်လည်း မိမိဘဝ၏ရှေ့ရေးကို တွေးတောရင်း ရထားပေါ်၌ ခပ်ငိုင်ငိုင်ထိုင်လျက် စီးနင်းလိုက်ပါ သွားနေပြီ ဖြစ်ပေသည်။ သာစည်ဘူတာသို့ ရောက်လျှင် ရထား ပေါ်မှ ဆင်းခဲ့လေသည်။ အမှန်စင်စစ် သာစည်သို့ လိုက်ပါခဲ့ခြင်း မှာလည်း မည်သည့်ရည်ရွယ်ချက်မှ မရှိပေ။ ခြေဦးတည့်သည့် နေရာသို့ ထွက်၍လာခြင်းသာ ဖြစ်ပေရာ ဘူတာရုံအတွင်း၌ မည် သည့်နေရာသို့ သွားရမည်မသိဘဲ တွေဝေ၍ ရပ်နေမိလေ၏။

"မဏိသျှတြကျမ်းလာ မြမျိုးငါးဖြာ ရတနာ သာစွာ





ကဏ္ဍရာ မူလီ၊ ကိတ္တိပတ်နဲ့ ဝင်သဝဏ်ရယ်လို့ ရှိပေတာ၊ စိမ်း လဲ့လဲ့သွဲ့သွဲ့ နုသွေး မြသွေးရှက်ဖြာ ကိန္နရာ ကိန္နရီ စုနစ်သွယ် နတ်နွယ်ဖြစ်မျိုး ဒေဝကိန္နရာ စိမ်းလဲ့သာကြည် မြကိန္နရီ မြကိန္နရီ"

"အဲဒီလို မြရဲ့အရောင်အသွေးရှိတဲ့ ကိန္နရီမလေး မြကိန္နရီ ကလေးဟာ ချစ်သူနဲ့ ကွဲကွာရတဲ့အတွက် စိတ်အဆင်းရဲကြီး ဆင်း ရဲခဲ့ပါတယ်" ဟူသော အသံနှင့်အတူ တယောသံကိုပါ ကြားရလေ ၏။ ဘမော်သည် အသံလာရာဆီသို့ ကြည့်လိုက်ရာ တစ်ခါက မြည်ဘူတာရုံ၌ တွေ့ဆုံခဲ့သော တယောသမား သူတောင်းစား ကြီးကို တွေ့ရလေ၏။ ဘမော်လည်း အားရဝမ်းသာနှင့် သူတောင်း စား ကြီးထံသို့ သွားလေ၏။ အနီးသို့ရောက်လျှင် သူတောင်းစားကြီး၏ တယော သံနောက်သို့ မေး၍ သူ၏တယောဖြင့် လိုက်၍ထိုးလေ၏။

သီချင်းဆို၍ ပြီးသွားသောအခါ သူတောင်းစားကြီးသည် ဘမော်ဘက်သို့ လှည့်ကြည့်လိုက်ပြီးလျှင်...

"ဟော့ကောင် မင်း ပုဂံသား မဟုတ်လား" ဟု သူတောင်း စားကြီးက မေးလိုက်လေ၏။

"ဟုတ်ပါတယ် ကျွန်တော် ဘမော်ပါ"

"အေး...အေး...ပုဂံသား မောင်ဘမော်၊ ဟား ဟား ဟုတ် ပြီဟေ့၊ နေစမ်းပါဦးကွ၊ ပဲခူးဘုရားပွဲမှာတုန်းက စိန်လက်ညှိုးနဲ့ အပြိုင်ကြိုခဲ့တဲ့ ဘမော်ဆိုတာ မင်း မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"သိပ်ကောင်းတာပဲကွာ၊ လူတွေက မြကိန္နရီအော်ပရာ သိပ်ပြီးကောင်းတယ်၊ တယောတစ်လက်တည်းနဲ့ သရုပ်ဖော်သွား တယ်၊ သိပ်ကောင်းတဲ့ တယောလက်သံပဲဆိုလို့ ငါလဲ ဝင်ပြီး

http://obookshelf.blogspot.com



ကြည့်မိသေးတယ်ကွ၊ အော်ပရာဆိုတာကလဲ တယ်ကောင်းပါလား၊ မင်း လုပ်တာလား"

"ဟုတ်ပါတယ်ခင်ဗျ"

"တယောကလဲ ကောင်းတယ်ဟေ့၊ မင်းလက်သံပဲလား"

"ဟုတ်ပါတယ်ခင်ဗျ"

"အခု ဘယ်ကိုသွားမလို့လဲ"

"ဘယ်ကိုသွားရမှန်းတောင် မသိပါဘူးခင်ဗျာ၊ ကျွန်တော် ဇာတ်ထဲက ထွက်လာခဲ့တာ"

"ဇာတ်ထဲမှာလဲ အောင်မြင်နေပါလျက်နဲ့ ရုတ်တရက် ဇာတ်ထဲကနေ ထွက်လာတယ်ဆိုတော့ မိန်းမကိစ္စပဲ ထင်တယ်"

"ဟုတ်ပါတယ်ခင်ဗျာ၊ မြကိန္နရီဆိုတဲ့ မင်းသမီးက ကျွန်တော်ရှိရင် မနေဘူးဆိုတာနဲ့ ကျွန်တော်ကပဲ ထွက်လာခဲ့ရတာပါ"

"မြကိန္နရီ ဟုတ်လား၊ ဟား ဟား ဟား...ငါကတော့ အငြိမ့်မင်းသမီး မြနန်းနွယ်အတွက် သူတောင်းစား ဖြစ်ခဲ့ရတယ်၊ ဟဲ...ဟဲ မင်းကတော့ မြကိန္နရီအတွက်...၊ ကဲ ငါ့လူ ဘယ်မှ သွားမနေနဲ့တော့ ငါ့လိုပဲ သူတောင်းစား လုပ်ပေတော့၊ ထမင်းဆာရင် ထပြီးတောင်းပေတော့၊ မဆာသေးရင် တယောထိုးနေ၊ သီချင်းကလေး တအေးအေးနဲ့ စိတ်အေးချမ်းသာ ရှိတယ်ကွ"

"မဟုတ်တာဗျာ၊ သူတောင်းစားတော့ မလုပ်ပါရစေနဲ့၊ တစ်ခုခုတော့ လုပ်ရမှာပေါ့ဗျာ"

"အေးလေ၊ အဲဒီလိုဆိုရင်လဲ တခြားဇာတ်တစ်ခုခုနဲ့ လိုက်ပေါ့ကွာ၊ မိတ္ထီလာမှာ ဇာတ်နှစ်ဇာတ် ဝင်နေတယ်ကွ၊ ဒါပေမယ့် အခုသွားလို့ မရဘူး၊ မနက် ကားကြုံလာမှ သွားတာပေါ့"

ဘမော်သည် ထမင်းနှစ်ထုပ် ဝယ်၍လာပြီးလျှင် သူ





တောင်းစား အဘိုးကြီးအား တစ်ထုပ်ပေးလေ၏။ ကျန်တစ်ထုပ်ကိုမူ သူကိုယ်တိုင် ဖြေ၍စားလေ၏။

"ဟာ...မင်းက ငါ့အတွက် ထမင်းတစ်ထုပ် ဝယ်လာတာကိုး၊ ငါက ကျွေးရမှာကွ၊ အခုအခါမှာ မင်းက ဧည့်သည်၊ ငါက အိမ်ရှင်ဖြစ်နေတာ"

"မဟုတ်တာပဲဗျာ၊ ဦးလေးက အိမ်ရှင်ဖြစ်ရအောင် ဘယ်မှာလဲ ဦးလေးအိမ်"

"မြန်မာပြည်တပြည်လုံးမှာ ရှိတဲ့ ဘူတာရုံတွေ၊ ဇရပ်တွေ၊ ဓောင်းတန်းတွေ၊ လမ်းတွေဟာ ငါ့အိမ်တွေပေါ့ကွ၊ ဟားဟားဟား၊ အခု ဇာတ်ထဲမှာ ဇာတ်စီးလုပ်ပြီး ဇာတ်ထုပ်တွေ တိုက်ပေး တယောထိုးပေးလုပ်ရတာ ဘယ်လောက် ရသလဲကွ"

"ဆယ့်ငါးကျပ်"

"တနေ့ကုန် ငါ လျှောက်ပြီးတောင်းရင် နှစ်ဆယ်လောက် ရတယ်ကွ၊ ဘုရားပွဲရှိရင် အစိတ်သုံးဆယ်လောက်တောင်မှ ရတယ်ဟေ့၊ မင်းတို့ဇာတ်ထဲမှာ လုပ်တာ သူတောင်းစားလောက်တောင်မှ မရပါလားကွ"

ဘမော်နှင့် သူတောင်းစားကြီးတို့သည် ထမင်းစားပြီးနောက် သာစည်ဘူတာ၏ မှောင်ရိပ်ကျသော ပလက်ဖောင်းထောင့်စွန်း၌ သွားရောက်၍ ထိုင်လေ၏။ ထိုသို့ထိုင်ပြီးနောက် သူတောင်းစားကြီးသည် ပလက်ဖောင်းပေါ်၌ ပက်လက်လှန်၍ အိပ်ချလိုက်လေ၏။

"ဟေ့ကောင် ဘမော်၊ ညောင်းရင် လှဲလေကွာ"

"ခြေနင်းဖတ်ကြီးဗျ"

"ခြေနင်းဖတ်မှာ မလှဲလို့ မင်းကို ဘယ်သူက လာပြီး

http://obookshelf.blogspot.com



ကော်ဇော ခင်းပေးမှာလဲကွ"

ထိုအခါ၌ ဘမော်လည်း ညောင်းလွန်းသည်ဖြစ်၍ သူတောင်းစားကြီး လှဲသကဲ့သို့ပင် ပလက်ဖောင်းပေါ်၌ လှဲချလိုက်လေ၏။ ကျောဆန့်လိုက်ရသဖြင့် အတော်အတန် နေသာထိုင်သာ ရှိသွားလေ၏။ ထို့နောက် ဆေးပေါ့လိပ်တိုကို မီးညှိရှိုက်ဖွာလိုက်လေ၏။

"မြေကြီးပေါ်မှာ အိပ်ရတာ ဘယ်လောက် ကောင်းသလဲ၊ အိပ်ရာက နိုးရင် ထပြီးသွားရုံပဲ၊ အိပ်ရာသိမ်းဖို့လဲ မလိုဘူးကွ၊ ဟဲဟဲ…မြေကြီးတွေ ရှိနေသရွေ့တော့ ငါ့အတွက် အိမ်ဆိုတာ မရှားပါဘူး" ဟု သူတောင်းစားကြီးက ပြောလေသည်။

"ကျွန်တော်ကတော့ အတော့်ကို စိတ်ပျက်နေပြီ၊ အတော့်ကိုပဲ အားငယ်လာတာပါပဲ၊ စာတတ်ထဲမှာ ရှေ့ကိုတက်ဖို့ တက်လမ်းကလေးက ပွင့်မလိုရှိသေးတယ်၊ အခုတော့ လမ်းစပျောက်ရပြန်ပြီဦးလေး" ဟု ဘမော်သည် စိတ်ပျက်လက်ပျက်နှင့် အထက်ပါအတိုင်း ပြောလိုက်လေ၏။

"မင်းဟာ တော်မလို့နဲ့ အတော့်ကို မဟုတ်သေးတဲ့ကောင်ပဲ၊ လောကမှာ အောင်မြင်မယ့်နေရာဟာ အဲဒီလိုပဲ အခက်အခဲ အနှောင့်အယှက်တွေ ရှိနေတတ်စမြဲပါပဲ၊ ဒါကြောင့်လည်း လူတိုင်း မအောင်မြင်တာပေါ့၊ အခက်အခဲ အနှောင့်အယှက်တစ်ခုကို တွေ့တိုင်း ငါ့ကို အောင်မြင်ရေး စာမေးပွဲတစ်ခု စစ်နေတာလို့ သဘောထားစမ်းပါ၊ အခက်အခဲကတော့ နေရာတိုင်းမှာ ရှိတယ်၊ ကုန်ကုန်ပြောမယ်၊ ငါတို့လို သူတောင်းစားလုပ်နေရတဲ့လူတောင်မှ အခက်အခဲ ရှိနေတယ်၊ ဟိုနေရာမှာ လူတွေအများကြီး ရှိနေတယ်ဆိုပြီး သွားတောင်းလို့ မရဘူး၊ ရုံပိုင်ကြီးက သူတောင်းစား





တွေ လက်မှတ်ပေါက်နှား မလာရဘူးလို့ အမိန့်ထုတ်ထားတယ်၊ အပြိုင်အဆိုင်တွေကလဲ များတယ်၊ သူတောင်းစားအလုပ်မှာ အပြိုင်အဆိုင်တွေ ရှိနေတယ်၊ ဟိုမှာတွေ့တဲ့ သူတောင်းစားဟာ သူ့ဟာသူ ဘယ်တော့မှ မတောင်းဘူး၊ ငါမို့ တောင်းပြီဆိုရင် သူလဲ ငါ့နားကို ရောက်လာပြီး တောင်းပြီ၊ ဟား…ဟား၊ သူတောင်းစား အပြိုင်အဆိုင်လေကွာ၊ ဒီတော့ မသေမချင်းမှတ်ထား၊ ဒီစာတ်နဲ့ မလိုက်ရရင် တခြားစာတ်နဲ့ လိုက်၊ အဲဒီစာတ်မှာ နာမည်ကြီးအောင် လုပ်ပေတော့"

"တခြားစာတ်က ခေါ်ပါ့မလားဗျာ"

"ဟော့ကောင် မင်းရဲ့အရည်အသွေးကို သိသွားပြီကွ၊ တခြားစာတ်တွေကလဲ ခေါ်မှာပဲ၊ နာမည်ကြီးနေတဲ့ စာတ်တွေနဲ့ မလိုက်နဲ့၊ ပြုတ်မလိုဖြစ်နေတဲ့ စာတ်နဲ့ လိုက်ကွ၊ အဲဒီစာတ်ဟာ မင်းပါလို့ ပြန်ပြီးထောင်လာနိုင်တယ် ဆိုရင်တော့ မင်းရဲ့အစွမ်းကြောင့်ပဲ မှတ်ပေတော့"

"ဦးလေး ပြောတာ ကျွန်တော် သဘောပေါက်ပါပြီဦးလေး"

"နေဦးကွ၊ မင်းကို မေးရဦးမယ်၊ အခု ပြစာတ် ကနေတာတွေဟာ ဘယ်ကနေ့ စာတ်လမ်းတွေ ရနေတာလဲ"

"ကျုပ်ဟာကျုပ် စိတ်ကူးပြီး ကနေတာပဲ"

"ဒီလိုမလုပ်နဲ့ဦးကွ၊ စာရေးဆရာတွေဆီကို သွားပြီး ဉာဏ်ပူဇော်ခ ပေးပြီး စာတ်လမ်းတွေ တောင်းကွ၊ သူတို့ဆီက အကြံဉာဏ်တွေကိုလဲ ယူရမယ်၊ စာတ်လမ်းစာတ်ကွက်ဆင်တဲ့ ဦးနှောက်က စာရေးဆရာတွေမှာမှ ရှိတာကွ"

"ဟုတ်တယ် ဦးလေး"

http://obookshelf.blogspot.com



"ရန်ကုန်ရောက်ရင် မဂ္ဂဇင်းတိုက်တွေကို သွား၊ စာရေးဆရာတွေနဲ့ မိတ်ဖွဲ့ပြီး ဇာတ်လမ်းတွေ တောင်းရတယ်ကွ"

"ကောင်းပါပြီ ဦးလေး"

"ဇာတ်သဘင်လုပ်ငန်းမှာပဲ ဖြစ်ဖြစ်၊ ဘိုင်စကုပ်လုပ်ငန်းမှာပဲ ဖြစ်ဖြစ် လူအများစုရဲ့စိတ်နှလုံးကို ဖမ်းစားရတဲ့ လုပ်ငန်းတွေ မှန်သမျှ အောင်မြင်ဖို့အချက်ကတော့ လူတွေရဲ့ **စိတ်ဓာတ်သဘာဝ**ကို နားလည်ရမယ်၊ အဲဒီလိုနားလည်ရင် လူတွေရဲ့ စိတ်ဓာတ်မှာ ဆာလောင်မွတ်သိပ်နေတဲ့ အစာ၊ **စိတ်ရဲ့အစာ**ကို သိမယ်၊ အဲဒီအစာကို ကျွေးလိုက်နိုင်တဲ့ ပညာသည်တိုင်းဟာ ကျော်ကြား အောင်မြင်တော့တာပဲဟေ့"

"ဟုတ်ပါပြီ"

"လူတွေရဲ့ **စိတ်အစာ**ကို ဘယ်လိုသိအောင် လုပ်ရမလဲ သိရဲ့လား"

"ဟင့်အင်း၊ မသိဘူး ဦးလေး"

"လူတွေရဲ့ **စိတ်အစာ**ကို သိဖို့က ကိုယ်တိုင်ရဲ့ စိတ်အစာကို သိဖို့ အရင်ကြိုးစားရမယ်၊ ဒီတော့ ကိုယ့်စိတ်ကို ကိုယ်သိအောင် လုပ်ရမယ်၊ အဲဒီလိုလုပ်တဲ့နည်းထဲမှာ အသက်မှန်မှန်ရှူ၊ မျက်စိကို မှိတ်ထားပြီး ငြိမ်ငြိမ်ကလေး ထိုင်နေတဲ့နည်းကို ငါအနေနဲ့ အကြိုက်ဆုံးပဲ၊ အဲဒီအခါမှာ ပေါ်လာတဲ့ စိတ်ကူးတွေအတိုင်း သီချင်းတစ်ပုဒ်လောက် စမ်းကြည့်စမ်းပါ၊ ငါပြောတာ လက်တွေ့သိရမယ်" ဟု ဆိုလေ၏။

ဘမော်သည် သူတောင်းစားကြီး ပြောသည့်အတိုင်း တင်ပျဉ်ခွေ ထိုင်လျက် မျက်စိကိုမှိတ်ပြီး ငြိမ်ငြိမ်ကလေး နေလိုက်ရာ အတော်ကြာသောအခါ၌ ထူးဆန်းသော စိတ်ကူးတစ်ခု





ပေါ်ပေါက်၍ လာလေ၏။ ထိုစိတ်ကူးကို စက္ကူတစ်ရွက်ပေါ်၌ ကပျာကယာ ရေးမှတ်ပြီးလျှင် တယောတံနှင့် အသံစမ်း၍ သီချင်းတစ်ပုဒ်ကို ရေးစပ်လေတော့၏။

ထိုသို့ရေးစပ်ပြီးနောက် ဘမော်သည် သူတောင်းစားကြီးအား တယောထိုးပြီး သီချင်းဆိုပြခဲ့လေတော့၏။

"ဟာ...တယ်ကောင်းပါလား ဘမော်၊ အဲဒါဟာ မနောဝိညာဉ်က ရေးတဲ့သီချင်းပဲကွ၊ အဲဒီသီချင်းကို **မနောဝိညာဉ်** လို့ အမည်ပေးသင့်တယ်"

"ဟုတ်တယ်၊ **မနောဝိညာဉ်** လို့ပဲ အမည်ပေးမယ်"

"ကဲ...ဟေ့ကောင်၊ မကွေးမှာ ဘုရားပွဲရှိတယ်၊ အဲဒီမှာ ဇာတ်တွေလဲ ရှိတယ်၊ အဲဒီကိုသွားပြီး ဇာတ်တစ်ဇာတ်နဲ့ လိုက်ပေတော့"

"ဟုတ်ကဲ့ ဦးလေး"

ဘမော်သည် သူတောင်းစားကြီးအား နှုတ်ဆက်ကာ မကွေးမြို့ဘက်သို့ ခရီးဆက်ခဲ့လေတော့၏။

> ***ဝိညူ***၊ ပညာရှိသည်။ ***မုဟုတ္တမပိ***၊ တခဏမျှလည်း။ ***ပဏ္ဍိတံ***၊ ပညာရှိကို။ ***စေပယိရုပါသတိ***၊ အကယ်၍ ဆည်းကပ်ငြားအံ့။ ***ခိပ္ပံ***၊ လျင်စွာ။ ***ဓမ္မံ***၊ တရားကို။ ***ဝိဇာနာတိ***၊ သိ၏။ ***ကဝိမိဝ***၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ***ဇိဝှာ***၊ လျှာသည်။ ***သူပရသံ***၊ ဟင်း၏အရသာကို။ ***ဝိဇာနာတိယထာ***၊ သိသကဲ့သို့တည်း။

❖ ❖ ❖

http://obookshelf.blogspot.com





## မနောဝိညာဉ်၏ ခရီးစဉ်

ဘမော်သည် မော်တော်ကားကြုံဖြင့် မကွေးမြို့ရှိ မြသလွန်ဘုရားပွဲသို့ လိုက်လာခဲ့လေ၏။ ဘုရားပွဲမှာ လွန်စွာစည်ကားသော ဘုရားပွဲကြီး ဖြစ်ပေရာ ဇာတ်အဖွဲ့ကြီးသုံးလေးဖွဲ့သည် အပြိုင်အဆိုင် ကပြလျက် ရှိလေသည်။ ဘမော်သည် မြသလွန်ဘုရားကုန်းတော်ပေါ်သို့ တက်၍သွားပြီးလျှင် ပန်းတစ်မူးဖိုးဝယ်၍ ဘုရားဖူးလေ၏။

ဘုရားဖူးပြီးနောက် ဇာတ်ရုံတန်းဘက်သို့ ဆင်း၍လာလေ၏။ ဇာတ်ရုံများကို တစ်ခုပြီးတစ်ခု လှည့်လာကြည့်ရှုလေ၏။ ထိုသို့ လှည့်လာပြီးနောက် အပြင်အဆင်အားဖြင့် လွန်စွာညံ့ဖျင်းသော ဇာတ်ရုံတစ်ရုံ၏ နောက်ဖက်သို့ သွား၍ ဇာတ်ပိုင်ရှင်နှင့် တွေ့ဆုံလေ၏။ ထိုဇာတ်၏ပိုင်ရှင်မှာ လူရွှင်တော်ဟောင်း ဦးနတ်ခိုးဆိုသူ ဖြစ်၏။

“ဘာကိစ္စလဲဟေ့” ဟု ဦးနတ်ခိုးက ဘမော်၏ ဟောင်းနွမ်းသော အဝတ်အစားများကို အကဲခတ်လျက် ခပ်မာမာ မေး

http://obookshelf.blogspot.com



လိုက်လေ၏။

"စာတ်ထဲမှာ လိုက်ချင်လို့ပါ ခင်ဗျာ"

"စာတ်ထဲမှာ လိုက်တာက ဟုတ်ပါပြီ၊ မင်းက ဘာလုပ်တတ်သလဲ၊ ကားဆွဲလား၊ ထမင်းချက်လား"

ဘမော်သည် တစ်စုံတစ်ရာ ပြန်၍ပြောဆိုခြင်း မပြုတော့ဘဲ တယောကိုထုတ်၍ အသံစမ်းလိုက်ပြီးနောက် တယောကို ကျွမ်းကျင်စွာ ထိုး၍ပြလေ၏။ ထို့နောက် မနောဝိညာဉ်သီချင်းကိုပါ ဆို၍ပြလေ၏။ ထိုသီချင်း၏ စာသားများ၌ သုရိယနိယာမဟု ဆိုအပ်သော ရေ့မှထွက်၍ အနောက်တွင် ဝင်လေ့ရှိသော နိယာမ၊ စန္ဒတာရက နိယာမဟု ဆိုအပ်သော လနှင့်ကြယ်တာရာတို့၏ နိယာမ၊ အာကာသနိယာမ၊ ပထဝီနိယာမ စသည့် နိယာမ တစ်ဆယ့်ငါးပါး ပါဝင်လေ၏။

ဘမော်သည် သီချင်းဆုံးသွားသည့်အခါ၌လည်း တယော လက်သံကို အစွမ်းပြ ထိုးလေ၏။ စာတ်သမားများလည်း ဘမော်၏အနီးသို့ ဝိုင်း၍လာကြလေတော့၏။ ကျေနပ်လောက်အောင် ထိုးပြီးနောက် ဘမော်သည် တယောကို ချလိုက်၍...

"ကျုပ်ကို ဘယ်နေရာမှာ သုံးရမယ်ဆိုတာ ခင်ဗျား နားလည်လောက်ပါပြီ" ဟု ဘမော်က စာတ်ပိုင်ရှင် ဦးနုတ်ခိုးအား ပြောလိုက်လေ၏။

"နာမည် ဘယ့်နှယ့်ခေါ်သလဲ"

"ဘမော်လို့ ခေါ်ပါတယ်"

"ဟို...ဟို ယိုးဒယားမကျင်စိန် စာတ်အဖွဲ့မှာ စာတ်စီးလုပ်ပြီး မြကိန္နရီအော်ပရာကို လုပ်ခဲ့တဲ့ ပုဂံသားမောင်ဘမော် ဆိုတာ မဟုတ်လား" ဟု စာတ်သမားတစ်ယောက်က မေးလိုက်လေ၏။





"ဟုတ်ပါတယ်"

"စာတ်ဆရာ ဦးနုတ်ခိုးရေ၊ စာတ်စီးလုပ်တဲ့နေရာမှာ ဝိစ္စာပဲ၊ ပုဂံသားမောင်ဘမော် ဆိုတာပေါ့၊ ယိုးဒယားမကျင်စိန် စာတ်အဖွဲ့ဟာ ပြုတ်လုပြုတ်ခင်မှာ သူ စာတ်စီးလုပ်လိုက်တာ တစ်ခါတည်း ပြန်ထောင်သွားတော့တာပဲ" ဟု ဘမော်၏ အရည်အချင်းကို သိသော စာတ်သမားက စာတ်ပိုင်ရှင် ဦးနုတ်ခိုးအား ပြောပြလေ၏။ ထိုအခါ၌ ဦးနုတ်ခိုးက ဘမော်အား သေသေချာချာ ကြည့်၍...

"ငါတော့ မင်းနာမည်ကို တစ်ခါမှ မကြားဖူးပါလား" ဟု ပြောလေ၏။

"မြကိန္နရီ အော်ပရာဆိုတာ လူကြိုက်သိပ်များတာ" ဟု စာတ်သမားက ပြောပြန်လေ၏။

"ငါတော့ မကြားမိပါဘူး"

"စိန်လက်ညှိုး ဦးစီးတဲ့စာတ်နဲ့ ပဲခူးမှာ အပြိုင်ကြတာ၊ သူက အပြတ်အသတ် နိုင်သွားတယ်"

"ငါတော့ မကြားမိပါဘူး"

"စာတ်လောကမှာ တစ်ယောတစ်လက်နဲ့ စာတ်ကွက်ခင်းသွားလို့ နာမည်ကြီးသွားတဲ့ ပုဂံသားမောင်ဘမော် ဆိုတာပေါ့"

"ငါတော့ မကြားမိပါဘူး"

"ငါတော့ မကြားမိပါလား"

စာတ်ပိုင်ရှင် ဦးနုတ်ခိုးလည်း 'ငါတော့ မကြားမိပါလား' ဟူသော စကားကိုသာ တွင်တွင်ကြီး သုံး၍နေလေ၏။ ထိုအခါ၌ ဘမော်သည် ဦးနုတ်ခိုးအား သေသေချာချာ ကြည့်၍...

"ခင်ဗျားလိုလူရဲ့စာတ်မှာ ဝင်ပြီးလုပ်ရင်လဲ အပိုပဲ၊ ခင်

ဗျားဟာ ဘာမှ ကြားဖူးတယ်ကို မရှိဘူး၊ ခင်ဗျားတို့လို လူတွေဟာ တခြားလူတွေ ဘာတွေလုပ်နေတယ် ဆိုတာကို မလေ့လာဘူး၊ ကိုယ့်ဟာလေးနဲ့ကိုယ် ဟုတ်လှပြီလို့ ထင်နေတတ်တဲ့ လူမျိုးပဲ၊ ကျုပ်သွားမယ်" ဟု ဆိုကာ ဘမော်သည် လှည့်၍ ထွက်ခွာလေတော့၏။ ထိုအခါ၌ ဓာတ်ပိုင်ရှင် ဦးနတ်ခိုးလည်း ကပျာကယာ ထ၍...

"နေ...နေ...နေပါဦး မောင်ဘမော်ရယ်၊ ဒေါသချည့်ပဲကွာ၊ မင်းဟာ ဓာတ်ပိုင်ရှင် ဦးပွကြီးရဲ့ဓာတ်မှာ ကားဆွဲအဖြစ်နဲ့ လုပ်နေရာကနေပြီး ဓာတ်စီးဖြစ်လာခဲ့တဲ့ ပုဂံသားမောင်ဘမော် ဆိုတာ ငါသိပါတယ်ကွာ"

"ဒါဖြင့် စောစောကတော့ ခင်ဗျားက ကျုပ်ကို မသိဘူး ဆို၊ အဲဒါက ဘာသဘောလဲ"

"ဒါက ဒီလိုပါ ငါ့တူ၊ အား...အား...မဟုတ်ပါဘူး မောင်ဘမော်ရယ်၊ ကျုပ် ရှင်းပြပါဦးမယ်"

ဓာတ်ပိုင်ရှင် ဦးနတ်ခိုး၏ အပြောင်းအလဲ မြန်ဆန်ပုံကို ကြည့်ပြီး ဘမော်မှာ လွန်စွာ စိတ်ပျက်မိလေတော့၏။

"ကျုပ်သူငယ်ချင်း စာရေးဆရာတစ်ယောက်က ပြောထားလို့ပါ၊ နာမည်ကြီးတဲ့လူတွေနဲ့ တွေ့ရင် မသိဘူး၊ မကြားဖူးဘူးလို့ ပြောပြီး နှိမ်ထားရမယ်လို့ ပြောခဲ့ဖူးတယ်၊ ဒါကြောင့် ကျုပ်ကလဲ ကိုဘမော်နဲ့ တွေ့တွေ့ချင်း...ဟဲဟဲ"

ဓာတ်ပိုင်ရှင် ဦးနတ်ခိုးမှာ စကားကို ဆက်၍မပြောတော့ဘဲ ကွမ်းချေးများ အထပ်ထပ်တက်နေသည့် သူ၏သွားကို လူမြင်မကောင်းအောင် ဖြဲ၍ပြပြီးလျှင် ဘမော်အား မျက်နှာချိုသွေးလေတော့၏။





"ခင်ဗျားဟာ တော်တော်အသုံးမကျတဲ့လူပဲ၊ ဒီလောက်အသုံးမကျတဲ့လူနဲ့ ကျုပ် အတူတူ အလုပ်မလုပ်ချင်ဘူး" ဟု ဆိုကာ ဘမော်သည် ဦးနတ်ခိုးအား ကျောခိုင်း၍ ထွက်သွားလေတော့သည်။ ဓာတ်အဖွဲ့သားများမှာ သူတို့၏ ဓာတ်ပိုင်ရှင်ဦးနတ်ခိုးအား နှစ်ပြားမျှမတန်အောင် ပြောဆို၍ ထွက်ခွာသွားသော နာမည်ကြီး ဓာတ်စီးတစ်ယောက်ဖြစ်သည့် ပုဂံသားမောင်ဘမော်အား သဘောကျစွာ ငေးကြည့်လျက် ရှိကြလေ၏။ ဓာတ်ပိုင်ရှင် ဦးနတ်ခိုးမှာမူ နာမည်ကြီး ဓာတ်စီးကောင်းတစ်ယောက်ဖြစ်သည့် ပုဂံသားမောင်ဘမော်အား လက်လွှတ်သွားရခြင်းအတွက် စိတ်မကောင်းဖြစ်ကာ သူ့အား အသုံးမကျသော နည်းလမ်းကို ပေးခဲ့သည့် သူငယ်ချင်း စာရေးဆရာကိုသာ နာမည်ထုတ်ကာ ဆဲဆိုနေတော့၏။

**လောကေ**၊ လောက၌။ **သီဟော**၊ ခြင်္သေ့လည်းကောင်း။ **သဗ္ဗုရိသော**၊ သူတော်ကောင်း လည်းကောင်း။ **ဂဇော**၊ ဆင်လည်းကောင်း။ **ဣမေ**၊ ဤသူတို့သည်။ **ဒေသံ**၊ အကျိုးမရှိသောအရပ်ကို။ **ဩသဇ္ဇ**၊ စွန့်၍။ **ဂစ္ဆန္တိ**၊ သွားကုန်၏။ **ကာကော**၊ ကျီးလည်းကောင်း။ **ကာပုရိသော**၊ ယုတ်မာသော ယောကျ်ားလည်းကောင်း။ **မိဂေါ**၊ သမင်လည်းကောင်း။ **ဣမေ**၊ ဤသတ္တဝါတို့သည်။ **ဟတ္ထေဝ**၊ မိမိကျင်လည်ရာ အရပ်၌သာလျှင်။ **နိဓနံ**၊ ပျက်စီးခြင်းသို့။ **ယန္တိ**၊ ရောက်ကုန်၏။

http://obookshelf.blogspot.com



ဘမော်သည် ဓာတ်ပိုင်ရှင် ဦးနတ်ခိုးထံမှ ထွက်လာပြီးလျှင် အခြားသော ဓာတ်ရုံတစ်ရုံသို့ သွားရောက်ပြန်၏။ ထိုဓာတ်ရုံမှ ဓာတ်ဆရာဖြစ်သူ ဦးလှဖေသည် ဘမော်ဟု သိလျှင်သိချင်း အားရဝမ်းသာ နှုတ်ဆက်၍ လက်ဖက်ရည်အချိုနှင့်ပင် ဧည့်ခံ၍ စကားပြောလေ၏။

"မောင်ဘမော် ရောက်လာတာ ကျုပ်ဖြင့် အားရှိတယ်ဗျာ၊ ဒီမှာကလဲ ဓာတ်စီးက တခြားလူ မဟုတ်ပါဘူး၊ မောင်ဘမော်နဲ့ ရင်းနှီးပြီးသားပါ" ဟု ဦးလှဖေက ပြောလေ၏။ ထိုအချိန်၌ပင် လူတစ်ယောက်သည် ဘမော်တို့အနီးသို့ ရောက်လာပြီးလျှင် ဘမော်အား ခါးထောက်၍ ကြည့်လေ၏။

ထို့နောက် ထိုသူကပင် စ၍...

"ဒီမှာ ဟေ့ကောင်၊ ဒီဓာတ်မှာ ငါက ဓာတ်စီးဓာတ်အုပ်ကွ၊ ငါတစ်ယောက်လုံး ရှိနေပါလျက်နဲ့ မင်းက လာတာဟာ ငါ့ရဲ့ထမင်းအိုးကို လာပြီးနှိုက်တာပဲ" ဟု ပြောလေ၏။

"ဟုတ်ပါတယ်၊ ကျုပ်မှားပါတယ်" ဟု ဆိုကာ ဘမော်သည် နေရာမှထ၍ ထွက်ခဲ့လေ၏။ ဓာတ်ဆရာကြီးဦးလှဖေလည်း ဘမော်ကို လွန်စွာ အားနာ၍သွားလေ၏။ အမှန်စင်စစ်အားဖြင့် ဘမော်သည် ဤဓာတ်၌ ဓာတ်စီးလုပ်မည်ဟု လာရောက်ပြောခြင်း မဟုတ်ပေ။ တယောသမားအဖြစ်နှင့်သာ လိုက်ပါရစေဟု ပြောခဲ့ခြင်း ဖြစ်ပေသည်။

ဘမော်သည် ထိုဓာတ်ရုံမှ ထွက်ခဲ့ပြီးနောက် သဘော်ဆိပ်ဘက်သို့ မေးမြန်း၍ ထွက်ခဲ့လေ၏။ သဘော်ဆိပ်သို့ ရောက်လျှင် သဘော်ချိန်ကို မေးမြန်းလျက် ပြည်သို့ စီးနင်းလိုက်ပါရန် သဘော်ကို စောင့်ဆိုင်း၍ နေလေ၏။ ထိုသို့စောင့်ဆိုင်းနေစဉ်





ဆာလောင်မွတ်သိပ်လှသည်ဖြစ်၍ ကောက်ညှင်းပေါင်း နှစ်ပြားဖိုး ဝယ်ယူစားသောက်ကာ သောက်ရေအိုးစင်မှရေကို သောက်ပြီးလျှင် မျှင်းမျှင်းရှိသည်နှင့် တယောထိုး၍ နေလေ၏။ **မနော့ဝိညာဉ်** ဆိုသောသီချင်းကို တိုးတိုးညင်းညင်းက လေးဆို၍ တယောသံကိုလည်း တိုးနိုင်သမျှ တိုးတိုးကလေး ထိုး၍ နေခြင်းဖြစ်၏။

"ဟေ့...ဘမော်"

"ဗျာ"

ဘမော်သည် လွန်စွာအံ့အားသင့်၍ သွားလေ၏။ ဓာတ်ပိုင်ရှင် ဦးပွကြီး ဖြစ်ပေသည်။

"ရှာလိုက်ရတာကွာ၊ နတ်ခိုးတို့ ဓာတ်ရုံထဲကိုလဲ ရောက်ခဲ့သေးတယ်"

"ဦးလေး ဘာဖြစ်လို့ လိုက်လာတာလဲ"

"ငါ့ ဓာတ် ရန်ကုန်ကို ဆင်းမယ်၊ အဲဒါအရေးမကြီးဘူး၊ မြကိန္နရီက မင်းကိုရှာပေးမှ သူ ဓာတ်ကနိုင်မယ်လို့ အကျပ်ကိုင်လို့ လိုက်ရှာပေးရတာဟေ့"

"မဟုတ်ပါဘူး၊ မြကိန္နရီက ကျွန်တော်ရှိရင် သူ မနေဘူးဆိုလို့ ကျွန်တော် ထွက်ခဲ့ရတာပါ"

"ဒီလိုကွာ၊ ဩဇာနဲ့ စန္ဒယော်ကလေးတို့က သူတို့ ကြားထဲက ဝင်ပြီး စကားကုလားဖန်ထိုးမိကြလို့ ဖြစ်တာပါလို့ မြကိန္နရီကို ဝန်ခံကြတယ်၊ အဲဒီမှာတင်ပဲ မြကိန္နရီက လူးလိမ့်ပြီး ငိုတော့တာပဲဟေ့"

"ကျွန်တော် မယုံဘူး၊ ဦးလေးတို့ မြကိန္နရီကို ဓာတ်ထဲက ထုတ်ပစ်လိုက်ကြပြီ မဟုတ်လား၊ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ၊ ဒီဓာတ်ထဲက မြကိန္နရီ ထွက်သွားမှာစိုးလို့ ကျွန်တော် ထွက်လာခဲ့

http://obookshelf.blogspot.com



တာ၊ ဦးလေးတို့ ဒီလိုမတရားလုပ်တာကို ကျွန်တော် မကြိုက်ဘူး၊ သွားပါဗျား၊ ကျွန်တော် မလိုက်နိုင်ဘူး"

"မင်း မယုံရင် ဟောဒီမှာ မြကိတ္တရီ ရေးပေးလိုက်တဲ့စာ" ဟု ဆိုကာ ဦးပွကြီးက စာကို ထုတ်၍ပြလိုက်လျှင် ဘမော်သည် စာကိုယူ၍ ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

ဘမော်

**ဦးလော်ပွနဲ့ ပြန်ပြီးလိုက်ခဲ့ပါ၊ ဦးလေးပွ ပြန်လာလို့ နင်မလိုက်လာဘူးဆိုရင် ငါ့ကိုယ်ငါ သတ်သေလိုက်မယ်၊ ငါ့ကို သေစေချင်ရင်တော့ နင် မလိုက်ဘဲ နေနိုင်တယ်။**

**မြကိတ္တရီ**

ဘမော်သည် မြကိတ္တရီ၏ သီချင်းစာအုပ်ကို မကြာခဏ ယူ၍ သီချင်းကျက်မှတ်ဖူးသည်ဖြစ်ရာ လက်ရေးကို ကောင်းစွာ မှတ်မိပေသည်။ ထိုစာမှာ မြကိတ္တရီ ရေးလိုက်သော စာဖြစ်ကြောင်း ယုံကြည်၍ သွားလေ၏။

"မင်း မလိုက်ရင်တော့ မြကိတ္တရီ အဆိပ်သောက်လိမ့်မယ်၊ အဆိပ်ပုလင်းလဲ အဆင်သင့် ဆောင်ထားလေရဲ့ ဘမော်" ဟု ဓာတ်ဆရာ ဦးပွကြီးက ပြောလိုက်လျှင် ဘမော်လဲ မငြင်းသာ တော့ဘဲ ဦးပွကြီးနှင့်အတူ လိုက်ပါခဲ့ရလေတော့၏။

ဦးပွကြီးနှင့် ဘမော်သည် မော်တော်ကားတတန်၊ ရထား တတန် စီးခဲ့ပြီးနောက် တောင်ငူရှိ ဓာတ်ရုံသို့ ရောက်လာခဲ့ကြလေ၏။

ဓာတ်ရုံသို့ရောက်လျှင် ဘမော်ကို တွေ့လိုက်သည်နှင့် တပြိုင်နက် "ဘမော် ပါလာပြီ၊ ဘမော် ပါလာပြီ၊ မြကိတ္တရီ





ရေ...ဘမော် ပါလာပြီဟေ့" ဟု ဓာတ်သမားများက ဝိုင်းဝန်း အော်ဟစ်ကြလေ၏။

"အောင်မလေး ငါ့တူရာ၊ ငါတို့မှာ အနေရအထိုင်ရ ခက် လိုက်တာကွာ" ဟု လူရွှင်တော် ကိုဩဇာက ညည်းညူလေ၏။

စန္ဒယော်ကလေးကလည်း...

"ဘမော်ရေ၊ ဦးပွကြီးပြန်လာလို့မှ မင်း ပါမလာရင်တော့ ဘိလပ်ရည် သောက်မယ် တကဲကဲနဲ့ကွာ" ဟု ပြောလိုက်ရာ ကိုဩဇာက...

"ဘယ်ကလာ ဘိလပ်ရည်ရမှာတုန်းကွ၊ သေချင်လို့သောက် မှာ ဘိလင်ရည် ဟုတ်နိုင်ပါ့မလား စန္ဒယော်ကလေးရ" ဟု ပြော လိုက်ရာ အနီးအပါးရှိ လူများက "လုပ်ကြပြန်ပြီ၊ နောက်ရွတ်ရွတ် လုပ်ကြပြန်ပြီ" ဟု သတိပေးလိုက်မှပင် ကိုဩဇာနှင့် စန္ဒယော်က လေးတို့သည် ငြိမ်၍သွားလေတော့၏။

မြကိတ္တရီသည် ဘမော်အနီးသို့ ရောက်လာပြီးလျှင် ဘ မော်၏ပခုံးကလေးကို ကိုင်၍...

"ငါတောင်းပန်ပါတယ် ဘမော်ရယ်၊ ငါ့ကို စိတ်မဆိုးပါ နဲ့၊ နင့်မှာ အပြစ်မရှိပါဘူး၊ ဦးဩဇာတို့က ကြားထဲက ရှုပ်ကြတာ ပါ" ဟု တောင်းပန်လေ၏။

"ကျွန်တော် နားလည်ပါတယ် အစ်မလေးရယ်၊ ကျွန် တော်က အစ်မလေးကို စိတ်မဆိုးပါဘူး၊ အစ်မလေး ဒီဓာတ်ထဲက ထွက်သွားမှာစိုးလို့ ကျွန်တော် ထွက်သွားရတာပါ"

ကျန်သောလူများကလည်း ဘမော်နှင့် မြကိတ္တရီတို့နှစ်ဦး အား သင့်မြတ်သည်ထက် သင့်မြတ်စေရန် ကြားမှနေ၍ ဝိုင်းဝန်း ပြောဆိုကြလေ၏။

http://obookshelf.blogspot.com



"ဟော့...ဘမော်၊ မကျွေးသဘော်ဆိပ်မှာတုန်းက မင်း ဆိုညည်းနေတဲ့ သီချင်းကို နားစွန်နားဖျား ကြားလိုက်ရတယ်၊ ဘာတဲ့ကွ၊ သူရိယနိယာမဆိုလား ဘာလားကွာ၊ တော်တော်ကလေး ကောင်းတယ်ကွ၊ အဲဒါကလေး ဆိုပြစမ်းပါဦးကွ" ဟု ဓာတ်ဆရာ ဦးပွကြီးက ပြောလေ၏။ ကျန်သောလူများကလည်း ဘမော်အား ဝိုင်းဝန်းတိုက်တွန်းကြလေ၏။

"သီချင်းနာမည်က မနောဝိညာဉ်တဲ့" ဟု ပြောဆိုကာ ဘမော်သည် တယောကိုထုတ်၍ မနောဝိညာဉ်သီချင်းကို တယောနှင့် ထိုး၍ပြလေ၏။

သီချင်းဆုံးသွားသည့်အခါ၌ တစ်ဓာတ်လုံးက ဝိုင်း၍ လက်ခုပ်တီးကာ ကောင်းချီးသြဘာပေးလေ၏။

"သိပ်ကောင်းတာပဲ၊ သိပ်ကောင်းတာပဲ၊ အလိုက်ကလဲ ကောင်းတယ်၊ စာသားကလဲ ကောင်းတယ်" ဟု ပတ်တီးဆရာက လေးလေးနက်နက် ထောက်ခံလေ၏။

"ဟုတ်တယ် သိပ်ကောင်းတာပဲ၊ လောကနိယာမတရားတွေကို စပ်ထားတာနော်" ဟု မြကိန္နရီကလည်း ရွှင်ကြည်သော မျက်နှာကလေးနှင့် ပြောလေ၏။

"သီချင်းဟာ သိပ်ကို အဓိပ္ပါယ်ရှိတာပဲ၊ လိင်္ဂနိယာမဆိုတဲ့ စာသားဟာ မိန်းမနဲ့ယောကျ်ား သွင်မတူ ဓာတ်ခြားတဲ့သဘာဝနဲ့ သံလိုက်လို တစ်ဦးနဲ့တစ်ဦး ဆွဲဆောင်တဲ့သဘောကို ရေးထားတာ သိပ်ကို သဘာဝကျတာပဲ၊ ငါနဲ့ ငါ့မိန်းမဟာလေ အဲဒီလိုပဲ သံလိုက်လို တစ်ဦးနဲ့တစ်ဦး..." ဟု ကိုသြဇာက စကားချီးလိုက်လျှင် စန္ဒယော်ကလေးက...

"တော်စမ်းပါ ကျုပ်မိန်းမနဲ့ ကျုပ်နဲ့မှ တကယ့်သံလိုက်ဗျ၊





သန်တုန်းက လိုက်ထားကြတာလေ" ဟု ပြောလိုက်လေ၏။

"ဟော့ကောင်နှစ်ကောင် တော်ကြစမ်း" ဟု ဓာတ်ပိုင်ရှင် ဦးပွကြီးက ငေါက်လိုက်မှ ငြိမ်ကျသွားကြလေ၏။

ဘမော်ရောက်ပြီး တစ်ရက်နှစ်ရက်အတွင်း၌ပင် ဓာတ်လည်း ရန်ကုန်သို့ ပြန်၍ဆင်းလာခဲ့လေ၏။ ဓာတ်ဆရာကြီး ဦးပွကြီး၏ အစီအစဉ်မှာ ရန်ကုန်၌ ခေတ္တနားနေပြီးလျှင် ဓာတ်ကားများ အသစ်ရေးခြင်း၊ လိုက်ကာအသစ်များ ချုပ်လုပ်ခြင်း၊ ဓာတ်ရုံအသစ်များ အင်အားဖြည့်ခြင်း၊ ဆိုင်းတိုက်ခြင်း စသည်တို့ကို ပြုလုပ်ရန်ဖြစ်၏။ ထိုသို့ပြုလုပ်ပြီးနောက် အထက်မြန်မာပြည်သို့ တက်ရန်ဖြစ်ပေ၏။ ဓာတ်ပိုင်ရှင် ဦးပွကြီးနှင့်တကွ ဓာတ်အဖွဲ့သား အားလုံးမှာ ဘမော် ပြန်လာသည့်အတွက် လွန်စွာမှ ဝမ်းသာကြလေ၏။ လွန်စွာမှ အားတက်ကြလေ၏။ မြကိန္နရီအဖို့မူ ဆိုဖွယ်ရာ မရှိပြီ။ တစ်ဓာတ်လုံး ဘမော်အား လွန်စွာမှ ချစ်ခင်ကြလေ၏။ ထိုသို့ချစ်ခင်ကြခြင်းမှာ ဘမော်သည် ဓာတ်သူဓာတ်သားအားလုံးနှင့် သင့်မြတ်အောင် ပြောဆိုနေထိုင်နေခြင်းကြောင့် ဖြစ်ပေ၏။

> **သီတဝါဓော**၊ နှုတ်ခွန်းချိုသောစကား ရှိသောသူသည်။ **ဗဟုမိတ္တော**၊ များသောအဆွေခင်ပွန်း ရှိ၏။ **ဖရုသော**၊ ကြမ်းကြုတ်သောသူသည်။ **အပ္ပမိတ္တကော**၊ နည်းသောအဆွေခင်ပွန်းရှိ၏။ **သူရိယစန္ဒရာဇူနံ**၊ နေမင်းလမင်းတို့၏။ **ဥပမံ**၊ ဥပမာကို။ **ဧတ္တ**၊ ဤအရာ၌။ **ဉာတဗ္ဗံ**၊ သိအပ်၏။

❖ ❖ ❖

http://obookshelf.blogspot.com





## နိုးလျှက် ဝေးလေပြီ

ဘမော်သည် စာတတ်နားနေစဉ် ရက်များအတွင်း၌ စာရေးဆရာများနှင့် သိကျွမ်းရင်းနှီးရန်အတွက် စာအုပ်တိုက်များ၊ မဂ္ဂဇင်းတိုက်များသို့ နေ့စဉ်နေ့တိုင်း သွားရောက်ခဲ့လေ၏။

နာမည်ကြီး မဂ္ဂဇင်းတိုက်တစ်ခုနှင့် မျက်နှာချင်းဆိုင် ပလက်ဖောင်း၌ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိလေ၏။ ဘမော်သည် ထိုလက်ဖက်ရည်ဆိုင်၌ နေ့စဉ် လက်ဖက်ရည်သောက်၍ မဂ္ဂဇင်းတိုက်သို့ ဝင်ထွက်လေ့ရှိသော စာရေးဆရာများကို မိတ်ဆက်ရန်အတွက် အခွင့်အရေးကို စောင့်မျှော်၍ နေလေ၏။

ထိုလက်ဖက်ရည်ဆိုင်သို့ ဘမော်လာရောက်ခဲ့သည်မှာ လေးရက်သို့ပင် ရှိပေပြီ။ လက်ဖက်ရည်ဆိုင်၏ ထောင့်အကျဆုံး စားပွဲ၌ မိုးလင်းမှ မိုးချုပ်သည့်တိုင်အောင် ဖင်မြဲမြဲနှင့် ထိုင်လျက်ရှိသော လူတစ်ယောက်ကို သတိပြုမိလေ၏။ ထိုလူ၏လွယ်အိတ်အတွင်း၌လည်း ဖိုင်တွဲတစ်ခုကို တွေ့ရလေ၏။

တစ်နေ့သ၌ ဘမော်သည် ထိုသူရှိရာ စားပွဲသို့ ထိုင်မိလေ

http://obookshelf.blogspot.com



၏။ ထိုသူက ဘမော်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီးနောက် အောက်ပါအတိုင်း ပြောလေ၏။

"ခင်ဗျားကို ဒီဆိုင်မှာ တွေ့ရတာ လေးရက်လောက် ရှိပြီ၊ ကိစ္စတစ်ခုခုတော့ ရှိလိမ့်မယ် ထင်တယ်"

"ဟုတ်ပါတယ် ခင်ဗျ၊ ကျွန်တော်က စာရေးဆရာနဲ့ မိတ်ဆွေဖြစ်ချင်လို့ ဒီဆိုင်မှာ လာပြီး လက်ဖက်ရည်သောက်တာပါ၊ ဒီဆိုင်က မဂ္ဂဇင်းတိုက်နဲ့ မျက်နှာချင်းဆိုင်မှာ ရှိနေလေတော့ စာရေးဆရာတွေများ ဒီလက်ဖက်ရည်ဆိုင်ကို လာတတ်သလားလို့ပါ ခင်ဗျာ"

"ခင်ဗျားနယ်ဗျာ နီးလျက်နဲ့ဝေး ဖြစ်နေတာကိုး၊ စောစောက ပြောရောပေါ့"

"ဆရာက"

"ကျုပ်က စာရေးဆရာပေါ့"

"ဆရာ့နာမည်က..."

"ပဏ္ဍမြားကလောင်"

"သိရတာ ဝမ်းသာလိုက်တာ ဆရာပဏ္ဍမြားကလောင်ရယ်"

ဘမော်သည် ပဏ္ဍမြားကလောင်၏ စာများကို မဖတ်ခဲ့ဖူးပါ၊ သို့ရာတွင် စာရေးဆရာ ဆိုသည်နှင့်ပင် ဝမ်းသာနေပြီဖြစ်၏။ လေးစားလေပြီဖြစ်၏။ ထို့ကြောင့် လက်ဖက်ရည်နှင့်မုန့်များကို မှာယူတိုက်ကျွေးခဲ့လေ၏။

"ခင်ဗျား ကျုပ်ရဲ့စာတွေကို ဖတ်ဖူးသလား"

"မဖတ်ဖူးပါဘူး ဆရာ"

"စာဖတ်က နည်းတာကိုး၊ ခင်ဗျားရော စာလေးဘာလေး





မရေးချင်ဘူးလား"

"ရေးချင်တာပေါ့ ဆရာရယ်...ရေးမှမရေးတတ်ဘဲ ဥစ္စာ"

"စာရေးတယ်ဆိုတာ လွယ်တာ မဟုတ်ဘူး၊ အခုလို ပဏ္ဍမြားကလောင်ဆိုတဲ့ နာမည်ကို ရလာအောင် တော်တော်ကလေး လုပ်ယူရတယ်"

"ဟုတ်မှာပါ ဆရာရယ်၊ နည်းကောင်း လမ်းကောင်းကလေးများ ညွှန်ပြပါ ဆရာရယ်"

"ကျုပ်က ဝတ္ထုတော့ မရေးတတ်ဘူး၊ အဲ...အဲ...ဟုတ်ပေါင် ယောင်သွားလို့ပါ၊ မြန်မာပြည်က စာဖတ်ပရိသတ်တွေက အဆင်အတန်းနိမ့်တော့ ကျုပ်ရေးတဲ့ဝတ္ထုကို လိုက်မမီမှာစိုးလို့ သနားတာနဲ့ မရေးတာပါ၊ အဲ...ကဗျာတော့ စပ်တယ်၊ တစ်နှစ်ကို တစ်ပုဒ်နှုန်းလောက် ပြီးအောင်စပ်တယ်၊ ဒါတောင် အရပ်ကူပါလူဝိုင်းပါဆိုပြီး ရှိသမျှခွန်အားတွေ ထုတ်ပြီးစပ်ရတာ၊ အင်း... ဒါပေမယ့် မဂ္ဂဇင်းထဲ ပါဖို့ကလဲ သိပ်ပြီးတော့ မလွယ်လှတော့ အယ်ဒီတာတွေကို အရက်လေးဘာလေး တိုက်ပြီး ထည့်မိုင်းရတယ်၊ ဒီတော့ စိတ်ပျက်လာတယ်၊ နောက်ဆုံးတော့ အကြံကုန်ဂဠုန်ဆားချက်ဆိုတဲ့အတိုင်း တစ်လိုင်းထွင်ရပြန်တယ်၊ စာပေဝေဖန်ရေးပေါ့ဗျာ၊ နာမည်ရနေတဲ့ စာရေးဆရာကြီးတွေကို မဟုတ်ကဟုတ်က ဝေဖန်၊ ဒီတော့ အဲဒီဆရာကြီးတွေက ပြန်ပြီး ချေပချက်ရေး၊ ဒီလိုနဲ့ လူသိလာတော့တာပေါ့ဗျာ၊ ဒီလထဲမှာတောင် ကျုပ်သူငယ်ချင်း စာရေးဆရာ အကွက်တစ်ထောင်သိန်းသန်းရဲ့ အကြံဉာဏ်နဲ့ နာမည်ရ စာရေးဆရာကြီးတစ်ဦးကို ဝေဖန်ထားသေးတယ်၊ ဒါပေမယ့် အဲဒီစာရေးဆရာကြီးက ကျုပ်ကို သူ့တန်းမဟုတ်လို့ ထင်ပါရဲ့ဗျာ၊ ချေပချက် ပြန်မရေးလို့

http://obookshelf.blogspot.com



ကျုပ်စိတ်ထဲမှာ ကသိကအောက် ဖြစ်နေတယ်"

"ကောင်း...ကောင်းပါတယ်ဆရာ၊ သိပ်ကောင်းတဲ့နည်းပါပဲ၊ ကျွန်တော့်အတွက် ပညာရပါတယ်" ဟု ဘမော်ကလည်း စိတ်ထဲမပါဘဲ အလိုက်သင့် ပြန်၍ပြောရလေ၏။

"ခင်ဗျား ဘယ်သူ့စာတွေကို ကြိုက်သလဲ"

"သိပ်လဲ မဟုတ်ပါဘူးခင်ဗျာ၊ ဖတ်ဖူးတဲ့အထဲကဆိုရင် မန္တလေးမောင်ခင်မောင် ရေးတဲ့ 'ပန်ထွာမင်းသမီး' ဝတ္ထုကို သိပ်ကြိုက်တာပဲ"

"အဲဒီစာအုပ်က သိပ်ညံ့တယ်"

"နောက်ပြီးတော့ ဆရာပီမိုးနင်းရဲ့ 'နေရီရီ' ဝတ္ထုကိုလဲ သိပ်ကြိုက်တာပဲ"

"သိပ်ညံ့တယ်"

"ပြီးတော့ မင်းဘူး ဦးသြဘာသရဲ့ 'မဟောသဓာ' တို့ 'ဝေဿန္တရာ' တို့ကိုလဲ သိပ်ကြိုက်တာပဲ"

"သိပ်ညံ့တယ်"

"ပြီးတော့ ဦးပုညရဲ့ စာတွေကိုလဲ ကြိုက်တယ် ဆရာ"

"သိပ်ညံ့တယ်"

"ရှင်မဟာရဋ္ဌသာရရဲ့ စာတွေကိုလဲ ကြိုက်တယ်ခင်ဗျ"

"သိပ်ညံ့တယ်"

"မညံ့တဲ့ စာလေးပေလေးကို ညွှန်ပြပါ ဆရာရယ်"

"ပတ္တမြားကလောင်ရေးတဲ့ စာတွေကိုဖတ်၊ အဲဒီစာတွေမှ တကယ့်စာတွေ နားလည်လား"

"ဆရာပတ္တမြားကလောင်ရယ်...သူက စာနဲ့ပေနဲ့ သိပ်ပြီးစိမ်းနေလေတော့...ဒီလိုပြောလို့ နားလည်မှာ မဟုတ်ဘူး၊ ရေးပုံ





ရေးနည်းကလေးတွေ ပြောမှပေါ့ဗျာ"

ဘမော်တို့စားပွဲသို့ လူတစ်ယောက် ရောက်၍လာပြီးလျှင် အထက်ပါအတိုင်း ဝင်၍ပြောလေ၏။

"ဒီမှာ မိတ်ဆွေ...သူလဲ စာရေးဆရာပဲ၊ နာမည်က...မာန်ဖီတဲ့"

"ဟုတ်ကဲ့ ဆရာမာန်ဖီ၊ ကျွန်တော့်ကိုလဲ မှတ်ထားပါ၊ ကျွန်တော့်နာမည်...ဘမော်လို့ ခေါ်ပါတယ်"

"ဒီလို ကိုဘမော်ရဲ့၊ စာရေးတယ်ဆိုတာ မလွယ်ပါဘူး၊ ဝါကျလေးတစ်ကြောင်းရေးဖို့ ဦးနှောက်ကို သိပ်ပြီးအလုပ်ပေးရတယ်၊ အဲဒီအထဲမှာ ဝါကျရဲ့အပြစ်ကလဲ ခြောက်ခုတောင် ရှိတယ်ဗျ"

"ကိုးခု မဟုတ်လား ဆရာ"

"အင်း၊ အင်း၊ ကိုးခု...ကိုးခု...မေ့သွားလို့"

"ပြီးတော့...စာရေးတယ်ဆိုတာ သဘာဝကျဖို့လိုတယ်၊ ဥပမာ ရယ်တဲ့အကြောင်းကို ရေးမယ်ဆိုပါတော့၊ ရယ်ပုံရယ်နည်း တစ်ခုနဲ့တစ်ခု မတူဘူး၊ မျက်လုံးပွင့်ရုံ ရယ်တာရယ်၊ သွားကလေးပေါ်ရုံ ရယ်တာရယ်လို့ ခွဲခြားထားတယ်၊ ရယ်ခြင်းကိုးပါး ရှိတယ်"

"ခြောက်ပါးမဟုတ်လား ဆရာ"

"အင်း...အင်း၊ ခြောက်ပါး...ခြောက်ပါး မေ့သွားလို့"

"အမိန့်ရှိပါဦး ဆရာမာန်ဖီ"

"အခုခေတ် ရေးနေတဲ့ဝတ္ထုတွေထဲမှာ ကျုပ်စိတ်နဲ့ ကြိုက်လှပါတယ်လို့ တွေ့တဲ့ဝတ္ထုရယ်လို့ မရှိသေးဘူး၊ ကျုပ် အခု ဝတ္ထုတစ်ပုဒ် ရေးနေတယ်။ တူရိယာခုနစ်ပါးနဲ့ ပတ်သက်တဲ့ဝတ္ထု"

"တူရိယာငါးပါး မဟုတ်လား ဆရာရဲ့"

http://obookshelf.blogspot.com



"အင်း...အင်း...ငါးပါး ငါးပါး...မေ့သွားလို့"

ထိုနေ့၌ စာရေးဆရာ ပတ္တမြားကလောင်နှင့် စာရေးဆရာ မာန်ဖိတို့သည် ဘမော်အား စာပေနှင့် ပတ်သက်သော မဟုတ်ကဟုတ်က ဩဝါဒများကို ပေးကြလေ၏။

အမှန်စင်စစ် ထိုသူများသည် စာရေးဆရာများ မဟုတ်ကြပါ။ မိမိတို့၏ ကဗျာတိုကလေးများအား မိမိတို့နှင့် အကျွမ်းဝင်သော မဂ္ဂဇင်းများ၌ တစ်နှစ်တစ်ခါမျှ ထည့်သွင်းရိုက်နှိပ်ပေးသည်ကို အကြောင်းပြု၍ ဘဝင်မြင့်ကာ သွေးနားထင် ရောက်နေကြသောသူများသာ ဖြစ်ပေ၏။ စာပေအနုပညာကို ဇန်းပြကာ လူအထင်ကြီးအောင် ပြုလုပ်နေကြသောသူများသာ ဖြစ်လေ၏။ မိမိတို့ကိုယ်တိုင်လည်း စာဖတ်ပရိသတ်ကြိုက်အောင် ဝတ္ထုကို တစ်ပုဒ်တလေမျှပင် မရေးတတ်ကြသည့်အပြင် အခြားစာရေးဆရာများ၏ ဝတ္ထုများကို ပရိသတ်က လက်ခံဖတ်ရှုသည်ကိုလည်း မနာလို မရှုစိမ့်နိုင်သော လူယုတ်၊ လူညံ့၊ လူဖျင်းများသာ ဖြစ်လေ၏။

**မဏ္ဍူကောပိ**၊ ဖားသူငယ်သည်လည်း။ **ဥက္ကြ**၊ ဆောင့်ကြောင့် ထိုင်ခြင်းတူမူကား။ **သီဟော**၊ ခြင်္သေ့ဟု ထင်၏။ **ကာကဂ္ဂဟော**၊ ကျီးတည်းချီမူကား။ **ပီယော ပီယော**၊ ချစ်ဆွေ ချစ်ဆွေဟု မြည်တတ်၏။ **အပဏ္ဍိတိပိ**၊ ပညာမရှိသော သူမိုက်သည်လည်း။ **ပဏ္ဍိတိဟုတွာ**၊ မိမိကိုယ်ကို ပညာရှိ ထင်ခြင်းကြောင့်။ **စီရာ**၊ ပညာရှိတို့သည်။ **ပုစ္ဆေ**၊ မေးလတ်သည် ရှိသော်။ **ငယော ငယော**၊ ငါ့ရှင် ငါ့ရှင်ဟု ချစ်ဖွယ်သော်စကားကို ဆိုတတ်၏။





**လောကော**၊ လောက၌။ **အပ္ပဿုတော**၊ နည်းသော သုတရှိသောသူသည်။ **အပ္ပံ**၊ အနည်းငယ်သော။ **သုတံ**၊ သုတကို။ **ဗဟုံ မညတိ**၊ အများအောက်မေ့တတ်၏။ **မာနဝါ**၊ မာန်ရှိတတ်၏။ **ကိမိဝ**၊ အဘယ်ကဲ့သို့နည်းဟူမူကား။ **သိန္ဓုဒကံ**၊ သမုဒ္ဒရာရေကို။ **အဖုဿဗ္ဗော**၊ မမြင်ဖူးသော။ **မဏ္ဍူကော**၊ ဖားသူငယ်သည်။ **ကူပေ**၊ တွင်းဝ၌။ **တောယံ**၊ ရေကို။ **ဗဟုံ မညတိဣဝ**၊ အများထင်သကဲ့သို့တည်း။

**အကောဓာမှုလံ**၊ ထုံးမရှိသော ကွမ်းသည်။ **နရသံ**၊ အရသာ မရှိ။ **အဓနဿ**၊ ဥစ္စာမရှိသောသူ၏။ **အလင်္ကာတမ္ပိ**၊ တန်ဆာဆင်ခြင်းသည်လည်း။ **နရသံ**၊ အရသာမရှိ။ **အလောဏကံ**၊ ဆားမရှိသော။ **ဗျဉ္ဇနံ တု**၊ စားဖွယ်သည်လည်း။ **နရသံ**၊ အရသာမရှိ။ **အသီဗ္ဗဿ**၊ အတတ်မရှိသောသူ၏။ **ဗျာကရဏံ**၊ ပျို့ကဗျာဖွဲ့ခြင်းသည်လည်း။ **နရသံ**၊ အရသာမရှိ။

နောက်ဆုံး၌ ဘမော်သည် စာရေးဆရာ အတုအယောင်များနှင့် လမ်းခွဲခဲ့ပြီးသည့်နောက်၌ စာရေးဆရာအစစ်များနှင့် တွေ့ဆုံ ရင်းနှီးခဲ့လေတော့၏။ ထိုအခါကျမှပင် ဘမော်အဖို့လည်း လွန်စွာ ဗဟုသုတ တိုးပွားခဲ့လေ၏။ ဘမော်ကလည်း ထိုစာရေးဆရာတို့၏ဝတ္ထုများကို ဉာဏ်ပူဇော်စ ပေး၍ ပြစာတ်ကခွင့်

http://obookshelf.blogspot.com



တောင်းပြီးလျှင် ပြဇာတ်များ ကလေ၏။

တစ်ဖက်၌လည်း အချိန်ရတိုင်း ဝတ္ထုတိုကလေးများ ရေးသား၍ စာရေးဆရာများကို ပြသလေ၏။ စာရေးဆရာများကလည်း ဘမော်ရေးသားသော ဝတ္ထုများကို တလေးတစား ဖတ်ကြည့်ကြပြီးနောက် လိုသည့်နေရာ၌ လိုကြောင်း မည်သို့မည်ပုံ ဖြည့်စွက်လိုက်လျှင် ကောင်းမည်ဖြစ်ကြောင်း ညွှန်ပြကြလေ၏။ ပို၍နေသော နေရာများ၌လည်း ပိုနေကြောင်း ပြောပြ၏။ ဇာတ်ကွက် ဆင်ပုံ ရေးသားပုံများကိုလည်း နည်းနာနိဿယများ ရှင်းလင်း ပြောပြလေ၏။

ထို့ကြောင့် ဘမော်၏ ဝတ္ထုတိုကလေးများသည်လည်း ဒဂုံမဂ္ဂဇင်း၊ သက်စောင့်မဂ္ဂဇင်းစသော မဂ္ဂဇင်းများ၌ မကြာမကြာ ပါ၍လာတတ်လေ၏။

နောက်ပိုင်းတွင်ကား ဘမော်သည် စာရေးခြင်းကိုလည်း မပြုလုပ်နိုင်သကဲ့သို့ စာရေးဆရာများဆီကိုလည်း မသွားရောက်နိုင်တော့ဘဲ ဇာတ်၌သာလျှင် အချိန်ကုန်၍ နေရလေတော့၏။ နာမည်ကြီး၍ လူကြိုက်များသော စာရေးဆရာတို့၏ ဝတ္ထုများကို ပြဇာတ်အဖြစ် ဖန်တီးခဲ့လေ၏။

ထို့နောက် ဇာတ်အဖွဲ့နှင့်အတူ အထက်မြန်မာပြည်သို့ လိုက်ပါသွားရလေတော့၏။

ဘမော်၏ပြဇာတ်များကို ပရိသတ်က လွန်စွာ သဘောကျကြလေ၏။ အားပေးထောက်ခံကြလေ၏။ အခြားဇာတ်များနှင့် အပြိုင်အဆိုင် လုပ်ရသည့် ခွင်များ၌လည်း ဘမော်၏ပြဇာတ်များသည် အပြတ်အသတ် အနိုင်ရခဲ့သည်ချည်း ဖြစ်ပေသည်။

တစ်နေ့သ၌ ပြည်သင်္ဘောဆိပ်တွင် ဘမော်တို့၏ဇာတ်





သည် တစ်ဖက်ကမ်းသို့ကူးရန် သင်္ဘောကို စောင့်ဆိုင်းနေကြ၏။ ထိုအချိန်၌ပင် မိုးရွာချလိုက်သဖြင့် ဇာတ်သမားများသည် ဆိပ်ခံသမ္ဗာန်ပေါ်၌ စုဝေး၍ မိုးခိုနေကြရလေသည်။ မိုးနှင့်အတူ မိုးသက်လေပြင်းပါ တိုက်ခိုက်၍လာသဖြင့် ဆိပ်ခံသမ္ဗာန်ကြီးသည် ယိမ်းခါ၍ နေလေ၏။

ထိုအခါ၌ ကုတို့သင်္ဘောတစ်စီးသည် မြစ်အလယ်သို့ ရောက်ရှိလာလေ၏။ သင်္ဘောစီး ခရီးသည်များသည် မိုးရေစိုမည်ကို အသက်သေရမည်ထက်ပင် စိုးရိမ်ကြသဖြင့် သင်္ဘောတစ်ဖက်တစ်ချက်မှ မိုးကာရွက်ဖျင်များကို ချကြလေ၏။

သင်္ဘောမှ တာဝန်ရှိသူများနှင့် သင်္ဘောသားဆူကာနီတို့က မိုးကာရွက်ဖျင်ကို မချရန် တောင်းပန်၍ ရွက်ဖျင်များကို ပြန်၍ လိပ်တင်ကြလေ၏။ ရွက်ဖျင်များ ချထားပါက လေတိုက်သည့်အခါ၌ သင်္ဘောစောင်း၍ သွားနိုင်ကြောင်း၊ ရွက်ဖျင်ချထားခြင်း မပြုပါက လေသည် အပေါက်မှ ယို၍ထွက်သွားမည် ဖြစ်၍ အန္တရာယ် ကင်းနိုင်ကြောင်းကိုပါ ရှင်းပြလေ၏။

သို့ရာတွင် ခရီးသည်များက 'ဒီမြစ်ထဲမှာ လေတိုက်လို့ သင်္ဘော မမှောက်နိုင်ပါဘူး၊ မိုးကာတွေ ချပါ၊ ပိုက်ဆံပေးစီးတာ ဒီလို မိုးရေစိုခံပြီး စီးရမှာလား' ဟု အော်ဟစ်ဆူပူကာ ရွက်ဖျင်များကို ချကြလေ၏။ ထိုအခါ၌ လေပြင်းသည် ဆောင့်၍တိုက်လိုက်ရာ ရွက်ဖျင်များ ချထားသဖြင့် သင်္ဘောသည် တွန်း၍လှဲလိုက်သကဲ့သို့ တိမ်းစောင်း၍ သွားလေ၏။ ထိုသို့ တိမ်းစောင်း၍ သွားခါမှပင် ခရီးသည်များသည် သင်္ဘော၏တစ်ဖက်သို့ အော်ဟစ်ပြေးလွှား၍ သွားကြရာ သင်္ဘောသည် ဟိုဘက်သည်ဘက် လူး၍သွားလေတော့၏။ ထိုအချိန်၌ ဆောင့်၍တိုက်သော လေပြင်းက တစ်ချက်

http://obookshelf.blogspot.com



ဝေ့လိုက်ရာ သဘော်ဂမှာ မှောက်၍ သွားလေတော့၏။

ထိုအခါကျမှပင် မိုးစိုမည်ကို လွန်စွာစိုးရိမ်ကြသော ခရီးသည်တို့သည် ငရဲပွက်သည့်အလား အော်ဟစ်ငိုယိုကြလေတော့၏။ ထိုအချိန်၌ မော်တော်ဘုတ်တစ်စင်းသည် ခရီးသည်များကို ကယ်ဆယ်ရန် ကမ်းမှခွာသော်လည်း ကမ်းမှခွာသည်နှင့်ပင် စက်ပျက်လေတော့၏။ ခရီးသည်များသည် မြစ်အလယ်၌ နစ်မြုပ်နေကြသည်ကို ကမ်းပေါ်မှလည်းကောင်း၊ ဆိပ်ခံသမ္ဗာန်ကြီးပေါ်မှလည်းကောင်း ကောင်းစွာ မြင်၍နေကြရပေသည်။

ထိုအခါ ဘမော်သည် သမ္ဗာန်တစ်စီးရှိရာသို့ ပြေး၍သွားပြီးလျှင် ကွမ်းမြုံ့လျက်ရှိသော သမ္ဗာန်သမားအား 'ဟိုမှာ လူတွေ ရေနစ်နေပြီ၊ ခင်ဗျား သွားမကယ်ဘူးလား၊ အလကားလူ' ဟု ဆိုကာ ဂုတ်မှနေ၍ ဆွဲချပြီးလျှင် သမ္ဗာန်ပေါ်သို့ တက်၍ လှော်ခတ်လေတော့၏။

ဓာတ်သမားများသည် ဘမော်အား အော်ဟစ်၍ တားကြလေ၏။ မြကိန္နရီမှာမူ အော်ဟစ်ရင်း တက်၍သွားလေ၏။ ဘမော်မှာ ပြင်းထန်စွာ တိုက်ခတ်လျက်ရှိသော လေပြင်းဒဏ်ကို အလူးအလိမ့် ခံရင်း နစ်မြုပ်လျက်ရှိသော လူများထံသို့ လှော်ခတ်သွားကာ သမ္ဗာန်ပေါ်သို့ ဆွဲ၍တင်လေ၏။ အတော်အတန် တင်မိလျှင် ကမ်းဆီသို့ ပြန်၍လာပြန်လေ၏။ ကမ်းသို့ရောက်သောအခါ၌ ပါလာသောလူများကို ကုန်းပေါ်သို့ တင်လေ၏။

"သမ္ဗာန်ဆရာကြီးရယ်၊ သို့ဖေဖေ ကျန်သေးတယ်၊ တစ်ခေါက် ပြန်ပြီးရှာပေးပါဦး" ဟု မိန်းကလေးတစ်ဦးက ငိုယို၍ ပြောလေ၏။ ဘမော်လည်း ထိုမိန်းကလေးကို ကြည့်ပြီးလျှင် ကြက်သေသေ၍ သွားလေ၏။





ထိုမိန်းကလေးကား ငယ်စဉ်ကတည်းက ကွဲကွာသွားခဲ့သော သီသီဆိုသည့် မိန်းကလေးဖြစ်ကြောင်း ဘမော်သည် ကောင်းစွာမှတ်မိသွားပေပြီ။ သီသီကမူ ဖခင်အတွက် ပူပန်ရသော စိတ်များကြောင့် ဘမော်ကို မှတ်မိခြင်းမရှိပေ။ ရေလယ်၌ ပြန်၍ ရှာပေးရန်သာ ထပ်မနား တောင်းပန်၍ နေလေ၏။

လေမှာ ပြင်းထန်သည်ထက် ပြင်းထန်လာသဖြင့် အခြားသမ္ဗာန်များပင် ရေလယ်သို့ မသွားဝံ့တော့ပဲ ကြည့်ရုံမျှသာ ကြည့်၍ နေလေ၏။

သီသီသည် လူးလိမ့်၍ ငိုယိုနေပေပြီ။ 'သမ္ဗာန်ဆရာကြီးရယ် သို့ဖေဖေကို ရှာပေးပါ၊ ရှာပေးပါ' ဟု တစာစာ ငိုယိုလျက် ရှိပေသည်။

ဘမော်သည် တစ်စုံတစ်ခုကို သေသေချာချာ ဆုံးဖြတ်လိုက်လေ၏

"သီသီကို ငါချစ်တယ်၊ သနားတယ်၊ ဒါကြောင့် ငါသေချင် သေပေ့စေ၊ ရှာပေးမယ်" ဟု စိတ်၌ ရေရွတ်လျက် သမ္ဗာန်ကို မြစ်လယ်သို့ စတင်လှော်ခတ်လေတော့၏။ ဓာတ်သမားများကလည်း 'ဘမော် မသွားနဲ့၊ မသွားနဲ့' ဟု ဆိပ်ခံသမ္ဗာန်ပေါ်မှ အော်ဟစ်ကြလေတော့၏။

ဘမော်ကား ဧရာဝတီမြစ်အတွင်း၌ လေနှင့်မိုးကို အံတုလျက် လှော်ခတ်နေပေသည်။ ဘမော်၏သမ္ဗာန်ကို ကြည့်လျက် ကမ်းပေါ်မှ လူများနှင့် ဓာတ်သမားများသည် ရင်တမမနှင့် ရှိကြလေ၏။

ဘမော်၏သမ္ဗာန်ကလေးသည် လှိုင်းလုံးများအကြား၌ပင် မြုပ်၍သွားလိုက် ပေါ်လာလိုက်နှင့် ရှိလေ၏။ ကောင်းကင်



obookshelf blogspot.com

http://obookshelf.blogspot.com



တစ်ခုလုံး မည်းမှောင်သည်ထက် မည်းမှောင်၍ လာလေ၏။ လျှပ်စီးများ တဖျတ်ဖျတ်လက်၍ မိုးလည်း တအုံးအုံး တဒိုင်းဒိုင်း ခြိမ်းလေ၏။ မိုးကြိုးများလည်း ပစ်လေ၏။ လေမှာလည်း ပြင်းထန်သည်ထက် ပြင်းထန်စွာ တိုက်ခတ်လာရာ ဘမော်၏သမ္ဗာန်ကလေးလည်း လှိုင်းလုံးကြီးများကြား၌ နစ်မြုပ်ပျောက်ကွယ်သွားလေတော့၏။

ကမ်းပေါ်မှလူများနှင့် ဆိပ်ခံပေါ်မှ ဓာတ်သမားများသည် 'ဟယ်' 'ဟင်' ဟု အော်ဟစ်ကြလေတော့၏။ မည်းမှောင်၍ နေသဖြင့် သဲသဲကွဲကွဲပင် မမြင်ရတော့ပေ။ မြကိန္နရီမှာမူ ဘမော်အတွက် ပူဆွေးလွန်းသဖြင့် ငိုလိုက် တက်၍သွားလိုက်နှင့် ဖြစ်နေရာ ဓာတ်သမားများက ဝိုင်းဝန်းပြုစုနေရလေ၏။

လေရောမိုးပါ ကင်းစင်သွားသည့်အခါ၌ ဘမော်၏ သမ္ဗာန်ကလေးကို အစအနပင် မတွေ့ရတော့ပေ။ ဘမော်ကား ဧရာဝတီမြစ်လယ်၌ စုံးစုံးမြုပ်၍သွားပြီ ဖြစ်ပေသည်။

ဓာတ်ဆရာ ဦးပွကြီးသည် ငြိမ်သက်လျက်ရှိသော ဧရာဝတီမြစ်ကို ကြည့်လျက် 'တောက်...အခုတော့ ငြိမ်သွားလိုက်တာ၊ စောစောတုန်းကတော့ သောင်းကျန်းလိုက်တဲ့ မြစ်ကြီး၊ ဘမော်ကို သတ်ပစ်လိုက်ပြီ' ဟု မချင့်မရဲ ပြောဆို၍ မျက်ရည်များပင် ယိုစိမ့်၍ ထွက်လာလေတော့၏။

လွန်စွာ ရှုတ်နောက်နောက် နိုင်လှသော လူရွှင်တော်ကိုသြဇာနှင့် စန္ဒယော်ကလေးတို့ပင် 'ဖြစ်မှဖြစ်ရလေ ဘမော်ရယ်' ဟု ညည်းတွားကြလေတော့၏။

ဘမော်သည် ဧရာဝတီမြစ်အတွင်း၌ စုံးစုံးမြုပ်၍သွားသကဲ့သို့ ဘမော်၏ မနောဝိညာဉ် တယောသံကလေးသည်လည်း





ဓာတ်လောကဌ် လုံးဝပျောက်ကွယ်သွားပြီ ဖြစ်လေတော့၏။

ဘမော်သည်ကား သခေါ်ဘပျက်၍ ဒုက္ခရောက်နေသူများကို ကယ်ဆယ်ရင်း သူ့အသက်ကို ဧရာဝတီမြစ်ကြီးအား အစားပေးသွားရလေပြီ။ ငယ်စဉ် ဘုန်းကြီးကျောင်းသားလေးဘဝမှသည် နာမည်ရ ဓာတ်ဆရာတစ်ဦး ဖြစ်လာသည့်အချိန်ထိအောင်ပင် ဘမော်ဘဝကား ကြမ်းတမ်းလှပေ၏။ ဘဝက ခက်ထန်လှသော်လည်း ဘမော်၏စိတ်နှလုံးက နူးညံ့သိမ်မွေ့လှပေ၏။ အများအတွက် အနစ်နာခံတတ်သော စိတ်ထားကောင်း စိတ်ထားမြင့် ရှိသည့် 'ဘမော်' ပါတကား။

> ***ကာဏ္ဍကာဂိရီ***၊ တောင်ချောက်ကြား၌ ရောက်သောဆုံးကို။ ***ကောတိက္ခတီ***၊ အသူ ထက်စိမ့်ချွန်သနည်း။ ***သမတီဘာဝေါ်***၊ မိအလိုလိုသာလျှင် ထက်ပချေ၏ရှင့်။ ***မိဂကွိယံ***၊ သမင်တို့၏မျက်စိ၌။ ***ကောအဥ္ဇနံ***၊ အသူ မျက်စဉ်းခတ်၍ ကြည်သနည်း။ ***သမတီဘာဝေါ်***၊ မိမိအလိုလိုသာလျှင် ကြည်ပချေ၏ရှင့်။ ***ပလ္လလေ***၊ ညွန့်၌။ ***ဥပ္ပလဿ***၊ ကြာကို။ ***ကောသုဂန္ဓံ***၊ အသူ အနံ့ကောင်း ထည့်ပချေသနည်း။ ***သမတီဘာဝေါ်***၊ မိမိအလိုလိုသာလျှင် အနံ့ကောင်းတုံ၏ရှင့်။ ***ကုလပုတ္တရူပေါ်***၊ အမျိုးကောင်းသားတို့၏ သဘောသည်။ ***ကောပဝတ္တတိ***၊ အသူပြု၍ ဖြစ်သနည်း။ ***သမတီဘာဝေါ်***၊ မိမိအလိုလိုသာ ဖြစ်ပချေ၏ရှင့်။

❖ ❖ ❖



obookshelf.blogspot.com

http://obookshelf.blogspot.com





## မြကိန္နရီ ဘယ်ရောက်နေပြီလဲ

လှိုင်းလုံးကြီးများအကြား၌ နစ်မြုပ်ပျောက်ကွယ်၍ သွားရှာသော ဘမော်၏အကြောင်းကို ပြည်ဆိပ်ကမ်းမှ မြင်တွေ့လိုက်ရသူအပေါင်းက ပုံပြင်သဖွယ် ပြောဆို၍ နေကြလေ၏။ ဇာတ်ဆရာ ဦးပွကြီးမှာမူ ရေ့သို့ခရီးမဆက်ဘဲ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ တည်းခိုကာ (၇)ရက်မြောက်သောနေ့၌ ဘမော်အတွက် ရက်လည်ဆွမ်းသွပ်၍ ဘုန်းကြီးတစ်ပါးလျှင် ငွေငါးကျပ်နှင့် ဘုန်းကြီးအပါးနှစ်ဆယ်ကျော်ကို ဆက်ကပ်လှူဒါန်းကာ ရေစက်ချ၍...

"ဘမော်ရေ့ . အမျှ...အမျှ...အမျှ" ဟု အမျှဝေခဲ့လေသည်။ ဇာတ်တစ်ဇာတ်လုံးသည် မျက်ရည်ကျရင်း သာဓုခေါ်ရလေ၏။ မြကိန္နရီသည် ငိုရှိုက်ရင်း၌ပင် သတိလစ်သွားသဖြင့် နှာနပ်ပေးရလေတော့၏။

"ညောင်ဦးက ညောင်ဦးဖီးကိုများ အားကျလေရော့သလား၊ ပုဂံသား မောင်ဘမော်ရေ" ဟု လူရွှင်တော် ဦးညိဇာက မချင့်မရဲလေသံဖြင့် ပြောဆိုလေ၏။



OBookShelf

http://obookshelf.blogspot.com



ဓာတ်တစ်ဓာတ်လုံးသည် ဘမော်အတွက် အကြီးအကျယ် စိတ်မကောင်း ဖြစ်ကြလေ၏။ ဓာတ်ပိုင်ရှင်ဦးပွကြီး ကိုယ်တိုင်ပင် ရက်အတော်ကြာအထိ မစားနိုင် မသောက်နိုင် ဖြစ်ခဲ့ရသေးတော့၏။ မည်သို့ပင်ဖြစ်စေ သေသောသူ ကြာလျှင်မေ့ ဟူသော စကားအရ နောင်တွင် တဖြည်းဖြည်း မေ့လျော့ခဲ့ကြလေ၏။ ဓာတ်အဖွဲ့ကြီးမှာလည်း ဟိုမြို့သည်မြို့ လှည့်လည်၍ ကပြခဲ့ပေသည်။ မြို့တစ်မြို့၌ ကပြနေစဉ်အတွင်း ဓာတ်ရုံနောက်ဖေးသို့ လူတစ်ယောက် ရောက်ရှိလာလေ၏။ ထိုလူကိုမြင်လျှင် ဓာတ်သမားများသည် အံ့အားသင့်၍ နေကြလေ၏။ ထိုလူကား တစ်ခါက ဤဓာတ်တွင် ဓာတ်စီးလုပ်ခဲ့ဖူးသူ စိန်လက်ညိုးဆိုသူ ဖြစ်၏။ စိန်လက်ညိုးနှင့် မြကိန္နရီသည် ဓာတ်ရုံနောက်ဖေး အဝင်အထွက် ပေါက်၌ ပက်ပင်းတိုးမိကြလေ၏။ မြကိန္နရီက စိန်လက်ညိုးအား အသိအမှတ်မပြုဘဲ လျှောက်၍သွားလေ၏။ စိန်လက်ညိုးက 'ဟဲ့ ကောင်မလေး နင်က ငါ့ကိုတောင် နှုတ်မဆက်ဘူးပေါ့လေ' ဟု ပြောလေ၏။

မြကိန္နရီက တစ်စုံတစ်ရာ ပြန်၍မပြောဘဲ မိမိနေရာသို့သာ ဆက်၍သွားလေ၏။ စိန်လက်ညိုးသည် ဓာတ်သမားများ ရှိရာသို့ ဝင်၍လာသော်လည်း ဓာတ်သမားများက အရေးပင် မလုပ်ဘဲ မသိကျိုးကျွန်ပြု၍ နေကြလေ၏။ ထိုအထဲ တစ်ဓာတ်လုံးနှင့် မတည့်သော နောက်ပိုင်းမင်းသားက စိန်လက်ညိုးကို အားရဝမ်းသာ ဆီးကြိုလေ၏။

"ဆရာစိန်လက်ညိုး၊ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ" ဟု နှုတ်ဆက်လေ၏။

"ဟေ့…စိန်လှမြင့်၊ ဒီဓာတ်ကလူတွေက ငါ့ကို အခဲမကျေ





ဖြစ်နေကြတုန်းပဲလားကွ"

"သေချင်းဆိုး ဘမော်ရဲ့ လူတွေလေဗျာ၊ ဘမော်ကိုမှ လူထင်တဲ့ဟာတွေ"

"ငါလဲ တခြားဓာတ်တွေနဲ့ မဟန်လို့ ဒီဓာတ်မှာပဲ လိုက်မယ်ဆိုပြီး လာခဲ့တာပဲ စိန်လှမြင့်ရေ၊ အခုပုံဆိုရင်တော့ ဖြစ်ပါ့မလားကွာ"

"ဆရာ စိန်လက်ညိုးကလဲဗျာ၊ ဓာတ်ပိုင်ရှင် ဦးပွကြီး အကြောင်းလဲ ခင်ဗျား သိသားနဲ့ဗျာ၊ ဒီလူကြီးက သနားက သနား တတ်ပါဘိနဲ့ဗျာ၊ သူ့ကို မျက်ရည်ခံထိုးပြီး ပြောလိုက်ရင် ခင်ဗျားက သူ့ခေါင်းပေါ်မှာ သေးနဲ့ပန်းခဲ့တဲ့ အပြစ်မျိုးရှိရင်တောင် ခွင့်လွှတ်မယ့်လူကြီးဗျ၊ ဟော…ဟော…ပြောရင်းဆိုရင်း ဟိုလူကြီး လာနေပြီဗျို့၊ ကျုပ်အိပ်ရာဘေးမှာ လိုက်ကာတွေ ပတ်ပတ်လည် ကာထားတာပဲဗျာ၊ ဘယ်သူမှ မြင်ရတာမှ မဟုတ်ပဲ၊ ဦးပွကြီးကို ထိုင်ပြီးကန်တော့လိုက်နော် ဆရာစိန်လက်ညိုး" ဟု စိန်လှမြင့်က သင်ပေးလေ၏။

"အေးပါကွာ မင်းကလဲ ငါနားလည်ပါတယ်ကွ"

ဓာတ်ပိုင်ရှင် ဦးပွကြီးသည် စိန်လှမြင့် အိပ်ရာအနီးသို့ ရောက်လျှင် စိန်လှမြင့်၏အိပ်ရာ၌ ထိုင်နေသော စိန်လက်ညိုးကို တွေ့၍သွားလေ၏။

"ဟေ့ကောင် လူယုတ်မာ၊ ငါ့ဓာတ်ထဲကို ဘာလာလုပ်တာလဲ၊ အခုထွက်သွား" ဟု မောင်းထုတ်လေ၏။

စိန်လက်ညိုးသည် ကပျာကယာထ၍ ဓာတ်ပိုင်ရှင် ဦးပွကြီး၏ခြေထောက်အား ဆံပင်နှင့်ပွတ်ကာ ရှိခိုးလေ၏။ ထိုသို့ရှိခိုးပြီးနောက်…

http://obookshelf.blogspot.com



"ဦးလေးရယ် ကျွန်တော့်အပြစ်ကို ဝန်ချမလို့ လာခဲ့တာပါ၊ ပြီးတော့ ဦးလေးရဲ့ဓာတ်မှာကလဲ ဓာတ်စီးမရှိဘူး မဟုတ်လား" ဟု အစချီ၍ ပြောလေ၏။

"ဟော့...ငါ့ဓာတ်မှာ ဓာတ်စီးမလိုဘူး" ဟု ဆိုလေ၏။

"ဦးလေးရယ်၊ ကျွန်တော့်ကို သနားပါဦးဗျာ၊ ကျွန်တော်ငတ်နေပါပြီ" ဟု ဆိုကာ ငိုယို၍ ဦးပွကြီး၏ ခြေထောက်ကို ဖက်၍ တောင်းပန်လေ၏။ ဦးပွကြီးလည်း အနည်းငယ် သနားစိတ်များ ဝင်လာလေ၏။ ထိုအချိန်၌ စိန်လှမြင့်ကပါ ဝင်၍...

"ဟုတ်ပါတယ် ဦးလေးရယ်၊ ဆရာစိန်လက်ညှိုးက သူ့အမှားလဲ သူကိုယ်တိုင် နောင်တရပါပြီ၊ ဦးလေးသာ မဟုတ်ပါဘူး၊ တစ်ဓာတ်လုံးက သူ့ကို ခြေထောက်နဲ့ ကန်ကျောက်ပြီး ဆုံးမရင်တောင်မှ ခံပါတော့မယ်ဆိုပြီး လာတာပါ၊ လက်ခံလိုက်ပါ ဦးလေးရယ်၊ သူဆိုးတာရှိသလို ကောင်းတာတွေလဲ ရှိပါတယ်" ဟု ပြောဆိုလေရာ ဦးပွကြီးသည် ငိုင်၍သွားလေတော့၏။

ဤသို့လျှင် စိန်လက်ညှိုးသည် ငိုလိုက် ဦးပွကြီးအား ကန်တော့လိုက်နှင့် တစ်နာရီနီးပါးခန့် ပြုလုပ်ခဲ့ရာ ဦးပွကြီးက...

"အေး...ညကြေး မပေးသေးဘူး၊ မင်းကိုကြည့်မယ်၊ အချိုးပြောင်းမှ မင်းကို အရင်အတိုင်း ဆက်ပြီးသုံးမယ်" ဟု ပြောတော့၏။

ဓာတ်သမားများလည်း စိန်လက်ညှိုးကို ပြန်၍လက်ခံလိုက်သဖြင့် အနည်းငယ် မကျေမနပ် ဖြစ်ကြသေး၏။ သို့ရာတွင် ဦးပွကြီးကိုယ်တိုင်က 'သူ့အမှားကို သူမြင်လို့ အောက်ကနေ ဝင်မှတော့ လက်ခံရတော့မှာပေါ့ကွာ' ဟု ဓာတ်သမားများအား ဖျောင်းဖျပြောဆိုလေ၏။

စိန်လက်ညှိုးမှာလည်း အပြစ်ရှိသူပီပီ ဓာတ်သမားများ





အား မျက်နှာချိုသွေးလျက် ဆက်ဆံလေ၏။ စိန်လက်ညှိုးသည် အော်ပရာအသစ်များကို ဓာတ်တိုက်လေ၏။ ထိုသို့ဓာတ်တိုက်ရာ၌ မြကိန္နရီကို သာမန်နေရာ၌ ထားပြီးလျှင် ယိမ်းသမအသစ်ကလေးတစ်ဦးကို ခေါင်းဆောင်နေရာ၌ သုံးလေ၏။

မြကိန္နရီ သည် မိမိအား နှိမ်မှန်းသိသော်လည်း တစ်ခွန်းတစ်လေမျှပင် ပြန်၍မပြောဘဲ ငြိမ်၍နေလေ၏။ စိန်လက်ညှိုးသည် အခွင့်အရေးရသည့် နေရာတိုင်း၌ ဘမော်၏လူများကို မသိမသာ နှိမ်၍ထားလေ၏။ ပြဓာတ်၌လည်း လူရွှင်တော်ကိုသြဘာနှင့် စန္ဒယော်တို့အား ပြက်လုံးထုတ်ရန် အခွင့်အရေးမပေးဘဲ သိန်းတန်ဆိုသူကိုသာလျှင် ပြက်လုံးများထုတ်ရန် အခွင့်ပေးလေ၏။ လူရွှင်တော်ကိုသြဘာလည်း စိန်လက်ညှိုးလုပ်ပုံကို မကျေမနပ် ဖြစ်၍လာလေ၏။

"ငါကလဲ လူရွှင်တော်ဘဝကနေ ပြက်လုံးမထုတ်ရဘဲ သမာဓိကြီးနဲ့ နေလာရတာ တော်တော်ရျားပြီ၊ ဒီတော့ လူရွှင်တော်နဲ့ မတူဘဲ တဖြည်းဖြည်း ဘုန်းကြီးနဲ့တောင် တူလာပြီ" ဟု မကြာခဏ ပြောဆိုလေ၏။

ဓာတ်တစ်ခုလုံးကိုလည်း စိန်လက်ညှိုးနှင့် စိန်လှမြင့်တို့သည် တစ်စထက်တစ်စ မျိုး၍မျိုး၍ လာလေတော့၏။ ဓာတ်သမားများမှာလည်း တစ်မြို့ရောက်လျှင် တစ်ယောက်ထွက် ဆိုသကဲ့သို့ ထွက်၍ထွက်၍ သွားကြရာ လူဟောင်းများသည် တစ်စထက်တစ်စ နည်း၍သွားလေ၏။ ထိုအခါ စိန်လက်ညှိုးနှင့် စိန်လှမြင့်တို့သည် လူဟောင်းနှင့် လူသစ်ကို ရန်တိုက်၍ မသင့်တင့်အောင် လုပ်ထားပြီးလျှင် ဓာတ်ကို ကြိုးကိုင်ကြရုံမျှမက ဓာတ်ပိုင်ရှင် ဦးပွကြီးကိုပင် ကြိုးကိုင်နိုင်ခဲ့ပြီ ဖြစ်၏။

တစ်ခါ၌ ဓာတ်ကွက်ထဲတွင် လူရွှင်တော် ကိုသြဘာနှင့်

http://obookshelf.blogspot.com



စန္ဒယော်တို့က ပြက်လုံးထုတ်လေ၏။ ထိုအခါ…

"ဒီမှာ ကိုညြဖာနဲ့ စန္ဒယော် ခင်ဗျားတို့ကို ဒီနေရာမှာ မပြက်နဲ့လို့ မှာထားတယ် မဟုတ်လား" ဟု စိန်လက်ညိုးက ဟောက်လေ၏။

"စိန်လက်ညိုး၊ ဒီပြဇာတ်ဟာ ဘမော် တိုက်သွားတဲ့ ပြဇာတ်ပဲ၊ အဲဒီတုန်းက ဒီအကွက်မှာ ငါတို့ ပြက်လုံးထုတ်ခဲ့ကြတာပဲ" ဟု ကိုညြဖာက ပြောလေ၏။

"ဘမော် ဇာတ်ထုတ်ပေမယ့် ဘမော် မရှိတော့ဘူး၊ ခင်ဗျားတို့ ဒါလောက်တောင် ဘမော်စကားကို နားထောင်ချင်ရင် ဘမော်နဲ့အတူ လိုက်ပြီး သေလိုက်ကြပါလား"

"လူ့ရှင်တော်တွေဆိုတာ ပရိသတ်ကို ရွှင်အောင်လုပ်ရမယ်၊ အခုဟာက လူ့ရှင်တော်လဲ ဆိုသေးရဲ့၊ ဝါတော် ခြောက်ဆယ်ရ ထေကြီးဝါကြီး ကိုယ်တော်ကြီးလိုချည်း နေနေရတာ မနေနိုင်ဘူး"

"မနေနိုင်ရင် ထွက်ကြ"

"ထွက်တယ်" ဟု ဆိုကာ လူ့ရှင်တော်နှစ်ဦးသည် ဇာတ်ထဲမှ ထွက်ကြလေ၏။ ဇာတ်ပိုင်ရှင် ဦးပွကြီးက ဖျန်ဖြေသော်လည်း ထိုလူနှစ်ဦးကို ဆက်လက်၍ လက်ခံပါက စိန်လက်ညိုး စိန်လှမြင့်အပါအဝင် ယင်းတို့လူများက ယခုညမှာပင် မကတော့ဘဲ တစ်ပါတည်း ထွက်သွားကြမည်ဟု အကြပ်ကိုင်သဖြင့် ဇာတ်ဆရာ ဦးပွကြီးလည်း ငြိမ်၍နေရလေ၏။ ကိုညြဖာနှင့် စန္ဒယော်လေးတို့ ထွက်၍သွားကြလျှင် မြကိန္နရီသည် ငိုရပြန်လေ၏။

"ဦးလေးတို့ မရှိရင် ကျွန်မကို ဒီထက်ပိုပြီး နှိမ်ကြတော့မှာပဲ" ဟု ညည်းညူရှာလေ၏။





မြကိန္နရီ၏ တွက်ကိန်းမှာ လွန်စွာမှန်ပေသည်။ အခြားသော ဇာတ်ခွင်တစ်ခု၌ ဇာတ်ထုတ်သစ်ကို ဇာတ်တိုက်ရာတွင် စိန်လက်ညိုးက မြကိန္နရီအား မိန်းမကြမ်းနေရာ၌ ပါဝင်၍ခိုင်းလေ၏။

"ဒီအခန်းကို ကျွန်မ မလုပ်နိုင်ဘူး"

"ဒီမှာ အူကြောင်ကြောင် မလုပ်နဲ့၊ မြကိန္နရီကနေ ညကိန္နရီ ဖြစ်သွားမယ်" ဟု စိန်လက်ညိုးက ပြောလိုက်ရာ မဟုတ်မခံစိတ်ရှိသော မြကိန္နရီက စိန်လက်ညိုး၏ပါးကို ဖြန်းကနဲ လွှဲ၍ရိုက်လိုက်လေတော့၏။ စိန်လက်ညိုးကလည်း ပြန်လည်၍ ထိုးမည်ကြိတ်မည် လုပ်လေရာ ဘေးမှလူများကရော ဇာတ်ဆရာဦးပွကြီးကပါ ဝင်၍ဆွဲထားရလေ၏။

"ဟဲ့ကောင်မ၊ ဒီဇာတ်ထဲက ထွက်သွား၊ နင့်မျက်နှာကို မကြည့်ချင်ဘူး" ဟု စိန်လက်ညိုးက ပြောလိုက်လေသည်။

"မထွက်ဘူး၊ နင့်ကိုသတ်ပြီးမှ ထွက်မယ်၊ အရှက်မရှိတဲ့ကောင်၊ ဒီဇာတ်ကနေ တိတ်တိတ်ကလေး ထွက်သွားပြီး လိုက်ခေါ်တဲ့ လူကိုတောင် မျက်နှာကို ဓားနဲ့ထိုးခဲ့သေးတယ်၊ ဘယ်ဇာတ်ကမှ လက်မခံလို့ ခွေးဝင်စားဖြစ်ပြီး ပြန်လာတဲ့ကောင်၊ အရှက်မရှိတဲ့ကောင်၊ ဘမော်မျက်နှာကို ဓားနဲ့ထိုးပြီး နင်ထွက်သွားတယ် မဟုတ်လား၊ နင့်မျက်နှာကို ဓားနဲ့ထိုးပြီးမှ ထွက်မယ် သိလား"

"ကြည့်ကြသေးတာပေါ့"

အထက်ကဆိုခဲ့သည့်အတိုင်း မြကိန္နရီနှင့် စိန်လက်ညိုးတို့သည် အကြီးအကျယ် ရန်ဖြစ်ခဲ့ကြလေ၏။ စိန်လက်ညိုးကလည်း အခဲမကျေဘဲ မြကိန္နရီအပေါ်၌ ယုတ်မာကောက်ကျစ်ရန် အခွင့်အလမ်းကိုသာ ချောင်းမြောင်းနေလေတော့၏။

ဤသို့နှင့်ပင် ဇာတ်သည် တစ်မြို့မှတစ်မြို့သို့ ပြောင်းရွှေ့

http://obookshelf.blogspot.com



ခဲ့ရာ ပဲခူးသို့ပြန်ရောက်၍ ကပြကြရလေတော့၏။ ပဲခူး၌ ဇာတ်မဝင်သေးမီ၌ သုံးရက်ခန့် နားနေရလေ၏။ ထိုရက်များ၌ ဇာတ်ရုံကြီးတစ်ခုလုံးသည် မည်းမှောင်၍ နေလေ၏။ ဇာတ်သမားများ နေသောနေရာ၌လည်း မှန်အိမ်ကလေးနှစ်လုံးခန့်သာ ထွန်းညှိထားသည်ဖြစ်ရာ အလင်းရောင်မှာ မှုန်တိမှုန်မွှားသာလျှင် ရှိပေ၏။

ပွဲဈေးတန်းမှာလည်း ပွဲရက်မဟုတ်သေးသဖြင့် မှိတ်တုတ် မှိတ်တုတ် နိုင်လှသော မီးခွက်ကလေးနှင့်သာ ဈေးဆိုင်အချို့သည် ရောင်းချနေကြလေ၏။ ညကိုးနာရီခန့်တွင် မြကိန္နရီသည် ဇာတ်ရုံနောက်ဖေးရှိ အိမ်သာသို့သွားပြီး အပြန်၌ လူတစ်ယောက်သည် မှောင်ရိပ်မှ ထွက်လာပြီးလျှင် မြကိန္နရီကို အတင်းဝင်ဖက်၍ ပါးစပ်ကိုပိတ်ကာ မတော်မတရားပြုရန် ကြိုးစားလေတော့၏။

မြကိန္နရီကလည်း အတင်းရုန်းကန်၏။ ခါးကြားတွင် ထည့်၍ယူလာသော ဓားမြှောင်ကို ဆွဲထုတ်ပြီးလျှင် ထိုသူအား ထိုးလေ၏။ လက်မောင်းကို ထိ၍သွားသဖြင့် ထိုသူလည်း နောက်သို့ အနည်းငယ် ဆုတ်၍သွားလေ၏။ မြကိန္နရီသည် ထွက်ပြေးရန် အခွင့်အရေး ရပါလျက် ထွက်၍မပြေးဘဲ ထိုသူ၏မျက်နှာကို ဓားမြှောင်ဖြင့် တအားထိုးချလိုက်လေ၏။ ထိုသူသည် အော်ဟစ်၍ နောက်သို့ လှည့်ပြေးလေ၏။ သို့ရာတွင် ကစ်စုံတစ်ယောက်သောသူက အပြေး၌ ဖြတ်၍ရိုက်ချလိုက်ရာ နေရာ၌ပင် ပုံလျက်သား လဲကျသွားလေ၏။ ဇာတ်သမားများနှင့် ပွဲဈေးတန်းမှ လူများလည်း မြကိန္နရီရှိရာသို့ အောက်လင်းမီးများကို ဆွဲကိုင်လျက် တုတ်များ ဓားများဖြင့် ပြေး၍လာကြလေ၏။

အောက်လင်းမီးရောင်အောက်တွင် သတိလစ်လျက်ရှိသော စိန်လက်ညှိုးကို လည်းကောင်း၊ မလှမ်းမကမ်းတွင် ဓားဒဏ်





ရာဖြင့် သေဆုံးလျက်ရှိသော စိန်လှမြင့်ကို လည်းကောင်း တွေ့မြင်ကြရပေရာ လွန်စွာ အံ့အားသင့်ကြရကုန်၏။

ထို့ထက် အံ့ဩဖွယ်ရာကောင်းသည်မှာ မြကိန္နရီ၏အနီး၌ သူတောင်းစားကြီးသည် ဝါးရင်းတုတ်ကြီးကို ကိုင်လျက် မတ်တတ် ရပ်နေသည်ကို တွေ့မြင်ရခြင်းပင် ဖြစ်ပေသည်။

"ညနေကတည်းက အကြော်ဆိုင်မှာ ဟောဒီ လူနှစ်ယောက်ဟာ မြကိန္နရီဆိုတဲ့ မင်းသမီးကလေးကို မတော်မတရားပြုဖို့အကြောင်း အရက်သောက်ရင်း တိုင်ပင်နေကြတာကို ကြားခဲ့ရပါတယ်၊ အဲဒီကတည်းက သူတို့ကို မျက်ချည်မပြတ် စောင့်ကြည့်နေခဲ့တာပါ၊ ဟောဒီမိန်းကလေး အိမ်သာက အပြန်မှာ တစ်ယောက်က ဟိုနားရပ်ပြီး စောင့်နေတယ်၊ စောင့်နေတဲ့ကောင်ကို ကျုပ်ပဲ ဓားနဲ့ထိုးပြီး သတ်လိုက်ပါပြီ၊ ဟောဒီကောင်ကိုတော့ မိန်းကလေးက မျက်နှာကို ဓားနဲ့ထိုးတယ်၊ ကျုပ်က ဟောဒီတုတ်နဲ့ အကောက်ပြီး ရိုက်လိုက်တာပါ" ဟု သူတောင်းစားကြီးက ရှင်းပြလေ၏။ ရှင်းပြပြီးနောက် ဆေးပြင်းလိပ်ကို ထုတ်၍ မီးညှိလေ၏။ လူများသည် သူတောင်းစားကြီးကို အထူးအဆန်းသဖွယ် ကြည့်ရှုနေကြလေ၏။

"နို့မို့ရင်တော့ သူတို့စကားကို စိတ်ဝင်စားမိမှာ မဟုတ်ပါဘူး၊ ပုဂံသားမောင်ဘမော် အကြောင်းပါ သူတို့စကားထဲမှာ ပါနေလို့ ကျုပ်က ဂရုစိုက်ပြီး နားထောင်မိတာ" ဟု သူတောင်းစားကြီးက ဆက်၍ပြောလိုက်လေ၏။

"ဦးလေးက ဘမော်ကို သိလို့လား" ဟု မြကိန္နရီက သူတောင်းစားကြီးအား မေးလိုက်လေ၏။

"သိတာပေါ့ကွယ်၊ ဇာတ်ထဲကိုလိုက်ဖို့ ကျုပ်ပဲ တိုက်တွန်း

http://obookshelf.blogspot.com



လိုက်တာပဲ မိန်းကလေးရယ်" ဟု သူတောင်းစားကြီးက ပြော လိုက်လေ၏။

ထိုအချိန်၌ပင် ပုလိပ်များရောက်ရှိလာပြီးလျှင် သူတောင်းစားကြီး မြကိန္နရီနှင့် သတိလစ်လျက်ရှိသော စိန်လက်ညှိုးကိုပါ ဂါတ်သို့ ခေါ်၍သွားကြလေ၏။

ထိုအမှုအား ရုံးတင်စစ်ဆေးသောအခါ၌ မြကိန္နရီသည် မိမိ၏အရက်ကို ကာကွယ်ခြင်းဖြစ်၍ အမှုမှ ကွင်းလုံးကျွတ် လွတ်၍သွားလေ၏။ စိန်လက်ညှိုးမှာမူ မြကိန္နရီအား ဗလက္ကာယ ပြုလုပ်ရန် ကြိုးစားမှုဖြင့် ထောင်ဒဏ်တစ်နှစ် ကျ၍သွားလေ၏။

သူတောင်းစားကြီးမှာကား စိန်လှမြင့်အား ဓားဖြင့် ထိုးသတ်မှုဖြင့် ထောင်ဒဏ်ခုနစ်နှစ် ရရှိသွားလေတော့၏။

ထိုအချိန်မှစ၍ မြကိန္နရီလည်း ဇာတ်လောကကြီးကို အပြီးအပိုင် စွန့်ခွာကာ ဇာတ်မြုပ်သွားလေ၏။

**လောကေ၊** လောက၌။ **အသုစိသင်္ကေတေ၊** မစင်အတိ ပြည့်သော။ **သမ္မာစေ၊** ကျဉ်းမြောင်းသော။ **ဌာနေ၊** အရပ်၌။ ***နိဝါ*သော၊** နေရခြင်းသည်။ **ဒုက္ခော၊** ဆင်းရဲ၏။ ***တံ*တော၊** ထိုထက်။ **အပ္ပိယေ၊** မချစ်မနှစ်သက်လိုသော။ **အရိမှိ၊** ရန်သူ့ထံ၌။ ***နိဝါ*သော၊** နေရခြင်းသည်။ **ဒုက္ခော၊** ဆင်းရဲ၏။ ***တ*တောပိ၊** ထို့ထက်လည်း။ **အကတညုနာ၊** သူ့ကျေးဇူးကို မသိတတ်သောသူနှင့်။ ***နိဝါ*သော၊** နေရခြင်းသည်။ **ဒုက္ခော၊** ဆင်းရဲ၏။

❖ ❖ ❖





## မှတ်ဆိတ်မွေး ပါးသိုင်းမွေးနှင့် ဆေးဆရာ

ဘမော်သည် ပြည်မြို့တွင် သင်္ဘောနစ်သူများအား သမ္ဗာန်နှင့် သွားရောက်ကယ်ဆယ်ခဲ့ရာ၌ သမ္ဗာန်မှောက်၍ ရေအောက်သို့ နစ်မြုပ်ကာ ဇာတ်သိမ်းခဲ့လေပြီဟု သူ၏ဇာတ်တစ်ဖွဲ့လုံးက ထင်မှတ်ခဲ့ကြလေသည်။ အမှန်စင်စစ်ကား ဘမော်သည် မလေဒဏ်မိုးဒဏ်ကြောင့် သမ္ဗာန်မှောက်၍ နစ်မြုပ်သွားသည်ကား မှန်ပေသည်။ သို့ရာတွင် လှိုင်းလုံးများအကြားတွင် အတင်း နင်းကန်၍ ကြိုးစားကူးခတ်ခဲ့ရာတွင် သင်္ဘောမှောက်စဉ်က သင်္ဘောမှ မြုပ်၍ထွက်လာသော ပျဉ်ချပ်တစ်ချပ်ကို ရရှိသဖြင့် ထိုပျဉ်ချပ်ကို ဖက်တွယ်ကာ လှိုင်းလုံးကြီးများအကြား၌ ကြုံကြုံခံ၍ အောက်ဖက်သို့ အလိုက်သင့် မျှောချခဲ့လေ၏။

သမ္ဗာန်မှောက်စဉ်က ဦးခေါင်းမှ လှော်တက်ဖြင့် ရိုက်မိသော ဒဏ်ရာမှ သွေးများသည်လည်း တစိမ့်စိမ့်ယိုလျက် ရှိပေရာ မူးဝေလျက် ရှိပေ၏။ ထို့ကြောင့် သတိလစ်၍ ပျဉ်ချပ်ကို မလွှတ်စေရန် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေ၏။

http://obookshelf.blogspot.com



ဘမော် တွယ်ဖက်၍ထားသော ပျဉ်ချပ်ကလေးသည် ဧရာဝတီမြစ်အတွင်း လှိုင်းလုံးကြီးများအကြားဝယ် ဖြောင်းဆန်၍ မျောချင်ရာမျော၍ နေပေ၏။

ဘမော်၏မျက်လုံးများသည် ပြာဝေ၍ လာလေ၏။ ဦးခေါင်းအတွင်း၌လည်း မီးရထားစက်ခေါင်း ခုတ်သကဲ့သို့ တဒုန်းဒုန်း တဒိုင်းဒိုင်း ခံစားရလျက် ရှိလေ၏။ ပျဉ်ချပ်ကို လွတ်ထွက်မသွားစေရန်လည်း အထူးသတိထား၍ ကိုင်တွယ်ရလေ၏။ သို့ရာတွင် လွန်စွာမူးဝေလာပြီ ဖြစ်သဖြင့် သတိလစ်၍သွားပါက ပျဉ်ချပ်သည် လွတ်ထွက်၍ သွားပေရတော့မည်ဖြစ်ရာ ပျဉ်ချပ်ပေါ်၌ ကိုယ်တစ်ပိုင်းတင်လျက် မှေးကာ လိုက်ပါသွားရလေ၏။ ကမ်းစပ်သို့ ကပ်ရန်မှာလည်း ပြင်းထန်စွာ တိုက်ခတ်နေသော လေဒဏ်ကြောင့် မကူးခတ်နိုင်ဘဲ ရှိလေ၏။ ဤသို့ဖြင့် ပျဉ်ချပ်ပေါ်၌ ကိုယ်တစ်ပိုင်း မှေးတင်ထားခဲ့စဉ်၌ပင် လုံးဝသတိလစ်၍ သွားလေတော့၏။

ဘမော် သတိရသည့်အခါ၌မူ တံငါတဲတစ်ခုအတွင်းသို့ ရောက်ရှိနေကြောင်း သိရလေသည်။ တံငါသည် အဘိုးကြီးက 'ဟော...သူငယ်ကလေး သတိရလာပြီကိုး' ဟု ပြောလိုက်လျှင် သူ၏ဇနီးဖြစ်သူက 'အအေးမိနေတယ်၊ ငန်းဆေး တိုက်လိုက်ပါဦး' ဟု ပြောလိုက်လေ၏။

"ဘကြီး ကျွန်တော် ဘယ်ရောက်နေတာလဲ ခင်ဗျာ" ဟု ဘမော်က မေးလေ၏။

"အုန်းရှစ်ပင်ကို ရောက်နေတာ၊ အုန်းရှစ်ပင်ဆိုတာ ရွာပေါ့ကွာ၊ မင်း ချောင်းထဲမှာ မျောလာတာ"

"မြစ်ထဲမှာ မဟုတ်ဘူးလား"





"မြစ်က အဝေးကြီးမှာပါ၊ ချောင်းထဲမှာ မျောလာတာ"

"ဘာချောင်းလဲ ဘကြီး"

"သလဲတန်ချောင်းလေကွာ"

ဧရာဝတီမြစ်အတိုင်း အောက်ဖက်သို့ မျောနေရာမှ ချောင်းလက်တက်အတွင်းသို့ ဝင်ရောက် မျောပါခဲ့ခြင်းဖြစ်သည်ကို ဘမော် သဘောပေါက်သွားလေ၏။

"ကျေးဇူးပါပဲ ဘကြီးရာ၊ ဘကြီးကယ်ခဲ့တဲ့ အသက်ပဲ ရှိပါတော့တယ်"

"ဘယ်သူက ကယ်တဲ့အသက်ပဲ ဖြစ်ဖြစ်ကွာ၊ ရှင်ဖို့ အရေးကြီးတာပဲ၊ ရော့...ရော့ အချမ်းပြေသွားအောင် ငန်းဆေးလေး သောက်လိုက်ပါဦး" ဟု တံငါသည်အဘိုးကြီးက ပြောလေ၏။ ဘမော်လည်း အကြမ်းပန်းကန်၌ ဖျော်၍ထားသော ဆေးကို ယူ၍ မော့ချလိုက်လေ၏။

"ဘကြီး...ကျွန်တော်က ဓာတ်ထဲကပါ၊ သမ္ဘာန်မှောက်ပြီး မျောလာတာပါ၊ ကျွန်တော့်ဓာတ်ကလူတွေ သိပ်ပြီးစိတ်ပူနေကြမယ်၊ ဓာတ်အဖွဲ့ရှိတဲ့နေရာကို အကြောင်းကြားပေးပါ၊ ဒါမှမဟုတ်ရင် ဘကြီးတို့နဲ့ အနီးဆုံး ပုလိပ်ဂါတ်တဲကို အကြောင်းကြားပေးပါ၊ ပုလိပ်ဂါတ်တဲကနေပြီး အကြောင်းကြားပေးပါလိမ့်မယ်"

"အဲဒါတော့ သည်းခံပါ မောင်ရင်၊ ပုလိပ်ဆီကိုတော့ မသွားပါရစေနဲ့၊ ဘကြီးတို့ အမှုပတ်နေပါဦးမယ်၊ ဒီလူကို ဘယ်က တွေ့တာလဲ၊ ဘယ်အချိန်မှာ တွေ့တာလဲ၊ ဘယ်လို တွေ့တာလဲနဲ့ ကျုပ်ကို စစ်လားဆေးလား လုပ်မယ်၊ ကျုပ်ဖြေတာ အပေါက်အလမ်း မတည့်ရင် ကျုပ်ကို ဖမ်းချုပ်မယ်၊ မ...မ...လုပ်ပါနဲ့ မောင်မင်းကြီးသားရယ်၊ နေကောင်းအောင် လုပ်ပါ၊ နေ

http://obookshelf.blogspot.com



ကောင်းရင် လိုရာခရီး ထပြီးပြန်တာပေါ့"

တံငါသည် အဘိုးကြီးသည် ပုလိပ်ထံသို့ သွားရောက်ရမည်ကို လွန်စွာတုန်လှုပ်လျက် ရှိပေသည်။ ထို့ကြောင့် ဘမော်သည် ဆက်လက်၍ ပြောဆိုခြင်း မပြုတော့ဘဲ ငြိမ်၍နေလေတော့သည်။ ဘမော်အား တံငါသည် အဘိုးကြီးအဘွားကြီးက လွန်စွာ ဂရုစိုက်၍ ပြုစုလေ၏။ ဘမော်မှာ ခေါင်းတွင်ရရှိသောဒဏ်ရာကြောင့် အပြင်းအထန် ဖျားလေ၏။ ပထမတွင် တံငါသည် အဘိုးကြီးသည်လည်း မိမိတတ်သော ဆေးမြီးတိုများကို တိုက်ကျွေးကုသနေလေသည်။ သို့ရာတွင် ဘမော်၏ရောဂါမှာ သက်သာခြင်း မရှိသည့်အတွက် တံငါသည်အဘိုးကြီးသည် ယင်း၏ဇနီးအား ဆေးဆရာခေါ်ရန် သင့်မသင့် အကြံတောင်းရလေ၏။

"ရှင်မရေ၊ ဒီသူငယ်ရဲ့အဖျားကလဲ မသက်သာဘူးကွယ်၊ အားအင်လည်း တဖြည်းဖြည်း ဆုတ်လာတယ်၊ ဒီအတိုင်းထားလို့တော့ မတော်ပေဘူး၊ ဆေးဆရာလေးဘာလေး ခေါ်ရင် မကောင်းဘူးလား" ဟု အဘိုးကြီးက မေးလိုက်လျှင် အဘွားကြီးကလည်း အားတက်သရောနှင့်ပင်...

"ခေါ်ရမှာပေါ့တော်၊ မတော်တဆ ဖိတ်စင်သွားရင် ဘယ်ကောင်းမလဲ" ဟု ပြန်၍ပြောလေ၏။

ထိုအချိန်၌ တဲရှေ့ရှိချောင်း၌ သမ္ဗာန်တစ်စင်း လှော်ခတ်လာသံကို ကြားရပြီးလျှင် သမ္ဗာန်သည် တဲရှေ့တည့်တည့်၌ပင် ဆိုက်လေသည်။ ထို့နောက် မျက်နှာသုတ်ပဝါကို ခေါင်း၌ပေါင်းလျက် လွယ်အိတ်တစ်လုံးကို လွယ်ထားသော မုတ်ဆိတ်မွေး ပါးသိုင်းမွေးများ ထူထပ်လှသည့် လူတစ်ယောက်သည် သမ္ဗာန်ပေါ်မှ ဆင်း၍ တဲဆီသို့ ဦးတည်ကာ လျှောက်လာလေ၏။





တဲဆီသို့ရောက်လျှင် 'ရေတစ်ပေါက်လောက် သောက်ပါရစေ' ဟု ဆိုကာ သောက်ရေတစ်ခွက်ကို တောင်း၍သောက်လေ၏။ တံငါသည် အဘိုးကြီးကလည်း ရေနွေးကြမ်း သောက်လိုကလည်း သောက်နိုင်ကြောင်း ပြောလေ၏။ ထိုလူက ရေနွေး မသောက်လိုကြောင်း သောက်ရေတစ်ခွက် သောက်လိုက်ရသည်ကိုပင် ကျေးဇူးတင်ကြောင်း ပြောဆို၍ ခေတ္တခဏထိုင်ကာ အမောပြေရင်း ခေါင်းမှ မျက်နှာသုတ်ပဝါ ဖြုတ်၍ မျက်နှာမှ ချွေးများကို သုတ်လေ၏။

မျက်နှာသုတ်ပြီးလျှင် ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်၍ မီးညှိလေ၏။ ထို့နောက် တံငါတဲအတွင်းသို့ မျက်စိကို ကစားလိုက်ရာ ဝါးကွပ်ပျစ်ပေါ်တွင် ပက်လက်ဆန့်ဆန့်ကလေး နေနေရသော ဘမော်နှင့် ဘမော်အတွက် ငန်းဆေးကို ဖျော်ပေးနေသည့် တံငါသည် အဘွားကြီးကို မြင်၍သွားလေ၏။

"လူမမာလား" ဟု ထိုသူက မေးလေ၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ လူမမာပါ၊ ဆေးဆရာခေါ်မှ သက်သာရှာမှာပါပဲ" ဟု တံငါသည်ကြီးက ပြောလေ၏။

"ကျုပ် ကြည့်စမ်းပါရစေ၊ ကျုပ်လဲ ဆေးသမားပါပဲ" ဟု မုတ်ဆိတ်မွေး ပါးသိုင်းမွေးနှင့် လူကြီးက ပြောလေ၏။

တံငါသည်အဘိုးကြီးက သူ၏ဇနီးအား လှမ်း၍ကြည့်လိုက်လေ၏။ သူ၏အကြည့်မှာ 'ဘယ်လိုလဲ ရှင်မရေ၊ ဒီလူက ဆေးသမားလို့ လှမ်းပြောနေပြီ၊ လူမမာကို ပြရမလား' ဟု ခွင့်တောင်းလိုက်ခြင်း ဖြစ်ပေသည်။

အဘွားကြီးကလည်း အဘိုးကြီးကို ပြန်၍ကြည့်လိုက်ပြီးလျှင် "ရှင်က ဘာဖြစ်လို့ ကျုပ်ကိုကြည့်နေရတာလဲ၊ ရှင့်မှာ ပါးစပ်

http://obookshelf.blogspot.com



မပါဘူးလား၊ ရှင် ပြောလိုက်ပါလား" ဟု ငေါက်လိုက်လေ၏။

ထိုအခါ အဘိုးကြီးက မှတ်ဆိတ်မွေး ပါးသိုင်းမွေးနှင့် လူကြီးအား သေသေချာချာ အကဲခတ်ရန်အတွက် ကြည့်လိုက်ရာ မှတ်ဆိတ်မွေး ပါးသိုင်းမွေးနှင့် လူကြီးက နှစ်လိုဖွယ်ကောင်းသော အပြုံးကို ပြုံးပြလိုက်လေ၏။

တံငါသည် အဘိုးကြီးလည်း မှတ်ဆိတ်မွေး ပါးသိုင်းမွေးနှင့် လူကြီး၏အပြုံးကို ကျေနပ်၍လား မဆိုနိုင်ပေ။

"ကြည့်နိုင်ပါတယ် ဆရာ၊ ဆရာ့ကို အပ်ပါတယ်" ဟု သွက်လက်စွာ ပြောလိုက်လေ၏။

မှတ်ဆိတ်မွေး ပါးသိုင်းမွေးနှင့် လူကြီးလည်း ဘမော်ရှိရာ ဝါးကွပ်ပျစ်ဆီသို့ သွားပြီးလျှင် ဘမော်၏နဖူးကို လက်ဖြင့်စမ်း၏။ ရင်ဘတ်ကို လက်ဝါးဖြင့် ဖိ၍ကြည့်၏။ မျက်စိကို ဖြဲ၍ကြည့်၏။ ချိုင်းကြားကို ကြည့်၏။ ထိုသို့ အလုံးစုံကြည့်ပြီးနောက် တံငါသည် အဘိုးကြီးနှင့် အဘွားကြီးဘက်သို့ လှည့်ကာ...

"ရေနံချေး လိုချင်တယ်၊ အရက် လိုချင်တယ်၊ ဘိလပ်ရည် လိုချင်တယ်၊ အဲဒီသုံးမျိုး တစ်ခုရရင် ခင်ဗျားတို့လူနာ အခုကို ငုတ်တုတ် ထပြီးထိုင်မယ်၊ မရရင်တော့ ညနေမှာ ခေါင်းစပ်ထားပေတော့" ဟု ဆိုလေတော့၏။

တံငါသည် အဘိုးကြီးနှင့် အဘွားကြီးလည်း လွန်စွာ မျက်လုံးပြူး၍ သွားကြလေ၏။ အဘွားကြီးက ပြာပြာသလဲဖြစ်ကာ "ရေနံချေးလည်း ရှိပါတယ်၊ လှေနံသုတ်ဖို့ ဝယ်ထားတာ ဟောဟိုမှာပါ၊ အရက်ကလည်း ရှိပါတယ်၊ အဘိုးကြီး မနေ့က ရှင်သောက်လို့ ကျန်တဲ့ ဘိုးခွေးတဲက အရက်ကို ပေးလိုက်လေ၊ ဘိလပ်ရည်ကလဲ အဆင်သင့်ပါပဲ၊ ဘုန်းကြီးကျောင်းကို ပို့မလို့





ဝယ်ထားတာ လေးလုံးတောင် ရှိပါတယ်" ဟု ပြောလိုက်လျှင် မှတ်ဆိတ်မွေး ပါးသိုင်းမွေးနှင့် လူကြီးသည် ရေနံချေးမှိုင်း တိုက်လေ၏။ ထို့နောက် အရက်အနည်းငယ်ကို တိုက်လေ၏။

တစ်နာရီအတွင်း၌ပင် ဘမော်၏တစ်ကိုယ်လုံးသည် ချွေးများ ယိုစီးထွက်လာလေ၏။ ထိုအခါ၌ မှတ်ဆိတ်မွေးနှင့် လူကြီးက လွယ်အိတ်အတွင်း၌ ပရုပ်တစ်ပဲသားခန့်ကို ဘိလပ်ရည် ခပ်၍တိုက်ပြန်ရာ ဘမော်သည် အကောင်းပကတိ ဖြစ်၍ သွားလေတော့၏။

ဘမော်၏အခြေအနေကို ကြည့်၍ တံငါသည် အဘိုးကြီးက "ယူပစ်လိုက်သလိုပါပဲလား ဆရာ၊ တယ်လဲစွမ်းပါလား၊ ဘာရောဂါလဲဗျာ၊ တဆိတ်လောက် ရှင်းပြစမ်းပါ" ဟု ဆိုလေ၏။

"ပလိပ်ရောဂါလေ၊ ကြောက်စရာကောင်းတဲ့ ပလိပ်ရောဂါပေါ့ဗျာ"

လူပုလိပ်ကို ကြောက်လှသော တံငါသည်ကြီးသည် ရောဂါပလိပ်ကိုလည်း လွန်စွာ ကြောက်ပေသည်။

"အိုး...ပလိပ်ရောဂါဆိုတာ ကူးစက်တတ်တယ် မဟုတ်လား ဆရာရဲ့" ဟု တံငါသည် အဘိုးကြီးက မေးလေ၏။

"ဟုတ်ပါတယ်၊ ပလိပ်ရောဂါဆိုတာ အဆန်းတော့ မဟုတ်ပါဘူး၊ ဘုရားလက်ထက်ကတည်းက ရှိခဲ့ပါတယ်၊ အဟိဝါတ ရောဂါလို့ ခေါ်ပါတယ်၊ အဟိဆိုတာ မြွေလို့ အနက်ထွက်တယ်၊ မြွေဆိပ်နဲ့တူတဲ့ လေရောဂါတစ်မျိုးပေါ့ဗျာ၊ ဓမ္မပဒကုမ္ဘဃောသကဝတ္ထုမှာ ယင်၊ ကြွက်၊ ဝက်၊ ဆိတ်၊ နွားတို့က ရှေးဦးစွာ သေ၏။ ထို့နောက်မှ ကျွန်အမှုလုပ်သူများ သေ၏။ ထို့နောက် အိမ်ရှင်များ သေ၏လို့ဆိုထားတာကို ဖတ်ဖူးတယ်၊ အဲဒါ ပလိပ်



OBookShelf blogspot.com

http://obookshelf.blogspot.com



ရောဂါပါပဲ၊ အကျယ်ကို သိချင်ရင် 'ခံဘူးဆေးကျမ်း' မှာ ကြည့်ပေတော့" ဟု ဆိုကာ မုတ်ဆိတ်မွေးနှင့် လူကြီးက လွယ်အိတ်အတွင်းမှ ကွမ်းအစ်ကို ထုတ်၍ ကွမ်းကို စားလေ၏။

ထို့နောက် တံငါသည်လင်မယားအား ဇာတ်နိပါတ်များကို အကိုးအကား ပြုလုပ်၍ တရားများကို ဟောလေ၏။ထိုသို့ဟောပြီးနောက် တံငါသည်အဘိုးကြီးအား 'နာမည် ဘယ့်နှယ်ခေါ်သလဲ' ဟု မေးမြန်းရာ တံငါသည်အဘိုးကြီးက...

"ကျုပ်နာမည်က ကိုသာခု၊ ကျုပ်မိန်းမက မရွှေစင်" ဟု ဖြေလိုက်လေ၏။

"သာခုဆိုတာ ကောင်းခြင်းလို့ အဓိပ္ပါယ်ရတယ်၊ အခုတော့ ကိုသာခုက အရက်လဲသောက်တယ်၊ တံငါလုပ်တာကတော့ အသက်မွေးမှုဆိုတော့ ထားပါတော့၊ ဟဲ...ဟဲ...အရင်ကများ အဖော်ကောင်းရင် ဓားပြလေးဘာလေး တိုက်ခဲ့မယ့်လူပဲ" ဟု မုတ်ဆိတ်မွေးနှင့် လူကြီးက တံငါသည် ဦးသာခု၏ ရုပ်လက္ခဏာကို ကြည့်၍ပြောလိုက်ရာ ဦးသာခုသည် လွန်စွာ တုန်လှုပ်၍သွားလေတော့၏။ ထိုအခါ၌ မုတ်ဆိတ်မွေးနှင့် လူကြီးက ဆက်၍ပြောပြန်သည်မှာ...

"ကိုသာခုဟာ တံငါမလုပ်ဘဲ တခြားအလုပ်ကိုလုပ်ရင် ချမ်းသာလိမ့်မယ်၊ မရွှေစင်ကလဲ လင်ယောကျ်ားကို အော်လားငေါက်လား မလုပ်ရင် ရွှေတွေဆင်ရမယ့် နိမိတ်တွေရှိတယ်" ဟု ဆိုကာ ငါးပါးသီလ၏အကျိုးကို ဟောပြောဆုံးမလေတော့၏။

ထိုအခါ ဒေါ်ရွှေစင်က...

"ကျေးဇူးကြီးလှပါပေတယ် ဆရာကြီးရယ်၊ ဆရာကြီးနဲ့ တွေ့ရတာ ကျွန်မတို့အဖို့တော့ သိကြားမင်းနဲ့ တွေ့ရသလိုပါပဲ"





ဟု ပြောလေ၏။

"ဟုတ်ပါတယ်...ဆရာကြီးရဲ့စေတနာနဲ့ ပညာဂုဏ်ကို ဒီတစ်သက်မှာတော့ ဘယ်တော့မှ မမေ့တော့ပါဘူး၊ ကျွန်တော့်ကိုလည်း ဆေးနည်းကောင်းလေးတွေ ချီးမြှင့်ခဲ့ပါ၊ ရပ်သူရွာသားတွေ မမာမကျန်းဖြစ်ရင် ကူညီချင်ပါတယ်" ဟု တံငါသည် အဘိုးကြီးက ပြောလေရာ ခရီးသွား ဆေးဆရာကြီးက...

"သာခု သာခု သာခု၊ ကြားရတာဝမ်းသာစရာပါပဲ၊ သတ္တဝါတွေကို ကူညီချင်တဲ့ စေတနာမှန် ရှိကြလေတော့ အစွမ်းထက်တဲ့ ဆေးကောင်းတစ်လက်ကို ပေးခဲ့မယ်၊ ရေလဲနဲ့သုံးပြီး ကုသပေတော့" ဟု ပြန်၍ပြောလေရာ တံငါသည်အဘိုးကြီး ဦးသာခုမှာ လွန်စွာ ဝမ်းမြောက်၍သွားလေ၏။ ကွမ်းတစ်ယာညက်ခန့်ကြာလျှင် မုတ်ဆိတ်မွေးလူကြီး(ခရီးသွားဆေးဆရာကြီး)က...

"လူနာကို ကြည့်ရဦးမယ်၊ အဆင်ကောင်းရင် စိတ်ချရပြီ" ဟု ဆိုကာ ဘမော်အား ကြည့်ရှုစစ်ဆေးပြန်လေ၏။ ထို့နောက် ဘမော်၏ဝမ်းဗိုက်အား လက်ဖြင့်ခေါက်ကြည့်ပြီး အကျႌကို လှန်လိုက်ရာ ဘမော်၏နံဘေးမှ 'စာဖြူ'အမှတ်အသားကို တွေ့ရလေ၏။

ခရီးသွားဆေးဆရာကြီးလည်း ထိုစာဖြူအမှတ်အသားလေးကို ကြည့်ပြီးနောက် ဘမော်အား 'နာမည် ဘယ့်နှယ့် ခေါ်သလဲ' ဟု မေးရာ ဘမော်က ယင်း၏နာမည်ကို ပြောပြလျှင် ဆေးဆရာကြီးက...

"မောင်ဘမော်ဟာ ကိုသာခု၊ မရွှေစင်တို့ရဲ့ သားအရင်းပဲလား" ဟု မေးပြန်လေ၏။ ထိုအခါ ဘမော်က သမ္ဗာန်နစ်မြုပ်၍ ရေထဲမှာ မျောလာပုံကို ပြောပြလေ၏။

တစ်ဖန် ဆေးဆရာကြီးက 'မောင်ဘမော် ဘယ်ဇာတိလဲ'



OBookshelf blogspot.com

http://obookshelf.blogspot.com



ဟု မေးပြန်ရာ ဘမော်က ပုဂံဇာတိဖြစ်ကြောင်း ပြန်၍ဖြေလေရာ...

"ဟင်...ဘင်...ဘမော်ရေ၊ ဘုန်းကြီးကျောင်းသား ဘမော်ရေ...အရွယ်ရောက်လာတော့ ရုပ်တွေဘာတွေတောင် ပြောင်းနေပါပကော၊ ငါတော့ဖြင့် ငယ်ရုပ်တောင် ဖမ်းလို့မရဘူး"

ထိုအခါ ဘမော်လည်း ဆေးဆရာကြီးအား သေချာစွာကြည့်လိုက်ရာ ငယ်စဉ်ကတည်းက ကွဲသွားခဲ့သော ကပ္ပိယကြီး ဖြစ်၍နေကြောင်း သိရလေတော့၏။

"ဟာ...ကပ္ပိယကြီးပါလား...ကျွန်တော်လည်း မမှတ်မိဘူး၊ ခုမှပဲ မှတ်မိတော့တယ်၊ သိပ်ဝမ်းသာတာပဲ" ဟု ဘမော်က ပြောလေ၏။ ဘမော်လည်း သူ၏ ရှေးဟောင်းနှောင်းဖြစ်များကို ကပ္ပိယ တဖြစ်လဲ ခရီးသွား ဆေးဆရာကြီးအား ပြန်၍ပြောပြလေတော့သည်။

"ကဲ...ဘမော်ရေ...နောက်မှပဲ...အေးအေးဆေးဆေး စကားပြောကြရအောင်...ခုတော့ အားရှိသွားအောင် ဟောဒီ စမတော်ကြီးသွေးဆေးကို ပျားရည်လေးနဲ့ သောက်လိုက်ပါဦး" ဟု ဆိုကာ ဆေးဆရာကြီးသည် ဘမော်အား သွေးဆေးကို ပျားရည်နှင့် ဖျော်၍တိုက်လိုက်လေ၏။

ထို့နောက် ဦးသာခုကြီးဘက်သို့ လှည့်ကာ...

"ကဲ ခင်ဗျားတို့ကို ကျုပ်က အစွမ်းထက်တဲ့ သွေးဆေးနည်းတစ်လက် ပေးခဲ့မယ်၊ ရပ်ရွာထဲကလူတွေက တောင်းရင် ပေးပါ၊ ဝယ်ရင် ရောင်းပါ၊ အကျိုးပေးပါလိမ့်မယ်၊ အဲဒီသွေးဆေးက ကုန်းဘောင်ခေတ် နန်းစဉ်သွေးဆေးကြီးပဲ၊ သွေးဆေးနာမည်ကိုတော့ **စမတော်ကြီး သွေးဆေး** လို့ ခေါ်တယ်" ဟု ပြောလေ၏။

ဦးသာခုကြီးလည်း **စမတော်ကြီးသွေးဆေး** ဖော်စပ်



OBookShelf
blogspot.com



နည်းကို သေချာစွာ ကူးမှတ်၍ ထားလေ၏။ ခရီးသွား ဆေးဆရာကြီးက 'ဆေးပင်နှုတ်စဉ် ရွတ်ဆိုရမည့်မန္တာန်' နှင့် 'ဆေးသိဒ္ဓိတင်ရန် ဂါထာ' တို့ကို နှုတ်တိုက် သင်၍ပေးလေ၏။ ဦးသာခုကြီးကလည်း နှုတ်တိုက်ရွတ်ဆို၍ ကျက်မှတ်လေ၏။ ထို့နောက် 'ဆေးစတင်ဖော်ရမည့် နက္ခတ်နေ့' ကို တွက်ချက်နည်းကိုလည်း သင်ပြပေးလေ၏။ နောက်ဆုံး၌ 'ဝေဒပဏ္ဍိတ၊ ဘိသက္ကဆေက၊ နာနာသတ္တဒက္ခ၊ ဥပမိသမ္ဘတ္တိ၊ ဗြဟ္မစာရီ' စသည့် သမားတော်ကြီး၏ ဂုဏ်အင်္ဂါငါးပါးကိုလည်း ရှင်းပြလေ၏။ ထို့ပြင် သမားကောင်းတို့၌ အမြဲထားရှိရမည့် 'ပဏ္ဍိတဂုဏ်၊ ဒက္ခဂုဏ်၊ အနာသလဂုဏ်' စသည့် အင်္ဂါသုံးပါးကိုလည်း လိုက်နာရန် မှာကြားလေ၏။

ထို့နောက် ခရီးသွား ဆေးဆရာကြီးလည်း ခရီးဆက်ရန် အတွက် နှုတ်ဆက်လေတော့၏။

"မောင်ဘမော်ရေ...ဘာမှ အားမငယ်နဲ့ကွ...တစ်နေ့နေ့မှာတော့...ပြန်ပြီးဆုံကြရသေးတာပေါ့" ဟု ဆိုကာ ထွက်၍ သွားလေတော့၏။

ခရီးသွားဆေးဆရာကြီး ရောက်ရှိပြီးနောက် ဘမော်တည်းခိုလျက်ရှိသော တံငါတဲကလေးသည်လည်း အပြောင်းလဲကြီး ပြောင်းလဲခဲ့လေ၏။ မည်သည့်အခါကမျှ ဘုရားရှိခိုးခြင်း မရှိသော တံငါ သည် အဘိုးကြီးလည်း ဘုရားကို အချိန်မှန်စွာ ရှိခိုးလေ၏။ ဘုရား ရှိခိုးနေရင်း၌လည်း ရှေ့တွင်ဆက်မည့် အကြောင်းအရာများကို မေ့လျော့လျှင် 'ရှင်မရေ မေ့နေပြန်ပြီကွ၊ လုပ်စမ်းပါဦး' ဟု သူ၏ ဇနီးသည်အား လှည့်၍မေးတတ်လေ၏။

ထိုအခါ သူ၏ဇနီးသည်က ဘုရားရှိခိုးကို နောက်မှနေ၍ ထောက်ပေးရလေ၏။

http://obookshelf.blogspot.com



တံငါသည်ကြီး ဦးသာစုသည်လည်း တံငါအလုပ်ကို မလုပ်တော့ဘဲ စမတော်ကြီး သွေးဆေးကို ဖော်၍ထားလေ၏။ ရွာထဲရှိလူများက အသုံးလိုသောအခါ၌ လာရောက်ဝယ်ကြလေ၏။ ဤသို့နှင့် **စမတော်ကြီး သွေးဆေး** မှာ အစွမ်းထက်လှသောကြောင့် သတင်းကြီးလာပြီးလျှင် အနီးအနားရွာများမှပင် လာရောက်၍ ဝယ်ယူကြလေ၏။ ဦးသာစုတို့ လင်မယားနှစ်ယောက်မှာ အေးအေးချမ်းချမ်း နေထိုင်ကာ ဘုရားတရားသံဃာ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ကြလေ၏။

"ရှင်မရေ၊ ငါတော့ မုတ်ဆိတ်မွေးနဲ့ ဆေးဆရာကို တယ်ပြီး ကြည်ညိုတယ်၊ ဒီဆရာဟာ ငါတို့ကို အပယ်မကျအောင် လာပြီးသတိပေးတာပဲ၊ သူငယ်ကလေးရဲ့ ရောဂါကလဲ သူရောက်လာလို့သာပေါ့ကွာ၊ နို့မို့ဆိုရင်တော့ စက်ရချည်သေးရဲ့" ဟုလည်း တံငါသည်ကြီး ဦးသာစုက မကြာခဏ ပြောတတ်လေ၏။

ယောနရော၊ အကြင်သူသည်။ **တဂရုဍ**၊ တောင်ဇလပ်ပန်းကိုလျှင်။ **ပလာသန**၊ ပေါက်ဖက်နှင့်။ **ဥပနယှတိ**၊ ထုပ်၏။ **တဿ**၊ ထိုသူ၏။ **တဂရောဇ၀**၊ တောင်ဇလပ်ပန်းသည်သာလျှင်။ **သုရဘိ**၊ ကောင်းသောအနံ့ကို။ **ဝါယတိ**၊ လှိုင်စေသည်ကား။ **န**၊ မဟုတ်။ **ပတ္တာပိ**၊ ပေါက်ဖက်တို့သည်လည်း။ **သုရဘိ**၊ ကောင်းသောအနံ့ကို။ **ဝါယန္တိ**၊ လှိုင်စေကုန်၏။ **ဧဝံတာဒိသာ**၊ ထို့အတူ။ **မိစ္ဆုပသေဝနာ**၊ ပညာရှိနှင့်ပေါင်းဖက်မှီဝဲရသောသူတို့ကို။ **ဒွေဇ္ဇာ**၊ မှတ်ကုန်၏။



OBookShelf
blogspot.com



## မြကိန္နရီ ရှာပုံတော်

ဘမော်လည်း ဦးသာစုတို့ထံ၌ လုံးဝကျန်းမာ၍ အင်အားပြည့်ဝသည်အထိ တည်းခိုနေထိုင်ပြီးနောက် ဦးသာစုတို့ လင်မယားအား ကန်တော့၍ ပြည်မြို့သို့ ထွက်ခဲ့လေ၏။ ပြည်မြို့မှ တစ်ဖန် မိတ္ထီလာ၌ ဘုရားပွဲရှိကြောင်း၊ ထိုဘုရားပွဲ၌ ဇာတ်ပွဲအမြောက်အမြား ရှိကြောင်း သတင်းရသဖြင့် မိတ္ထီလာသို့ ခရီးဆက်ခဲ့ပြန်သည်။

မိတ္ထီလာသို့ ရောက်လျှင် ဇာတ်ရုံများရှိရာသို့ ခပ်သုတ်သုတ်ကလေး သွားရောက်ခဲ့လေ၏။ မိတ္ထီလာကန်ကြီးနှင့် အနီးဆုံးဇာတ်ရုံ၌ မြကိန္နရီဇာတ်အဖွဲ့ ဆိုင်းဘုတ်ကြီးကို ချိတ်ဆွဲထားသည်ဖြစ်ရာ ဘမော်သည် ထိုဆိုင်းဘုတ်ကြီးကို မြင်လျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်၍သွားလေ၏။

ထို့ကြောင့် ဇာတ်ရုံနောက်ဖက်သို့ ခပ်သုတ်သုတ် သွားရောက်၍ ဇာတ်ရုံထဲသို့ ဝင်လိုက်လေ၏။ ထိုသို့ဝင်လိုက်သည်နှင့် တပြိုင်နက် ဇာတ်ဆရာကြီး ဦးပွကြီးနှင့် ပက်ပင်းတွေ့ဆုံရလေ၏။

http://obookshelf.blogspot.com



ဓာတ်ဆရာ ဦးပွကြီးသည် ဘမော်ကို ကြည့်၍ ကြက်သေသေလျက် ရှိလေ၏။ ဦးပွကြီးသည် ဘမော်ကို လှိုင်းလုံးကြီးများအောက်တွင် နစ်မြုပ်သွားသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည်ဖြစ်ရာ ဘမော် သေပြီဟုပင် ထင်မှတ်ခဲ့ပြီး ယခုကဲ့သို့ ဘမော်အား မသေမပျောက် ပြန်၍တွေ့ရလျှင် အံ့အားသင့်၍ ကြက်သေသေလျက် ရှိလေ၏။

"ဦးလေး ကျွန်တော်လေ ဘမော်ပါ၊ မမှတ်မိတော့ဘူးလား" ဟု ဘမော်က အားမလိုအားမရဖြစ်ကာ ဦးပွကြီး၏ကိုယ်ကို လက်နှစ်ဖက်ဖြင့် ကိုင်၍လှုပ်ရင်း ပြောလိုက်လေ၏။

"မှတ်မိတာပေါ့ကွာ၊ မှတ်မိလို့ ခက်နေတာပေါ့၊ ငါတို့အားလုံး မင်းကို သေပြီလို့ မှတ်နေတာ၊ တကယ်လို့ မသေမပျောက်ခဲ့ရင်လဲ ငါတို့ဆီ ချက်ချင်းပြန်ရောက်လာရမှာပေါ့၊ ဘာဖြစ်လို့ အခုလောက် ကြာကြာကြီး ပျောက်နေရတာလဲ" ဟု ဓာတ်ဆရာ ဦးပွကြီးက ပြောလေ၏။

ဘမော်သည် မိမိဖြစ်ပျက်သမျှ အလုံးစုံကို ဓာတ်ဆရာ ဦးပွကြီးအား ပြောပြလေ၏။ ဓာတ်ဆရာ ဦးပွကြီးသည် ဘမော်ပြောပြသည်ကို ရင်တမမ စုတ်တသပ်သပ်နှင့် နားထောင်ခဲ့လေ၏။ ထို့နောက် မိမိတို့၏ ဓာတ်အဖွဲ့ကြီး ဖြစ်ပျက်ခဲ့ပုံကို လည်းကောင်း၊ မြကိန္နရီ ဓာတ်ထဲမှထွက်၍ ပျောက်သွားပုံ၊ စိန်လက်ညှိုးထောင်ကျသွားပုံ၊ စိန်လှမြင့် အသတ်ခံရပုံမှအစ သူတောင်းစားအဘိုးကြီးသည် ဘမော်နှင့် သိကျွမ်းခဲ့ပုံတို့ကိုပါ ဘမော်အား ဓာတ်ဆရာကြီး ဦးပွကြီးက ပြောပြခဲ့လေ၏။

ဘမော်သည် မြကိန္နရီ၏ အဖြစ်အပျက်ကို သိရသောအခါ၌ လွန်စွာ စိတ်မကောင်းဖြစ်၍ သွားလေ၏။ ထို့ကြောင့်





မြကိန္နရီကို မတွေ့တွေ့အောင် ရှာမည်၊ တွေ့လျှင် ဓာတ်သဘင်လောကသို့ ပြန်၍ခေါ်လာခဲ့မည်ဟု ဆုံးဖြတ်လိုက်၏။ မြကိန္နရီသည် ဓာတ်သဘင်လောက၌ အောင်မြင်နိုင်သော အရည်အချင်းရှိပါလျက် ယခုကဲ့သို့ တိမ်မြုပ် ပျောက်ကွယ်သွားခြင်းကိုလည်း ဘမော်သည် စိတ်မကောင်း ဖြစ်မိလေ၏။

ထို့ကြောင့် ဓာတ်ဆရာ ဦးပွကြီးအား နှုတ်ဆက်ကာ ထွက်၍လာခဲ့လေ၏။ မြကိန္နရီ၏ အစ်မဝမ်းကွဲတစ်ယောက် ရန်ကုန်မြို့ စမ်းချောင်းရပ်၌ ရှိကြောင်း ဘမော်က သိထားလေသည်။ ထိုအိမ်သို့ သွားရောက်လျှင် မြကိန္နရီကို မတွေ့ရသည့်တိုင်အောင် မြကိန္နရီ ရှိနိုင်မည့်နေရာကို သဲလွန်စ ရပေလိမ့်မည် မဟုတ်ပါလား။

ထို့ကြောင့် ဘမော်သည် ရန်ကုန်သို့ ကုန်ကားကြီးတစ်စင်းနှင့် လိုက်ပါခဲ့လေတော့၏။

ရန်ကုန်သို့ ရောက်လျှင် မြကိန္နရီ၏ အစ်မဝမ်းကွဲအိမ်ကို ရှာဖွေခဲ့လေ၏။ သို့ရာတွင် ရှာဖွေ၍ တွေ့သောအခါ၌မူ မြကိန္နရီ၏ အစ်မဝမ်းကွဲတို့က "တို့လဲ မသိပါဘူးကွယ်၊ ဓာတ်ထဲက ထွက်လာပြီး ဒီမှာတော့ တစ်လလောက် နေပါသေးတယ်၊ နောက်တော့ ဓာတ်ထဲ ပြန်လိုက်မယ်ဆိုပြီး ထွက်သွားတာပါပဲ" ဟူသည့် မရေရာသော အဖြေမျိုးကိုသာ ပေးလေ၏။

ဘမော်သည် စမ်းချောင်းရပ်မှ ဗဟန်းဘက်သို့ ခြေလျင်လျှောက်၍ စိတ်ပျက်ပျက်နှင့် ပြန်ခဲ့လေ၏။ မြကိန္နရီကို ဆက်လက်၍ ရှာဖွေရန်ထက် လောလောဆယ်အားဖြင့် မိမိအဖို့ ထမင်းစားရန်နှင့် တည်းခိုနေထိုင်ရန်အတွက်က အဲရေးတကြီးစဉ်းစားရန် လိုကြောင်းကိုလည်း သတိပြုမိလေ၏။

http://obookshelf.blogspot.com



ဘမော်သည် စိတ်ပျက်အားငယ်စွာနှင့် လျှောက်၍လာခဲ့ရာ ဗဟန်း ရေတာရှည်လမ်းသို့ ရောက်လျှင် ရေတာရှည်လမ်းအတိုင်း ရွှေတိဂုံဘုရားဖက်သို့ လျှောက်ခဲ့လေ၏။

ဘမော်၏ မျက်နှာချင်းဆိုင်မှ ဘုန်းကြီးနှစ်ပါးသည် စာအုပ်များကို ပိုက်လျက် လျှောက်၍လာသည်ကို ဘမော် သတိပြုမိလေ၏။ ထို့ကြောင့် ဘမော်သည် ဘုန်းကြီးများအား လမ်းဖယ်ပေးရန် အတွက် လမ်းအစပ်ဘက်သို့ တိုးကပ်၍ လျှောက်လေ၏။ ဘုန်းကြီးနှစ်ပါးသည် ဘမော်၏အနီးသို့ ရောက်လျှင် ဘမော်ကို ပိတ်ရပ်လိုက်ကြပြီးနောက် ဘမော်ကို အံ့အားသင့်စွာ ကြည့်၍နေလေ၏။ ထို့နောက်မှ အားရဝမ်းသာနှင့်...

"ဟေ့...ဘမော်" ဟု သံပြိုင်ခေါ်လိုက်ကြလေ၏။ ဘမော်လည်း ဘုန်းကြီးနှစ်ပါးအား သေချာစွာကြည့်လျက် အံ့အားသင့်၍နေပြီးလျှင်...

"ဦးစန္ဒယော်လေး၊ ဦးဩဘာ၊ ဟာ...ယောင်လို့ယောင်လို့၊ ဦးပဥ္စင်းတို့ ဘယ်လို ဖြစ်ကုန်ကြတာလဲ" ဟု မေးလိုက်လေ၏။

"ငါတို့က မင်းကို မေးရမှာကွ၊ သေပြီလို့ အောက်မေ့နေတာ၊ မင်းကို တွေ့ရတော့ တစ္ဆေများ လာပြီးခြောက်နေတာလားလို့ကွာ၊ ချက်ချင်း မခေါ်ဝံ့သေးဘဲ ပရိတ်တွေ ရွတ်နေရသေးတယ်" ဟု ဦးပဥ္စင်း စန္ဒယော်ကလေးက ပြောလိုက်လေ၏။

"နေစမ်းပါဦး ဘယ်လိုကနေဘယ်လို ပြန်ပြီးရှင်လာတာလဲ" ဟု ဦးဩဘာက မေးပြန်၏။

"တပည့်တော် ပြောရမှာက ဓာတ်လမ်းအရှည်ကြီးဘုရား" ဟု ဘမော်က လျှောက်လိုက်လျှင် ဦးစန္ဒယော်ကလေးက

"ဓာတ်လမ်းရှည်တာက အရေးမကြီးဘူး၊ အော်ပရာ





ကလို့ မဖြစ်တော့ဘူး၊ မြကိန္နရီလဲ ဓာတ်ထဲကထွက်ပြီး သီလရှင်ဝတ်သွားပြီလို့ ကြားရတယ်"

"တပည့်တော် အခု မြကိန္နရီကို လိုက်ရှာနေတာပါဘုရား" ဟု ဘမော်က လျှောက်ထားလိုက်ပြန်၏။

"ဒီလိုလုပ်ပါလားကွ၊ မင်းလဲ တစ်ယောက်တည်း အဖော်မဲ့နေတယ်၊ တို့နဲ့ အဖော်ရသွားအောင် ဘုန်းကြီးဝတ်ပါလား" ဟု ဦးပဥ္စင်း ဦးစန္ဒယော်လေးက ပြောလေ၏။

"မဟုတ်တာကွာ စန္ဒယော်ကလဲ၊ ဒီကောင့်ရုပ်က ဘုန်းကြီးဖြစ်မယ့်ရုပ်မျိုး မဟုတ်ဘူးကွ" ဟု ဦးပဥ္စင်း ဦးဩဘာက ပြောပြန်၏။

"ဒီလိုလုပ်ကွာ၊ မင်းနဲ့လဲ အေးအေးဆေးဆေး စကားပြောရအောင်၊ တို့ကျောင်းကို လိုက်ခဲ့ကွာ၊ ကျောင်းမှာ ကပ္ပိယလုပ်ပြီးနေပေါ့၊ အဲဒီကနေမှ မင်းဟာမင်း မြကိန္နရီကိုပဲ ရှာရှာ၊ မင်းပြောတဲ့ သီသီကိုပဲ ရှာရှာ၊ ကြိုက်တာကို ရှာပေတော့" ဟု ဦးပဥ္စင်းစန္ဒယော်ကလေးက ပြောလေ၏။

"မှန်ပါ့ဘုရား၊ တပည့်တော်လဲ လောလောဆယ် တည်းဖို့မရှိ ဖြစ်နေတုန်း အတော်ပါပဲဘုရား" ဟု ဘမော်က လျှောက်လိုက်ရာ ဦးပဥ္စင်းနှစ်ပါးသည် လွန်စွာသဘောကျ၍ သွားကြပြီးလျှင် ရယ်မောကြလေတော့၏။

ထို့နောက် ဦးပဥ္စင်းနှစ်ပါးသည် ပွဲထဲတွင် ဝန်ကြီးနှစ်ပါးဓာတ်ပန္နကရိုက်သည့် လေသံဖြင့်...

"နာရီဗီဇနာ ခရာမယွင်းရအောင် ကပ္ပိယကို အတင်းဆောင်လို့ ကျောင်းဝိဟာ ရတနာမာန်အောင်သို့ လှမ်းချီကာကြွစေဖို့ ရှာစားရေ...သပိတ်ပိုက်လို့ လိုက်တော်မူစမ်း" ဟု ဆိုကာ

http://obookshelf.blogspot.com



ယင်းတို့၏လက်တွင်းမှ စာအုပ်များကို ဘမော်လက်သို့ ပေးလိုက်သဖြင့် ဘမော်လည်း စာအုပ်များကိုပိုက်၍ လိုက်ခဲ့ရလေတော့၏။

ဦးဝိစာရလမ်းအနီးရှိ ချိုင့်ခွက်နေရာကြီး အတွင်း၌ ဆောက်လုပ်ထားသော ရတနာ့မာန်အောင်ဘုန်းကြီးကျောင်းဆီသို့ ဘမော်အား ဦးပဥ္စင်းနှစ်ပါးက ခေါ်ဆောင်သွားလေ၏။ ထိုကျောင်း၌ ကျောင်းထိုင်ဆရာတော်ကြီးတစ်ပါးနှင့် ကျောင်းသားကလေး နှစ်ယောက်သာလျှင် ရှိပေသည်။ ဦးပဥ္စင်း ဦးဩဘာတို့လည်း ထိုကျောင်း၌ အာဂန္တုအဖြစ် တည်းခိုနေကြခြင်း ဖြစ်၏။

ကျောင်းသို့ ရောက်သည့်အခါ၌ ဘုန်းကြီးများ ဆွမ်းစားပြီးလျှင် ဘမော်သည် ကျောင်းသားကလေးများနှင့်အတူ ထမင်းစားရလေ၏။ ဘမော် ထမင်းစားပြီးသည့်အခါ၌ ဦးပဥ္စင်း ဦးဩဘာက အနီးသို့လာရောက်၍ 'အံသကိုက်'(ခေါ်)ကိုယ်ရုံအောက်တွင် ဝတ်ဆင်ရသော ကိုယ်ကျပ်အင်္ကျီအတွင်းမှ သတ္တုဘူးပြားကလေးကို ဖွင့်၍ စီးကရက်တစ်လိပ်ကို ထုတ်ပြီးလျှင် ဘမော်အား ပေးလိုက်၏။ ထို့နောက် အောက်ပါအတိုင်း ပြောလေ၏။

"ငါတို့နှစ်ပါးက ရန်ကုန်ကို ခဏလာကြတာကွ၊ ဒီကျောင်းမှာ တည်းကြတယ်၊ ဒီရောက်တော့ ဆရာတော်ကြီးက သက်တော်ကလဲ ကြီးပြီမဟုတ်လားကွာ၊ နေထိုင်မကောင်း ဖြစ်နေတာကိုး၊ အဲဒါနဲ့ ငါတို့လဲ မန္တလေးကို ပြန်လို့မဖြစ်ဘဲ ဆရာတော်ကြီးကို ပြုစုဖို့နေရတာပေါ့" ဟု ဦးပဥ္စင်း ဦးဩဘာက ပြောပြလေ၏။ ထို့နောက် စိန်လက်ညှိုးနှင့် ရန်ဖြစ်ပြီး ဇာတ်ထဲက ထွက်လာခဲ့ပုံ၊ နှစ်ယောက်သား တိုင်ပင်၍ ဘုန်းကြီးဝတ်ခဲ့ကြပုံတို့ကို ပြောပြလေ၏။

ဘမော်ကလည်း သမ္ဗာန်မှောက်၍ ရေထဲ မျောသွားခဲ့ပုံ၊ တံငါသည်လင်မယားက ကယ်ဆယ်ထားပုံ၊ ဘုန်းကြီးကျောင်း





သား ဘဝက သိကျွမ်းခဲ့သော ကပ္ပိယကြီးမှာ ဆေးဆရာသူ ဖြစ်နေပုံ ထိုဆေးဆရာကြီး၏ ဆေးဝါးများ အစွမ်းထက်ပုံတို့ကို စီကာပတ်ကုံး လျှောက်လေ၏။

ဘမော်သည် ထိုကျောင်း၌ တစ်ပတ်ခန့် နေပြီးနောက် ရန်ကုန်မြို့တွင်းသို့ ထွက်ကာ ယခင်က သိကျွမ်းခဲ့ဖူးသော စာရေးဆရာများထံ သွားရောက်လည်ပတ်ခဲ့လေ၏။ စာရေးဆရာများကလည်း ဘမော်အား ဝါသနာရှိလျှင် ဝတ္ထုတိုကလေးများမှ အစပြု၍ ရေးသားရန် တိုက်တွန်းလေ၏။ ဘမော်သည် ဘုန်းကြီးကျောင်း၌ နေထိုင်ရင်း ဝတ္ထုတိုကလေးများကို ရေးသား၍ စာရေးဆရာများကို ပြသလေရာ စာရေးဆရာများက 'မဆိုးဘူးကွ၊ မဂ္ဂဇင်းတိုက်ကို ငါတို့ ပို့ပေးမယ်' ဟု ဆိုကာ ပို့ပေးလေ၏။ သို့ကြောင့် ဘမော်၏ဝတ္ထုကလေးများသည် မဂ္ဂဇင်း၌ မကြာခဏ ဆိုသလို ပါ၍လာတတ်လေသည်။

ဘမော်ရောက်ပြီး နှစ်လကျော်ကျော် သုံးလခန့်အကြာတွင် ထိုကျောင်းမှ ဆရာတော်ကြီးသည် ပျံလွန်တော်မူလေတော့၏။ ထိုအခါ၌ ဦးပဥ္စင်း ဦးဩဘာနှင့် ဦးစန္ဒယော်ကလေးတို့သည် ဘုန်းကြီးပျံကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြလေ၏။

ဘုန်းကြီးပျံအတွက် စိန်ဒေါင်းညီနောင်ဆိုင်းကို ငှားရမ်းခဲ့လေ၏။ ဦးပဥ္စင်းနှစ်ပါးသည် ဆိုင်းများ၊ အငြိမ့်များကို ကောင်းစွာ စီစဉ်နိုင်စွမ်း ရှိကြပေ၏။ ဘုန်းကြီးပျံပွဲ ပြီးသောအခါ၌ ထိုကျောင်း၌ ကျောင်းထိုင် ဆရာတော် မရှိမိစပ်ကြား၌ ဦးပဥ္စင်း ဦးဩဘာက ကျောင်းထိုင်ရ လေတော့၏။

ဦးပဥ္စင်း စန္ဒယော်ကလေးကလည်း ဆေးပညာရပ် သင်ရန်အတွက် ဆရာသွေးဆိုသည့် အင်္ဂရိတ်သမားဆေးဆရာကို

http://obookshelf.blogspot.com



ဆွဲ တွေ့အောင် ရှာမည်ဟု ဆိုကာ ဆရာတော် ဦးဩဇာထံ၌ ခွင့်တောင်းကာ ထွက်သွားလေတော့၏။

ဘမော်သည် ဦးပဥ္စင်း ဦးဩဇာထံ၌ သုံးလခန့် နေထိုင်ပြီးလျှင် ဇာတ်အဖွဲ့တစ်ခုခုနှင့် လိုက်ရင်း မြကိန္နရီကို ရှာဖွေမည်ဟု ဆိုကာ အပြီးအပိုင် ထွက်၍လာခဲ့လေ၏။

ဦးပဥ္စင်း ဦးဩဇာကလည်း ဘမော်အား အဝတ်အစားများ ဝယ်ခြမ်း၍ ပေးရုံမျှမကဘဲ ခရီးသွားရန်အတွက် ငွေနှစ်ရာကိုပင် စွန့်ကြဲလိုက်ခဲ့လေတော့၏။

ဘမော်သည် ဇာတ်ဆရာဦးပွကြီး တည်ထောင်သော မြကိန္နရီဇာတ်အဖွဲ့ကို စုံစမ်း၍ လိုက်လံရှာဖွေပါသော်လည်း ထိုဇာတ်မှာ ဇာတ်ခေါင်းကွဲ၍သွားပြီ ဖြစ်ကြောင်း၊ ဇာတ်ကိုလည်း ပြန်၍မထောင်နိုင်တော့ဘဲ တစ်ခါတည်း ပြုတ်၍သွားပြီ ဖြစ်ကြောင်း သိရှိရသဖြင့် ကြုံရာဇာတ်အဖွဲ့နှင့် လိုက်မည်ဟု ဆုံးဖြတ်ကာ၊ တောင်ငူ ရွှေဆံတော်ဘုရားပွဲတွင် တွေ့ရသော 'စိန်မြသာ' ဇာတ်အဖွဲ့၌ တယောသမားအဖြစ်နှင့် လိုက်ပါခဲ့လေတော့၏။

> *ဝိနဲ့ဝါ*၊ နှုတ်မှုပညာကို လည်းကောင်း။ *အထ*၊ ထိုမြို့။ *သိပ္ပံဝါ*၊ လက်မှုပညာကို လည်းကောင်း။ *ခုဒ္ဒေါတိ*၊ ငယ်၏ ဟူ၍။ *နာတိမညေယျ*၊ မအောက်မေ့ရာ။ *ပရိယောဒါတံ*၊ ကုန်စင်အောင် တတ်မှုကား။ *ဧကမ္ပိ*၊ တစ်ခုတည်းသော အတတ်သည်လည်း။ *ဇီဝိတကပ္ပကာရဏံ*၊ အသက်မွေးကြောင်း ဖြစ်လေသတည်း။

❖ ❖ ❖





## ဝက်သားဟင်းအိုး

ဘမော်သည် ဦးပဥ္စင်း ဦးဩဇာတို့၏ကျောင်းမှ ထွက်လာသည့်နေ့မှစ၍ မြကိန္နရီကို မနေမနား ရှာဖွေခဲ့လေသည်။ တစ်ခါတစ်ရံတွင် ဇာတ်အဖွဲ့များ၌ တယောသမားအဖြစ်နှင့် လိုက်ပါရင်း ရောက်ရှိသည့်မြို့တိုင်း မြကိန္နရီ၏သတင်းကို စုံစမ်းလေ၏။ ဇာတ်ထဲတွင်လည်း ခွဲမြဲစွာ နေသည်မဟုတ်။ တစ်ခါတစ်ရံတွင် ဇာတ်ထဲမှထွက်၍ မြကိန္နရီရှိသည်ဟု ကြားသိရသောနေရာများသို့ သွားရောက်ခဲ့လေ၏။

ဘမော်၏ စိတ်သဏ္ဍာန်တွင် မြကိန္နရီအား ရှာဖွေရန်၊ တော့လွဲကလေး လွဲ၍သွားသော သီသီအား ရှာဖွေရန် အကြောင်းအရာများသာလျှင် ထင်ဟပ်၍ နေပေသည်။

ဤသို့နှင့်ပင် ဦးပဥ္စင်း ဦးဩဇာ၏ကျောင်းမှ ထွက်၍လာခဲ့သော အချိန်ကာလသည် သုံးနှစ်နီးပါးခန့်ပင် ရှိပေပြီ။

ဘမော်သည် ပျဉ်းမနားမြို့တွင် ဇာတ်တစ်ဇာတ်နှင့် လိုက်ပါခဲ့ရာမှ ဇာတ်ကန်ထရိုက်တာတစ်ဦးက မန္တလေးမြို့မှ



OBookShelf .blogspot.com

http://obookshelf.blogspot.com



အငြိမ့်အဖွဲ့တစ်ခု၏အကြောင်းကို စကားစပ်မိ၍ ပြောရာတွင် ထိုအငြိမ့်၌ လက်ထောက်မင်းသမီးတစ်လက် ပါကြောင်း၊ ရုပ်က လည်း လှ၍ အကလည်း ညက်ကြောင်း၊ ထိုမင်းသမီး၏နာမည် မှာ မြကိန္နရီဖြစ်ကြောင်း ပြောဆိုလေရာ ဘမော်သည် ချက်ချင်း ဆိုသလိုပင် ကြုံရာမီးရထားဖြင့် မန္တလေးသို့ လိုက်ပါခဲ့ပြီးလျှင် အငြိမ့်အဖွဲ့များသို့ သွားရောက်ကာ မြကိန္နရီအား ရှာဖွေခဲ့လေ၏။

သုံးရက်မြောက်သောနေ့၌ မြမင်္ဂလာ အငြိမ့်အဖွဲ့သို့ ရောက်ရှိခဲ့လေ၏။ မြမင်္ဂလာအငြိမ့်၌ မြကိန္နရီဆိုသည့် မင်းသမီး ရှိမရှိ မေးမြန်းလေရာ ဇာတ်ပိုင်ရှင် ဦးတလုပ်ဆိုသူက 'ရှိပါတယ် မောင်ရင်၊ သမီး မြကိန္နရီရေ...ဟောဒီမှာ မင့်ကိုတွေ့ချင်တဲ့ ဧည့် သည်' ဟု အိမ်နောက်ဖေးဘက်သို့ လှည့်၍ အသံပြုလိုက်လျှင် 'လာပြီ အဖေရေ့' ဟူသော အသံနှင့်အတူ ခုံဖိနပ်ကို တမင်တကာ ရှပ်တိုက်၍စီးသော အသံကို ကြားရ၏။

ထို့နောက် အရပ်မြင့်မြင့် ရင်အုံမောက်မောက် တင်သား ကြီးကာ ခြေဆန့်လက်ဆန့် ဂလန်ဂလားနိုင်လှသော အမျိုးသမီး တစ်ဦး ထွက်၍လာလေ၏။ သူမမှာ အငြိမ့်မင်းသမီးလုပ်ရန် မည် သို့မျှ မသင့်တော်ချေ။ မျက်နှာ၌လည်း မျက်နှာချေများကို ကြည့် မကောင်းအောင် လိမ်းလျက် မျက်ခုံးမွေးကို အပ်ဖျားနှင့် ဆွဲထား သည့်အလား သေးသေးမျှင်မျှင်ကလေး ဆွဲထားသဖြင့် ပြောင် ချော်ချော် ဖြစ်၍နေလေ၏။ ထို့ပြင် သူမ၏မျက်နှာကို ပို၍ ပြောင် ချော်ချော် ဖြစ်စေသည့် ရွှေသွားများကို ဖြီးပြလျက်...

"ဒီက မြကိန္နရီပါပဲရှင်" ဟု ပြောလိုက်လေ၏။

"ခင်ဗျာ"

ဘမော်လည်း ယောင်ရမ်း၍ ခင်ဗျာဟူသော အလန့်တ





ကြား အော်လိုက်နိုင်လေ၏။

"ကျုပ်...ကျုပ်...ကျုပ်က ကျုပ်သိတဲ့ မြကိန္နရီလားလို့ပါ ဗျာ" ဟု ဘမော်က ထစ်ထစ်ငေါ့ငေါ့နှင့် ထိုမိန်းမအား ပြောလိုက် ပြန်ရာ ထိုမိန်းမက တခစ်ခစ်နှင့် ရယ်မောလေ၏။ ထိုဂလန်ဂ လား မိန်းမ၏စိတ်၌ ဖိုသတ္တဝါတစ်ယောက်တော့ ငါ့ရဲ့အလှရူပါ ရုံကြောင့် စကားတွေထစ်၍ အူကြောင်ကြောင် ဖြစ်သွားရရှာပေ သည်ဟု ထင်မှတ်ကာ ဘမော်အား ခြေဆုံးခေါင်းဆုံးကြည့်၍ တခစ်ခစ် ရယ်မောပြန်၏။ ထိုသို့ ရယ်မောပြီးနောက်...

"မြကိန္နရီ၊ မြကိန္နရီနဲ့ ဟိုးလေးတစ်ကျော်ကျော် ဖြစ်နေ လေတော့ စင်ပေါ်မှာ မဟုတ်ဘဲ အပြင်မှာပါ မြင်ဖူးချင်လို့ လာခဲ့ တယ် ဆိုပါတော့ မောင်ကြီး" ဟု ထိုမိန်းမက အထွန့်တက်လိုက် ပြန်၏။

"ခင်ဗျာ...မ...မဟုတ်ပါဘူး၊ ကျုပ်သိတဲ့ မြကိန္နရီမှတ်လို့ လာခဲ့တာပါ"

"ဟီဟိ မောင်ကြီးကလဲ တယ်ပြီး ရှက်တတ်တာကိုး"

"ကျွန်တော် မရှက်တတ်ပါဘူး"

"ဟီဟိ မရှက်တတ်ရင် မျောက်က ကပြပါလား မောင် ကြီး"

ဂလန်ဂလားနိုင်လှသောမိန်းမသည် လူ၏ပုံပန်းသဏ္ဌာန် သာ ဂလန်ဂလားနိုင်လှသည် မဟုတ်၊ အပြောအဆိုကလည်း လွန်စွာရိုင်းစိုင်းပေ၏။ ထို့ထက်ဆိုးရွားသည်မှာ ဘမော်အား သူ ၏ အလှဒဏ်ကို မခံနိုင်ရှာ၍ ကြောင်အအ ဖြစ်နေသည်ဟု လွဲ မှားစွာ ထင်မှတ်နေခြင်းပင် ဖြစ်၏။

ဘမော်သည် အနေရအထိုင်ရ ကျဉ်းကျပ်လာပြီးလျှင်

http://obookshelf.blogspot.com



ထိုမိန်းမအား နှုတ်မျှပင် မဆက်နိုင်တော့ဘဲ အိမ်ထဲမှ ထွက်၍လာလေ၏။ ထိုအခါ၌ ထိုမိန်းမက "အော်..ယောကျ်ားတွေ ယောကျ်ားတွေ၊ အတောင်နှစ်ဆယ်ဝတ် ယောကျ်ားတွေ၊ ငါနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့လိုက်တော့လည်း ယောင်တောင်တောင် ကြောင်တက်တက်၊ မောင်းကျောက်မှန်တဲ့ကြက် ဆိုတာလို ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကုန်တော့တာပါလား ဟီဟိ" ဟု တစ်ကိုယ်တည်း ရေရွတ်သကဲ့သို့ ပြောဆိုလိုက်သောအသံကို ဘမော်သည် အိမ်ပြင်သို့အရောက်၌ ကြားမိလိုက်လေရာ လွန်စွာစိတ်ဆိုး၍ သွားလေတော့၏။ ထို့ကြောင့် ထွီဟု တံတွေးတစ်ချက် ထွေးပြီးလျှင် ဈေးချိုဘက်သို့ ထွက်၍လာခဲ့လေတော့၏။

ဈေးချိုအနီးသို့ ရောက်လျှင် ဆယ့်တစ်နာရီထိုးပြီး ဖြစ်သဖြင့် ဆာလောင်မွတ်သိပ်လျက် ရှိပေရာ ထမင်းဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ရောက်၍ ထမင်းဟင်းများ မှာလိုက်ပြီးလျှင် မြိန်ရှက်စွာ စားသောက်လေတော့၏။ စားသောက်ပြီးလျှင် လက်ဆေးခြင်း၊ လက်သုတ်ခြင်းများ ပြုလုပ်ပြီးနောက် စားပွဲထိုး ချာတိတ်ကလေးအား 'ညီလေး ဘယ်လောက်ကျသလဲ' ဟု မေး၍ ပိုက်ဆံပေးရန် အိတ်ကို နှိုက်လိုက်လေ၏။

"ဘယ်လောက်မှ မကျဘူး၊ အလကား ကျွေးတာ"

ဘမော်သည် ထိုအသံလာရာဆီသို့ လှည့်၍ကြည့်လိုက်လေ၏။ ထိုအသံရှင်က ဘမော်၏ပခုံးကို သိုင်းဖက်လိုက်ပြီးနောက်... "

"ဘမော် ဒီတခါတော့ မငြင်းပါနဲ့ကွာ၊ ငါကျွေးတဲ့ထမင်းကို စားပါ၊ ဒါ ငါ့ဆိုင်ပဲကွ" ဟု ပြောလေ၏။

"ဦးလေး"





"ဟား...ဟား...ငါ့ခွီး၊ မင်းက အစုမှ ငါ့ကို မှတ်မိတယ်၊ ငါက ဆိုင်ထဲကို မင်း စပြီးဝင်လာကတည်းက မှတ်မိတယ်ကွ ဟား...ဟား..."

ဘမော် ငယ်စဉ်ကပင် အချုပ်ခန်းတွင်း၌ တွေ့ခဲ့သော ဘမော် တရုတ်ခေါက်ဆွဲဆိုင်၌ စားပွဲထိုးလုပ်နေစဉ်က ဓားပြလုပ်ရန်အတွက် ပြည်မြို့သို့ မလိမ့်တစ်ပတ်နှင့် ခေါ်သွားခဲ့သော ဦးသိုင်းခေါ်သော လူဆိုးလူတေ ဦးအောင်ကြီး ဖြစ်၍နေတော့၏။ ဦးအောင်ကြီးကား လူဆိုးလူတေကြီး ဖြစ်သကဲ့သို့ လူ့ဂွစာကြီးလည်း ဖြစ်ပေသည်။

စိန်လက်ညှိုးနှင့် ဓာတ်ဆရာ ဦးပေါ်ကြွယ်တို့က ဘမော်ကို မျက်မှန်းကျိုး၍ နိပ်စက်ပေးရန် ဦးအောင်ကြီးထံ၌ ချည်းကပ်ခဲ့စဉ်ကလည်း ဦးအောင်ကြီးနှင့် ဘမော်တို့သည် ဆုံဆည်းခဲ့ကြသေး၏။

"တွေ့ရတာ သိပ်ပြီးဝမ်းသာပါတယ် ဦးလေး၊ ဒါပေမယ့် ကျုပ် တစ်ခါက ပြောသလိုပါပဲ၊ ကျုပ်က လူကောင်း ဦးလေးက လူမိုက်ဆိုတော့ မိုက်ကြေးခွဲလို့ရတဲ့ ပိုက်ဆံနဲ့ ကျုပ်ကိုကျွေးတာဆိုရင် ကျုပ် မစားနိုင်ဘူး" ဟု ဘမော်က ပြောလိုက်လျှင် ဦးအောင်ကြီးက သူ၏ပါးစပ်ကို ဖြဲလျက် အားရပါးရ ရယ်မောလေ၏။

"ဟား...ဟား...ဟား...သိပ်ဟုတ်တဲ့ကောင်၊ ဘမော်... ဘမော် သိပ်ဟုတ်တဲ့ကောင်၊ မင်းကို ငါက ပဲခူးမှာတုန်းက ထမင်းကျွေးခဲ့တယ်၊ အဲဒီတုန်းက ငါဟာ တော်တော် စီးပွားဖြစ်နေပြီကွ၊ ဒါပေမယ့် မင်းရဲ့စကားတစ်ခွန်းကြောင့် ငါဟာ အဲဒီအလုပ်ကို တခါတည်း စွန့်ပစ်ခဲ့တယ်၊ မိုက်ဓာတ်သိမ်းခဲ့တယ် ဘမော်၊ မင်းက အဲဒီတုန်းက ပြောခဲ့တယ်လေ၊ ခင်ဗျားရှာထားတဲ့ ပိုက်ဆံဟာ

http://obookshelf.blogspot.com



မတရားလုပ်ပြီး ရှာထားတဲ့ပိုက်ဆံ ဖြစ်တယ်၊ ကျုပ်က ခင်ဗျား ကျွေးတာစားရင် ခင်ဗျား မတရားလုပ်တာကို ထောက်ခံအားပေးသလို ဖြစ်နေမယ်ဆိုတဲ့စကားဟာ ငါ့ရဲ့အသည်းနှလုံးကို ဓားနဲ့ ဆွလိုက်သလို ခံစားလိုက်ရတယ် ဘမော်"

"အဲဒါ အမှန်ပြောတာပဲ ဦးလေး"

"ပြီးတော့ မင်းက ပြောတယ်လေ၊ ခင်ဗျား လူကောင်းဖြစ်လာတဲ့ တစ်နေ့မှာ ထမင်းကြမ်းခဲကလေးတစ်ခဲပဲ ဖြစ်စမ်းပါစေ၊ ခင်ဗျားနဲ့ကျုပ်နဲ့ အတူတူစားမယ်တဲ့၊ အဲဒီစကားဟာ ငါ့ရဲ့ ဦးနှောက်ကို တံခါးခေါက်လိုက်တဲ့ စကားပဲ ဘမော်၊ လူတွေဟာ အပေါ်ယံကိုပဲ ကြည့်ပြီး ဆုံးဖြတ်လေ့ ရှိကြတယ်ကွ၊ ချမ်းသာတဲ့ လူဆိုရင် ချမ်းသာတဲ့အတွက် ဦးညွှတ်ကြတယ်၊ ဦးမညွှတ်တဲ့တိုင်အောင် ဒီလူဟာ သိပ်ပြီးချမ်းသာတယ်၊ တကယ့် ပဂေးကြီးပဲလို့ ထင်တတ်ကြတယ်၊ အားလဲကျတတ်တယ်၊ ဘယ်လိုနည်းနဲ့ ချမ်းသာလာတယ်ဆိုတာတော့ မစဉ်းစားတော့ဘူး၊ လူတွေအပေါ်မှာ မတရားလုပ်ပြီး ချမ်းသာလာတာလား၊ မျက်ရည်ပေါက်ကြီးငယ်ကျအောင်လုပ်ပြီး ချမ်းသာလာတာလား ဆိုတာလည်း မစဉ်းစားတော့ဘူး၊ မိန်းမထိမ်းတစ်ယောက် ချမ်းသာတာကို တွေ့ပြီး အားကျနေရင်၊ ဒါမှမဟုတ် သူ့ရဲ့ချမ်းသာမှုကို အသိအမှတ်ပြုနေရင် မိန်းမထိမ်းအလုပ်ကို တစ်နည်းတစ်ဖုံအားဖြင့် အားပေးအားမြှောက် ပြုတာ မည်တယ်၊ ချမ်းသာရင်ပြီးရော၊ ဓားပြပဲလုပ်လုပ်၊ မိန်းမထိန်းပဲလုပ်လုပ်၊ ချမ်းသာရင် ကျုပ်တို့ကတော့ လေးစားမှာပဲ၊ အသိအမှတ်ပြုမှာပဲ၊ အထင်ကြီးမှာပဲ၊ အားကျမှာပဲဆိုတဲ့ လူတွေကြောင့် လူ့လောကကြီးရဲ့တာဝန်ဟာ ပျက်စီးသွားတယ်၊ ဘယ်လိုနည်းနဲ့ ချမ်းသာချမ်းသာ ဘယ်လိုနည်းနဲ့ ကြီးပွားကြီးပွား





ကြီးပွားရင် ပြီးတာပဲ၊ ချမ်းသာရင် ပြီးတာပဲဆိုပြီး မတရားမှုတွေကို လက်တွေ့ ထပြီးလုပ်တဲ့လူတွေကြောင့် ကျန်တဲ့လူ့လောကကြီးရဲ့ တာဝန်ဟာ ပျက်စီးသွားရပြန်တယ်ကွ၊ ရိုးရိုးသားသား ရှာဖွေလို့ရတဲ့ ထမင်းကြမ်းခဲကလေးတစ်ခဲကို မတရားရှာဖွေလို့ရတဲ့ လူ့ဂုဏ်သိက္ခာတွေ အပျက်အစီးခံပြီး ရှာဖွေလို့ရတဲ့ စကြာဝတေးမင်းရဲ့ ပွဲတော်အုပ်နဲ့ မလဲနိုင်ဘူး၊ တရားသဖြင့် ရှာဖွေလို့ရတဲ့ ထမင်းကြမ်းခဲကလေးက တန်ဖိုးရှိတယ်၊ လေးနက်တယ်၊ လူ့ဘဝရဲ့ အနှစ်သာရလဲ ဖြစ်တယ်၊ သစ္စာတရားလဲ ဖြစ်တယ်လို့ ငါ့ရဲ့ အသိဉာဏ်က လက်ခံလိုက်တဲ့အချိန်မှာပဲ ငါဟာ မတရားမှုတွေကို စွန့်လွှတ်လိုက်တယ် ဘမော်"

"ကောင်းတယ် ဦးလေး"

"ဟား...ဟား...ဟား...ကောင်းတယ်ဆိုတာ ပါဠိလိုဆိုရင် သာဓုပဲကွ၊ မင်းက ငါ့ကို သာဓုခေါ်ပြီပေါ့"

"နေစမ်းပါဦး ဦးလေး၊ လူမိုက်လုပ်ပြီး ရှာဖွေထားတဲ့ငွေနဲ့ အရင်းအနှီးလုပ်ပြီး ထမင်းဆိုင် ထောင်ရင်လဲ သာဓု မခေါ်နိုင်သေးဘူး၊ ထမင်းဆိုင်ရဲ့ အရင်းငွေဟာ မတရားမှုတွေ ပါနေသေးတယ် မဟုတ်လား"

"ဟား...ဟား...ငါသိပါတယ်ကွ၊ လူမိုက်ဘဝကို စွန့်လွှတ်လိုက်တဲ့နေ့မှာ မိုက်တုန်းက ရှာဖွေထားတဲ့ ပစ္စည်းတွေကိုပါ စွန့်လွှတ်ခဲ့ပါတယ်ကွ၊ ပြီးတော့မှ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဒီမြို့ကို ရောက်လာပြီး ဒီဆိုင်မှာ ပန်းကန်ဆေး ဝင်လုပ်တာကွ၊ ပန်းကန်ဆေး လုပ်ရာကနေ ဒီဆိုင်ကမိန်းမနဲ့ ညားတာ၊ ဟိုမှာ ငါ့မိန်းမ 'လာပြီ" ဟု ဆိုကာ မြင်းလှည်းပေါ်မှ ဆင်း၍လာသော မိန်းမကို ညွှန်ပြလိုက်လျှင် ဘမော်လည်း လှမ်း၍ကြည့်လိုက်လေ



OBookShelf blogspot.com

http://obookshelf.blogspot.com



၏။

ဘမော်သည် မည်သည့်စကားက စ၍ပြောရမှန်းမသိ အောင်ပင် ကြက်သေသေ၍ သွားလေ၏။ ထိုမိန်းမမှာ တစ်ခါက ဘမော် အလုပ်လုပ်ခဲ့သော ထမင်းဆိုင်မှ ဆိုင်ရှင်အပျိုကြီး ဒေါ်သိန်းယဉ် ဖြစ်ပေသည်။

"သူ့ဆိုင်က အရင်က ဒီမှာမဟုတ်ဘူးကွ၊ ဟိုဘက်ထိပ်မှာ၊ ဆိုင်က ရောင်းကောင်းပြီး စီးပွားတက်လာလို့ ဒီနေရာကို ဝယ်လိုက်တာ၊ သူ့ဆိုင်က တခြားဆိုင်ထက်သာတဲ့ အချက်တစ်ချက် ရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ဝက်သားဟင်းပဲကွ"

"ဝက်သားဟင်းက သိပ်ပြီးကောင်းတာကွ၊ သူနဲ့ငါနဲ့ ညားတာလဲ ဝက်သားဟင်းကြောင့်ပဲကွ"

"ဒီလိုကွ၊ သူ့အိမ်မှာ ငါက ဝက်သားဟင်း လိုက်ပြီးချက်ပေးရတဲ့ညက စတာပေါ့ကွာ၊ ငါ့ကို ဝက်သားဟင်းအိုး ကြည့်ခိုင်းပြီး သူကတော့ အိမ်ပေါ်မှာ တက်ပြီးအိပ်နေတယ်၊ ငါ့ကိုလဲ ကိုအောင်ကြီး ဝက်သားအိုးနူးရင် ကြက်သွန်ထည့်ရမယ်လို့ မှာသွားတယ်၊ ဝက်သားလဲနူးရော ကြက်သွန်ထည့်မယ်လို့ဆိုပြီး ရှာလိုက်ရတာကွာ၊ မီးဖိုချောင်တစ်ခုလုံး ပြောင်းဆန်နေတာပဲဟေ့၊ ဘယ်မှာမှ ကြက်သွန် မတွေ့ဘူး၊ ဒါနဲ့ ငါလဲ ကြက်သွန် ဘယ်မှာထားသလဲလို့ မေးမယ်ဆိုပြီး အိမ်ပေါ်တက်ပြီး သူ့အခန်းထဲကို ဝင်သွားတာ၊ ဟား...ဟား...ဟား၊ အဲဒီမှာ သူနဲ့ငါနဲ့ အကြောင်းပါကြတော့တာပါပဲကွာ"

ဘမော်သည် ဦးအောင်ကြီး ပြောသည်ကို နားထောင်ရင်း အံ့အားသင့်လွန်းသဖြင့် ပါးစပ်ပင် ဟ၍သွားလေ၏။

"မိန်းမဟူသည်၊ သွေးမြူဆောင်ပတ်၊ လှည့်ဖြားတတ်၏





လို့ မဃဒေဝလင်္ကာမှာ ဆိုထားတယ်ကွ၊ လှည့်ဖြားချင်တဲ့ မသိန်းယဉ်နဲ့ ငါလို အလှည့်ဖြားခံချင်တဲ့ကောင်နဲ့ တွေ့တော့ 'အံဝင်ခွင်ကျ' ဆိုတဲ့ ငါပြောနေကျ စကားအတိုင်းပေါ့ကွာ၊ ဟား...ဟား...ဟား"

ဦးအောင်ကြီးသည် သူ၏စကားကို သူ့ဘာသာ သဘောကျလျက် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

"အပျိုကြီး မသိန်းယဉ် ထမင်းဆိုင်မှာ ဝက်သားဟင်းက သိပ်ပြီး နာမည်ကြီးတာကွ၊ ဒီဆိုင်မှာ လာပြီးစားတဲ့လူတွေက ဝက်သားဟင်းကောင်းလို့ လာပြီးစားနေကြတာ၊ ဝက်သားဟင်းဆိုတာက မီးဖိုပေါ်မှာ ကြာကြာပစ်ထားလေ ကောင်းလေကွ၊ မသိန်းယဉ်ကလဲ ဝက်သားအိုး မီးပေါ်ရောက်ရင် အိပ်တော့တာပဲဟေ့၊ အိပ်ရာကနိုးမှကို ဝက်သားအိုးကို ကြက်သွန်ထည့်ပြီး အောက်ချတော့တာ၊ ဟဲ...ဟဲ အခု ငါနဲ့ အိမ်ထောင်ကျတော့လဲ ဝက်သားအိုးကို မီးပေါ်မှာ တင်ပြီးမှ တို့လင်မယား အိပ်ကြတာကွ၊ တို့လင်မယား တရေးနိုးလို့ ဆေးလိပ်တွေဘာတွေ ထပြီးသောက်မှပဲ ဝက်သားအိုးက ဖိုပေါ်က ဆင်းရရှာတယ်၊ ဒီတော့ ဝက်သားတွေဟာ နူးချင်တိုင်းနူးပြီး အိချင်တိုင်းအိနေတော့ စားလို့ကောင်းတာပေါ့ကွ၊ အဲဒါ ဝက်သားဟင်းချက်နည်း စနစ်မှန်ပဲကွ၊ ဟား...ဟား...ဟား၊ အဲဒါလဲ အံဝင်ခွင်ကျဖြစ်တဲ့ သဘောပဲကွ"

ထိုအချိန်၌ ဒေါ်သိန်းယဉ်လည်း ဘမော်အနီးသို့ ရောက်လာပြီးလျှင် လက်တွင်းမှ ဈေးခြင်းတောင်းကို စားပွဲခုံပေါ်သို့ တင်၍ ဦးအောင်ကြီးအား...

"အစ်ကိုကြီး ဝက်သားတော့ ဝယ်ခဲ့ပြီ၊ အခေါက်ထူထူ ဝယ်ခဲ့တယ်၊ အခေါက်ပါးရင် အနူးမြန်တယ် မဟုတ်လား၊ အ

http://obookshelf.blogspot.com



ခေါက်ထူထူဆိုတော့ မိုးလင်းတဲ့အထိ ဗိုက်ပေါ်မှာထားလိုက်ရင် အတော်ပဲ၊ လူတွေလဲနိုး၊ ဝက်သားလဲနူး" ဟု ပြောလိုက်လေ၏။

"အသိန်း...ဟော့ဒီကောင်ဟာ အစ်ကိုကြီးရဲ့မိတ်ဆွေပေါ့" ဟု ဦးအောင်ကြီးက ဘမော်ကို ညွှန်ပြ၍ ပြောလိုက်လျှင် ဒေါ်သိန်းယဉ်က ဘမော်အား သေချာစွာကြည့်၍ မှတ်မိသွားသော်လည်း မမှတ်မိချင်ဟန်ပြုလျက် 'ထမင်းစားပြီးပြီလား' ဟု မေးလိုက်လေ၏။ ဘမော် မဖြေမီ၌ပင် ဦးအောင်ကြီးက...

"တို့ချက်တဲ့ ဝက်သားဟင်းနဲ့ ကျွေးပြီးပါပြီ" ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ဒေါ်သိန်းယဉ်လည်း ဦးအောင်ကြီး၏ ဗိုက်ခေါက်ကို ဆွဲလိမ်၍ ဈေးခြင်းတောင်းကို ယူကာ ဆိုင်နောက်ဖေးသို့ ဝင်၍သွားလေ၏။

"မသိန်းယဉ်က မင်းကို မမှတ်မိချင်သလို လုပ်သွားတယ်ကွ၊ အမှန်က မင်းလဲ ဒီဆိုင်မှာ ဝက်သားဟင်း ချက်ဖူးတာပဲ၊ ချက်ဖူးလို့ အချုပ်တောင် ရောက်ခဲ့သေးတယ် မဟုတ်လား" ဟု ဦးအောင်ကြီးက ပြောလိုက်ရာ ဘမော်သည် မျက်နှာ မထားတတ်အောင် ဖြစ်၍သွားလေ၏။ ရှက်လည်း လွန်စွာရှက်၍သွားလေ၏။

"ဟဲ...ဟဲ ဒါတွေ ငါက အကုန်သိပြီးသားပဲကွ၊ မိန်းမတွေရဲ့ သဘောကို ပြောချင်လို့ပါ၊ မိန်းမတွေက လိမ်တတ်တယ်ကွ၊ ငါတို့ယောကျ်ားတွေကလဲ အလိမ်ခံချင်ကြတယ်၊ ဒီတော့ အံဝင်ခွင်ကျ ဖြစ်ကုန်တော့တာပေါ့ကွာ၊ ဟော့ကောင် ဘမော် အခု ဘာတွေ လုပ်နေသလဲ" ဟု ဦးအောင်ကြီးက သူ၏စကားအဆုံး၌ မေးခွန်းထုတ်လိုက်လေ၏။

"လောလောဆယ်တော့ လူပျောက်ရှာနေတာပဲ ဦးလေး"

"နပ်ဈေးတွဲလောင်း အရှယ်တုန်းက တွေ့ခဲ့တဲ့ သီသီဆိုတဲ့ မိန်းကလေးကိုလား"

"ဦးလေးက ကျုပ်ပြောခဲ့တဲ့ စကားလုံးတွေအားလုံး မှတ်မိနေတာကိုး၊ ဒီလို ဦးလေးရဲ့၊ အခု ကျုပ်ရှာနေတာ မြကိန္နရီကိုပါ"

"ဘယ်လိုလဲကွ၊ သီသီကို မရှာတော့ဘူးလား"

"မြကိန္နရီကို ရှာနေတာ၊ ပြီးမှ သီသီကို ရှာမယ်"

"သေသေချာချာ ရှင်းပြစမ်းပါဦးကွ၊ ငါတော့ နားမရှင်းဘူး" ဟု ဦးအောင်ကြီးက ပြောလေ၏။ ထို့ကြောင့် ဘမော်သည် မိမိဖြစ်ပျက်ခဲ့သမျှတို့ကို ဦးအောင်ကြီးအား ရှင်းပြလေ၏။ ဦးအောင်ကြီးသည် ဆေးပြင်းလိပ်ကို ခဲလျက် ဘမော်ပြောပြသည်ကို နားထောင်လေ၏။ အလုံးစုံ နားထောင်ပြီးသည့်အချိန်၌ ဦးအောင်ကြီးက ဘမော်ကို အောက်ပါအတိုင်း မေးလေ၏။

"မြကိန္နရီကို ရှာတာက ဟုတ်ပါပြီ၊ တွေ့ရင် ဘာလုပ်မှာလဲ၊ သူ့ကို ယူမှာလား" ဟု ဦးအောင်ကြီးက မေးလေ၏။

"မဟုတ်ဘူး ဦးလေး၊ မြကိန္နရီကို ရှာနေတာက မြကိန္နရီကို ယူမလို့ မဟုတ်ပါဘူး၊ ကျွန်တော် ယူမှာက သီသီ...သီသီ" ဟု ဘမော်က စိတ်အားထက်သန်စွာ ပြောလေ၏။

"ဟား...ဟား၊ ယောကျ်ားဆိုတာ ကိုယ်ချစ်တဲ့သူနဲ့ လွဲသွားရင် လူပျိုကြီး ဖြစ်သွားတတ်တယ်၊ မိန်းမဆိုတာကတော့ ကိုယ်ချစ်တဲ့သူနဲ့ လွဲသွားရင် မြန်မြန်အိမ်ထောင်ပြုတော့တာပဲကွ" ဟု လူကြီးက ပြောကာ ရယ်မောလေ၏။

"ဦးလေးက ဘာဆိုလိုချင်တာလဲ" ဟု ဘမော်က မချင့်မရဲ လေသံဖြင့် မေးလေ၏။

"ငါ့အနေနဲ့ မင်းကို အားမနာတမ်း ပြောရရင်" ဟု စကားစလိုက်လေသည်။

http://obookshelf.blogspot.com



"ပြောပါ ဦးလေး" ဟု ဘမော်က ခွင့်ပြုလိုက်လေ၏။

"မင်းဟာ သီသီနဲ့ ဘယ်နည်းနဲ့မှ မညားနိုင်ဘူး" ဟု လူကြီးက ဆိုလေ၏။

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲ မမေးနဲ့၊ ညားကိုမညားဘူး၊ သီသီဟာ အခုလောက်ဆိုရင် အိမ်ထောင်ကျနေလောက်ပြီကွ"

"မဟုတ်တာပဲ ဦးလေးရယ်"

"ဟုတ်ပါတယ်ကွ၊ မိန်းမရတာရယ်၊ ကြိုးဆွဲချသေတာရယ်က သဘောချင်း အတူတူပဲကွ၊ ဘဝက အထုံပါရမီ ပါခဲ့မှ ဖြစ်တာမျိုး၊ ဟား...ဟား"

"ကြံကြံဖန်ဖန် ဦးလေးရယ်"

"ယောကျ်ားတစ်ယောက်အဖို့ အခြား ဘာမှမတတ်ချင်နေပါစေ၊ အိမ်ထောင်ပြုတတ်တဲ့ ပညာတော့ တတ်မှဖြစ်မယ်၊ အဲဒီပညာမတတ်တဲ့ ယောကျ်ားဟာ လူ့အောက်သူ့အောက် ကျပြီးသားပဲ၊ ကဲ...ကဲ ဒါကြောင့် အိမ်ထောင်ရေးဆိုတာ စိတ်ကူးယဉ်ရမယ့်အလုပ် မဟုတ်ဘူးကွ၊ လက်တွေ့ကျင့်သုံးရမယ့် အလုပ်မျိုးဖြစ်တယ်၊ ဒီတော့ လက်တွေ့ဖြစ်နိုင်တာက မြကိန္နရီ မဟုတ်လား၊ မြကိန္နရီကိုသာ ယူလိုက်ပါကွာ" ဟု လူကြီးက ဘမော်အား ပြောလေ၏။

ထိုအချိန်၌ ဆိုင်ရှေ့ရှိ ကားလမ်းပေါ်တွင် ဘတ်စ်ကားတစ်စီး ရပ်၍ထားလေ၏။ လူတစ်ယောက်သည် ထိုဘတ်စ်ကားပေါ်သို့ တက်မည်လုပ်ပြီးမှ မတက်ဘဲ အရှိန်အနည်းငယ်နှင့် မောင်းနှင်၍သွားသော ဘတ်စ်ကားဆီသို့ ပြေး၍လိုက်လေ၏။ လိုက်၍မီသောအခါ၌ လက်ကိုင်ကို ဆွဲကိုင်၍ ခုန်တက်လေရာ





ကားပေါ်သို့ မရောက်ဘဲ ခြေချော်၍ ကျသွားလေတော့၏။ ထိုအခြင်းအရာကို ဘမော်ရော လူကြီးပါ တွေ့မြင်ကြရပေသည်။

"ဘမော်ရေ မိန်းမယူတယ်ဆိုတာ အဲဒီလိုပဲကွ" ဟု လူကြီးက ဆိုလေ၏။

"ဘယ်လိုလဲ ဦးလေး" ဟု ဘမော်က မေးလေ၏။

"ရပ်ထားတဲ့ဘတ်စ်ကားကို စီးတာဟာ အန္တရာယ်အကင်းဆုံးပဲ၊ မောင်းနေတဲ့ ဘတ်စ်ကားကို ပြေးလိုက်ရတာက မောလဲမောတယ်၊ စိတ်လဲ မချရဘူး၊ မိန်းမယူတာလဲ ဒီလိုပဲ၊ ကျိန်းမသေတာကို တမ်းတမ်းစွဲဖြစ်ပြီး လိုက်နေတာဟာ၊ မောင်းနေတဲ့ ဘတ်စ်ကားကို ပြေးလိုက်ရသလိုပဲ ဖြစ်နေလိမ့်မယ်ကွ" ဟု လူကြီးက ပြောလေ၏။

"ဦးလေး ပြောနေတာက အချစ်ဆိုတာ မပါဘူး၊ မိန်းမယူတာကိုပဲ ဦးစားပေးပြီး ပြောနေတာကိုး" ဟု ဘမော်က ပြောလေ၏။

"အချစ်ဆိုတာ ဘာကိုပြောတာလဲ ဘမော်၊ တကယ်တော့ အချစ်ဆိုတာဟာ တည်မြဲတဲ့အရာ မဟုတ်ဘူးကွ၊ အချစ်ဆိုတဲ့ တရားဟာ ဟောင်းနွမ်းဆွေးမြေ့နိုင်တဲ့အရာ ဖြစ်တယ်ကွ၊ အဲဒီလို အချစ်တွေ ဟောင်းသွားရင် အဲဒီနေရာမှာ အချစ်သစ်တွေက နေရာယူလာတယ်၊ အတိုဆုံး မှတ်ထားဖို့ကတော့ အချစ်ဆိုတာ တသမတ်တည်း မရှိဘူး၊ အချစ်ဟာ ဟောင်းနွမ်းကုန်ဆုံးနိုင်တယ်၊ အဲဒီလို ကုန်ဆုံးရင် အချစ်သစ်တွေက အစားထိုးလာတယ်၊ အဲ အချစ်ဟောင်းတွေ ကုန်ဆုံးပြီး အချစ်သစ်တွေ အစားထိုးနေရာယူလာတယ်ပေါ့ကွာ၊ ဟဲ...ဟဲ...ဒီတော့ သီသီဆိုတဲ့ အချစ်ဟာ ဟောင်းနွမ်းကုန်ဆုံးသွားမှာပါ ဘမော်" ဟု လူကြီးက ပြော



OBookShelf.blogspot.com

http://obookshelf.blogspot.com



လေ၏။

လူကြီး၏စကားကို ဘမော်က လက်မခံပေ။ ဦးခေါင်းကို တွင်တွင်ကြီး ခါယမ်း၍ ကန့်ကွက်လေ၏။

"ဟား...ဟား...ဟား...မင်းက အခုအချိန်မှာတော့ ငါပြောတာကို လက်ခံဦးမှာ မဟုတ်ပါဘူးကွာ၊ ဒါပေမယ့် နောင်တစ်ချိန်မှာ လက်ခံလာပါလိမ့်မယ်" ဟု လူကြီးက ပြောလေ၏။

ဘမော်သည် လူကြီးအား နှုတ်ဆက်၍ ထိုဆိုင်မှ ထွက်ခွာခဲ့လေ၏။ ဘမော်မှာမူ မြကိန္နရီကို ရှာ၍မတွေ့ရသေးသောကြောင့် စိတ်မကောင်း ဖြစ်မိသော်လည်း ဦးအောင်ကြီးနှင့် ပြန်လည်၍ တွေ့ဆုံရသောကြောင့် ဝမ်းသာရလေ၏။ ထို့ထက်ပို၍ ဝမ်းသာရသည်ကား ဦးအောင်ကြီးတစ်ယောက် လူကောင်းဖြစ်၍ သွားသောကြောင့်ပေတည်း။

**ယောဇာလော၊** အကြင်သူမိုက်သည်။ **ဇာလျံ၊** မိမိ မိုက်သော အဖြစ်ကို။ **မညတိ၊** သိ၏။ **တေန၊** ထိုသို့သိခြင်းကြောင့်။ **သောဝါပိ၊** ထိုသို့မိုက်သောသူ ဖြစ်လျက်လည်း။ **ပဏ္ဍိတော၊** ပညာရှိမည်၏။ **ယောဇာလော၊** အကြင်သူမိုက်သည်ကား။ **ဇာလော၀၊** မိုက်လျက်လျှင်။ **ပဏ္ဍိတမာနီ၊** မိမိကိုယ်ကို ပညာရှိဟု ထင်၏။ **သ–သော၊** ထိုသူကို သာလျှင်။ **ဝေ၊** စင်စစ်။ **ဇာလောတိ၊** သူမိုက်ဟူ၍။ **ဝုစ္စတိ၊** ဆိုအပ်၏။

❖ ❖ ❖





တပေါင်းလသို့ ရောက်သောအခါ၌ ရွှေတိဂုံဘုရားပွဲ၌ အငြိမ့်များ၊ ဇာတ်များ စည်ကားစွာ ကပြလျက်ရှိရာ ဘမော်လည်း ဇာတ်အဖွဲ့တစ်ဖွဲ့၌ တယောထိုးရန်အတွက် ဘုရားပွဲဆီသို့ လာလေ၏။

လက်ထဲတွင်လည်း တယောသေတ္တာကလေးကိုဆွဲလျက် အဝတ်အစားထည့်ထားသော လွယ်အိတ်တစ်လုံးကိုလည်း ပခုံး၌ လွယ်ကာ ကန်တော်ကြီးလမ်းအတိုင်း လျှောက်၍လာရာ တိရစ္ဆာန်ရုံအနီးသို့ ရောက်လျှင် မော်တော်ကားအနက်ကလေးတစ်စီးသည် ဘမော်အနီးသို့ လာ၍ရပ်ပြီးလျှင် ကားပေါ်မှ လူတစ်ယောက် ဆင်း၍လာလေ၏။

ဘမော်သည် ထိုလူကို ကောင်းစွာ ကြည့်ပြီးနောက် ကောင်းစွာ မှတ်မိ၍သွားကာ...

"(   )...အစ်ကိုပါလား" ဟု အံ့အားသင့်စွာ နှုတ်ဆက်လေ၏။

ထိုသူမှာ ဘမော်အား ဂီတပညာကို သင်ပေးခဲ့ဖူးသော မအူပင်မြို့မှ ကောလိပ်ကျောင်းသားကြီး ဖြစ်ပေသည်။ ထိုအချိန်၌ ကားပေါ်မှ အမျိုးသမီးတစ်ဦး ဆင်း၍လာလေ၏။

"ဟာ...အစ်မကြီး စက္ကဝက်ကြည်ပါလား" ဟု ဘမော်က နှုတ်ဆက်ပြန်၏။

"မင်းကတော့ ငါတို့ကို မေ့နေပြီပေါ့" ဟု စက္ကဝက်ကြည်က ပြောလေ၏။

"မဟုတ်ပါဘူး အစ်မကြီးရယ်၊ သတိရပါတယ်" ဟု ဘမော်က ပြန်၍ပြောလေ၏။

"ငါတို့ အခု ရန်ကုန်ကို ရောက်နေပြီကွ၊ ငါ့ညီရဲ့သတင်း

http://obookshelf.blogspot.com



တွေလဲ ကြားပါတယ်ကွာ၊ ဇာတ်သဘင်လောကမှာတော့ အောင်မြင်တဲ့ ဒါရိုက်တာတစ်ယောက် ဖြစ်နေပြီပဲ၊ အစ်ကိုဖြင့် သိပ်ပြီး ဝမ်းသာပါတယ်ကွာ" ဟု ကောလိပ်ကျောင်းသားကြီးက ပြောလေ၏။

"ဒီလိုအောင်မြင်တာလဲ အစ်ကိုကြီးရဲ့ ကျေးဇူးတွေပါပဲ" ဟု ဘမော်က နှိမ့်ချစွာ ပြောဆိုလေ၏။

"မမတို့ကလဲ ရန်ကုန်ရောက်ကတည်းက မင်းရဲ့သတင်းကို စုံစမ်းနေတာပဲ၊ စုံစမ်းရတဲ့အကြောင်းက မမတို့ ဇာတ်ထောင်မလို့ကွယ့်၊ မင်းရဲ့အကူအညီတွေ အများကြီးလိုတယ်" ဟု စက္ကဝက်ကြည်က ပြောလေ၏။

"အိုကွယ်...ကြည်ကလဲ မောင်ဘမော်ကိုလဲ မေးပါဦး၊ အခု ဘယ်သူ့ဇာတ်မှာ အလုပ်လုပ်နေသလဲ၊ ကိုယ်တို့နဲ့ လုပ်ချင်တဲ့ ဆန္ဒကော ရှိရဲ့လားဘာလား မေးပါဦးကွယ်၊ သဘင်ပညာသည်ဆိုတာက မာနရှိတယ်ကွယ့်၊ သူတို့ကျေနပ်ရင် တစ်ပြားမှမရလဲ အလုပ်လုပ်ပေးနိုင်ပေမယ့် သူတို့ မလုပ်ချင်ဘူးဆိုရင် ငွေနဲ့လဲ ခိုင်းလို့မရဘူး၊ အာဏာနဲ့လဲ ခိုင်းလို့မရဘူးကွယ့်၊ ကြည်လည်း သဘင်သည် တစ်ယောက်ပဲ မဟုတ်လားကွယ့်" ဟု ကောလိပ်ကျောင်းသားကြီးက ပြောလေ၏။

"မောင်ဘမော်ကတော့ ကြည်တို့နဲ့ အလုပ်မလုပ်နိုင်စရာ ဘာရှိလဲ မောင်ရယ်" ဟု စက္ကဝက်ကြည်က ပြောပြန်လေ၏။

"အခု ဘယ်ကိုသွားမလို့လဲ မောင်ဘမော်" ကောလိပ်ကျောင်းသားကြီးက မေးရာ ဘမော်က ဆေးပေါ့လိပ်ကို ထုတ်၍ မီးညှိလိုက်ပြီးလျှင်...

"လောလောဆယ် ဘယ်ဇာတ်မှာမှ မလုပ်သေးပါဘူး၊





ဒါပေမယ့် ရွှေတိဂုံဘုရားပွဲက စပြီး တစ်ဇာတ်ဇာတ်နဲ့ လိုက်ရမလားလို့ ထွက်လာခဲ့တာပါပဲ အစ်ကို" ဟု ပြန်၍ပြောလိုက်လေ၏။

"ဒီလိုဆိုရင် တခြားဇာတ်နဲ့ လုပ်မယ့်အတူတူတော့ ငါတို့နဲ့ လုပ်ကွာ၊ ဇာတ်ကို မင်းစိတ်ကြိုက် စီစဉ်ပါ၊ အိုကွာ အလုပ်ကိစ္စ အသေးစိတ်ကို ပြောရအောင် အိမ်ကို လိုက်ခဲ့ပါကွာ"

"ဟုတ်ပါတယ် မောင်ဘမော်၊ မမတို့နဲ့ လိုက်ခဲ့ပါကွယ်" ဟု စက္ကဝက်ကြည်က ဝင်၍ပြောလေ၏။

ဘမော်လည်း တခြားသောဇာတ်၌ လိုက်ပါရခြင်းထက် မိမိအား ဂီတပညာသင်ပေးခဲ့သောဆရာ၏ဇာတ်၌ လိုက်ရခြင်းက ပို၍ကောင်းပေမည်ဟု သဘောပေါက်လေ၏။ ထို့ပြင် စက္ကဝက်ကြည်မှာလည်း မိမိနှင့် ခင်မင်ရင်းနှီးပြီးသား ဖြစ်၏။ ကောလိပ်ကျောင်းသားကြီးနှင့် စက္ကဝက်ကြည်တို့၏ အချစ်ဇာတ်လမ်း၌ မိမိသည် မြားနတ်မောင် လုပ်ပေးခဲ့ရသည်ကိုပင် ပြန်၍ သတိရမိလေ၏။

"လိုက်မယ်လေ အစ်ကို" ဟု ဘမော်က ပြောလိုက်လျှင် ကောလိပ်ကျောင်းသားကြီးက ကားတံခါးကို ဖွင့်၍ပေးလေ၏။ ဘမော်လည်း ကားပေါ်တက်လေ၏။ ကောလိပ်ကျောင်းသားကြီးက ကားမောင်း၍ ဘမော့်က ဘေးမှထိုင်လေ၏။ စက္ကဝက်ကြည်ကမူ နောက်ပိုင်းတွင် ထိုင်လေ၏။

"မောင်ရေ...ကြည်တို့ ဇာတ်ထောင်မယ့် အလုပ်ကတော့ အဆင်ပြေပါလိမ့်မယ်၊ မောင်ဘမော်နဲ့လဲ တွေ့ပြီပဲ" ဟု စက္ကဝက်ကြည်က ပြောလေ၏။

"ဒီလိုကွာ မောင်ဘမော်ရယ်၊ အစ်ကိုက အမွေတွေ ရပြီးကတည်းက ရန်ကုန်မြို့ထဲမှာ တူရိယာပစ္စည်းဆိုင် ဖွင့်ထားတယ်

http://obookshelf.blogspot.com



ကွ၊ ဝင်ငွေကောင်းပါတယ်ကွာ၊ ဒါပေမယ့် မင်းအစ်မက ဓာတ်က ချင်တယ်လို့ ပူဆာတာနဲ့ ဓာတ်ထောင်ရမှာပါကွ၊ အစ်ကိုကလဲ အမြဲတမ်း ဓာတ်နဲ့ မလိုက်နိုင်ဘူး၊ ဒီတော့ မောင်ဘမော်၊ ဓာတ် ထောင်ပြီး မောင်ဘမော်ကို ဦးစီးခိုင်းမယ်၊ အဲဒီတော့ အစ်ကိုလဲ စိတ်ချရတယ်" ဟု ကောလိပ်ကျောင်းသားကြီးက ပြောလေ၏။

ကောလိပ်ကျောင်းသားကြီးသည် ကားကို ကျင်လည်စွာ မောင်းရင်း စကားပြောခဲ့လာရာ ငါးထပ်ကြီးဘုရားအနီးရှိ ခြံကြီး တစ်ခြံသို့ ရောက်လျှင် ကား၏စက်ရှိန်ကို လျှော့၍ ခြံဝင်းအတွင်း သို့ မောင်း၍ဝင်သွားလေ၏။

"ကျွန်တော် ဒီရေ့က ဖြတ်ဖြတ်ပြီး သွားဖူးပါတယ်၊ အစ်ကိုတို့ အစ်မကြီးတို့ အိမ်မှန်း မသိလို့ပါ" ဟု ဘမော်က ပြောလေ၏။

မော်တော်ကားရပ်သံကြားလျှင် အိမ်ဖော်မိန်းကလေး တစ်ယောက်က တိုက်၏ ဘီလပ်တံခါးကို ဖွင့်ပေးလေ၏။

ဘမော်လည်း စက္ကဝက်ကြည်တို့ လင်မယားနောက်မှ နေ၍ တိုက်အတွင်းသို့ ဝင်ခဲ့လေ၏။

အတွင်း၌မူ ဖိတ်ဖိတ်တောက် ပြောင်လက်လျက်ရှိသော ကြမ်းပြင်ကို လည်းကောင်း၊ ထည်ဝါခန့်ညားသော ဆိုဖာကြီးများ ကို လည်းကောင်း၊ လွန်စွာသစ်လွင်သော စန္ဒယားကြီးကို လည်း ကောင်း ဘမော် သတိပြုမိလေ၏။

"ထိုင်ကွာ မောင်ဘမော်၊ ကိုယ့်အိမ်လို သဘောထားပြီး လွတ်လွတ်လပ်လပ် နေပေတော့ကွာ" ဟု ကောလိပ်ကျောင်းသား ကြီးက ပြောလေ၏။

ဘမော်သည် ဆိုဖာတစ်လုံးပေါ်၌ ထိုင်ချလိုက်လေ၏။





ကောလိပ်ကျောင်းသားကြီးသည် ရွှေရောင်စီးကရက်ဘူးမှ စီးက ရက် တစ်လိပ်ကို ထုတ်၍ မီးညှိလိုက်ပြီးနောက်...

"ခရီးရောက်မဆိုက် ခိုင်းတယ်လို့ မထင်ပါနဲ့ကွာ၊ ဘယ် လောက်တောင် တိုးတက်နေတယ်ဆိုတာ သိရအောင် တယောက လေး တစ်ပုဒ်လောက် ထိုးစမ်းပါ မောင်ဘမော်" ဟု ဆိုလေ၏။

"ဟုတ်ပါတယ် မောင်ဘမော်" ဟုလည်း စက္ကဝက်ကြည် ကပါ တောင်းဆိုလေ၏။

ထို့ကြောင့် ဘမော်လည်း သူ၏တယောသေတ္တာက လေး အတွင်းမှ တယောကိုထုတ်၍ ကြိုးညှိလိုက်ပြီးလျှင် တယော သံစမ်းတစ်ပုဒ်ကို အစပြု၍ ထိုးပြလေ၏။ ထို့နောက် မနော ဝိညာဉ်ဆိုသော သီချင်းကို ထိုးပြလေ၏။

ထိုအခါ တိုက်၏နောက်ဖေးဘက်ဆီမှ ခပ်သွက်သွက် လှမ်း၍လာသော ခြေသံကို ကြားရလေ၏။ ထိုခြေသံသည် ဘမော်တို့အနီးသို့ ရောက်လျှင်...

"ဘမော်" ဟု ငယ်သံပါအောင် အော်ဟစ်၍ ခေါ်လိုက် လေ၏။ ဘမော်လည်း တယောထိုးနေရာမှ အသံလာရာဆီသို့ ရုတ်တရက် လှည့်ကြည့်လိုက်လေ၏။ စက္ကဝက်ကြည်နှင့် ကော လိပ်ကျောင်းသားကြီးတို့လည်း အံ့အားသင့်စွာ ကြည့်နေလေ၏။

အသံရှင်သည် မတ်တတ်ရပ်လျက် ရှိုက်ကာရှိုက်ကာ ငို လေတော့၏။ ဘမော်သည် တယောထိုးခြင်းအလုပ်ကို ရပ်ပစ် ခြင်း မပြုဘဲ ထိုးမြဲထိုး၍ နေလေ၏။ တနည်းဆိုရပါမူ ဘမော် သည်လည်း ရှိုက်၍ရှိုက်၍ ငိုကြွေးနေခြင်းပင် ဖြစ်ပေသည်။

"အစ်မ အစ်မ အစ်မလေးရယ်၊ ရှာလိုက်ရတာဗျာ" ဟု တယောကို ရပ်လိုက်သောအခါ၌ ဘမော်က ပြောလိုက်လေ၏။

http://obookshelf.blogspot.com



"နှင်သေသွားပြီလို့ အောက်မေ့နေတာ" ဟု အသံရှင်က ငိုသံကြီးနှင့် ဆို့နှင့်စွာ ပြောလေ၏။

"မောင်ဘမော်...မြကိန္နရီလဲ ဒီမနက်မှာ တို့ဆီကို ရောက်လာတယ်ကွယ့်၊ သူက စစ်ကိုင်းချောင်မှာ နေတယ်၊ သူ့ကိုတောင် ငါတို့က စာတ်ထောင်မယ့် အစီအစဉ်တွေ မပြောရသေးဘူး၊ အစ်မကြီးပဲ သံကြိုးရိုက်ပြီး ခေါ်လိုက်တာပဲ၊ ဒီအတိုင်းသာ ထားရင်တော့ မြကိန္နရီလဲ မယ်သီလရှင်ဖြစ်သွားမှာ သေချာတယ်၊ ငါတို့လဲ ပထမတော့ မင်းဟာ ရေနစ်ပြီး သေသွားပြီလို့ သတင်းတွေ ကြားသေးတယ်၊ ဒါပေမယ့် မကြာသေးခင်က ဦးပဥ္စင်း ဦးသြဇာနဲ့ တွေ့လို့ မင်း မသေသေးဘူးဆိုတာ သိရတယ်ကွယ့်" ဟု စက္ကဝက်ကြည်က ပြောလေ၏။

"ကျွန်တော်လည်း အစ်မလေး မြကိန္နရီကို လိုက်ရှာနေခဲ့တာ၊ တွေ့မယ့်တွေ့တော့လဲ မမျှော်လင့်ဘဲ တွေ့ရတယ်နော်" ဟု ဘမော်က ပြောလေ၏။

"အမှန်ကတော့ မမျှော်လင့်တာတွေက အများဆုံးဖြစ်လေ့ရှိတယ်ကွ" ဟု ကောလိပ်ကျောင်းသားကြီးက ပြောလေ၏။

ထို့နောက် ဘမော်တို့သည် ထမင်းစားရင်း ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုကြလေတော့၏။ ကောလိပ်ကျောင်းသားကြီးကလည်း ယနေ့ပင် ငွေထုတ်ပေးမည်။ စာတ်ထောင်ရန် အစီအစဉ်ကို စပါတော့ဟု ဆိုလေ၏။ စက္ကဝက်ကြည်ကလည်း မြကိန္နရီကို သံကြိုးရိုက်၍ မှာကြားခြင်းမှာ ဘမော် မသေသေးကြောင်း၊ ထို့ကြောင့် ဘမော်ကို ရှာဖွေ စာတ်ထောင်မည်ဖြစ်ရာ မြကိန္နရီကိုလည်း ပြန်၍ စာတ်ကစေလိုသောကြောင့် ဖြစ်ကြောင်းနှင့်တကွ ပြန်၍ စာတ်ကရန် တိုက်တွန်းလေ၏။





မြကိန္နရီကလည်း ဘမော် မရှိသည့်နောက်တွင် စာတ်သဘင် လောကကို စွန့်ခဲ့ကြောင်း၊ ယခုကဲ့သို့ ဘမော်က ဦးစီး၍ စက္ကဝက်ကြည်ပါ ပြန်လည်၍ စာတ်ကမည်ဆိုလျှင် မိမိအနေနှင့်လည်း ပြန်လည်၍ စာတ်ကမည်ဖြစ်ကြောင်းကို ကတိပေးလေ၏။

ဘမော်သည် မြကိန္နရီကို ပြန်လည်တွေ့ဆုံရသောအခါ၌ ပူပင်သောကရောက်နေသည့် သူ၏စိတ်နှလုံးသည် ငြိမ်သက်အေးချမ်း၍ သွားလေတော့၏။ သံကန္တာရ ခရီးကြမ်းကို ဖြတ်သန်းလာရသောသူသည် 'အိုအေစစ်' ဟု ခေါ်သော ရေကြည်ရာ မြက်နုရာ ဒေသသို့ ရောက်ရှိသွားသကဲ့သို့တည်း။

*ယော*၊ အကြင်သူသည်။ *ဟီတေ*၊ အကျိုးစီးပွား၌။ *ယုတ္တော*၊ ယှဉ်စေတတ်၏။ *သော*၊ ထိုသူသည်။ *ဝဍ္ဎု*၊ အဆွေခင်ပွန်း မည်၏။ *ယော*၊ အကြင်သူသည်။ *ပေါသကော*၊ ကျွေးမွေးတတ်သည်။ *ပောတိ*၊ ဖြစ်၏။ *သော*၊ ထိုသူသည်။ *ပိတရော*၊ မိဘမည်၏။ *ယတ္ထ*၊ အကြင်သူ၌။ *ဝိဿာသော*၊ ချစ်ကျွမ်းဝင်၏။ *တံ*၊ ထိုသူ သည်။ *မိတ္တံ*၊ ခင်ပွန်းမည်၏။ *ယတ္ထ*၊ အကြင်သူ၌။ *နိဗ္ဗုတိ*၊ နှလုံးငြိမ်း၏။ *သာ*၊ ထိုသို့ ငြိမ်းစေတတ်သော သူသည်။ ဘရိယာ၊ မယားမည်၏။

❖ ❖ ❖

http://obookshelf.blogspot.com





## ဘမော်၏ ကြိုးပမ်းမှုများ

ဘမော်သည် ဓာတ်သမားများ ခေါ်ယူစုဆောင်း၍ ဓာတ်တိုက်ခြင်း၊ ကန့်လန့်ကာများ၊ နဖူးစီးများ ချုပ်ခြင်း၊ ဓာတ်အတွက် ပန်းချီကားများရေးဆွဲခြင်း စသည်တို့ကို ပြုလုပ်လေ၏။ ထို့နောက် ဓာတ်ဝင်ခန်းများအတွက် သီချင်းများ ရေးစပ်ကာ သီချင်းများ တိုက်လေ၏။

စက္ကူဝက်ကြည်တို့တိုက်၏ နောက်ဖက်တွင် ဓာတ်သမားများ နေထိုင်ရန်နှင့် ဓာတ်တိုက်ရန်အတွက် ရုံကြီးတစ်ရုံလည်း ဆောက်လုပ်ခဲ့လေ၏။

နေ့ရောညပါ ထိုရုံကြီးအတွင်း၌ သီချင်းဆိုနေသံများ၊ တီးမှုတ်နေသံများကို ကြား၍နေရမည် ဖြစ်ပေသည်။

တစ်နေ့သ၌ ဘမော်သီချင်းတိုက်သည့်နေရာသို့ ကောလိပ်ကျောင်းသားကြီး ရောက်၍လာပြီးလျှင် အောက်ပါအတိုင်း ပြောလေ၏။

"မောင်ဘမော်ရေ…ဓာတ်တွေတိုက်၊ သီချင်းတွေတိုက်နဲ့



obookshelf.blogspot.com

http://obookshelf.blogspot.com



လုပ်နေလိုက်တာ နားရတယ်ကို မရှိဘူး၊ ဟဲ ဟဲ...ဒါပေမယ့် ဓာတ်အဖွဲ့ကို ဘယ်လို နာမည်ပေးမှာလဲ၊ အဲဒါလေး အရင်စဉ်းစားစမ်းပါဦး"

"ဟုတ်တယ် အစ်ကိုရေ...ကျွန်တော်လဲ အဲဒါကို စဉ်းစားနေတာပဲ၊ ဓာတ်အဖွဲ့ကို ဘယ်လို နာမည်ပေးရမလဲ မသိပါဘူးဗျာ" ဟု ဘမော်က ပြန်၍ပြောလေ၏။

"ငါကတော့ မြကိန္နရီရဲ့နာမည်ကို တပ်စေချင်တယ်၊ မင်းအစ်မကြီးကလဲ အဲဒီလိုဖြစ်စေချင်တယ်၊ မြကိန္နရီဓာတ်အဖွဲ့ဆိုတဲ့ ခေါင်းစည်းတပ်စေချင်တယ်"

"ကောင်းသားပဲ အစ်ကို၊ ဒီအတိုင်း လုပ်လိုက်တာပေါ့"

"နောက်တစ်ခုကတော့ ရန်ကုန်ပွဲမှာ အရင်ဝင်စေချင်တယ်၊ နောက်ပိုင်းမပါဘဲ ပြဓာတ်ချည်းသက်သက် ကလိုက်ချင်တယ်"

"ကောင်းသားပဲ အစ်ကို၊ ပြဓာတ်ချည်း သက်သက်မဟုတ်ဘဲ အော်ပရာကိုပါ ထည့်မှဖြစ်မယ် ထင်တယ်"

"အေး...ကောင်းသားပဲ"

ကောလိပ်ကျောင်းသားကြီးနှင့် ဘမော်တို့သည် အထက်ပါအတိုင်း ပြောဆိုကြပြီးနောက် ဓာတ်စင်၏နဖူးစည်းတွင် တပ်ဆင်ရန်အတွက် မြကိန္နရီ ဓာတ်သဘင်ဟူသော စာတန်းကို ရွှေချည်၊ ငွေချည်၊ ဘော်ကြယ်များဖြင့် ပြုလုပ်လေ၏။ ထို့နောက် ကိန္နရီကဟန် အရုပ်ကလေးကိုလည်း နဖူးစည်း အလည်တည့်တည့်၌ တပ်ဆင်ရန် ပြုလုပ်ကြပြန်လေ၏။

ညနေပိုင်းသို့ရောက်လျှင် ကောလိပ်ကျောင်းသားကြီးနှင့် စက္ကူဝက်ကြည်တို့သည် ဘမော်နှင့် မြကိန္နရီတို့အား မော်တော်



OBookShelf
blogspot.com



ကားဖြင့် ရန်ကုန်မြို့တွင်းသို့ ခေါ်ခဲ့ပြီးလျှင် အဝတ်အစားချုပ်ရန် ပိတ်စများ ဝယ်ယူပေးလေ၏။

ဘမော်ကိုလည်း ဘောင်းဘီ၊ ကုတ်အင်္ကျီ၊ ဖိနပ်၊ နက်တိုင်လည်စည်းမှ အစ လိုလေသေး မရှိအောင် ဝယ်ယူချုပ်လုပ်ပေးလေ၏။

"ကျွန်တော် ဒီဥစ္စာတွေ မဝတ်ချင်ပါဘူး အစ်ကိုရယ်" ဟု ဘမော်က အပ်ချုပ်ဆိုင်၌ ဘောင်းဘီချုပ်ရန် စက်သမားက အတိုင်းယူနေစဉ် ပြောလေ၏။

"မဟုတ်ဘူးကွ၊ ငါတို့ မြန်မာဓာတ်သမားတွေက ဝတ်တာ စားတာ သိပ်ပြီးတောဆန်တယ်ကွ၊ ခေတ်မီမီဝတ်စမ်းပါကွာ" ဟု ကောလိပ်ကျောင်းသားကြီးက ပြောလေ၏။

"ဟုတ်တယ် မောင်ဘမော်၊ မင်းအစ်ကိုကဖြင့် အားကြီးဗိုလ်ဆန်တယ်ကွာ၊ သူ့ စိတ်ကျေနပ်လောက်အောင် ဝတ်လိုက်စမ်းပါကွယ်" ဟု စက္ကူဝက်ကြည်က ပြောလေ၏။

"မင်းကို တခြားဓာတ်တွေလို ညကြေးတွေဘာတွေ ပေးနေမှာ မဟုတ်ဘူး၊ မင်းနာမည်နဲ့ ဘဏ်မှာ ငွေအပ်ထားပေးမယ်၊ လုပ်ငန်းအတွက် လိုအပ်ရင်လဲ အဲဒီကပဲထုတ်၊ မင်းအနေနဲ့ သုံးစရာ ရှိရင်လဲ အဲဒီအထဲကပဲ ထုတ်ပြီးသုံးပေါ့၊ ပြီးတော့ ဟောဒီကားကိုလဲ မင်းသုံးဖို့ ယူထားပေတော့၊ အစ်ကိုတို့က နောက်ကားတစ်စီးထပ်ပြီးဝယ်မယ်" ဟု ကောလိပ်ကျောင်းသားကြီးက ပြောလေ၏။

ကောလိပ်ကျောင်းသားကြီးသည် ဤသို့လျှင် ဘမော်အား အဝတ်အစား အနေအထိုင်မှစ၍ အဆင့်အတန်းမြင့်အောင် စီစဉ်ပေးလေ၏။ မြကိန္နရီမှာလည်း ဘမော် ဤသို့ ပြောင်ပြောင်ရောင်ရောင် ဖြစ်လာသည်ကို ဝမ်းမြောက်လျက် ရှိပေသည်။

http://obookshelf.blogspot.com



တစ်နေ့သ၌ ဘမော်သည် ပြဇာတ်တစ်ထုပ်ကို ဇာတ်တိုက်၍ ပေးနေလေ၏။ ဇာတ်ဝင်ခန်းတစ်ခု၌ ဘုန်းကြီးလူထွက်တစ်ဦး၏ ဌတီးဌတနိုင်ပုံ ပါရှိလေရာ ထိုအခန်းကို ဘမော်က သင်ပြလျက် ရှိလေသည်။ ဘုန်းကြီးလူထွက်အဖြစ် သရုပ်ဆောင်ရသူသည် သင်ပြသည့်အတိုင်း မလုပ်နိုင်ဘဲ အခက်အခဲ ရှိ၍နေလေ၏။ ဘမော်လည်း သင်ပြရင်း မောသွားလေ၏။

"ကိုမြသိန်းရယ်၊ ဘုန်းကြီးလူထွက်ဆိုတာ ဘုန်းကြီးတုန်းက အကျင့်တွေ မဖျောက်နိုင်ဘဲ လူဖြစ်တဲ့အထိ ပြုလုပ်ကျင့်ကြံတဲ့ အလေ့အထမျိုး ရှိတယ်ဗျ၊ အဲဒီမှာ ဌကျနေတာပဲ၊ ဥပမာဗျာ လူအဖြစ်နဲ့ ထမင်းစားနေတဲ့အခါမှာ ထမင်းကုန်လို့ လာပြီးထည့်ရင် ဘုန်းကြီးတုန်းက အတိုင်းပဲ စားပွဲခုံကြီးကို လက်နဲ့ ကိုင်ထားတတ်တယ်၊ လမ်းသွားရင် ဘယ်ဘက်လက်ကို မလွှဲဘဲ ကပ်ထားတတ်တယ်" ဟု ဘမော်က ဘုန်းကြီးလူထွက်အခန်း၌ သရုပ်ဆောင်မည့်သူအား ရှင်းပြလေ၏။

"ဘလယ်ဒီဖူး...မဟုတ်တာတွေ မပြောနဲ့၊ ဒီလို ဘုန်းကြီးလူထွက်မျိုးကျတော့ ဘယ်ကလာ ဌတီးဌတ နိုင်မှာလဲ၊ ကြည့်စမ်း မင်းထက်တောင် ဗိုလ်ဆန်သေးတယ်" ဟု ပြောဆို၍ တစ်စုံတစ်ယောက်သည် ဘမော်တို့ ဇာတ်တိုက်သောနေရာသို့ ဝင်လာလေ၏။

ဘမော်လည်း ထိုသူကို လှမ်း၍ ကြည့်လိုက်ပြီးလျှင် အံ့အားသင့်စွာဖြင့် နှုတ်ဆက်လိုက်လေ၏။

"ဟာ...ဦးပဥ္စင်းပါလား"

"ဟေ့ကောင်...ဗိုလ်လို ဝတ်လာတာတောင် ဘယ့်နှယ် ဦးပဥ္စင်းလဲကွ၊ ငါ့နာမည် ဘုန်းမြင့်လို့ ပြောင်းထားပြီကွ၊ ဟိုမှာ





စန္ဒယော်လဲ ပါသေးတယ်ကွ၊ သူကလဲ နာမည်ပြောင်းထားတယ်၊ ဘုန်းအောင်တဲ့ကွ...ဟား...ဟား"

ဦးပဥ္စင်းလူထွက် ဦးဩဇာ၏ စကားဆုံးသည်နှင့် တပြိုင်နက် ဦးပဥ္စင်းလူထွက် စန္ဒယော် ရောက်ရှိလာလေ၏။ စန္ဒယော်(ခေါ်)ဦးဘုန်းအောင်ကလည်း ဘောင်းဘီရှည်၊ ကွတ်အကျႌ၊ နက်တိုင်လည်စီးနှင့် ဖြစ်ပေသည်။

"ဟာ...ဦးပဥ္စင်း စန္ဒယော်ပါလား" ဟု ဘမော်က အားရဝမ်းသာ နှုတ်ဆက်လေ၏။

"ငါ့ခွီး တယ်မှုပဲ၊ ဘယ်ကလာ ဦးပဥ္စင်း ရမှာလဲကွ" ဟု စန္ဒယော်က ပြောလိုက်လေ၏။

"ဦးဩဇာနဲ့ ကိုစန္ဒယော်တို့ အခု ဘာလုပ်နေကြသလဲ" ဟု စက္ကဝက်ကြီးက ဝင်၍မေးလျှင် ဦးဩဇာ(ခေါ်)ဦးဘုန်းမြင့်က စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိလိုက်ပြီးနောက်...

"ဝပ်ခဒစ်၊ ဟတ်ခဒစ်၊ တူဂတ်ဖုကာဒစ်လို့ ဆိုထားတယ် မဟုတ်လား၊ ဒကာမကြီး...ဘွာ...ဘွာ စက္ကဝက်ကြီးရဲ့" ဟု ပြောလိုက်ရာ ကြားရသူအပေါင်းသည် အူတက်မတတ် ရယ်မောကြရတော့၏။

"ဦးဩဇာပြောတာ နားမလည်ဘူး၊ ဘာပြောမှန်းလည်း မသိဘူး၊ ခဒစ်တွေ ခဒ်ကတွေနဲ့" ဟု စက္ကဝက်ကြီးက ပြောလိုက်လေ၏။

"နင်ကလဲ ကောလိပ်ကျောင်းသားရဲ့ မယားဖြစ်ပြီး ဒါလေးတောင် မသိဘူးလား၊ အလုပ် ပြင်းပြင်းထန်ထန်လုပ်မှ ထမင်းစားရမယ်လို့ အင်္ဂလိပ်လို ပြောတာ" ဟု ဦးဩဇာက ရှင်းပြလေ၏။



OBookShelf

http://obookshelf.blogspot.com



"ပြန်ပြီး ပြောစမ်းပါဦး" ဟု စန္ဒယော်က ပြောလေ၏။

"ဝပ်ခဒစ် ဟာတ်ခဒစ် တူဂတ်ဖုကာဒ်" ဟု ဦးညြဇာက ဟန်နှင့်ပန်နှင့် ပြောလိုက်လေ၏။

"Work hard to get food" ဟု ကောလိပ်ကျောင်းသားကြီးက ပြင်၍ပြောပေးလေ၏။

"ဟုတ်တယ်...ဒကာကြီး ပြောတဲ့အတိုင်းပဲ" ဟု ဦးညြဇာက ပြောလိုက်ရာ ကြားရသူအပေါင်းသည် ရယ်မောကြရပြန်၏။

ထို့နောက် မောင်ဘမော်၊ ကောလိပ်ကျောင်းသားကြီး၊ စက္ကူဖက်ကြည်၊ မြကိန္နရီ၊ ဦးညြဇာနှင့် စန္ဒယော်တို့သည် ထမင်းစားကြလေသည်။

ယင်းတို့ထမင်းပွဲကို မိန်းကလေးတစ်ဦးက ပြင်ဆင်ပေးရလေ၏။ စောင့်ကြည့်ကာ ထမင်းဟင်းများကို ထည့်ပေးလေ၏။

ထိုမိန်းကလေး ထမင်း လာရောက်ထည့်ပေးသည့်အခါ၌ စန္ဒယော်သည် ဘုန်းကြီးဝတ်ခဲ့စဉ်က ရရှိထားသော အကျင့်ကို မပျောက်နိုင်ဘဲ စားပွဲခုံကို လက်တစ်ဖက်နှင့် ကိုင်လှေ့ရှိလေ၏။

"ဟော့ကောင် စန္ဒယော်၊ ထမင်းလာထည့်ရင် မင်းက ဘာလို့ ခုံကိုကိုင်ထားရတာလဲ၊ မင်းဟာ ဘုန်းကြီးမဟုတ်တော့ဘူး၊ နည်းနည်းတော့ သတိထားမှပေါ့" ဟု ဦးညြဇာက ပြောလိုက်လျှင် စန္ဒယော်က...

"တင်ပါ့" ဟု ဆိုလိုက်သဖြင့် ထမင်းပွဲ၌လည်း ရယ်မောကြရပြန်၏။

ထို့နောက် သာသနာ့ဘောင်၌ မပျော်ပိုက်သည့်အတွက် ထွက်လာခဲ့ကြရပုံ၊ သာသနာ့ဘောင်၌ ဝိနည်းသိက္ခာပုဒ်များသည် ထောင့်စေ့အောင် ရှိနေသည်ဖြစ်၍ မိမိတို့ကဲ့သို့ ပေါ့ပေါ့နေ





ပေါ့ပေါ့စားများသည် နာရီမလပ်၊ စက္ကန့်မလပ် အာပတ်သင့်၍နေမည်ဖြစ်၍ မြန်မြန်လူထွက်လာရကြောင်း၊ မိမိတို့၌ ပါရမီ မရှိကြောင်းတို့ကို ဦးညြဇာနှင့် စန္ဒယော်တို့သည် သနားဖွယ်ရာ ပြောပြလေ၏။

ထမင်းစားပြီးနောက် ယင်းတို့နှစ်ဦးပါ ပြဇာတ်ဇာတ်လမ်းတွင် ဇာတ်တိုက်ကြရလေ၏။

ဘမော် ဦးစီးသော မြကိန္နရီ ဇာတ်သဘင်အဖွဲ့ကြီးသည် ဤသို့လျှင် ခင်မင်ရင်းနှီးပြီးသော လူဟောင်းများပါ ရောက်ရှိလာသည်ဖြစ်ရာ ပို၍ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလေတော့၏။

ဇာတ်မှာလည်း အခမ်းအနားမှအစ အလုံးစုံ အဆင်သင့်ဖြစ်၍နေပြီ ဖြစ်၏။

နယ်ဘုရားပွဲတစ်ပွဲသို့ သွားရောက် ကပြရန်မှာလည်း ရက်အနည်းငယ် စောင့်ရဦးမည်ဖြစ်သဖြင့် ရန်ကုန်၌ အချိန်ဖြုန်း၍ နေမည့်အစား ရန်ကုန်၌ပင် ပြဇာတ်ချည်းသက်သက် တင်ဆက် ကပြရန် ဘမော်သည် အပွတပြင်း စီစဉ်လျက် ရှိပေသည်။

ဂျူဗလီဟော၌ ကပြရန် စီစဉ်သော်လည်း ထိုရက်ပိုင်း၌ အိန္ဒိယမှ နာမည်ကြီး မျက်လှည့်အဖွဲ့တစ်ဖွဲ့က မျက်လှည့်ပြရန် စီစဉ်ထားပြီးဖြစ်သဖြင့် အခက်တွေ့လေတော့၏။

ထို့ကြောင့် ရန်ကုန်တွင် ကပြနိုင်ရန်အတွက် ဘမော်သည် ကောလိပ်ကျောင်းသားကြီးတို့ လင်မယားနှင့် ဦးညြဇာ၊ စန္ဒယော်၊ မြကိန္နရီတို့သည် မျက်နှာစုံညီ တိုင်ပင်ကြလေ၏။

"ဘိုင်စကုတ်ရုံတစ်ရုံကို ငှားပြီး ကမယ်ကွာ၊ မဖြစ်ဘူးလား" ဟု ဦးညြဇာက အကြံပေးလေ၏။

"မောင်ဘမော်လုပ်ထားတဲ့ ဆက်တင်တွေက ဇာတ်စင်



OBookShelf.blogspot.com

http://obookshelf.blogspot.com



ကြီးကြီးမှ ဖြစ်မယ်၊ ဘိုင်စကုတ်ရဲ့ စင်တွေက သိပ်ပြီးနေရာကျဉ်းတယ်၊ မဖြစ်ဘူး၊ ရေနစ်တဲ့အခန်းမှာ လှိုင်းလုံးကြီးတွေက တလိပ်လိပ် တက်လာတဲ့အခန်းကိုပဲ ကြည့်ပါဦး၊ သူ့ဥစ္စာက နည်းနည်းနောနော စီစဉ်ထားတာ မဟုတ်ဘူး၊ ဒါကို ဖြစ်သလို ချုံ့ပြီးလုပ်လိုက်ရင် ဇာတ်ဟာ အရသာ ပျက်သွားမယ်" ဟု ကောလိပ်ကျောင်းသားကြီးက ဦးဩဇာအား ရှင်းပြလေ၏။

"ရေနစ်တဲ့အခန်း ပါတယ်ဆိုတော့ ဘာဇာတ်ထုပ်လဲ၊ စနက္ကဇာတ်ထုပ်လား" ဟု စန္ဒယော်က မေးလေ၏။

"အဲဒီပြဇာတ်ကို တိုက်တုန်းက ခင်ဗျားတို့ မရောက်သေးဘဲကိုး၊ နေပါဦး မောင်ဘမော်၊ အဲဒီပြဇာတ်မှာ သူတို့ကို ဘယ်နေရာမှာ သုံးမှာလဲကွ၊ သူတို့နှစ်ယောက်ကို ချန်ထားလို့တော့ မဖြစ်ဘူး" ဟု ကောလိပ်ကျောင်းသားကြီးက ဘမော်အား မေးပြန်၏။

"သူတို့က လူရွှင်တော် ကိုဩဇာနဲ့ လူရွှင်တော် စန္ဒယော်ကလေးနေရာကပဲ ထည့်ရမယ် အစ်ကို" ဟု ဘမော်က ဆေးပေါ့လိပ်ကို မီးညှိရင်း ပြောလိုက်လေ၏။

"ဟကောင်ရ၊ ငါတို့က လူရွှင်တော် ကိုဩဇာနဲ့ လူရွှင်တော် စန္ဒယော်လေးဆိုတာ မင်းပြောမှလားကွ၊ ဒါတော့ သိတာပေါ့၊ ဇာတ်လမ်းထဲမှာ ဘယ်နေရာက ပါရမလဲလို့ ဒကာကြီးကို မေးနေတာ"

"ဟား...ဟား...ဟား" ဟု ကောလိပ်ကျောင်းသားကြီးက ကျယ်လောင်စွာ ရယ်မောလေ၏။ စက္ကဝက်ကြည်နှင့် မြကိန္နရီတို့ကမူ ပြုံးရုံမျှသာ ပြုံးလိုက်ကြလေ၏။

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ နှစ်ယောက်လုံးကလည်း အဲဒီပြဇာတ်ထဲမှာ လူရွှင်တော်အဖြစ်နဲ့ ပါရလိမ့်မယ်" ဟု ဘမော်က





ပြောလိုက်လေ၏။

"ဘာဇာတ်ထုပ်လဲ" ဟု ဦးဩဇာက မေးလေ၏။

"ပုဂံသား မောင်ဘမော်" ဟု ဘမော်က ပြောလိုက်လေ၏။

"ပုဂံသား မောင်ဘမော်ဆိုတာ မင်းနာမည် မဟုတ်လား" ဟု စန္ဒယော်က ပြန်ပြော၏။

"ဟုတ်တယ်၊ ကျုပ်အကြောင်းကို ပြဇာတ် လုပ်ထားတာ" ဟု ဘမော်က ပြောပြလေ၏။

"မြကိန္နရီ ဘယ်နေရာက ပါမှာလဲ" ဟု ဦးဩဇာက မြကိန္နရီကို ကြည့်ပြီး မေးလိုက်လေ၏။

"ကျွန်မက မြကိန္နရီနေရာက ပါရမှာပါ"ဟု မြကိန္နရီက ဖြေလိုက်လျှင် ဦးဩဇာက စက္ကဝက်ကြည်ဘက်သို့ လှည့်၍...

"စက္ကဝက်ကြည် နင်ကကော" ဟု မေးပြန်လေ၏။

"ကျွန်မက စက္ကဝက်ကြည်နေရာကပဲ ပါရမှာပါ" ဟု စက္ကဝက်ကြည်က ဖြေလိုက်လေ၏။

"ဟကောင်ရ၊ မင်းဥစ္စာက တကယ်လိုပါပဲလား" ဟု ဦးဩဇာက အံ့အားသင့်စွာ ပြောလိုက်လေ၏။

"ဒီအထဲမှာပါတဲ့ character တွေဟာ ရှိနိုင်သမျှ အစစ်တွေချည်းပဲ၊ မောင်ဘမော်နေရာမှာ မင်းသားအသစ်တစ်လက် သုံးထားတယ်၊ သီသီနေရာမှာ မင်းသမီးအသစ်တစ်လက် သုံးထားတယ်၊ ပြီးတော့ ကျွန်တော်တို့လို စင်ပေါ်မတက်ချင်တဲ့လူတွေ ဇာတ်သဘင်နဲ့ မပတ်သက်တဲ့ လူတွေရဲ့နေရာမှာသာ လူစားသွင်းထားပါတယ်" ဟု ကောလိပ်ကျောင်းသားကြီးက ရယ်မောလျက် ရှင်းပြလိုက်လေ၏။



OBookShelf
blogspot.com

"ကောလိပ်ကျောင်းသားကြီးနေရာ ဝင်ရမယ့်လူက မလွယ်ဘူး၊ နောက်ပိုးခန်း တော်တော်ပိုင်မှ ဖြစ်မယ်" ဟု စန္ဒယော်က ပြောလိုက်ရာ ဝေါကနဲ ပွဲကျသွားလေ၏။ စက္ကူဝက်ကြည်ကမှ နှုတ်ခမ်းလေး စူ၍ 'လုပ်ပြီ' ဟု စန္ဒယော်အား ပြောလေ၏။

"ဟဲ...ဟဲ၊ ကျွန်တော် နောက်ပိုးကောင်းလို့ ကြည့်ကို ရတာ မဟုတ်ပါဘူး၊ မောင်ဘမော် အောင်သွယ်ကောင်းလို့ပါ" ဟု ကောလိပ်ကျောင်းသားကြီးက ရယ်မောလျက် ပြောလိုက်လေ၏။

"နေစမ်းပါဦးကွ၊ ဘမော်ကို ဝက်သားဟင်းအိုး ချက်နိုင်းတဲ့ ထမင်းဆိုင်က မိန်းမကြီးနေရာမှာ ဘယ်သူလုပ်မှာလဲ" ဟု ဦးသြဇာက မေးလိုက်ပြန်ရာ ဘမော်တို့ သည် ရယ်ကြရပြန်၏။

"အဲဒီ ဝက်သားဟင်းချက်တဲ့ အခန်းကတော့ ဇာတ်မှာ ကလိုင်းမိတ်ပဲဟေ့" ဟု ဦးသြဇာက ပြောလိုက်ရာ စန္ဒယော်က...

"ခင်ဗျားဟာလေ မကြီးမငယ်နဲ့၊ ဒါမျိုးများပြောရမယ်ဆိုရင် သွားရည်တမြားမြားနဲ့၊ အပါယ်ကျလိမ့်မယ်" ဟု နောက်လိုက်ရာ ဦးသြဇာက 'ခွေးကောင်' ဟု ဆိုလိုက်လေ၏။

"ဇာတ်လမ်းကတော့ ဟုတ်ပါပြီ၊ နာမည်တွေ ပြောင်းပစ်ဦးမှာလား" ဟု စန္ဒယော်က မေးလေ၏။

"မပြောင်းဘူး၊ ဘာမှမပြောင်းဘူး၊ မူရင်းအတိုင်းပဲ လုပ်မှာ" ဟု ကောလိပ်ကျောင်းသားကြီးက ပြောလိုက်လေ၏။

ထို့နောက် ရွှေတိဂုံဘုရား အနောက်ဘက်မုခ်ရှိ ကွက်လပ်ကြီး၌ ဇာတ်စင် ဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာများ ခေါ်ယူ၍ အပ်နှံဆောက်လုပ်စေခဲ့လေ၏။

ဘမော်မှာလည်း သတင်းစာများ၊ မဂ္ဂဇင်းစာအုပ်များ၌





ပြဇာတ် ကပြမည့်ရက်နှင့် ကပြမည့်နေရာကို ကြော်ငြာများ ထု
လေ၏။ တာ

ထို့နောက် ဘမော်သည် တစ်ခုသောညနေခင်း၌ သဝဏ်တို့ စာ ဆရာများနှင့် မဂ္ဂဇင်းအသီးသီးမှ အယ်ဒီတာများ၊ စာရေးဆ ဂိုမှ များကို ဖိတ်ခေါ်၍ ထမင်းစားပွဲတစ်ခု ကျင်းပပြီးလျှင် ၎င်း 'ပုဂံသား မောင်ဘမော်' ပြဇာတ်အကြောင်း တင်ပြ၍ အကြံဉာဏ်ကို များ တောင်းလေ၏။

ဘမော်၏ထမင်းစားပွဲသို့ တစ်ခါက ဘမော်နှင့် ကြုံတွေ့ဖူးသော ပတ္တမြားကလောင်နှင့် မာန်ဖီဆိုသော စာရေးဆရာ နှစ်ယောက်လည်း ပါဝင်လေ၏။ အမှန်စင်စစ်အားဖြင့် ဘမော်သည် ထိုသူနှစ်ဦးကို ဖိတ်ကြားခြင်း မပြုခဲ့ပေ။ ထိုသူနှစ်ဦးသည် ဖိတ်ကြားခြင်း မပြုပါဘဲလျက် ရောက်ရှိလာသော ဧည့်သည်များ ဖြစ်ကြပေသည်။

ထိုသူနှစ်ဦးနှင့်အတူ လွန်စွာ ညှင်းဆိုးဆိုးနိုင်လှသောသူနှစ်ဦးလည်း ပါ၍လာလေ၏။ ထိုညှင်းဆိုးဆိုးနှင့် လူနှစ်ဦးက ဘမော်အား သူတို့၏နာမည်များကို ပြော၍ မိတ်ဆက်လေ၏။

"ကျုပ်ရဲ့ကလောင်နာမည်က 'မိုးပေါ်ကလူ' ပါ၊ ကိုယ့်လူက ကျုပ်ကို မဖိတ်ပေမယ့် ကျုပ်က ပြဇာတ်ကို သိပ်ပြီးစိတ်ဝင်စားတဲ့အတွက် ကိုယ့်လူရဲ့ ထမင်းစားပွဲကို လာခဲ့တာပဲ၊ မြန်မာပြည်မှာက play လို့ ခေါ်လောက်တဲ့ ပြဇာတ်ဆိုပြီး လုပ်နေကြတာတွေကလဲ ချောက်တီးချောက်ချက်ပါ၊ ဒါကြောင့် အဲဒါကလေးတွေ ပြုပြင်ချင်လို့ပါ" ဟု ညှင်းဆိုးဆိုးနှင့်လူက ဆိုလေ၏။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်" ဟု ဘမော်က အလိုက်သင့် ပြန်၍ပြောလိုက်လေ၏။ ထိုအခါ တိုက်ပုံအကျီနှင့် လူဝ

http://obookshelf.blogspot.com



ဖုံ့ဦးက ဘမော်အား...

ဂ "ကျုပ်နာမည်က သိန်းသန်းလို့ ခေါ်ပါတယ်၊ ဟဲ...ဟဲ၊ နမာဘိုင်စကုပ်နဲ့ မြန်မာဇာတ်ကို တယ်ပြီး ကြည့်လေ့မရှိပါဘူး၊ ပမယ့် ဟောဒီက ဆရာမာန်ဖိနဲ့ ဆရာပဏ္ဍုမြားကလောင်တို့ တဆရာသိန်းသန်း မလိုက်လို့မဖြစ်ဘူး၊ လိုက်ပြီးချီးမြှင့်စမ်းပါဦး၊ ပန်းကြီးကျောင်းသားကလေးတစ်ဦးရဲ့ ကြိုးပမ်းမှုကို အားပေးစမ်း ဦး ဆိုလို့ လာခဲ့တာပါပဲ" ဟု စာရေးဆရာသိန်းသန်းဆိုသော ပုဂ္ဂိုလ်က ပြောပြန်၏။

"ဟုတ်ကဲ့ ကျေးဇူးပါပဲ ဆရာရယ်" ဟု ဘမော်က ပြန်၍ ဖြေလေ၏။

ဘမော်သည် အဖျော်ယမကာများကိုပါ စုံစုံလင်လင် စီစဉ်ထားလေ၏။ သတင်းစာဆရာများ၊ အယ်ဒီတာများနှင့် စာရေးဆရာများမှာ မြိန်ယှက်စွာ စားသောက်ကြလေ၏။ ဘမော်ကိုလည်း ဖော်ရွေစွာ ပြောဆိုဆက်ဆံကြလေ၏။

မည်သည့်စာမျှလည်း မရေးပါဘဲလျက် မိမိကိုယ်ကို စာရေးဆရာဟု အထင်ရောက်နေသော ပဏ္ဍုမြားကလောင်၊ မာန်ဖိ၊ မိုးပေါ်ကလူနှင့် စာရေးဆရာ သိန်းသန်းတို့ လေးဦးသည် အရက်နှစ်ခွက်မျှ သောက်မိကြလျှင် ဆူပူလာကြလေတော့၏။

"ဟေ့ကောင် ဘမော်၊ တို့ဝိုင်းမှာ ဟင်းတွေကုန်ပြီ၊ လာပြီး ချပေးဦး၊ ငါတို့ကို ဒေါသထွက်အောင် မလုပ်နဲ့၊ ငါတို့က မကျေနပ်ရင် ကလောင်တစ်ချက် သော့လိုက်တာနဲ့ မင်းတို့ဇာတ်တစ်ဖွဲ့လုံး ဘာဖြစ်သွားမယ် ထင်သလဲ" ဟု ပဏ္ဍုမြားကလောင်က ကြိမ်းမောင်းလေ၏။ ကျန်သော စာရေးဆရာများ၊ အယ်ဒီတာများနှင့် သတင်းစာဆရာများသည် အချင်းချင်း ခေါင်းချင်းရိုက်၍





'အဲဒီလေးယောက်က ဘယ်သူတွေလဲ' ဟု မေးကြ၏။ 'မသိပါဘူး၊ စာရေးဆရာတွေလို့ ပြောတာပဲ၊ ကျုပ်လဲ အယ်ဒီတာလုပ်တာ အိုပြီးသေတော့မယ်၊ ဒီကောင်တွေကို မတွေ့ဖူးပါဘူး၊ သူတို့ ကလောင်နာမည်တွေလဲ မကြားမိပါဘူး" ဟု ဆိုသံများ ဟိုမှ သည်မှ ထွက်ပေါ်လာလေ၏။

ဦးညြဇာနှင့် စန္ဒယော်တို့က ထိုလေးယောက်၏ဝိုင်းကို ဟင်းများ ထည့်ပေးလေ၏။

"ဆရာတို့ရယ် မကျေနပ်တာရှိရင် ကျွန်တော်တို့ကို ပြောပါ၊ ကျေနပ်အောင် ပြုစုပါရစေ" ဟု ဦးညြဇာက ပြောလေ၏။

"မကျေနပ်ဘူးကွ၊ ဘမော်က သူ့ပြဇာတ်အကြောင်း ရှင်းပြတာကလဲ ဇာတ်ဟာ အကွက်မစေ့ဘူး၊ အဲဒီဇာတ်လမ်းထဲမှာ ပါတဲ့ ဦးအောင်ကြီးဆိုတဲ့ ဇာတ်ကောင်ကို ဖြုတ်ပစ်ပါ၊ အဲဒီဇာတ်ကောင်ဟာ ယုတ်မာတယ်၊ ရိုင်းစိုင်းတယ်၊ ပြဇာတ်ထဲမှာ အဲဒီဇာတ်ကောင်ကို ထည့်လို့မဖြစ်ဘူး" ဟု ပဏ္ဍုမြားကလောင်က မူးရူးအော်ဟစ်လေ၏။

"တကယ့်အဖြစ်အပျက်ကို ပြဇာတ်ကတာပါ၊ အဲဒီလူကြီးဟာ တကယ်ရှိပါတယ်" ဟု စန္ဒယော်က ဝင်ရောက် ပြောလိုက်ရာ မာန်ဖိက...

"ဘလယ်ဒီဖူး၊ မင်းပါးစပ်ကြီး ပိတ်ထားစမ်း၊ ဒါလောက် မိုက်ရိုင်းတဲ့လူမျိုး ဘယ်ကလာ တကယ်ရှိမှာလဲ" ဟု အော်၍ ပြောဆိုလေ၏။

သတင်းစာဆရာတစ်ဦးနှင့် အသက်အရွယ်ကြီးရင့်သော စာရေးဆရာတစ်ဦးက ဦးညြဇာနှင့် စန္ဒယော်တို့ကို ခေါ်၍ ထိုလူလေးယောက်အား ချော့မော့ပြီး အိမ်သို့ပြန်ပို့ရန် အကြံပေးလေ

http://obookshelf.blogspot.com



၏။ ထို့ကြောင့် ဦးညိဇာနှင့် စန္ဒယော်တို့သည် ထိုမျှဆူပူ၍ နောင့်ယှက်တတ်သော လူလေးယောက်အား ချော့မော့ကာ ကားပေါ်သို့ တင်၍ ပြန်ပို့လေ၏။

ကျန်သော ဧည့်ပရိသတ်များမှာ ဘမော်၏ပြဇာတ်ကို လာရောက်ကြည့်ရှုဦးမည် ဖြစ်ကြောင်း၊ ယခုအခါ၌ ပါးစပ်နှင့် ရှင်းပြသည်ကိုသာ နားထောင်ရသဖြင့် ပြည့်ပြည့်စုံစုံ အကြံမပေးနိုင်ကြောင်း ပြောဆိုကာ ဘမော်ကို အားပေးစကားပြော၍ ပြန်သွားကြလေ၏။

ဆူပူသော လေးယောက်မှာ ကားဖြင့် လိုက်ပို့ပါလျက် လမ်းထိပ်သို့ရောက်လျှင် ကားကို ရပ်ခိုင်း၍ ကားပေါ်မှ ဆင်းသွားကြလေ၏။

"ဘမော်နဲ့ ဒီည အပြတ်ဆွေးနွေးရမယ်၊ ဒီကောင်လုပ်တဲ့ ပြဇာတ်ဟာ မြန်မာပြဇာတ်တွေကို စော်ကားတာ၊ ပြဇာတ်ဆရာကြီးတွေဖြစ်တဲ့ ဦးပုည၊ ဦးကြင်ဥတို့လို ပုဂ္ဂိုလ်ကြီးတွေကို စော်ကားတာ" ဟု မာန်ဖိက ပြောလေ၏။

"ဘယ့်နှယ့်ကွာ...မင်းသမီးနဲ့ မင်းသားဟာလဲ မပေါင်းဘဲနဲ့ ဇာတ်သိမ်းလိုက်တယ်၊ ဒါမဖြစ်နိုင်ဘူး" ဟု မိုးပေါ်ကလူက ဆိုပြန်၏။

၎င်းတို့လေးဦးအား လိုက်ပို့သော ကားသမားလည်း စိတ်ညစ်၍ ၎င်းတို့အား ချထားပြီးလျှင် ပြန်၍သွားလေ၏။

၎င်းတို့လေးဦးသည် တာမွေအဝိုင်းကြီးပေါ်၌ ဆူပူအော်ဟစ်ကြလေ၏။

"ဘမော်ဆီ ပြန်သွားမယ်၊ ဒီကောင်ဟာ ဘုန်းကြီးကျောင်းသားပီပီ မနေဘူး၊ လူလည် တော်တော်လုပ်ချင်၊ ဒါကို



OBookShelf
blogspot.com



မကျေနပ်ဘူး" ဟု စာရေးဆရာသိန်းသန်းက ပြောလိုက်လေ၏။

"ဟုတ်တယ်၊ ပြီးတော့ ငါတို့ကို မဖိတ်ဘူး၊ ငါတို့က မဖိတ်ဘဲနဲ့ သူ့ကို ချီးမြှင့်ခဲ့ရတယ်၊ ဒီကျေးဇူးကို မထောက်ဘူး၊ ငါတို့ဝိုင်းထဲမှာ အရက်ကုန်နေတာတောင် ထည့်ပေးဖော် မရဘူး၊ လာ သွားမယ်၊ ဒီကောင့်ကို ပထမအကြိမ် အရက်ခွဲပစ်မယ်၊ ဒုတိယအကြိမ် ပြဇာတ်ကတဲ့အခါကျမှ ဒုက္ခပေးမယ်" ဟု မာန်ဖိက ပြောလိုက်ရာ ကျန်လူများက 'ဟုတ်တယ်' ဟု ထောက်ခံကြလေ၏။

ထို့နောက် ထိုလူလေးယောက်သည် ဘမော်တို့၏ အိမ်ဖက်သို့ ခြေဦးလှည့်ကြလေ၏။ မှောင်ရိပ်ကျသောနေရာသို့ ရောက်လျှင် ထိုလူလေးယောက်သည် "အား...အူး...အောင်မလေး ကယ်ပါဦး" ဟူသော အသံများ အော်ဟစ်ပြီးလျှင် နေရာ၌ ပုံလျက်သား လဲကျလေတော့၏။

ပတ္တရောင်ပုလိပ်များသည် ထိုအနီးသို့ရောက်လျှင် ထိုသူတို့အား လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ကြည့်ရှုကာ ဆေးရုံသို့ ပို့လိုက်ကြလေတော့၏။

နောက်တစ်နေ့ ဘမော်သည် ထိုလူလေးယောက် အရိုက်ခံရ၍ ဆေးရုံသို့ ရောက်ရှိနေကြောင်း သတင်းကြားလျှင်ကြားရချင်း ဆေးရုံသို့ သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားလေ၏။

"ကျွန်တော့်ရဲ့ဧည့်ခံပွဲကို လာလို့ အခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး ခင်ဗျာ" ဟု ဘမော်က ပြောလေ၏။

"အေး...ဟုတ်တယ်ကွ၊ မင်းတို့ဧည့်ခံပွဲကို လာတာ၊ ဧည့်ခံပွဲကို မရောက်ဘဲ လမ်းမှာတင်ပဲ အရိုက်ခံရပြီး ဆေးရုံကို ရောက်

http://obookshelf.blogspot.com



လာကြတာပဲ" ဟု ပဋ္ဌာမြားကလောင်က ပြောလေသည်။

"ဟုတ်တယ်" ဟု မာန်ဖီက ထောက်ခံလေ၏။

"ဘယ်ကလာ ဟုတ်ရမှာလဲ ဆရာတို့ရယ်၊ ညှော်ခံပွဲက အပြန်မှာ ဖြစ်တာမဟုတ်လား" ဟု ဘမော်က ပြောလျှင် ပဋ္ဌာမြားကလောင်က...

"ဟာ...ဒီကောင် အူကြောင်ကြောင်နဲ့၊ မင်းရဲ့ညှော်ခံပွဲကို ငါတို့ မရောက်သေးဘူးကွ၊ လမ်းမှာတင်ပဲ အရိုက်ခံရတာ" ဟု ဒေါနှင့်မောနှင့် ပြောလိုက်လေ၏။

အမှန်စင်စစ် ထိုသူတို့သည် ဘမော်၏ညှော်ခံပွဲ၌ မူးယစ်ရမ်းကားခဲ့သောအဖြစ်ကို ၎င်းတို့ကိုယ်တိုင် အမှတ်မရကြတော့ပေ။ ထိုသူတို့၏စိတ်၌ ညှော်ခံပွဲသို့ အသွား၌ပင် အရိုက်ခံခဲ့ကြရသည်ဟု စွဲမြဲစွာ မှတ်ထင်၍နေပြီ ဖြစ်၏။

**ဓလစာတော**၊ ယုတ်သောသဘော ရှိသောသူသည်။ **ပရေသံ**၊ သူတပါးတို့၏။ **တိလမတ္တံဝေ**၊ နှမ်းစေ့ခန့်မျှသာ ရှိသော။ **အပ္ပဒေါသဥ္စ-အပ္ပဒေါသံဝေ**၊ အနည်းငယ်သော အပြစ်ကိုလျှင်။ **ပဿတိ**၊ မြင်တတ်၏။ **ညာဥ္ဇီကေရံ**၊ အုန်းသီးလောက်ရှိသော။ **သဒေါသံပိ**၊ မိမိ၏ အပြစ်ကိုကား။ **နပဿတိ**၊ မမြင်တတ်။



OBookShelf .blogspot.com



## ကျုပ်တို့အားလုံး မီးလောင်ကြပြီ

ရွှေတိဂုံဘုရား အနောက်ဘက်မုခ်ရှိ မြေကွက်လပ်ကြီး၌ ဓာတ်ရုံဆောက်၍ ပြီးသည်နှင့်တစ်ပြိုင်နက် ဘမော် ဦးစီးသော မြကိန္နရီ ဓာတ်အဖွဲ့ကြီးသည် ထိုဓာတ်ရုံသို့ ပြောင်းရွှေ့လာခဲ့ကြလေ၏။

ဘမော်သည် ဓာတ်သမားများ ထမင်းစားနေချိန်၌ ဓာတ်ရုံနောက်ဖက်ရှိ အင်ဂျင်မီးစက်ကြီးအနီး၌ မတ်တတ်ရပ်ကာ တစ်စုံတစ်ခုကို စဉ်းစား၍နေလေ၏။

"ဘမော်" ဟု မြကိန္နရီက လှမ်း၍ခေါ်လိုက်သဖြင့် ဘမော်သည် မြကိန္နရီကို လှည့်၍ကြည့်လိုက်ပြီးလျှင် 'ဘာလဲ အစ်မလေး' ဟု ပြန်၍မေးလိုက်လေ၏။

"ဒီနေရာမှာ တစ်ခါတုန်းက ဓာတ်စီးစိန်လက်ညှိုးဟာ ဓာတ်အဖွဲ့ကြီးကို ပစ်ပြီး ထွက်သွားခဲ့တယ် မဟုတ်လား၊ နင်က လိုက်ပြီးခေါ်လို့ နင့်ကိုတောင် ဓားနဲ့ ထိုးသွားခဲ့တယ်လေ၊ အဲဒီမှာပဲ နင်ဟာ ဓာတ်စီးဖြစ်သွားခဲ့တာ မဟုတ်လား၊ အခု နင့်ရဲ့အဖြစ်

http://obookshelf.blogspot.com



အပျက်တွေကို ပြဇာတ်အဖြစ်နဲ့ ကကြရတော့မယ် ဘမော်" ဟု မြကိန္နရီက ပြောလေ၏။

"အစ်မလေးက ဒါတွေ မှတ်မိနေတယ်နော်" ဟု ဘမော်က ပြောလိုက်လေ၏။

"မှတ်မိနေတာပေါ့ ဘမော်ရယ်၊ ငါ့ရဲ့အသည်းနှလုံးထဲမှာ အဲဒီအကြောင်းတွေဟာ ကျောက်ထက်အက္ခရာ တင်ထားသလို စွဲစွဲမြဲမြဲ ရှိနေပါတယ်"

"အစ်မလေးက စကားတတ်လှချည်လား"

"စကားတတ်တာ မဟုတ်ပါဘူး၊ မှတ်မိနေတာကို ပြောတာပါ ဘမော်"

"ဘာလုပ်မလို့လဲ၊ တယော သွားယူပြီး တယော ထိုးပြမလို့လား ဘမော်" ဟု မြကိန္နရီက မချိပြုံးကလေး ပြုံး၍ မေးလိုက်ရာ...

"ဟုတ်တယ် အစ်မလေး၊ ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ တယောထိုးလိုက်မှ သက်သာသွားလိမ့်မယ် ထင်တယ်"

ထိုစဉ် "ဟေး...ဘမော် မီးလောင်ကုန်ပြီကွာ..." ဟု အော်လျက် ဦးညြဇာနှင့် စန္ဒယော်တို့သည် ဘမော်အနီးသို့ ရောက်ရှိ၍ လာကြလေ၏။

ထို့နောက် အော်စတင်ကားလေး တစ်စီးသည်လည်း ဘမော်တို့၏အနီးသို့ ရောက်လာပြီးလျှင် ကောလိပ်ကျောင်းသားကြီးနှင့် စက္ကဝက်ကြည်တို့သည် ညှိုးနွမ်းသောမျက်နှာနှင့် ကားပေါ်မှ ဆင်း၍လာကြလေ၏။

"မောင်ဘမော်ရေ...ခဲလေသမျှ သဲရေကျ ဖြစ်ရပြီကွာ.." ဟု ကောလိပ်ကျောင်းသားကြီးက ပြောလေ၏။



"ဘာဖြစ်လို့လဲ အစ်ကို" ဟု ဘမော်က ပြန်၍မေးလိုက်လေ၏။

"ဂျပန်နဲ့အင်္ဂလိပ် စစ်ကြေညာပြီလို့ မြန်မာ့အလင်းသတင်းစာ အချုပ်ပိုမှာ အဲဒီသတင်း ပါလာတယ်၊ မြို့ထဲမှာ ဂျပန်တွေကိုလဲ အင်္ဂလိပ်အစိုးရက လိုက်ပြီးဖမ်းနေပြီ၊ ဟာတာကုမ္ပဏီက ဂျပန်တွေကို ပန်းပဲတန်းဂါတ်က ဖမ်းနေတာတောင် ငါတို့တွေ့ခဲ့ရတယ်၊ စစ်ကြီး ဖြစ်လိမ့်မယ်"

"ဟုတ်တယ်...ငါတို့နှစ်ယောက်လဲ ခုပဲ ဘုရားပေါ်က ကြားခဲ့တယ်၊ တစ်ခုတော့ ရှိတယ်၊ အစိုးရက ပွဲမိန့်မှ မပိတ်သေးဘဲ၊ ကလို့ရပါတယ်" ဟု ဦးညြဇာက ပြောလေ၏။

"ကလို့တော့ ရတာပေါ့၊ ဒါပေမယ့် မြို့ကြီးတစ်ခုလုံး ဒါလောက် လှုပ်လှုပ်ရွရွ ဖြစ်နေမှတော့ ကျုပ်တို့ဇာတ်ကို ဘယ်သူက လာပြီးကြည့်မှာလဲ ဦးခင်းရဲ့" ဟု စန္ဒယော်က ပြောလေ၏။

"ဘယ်လိုလုပ်ကြမလဲ အစ်ကို" ဟု ဘမော်က မေးလေ၏။

"ဇာတ်သူဇာတ်သားတွေကို သူတို့ရဲ့မြို့ရွာကို အမြန်ဆုံး ပြန်နိုင်အောင် ငါတို့က စီစဉ်ပေးရမယ်၊ ပြီးတော့ ငါတို့လဲ တောကို ပြန်နေရမယ်" ဟု ကောလိပ်ကျောင်းသားကြီးက ပြောလေ၏။

ထို့နောက် ကောလိပ်ကျောင်းသားကြီးနှင့် ဘမော်တို့သည် ဇာတ်သူဇာတ်သားတို့အား အိမ်သို့ ပြန်၍ခေါ်သွားကြပြီးလျှင် ယင်းတို့၏နေရပ်များသို့ ပြန်နိုင်ရန် စီစဉ်ပေးလေ၏။ ကောလိပ် ကျောင်းသားကြီးသည် လမ်းစရိတ်ကိုသာ မဟုတ်ဘဲ နေရပ်သို့ ရောက်လျှင် ရင်းနှီးစားသောက်နိုင်ရန်အတွက်ပါ ငွေများ ထုတ်ပေးလေ၏။

http://obookshelf.blogspot.com



ဘမော်မှာမူ မီးရထားဘူတာရုံ၊ အဝေးပြေးကား စသော ယာဉ်များဖြင့် စာတ်သမားများကို အသုတ်လိုက် အသုတ်လိုက် တင်ပို့ခဲ့လေသည်။ ထိုနေ့ကား (၁၉၄၁)ခုနှစ်၊ ဒီဇင်ဘာလ(၈)ရက် နေ့ ဖြစ်ပေသတည်း။

ဘမော်၊ ကောလိပ်ကျောင်းသားကြီး၊ စက္ကဝက်ကြည်၊ မြကိန္နရီနှင့် စာတ်အဖွဲ့သားအားလုံးမှာ မမျှော်လင့်သော ကံကြမ္မာ ဆိုးကြောင့် ခဲလေသမျှ သဲရေကျ ဖြစ်ကြရလေတော့၏။

လောကေ၊ လောကဍ္ဍိ။ **ဝိဇ္ဇာသမံ**၊ အတက်နှင့်တူသော။ **မိတ္တံ**၊ အဆွေခင်ပွန်းမည်သည်။ **နတ္ထိ**၊ မရှိ။ **ဗျာဓိသမော**၊ အနာနှင့်တူသော။ **ရိပု**၊ ရန်သူမည်သည်။ **နစအတ္ထိ**၊ မရှိ။ **အတ္တသမံ**၊ ကိုယ်နှင့်တူသော။ **ပေမံ**၊ ချစ်သောသူ မည်သည်။ **နစအတ္ထိ**၊ မရှိ။ **ကမ္မသမံ**၊ ကံနှင့်တူသော။ **ဗလံ**၊ အားမည်သည်။ **နစအတ္ထိ**၊ မရှိ။

❖ ❖ ❖





## တောမီးလောင် တောကြောင်လက်စမောင်းစတ်

(၁၉၄၁၊၁၂၊၁၁)ရက်နေ့တွင် တနင်္သာရီ၌ ဂျပန်က ပထမ ဆုံး အကြိမ် ဗုံးကြဲလေ၏။ ထိုသတင်းကို (၁၉၄၁၊၁၂၊၁၂)ရက်၊ သောကြာနေ့ထုတ် သူရိယသတင်းစာက ဖော်ပြရေးသားခဲ့လေ ၏။

(၁၃)ရက်၊ စနေနေ့တွင် ရန်ကုန်မြို့၌ ပထမဆုံး လေ ကြောင်း အန္တရာယ် အချက်ပေးဥသြ ဆွဲလေ၏။ ကောလိပ် ကျောင်းသားကြီးသည် အတွင်းပစ္စည်းများကို ယူ၍ စက္ကဝက် ကြည်၊ မြကိန္နရီနှင့် ဘမော်တို့ကို ခေါ်ကာ သင်္ဘောဆိပ်သို့ ထွက်၍ လာလေ၏။

သင်္ဘောများမှာ ဥသြသံကြားလျှင် တွံတေးချောင်းဝ ဘက်သို့ ခွာ၍ပေးရလေ၏။ ဥသြ(ခေါ်)ရန်မရှိတော့ကြောင်း အချက်ပေးသော ဥသြဆွဲခါမှပင် ရန်ကုန်ဆိပ်ကမ်းသို့ ပြန်၍ကပ် လေ၏။ အကယ်၍ လူပြည့်နေပါက ပြန်၍မကပ်တော့ဘဲ တစ်ခါ တည်း ဆက်လက် ခုတ်မောင်းလေတော့၏။

http://obookshelf.blogspot.com



ဘမော်တို့သည် သင်္ဘောပေါ်သို့ ပစ္စည်းများတင်၍ မြကိန္နရီနှင့် စက္ကဝက်ကြည်တို့အား နေရာချထားပေးလေ၏။ ဘမော်တို့ လိုက်မည့်သင်္ဘောမှာ မထွက်သေးပေ။ ဘမော်သည် စက္ကဝက်ကြည်၊ မြကိန္နရီနှင့် ကောလိပ်ကျောင်းသားကြီးတို့ လမ်းတွင်စားသောက်ရန်အတွက် ထမင်းထုပ်ကို ကမ်းနားရှိ ကုလားထမင်းဆိုင်၌ သွားရောက်ဝယ်ယူနေ၏။ ထိုအချိန်၌ လေကြောင်းဥဩဆွဲသဖြင့် လူများသည် အဝီစိပွက်သည့်အလား အော်ဟစ်၍ ပုန်းအောင်းကြလေ၏။

သင်္ဘောမှာမူ ကမ်းမှ အပြီးအပိုင်ခွာ၍ ထွက်သွားတော့၏။ ဥဩဆွဲသဖြင့် ဘမော်သည် ပုန်းအောင်းနေရာမှ သင်္ဘောဆီသို့ ပြန်၍လာရာ သင်္ဘောသည် ထွက်ခွာသွားပြီ ဖြစ်လေသည်။ ဘမော်သည် သင်္ဘော၏ပဲ့ပိုင်းကို လှမ်းမျှော်ကြည့်ရင်း ဝမ်းနည်း၍သွားလေ၏။ ထို့နောက် ကမ်းနားလမ်းအတိုင်း လျှောက်၍လာခဲ့လေ၏။ လမ်းဆုံလမ်းခွများ၌လည်း (၄၈)နာရီအတွင်း မြို့တွင်းမှထွက်ခွာသွားရန် ကြော်ငြာများ ကပ်၍ထားလေ၏။

ဘမော်သည် စိတ်ပျက်လက်ပျက်နှင့် လျှောက်လာခဲ့ပြီးလျှင် ကမ်းနားလမ်းမှ ရွှေတိဂုံဘုရားလမ်းအတိုင်း ချိုးဝင်၍ သိမ်ကြီးဈေးဘက်သို့ လျှောက်၍လာလေ၏။ မည်သည့်နေရာ၌ မီးလောင်နေသည် မသိပေ။ ကောင်းကင်၌ မီးခိုးလုံးကြီးများ တလိပ်လိပ် တက်၍နေသဖြင့် နေရောင်ပင် မထိုးတော့ပေ။

လူများသည် တုတ်များ၊ ဓားများကို ကိုင်၍ ကိုယ့်အစုနှင့်ကိုယ် သွား၍နေကြလေ၏။ သိမ်ကြီးဈေးသို့ရောက်လျှင် ဘမော်သည် ကွမ်းယာဆိုင်ရှေ့၌ ကျ၍နေသော ဆေးပေါ့လိပ်တိုလေးကို ကောက်ယူကာ မီးညှိလိုက်လေ၏။



OBookShelf .blogspot.com



လူများသည် သိမ်ကြီးဈေးကို ဖောက်၍ မိမိကြိုက်နှစ်သက်သောပစ္စည်းကို ထမ်းပိုးသယ်ယူနေကြလေ၏။ ဘမော်သည် ကြည့်၍ ကောင်းသလိုလိုနှင့် ထိုင်၍ကြည့်နေလေ၏။

ဘမော်သည် မည်မျှကြာကြာ ထိုင်၍ကြည့်နေမိသည် မသိပေ။ ဆေးလိပ်တစ်လိပ်ပင် ကုန်၍သွားလေ၏။ ထို့ကြောင့် ခံတွင်းချဉ်လာသဖြင့် ကွမ်းယာဆိုင်အနီးသို့ သွားကာ ဆေးလိပ်ရှာရပြန်၏။ ပလက်ဖောင်းကျောက်ပြားကြားတွင် ညပ်၍နေသော ဆေးလိပ်သစ်တစ်လိပ်ကို တွေ့သဖြင့် ဆွဲယူလိုက်စဉ်၌ပင် တစ်စုံတစ်ယောက်သည် ၎င်း၏လက်ကို ဖမ်းကိုင်လိုက်ပြီးလျှင်...

"ဟ...ကောင်ရ၊ တိုင်းပြည်ပျက်နေတာတောင် သူများသယ်လို့ ကျသွားတဲ့ ဆေးပေါ့လိပ်ကို သောက်ရသလားကွ၊ ရော့ ပိုလို" ဟု ဆိုကာ ပိုလိုစီးကရက်တစ်ဘူးကို ပစ်၍ပေးလိုက်သဖြင့် ထိုသူအား သေသေချာချာ ကြည့်လိုက်ရာ ဦးအောင်ကြီး ဖြစ်နေကြောင်း အံ့ဩဖွယ်ရာ တွေ့မြင်ရလေ၏။

"နေရာကျတာပဲ၊ မင်းနဲ့တွေ့ရတာ၊ ရော့...ဟောဒီဟာတွေ ယူပြီးစောင့်နေဦး၊ ငါ သွားပြီးသယ်လိုက်ဦးမယ်" ဟု ဆိုကာ ဦးအောင်ကြီးသည် ပခုံးပေါ်မှ ထမ်း၍လာသော ပိတ်အုပ်ကြီးကို ဘမော်အနီး၌ ချပြီးလျှင် ဈေးဘက်သို့ တစ်ခေါက် ထွက်သွားလေ၏။ တအောင့်မျှကြာလျှင် ဦးအောင်ကြီးသည် တူဘရယ်ကိုး ပိတ်အုပ်များကို ထမ်း၍ ပြန်လာပြန်၏။

"ဟန်ကျတယ်ဟေ့...ပျော်စရာကြီးပဲကွ" ဟု ဦးအောင်ကြီးက နဖူးမှ ချွေးများကိုသုတ်ရင်း ပြောလေ၏။

"တိုင်းပြည်ပျက်တာကို ပျော်စရာလို့ ပြောရက်ပလေဦးလေးရယ်" ဟု ဘမော်က မရှိုတင်ကဲ လေသံဖြင့် ပြောလိုက်

http://obookshelf.blogspot.com



လေ၏။

"ဟကောင်ရ၊ တိုင်းပြည်ကောင်းတုန်းက ငါတို့လိုကောင်မျိုး အဲဒီအထည်ဆိုင်နား သွားရင် ရောင်းနေတဲ့ကုလားက အလစ်သုတ်မယ့်ကောင်မှတ်ပြီး မောင်းထုတ်ခဲ့တာကွ၊ အခုလို တစ်ပြားမှ မပေးရဘဲ အလကားသယ်ရတာ ဘယ်မှာ မပျော်ဘဲ နေမှာလဲကွ" ဟု ဦးအောင်ကြီးက ပြောလိုက်လေ၏။

"ဒါလောက် အများကြီးကို ဘာလုပ်ဖို့ သယ်နေရတာလဲဗျား၊ ခင်ဗျားနဲ့ ခင်ဗျားမိန်းမ ဝတ်လောက်ရုံ ယူရင်ပြီးတာပဲ" ဟု ဘမော်က စီးကရက်သောက်ရင်း ပြောလိုက်လေ၏။

"ငါ့လူရ၊ မင်းက လောဘကြီးပြီး သယ်နေတယ် မှတ်လို့လားကွ၊ ငါ့အတွက် မဟုတ်ဘူး၊ မရှိဆင်းရဲတဲ့လူတွေကို ဝေဖို့ကွ၊ စစ်ကြီးက ဘယ်လောက်ကြာအောင် ဖြစ်နေမယ် မဆိုနိုင်ဘူး၊ အဝတ်အထည် မရှိလို့ မဖြစ်ဘူးကွ၊ လာ လိုက်ခဲ့" ဟု ဆိုကာ အထည်ထုပ်များကို ထမ်းလေ၏။

"ဘယ်ကိုသွားမှာလဲ ဦးလေး"

"ငါ့လူရ၊ မဂိုလမ်း(ယခု ရွှေဘုံသာလမ်း)က ဘာဘူစိန်တိုက်တွေကို ဖောက်ဦးမယ်ကွာ၊ ဒီကောင်တွေ သူတို့ရွှေတွေကို အကုန် မယူနိုင်ပါဘူးကွာ၊ ကျန်ဦးမှာပါ"

"ရွှေတွေ ဘာလုပ်ဖို့လဲဗျ"

"ဒီကောင် တော်တော်အတဲ့ အကောင်ပဲ၊ ရွှေဆိုတာ သစ္စာအရှိဆုံး သတ္တုဝါတစ်မျိုး ဖြစ်တယ်ကွ၊ ဘယ်တော့မှ တန်ဖိုးမကျဘူး၊ လာစမ်းပါကွာ"

မဂိုလမ်း(ယခု ရွှေဘုံသာလမ်း)သို့ ရောက်လျှင် အထည်ထုပ်များကို ချထား၍ အခြေအနေကို ကြည့်ရှုလေ၏။ လူများ





သည် ကိုယ့်အုပ်စုနှင့်ကိုယ် စိန်တိုက်များနှင့် ရွှေဆိုင်များကို ထင်သလို ဖောက်၍နေကြလေ၏။

"ဟား...ဟား...စစ်ဖြစ်တယ်ဆိုတာ အခိုက်အတန့်အားဖြင့် အုပ်ချုပ်မှုကင်းမဲ့တဲ့ ကာလပဲကွ၊ ဒီတော့ လုကြမယ် ယက်ကြမယ်၊ ဖောက်ထွင်းမှုတွေ လုပ်ကြမယ်၊ ဒါ ဓမ္မတာပဲ၊ ဒါပေမယ့် လူ့သက်တမ်းမှာ ဒါမျိုး ကြုံခဲပါတယ်"

ဦးအောင်ကြီးက ပြောလေ၏။ ထို့နောက် လမ်းတစ်လျှောက် တွေ့သည့်အဝတ်ထုပ်များကို ဦးအောင်ကြီးက နိုင်သမျှ ထမ်းကာ ဆက်လျှောက်လာကြသည်။

"နေပါဦးဗျ၊ ဦးလေး ရန်ကုန်ရောက်နေတာ ဘယ်လောက် ကြာပြီလဲ" ဟု ဘမော်က မေးလေ၏။

"ကြာပြီကွ၊ တစ်လလောက်ရှိပြီ၊ သတင်းစာတွေ ဖတ်ကြည့်ပြီး တိုင်းပြည်ပျက်တော့မှာ သိတာနဲ့ ရန်ကုန်ကို ဆင်းလာတာပဲ"

"ဦးလေးမိန်းမကော"

"ငါ့မိန်းမကတော့ မန္တလေးမှာ ဝက်သားဟင်း ရောင်းလျက်ပါပဲ၊ ဟဲ...ဟဲ"

"ဦးလေးကတော့ တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုတာလို' လုဖို့ယက်ဖို့ ရန်ကုန်ကို ဆင်းလာတယ် ဆိုပါတော့"

"မဟုတ်ဘူးကွ၊ တိုင်းပြည် ဗရုတ်ဗရက်ဖြစ်ရင် ငါတို့လို ဆိုးခဲ့မိုက်ခဲ့တဲ့လူတွေ အရင်သေတတ်တယ်ကွ၊ အရင်က ငါတို့ အနိုင်ကျင့်ခဲ့တဲ့လူတွေက တို့ကို ပြန်ပြီးသတ်မယ် မဟုတ်လား၊ ဒါကြောင့် ဒီကို ဆင်းလာတာကွ၊ မင်းရဲ့ ဧည့်ခံပွဲနေ့ကပေါ့ကွာ၊



OBookShelf
.blogspot.com

http://obookshelf.blogspot.com



မင်းကို ဒုက္ခပေးမယ့် လူလေးယောက်ကိုတောင် အဲဒီညက ငါက ဆုံးမလွှတ်လိုက်ရသေးတယ်"

"ဗျာ...အဲဒါ ဦးလေးလက်ချက်ကိုး"

ဘမော်သည် ဦးအောင်ကြီးနှင့် လိုက်ပါခဲ့ပြီးနောက် စတော့ကိတ်သို့ ရောက်လျှင် လမ်းခွဲခဲ့လေ၏။ ဦးအောင်ကြီးက သူနှင့် အတူတူနေရန် အတန်တန်ပြောသော်လည်း ဘမော်က မနေလိုကြောင်းပြော၍ လမ်းခွဲခဲ့ပေသည်။

ဘမော်သည် ကောလိပ်ကျောင်းသားကြီးရှိရာ မအူပင်မြို့သို့ မသွားဘဲ ရန်ကုန်မြို့ အနီးတစ်ဝိုက်၌ပင် နေထိုင်ပြီး ကြုံရာအလုပ်ကို လုပ်ကိုင်စားသောက်ပြီး နေလေ၏။ တိုင်းပြည်ပျက်နေစဉ်၌ မိမိ၏ဝန်ထုပ်ဝန်ပိုးကို ကောလိပ်ကျောင်းသားကြီးပေါ်၌ ပုံ၍မထား မိမိဘာသာ ရုန်းကန်၍ ရပ်တည်နေလိုပေသည်။

ဤသို့နေခဲ့ရာ သုံးလမျှကြာသော (၁၉၄၂)ခု၊ မတ်လ (၃)ရက်နေ့တွင် ရန်ကုန်မြို့သည် ဂျပန်တို့၏ လက်အောက်သို့ ကျရောက်ခဲ့လေတော့၏။

စစ်သေနာပတိကြီး ရှိကျိအီဒါး၏ လက်အောက်သို့ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး ကျရောက်ခဲ့ပေပြီ။ ရန်ကုန်မြို့ကိုမူ ကာနယ်ဟီရာအိုကာဟု ခေါ်သည့် စစ်ဗိုလ်ကြီးက အုပ်ချုပ်လေတော့၏။

ထိုအချိန်ကာလကိုကား ကျွန်ုပ်တို့ မြန်မာအမျိုးသားတို့က ဂျပန်ခေတ်ဟု ခေါ်ကြလေသည်။

❖ ❖ ❖





## မင်း မကယ်လို့ ဘယ်သူကယ်မလဲ

ဘမော်သည် ဂျပန်ခေတ် အစပိုင်းတွင် သံတိုသံစပွဲစား မဖြစ်နှင့် လုပ်ကိုင်ခဲ့ပြီးနောက် ထိုမှတစ်ဖန် ကြက်တန်းဟု ခေါ်သော နေရာအနီး၌ ကြီးကျယ်သောနှင့် ဖျော်သော လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင် ဖွင့်လှစ်ကာ အသက်မွေးဝမ်းကျောင်း ပြု၍နေရလေ၏။

ဘမော်သည် သူ၏လက်ဖက်ရည်ဆိုင်ကလေးကို 'မြကိန္နရီ လက်ဖက်ရည်ဆိုင်' ဟု အမည်ပေးကာ ဆိုင်းဘုတ်ချိတ်၍ ထားလေ၏။ ကိုယ်တိုင်ဖျော်၍ ကိုယ်တိုင် စားပွဲထိုး လုပ်လေ၏။ ထိုဆိုင်ကလေး၌ပင် အိပ်စက်လေ၏။

တစ်နေ့သ၌ ဘမော်သည် ဆိုင်ကို စောစီးစွာပိတ်၍ စိတ်ပြေလိုသည့်သဘောနှင့် မြို့ထဲဘက်သို့ လျှောက်လာခဲ့ရာ မြန်မာတစ်ဦးအား ဂျပန်နှစ်ယောက်က ပါးရိုက်နေသည်ကို ဝမ်းနည်းစွာ တွေ့ရသဖြင့် ရှေ့သို့ ဆက်၍မလျှောက်တော့ဘဲ မိမိ၏ဆိုင်သို့ ပြန်လာခဲ့လေ၏။

http://obookshelf.blogspot.com



ဆိုင်သို့ မရောက်မီ၌ အမျိုးသမီးတစ်ဦး ရောင်းချသော ထမင်းဆိုင်၌ ညစာထမင်းကို ဝင်၍ စားသောက်ရာ၌လည်း ဂျပန်စစ်သားများသည် ဆိုင်တွင်းရှိ လူနှစ်ယောက်အား ရိုက်လားနှက်လား လုပ်သည့်အပြင် ထမင်းရောင်းသော အမျိုးသမီးကိုပါ စော်ကားရန် ကြံသဖြင့် မြန်မာလူငယ်များက ဝိုင်းဝန်းရိုက်နှက်သည့် မြန်မာ့သတ္တိပြပွဲကလေးတစ်ပွဲကိုလည်း တွေ့မြင်ခဲ့လေ၏။

ထို့နောက် ဘမော်သည် စိန်ပေါကျောင်းဝင်း၏ နံဘေးတွင် ထိုင်လျက် ဆေးလိပ်သောက်ရင်း တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစား၍ နေလေ၏။ ထိုစဉ်းစားမှုထဲတွင် ဂျပန်၏ရက်စက်ပုံ၊ ရိုင်းစိုင်းပုံများလည်း ပါဝင်ပေသည်။

ဘမော်သည် မိမိ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကိုသာ မဟုတ်ဘဲ တစ်တိုင်းတစ်ပြည်လုံးနှင့် ဆက်နွယ်နေသည့်ကိစ္စကိုပါ ထည့်သွင်းစဉ်းစားပြီးနောက် မိမိ၏ လက်ဖက်ရည်ဆိုင်ကလေးသို့ ပြန်၍လာလေ၏။

ဆိုင်တံခါး ပြုလုပ်ထားသော ကျူထရံ ကဲလားတံခါးကို ဖွင့်ပြီးနောက် ဆိုင်တွင်းသို့ ဝင်လိုက်ကာ မှန်အိမ်ကို ထွန်းညှိလိုက်လျှင် ထူးဆန်းသော အခြင်းအရာကို တွေ့ရလေ၏။

လူတစ်ယောက်သည် စားပွဲခုံနှစ်လုံးကို ဆက်၍ ဒလီဖျင်ဖြင့် ပြုလုပ်ထားသော ဘမော်၏ အိပ်ယာလိပ်ကို ခင်းကာ စန့်စန့်ရန့်ရန့် အိပ်စက်နေလေ၏။ ဘမော်သည် မှန်အိမ်အလင်းရောင်ကို တင်လိုက်ပြီးနောက်...

"ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

"ငါပါကွ၊ အိပ်ချင်တာနဲ့ အိပ်နေတာပါကွာ" ဟု ထိုသူက အိပ်၍နေရာမှ ထလေ၏။





"ဟင်...ဦးလေးပါလား"

"အေးကွ၊ အရေးကြီးလို့ လာခဲ့တာပဲ"

"ဘာလဲ၊ တိုင်းပြည်ပျက်ပြန်ပြီလား၊ ပစ္စည်းသယ်ဖို့လား၊ ဂိုဒေါင်ဖောက်ဖို့လား၊ မလိုက်နိုင်ဘူး"

"မဟုတ်ပါဘူးကွ၊ ကိစ္စက မင်းရဲ့ကိစ္စပါ"

"ကျွန်တော့်ကိစ္စ ဟုတ်လား၊ ဘာကိစ္စလဲ၊ ဦးလေး မလိမ့်တပတ်တော့ မလုပ်နဲ့ဗျာ"

"မင်းကလဲကွာ"

"ကျွန်တော့်ကိစ္စဆိုတာ ဘာလဲ"

"သီသီကို တွေ့ပြီ"

"ဟင်...ဟုတ်လား၊ သီသီဆိုတာ နာမည်တူတွေ အများကြီးပါဗျာ"

"ဒါကြောင့် မင်းကို လာပြီးခေါ်တာပေါ့၊ ဟုတ်မဟုတ် မင်းလိုက်ကြည့်ပါ၊ ဟုတ်ဖို့ကတော့ များတယ်၊ သူ့အဖေက အင်္ဂလိပ်အစိုးရလက်ထက်မှာ ရေးဟောင်းနဲ့ဆိုင်တဲ့ အရာရှိကွ၊ ပြည်မှာ ရေနစ်လို့ သေသွားတာဆိုပဲ၊ ဒီအချက်က မင်း ငါ့ကို ပြောပြဖူးတဲ့ အချက်နဲ့ ကိုက်ညီတယ်"

"ကဲ...ဒီလိုဆိုရင် သွားကြည့်ရအောင် ဦးလေး"

"အခုသွားလို့ မရဘူးကွ"

"ဦးလေးကလဲ ဈေးကိုင်နေပြန်ပြီဗျာ"

"ဈေးကိုင်တာ မဟုတ်ဘူးကွ၊ သီသီက အခု ဘယ်မှာမှတ်လို့လဲ"

"မသိဘူးလေ"

"ဂျပန်ကင်ပေတိုင် စစ်အချုပ်ထဲမှာကွ"

http://obookshelf.blogspot.com



"ဗျာ"

"သူ့ဦးလေးဆိုတာလဲ ပါတယ်"

"သူက ဘာအမှုနဲ့ စစ်အချုပ်ထဲ ရောက်နေတာလဲ"

"ဒီလိုကွ၊ သူတို့အိမ်ကိုလာတဲ့ ဧည့်သည်ကို ဂျပန်ကင်ပေက မသင်္ကာလို့ ဖမ်းပြီးစစ်လိုက်တဲ့အခါမှာ ခြောက်လုံးပြူးတစ်လက် မိတယ်၊ အဲဒါကွာ ဧည့်သည်ကလဲ မဟုတ်ဘူးလို့ ငြင်းနေတယ်၊ ဒီတော့ ဧည့်သည်ရော၊ သီသီရဲ့ဦးလေးရော၊ သီသီတို့အိမ်မှာ တောက်တိုမယ်ရ လုပ်နေတဲ့ အဒေါ်ကြီးရော အကုန်လုံးကို ဖမ်းထားတာ၊ အဲ...အဲ...တောက်တိုမယ်ရလုပ်တဲ့ အဒေါ်ကြီးကတော့ကွာ ဂျပန်က တစ်ချက်ထောင်းရုံ ရှိသေးတယ် သေပါလေရော၊ ဟား...ဟား...ဟား"

"ဟာ...ဦးလေးကလဲ ဒါ ရယ်စရာလားဗျာ"

"မရယ်လို့ ငါက ငိုနေရမှာလားကွ"

"နေစမ်းပါဦး၊ ဂျပန်စစ်အချုပ် ရောက်နေတာကို ဦးလေး ဘယ်လိုလုပ်ပြီး သိခဲ့တာလဲ"

"ငါက အဲဒီစစ်တပ်ထဲကို ဟင်းရွက်ဟင်းသီး ပို့ရတဲ့ ကန်ထရိုက်လေကွာ"

"ဦးလေး မဂိုလမ်း(ယခု ရွှေဘုံသာလမ်း)က ဘာဘူတိုက်ကို ဖောက်ပြီး သယ်ခဲ့တဲ့ရွှေတွေ ကုန်ပြီလား"

"မြင်မကောင်းအောင် ဆင်းရဲတဲ့လူတွေကို ဝေပေးလိုက်ပါပြီကွာ၊ ငါကတော့ တစ်ပြားဆို တစ်ပြားမှ မစားပါဘူး၊ မင်းကိုတောင် ငါက မပေးခဲ့မိဘူး"

"ကျွန်တော်လဲ မယူပါဘူး"

"ငါကလဲ သိပါတယ်ကွ၊ မင်းဟာ ဒီလိုပစ္စည်းမျိုးကို မ





မက်ဘူးဆိုတာ သိပါတယ်၊ ဟဲ...ဟဲ အဲဒီတုန်းက ဆိုင်တွေဖောက်ပစ္စည်းတွေသယ်၊ လုပ်ခဲ့တာဟာ လိုချင်လို့ မဟုတ်ဘူးကွ၊ ငါ့ရဲ့ ဝါသနာပဲ ဘမော်"

"ထားလိုက်ပါတော့ဗျာ၊ သီသီကိစ္စက ဘယ်လိုလုပ်ကြမှာလဲ"

"မနက်ကို အဲဒီမှာ ကုန်စိမ်းသွားပို့ရမယ်၊ မနက်လေးနာရီလောက် ပို့ရတယ်၊ အဲဒီတော့ မင်းလိုက်ခဲ့၊ သီသီနဲ့ သူ့ဦးလေး ချုပ်ထားတဲ့ အချုပ်ခန်းဘေးနားက ဖြတ်ပြီးသွားရတယ်၊ သီသီဖြစ်တာ သေချာပြီဆိုရင် မင်းရဲ့စွန့်စားခန်းပဲ၊ ဟဲ...ဟဲ...မိသွားရင်တော့ ဂျပန်က လက်သည်းခွာမယ်၊ လျှာကိုဖြတ်မယ်၊ ပြီးမှ မင်းကို သတ်မှာ၊ ဟား...ဟား...ဟား"

ဦးအောင်ကြီးသည် ဟက်ဟက်ပက်ပက် ရယ်မောလေတော့၏။

ဘမော်မှာမူ ငြိမ်၍ နားထောင်နေလေ၏။ သို့ရာတွင် သူ၏ရင်တွင်းမှာမူ ပူလောင်လျက် ရှိလေ၏။

"ဟဲ...ဟဲ...ဟဲ...ဘမော်၊ မင်း ဘယ်လိုဆုံးဖြတ်သလဲ ဘမော်"

ဦးအောင်ကြီး၏စကားကို ဘမော် မကြားချေ။ ဘမော်၏ မျက်စိထဲ၌ သီသီ၏ ချစ်စဖွယ် မျက်နှာလေးကိုသာ နိမိတ်ပုံရိပ်ထင်၍ နေလေ၏။

"ခုချိန်လောက် ဆိုရင်တော့ကွာ၊ မင်းရဲ့ သီသီလေးဟာ အချုပ်ခန်းထဲမှာ တစ်ယောက်တည်း ကြောက်နေရှာရောမယ်"

ဦးအောင်ကြီးမှာ ဆေးလိပ်တိုကို မီးညှိ၍ ဖွာရှိုက်ပြီးလျှင်..

"ဟဲ...ဟဲ...ဟဲ...ဂျပန်ကင်ပေတိုင်တွေက ရက်စက်တဲ့

http://obookshelf.blogspot.com



နေရာမှာလဲ ငရဲမင်းတောင် အရှုံးပေးရတဲ့ကောင်တွေ၊ လျှာဖြတ်ရမှာလဲ ဝန်မလေးဘူး၊ လက်သည်းခွံကို နွာရမှာလဲ ဝန်မလေးဘူး၊ ပြီးတော့ ဟဲ…ဟဲ မုဒိမ်းမှုကို ကျူးလွန်ရမှာကိုတော့ ထမင်းစားရေသောက်"

ဦးအောင်ကြီး၏ စကားမဆုံးမီ၌ပင် ဘမော်သည် ထိုင်နေရာမှ ရုတ်တရက် ထလိုက်ပြီးလျှင်…

"သီသီကို ကျွန်တော် သွားကယ်မယ်"

"ဟား…ဟား…ဟား…အေးပေါ့ကွ၊ မင်း မကယ်လို့ ဘယ်သူက ကယ်မှာတုန်း၊ အမှန်ကတော့ သီသီမှ မဟုတ်ဘူး၊ မြန်မာအမျိုးသမီးလေးတစ်ယောက် ဂျပန်စစ်ဘီလူးတွေလက်ထဲ ကျရောက်နေတယ်ဆိုတာ သိတဲ့ မြန်မာတိုင်းမှာ ကယ်ဆယ်ဖို့တာဝန်ရှိတယ်"

ထို့နောက် ဦးအောင်ကြီးနှင့် ဘမော်တို့သည် သီသီကို ကယ်ဆယ်ရန်အတွက် အသေးစိတ် တိုင်ပင်ဆွေးနွေးကြပြီးလျှင် အိပ်စက်ကြလေ၏။ အိပ်ကြသည်ဆိုရာ၌လည်း ဦးအောင်ကြီးကသာ အိပ်ပျော်၍ ဘမော်မှာ အိပ်၍မရဘဲ ရှိလေ၏။

နံနက်နှစ်နာရီလောက်တွင် ဦးအောင်ကြီးသည် အိပ်ရာမှ နိုးလာပြီးလျှင် ဆေးပြင်းလိပ်ကို မီးညှိ၍ 'ဟေ့…ဘမော် လာ' ဟု ဆိုကာ ခေါ်သွားလေ၏။

ကုန်စိမ်းကြိုသော မော်တော်ကားကြုံတစ်စီးနှင့် အင်းစိန်သို့ လိုက်ခဲ့ကြလေ၏။ အင်းစိန်လမ်းဆုံသို့ ရောက်လျှင် ဦးအောင်ကြီး၏ ကုန်စိမ်းလှည်းနှစ်စီးကို တွေ့ရလေ၏။ ဦးအောင်ကြီးသည် လှည်းသမားများကို ငွေများရှင်းပေးပြီးနောက် လှည်းတစ်စီးကို တက်၍မောင်းလေ၏။



OBookShelf
blogspot.com



"ဘမော်…မင်းက ဟိုလှည်းကို မောင်းပြီး ငါ့နောက်လိုက်ခဲ့" ဟု ဆိုသဖြင့် ဘမော်လည်း ကျန်လှည်းတစ်စီးကို တက်၍ မောင်းကာ ဦးအောင်ကြီးနောက်မှ လိုက်ခဲ့လေ၏။ ကြို့ကုန်းအလွန်ရှိ ဂျပန်စစ်တပ်ဂိတ်ဝသို့ ရောက်လျှင် ဂျပန်စစ်သားက ဂျပန်လို မေးသည်ကို ဦးအောင်ကြီးက ဂျပန်လို ပြန်၍ဖြေလိုက်လျှင် လှည်းကို ဝင်ခွင့်ပြုလိုက်လေ၏။

"သီသီတို့ ချုပ်ထားတဲ့အခန်းနားကို ရောက်ရင် လှည်းကို ဖြည်းဖြည်းမောင်းမယ်၊ သူ့ဦးလေးနဲ့ သူတို့ရွှေညည်သည်က ဒီဖက်အခန်းမှာ၊ အချုပ်ခန်းမှာတော့ အစောင့်မရှိဘူး၊ ဟိုက မီးဖိုဖက်မှာ အစောင့်တစ်ယောက် ရှိတယ်၊ ဒီနေရာမှာက စစ်တပ်ဆိုပေမယ့် စစ်သား များများစားစား မရှိဘူး၊ ကင်ပေတိုင်ရုံးဆိုတော့ စစ်သားနည်းနည်းပါးပါးပဲ ရှိတယ်၊ စစ်ဗိုလ်ကြီးတွေကလဲ ဒီမှာ မအိပ်ဘူးကွ" ဟု ဦးအောင်ကြီးက အော်ကျယ်အော်ကျယ် ပြောလေ၏။

"တိုးတိုးလုပ်ပါ ဦးလေး" ဟု ဘမော်က သတိပေးလိုက်လျှင် ဦးအောင်ကြီးက ဟက်ဟက်ပက်ပက် ရယ်မောလေတော့၏။

"ငါ့အသံက သေမင်းကို အော်ခေါ်နေတဲ့အသံ ဖြစ်နေပြီလား၊ ဟား…ဟား…ဟေ့…ဟေ့…ဟိုမှာကြည့်စမ်း၊ အဲဒါ သီသီ မဟုတ်လား" ဟု ဆိုသဖြင့် ဘမော်လည်း အချုပ်ခန်းဆိုသည့်ဘက်သို့ ကြည့်လိုက်ရာ သစ်သားတန်းကလေးများဖြင့် ကာရံထားသော ဖြစ်ကတတ်ဆန်းနိုင်လှသည့် အချုပ်ခန်းနှင့် အချုပ်ခန်းအတွင်း၌မှ မိန်းကလေးကို မီးရောင်အောက်တွင် တွေ့ရလေ၏။ ဘမော်သည် ထိုမိန်းကလေးကို သေသေချာချာ ကြည့်၍နေ၏။ အဖြေမပေးနိုင်ပေ။

http://obookshelf.blogspot.com



"မင်းကလဲကွာ ကိုယ်ရည်းစားတောင် ဒါလောက် အကြာကြီး ကြည့်နေရသလား၊ မမှတ်မိဘူးလား" ဟု ဦးအောင်ကြီးက ပြောလိုက်လေ၏။

"ရည်းစား မဟုတ်ပါဘူး၊ ငယ်ငယ်တုန်းက တွေ့ခဲ့ဖူးတဲ့ ကစားဖော် ကစားဖက်ပါ၊ ဟုတ်တယ် ဦးလေးရေ၊ ကျွန်တော် မှတ်မိပြီ၊ ပြည်မှာ တစ်ခါတွေ့ဖူးသေးတာကိုး၊ ဟုတ်ပြီ ဟုတ်ပြီ၊ သီသီမှ သီသီအစစ်ဗျို့"ဟု အော်၍ ပြောလိုက်လေ၏။

"ဟော့ကောင် တိုးတိုးလုပ်ပါကွ၊ မင်းအသံကလဲ သေမင်းကို ထပါတော့ကွယ် ကြွပါတော့ကွယ် မမြလေးရယ်ဆိုတဲ့ သီချင်းကို ဆိုပြီး နှိုးနေတာ ကျနေပြီကွ"ဟု ဦးအောင်ကြီးက ပြော၍ ရယ်မောပြန်လေ၏။

ဤသို့ ပြောဆိုနေရင်း၌ပင် အချုပ်ခန်းအနီးသို့ ရောက်ရှိလေ၏။

"ဦးလေး အချုပ်ခန်းနားမှာ အစောင့်စစ်သား မရှိဘူးဆို၊ ဟိုမှာ မတွေ့ဘူးလား၊ လှံစွပ်ကြီးနဲ့" ဟု ဘမော်က အစောင့်စစ်သားတစ်ယောက်ကို ပြလေ၏။

"ဒါက လွယ်ပါတယ်ကွ" ဟု ဆိုကာ ဦးအောင်ကြီးသည် လှည်းကို မောင်းသွားရင်းနှင့်ပင် လှည်းပေါ်မှ ခုန်၍ဆင်းလိုက်ပြီး လျှင် စစ်သားအနီးသို့ လျင်မြန်ပေါ့ပါးစွာ ပြေးကပ်သွား၍ စစ်သား၏ ပါးစပ်ကို နောက်မှ လှမ်း၍ပိတ်လိုက်ပြီးနောက် ခါးကြားတွင် အသင့်ယူလာသော ဓားမြှောင်နှင့် ထိုးလိုက်လေ၏။ ဂျပန်စစ်သားသည် မအော်နိုင်ဘဲ ခွေလဲကျသွားလေ၏။

ဦးအောင်ကြီးသည် လှည်းပေါ်သို့ ပြန်တက်ပြီးလျှင် လှည်းကို ဆက်၍မောင်းလေ၏။ ဆေးပြင်းလိပ်ကို မီးညှိ၍ ဖွာ





လိုက်သေး၏။ ဘမော်၏ရင်မှာ စိုးရိမ်စိတ်များဖြင့် တဒိတ်ဒိတ်ခုန်၍ နေလေ၏။ ဦးအောင်ကြီးမှာမူ လုံးဝဏ္ဍခြေမပျက်ဘဲ လှည်းကို မောင်းရင်း...

"ငါပြောတယ် မဟုတ်လား၊ အချုပ်ခန်းနားမှာ အစောင့် မရှိပါဘူးလို့၊ အခု ငါ့စကား မှန်သွားပြီ၊ မီးဖိုရောက်ရင် ထမင်းချက်ကို ငါက ကုန်စိမ်းတွေ အပ်မယ်၊ အဲဒီအခါမှာ မင်းက မယောင်မလယ်နဲ့ အချုပ်ခန်းနားလာပြီး အချုပ်ခန်းသော့ကိုဖွင့်ပြီး သီသီတို့ကို ထုတ်ပေတော့၊ ပြီးရင် ဟိုဖက်မှောင်ရိပ်ကို ခေါ်သွား၊ ငါက အဲဒီကို လိုက်လာမယ်၊ အဲဒီမှောင်ရိပ်ရဲ့ ဟိုဖက်မှာ အစောင့် တစ်ယောက် ရှိတယ်၊ ငါသတ်ပေးမယ်၊ သူတို့ကို ခေါ်လာရင်း မင်းက ပြောပြရမှာကတော့ ရေ့ကိုပြေး၊ ရေ့မှာ မြေနီလမ်းကလေး ရှိမယ်၊ မြေနီလမ်းအတိုင်း အနောက်ဖက်ကိုပြေး၊ အဲဒီမှာ သမ္ဗာန်ရှိတယ်၊ ကိုရွှေမောင်ဆိုတဲ့ သမ္ဗာန်သမား သမ္ဗာန်ထဲမှာ အိပ်နေမယ်၊ နှိုးပြီး ကစင်ဘက်ကို ကူးလို့၊ အဲဒီရောက်ရင် လွတ်ပါပြီကွာ" ဟု ဦးအောင်ကြီးက ကရားရေသွန် ပြောလိုက်လေ၏။

"အချုပ်ခန်းသော့က စောစောက ခင်ဗျားလုပ်လိုက်တဲ့ စစ်သားဆီမှာ ရှိမယ်လား" ဟု ဘမော်က မေးလေ၏။

"ငါ့ဆီမှာပါလာပြီ...ရော့" ဟု ဆိုကာ ဦးအောင်ကြီးသည် မတ်တပ်ရပ်၍ ဘမော်လှည်းဖက်သို့ မျက်နှာမူကာ သော့တွဲကို ပစ်ပေးလိုက်လေ၏။

"ဦးလေးရဲ့ ရက်စက်မှုတွေကတော့ ဒီနေရာမှာ တော်တော် အသုံးဝင်နေပြီပဲ" ဟု ဘမော်က ချီးကျူးလိုက်လေ၏။

"ဂျပန်တွေက ငါ့ထက်ရက်စက်တယ် မောင်၊ ကြည့်လဲ လုပ်ဦး၊ မိသွားရင်တော့ မတွေးဝံ့အောင်ပါပဲကွာ၊ ဟဲ...ဟဲ...ဒါနဲ့

http://obookshelf.blogspot.com



အခုအခါမှာ မင်းရင်ထဲမှာ တဒိတ်ဒိတ်နဲ့ ခုန်ပြီးမနေဘူးလား"

"ခုန်တာပေါ့ ဦးလေးရယ်"

"အဲဒါ အရသာကွ၊ အရသာ၊ ဟား...ဟား"

မီးဖိုသို့ရောက်လျှင် ဦးအောင်ကြီးသည် ထမင်းချက်ဂျပန်အား ဂျပန်စကား အကျိုးအပဲ့များနှင့် ပြောဆိုလျက် ကုန်စိမ်းများကို အပ်နှံလေ၏။ ဂျပန်လည်း ကုန်စိမ်းများကို ရေတွက်သင့်သည်ကို ရေတွက်၍ စာရင်းမှတ်လေ၏။ ထိုအချိန်၌ ဘမော်သည် အချုပ်ခန်းဖက်သို့ ပြေးသွားပြီးလျှင် အချုပ်ခန်းသော့ကို ဖွင့်လေ၏။

"သီသီ"

အချုပ်တံခါး ပွင့်သည်နှင့်တပြိုင်နက် ဘမော်က ခပ်တိုးတိုးကလေး ခေါ်လိုက်၏။ သီသီက ဘမော်ကို ကြည့်၍ ကြောင်နေ၏။ ဘမော်ကို မမှတ်မိပေ။

"လာ...လာ" ဟု ဘမော်က သီသီ့လက်ကိုဆွဲ၍ အချုပ်ခန်း အတွင်းမှ ပြေးထွက်ပြီးလျှင် သီသီ့ဦးလေးနှင့် သီသီ့ဧည့်သည်တို့၏ အချုပ်ခန်းသော့ကိုပါ ဖွင့်လေ၏။

ဘမော်သည် သီသီတို့၏ ဧည့်သည်ဆိုသူ၏ အချုပ်ခန်းကို ဖွင့်ပြီးနောက် 'ဟေ့လူ...လာလာ' ဟု ခေါ်လေ၏။ ဘမော်၏ စိတ်၌ ထိုသူအား မြင်ဖူးသလိုလိုရှိသည်နှင့် ရပ်၍ကြည့်နေမိသေး၏။ သို့ရာတွင် မည်သည့်နေရာ၌ တွေ့ခဲ့ဖူးသည် သိကျွမ်းခဲ့ဖူးသည်ကို မမှတ်မိပေ။ ဘမော် သတိထားကြည့်မိသည်မှာ ထိုလူ၏ နဖူးပေါ်တွင်ရှိသော အမာရွတ်ပင် ဖြစ်လေသည်။

ဘမော်သည် သီသီ၊ သီသီ့ဦးလေးနှင့် သီသီတို့၏ ဧည့်သည်ကို အချုပ်ခန်းမှထုတ်၍ ဦးအောင်ကြီးပြောသည့် မှောင်ရိပ်ဆီသို့ ပြေးသွားလေ၏။ ဘမော်သည် မှောင်ရိပ်သို့အသွား၌ ဦးအောင်ကြီးပြောသည့် ခရီးစဉ်ကို ထိုသူတို့အား သင်ပြပေးလေ၏။



OBookShelf.blogspot.com



ဘမော်တို့လေးဦး မှောင်ရိပ်သို့ရောက်လျှင် ဦးအောင်ကြီးလည်း ရောက်ရှိလာလေ၏။ ထို့နောက် ဦးအောင်ကြီးသည် မှောင်ရိပ်အတိုင်း ကုန်းကုန်း ကုန်းကုန်းနှင့် သွားပြီးလျှင် အစောင့်စစ်သား တစ်ယောက်ကို ဓားဖြင့်ထိုး၍ သတ်ပြန်လေ၏။

"ဟေ့...ဘမော်၊ ဒီလမ်းအတိုင်း ထွက်ဟေ့" ဟု အသံပေးလိုက်လျှင် ဘမော်လည်း သီသီ၏လက်ကိုဆွဲ၍ 'လာ' ဟု ဆိုကာ ပြေးလေ၏။ သီသီ၏ဦးလေးနှင့် ဧည့်သည်လည်း ပြေးလေ၏။

အတော်ကလေး ပြေးမိလျှင် ဘမော်တို့အား နောက်မှ သေနတ်ဖြင့် လှမ်း၍ပစ်သံများ ကြားရလေ၏။

"ပြေးပြေး ပစ်နေပြီ၊ ပြေးပြေး" ဟု ဦးအောင်ကြီးက အော်၍ အားပေးလေ၏။

"ကိုစံမြ၊ တစ်ယောက်တည်း ကိုယ်လွတ် မရုန်းပါနဲ့၊ ဦးလေးကို တွဲပါဦး" ဟု သီသီက ဧည့်သည်ဆိုသူအား လှမ်း၍ အော်ဟစ်လိုက်လေ၏။ သူမ၏အသံမှာ ငိုသံပါ၍ နေပေသည်။ ဘမော်မှာမူ သီသီ၏စကားကြောင့် ငိုင်၍သွားလေသည်။ အကြောင်းမှာ သူကိုယ်တိုင် ကယ်လာခဲ့သော သီသီ၏ဧည့်သည်ဆိုသူမှာ သူ ငယ်စဉ်က ပုဂံဘုန်းကြီးကျောင်းတွင် ဓားမဖြင့် ခုတ်ခဲ့သော 'စံထူး၊စံမြ၊စံလှ' ဆိုသည့် ညီအစ်ကိုသုံးဦးအနက်မှ အလတ်ဖြစ်သည့် စံမြဆိုသူ ဖြစ်၍နေသောကြောင့်ပင်တည်း။ ထို့ကြောင့်လည်း စံမြ၏နဖူးပေါ်တွင် ကန့်လန့်ဖြတ် ထင်၍နေသော အမာရွတ်အား အချုပ်တံခါးဖွင့်စဉ်က အမှတ်တမဲ့ သတိထားကြည့်မိခဲ့လေ၏။

ထိုစဉ် 'ဒိုင်း' ဟူသော သေနတ်သံကြီးနှင့်အတူ ဘမော်

http://obookshelf.blogspot.com



မှာ မြေကြီးပေါ်သို့ လဲကျ၍ သွားလေ၏။

သီသီကို လက်တွဲ၍ပြေးနေရာမှ ဘမော်သည် လဲကျ၍ လမ်းဘေးသို့ လိမ့်၍သွားလေ၏။ သီသီသည် ဘမော်ဆီသို့ ပြေးသွားမည်လုပ်သော်လည်း သေနတ်သံများ အဆက်မပြတ် ပေါ်ထွက်၍ လာရုံမျှမက ဦးအောင်ကြီးကလည်း...

"ကလေးမ၊ မတွဲနဲ့ လွတ်အောင်ပြေး၊ ပြေး...ပြေး၊ လွတ်အောင် ပြေးကြ" ဟု အော်ဟစ်လိုက်သဖြင့် သီသီလည်း ဆက်၍ ပြေးခဲ့ရလေ၏။

ဦးအောင်ကြီးကမူ ဘမော်ရှိရာသို့ ပြေးသွားပြီးလျှင် ဘမော်ကို ထမ်းပိုး၍ ဖြတ်လမ်းတစ်ခုမှ သယ်ဆောင်သွားလေတော့၏။

ဦးအောင်ကြီး၏ပခုံးပေါ်မှ လိုက်ပါလာရသော ဘမော်က...

"သီသီ လွတ်အောင်ပြေး၊ သီသီ လွတ်အောင်ပြေး" ဟု အော်ဟစ်ရင်း လုံးဝသတိလစ် မေ့မြောသွားလေတော့၏။

သီသီတို့သုံးယောက်နှင့် ဘမော်တို့နှစ်ယောက်သည် လူစုကွဲ၍ သွားလေတော့သည်။ သီသီတို့ မြစ်ဆိပ်သို့ရောက်လျှင် သမ္ဗာန်တစ်စီးကို တွေ့၍ ထိုသမ္ဗာန်နှင့်ပင် ကစင်ဘက်သို့ ကူး၍ ပြေးလေတော့၏။

ဂျပန်များမှာလည်း သီသီတို့နောက်သို့ မလိုက်တော့ဘဲ ဒဏ်ရာရရှိသွားသော ဘမော်တို့၏ နောက်သို့သာလျှင် သဲကြီးမဲကြီး လိုက်ကြလေတော့၏။

❖ ❖ ❖





## ဂီတသမားတွေက အလွမ်းတေးတစ်ခု ရှိတတ်လို့ပါ

ဦးအောင်ကြီးသည် ဘမော်အားထမ်း၍ မြေနီလမ်းဘေးရှိ ခြံများကို အကာအကွယ်ယူလျက် ပြေးလေ၏။ ဂျပန်စစ်သားများမှာလည်း သီသီတို့၏နောက်သို့ မလိုက်တော့ဘဲ ဘမော်တို့၏ နောက်သို့သာလျှင် သဲသဲမဲမဲကြီး လိုက်လေတော့၏။

"ဘမော် ဟေ့...ဘမော်၊ ငါတို့နောက်ကို ဂျပန်တွေ လိုက်လာပြီကွ၊ ဒီကောင်တွေ လိုက်လာတာ တို့ကို ထမင်းစားဖိတ်မလို့တော့ ဟုတ်မယ်မထင်ဘူးကွ" ဟု ဦးအောင်ကြီးက ပြောလေ၏။

ဘမော်မှာမူ ခြေထောက်မှဒဏ်ရာကြောင့် ဦးအောင်ကြီး၏ စကားကို စိတ်မဝင်စားလှပေ။ ဦးအောင်ကြီးသည် ခြံတစ်ခြံကို ကွယ်လိုက်ပြီးနောက် ဂျပန်အား မျက်ခြည်ပြတ်စေရန် သုတ်ခြေတင်လေတော့၏။

လှိုင်မြစ်သို့ရောက်လျှင် လှေတစ်စင်းကို အဆင်သင့်တွေ့သည်နှင့် လှေဖြင့် တစ်ဖက်ကမ်းသို့ လှော်ခတ်ခဲ့လေ၏။ ကမ်းသို့ရောက်လျှင် ဘမော်အား လွန်စွာကြီးမားသော ချုံဖုတ်တစ်ခု



OBookShelf
blogspot.com

http://obookshelf.blogspot.com



အတွင်း၌ ထားကာ ထွက်၍သွားပြီးလျှင် ညနေစောင်းမှပင် လူတစ်ယောက်နှင့်အတူ ပြန်၍ရောက်လာလေ၏။

ဦးအောင်ကြီးသည် ဘမော်၏ဒဏ်ရာကို ရေဆေး၍ သွေးဆေးများ သိပ်ကာ ပတ်တီးစီး၍ ပေးပြီးလျှင် ဘမော်အား ထမင်းကျွေးလေ၏။ ဘမော်မှာ ထမင်းစားလိုစိတ် မရှိသဖြင့် တစ်လုတ်နှစ်လုတ်မျှသာ စားသောက်ပြီးလျှင် ထမင်းထုပ်ကို ပြန်၍ ထုပ်ထားလိုက်လေ၏။

"ကဲ…ဦးအောင်ကြီး ထမင်းစားပြီးရင် ခရီးဆက်ကြရအောင်၊ ဒီမှာဆိုရင် ဂျပန်တွေ လက်ထဲကို ရောက်သွားမယ်၊ သရက်ချောင်းမှာဖြစ်ဖြစ် ရွှေလှေမှာဖြစ်ဖြစ် ထန်းတပင်မှာဖြစ်ဖြစ် သွားပြီးထားရမယ်၊ အဲဒီမှာ ကျုပ်တို့ရဲဘော်တွေ ရှိပါတယ်" ဟု ဦးအောင်ကြီး ခေါ်လာသောသူက ပြောလေ၏။

ထို့ကြောင့် မှောင်ရီပျိုးချိန်လောက်တွင် ဘမော်တို့သည် လှေဖြင့်ပင် ထန်းတပင်ဘက်သို့ ခရီးဆက်ခဲ့ကြလေ၏။

"ဘမော်ရေ…ဒီသူငယ်က မောင်စံမြိုင်တဲ့ကွ၊ ကုန်စိမ်းအရောင်းအဝယ် လုပ်တယ်၊ ဂျပန်ကို မုန်းတဲ့လူပေါ့ကွာ" ဟု ဦးအောင်ကြီးက လှေလှော်ရင်း မိတ်ဆက်ပေးလေ၏။

"အမှန်ကတော့ဗျာ၊ ဂျပန်ကို လူတိုင်းမုန်းသင့်ပါတယ်" ဟု မောင်စံမြိုင်က ပြောလေ၏။

ထို့နောက် မောင်စံမြိုင်က ဂျပန်တို့၏ဆိုးရွားယုတ်မာပုံကို တစ်လမ်းလုံး ပြောပြလေ၏။ သူပြောသည့်စကား၌ ဘမော်နှင့် ဦးအောင်ကြီးတို့ နားမလည်သော ဖက်ဆစ်၊ ဝင်ရိုးတန်းနိုင်ငံ၊ အရေးတော်ပုံစသည့် စကားလုံးများလည်း လွန်စွာပါရှိလေ၏။

"မောင်စံမြိုင်ရေ၊ တို့ကတော့ ဖက်ဆစ်တွေဘာတွေ နား





မလည်ဘူးကွာ၊ တို့မြန်မာတွေကို ဒုက္ခပေးနေတဲ့ကောင်တွေကို သိပ်ပြီးသတ်ချင်တယ်၊ ဂျပန်သတ်ပွဲ လုပ်ရင်တော့ ငါ့ကို အကြောင်းကြားစမ်းပါကွာ၊ ငါလဲ သတ်ပါရစေ" ဟု ဦးအောင်ကြီးက ပြောလေ၏။ မောင်စံမြိုင်က ပြုံးရုံမျှပြုံးလိုက်လေ၏။

ဤသို့နှင့်ပင် ဦးအောင်ကြီးတလှည့် မောင်စံမြိုင်တလှည့် လှော်ခတ်လာရာ ထန်းတပင်သို့ ရောက်ခဲ့လေ၏။ ထန်းတပင်သို့ ရောက်လျှင် မောင်စံမြိုင်၏မိတ်ဆွေ ဂျပန်မုန်းသောလူငယ်များက ဘမော်နှင့် ဦးအောင်ကြီးအား လုံခြုံရာ၌ ဝှက်ထားပြီးလျှင် ဆေးဆရာ ခေါ်၍ပေးလေ၏။

ဘမော်တို့ရှိသော တဲအတွင်းသို့ ဂျပန်မုန်းသောလူငယ်တစ်ဦးနှင့်အတူ ဆေးဆရာတစ်ယောက် လိုက်ပါလာလေ၏။

ဆေးဆရာကြီးသည် ဘမော်၏ဒဏ်ရာကို လှန်ကြည့်ပြီးနောက် ဓားကိုမီးကင်လျက် ခွဲလေ၏။ ခွဲပြီးလျှင် ဒဏ်ရာအတွင်းမှ တစ်စုံတစ်ခုကို ကော်၍ထုတ်ပြီးလျှင် ထန်းလျက်ရည်ကဲ့သို့ ပျစ်ခွဲခွဲ နိုင်လှသော ဆေးရည်များကို ဒဏ်ရာ၌ထည့်၍ ပတ်တီးစီးပေးလေ၏။

"ဟေ့ သူငယ်" ဟု ဆေးဆရာကြီးက ခေါ်လိုက်လေ၏။

"ဗျာ" ဟု ဘမော်က ခပ်တိုးတိုး ထူးလိုက်လေ၏။

"မသေတော့ဘူးကွ"

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်"

"ကျေးဇူးတင်ရင် ကျေးဇူးဆပ်ပေါ့ကွာ"

"ဘယ်လိုဆပ်ရမယ်ဆိုတာ စဉ်းစားနေပါတယ် ဆရာကြီး"

"လွယ်ပါတယ်ကွ၊ ဟောဒီ မောင်စံမြိုင်တို့လူစုနဲ့ ပေါင်း

http://obookshelf.blogspot.com



ပြီး ဒါလောက် ဆိုးရွားယုတ်မာတဲ့ ဂျပန်တွေကို အကွက်ကောင်း ရှောင်းပြီး ဆော်ပေါ့ကွာ၊ ငါတို့လူမျိုးကို လာပြီးနှိပ်စက်နေတဲ့ ကောင်တွေကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း သတ်ပေတော့ဟေ့၊ မင်းလိုပဲ ဂျပန်ပေးတဲ့ဒုက္ခကို ခံစားနေရတဲ့လူတွေကို ကယ်ဆယ်ပါ၊ အဲဒါဟာ အကောင်းဆုံး ကျေးဇူးဆပ်တာပဲပေါ့ကွာ" ဟု ဆေးဆရာကြီးက ကွမ်းကိုမြုံရင်း ပြောလိုက်လေ၏။

မောင်စံမြိုင်တို့လူစုမှာ အဘိုးကြီး၏စကားကို လွန်စွာ သဘောကျ၍ သွားလေတော့၏။ ဤသို့နှင့်ပင် ဘမော်နှင့် ဦးအောင်ကြီးတို့သည် မောင်စံမြိုင်တို့၏လူစုထဲတွင် သောင်တင်၍ နေလေတော့၏။

မောင်စံမြိုင်မှာမူ ထန်းတပင်၌ချည်း နေသည်မဟုတ်၊ အင်းစိန်၊ တိုက်ကြီး၊ မှော်ဘီစသော ဒေသများသို့ အဆက်မပြတ် ခရီးထွက်၍ နေရလေ၏။

မောင်စံမြိုင်၏ သူငယ်ချင်းများဖြစ်သော ဂျပန်မုန်းသော လူငယ်များမှာ ဘမော်တို့အား ကောင်းစွာ စောင့်ရှောက်ထားလေ၏။ ဘမော်တို့သည် ထိုသူတို့ထံ၌ အေးချမ်းစွာ နေထိုင်ရလေ၏။

တစ်နေ့သ၌ ဦးအောင်ကြီးက ဘမော်အား...

"နေစမ်းပါဦးကွ၊ ဂျပန်အချုပ်ထဲမှာ ဝင်ပြီးကယ်တော့ သိသိက မင်းကို မှတ်မိသလား" ဟု မေးလေ၏။

"မမှတ်မိဘူးဗျ" ဟု ပြန်၍ ဖြေလေ၏။

"မင်းက ပြောမပြဘူးလား"

"ဟာ...ဦးလေးကလဲဗျာ၊ ဘယ်လိုလုပ်ပြီး ပြောမှာလဲ၊ ပြောဖို့အချိန်လဲ မရပါဘူး" ဟု ဘမော်က ပြန်၍ပြောလိုက်လျှင် ဦးအောင်ကြီးသည် မည်သည်ကို သဘောကျသည်မသိပေ၊ ဟက်





ဟက်ပက်ပက် ရယ်မောလေတော့သည်။

ထိုသို့ ဘမော်နှင့် ဦးအောင်ကြီးတို့ စကားကောင်းနေစဉ်၌ပင် မောင်စံမြိုင်သည် သူ၏လူများနှင့် ရောက်လာပြီးလျှင် အောက်ပါအတိုင်းပြောလေ၏။

"ဂျပန်ကိုချဖို့ အမိန့်ရပြီ"

မောင်စံမြိုင်၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် တဲကလေးရှေ့ရှိ မန်ကျည်းပင်ကြီးပေါ်မှ ဥသြငှက်ကလေးတစ်ကောင်က 'ဥသြ...ဥသြ...' ဟု လွမ်းဆွေးဖွယ် အသံကလေးဖြင့် တွန်ကျူးလိုက်လေတော့၏။

ညပိုင်းသို့ရောက်လျှင် ဘမော်တို့၏ တဲကလေးဆီသို့ ဂျပန်မုန်းသော လူငယ်များသည် သေနတ်များ လက်ပစ်ဗုံးများကို ကိုင်ဆောင်လျက် ရောက်လာလေ၏။

"အနီးဆုံးဂျပန်စခန်းက ထန်းတပင်မြို့ထဲမှာ ရှိတာတော့ မှန်တယ်၊ ဒါပေမယ့် အဲဒီကို သွားပြီးတိုက်ရင် မြို့သိပ်ပြီးနာမယ်၊ မှော်ဘီကနေ အင်းစိန်ဘက်ကို ရွှေ့မယ့် ဂျပန်စစ်ကြောင်းကို ပြောက်ကျားနည်းနဲ့ တိုက်တာဟာ ကောင်းလိမ့်မယ်" ဟု လူငယ်တစ်ယောက်က အကြံပေးလေ၏။

ထိုအချိန်၌ပင် လူငယ်တစ်ယောက် ရောက်လာပြီးလျှင် စာတစ်စောင် ထုတ်၍ပေးလေ၏။ ထိုစာ၌ မည်သည့်နေ့ရက်တွင် မည်သည့်ဒေသမှ ဂျပန်စစ်တပ်ကို မည်သို့မည်ပုံ တိုက်ခိုက်ရမည် ဟု ညွှန်ကြားထားသော ညွှန်ကြားချက်များ ပါရှိလေတော့၏။

"ဟ...ဂျပန်သတ်ပွဲ စပြီပဲ၊ ကျုပ်လဲ ဂျပန်သတ်ပါရစေဗျာ၊ သတ်ခွင့်ပေးကြပါ" ဟု ဦးအောင်ကြီးက ပြောလိုက်ရာ လူအားလုံးသည် ဝမ်းမြောက်ပျော်ရွှင်၍ သွားလေ၏။

http://obookshelf.blogspot.com



ဘမော်ကလည်း...

"ကျုပ်လဲလိုက်မယ်၊ ခင်ဗျားတို့နဲ့အတူ တိုက်မယ်" ဟု ပြောလေရာ ဦးအောင်ကြီးက ဘမော်အား ထူးဆန်းသလို ကြည့်၍

"ဟေ့ကောင် စစ်တိုက်တယ်ဆိုတာ တယောထိုးရတာလောက် အန္တရာယ် မကင်းဘူးကွ" ဟု ဆိုလေ၏။

"သိပါတယ် ဦးလေးရယ်"

"မင်း နားလည်လို့လား၊ အခုဟာက ဂျပန်တော်လှန်ရေး လုပ်မှာကွ"

"သိပါတယ် ဦးလေးရယ်"

"အဲဒီမှာ မင်းသေသွားရင်တော့ အင်မတန် တွေ့ချင်လှပါတယ်ဆိုတဲ့ သီသီကိုလဲ တွေ့နိုင်တော့မှာ မဟုတ်ဘူးကွ"

"သိပါတယ် ဦးလေးရယ်"

"သိရင်ပြီးရော၊ မင်းတို့လို သဘင်သမားတွေ၊ ဂီတသမားတွေက အရေးအကြောင်းဆိုရင် အလွမ်းဓာတ်ခံကလေး ပေါ်-တတ်လွန်းလို့ပါ ကိုယ့်လူရယ်"

"ဒါကတော့ဗျာ၊ တမျိုးသားလုံးနဲ့ ပတ်သက်နေတဲ့ကိစ္စပဲ၊ လွမ်းနေလို့ ဘယ်ဖြစ်ပါ့မလဲ" ဟု ဘမော်က ပြောလိုက်လေ၏။

ထိုအချိန်၌ ၎င်းတို့၏နောက်ဖက်ရှိ တောင်ကုန်းကလေးဆီမှ ဂျပန်စစ်သားသုံးယောက်နှင့် ဂျပန်စစ်ဗိုလ်တစ်ယောက်သည် တဲဆီသို့ ဦးတည်၍ လာနေလေ၏။ တဲအတွင်းမှ လူငယ်တစ်ဦးသည် တဲအပြင်သို့ ထွက်လိုက်ကာ တောင်ကုန်းကလေးဆီမှ ဂျပန်စစ်သားများ လာနေသည်ကို မြင်လျှင် တဲအတွင်းသို့ ဝင်ပြေးလာပြီးနောက်...

"ဟိုမှာ...ဟိုမှာ...ဂျပန်တွေ လာနေပြီ၊ ဂျပန်တွေ လာနေ



OBookShelf blogspot.com



ပြီ" ဟု တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်ရာ တဲအတွင်းရှိ လူများသည် သေနတ်ဆွဲသူဆွဲ၊ ဓားဆွဲသူဆွဲနှင့် ရှုတ်ရှုတ်သဲသဲ ဖြစ်ကြလေတော့၏။ ဘမော်ကိုယ်တိုင်လည်း ဟိုဟာကိုင်ရမလို ဒီဟာကိုင်ရမလိုနှင့် ယောင်တိယောင်ကန်း ဖြစ်ကြလေတော့၏။

"အဲဒီဂျပန်တွေရဲ့ အလောင်းကို ဟောဟိုက သရက်ပင်ကလေးအောက်မှာ ကောက်လို့ရပြီကွ" ဟု ပြောလိုက်လေ၏။

"ဟုတ်ပါ့မလားဗျာ" ဟု တဲအတွင်းမှ လူတစ်ယောက်က မေးလိုက်ရာ ဦးအောင်ကြီးက...

"ဟုတ်တာမှ သိပ်ကိုဟုတ်တာပေါ့၊ ကျုပ်ပြောတဲ့အတိုင်း တသွေမတိမ်း ဖြစ်ရမယ်၊ မယုံတဲ့လူရှိရင် မယားပေးကြေးတောင် လောင်းဝံ့တယ်၊ ဟဲ...ဟဲ ကျုပ်မယားက ဝက်သားဟင်းချက်တဲ့နေရာမှာ ထိပ်ပဲ၊ လောင်းချင်တဲ့လူများရှိရင် လောင်းနိုင်တယ်နော်" ဟု ပြောင်စပ်စပ်နှင့် ပြောလိုက်လေ၏။

"ကဲပါ...ဦးလေးရာ ဘယ်လိုလုပ်မှာလဲ၊ လုပ်တတ်ရင်လဲ လုပ်စမ်းပါ၊ အားလုံး သေကုန်ကြလိမ့်မယ်" ဟု ဘမော်က ပြောလိုက်လေ၏။ ထိုအခါ၌ ဦးအောင်ကြီးသည် စောစောက တဲအပြင်သို့ ထွက်သွားကာ ပြန်၍ပြေးဝင်လာသော လူငယ်အား...

"ကဲ ငါ့လူ...မင်းက ဟောဟိုဘက် ပြေးပေတော့" ဟု ပြောကာ လူငယ်အား ပြေးခိုင်းလေ၏။ ထို့နောက်...

"ဟောဟိုတဲထဲမှာရှိတဲ့လူတွေက တဲကို မျက်ကွယ်ပြုပြီး ချောင်းထဲကို ဆင်းပေတော့၊ ပြီးတော့ ချောင်းရိုးအတိုင်း ဆန်တက်ကြ၊ အောက်ဖက်ကို မဆုန်နဲ့၊ ဂျပန်အဖွဲ့ဟာ ချောင်းရဲ့အောက်ဖက်က လာလိမ့်မယ်၊ ကျုပ်ကို လက်ပစ်ဗုံးနှစ်လုံးနဲ့ သေနတ်တစ်လက် ပေးခဲ့ပါ" ဟု ဆိုလေ၏။

http://obookshelf.blogspot.com



တဲအတွင်းမှ လူများသည် ဦးအောင်ကြီးအား သေနတ်တစ်လက်နှင့် လက်ပစ်ဗုံးကို ပေးပြီးနောက် တဲကိုကွယ်၍ ချောင်းအတွင်းသို့ ဆင်းကြလေ၏။

ဘမော်က တဲပြင်သို့ထွက်ခါနီး၌ ဦးအောင်ကြီးအား စိတ်မချသကဲ့သို့ ကြည့်နေသဖြင့် ဦးအောင်ကြီးက...

"ဘာလဲ ဘမော်၊ မင်းက ငါ့ကို မယုံလို့လား၊ သွားစမ်းပါကွာ၊ ငါက အမြဲတမ်း ကျားကစားနေတဲ့ အကောင်ပါကွ၊ ဟား... ဟား၊ ဒီတော့ တစ်ကောင်ကျေးပြီး နှစ်ကောင်စား၊ သုံးကောင်စားလုပ်တဲ့အလုပ်မှာ ကျားသမားကို ဘယ်သူမှ တုလို့မရပါဘူး ငါ့လူရာ၊ သွားမှာသာ သွားစမ်းပါ" ဟု ဆေးပြင်းလိပ်ဖွာရင်း ပြောလိုက်လေ၏။

ဘမော်လည်း ချောင်းအတွင်းသို့ ကြိုးစား၍ ဆင်းသွားလေ၏။ ထို့နောက် ဘမော်တို့ လူစုပြီး ချောင်း၏အထက်ဖက်သို့ ဆန်၍ တက်သွားကြလေ၏။

အတော်ကြာမျှ သွားမိလျှင် သေနတ်သံများ ကြားရလေတော့၏။

သေနတ်သံများ ကြားရပြီး များမကြာမီ၌ပင် လက်ပစ်ဗုံးကွဲသံများ ကြားရပြန်၏။ ဘမော်တို့လူစုသည် အကာအကွယ်ကောင်းသော နေရာတစ်ခု၌ ပုန်းအောင်းနေရာယူ၍ အရိပ်အခြည်ကို စောင့်ကြည့်ခဲ့ကြရာ အချိန်နှစ်နာရီခန့် ကြာလေ၏။

ထို့နောက် ဦးအောင်ကြီး၏ အခြေအနေကို ကြည့်ရှုရန်အတွက် ချောင်းရိုးအတိုင်း ပြန်၍ဆုန်ခဲ့ကြလေတော့၏။ တဲကလေးအနီးသို့ ရောက်လျှင် အရိပ်အခြည်ကို အကဲခတ်၍ တဲဆီသို့ ချဉ်းကပ်ကြလေ၏။





"အသာ အသာ အိမ်ရိပ်ကို နင်းပါလို့ ဝင်းရိပ်က လာသလေလေ့၊ အထဲကို မောင်ရင်လေး တက်ပါတော့လေး" ဟူသော သီချင်းကို ဆိုလိုက်ပြီးနောက် ဦးအောင်ကြီးက...

"အောင်မလေး၊ ဝင်ကြပါ၊ ရဲရဲဝင်ကြပါ၊ ဂျပန်တွေ မရှိတော့ပါဘူး" ဟု ကွပ်ပျစ်တွင် ပက်လက်အိပ်၍ နေရာမှ ပြောလိုက်လေ၏။

ထိုအခါ၌ ဘမော်သည် ရှေ့ဆုံးမှ ပြေး၍ဝင်လာပြီးလျှင် ဦးအောင်ကြီးအား တစ်စုံတစ်ရာ ထိခိုက်ခြင်းရှိမရှိ ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက်...

"ဦးလေး၊ ဂျပန်တွေကော" ဟု မေးလိုက်လေ၏။

"ဂျပန်တွေကို မြေမြှုပ်လိုက်ပြီ၊ ဟား...ဟား၊ ဟိုကောင်လေး ထွက်ပြေးတဲ့ဆီကို တောင်ကုန်းပေါ်က ဂျပန်တွေက လိုက်ပြီးပစ်တာကွ၊ ဟိုသရက်ပင်တွေ ရောက်တော့ ဂျပန်လေးကောင်က တစ်ယောက်တစ်ပင်ဆီ နေရာယူလိုက်ကြတယ်၊ အဲဒီမှာ သူတို့ကျောတွေကို ငါက ဒီကနေ ပစ်တာ လက်တည့်လို့ မဟုတ်ဘူးကွ၊ ဟိုပြတင်းပေါက်မှာ သေနတ်ပြောင်းတင်ပြီး အကျအနချိန်ပြီးမှ ပစ်တာဆိုတော့ ထိတာပေါ့ကွာ၊ ဟဲ...ဟဲ၊ ပြီးတော့မှ ဟိုချောင်းစပ်မှာ သွားပြီး ကြိုးကို ခလုတ်တိုက်အောင် တန်းပြီးထားလိုက်တယ်၊ ခလုတ်တိုက်မိတာနဲ့ ဗုံးကွဲအောင် စီမံထားလိုက်တာကွ၊ ပြီးတော့ နောက်ကြိုးတစ်ချောင်းနဲ့ ဟောဟိုဘက်မှာ တစ်ခါသွားပြီး ဗုံးကို ထောင်ပြန်တယ်၊ ဟား...ဟား၊ သေနတ်သံကြားလို့ ချောင်းအောက်ဖက်က ဂျပန်တွေဟာ ချောင်းစပ်အတိုင်းလာပြီး တဲကို တွေ့တဲ့နေရာလဲ ရောက်ရော နှစ်စုခွဲလိုက်တယ်၊ တစ်စုက ချောင်းစပ်အတိုင်း လာပြီး ကျန်တဲ့တစ်စုက ကုန်းပေါ်ကနေ လာပြီး ဒီ

http://obookshelf.blogspot.com



တဲကို ပိုင်းတာ၊ ဟဲ...ဟဲ၊ နည်းနည်းကလေး ဒီကောင်တွေ အလော သုံးဆယ်ဖြစ်အောင်တော့ ငါက တဲထဲကနေ စပြီးပစ်လိုက်တယ် လေကွာ၊ ဟဲ...ဟဲ၊ ငါပစ်တာက မထိပါဘူးကွာ၊ ဗုံးကို ခလုတ် တိုက်ပြီး ဂျပန်ကျားကောင်ကလေးတွေ သေကုန်ကြတာပေါ့၊ ဟိုမှာ သူတို့ဆီက လက်နက်တွေ" ဟု ပုံပြောသကဲ့သို့ စိတ်အေး လက်အေး ပြောလိုက်လေ၏။

"ဘမော်ရေ...ဂျပန်တွေကို ငါတို့က နိုင်မှာပါကွာ"

ဘမော်တို့လူစုက တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုဘဲ ဦးအောင်ကြီးကို ကြည့်၍နေကြလေ၏။

"ငါ့အနေနဲ့ မှာချင်တာက ဘမော်"

"ပြောပါ ဦးလေး၊ ဦးလေးပြောတာကို နားထောင်နေပါ တယ်" ဟု ဘမော်က ပြောလိုက်လေ၏။

"တို့တိုင်းပြည်လဲ လွတ်လပ်ရေးရမှာ အမှန်ပါပဲ၊ အဲဒီ အခါမှာ ဒုက္ခအမျိုးမျိုး၊ အနိဋ္ဌာရုံအမျိုးမျိုးနဲ့ ကြုံခဲ့ရတဲ့ မြန်မာပြည် သူ မြန်မာပြည်သားတွေကို မင်းတို့လို အနုပညာရှင်တွေ၊ ဂီတ ပညာရှင်တွေက အမောပြေအောင် ဒုက္ခတွေကို မေ့သွားအောင် ဖျော်ဖြေကြရမှာ မဟုတ်လား၊ အဲဒီအခါမှာ ငါကိုယ်တိုင်လဲ မင်း ရဲ့ တယောသံကို နားထောင်ပြီး ကြုံတွေ့ခဲ့ရတဲ့ ဒုက္ခတွေကို မေ့ ပစ်ချင်ပါတယ် မောင်ဘမော်၊ စစ်ကြောင့် ပျက်စီးသွားတဲ့ ဗိသုကာ လက်ရာတွေ ပြန်ပြီးပြင်ဖို့ ဗိသုကာပညာရှင်တွေလဲ အသက်ရှင် ကျန်ဖို့လိုတယ်၊ ပန်းချီပန်းပုဆရာတွေလဲ အဲဒီလိုပဲ၊ ထိတ်လန့်တုန် လှုပ်ခဲ့ရတဲ့စိတ်တွေ၊ နှလုံးသွေး အကျမမှန်ခဲ့တာတွေကို ပြန်ပြီး ပုံမှန်အတိုင်း ဖြစ်ဖို့က မင်းတို့လို ဂီတသမားတွေ၊ သဘင်သမား တွေကလဲ အမှန်တကယ် လိုအပ်ပါတယ် ဘမော်၊ ဒါကြောင့်





စစ်အတွင်းမှာ သေတဲ့အထိတော့ မစွန့်စားလိုက်ပါနဲ့ ဘမော်၊ သေရမယ့်အလုပ်မျိုးကို ငါတို့လိုလူမျိုးတွေက တာဝန်ယူစမ်းပါရ စေ" ဟု ဦးအောင်ကြီးက ပြောလေ၏။

❖ ❖ ❖

ဤသို့နှင့်ပင် ဦးအောင်ကြီးနှင့် ဘမော်တို့သည် ဂျပန် တော်လှန်ရေး၌ ပါဝင်ဆင်နွှဲခဲ့ကြလေ၏။ ဦးအောင်ကြီးသည် သက်စွန့်ဆံဖျားလုပ်ငန်းများကို တော်လှန်ရေးကာလအတွင်းက တာဝန်ယူ၍ အောင်မြင်စွာ လုပ်ကိုင်ခဲ့၏။

တိုက်ပွဲပေါင်းများစွာကို ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ခဲ့လေ၏။ ဘမော်မှာလည်း ဦးအောင်ကြီးနှင့်အတူ ပါဝင်တိုက်ခိုက်ခဲ့လေ သည်။ တိုက်ပွဲများ၌လည်း ဘမော်၏အသက်ကို အကြိမ်ပေါင်း များစွာ ကယ်ဆယ်ခဲ့ရလေ၏။ ဂျပန်သည် ကမ္ဘာစစ်ကြီး၌ အရှုံး ကြီး ရှုံး၍ လက်နက်ချလိုက်သောအချိန်အထိ ဘမော်နှင့် ဦးအောင် ကြီး အတူတကွ ရှိနေကြ၏။

တော်လှန်ရေးကြီး ပြီးဆုံးသွားသောအခါ၌မူ ဘမော် လည်း ရန်ကုန်သို့ ပြန်ရောက်၍လာ၏။ ဦးအောင်ကြီးမှာမူ မိမိနှင့် တိုက်ဖော်တိုက်ဖက်ဖြစ်သော တပ်မတော်မှ ဗိုလ်များနှင့်အတူ လိုက်ပါသွားလေ၏။ ထိုအချိန်မှစ၍ ဘမော်နှင့် ဦးအောင်ကြီးတို့ သည် ကွဲကွာခဲ့ကြလေတော့၏။

http://obookshelf.blogspot.com



ဘမော်သည် ရန်ကုန်မြို့၌ မည်သည့်အလုပ်အကိုင်ကိုမျှ မယ်မယ်ရရ လုပ်ကိုင်နိုင်ခြင်း မရှိဘဲ ယောင်တောင်တောင်နှင့် နေရလေ၏။ တစ်ခါတစ်ရံမူ ကပ္ပလီစစ်တပ်မှ ခိုး၍ရောင်းသော ငါးသေတ္တာ၊ နို့ဆီ၊ ယိုဘူး စသော ပစ္စည်းများကို သွားရောက်ဝယ်ယူကာ တဆင့် ပြန်လည်ရောင်းချခြင်း၊ ကမ်းနားဈေးသို့ သွားရောက်ကာ ကုန်စိမ်းပွဲစားလုပ်ခြင်းစသော မရေရာသည့်အလုပ်များကို လုပ်ကိုင်၍ အသက်မွေးနေလေ၏။

တစ်နေ့သ၌ ဘမော်သည် ကမ်းနားဈေးသို့ အသွား ဘီလူးမဈေး(သိမ်ဖြူဈေး)အနီး၌ ဂျပန်တော်လှန်ရေးကာလက အတူတကွ တိုက်ခဲ့သော တော်လှန်ရေးရဲဘော်တစ်ဦးနှင့် မမျှော်လင့်ဘဲ တွေ့ဆုံလေ၏။

"ဟော့...ခင်ဗျား ကိုဘမော် မဟုတ်လား" ဟု ထိုရဲဘော်က နှုတ်ဆက်လေ၏။ ဘမော်သည် ထိုသူအား သေသေချာချာ ပြန်၍ကြည့်ပြီးနောက်...

"ဟာ...ကိုထန်းသီးပါလား၊ ဘယ်က လာတာလဲ၊ အခု ဘာလုပ်နေလဲ" ဟု မေးမြန်းလေ၏။

"တပ်ထဲကို ဝင်မယ်လေ"

"ဘာလဲဗျ၊ ဘယ်တပ်ထဲကို ဝင်မှာလဲ"

"ဟာဗျာ...ကိုဘမော်ကလဲ တိုင်းရေးပြည်ရေးကို စိတ်မဝင်စားတော့ဘူး မှတ်တယ်၊ ဂန္ဓီစာချုပ်အရ အခု မြန်မာ့တပ်မတော်ကို ပြန်လည်ဖွဲ့စည်းတော့မယ်၊ ကျုပ်ကတော့ အရင်ကလဲ တပ်ထဲမှာ လုပ်ဖူးလေတော့ အခုလဲ အဲဒီတပ်ထဲကို ဝင်မလို့လေ၊ ခင်ဗျားကော တပ်ထဲ မဝင်ဘူးလား"

"ကျုပ်တော့ မဝင်ပါဘူး ကိုထန်းသီးရယ်၊ တိုင်းပြည်





အေးချမ်းရင် ကျုပ်ဝါသနာပါတဲ့ ဂီတနဲ့ သဘင်အလုပ်ကို ပြန်ပြီးလုပ်ဖို့ ဆုံးဖြတ်ထားတယ်"

"ဟဲ...ဟဲ၊ ကောင်းပါတယ်လေ၊ ဒါနဲ့ ခင်ဗျားနဲ့တွဲတဲ့ ဟိုရဲဘော်ကြီးရောဗျာ၊ ဘယ်သူ..."

"ဦးအောင်ကြီးကို ပြောတာလား"

"အင်း...ဟုတ်တယ်...ဟုတ်တယ်၊ သူက ဘယ်မှာလဲ"

"မသိပါဘူး ကိုထန်းသီး၊ ဘယ်ရောက်သွားမှန်းကို မသိပါဘူး"

ထို့နောက် ကိုထန်းသီးဆိုသော စစ်သားဟောင်းကြီးသည် ဘမော်ကို နှုတ်ဆက်၍ ထွက်ခွာသွားလေ၏။

ဤသို့လျှင် ဘမော်သည် တော်လှန်ရေးရဲဘော်များနှင့် မကြာခဏ တွေ့ဆုံတတ်လေ၏။ သို့ရာတွင် ဦးအောင်ကြီးနှင့်မူကား မတွေ့ရုံမျှမက သတင်းမျှပင် မကြားခဲ့ရပေ။

ဘမော်သည် ဆိုခဲ့သည့်အတိုင်း တောက်တိုမယ်ရအလုပ်ကလေးများကို လုပ်ကိုင်ရင်း တိုင်းပြည်အေးချမ်းမည့်အချိန်ကို စိတ်ရှည်စွာ စောင့်စားခဲ့ရလေတော့၏။

ဘမော်သည် ကြုံရာအလုပ်ကို လုပ်ရင်း တိုင်းပြည် အေးချမ်းမည့်အချိန်ကို စောင့်ဆိုင်းလာခဲ့ရာ (၁၉၄၈)ခုနှစ်၊ ဇန်နဝါရီလသို့ ရောက်လျှင် လုံးဝလွတ်လပ်သော နိုင်ငံကြီးတစ်နိုင်ငံအဖြစ်သို့ ဝမ်းမြောက်ဖွယ်ရာ ရောက်ရှိလေတော့၏။

ရန်ကုန်မြို့ပေါ်၌လည်း ကုမ္ပဏီဆိုင်းဘုတ်များ အရှိအရှိ ပေါ်ပေါက်လာလေတော့၏။ လွတ်လပ်ခါစ တိုင်းသူပြည်သားတို့သည်လည်း စိုပြည်လန်းဆန်း၍ လာလေတော့၏။ ဈေးဆိုင်များလည်း အရှိအရှိ ပေါ်ပေါက်လာလေ၏။ ယာဉ်ရထားများလည်း



OBookShelf .blogspot.com

http://obookshelf.blogspot.com



ပျားပန်းခတ်မျှ လှုပ်ရှားကြလေတော့၏။

ဘိုင်စကုပ်သမားများလည်း ဘိုင်စကုပ်ရိုက်ရန်အတွက် တာစူကြသည့်အချိန်၌ ဇာတ်သဘင်သမားတို့သည် မြို့တကာ နယ်တကာ လှည့်၍ ကပြနေကြပြီဖြစ်၏။

ရန်ကုန်မြို့၌လည်း ဝင်းဝင်းရုံနှင့် ကာဌေးရုံဟူ၍ ပြဇာတ် ကပြသောရုံများ ပေါ်ပေါက်လာပြီးလျှင် နိုင်ငံကျော်ပြဇာတ်ဆရာ ကြီးများ၏ ပြဇာတ်များကို စင်တင်ကပြလျက် ရှိပေပြီ။

ဘမော်သည် တိုင်းပြည်ပျက်သွားသဖြင့် မကပြလိုက်ရ သော သူ၏ပြဇာတ်ကို ကပြရန်အတွက် အမျိုးမျိုးအဖုံဖုံ ကြိုးစား လေ၏။ သို့ရာတွင် ပြဇာတ်ကရန်မှာ လွယ်ကူသောအရာ မဟုတ်၊ ရင်းနှီးမတည်ရန် ငွေလိုသည်။ ထို့ကြောင့် ဘမော်သည် ပြဇာတ် ကနိုင်ရန်အတွက် လုံလောက်သော ငွေရရန် အမျိုးမျိုးအဖုံဖုံ ကြံ ဆခဲ့လေသည်။

တစ်နေ့သ၌ ဘမော်သည် ဘုတာရုံကြီး၏တံတားပေါ်မှ ကျော်ဖြတ်ကာ ပန်းဆိုးတန်း ဝင်းဝင်းရုံဘက်သို့ လျှောက်လာရာ စစ်အတွင်းက ရင်းနှီးခဲ့သော အဖောင်ဆိုသည့် တရုတ်တစ် ယောက်နှင့် ဆုံမိလေ၏။

"ဟာ...ဆရာကြီး ကိုဘမောပါလား" ဟု အဖောင်က နှုတ်ဆက်လေ၏။

"ဟုတ်တယ် အဖောင်၊ မင်းခေါ်သလိုပဲ ငါလဲ ဘမော် မဟုတ်တော့ဘဲ ဘမော ဖြစ်နေပြီကွာ"

"ဘယ်လိုလဲ၊ အလုပ်အကိုင် ကောင်းရဲ့လား"

"မကောင်းပါဘူး အဖောင်ရယ်၊ ပိုက်ဆံရှာလို့ကို မရပါ ဘူးကွာ"



"ဟား...ဟား၊ ခင်ဗျား ကောင်းကောင်းမှတ်ထား၊ လူက ခြေနှစ်ချောင်းပဲ ရှိတယ်၊ ပိုက်ဆံက ခြေထောက်လေးချောင်း ရှိ တယ်ဗျ၊ ပိုက်ဆံပြေးရင် လူက လိုက်လို့မမီဘူး ကိုဘမော"

"စိတ်ပျက်ရတဲ့အထဲကွာ၊ မင်းစကား ကြားရတာ ငါဖြင့် တစ်ခါတည်း အားကိုမရှိတော့ဘူး"

"ဟား...ဟား၊ ပိုက်ဆံက လူဆီကိုလာရင်လဲ လူက မလို ချင်ပါဘူးဆိုပြီး ရှောင်ပြေးလို့ မရဘူးလေ၊ ပိုက်ဆံက ခြေထောက် လေးချောင်း ရှိတာကိုး"

"ဝလဲ ပိုက်ဆံကို လိုက်တာပဲ၊ ပိုက်ဆံက ပြေးနေတော့ ပိုက်ဆံကို မမီဘူး၊ ဟော...အခုကြည့်စမ်း၊ ဝက ပိုက်ဆံကို မလိုက် တော့ ပိုက်ဆံက ဝဆီလာပြီ၊ ဟောင်ကောင်က ဝရဲ့ဆွေမျိုးတွေက လဲ ပိုက်ဆံပို့ပေးတယ်၊ ကုမ္ပဏီတစ်ခုလဲ ဝဦးလေးရဲ့မိတ်ဆွေက လုပ်ပေးတယ်၊ ဟော ပိုက်ဆံတွေက ခြေထောက်လေးချောင်းနဲ့ ဝဆီကို ပြေးလာကြပြီ"

"ဟေ့...အဖောင် ဒီလိုဆိုရင် ငါ့ကို ပိုက်ဆံချေးပါလား ကွာ၊ ပြဇာတ်ထောင်ချင်လို့ပါ၊ ငွေပြန်ပေါ်တာနဲ့ မင်းပိုက်ဆံကို ဆပ်ပါ့မယ်"

"ဘယ်လောက် လိုချင်တာလဲ"

"ငွေတစ်ထောင်လောက် လိုချင်တယ်"

"ရပါတယ်၊ အခုတော့ ကုမ္ပဏီရုံးခန်း ပိတ်သွားပြီ၊ နက် ဖြန်ခါ ဖရေဇာလမ်း အဖောင်အင်ဆန်းကုမ္ပဏီကို လာခဲ့ပါ ကို ဘမော"

"အခု ဘယ်ကိုလာတာလဲ အဖောင်"

"ကျုပ်မိန်းမက ပြဇာတ် သိပ်ကြိုက်တယ်၊ ပြဇာတ်လက်

http://obookshelf.blogspot.com



မှတ် လာပြီးဝယ်တာ၊ ကဲ သွားမယ်" ဟု ဆိုကာ အဖောင်သည် သူ၏ဂျစ်ကားပေါ်သို့ တက်သွားပြီးလျှင် မောင်းထွက်သွားလေ၏။

ဘမော်သည် အဖောင်ထံမှ ငွေတစ်ထောင် ရရှိတော့မည့် အရေးကို တွေး၍ ဝမ်းသာမိလေတော့၏။ ဝမ်းသာလွန်း၍ ထိုနေ့ ညက အိပ်၍ပင် မပျော်နိုင်ဘဲ ရှိလေ၏။

နောက်တစ်နေ့ နံနက် (၉)နာရီခန့်တွင် ဘမော်သည် ဖရေဇာလမ်းရှိ အဖောင်အင်ဆန်းကုမ္ပဏီသို့ သွားရောက်ခဲ့လေ၏။ ဘမော် ရောက်ရှိသည့်အချိန်၌ အဖောင်၏ ကုမ္ပဏီရှေ့မှာ တရုတ်များသည် ကွိစိကွိစိနှင့် ပျာယာခတ်လျက် ရှိကြလေ၏။ အဖောင်ကိုမူကား အရိပ်အယောင်မျှပင် မတွေ့ရပေ။

ဘမော်သည် မြန်မာစကားတတ်မည်ဟု ယူဆရသော တရုတ်တစ်ယောက်အနီးသို့ ကပ်သွားပြီးလျှင် အောက်ပါအတိုင်း မေးလေ၏။

"ထောင်ကဲ...အဖောင် မရှိဘူးလား"

"အဖောင် ညက သေပြီလေ၊ အရက်မူးပြီး ဂျစ်ကား မောင်းတာ ကန်တော်ကြီးထဲ ကျသွားတယ်လေ၊ ခင်ဗျား သတင်းစာ မဖတ်ဖူးလား"

"ဟင်...အဖောင်သေပြီ ဟုတ်လား၊ အံ့ပါရဲ့ ထောင်ကဲရယ်၊ မနေ့မနက်ကပဲ ကျုပ်နဲ့ တွေ့ခဲ့သေးတယ်"

"မနေ့မနက်က တွေ့ခဲ့တာလောက် မပြောနဲ့လေ၊ ကျုပ်နဲ့ဆို မနေ့ညနေကတောင် တွေ့ခဲ့သေးတာပေါ့၊ သူ့မိန်းမဆိုရင် မနေ့ညကတောင် အတူ ထမင်းစားခဲ့သေးတယ်လို့ ပြောမှာပေါ့၊ လွမ်းအောင် မပြောစမ်းပါနဲ့ဗျာ"

"ဟုတ်ပါတယ်လေ၊ အဖောင် ပြောခဲ့သလိုပါပဲ၊ ပိုက်ဆံ





က ခြေထောက်လေးချောင်း ရှိတာကိုး၊ ဒီတော့ ငါနဲ့ မထိုက်သေးဘဲကိုး" ဟု ရေရွတ်ကာ ဘမော်သည် အဖောင်ကုမ္ပဏီရှေ့မှ ပြန်၍လာခဲ့လေသည်။

ဘမော်သည် စိတ်ပျက်အားငယ်စွာဖြင့် မိမိနေထိုင်ရာသို့ ပြန်လာပြီးလျှင် ထိုနေ့အဖို့ ထမင်းကိုပင် စားသောက်ခြင်း မပြုဘဲ တယောထိုး၍သာ နေလေတော့၏။

ဘမော်သည် တယောထိုးနေသည့်အခါ၌ စိတ်ပျက်အားငယ်ခြင်းများ ပြေပျောက်၍ သက်သာခွင့် ရလေတော့၏။ ထို့ကြောင့် တယောကို မနားတမ်းထိုး၍ နေလေ၏။

"အေး အနုပညာလက်ရာတစ်ရပ်ကို ဖန်တီးတော့မယ်ဆိုရင် အရေးအကြီးဆုံးက စိတ်ကို ငြိမ်ငြိမ်ကလေးထားပြီး စိတ်ထဲမှာ ဘာမှ လက်ကျန်မရှိအောင် ဟာလာဟင်းလင်း နေလိုက်ဖို့ အရေးကြီးတယ်၊ အဲဒီလို ဟာလာဟင်းလင်း ဖြစ်သွားတဲ့ စိတ်ထဲမှာ အသစ်အသစ်ဖြစ်တဲ့ အနုသောဘဏ ဖန်တီးမှုတွေကို စတင်ရမယ်"

ဘမော်သည် တစ်ညလုံး အိပ်၍မရသဖြင့် တယောထိုး၍ နေခဲ့ပြီးနောက် မိုးလင်းသည့်အခါ၌ မျက်လုံးများ ကျိန်းစပ်လှသဖြင့် လမ်းထိပ်မှ ကာကာဆိုင်သို့ သွားရောက်ကာ လက်ဖက်ရည်တစ်ခွက်နှင့် နံပြားတစ်ချပ်ကို မှာယူစားသောက်လေ၏။

ထိုအချိန်၌ တစ်စုံတစ်ယောက်သောသူက နောက်မှနေ၍ 'ဟေ့...ဒေါက်တာ' ဟု လှမ်း၍ ခေါ်လိုက်သဖြင့် ဘမော်က လှည့်ကြည့်လိုက်ရာ လွန်စွာခင်မင်ရင်းနှီးသည့် ဘိုကလေးမြို့သား စန္ဒယားဆရာ မောင်ဘိုဘိုဆိုသူ ဖြစ်ကြောင်း တွေ့ရလျှင် 'ဟာ... ဘိုဘို တွေ့ရတာ ဝမ်းသာလိုက်တာ၊ လာကွာ လက်ဖက်ရည်



OBookShelf blogspot.com

http://obookshelf.blogspot.com



သောက်ရအောင်' ဟု အားရဝမ်းသာ ခေါ်လေ၏။

စန္ဒယားဆရာ မောင်ဘိုဘိုဆိုသူမှာ မောင်ဘမော်ထက် အသက်အားဖြင့် ငယ်သော်လည်း စန္ဒယားတီးခြင်းအလုပ်၌ ပါရမီရှင်တစ်ဦး ဖြစ်ပေရာ ဘမော်က လွန်စွာ လေးစားလေ၏။ ထိုမောင်ဘိုဘိုကလည်း ဘမော်ကို လွန်စွာ ခင်မင်ပေသည်။ ဘမော်ကိုလည်း ဘမော်ဟူ၍ မည်သည့်အခါမျှ မခေါ်ပေ။ ဒေါက်တာဟူ၍သာ နောက်ပြောင်ခေါ်လေ့ ရှိ၏။

"ဒေါက်တာကြီးက ကျုပ်ကို လက်ဖက်ရည် တိုက်တာတော့ ဟုတ်ပါပြီ၊ ပိုက်ဆံကော ပါလို့လား" ဟု မောင်ဘိုဘိုက ပြောလေ၏။

"ပါပါတယ်ဗျာ၊ သောက်စမ်းပါ၊ ကာကာ... လက်ဖက်ရည် တစ်ခွက် နံပြားတစ်ချပ်" ဟု ဘမော်က မှာလေ၏။ မောင်ဘိုဘိုလည်း ဘမော်၏ မျက်နှာချင်းဆိုင်၌ ဝင်၍ထိုင်ပြီးလျှင် 'ဒီမှာကိုယ့်လူ၊ ပြဇာတ်တွေ လုပ်နေပြီ' ဟု အစချီလေ၏။

"သိတယ်လေ...ဘိုဘိုတို့ပြဇာတ်တွေ အောင်မြင်သားပဲ" ဟု ဘမော်က ပြောရင်း ကာကာကုလား လာ၍ချပေးသော နံပြားနှင့် လက်ဖက်ရည်ကို မောင်ဘိုဘိုဘက်သို့ တိုး၍ပေးလေ၏။

"ဒေါက်တာရယ်...သိရက်သားနဲ့ ဘာဖြစ်လို့မလာသလဲ" ဟု မောင်ဘိုဘိုက အပြစ်တင်လေ၏။

"ဒီလို ဘိုဘိုရဲ့...ကျုပ်လဲ ဇာတ်တစ်ထုပ်လောက် ကမို့ကြိုးစားနေတယ်" ဟု ဘမော်က ပြောလျှင် မောင်ဘိုဘိုက အားရဝမ်းသာနှင့်...

"ဟုတ်လား...ကောင်းတာပေါ့၊ ပြဇာတ်က တိုက်ပြီးပြီလား" ဟု မေးလေ၏။





"ပြဇာတ်က မတိုက်ရသေးပါဘူး"

"ဇာတ်ညွှန်းတော့ ရေးပြီးပြီပေါ့"

"ဇာတ်ညွှန်းလဲ မရေးရသေးဘူး"

"သိပြီ...သိပြီ၊ ဇာတ်ဝင်သီချင်းတွေကို စိတ်ကြိုက်ရေးနေပြီပေါ့"

"သီချင်းလဲ မရေးရသေးဘူး"

"ဟင်...ဒေါက်တာ့ဥစ္စာ ဘာမှလဲ မလုပ်ရသေးပါလား"

"ဇာတ်ထုပ်နာမည်တော့ ရွေးပြီးပြီ...ဘိုဘို"

"အင်း...လုပ်စမ်းပါဦး"

"ပုဂံသား မောင်ဘမော်...တဲ့"

"တော်တော်စဉ်းစားထားရတဲ့ နာမည်ပဲ" ဟု မောင်ဘိုဘိုက နောက်လိုက်လေ၏။

"ဇာတ်လမ်းကတော့ ရှိပြီးသားပဲ ဘိုဘို" ဟု ဘမော်က ပြောလိုက်လေ၏။

"သိပြီလေ၊ ပုဂံသားမောင်ဘမော် ဆိုကတည်းက ဇာတ်လမ်းက ရှိပြီးသားပေါ့၊ ဒေါက်တာကြီးရဲ့ Biography ပေါ့၊ ဟဲ... ဟဲ...အဲဒီဇာတ်လမ်းမှာ မင်းသမီး မလိုဘူးထင်တယ်၊ ဒေါက်တာကြီးရဲ့ဘဝမှာ ထောင်ထဲရောက်လိုက်၊ စစ်ထဲရောက်လိုက်၊ ဇာတ်ထဲ ရောက်လိုက်နဲ့ မိန်းမလဲ ရှိတာမဟုတ်တော့ ဒေါက်တာကြီးရဲ့ အဖြစ်အပျက်ကို ပြဇာတ်ကရရင် မင်းသမီး ဘယ်က လိုမှာလဲ" ဟု မောင်ဘိုဘိုက ပြောရင်း နံပြားကို ဖဲ့လိုက်လေ၏။

"မင်းသမီးလိုတယ် ဘိုဘို၊ သူနဲ့တူတဲ့ မင်းသမီးကို ရှာရမှာပဲ" ဟု ဘမော်က ပြောလေသည်။

"ရှဲဟဲမယ်ကို ကြည့်ဖူးတယ် မဟုတ်လား"

OBookShelf blogspot.com

http://obookshelf.blogspot.com



"မေရှိမြင့်ကို ပြောတာလား"

"အင်း…သူနဲ့ မဖြစ်ဘူးလား"

"မဖြစ်ဘူးဗျ၊ မေရှိမြင့်က သိပ်ပြီးလှလွန်းပါတယ်၊ သူက လှတာ မဟုတ်ဘူး"

"ယဉ်တာပေါ့"

"ယဉ်တယ်ကွ၊ ယဉ်ယဉ်ကလေး သွားတက်ကလေးနဲ့"

"ဒီလိုဆို မေသစ်နဲ့ ဖြစ်တာပေါ့ဗျ၊ မေသစ်လဲ သွားတက်ကလေးနဲ့ပဲ"

"မေသစ်ရဲ့မျက်နှာက ဝိုင်းတယ်ကွ၊ သူက မျက်နှာသွယ်ကလေး"

"ကျုပ်တို့ ဝတ္တုတ်မကြီးရောဗျာ၊ သူလဲ သွားတက်နဲ့ပဲဗျ"

"သူ့လဲ သုံးရမှာပဲ၊ ထမင်းဆိုင်ရှင် မိန်းမကြီးနေရာက သုံးရမယ်" ဟု ဘမော်က ပြောပြန်၏။

"ဒေါက်တာ့ဇာတ်မှာ ကိုကြယ်နီတို့၊ ကိုချစ်မောင်ကော ပါမယ် မဟုတ်လား" ဟု မောင်ဘိုဘိုက မေးပြန်၏။

"ပါရမယ်၊ သူတို့က လူရွှင်တော် စန္ဒယော်နဲ့ သူတို့နေရာ လုပ်ရမယ်၊ အဲဒါတွေထက် အရေးကြီးတဲ့ ဇာတ်ရုပ်က ကျုပ်ရဲ့ ဆရာ ဦးအောင်ကြီး လုပ်မယ့်လူပဲ၊ ဦးအောင်ကြီးရဲ့ character က ရှာရမှာ မလွယ်ဘူးဗျ၊ သူက လူဆိုးလဲမဟုတ်၊ လူကောင်းလဲ မဟုတ်၊ လူ့ဖွတ်တရှုတ်ကြီးဗျ" ဟု ဘမော်က ပြောလေ၏။

"ဘာပဲဖြစ်ဖြစ် ဒေါက်တာရယ်၊ ခင်ဗျားပြဇာတ်ကြီး မလုပ်ဖြစ်သေးခင်မှာ ကျုပ်တို့ဆီကို လာဗျာ၊ တယောကလေး ဘာလေး ထိုးဗျာ၊ ဒီအလုပ်မျိုးက လုပ်နေတဲ့အသိုင်းအဝိုင်းနဲ့ အတူ ရှိနေမှဗျ၊ နို့မို့ရင် သွေးအေးသွားတတ်တယ်၊ ဘာပဲဖြစ်ဖြစ်ဗျာ၊





ကျုပ် ဒေါက်တာ့ဆီကို ရှာပြီးလာတာက ကျုပ်တို့နဲ့ တွဲနေပါလို့ ပြောဖို့လာခဲ့တာပဲ၊ ကဲ…သွားမယ်" ဟု ဆိုကာ မောင်ဘိုဘို နှုတ်ဆက်၍ ထွက်သွားလေတော့၏။

ဘမော်ကလည်း လက်ဖက်ရည်ဆိုင်မှ ထွက်လာပြီး နောက် ရန်ကုန်မြို့အတွင်းသို့ လှောက်၍လာခဲ့ရာ ပန်းဆိုးတန်းသို့ ရောက်လျှင် တီးဝိုင်းများ၌ ခြောက်လုံးပတ်ကို တီးသော ကိုအေး မောင် ဆိုသူနှင့် တွေ့ရလေ၏။

"ဟော့…ဘမော်၊ မင်းနဲ့တွေ့ချင်တုန်း အတော်ပဲကွ၊ ဒီ မနက် ပြဇာတ်ရုံကို တရုတ်သုံးလေးယောက် လာပြီး မင်းနာမည် ကို မေးတယ်၊ ပြဇာတ်အလုပ်လုပ်တဲ့ ဘမော မရှိဘူးလား၊ ဘမော မရှိဘူးလားလို့ မေးတယ်၊ ငါတို့ကလဲ မင်းကို မေ့နေတယ်၊ ဘာ ကိစ္စလဲလို့ မေးတော့ တရုတ်တစ်ယောက်သေသွားတဲ့အခါမှာ စာ တစ်စောင် ရေးထားခဲ့တယ်ဆိုပဲ၊ ပြဇာတ်အလုပ်လုပ်တဲ့ ဘမော ဆိုတဲ့လူကို တွေ့ရင် ဖရေဇာလမ်းက အဖောင်အင်ဆန်းကုမ္ပဏီကို လွှတ်ပေးဖို့ ပြောသွားတယ်၊ ဒီတော့မှ ငါက မင်းကို သတိရတာ၊ ဘမော မဟုတ်ဘူး၊ ဘမော်လို့ ပြောလိုက်တယ်၊ အကြောင်းထူး တော့ ရှိမယ်ကွ၊ မင်း သွားလိုက်ဦး" ဟု ဆိုလေတော့၏။

"ဟုတ်တယ် ကိုအေးမောင်၊ သေသွားတဲ့ အဖောင်ဆိုတာ ကျုပ်နဲ့ အတော်ကလေး ရင်းနှီးတယ်၊ ကဲဗျာ သွားကြည့်ဦးမယ်" ဟု ဆိုကာ ဘမော်သည် အဖောင်အင်ဆန်းကုမ္ပဏီရှိရာ ဖရေဇာ လမ်းဆီသို့ ထွက်လာခဲ့လေ၏။

အဖောင်၏အိမ်သို့ ရောက်လျှင် မိမိသည် ပြဇာတ်အလုပ် လုပ်သော ဘမော်ဖြစ်ကြောင်း တရုတ်တို့ကို ပြောလျှင် တရုတ် အိုလူကြီးတစ်ဦးက…

http://obookshelf.blogspot.com



"ခင်ဗျား အဖောင်နဲ့ သိသလား" ဟု မေးလေ၏။

"သိတာပေါ့၊ မသေခင်တစ်ရက်က ကျုပ်နဲ့တွေ့လို့ ကျုပ်ကတောင် သူ့ဆီက ငွေတစ်ထောင် ချေးလိုက်သေးတယ်၊ သူက ပေးပါ့မယ်လို့ ပြောသွားရှာသေးတယ်" ဟု ဘမော်က ပြောရာ ဘုံလူကြီးက...

"ဟုတ်ပါတယ်၊ ဘမော်ရဲ့မိတ်ဆွေကြီး အဖောင်က သူ့ရဲ့ ဒိုင်ယာရီစာအုပ်မှာ ပြဇာတ်ဆရာ ဘမော်ကို ငွေတစ်ထောင် နက်ဖြန်ခါ ပေးရမယ်လို့ တရုတ်စာနဲ့ ရေးမှတ်ထားတာကို တွေ့ရပါတယ်၊ ဒါကြောင့် ပေးဖို့ ခင်ဗျားကို ရှာရတာပဲ" ဟု ဆိုလေ၏။

"ကျွန်တော် မလိုချင်တော့ပါဘူး၊ သူလဲ သေရှာပြီဆိုတော့ မယူရက်တော့ပါဘူး" ဟု ဘမော်က ပြောလေ၏။

"မယူလို့မရဘူး၊ ကျုပ်တို့ ဘုံလူကြီးတွေက ဆုံးဖြတ်တာ၊ အဖောင်က စာနဲ့ရေးသွားတယ်၊ ခင်ဗျား ယူမှဖြစ်မယ်"

"ယူတာက ဟုတ်ပြီ၊ ကျုပ်က အဲဒီငွေတစ်ထောင်ကို ပြန်ပြီး အကြွေးဆပ်ချင်တော့ ဘယ်သူ့ကို ဆပ်ရမှာလဲ" ဟု ဘမော်က မေးလေ၏။

"မဆပ်ရဘူး၊ သူ့စာမှာက ချေးတယ်လို့ မပါဘူး၊ ပေးရမယ်လို့ပဲ ပါတယ်၊ ခင်ဗျား မယူရင် အားလုံး စိတ်ညစ်ရလိမ့်မယ်" ဟု ဆိုကာ ဘမော်အား ငွေတစ်ထောင် အတင်းပေးလိုက်တော့၏။

ဘမော်လည်း ငွေတစ်ထောင်ကို မယူချင့်ယူချင်နှင့် ယူကာ ထွက်လာခဲ့လေတော့၏။ ဘမော်သည် ရွှေတောင်တန်းထိပ်ရှိ ကာဌေးပြဇာတ်ရုံဘက်သို့ သွားရောက်ကာ ပြဇာတ်သမားများကို တွေ့ဆုံ၍ ပြဇာတ်ကရန်အတွက် စုံစမ်းမေးမြန်းခဲ့ရာ ငွေတစ်ထောင်နှင့် ပြဇာတ်မကနိုင်ကြောင်း သိရှိရပြန်လေ၏။ ထို့ကြောင့်





ပြဇာတ် ရုံတင်ရန်အတွက် ကုန်ကျမည့် ငွေကြေးအသေးစိတ်ကို စာရင်းပြုလုပ်၍ ကာဌေးရုံမှ ထွက်လာခဲ့လေ၏။

အိမ်သို့ရောက်သောအခါ၌ သူတောင်းစားကြီး ပြောဖူးသည့် နည်းစနစ်အတိုင်း ပြဇာတ်အတွက် သီချင်းများကို တယောဖြင့် အသံရှာကာ စတင်ရေးသားလေတော့သည်။

တစ်လခန့် အပြင်သို့မထွက်ဘဲ သီချင်းများ ရေးစပ်ခဲ့ရာ အောက်ပါသီချင်းများကို ရရှိလေတော့၏။

"ပျောက်သောသူ ရှာလျှင်တွေ့ ဆိုပေမယ့်"

"ဒီလိုပုံနဲ့ မိုးကြီးချုပ်တော့မယ်"

"ချစ်ပဟေဠိ"

"လောကဓံလှိုင်း"

"အနုပညာမာန"

"ဖက်ခွက်စား သီချင်းဆိုမယ်"

သီချင်းများစပ်ပြီးနောက် ပြဇာတ် ဇာတ်ညွှန်းကို စတင်၍ ရေးသားလေ၏။ ပြဇာတ် ဇာတ်ညွှန်းကို တစ်ပတ်အတွင်း၌ပင် အပြီးအပြတ် ရေးသားကာ စန္ဒယားဆရာ မောင်ဘိုဘိုအား ရှာဖွေရန်အတွက် ဝင်းဝင်းရုံဘက်ဆီသို့ ထွက်လာခဲ့လေ၏။

ဝင်းဝင်းရုံသို့ မရောက်မီ၌ ဆာလောင်မွတ်သိပ်လှသည်နှင့် လက်ဖက်ရည်ဆိုင်သို့ဝင်ကာ လက်ဖက်ရည်တစ်ခွက် သောက်လေ၏။ လက်ဖက်ရည် သောက်ပြီးနောက် ဆေးပေါ့လိပ်ကို မီးညှိလျက် ဝင်းဝင်းရုံဘက်ဆီသို့ ဆက်၍လျှောက်လာခဲ့ရာ ဝင်းဝင်းရုံအနီးသို့ ရောက်လျှင် တစ်စုံတစ်ယောက်က...

"ဟော့...မောင်လေး" ဟု ခေါ်သဖြင့် လှည့်ကြည့်လိုက်ရာ မင်းသမီး စက္ကူဝက်ကြည်နှင့် ကောလိပ်ကျောင်းသားကြီးကို တွေ့



OBookShelf blogspot.com

http://obookshelf.blogspot.com



ရလေ၏။

"အစ်မကြီးနဲ့ အစ်ကိုကြီးပါလား" ဟု ဘမော်က ပြောလိုက်လေ၏။

"အစ်မကြီးနဲ့ အစ်ကိုကြီးပဲ မဟုတ်သေးဘူးကွ၊ မြကိန္နရီလဲ ပါသေးတယ်၊ နေမကောင်းလို့ အိမ်မှာနေခဲ့တယ်၊ ငါတို့နှစ်ယောက် ကာဒွေးနဲ့ ဝင်းဝင်းရုံကို လာပြီး မင်းကိုရှာတာ၊ ဒါပါနဲ့ဆို သုံးခေါက်ရှိပြီကွ၊ ငါတို့ ရန်ကုန်ရောက်နေတာ တစ်လတောင် ပြည့်တော့မယ်၊ လာကွာ အိမ်ကိုလိုက်ခဲ့၊ အိမ်ကျမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့" ဟု ကောလိပ်ကျောင်းသားကြီးက ပြောလေ၏။

ဘမော်လည်း ၎င်းတို့နှင့်အတူ လိုက်ပါသွားခဲ့လေ၏။

လမ်း၌ စက္ကူဝက်ကြည်က...

"မင်းအစ်ကိုကြီးက အမွေတွေလဲ ရတယ်ကွယ့်၊ ပြီးတော့ အမွေက ငွေချည်းပဲ မဟုတ်ဘူး၊ လယ်တွေယာတွေပါ ပါနေလေတော့ အဲဒါတွေကို ရောင်းပြီး ဝင်ဒါမီယာမှာ ခြံနဲ့တိုက်နဲ့ ဝယ်ထားတယ်၊ အေး...ပြောရဦးမယ်၊ တို့ခြံထဲမှာ စမ်းချောင်းကလေးတစ်ခုက ဖြတ်ပြီးစီးနေလို့ 'စမ်းရေယဉ်ဂေဟာ' လို့ အမည်ပေးထားတယ်ကွ" ဟု ပြောလေ၏။

၎င်းတို့နေအိမ်သို့ ရောက်ရှိလာသောအခါ ကျယ်ဝန်းသော ခြံကြီးနှင့် ခန့်ညားသောအိမ်ကြီးကို တွေ့ရလေ၏။ ထိုအိမ်၌ မြကိန္နရီကိုလည်း တွေ့ရလေသည်။

"အစ်မလေး" ဟု ဘမော်က စတင်နှုတ်ဆက်လိုက်လေ၏။

"ဘမော်ရယ်၊ ငါတို့ကို မေ့များသွားပြီလား" ဟု မြကိန္နရီ



OBookShelf blogspot.com



က စကားနှာထိုးလေ၏။

ဘမော်က တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ ပြုံးရုံသာ ပြုံး၍နေလိုက်လေ၏။

မြကိန္နရီက အိမ်တွင်းသို့ဝင်သွားပြီးလျှင် အားလုံးသောက်ရန်အတွက် သံပုရာရည်များ ဖျော်၍လာလေ၏။ ကောလိပ်ကျောင်းသားကြီးက တယောကိုယူ၍ ဘမော်အား ပေးပြီး...

"ကဲ...ကျန်တဲ့စကားတွေ နောက်မှပြောမယ်၊ ဘမော် မင်းလက်သံလေး ကြားရအောင်" ဟု ဆိုသဖြင့် ဘမော်လည်း တယောကြိုးကို ညှိ၍ အသံစမ်းလိုက်ပြီးနောက် 'မနော၀ိညာဉ်' သီချင်းကို တယောဖြင့် ထိုးလေ၏။ မြကိန္နရီက စည်းနှင့်ဝါးကို ယူကာ ဝင်၍ဆိုလေ၏။ ပြီးဆုံးသွားသည့်အခါ၌ အပြင်မှ လူနှစ်ယောက် ဝင်၍လာပြီးလျှင် လက်ခုပ်တီးလေ၏။

"ဟော့...သိပ်ကောင်းတာပဲ၊ ဓာတ်ပြန်ပြီး ကရင်တော့ ဥါတို့မပါလို့ ဘယ်ဖြစ်မလဲ" ဟု နှစ်ယောက်အနက် တစ်ယောက်သော လူက ပြောလိုက်သဖြင့် ဘမော်တို့က ကြည့်လိုက်ရာ လူရွှင်တော် ကိုဩဇာနှင့် စန္ဒယော်ကလေးတို့ ဖြစ်ကြောင်း တွေ့ရလျှင် ဘမော်တို့လူစုက အားရဝမ်းသာ အော်ဟစ်နှုတ်ဆက်ကြလေတော့၏။

"ဦးလေးတို့ပါလား" ဟု မြကိန္နရီက ဝမ်းသာအားရ နှုတ်ဆက်လိုက်လျှင် ကိုဩဇာက...

"ဦးလေးဆိုတော့ ပွဲထောင်တာပေါ့ မြကိန္နရီ" ဟု ပြောလိုက်ပြန်သဖြင့်...

"ပျောက်ချက်သား ကောင်းလှချည်လား ကိုစန္ဒယော်" ဟု စက္ကူဝက်ကြည်က ပြောလိုက်ပြန်ရာ...

http://obookshelf.blogspot.com



"ပျောက်ချက်သားကောင်းဆို ချမ်းလွန်းလို့ ပုနေတယ် ဗျို့" ဟု နောက်လိုက်ပြန်လေ၏။

ထို့နောက် လူရွှင်တော်နှစ်ယောက်အား မြကိန္နရီက သံပုရာရည်များ တိုက်လေ၏။ ကွဲကွာနေကြသော မိတ်ဆွေများ ဖြစ်သဖြင့် စကားကို ဖောင်၍နေအောင် ပြောကြလေ၏။

"ငါတို့နှစ်ယောက် မအူပင်ကို ကုန်ကူးရင်း ရောက်ခဲ့သေးတယ်၊ အဲဒီမှာ စက္ကဝက်ကြည်တို့ ရန်ကုန်ပြောင်းသွားတယ်ဆိုတဲ့ သတင်းရတာ၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ စက္ကဝက်ကြည်တို့ ခြံဘေးက မနှင်းအေးဆိုတဲ့ မိန်းမနဲ့ သွားတွေ့တာ" ဟု ကိုညိဇာက ပြောလေ၏။

"ဪ အနှင်းနဲ့ တွေ့ခဲ့တာကိုး" ဟု စက္ကဝက်ကြည်က ပြောလေ၏။

ထို့နောက် စက္ကဝက်ကြည်၏ ယောက်ျား ကောလိပ်ကျောင်းသားကြီးက...

"ကဲ...မောင်ဘမော်ရေ...လူကတော့ စုံပြီကွ၊ ဇာတ်ပြန်ပြီး ထောင်ချင်တယ်ကွာ၊ ဒါမှ မင်းတို့ငါတို့တတွေ ဥမကွဲသိုက်မပျက် အတူတူနေကြရမှာ မဟုတ်လား" ဟု ပြောလေ၏။

"ဇာတ်ထောင်တာထက် ကျွန်တော်ကတော့ ပြဇာတ်ထောင်ချင်တယ်" ဟု ဘမော်က ပြောလေ၏။

"ဟုတ်တယ်၊ ပြဇာတ်တွေ ခေတ်စားနေပြီ၊ ပြဇာတ်ထောင်ကြတာပေါ့" ဟု စန္ဒယော်ကလေးက ဝင်၍ထောက်ခံလေ၏။

"ကဲကွာ ပြောနေရင်ကြာမယ်၊ ပြဇာတ်ကို ဒီတစ်ပတ်အတွင်း စပြီး အကောင်အထည်ဖော်ပေါ့ကွာ၊ မောင်ဘမော် ဇာတ်





ညွှန်း ရေးပေတော့" ဟု ကောလိပ်ကျောင်းသားကြီးက ပြောလေ၏။

"ဇာတ်ညွှန်းရေးပြီးသား အသင့်ရှိပါတယ် အစ်ကိုကြီး" ဟု ဘမော်က အားရဝမ်းသာ ပြောလိုက်လေ၏။

"ဇာတ်ထုပ်နာမည်လေး ပြောစမ်းပါဦး ဘမော်" ဟု ကိုညိဇာက မေးလိုက်၏။

"ဇာတ်ထုပ်နာမည်က ပုဂံသားမောင်ဘမော်" ဟု ဘမော်က ပြောလိုက်ရာ...

"လာပြန်ပြီ ပုဂံသားမောင်ဘမော်၊ တစ်ခါကလဲ ဒီဇာတ်ထုပ်ကို ကမလို့လုပ်တုန်း တိုင်းပြည်ပျက်သွားတယ်၊ အေး...အဲဒီတော့ ဒီဇာတ်လမ်းက ပိုပြီးရှည်လာရတာပေါ့ကွာ၊ စစ်အတွင်းက မင်းတွေ့ကြုံသမျှတွေ ဇာတ်ထုပ်ထဲ ပါရတော့မှာပေါ့" ဟု လူရွှင်တော် စန္ဒယော်က ဝင်ပြောလိုက်၏။

မှန်ပေသည်။ စစ်မဖြစ်မီက ကရုပါမှု ပုဂံသား မောင်ဘမော် ပြဇာတ်၌ သီသီဆိုသော မိန်းကလေးသည် ကလေးဘဝ အခန်းတစ်ခန်းနှင့် ပြည်မြို့တွင် တွေ့ရသော အခန်းနှစ်ခန်းသာ ပါဝင်ပေမည်။ ယခုမူ ဘမော်သည် စစ်အချုပ်၌ သီသီအား သက်စွန့် ကြိုးပမ်း ကယ်တင်ခဲ့ရပုံကိုပါ ကပြရပေတော့မည်။

"ဟုတ်တယ် ကိုစန္ဒယော်၊ စစ်အတွင်းမှာ ကျွန်တော် ထပ်ပြီးတွေ့ရတဲ့ အဖြစ်အပျက်တွေကိုပါ ဖြည့်ထားတယ်၊ သီချင်းတစ်ချို့တောင် စပ်ပြီးပြီ"

"ကဲ...ဒီလိုဆိုရင် အကောင်အထည်ဖော်တော့ကွာ၊ မင်းလဲ ဒီမှာလာပြီးနေပေတော့၊ ကိုညိဇာတို့လဲ လာနေကြပြီ၊ ပြဇာတ်တိုက်ဖို့ ပြဇာတ်သမားတွေ နေဖို့လဲ နောက်ဖက်မှာ ထပ်ပြီး

http://obookshelf.blogspot.com



ဆောက်ပေးဦးမယ်" ဟု ကောလိပ်ကျောင်းသားကြီးက ပြောလိုက်ရာ အားလုံးမှာ ဝမ်းသာလွန်း၍ တစ်ပြိုင်တည်း လက်ခုပ်တီးလိုက်ကြလေတော့၏။

ထိုနေ့မှစ၍ ဘမော်လည်း ပြဇာတ်အတွက် စီစဉ်ရလေတော့၏။

ပထမဦးဆုံး အလုပ်မှာ မောင်ဘမော်အဖြစ် သရုပ်ဆောင်မည့် ပြဇာတ်မင်းသားကို ရှာဖွေရာ ကြည့်မြင်တိုင်ဘက်တွင် နေထိုင်သည့် ခင်မောင်ကြည်ဆိုသော ရုပ်ရည်ချောမောရုံမျှမက အသံရောအဆိုပါ ရသည့် မင်းသားကို ရည်ရွယ်ခဲ့သော်လည်း ဇာတ်တိုက်ခါနီးတွင် ထိုမင်းသားသည် နေထိုင်မကောင်းဖြစ်၍နေသဖြင့် အခြားသော မင်းသားတစ်လက်ကို ရှာဖွေမွေးထုတ်ခဲ့ရလေ၏။

ထို့နောက် ပြဇာတ်အတွက် ဆက်တင်များကို စီစဉ်ရလေ၏။

သီသီ၏နေရာ၌လည်း မင်းသမီးတစ်လက်ကို အသုံးပြုရန် ဆုံးဖြတ်ရလေသည်။ မြကိန္နရီကိုမူ မြကိန္နရီနေရာ၌ပင် သရုပ်ဆောင်စေလေသည်။

ဘမော်သည် ကိုယ်တိုင် စန္ဒယားတီး၍ သုံးလတိုင်တိုင် ကြေညက်သည်အထိ ပြဇာတ်ကို တိုက်လေ၏။ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ရုပ်များသည် မိမိတို့အခန်း၌ ပြောဆိုရမည့် အခန်းများကို အလွတ်ရ၍နေကြပြီ ဖြစ်၏။

မောင်ဘမော်နေရာ၌ သရုပ်ဆောင်မည့် ပြဇာတ်မင်းသားသစ် မောင်စောသည်ပင်လျှင် ဘမော်နှင့် သွားပုံ၊ လာပုံ၊ ပြောပုံ၊ ဆိုပုံများ တထေရာတည်း တူ၍နေပြီဖြစ်သောကြောင့်



OBookShelf
blogspot.com



ဇာတ်သမားများသည် မောင်စောအား 'စကင်းဘမော်' ဟုပင် နောက်ပြောင်ခေါ်ဝေါ်နေကြပြီ ဖြစ်၏။

၎င်းပြဇာတ်မင်းသားသစ် မောင်စောဆိုသူမှာ ကြည့်မြင်တိုင် ထီးတန်းဘက်တွင် ထီးပန်းရေးသူ ဖြစ်၏။ အဆိုအကဝါသနာပါသူလည်း ဖြစ်သည်။

"ဟော့...မောင်စောက ဘမော်နဲ့ တူတာကိုပဲ ချီးမွမ်းမနေကြနဲ့ကွ၊ ငါကလဲ ကိုညြဇာနဲ့ အတော်ကလေး တူနေပြီ" ဟု လူရွှင်တော် ကိုညြဇာက ပြောလိုက်ရာ ဝါးကနဲ ရယ်မောကြလေတော့၏။

ဤသို့နှင့်ပင် ဘမော်တို့ ပြဇာတ်အဖွဲ့ကလေးသည် စိုစိုပြည်ပြည် စည်စည်ကားကား ဖြစ်၍လာတော့၏။

http://obookshelf.blogspot.com





## ပြဇာတ်ကပြီ

ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးပွဲတော်ကြီးတွင် ဝင်းဝင်းရှုံ၍ ဘမော်၏ ပုဂံသားမောင်ဘမော် ပြဇာတ်ကို တင်ဆက် ကပြလေ၏။ ထိုပြဇာတ်အတွက် သတင်းစာများ၌လည်း ကြော်ငြာများ တခမ်းတနား ထည့်လေ၏။

ပြဇာတ်ကြည့် ပရိသတ်မှာလည်း ပုဂံသားမောင်ဘမော် ပြဇာတ်ကို အထူးစိတ်ဝင်စားလေ၏။ ထို့ကြောင့် ရုံပြည့်လျှံသည် တိုင်အောင် ကြွရောက်အားပေး ကြည့်ရှုကြကုန်၏။

ပြဇာတ်မထွက်မီ၌ 'ပုဂံသား မောင်ဘမော်၏ တယောလက်သံအစစ်ကို နားသောတ ဆင်ကြပါ' ဟု ကြေညာပြီးလျှင် ကန့်လန့်ကာ နောက်ကွယ်မှ ဘမော်ကိုယ်တိုင် တယောထိုး၍ ဧည့်ခံဖျော်ဖြေလေ၏။

ပရိသတ်သည် မောင်ဘမော်၏ တယောလက်သံကို လွန်စွာနှစ်သက်ကြကုန်၏။ ဘမော်၏ တယောလက်သံ ဆုံးသည်နှင့် တစ်ပြိုင်နက် ကန့်လန့်ကာကို တင်လိုက်ပြီးလျှင် ပုဂံမြို့

http://obookshelf.blogspot.com



စိန္တာမယ ဘုန်းကြီးကျောင်း၏ အုတ်လှေကားကြီးနံဘေး၌ အုတ်တိုင်ကလေးကို မှီလျက်၊ ကိုးနှစ်အရွယ် ဘုန်းကြီးကျောင်းသားကလေးတစ်ယောက်၏ 'နောခကနော' ဟူသော ကိုးကြောင်းလင်္ကာ စတင်ကျက်မှတ်နေပုံကို စတင်ပြလေ၏။

ထိုကျောင်းသားကလေးအနီးသို့ ဂါဝန်ဝတ်ထားသည့် ကိုးနှစ်အရွယ် မိန်းကလေးတစ်ဦး ရောက်၍လာလေ၏။ ယောကျ်ားကလေးသည် မိမိအနီးသို့ ရောက်လာသော မိန်းကလေးအား မေးမြန်းလေ၏။

"နင်ဘယ်သူလဲ"

"ငါ့နာမည် သီသီပါ"

"နင် ဘယ်က ရောက်လာတာလဲ"

"ငါဒယ်ဒီနဲ့ လိုက်လာတာပေါ့"

"ဒယ်ဒီဆိုတာ ဘာကောင်လဲ"

ပရိသတ်မှာ ဝေါကနဲ ပွဲကျသွားလေ၏။

"ငါက စိန်မေရီကျောင်းမှာ နေတယ်" ဟု မိန်းကလေးက ပြောလေ၏။

"ငါတို့ကျောင်းက စိန်ဒါမယ(စိန္တာမယ)၊ စိန်ချင်းတော့ အတူသားပဲ" ဟု ယောကျ်ားလေးက ပြောပြန်၏။

ပရိသတ်သည် ပတ်တုတ်၍ မရအောင် ရယ်မောကြပြန်၏။

"မနှစ်က ဘုန်းကြီးပျံတယ်" ဟု ယောကျ်ားလေးက ပြောရာ မိန်းကလေးက...

"ဟယ်...အိုးမိုင်ဂေါ့...ဘုန်းကြီးမှာ အတောင်မှ မရှိဘဲ၊ ဘယ်လိုပျံမှာလဲ" ဟု ပြောလိုက်လေ၏။





ပရိသတ်မှာ ဝေါကနဲ ရယ်ကြပြန်၏။

"ဟဲ့ နှပ်ချေးကို အကျႌနဲ့ မသုတ်နဲ့" ဟု မိန်းကလေးက ပြောပြန်၏။

"အကျႌနဲ့ မသုတ်ရင် ဘာနဲ့သုတ်ရမလဲ"

"ဘာနဲ့သုတ်ရမယ်ဆိုတာ နင့်ကို တီချယ်က မသင်ဘူးလား"

"တီချယ်ဆိုတာ ဘာကောင်လဲ"

"ဟိတ် တီချယ်ဆိုတာ အကောင်မဟုတ်ဘူး၊ ဆရာမကို ခေါ်တာ" ဟု မိန်းကလေးက ပြောပြန်၏။

ပရိသတ်မှာ ရယ်ပြီးရင်းရယ်ရင်း ဖြစ်နေလေ၏။

ဘမော်သည် လိုက်ကာကြားမှနေ၍ ပရိသတ်ကို ချောင်းကြည့်ကာ ဝမ်းမြောက်လျက် ရှိလေတော့၏။

ပရိသတ်သည် ရယ်မောနေရာမှ ဘမော် ဓားခုတ်မှုဖြစ်သော အခန်းသို့ရောက်လျှင် စိတ်မကောင်း ဖြစ်ကြပြန်၏။ ထိုမှ တစ်ဖန် ဘမော် ကလေးထောင်ရောက်သွားပုံ၊ ကလေးထောင်ထဲတွင် ကလေးချင်း ကြီးနိုင်ငယ်ညှဉ်း အလုပ်ခံရပုံတို့ကို ဆွေးမြေ့ဖွယ်ရာ ပြသလေ၏။

ကလေးထောင်ထဲတွင် ဘမော်သည် သံပန်းကန်ပြားကလေးနှင့် ထမင်းစားနေစဉ်၌ ဓာတ်စင်အောက်သို့ မောင်းတက်နှင့် ချလိုက်ပြီးနောက် ပြဓာတ်မင်းသားကို မောင်းတက်နှင့် ဓာတ်စင်ပေါ်သို့ တင်လိုက်လေ၏။

ဘမော် ကြီးပြင်းလာပုံကို ပြသခြင်း ဖြစ်ကြောင်းကို ပရိသတ်က ကောင်းစွာ သဘောပေါက်၏။

ထို့နောက် ဘမော်နှင့် ဦးအောင်ကြီးတွေ့ပုံကို ပြသရာ

http://obookshelf.blogspot.com



ပရိသတ်သည် ဦးအောင်ကြီးအား လွန်စွာ သဘောကျကြလေ၏။

ဘမော်နှင့် ဝက်သားဟင်းသည် အခေါ်ကြီးအခန်းမှာလည်း ပရိသတ် နှစ်ခြိုက်သောအခန်းပင် ဖြစ်လေသည်။

ဘမော်သည် ကန့်လန့်ကာကြားမှနေ၍ ပရိသတ်ကို ချောင်းကြည့်ပြန်၏။ ဘမော်သည် ပရိသတ်ကို ခြုံ၍ကြည့်လိုက်ပြီးနောက် ရှေ့ဆုံးတန်းမှ ပရိသတ်ကို သေချာစွာ အကဲခတ်ရန် ကြည့်လိုက်ရာ ဘမော်၏ မျက်လုံးသည် ရှေ့ဆုံးတန်းတစ်နေရာသို့ ရောက်လျှင် လွန်စွာ အံ့အားသင့်သွားလေ၏။

ဤလောက၌ ဘမော်အနေနှင့် အတွေ့ချင်ဆုံးသောသူကို တွေ့ရပေပြီ။ သူကား သီသီဆိုသော မိန်းကလေး ဖြစ်၏။

ဘမော်သည် လွန်စွာ ဝမ်းသာ၍သွားလေ၏။ ထို့ကြောင့် ဇာတ်ရုံနောက်ပိုင်းသို့ သွားရောက်ကာ သူ၏အဖွဲ့သားများအား ကြိုးစားကပြရန်အတွက် တိုက်တွန်းလေ၏။

ပြဇာတ်ပြီးသောအခါမှ သီသီအား သွား၍တွေ့မည်ဟုလည်း စိတ်တွင်း၌ ပိုင်းဖြတ်၍ထားလေ၏။ ဘမော်၏ ရင်တွင်း၌ ဝမ်းသာလွန်း၍ တဒိတ်ဒိတ်ခုန်နေ၏။

ပြဇာတ်သည် ဘမော်နှင့် သီသီတို့နှစ်ဦး ပြည်ဆိပ်ကမ်းတွင် တွေ့ကြပုံ၊ ဘမော်က မှတ်မိသော်လည်း သီသီက မမှတ်မိဘဲရှိနေပုံ၊ ထို့နောက် သီသီ၏ဖခင်အား မြစ်တွင်းမှ သွားရောက်ကယ်ဆယ်စဉ် ဘမော်တစ်ယောက် လှိုင်းလုံးကြီးများ အကြားတွင် ပျောက်ကွယ်သွားပုံတို့ကို ပြလေ၏။

ထိုအခန်းသို့ရောက်လျှင် ဘမော်သည် ကန့်လန့်ကာကြားမှ ချောင်းကြည့်ပြန်၏။ ချောင်းကြည့်သည်ဆိုရာ၌ ပရိသတ်ကို မဟုတ်ပေ။ သီသီ၏မျက်နှာကို ချောင်းကြည့်လိုက်ခြင်း ဖြစ်





ပေ၏။

ဘမော်သည် ပြဇာတ်ပြီးမည့်အချိန်ကို ရင်တလှပ်လှပ်နှင့် စောင့်မျှော်နေခဲ့ရလေ၏။

ပြဇာတ်ပြီး၍ လိုက်ကာချလိုက်သည်နှင့် တပြိုင်နက် ဘမော်သည် သီသီအား နှုတ်ဆက်ရန် ဇာတ်ရုံအပြင်သို့ထွက်ကာ စောင့်လေ၏။ ရုံထွက်ပေါက်မှ လူများ စုပုံ၍ ထွက်လာကြလေ၏။

ဘမော်သည် ထိုထွက်လာသော လူအုပ်ထဲတွင် ပါလာမည့် သီသီအား မျှော်၍ကြည့်၏။ သို့ရာတွင် သီသီကိုကား မတွေ့ရချေ။ 'ဘမော်' မှာ ထွက်လာသောလူများကို တိုးဝှေ့ပြီးလျှင် ဇာတ်ရုံထဲသို့ ပြန်၍ဝင်ခဲ့လေ၏။

ဇာတ်ရုံထဲ၌ကား လူအနည်းငယ်သာ ကျန်ရှိလေတော့၏။ ထိုကျန်သေးသော လူများထဲ၌လည်း 'သီသီ' ကို ရှာဖွေကြည့်သေး၏။ အချည်းအနှီးသာတည်း။

တဖြည်းဖြည်းနှင့် ဇာတ်ရုံထဲတွင် လူများ ရှင်း၍သွားလေပြီ။ 'ဘမော်' တစ်ယောက်တည်းသာ ကျန်လေတော့၏။

ထိုအခါ ဘမော်၏ရင်ထဲ၌ 'ဟာ' ၍ သွားလေ၏။ ထို့နောက် ဆွေး၍လာလေ၏။ ဘမော်၏ နှလုံးသည်းပွတ်များသည် အရည်ပျော်၍ သွားပေပြီ။ 'သီသီ' နှင့် ပတ်သက်၍ မျှော်လင့်ခဲ့ခဲ့လမ်းခဲ့သောစိတ်တို့သည် ထိုစဏ၌ပင် ဘမော်အား အစွမ်းကုန် နှိပ်စက်လေတော့၏။

ဘမော်သည် မျက်ရည်မကျဘဲ ငိုနေ၏။ ဘမော်သည် အသက်ရှင်လျက် သေနေ၏။ ဘမော်သည် အရှင်လတ်လတ် ငရဲပြည်သို့ ရောက်နေ၏။ ကန္တာရခရီးကို ခြေလျင် အပြင်းခရီးနှင်လာရသော လူတစ်ယောက်ထက်ပင် ဘမော်က ပို၍ပင်ပန်းနွမ်း



OBookShelf blogspot.com

http://obookshelf.blogspot.com



နယ်လှလေ၏။

ကိုးကြောင်းလက်ာကို အာဂုံဆောင်တတ်သော ဘမော်၊ လောကနီတိကို သင်ဖူးသော ဘမော်၊ တယောထိုးကောင်းသော ဘမော်၊ ပြဇာတ်ပညာကို ကျွမ်းကျင်သော ဘမော်၊ သို့ရာတွင် ယခုအချိန်၌မူ လွမ်းတတ်ဆွေးတတ် ငိုတတ်သော ဘမော်ပါတကား။

"ဟား...ဟား...ဟား၊ သဘောကျဖို့ ကောင်းသကွာ၊ လောကမှာတော့ အလိုကတော့ ရေများရေနိုင် မီးများမီးနိုင်ပေါ့၊ အင်း...ဒါပေမယ့် မိန်းမနဲ့ယောကျ်ား တွေ့ကြပြီဆိုရင်တော့ အချစ်များတဲ့သူက ရှုံးကြရစမြဲပဲ၊ အချစ်ကြီးချစ်တတ်လို့ အရှုံးကြီးရှုံးနေရတဲ့ ဘမော်ရေ"

အထက်ပါအတိုင်း အောင်မြင်ခန့်ညားသော အသံဖြင့် ပြောလိုက်သော လူတစ်ယောက်သည် ဘမော်၏နောက်၌ မားမားမတ်မတ် ရပ်လျက်ရှိလေ၏။ ဘမော်သည် အသံလာရာဆီသို့ လှည့်၍ကြည့်လိုက်၏။

"ဟာ...ဦးလေးပါလား"

"ဟုတ်ပါတယ်ကွ၊ သတင်းစာထဲမှာ မင်းရဲ့ ပုဂံသားမောင်ဘမော် ပြဇာတ်ကို ရုံတင်ကပြမယ်ဆိုတာကို ဖတ်လိုက်ရကတည်းက လာကြည့်ဖို့ ဆုံးဖြတ်ထားတာပဲ၊ ဒီနေ့ည Duty Officer (တာဝန်ခံအရာရှိ) ကျနေတာကွ၊ မင်းရဲ့ပြဇာတ်ကို ကြည့်ချင်လွန်းလို့ ဆာဂျင်လှညွန့်ကြီးနဲ့ ခဏလွှဲပြီး ထွက်လာခဲ့တာ၊ လှညွန့်ကြီးတော့ မင်း သိပါတယ်၊ ထားဝယ်သားကြီးဟာကွာ"

"သိပါတယ် ဦးလေး၊ တိုက်ရည်ခိုက်ရည်ကောင်းတဲ့ လူတစ်ယောက်ပဲ"





"ဟား...ဟား...ဟား၊ ပြဇာတ်က တယ်ပြီးကောင်းတာကိုးကွ၊ ဦးအောင်ကြီးနေရာမှာ သရုပ်ဆောင်ရတဲ့လူကလဲ သဘာဝ ကျတယ်ဟေ့" ဟု ဦးအောင်ကြီးက အားရပါးရ ပြောလေ၏။

"ဦးလေးက တပ်ထဲရောက်နေတာကိုး၊ ဦးလေးနဲ့ တွေ့ရတာတော့ ဝမ်းသာပါတယ်၊ ဒါပေမယ့် အခုအချိန်မှာတော့ ကျွန်တော်ဟာ သိပ်ပြီးဝမ်းနည်းနေရပါတယ် ဦးလေး" ဟု ဘမော်က ပြောလိုက်လေ၏။

"ငါနားလည်ပါတယ် ဘမော်၊ မင်းက သီသီရဲ့အချစ်ကို သိပ်ပြီး မျှော်လင့်ထားတာကိုးကွ"

"ဟုတ်ပါတယ် ဦးလေး၊ ဒီပြဇာတ်ကို သီသီ လာကြည့်တယ်၊ ဒါပေမယ့် ပြဇာတ်ပြီးလို့ သီသီ့ကို ရှာတော့ မတွေ့လိုက်ရတော့ဘူး၊ နောက်တစ်ခါ ပြန်ဆုံဖို့ဆိုတာက သိပ်ပြီးခဲယဉ်းလှတယ်"

"ဟား...ဟား...ဟား၊ ဒါက မင်းအထင်ကိုကွ၊ တကယ်လို့များ သီသီကို တွေ့လိုက်ရရင်ကောကွာ၊ မင်းကို ပြန်ချစ်လိမ့်မယ်လို့ ထင်သလား"

"ဒါက အရေးမကြီးပါဘူး၊ သူက ပြန်ချစ်ချစ် မချစ်ချစ်၊ ကျွန်တော်ကတော့ သူ့ကို ဘယ်လောက်ထိအောင် ချစ်နေရတယ်ဆိုတာကို သူတစ်ယောက် သိစေချင်တယ်၊ ဒါဆိုရင် ကျွန်တော် ကျေနပ်ပြီ"

"အချစ်ဆိုတာ ချစ်နိုင်သလောက်ချစ်ပြီး မေ့နိုင်သလောက် မေ့ပစ်ရတာမျိုးကွ၊ အမှန်ကတော့ကွာ ငိုရဆွေးရဖို့ ချစ်တဲ့အချစ်မျိုးကို မမွေးမြူသင့်ဘူး၊ အဲဒီအချစ်က ပုဂ္ဂလိကပိုင်ဆိုင်မှုအချစ်မျိုး ဖြစ်တယ်၊ အသည်းနှလုံးကို ဒုက္ခပေးတတ်



OBookShelf

http://obookshelf.blogspot.com



တယ်၊ မင်းတို့ပြောတဲ့ အသည်းကွဲတာတို့ နှလုံးသည်းပွတ်တွေ ကြေပြုန်းကုန်တာတို့ ဆိုတာတွေဟာ တကယ်ကတော့ ချစ်နိုင်သလောက် ချစ်ပြီး မေ့နိုင်သလောက် မေ့မပစ်တတ်လို့ပါ"

"ကျွန်တော်ကတော့ သီသီ့ကို မမေ့နိုင်ဘူး ဦးလေး"

"မဟုတ်ပါဘူးကွာ၊ လူတစ်ယောက်က ချစ်လို့ရတဲ့ အတိုင်းအတာမှာ ချစ်တယ်၊ လွမ်းတာဆွေးတာလဲ ဒီလိုပဲ၊ လွမ်းလို့ရလို့ လွမ်းနေတာပေါ့"

"ကျွန်တော်ကတော့ အမြဲလွမ်းနေမယ်၊ ကျွန်တော့်ရင်ထဲမှာ လွမ်းတဲ့ဝေဒနာဟာ အမြဲတမ်း ခံစားနေရမယ် ဦးလေး"

"ငါ တစ်ခုပြောမယ်၊ ခုနေ မင်းကို သုံးမိုင်လောက် ပြေးနိုင်းပြီး၊ ကြာပွတ်နဲ့ အဆက်မပြတ်ရိုက်မယ် ဆိုပါတော့ကွာ၊ အဲဒီအချိန်မှာ မောကလဲမော နာကလဲနာ ဖြစ်နေမယ်၊ ထမင်းလဲ ဆာနေမယ် ဆိုပါတော့၊ အဲဒီအချိန်မှာ သီသီကို လွမ်းတဲ့စိတ် ရှိနိုင်ပါ့မလား"

"ဒါကတော့ ဦးလေးက စကားကပ်ပြီး ပြောတာပဲ"

"ချစ်တဲ့စိတ်ဆိုတာ မောနေရင်ဖြစ်စေ၊ နာကျင်နေရင်ဖြစ်စေ၊ ဆာလောင်နေရင်ဖြစ်စေ မပေါ်ပေါက်နိုင်ပါဘူး၊ ဒီတော့ အမြဲချစ်နေပါတယ်၊ အမြဲလွမ်းနေပါတယ်ဆိုတဲ့ စကားတွေဟာ အဓိပ္ပါယ် မရှိပါဘူး၊ အခုနေ မင်းကို ရေထဲဆွဲနှစ်ပြီးထားရင် တောင် ရေမွန်းနေတဲ့အချိန်မှာ သီသီကို မလွမ်းနိုင်ပါဘူး ဘမော်"

"စိတ်ညစ်ရတဲ့အထဲဗျာ ဦးလေးကလဲ၊ ကဲ ဦးလေးကို ကျွန်တော် ပြောမယ်၊ အချစ်ကြောင့် သေတဲ့လူတွေတောင် ရှိပါတယ်၊ သေမလောက် ချစ်ကြတဲ့လူတွေလေ"

"မဟုတ်ပါဘူးကွ၊ သေမလောက် ချစ်ကြတာ မဟုတ်ပါ





ဘူး၊ ချစ်မလောက်လို့ သေကြတာပါ၊ ချစ်တယ်ဆိုတဲ့အရာကို ဖောဖောသီသီ မရှိဘဲ တစ်ယောက်တည်းကို မလောက်မငကလေး ချစ်လို့ သေကြတာပါကွာ၊ ဟား...ဟား အချစ်မလောက်လို့တော့ မသေစမ်းပါနဲ့ မောင်ဘမော်ရာ၊ တိုင်းပြည်က လွတ်လပ်ပြီးကာစ ဆိုတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ကြဖို့လိုတယ်ကွ"

"တိုင်းပြည်က လွတ်လပ်ရေးရပြီဆိုတော့ အရင်ခေတ်မှာ တုန်းကလို ဆိုးပေနေလို့ မဖြစ်တော့ဘူးလေကွာ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အားသွန်ခွန်စိုက် ပါနေရတယ်၊ တိုင်းပြည်ရဲ့ တာဝန်ကို မသိဘဲ ကိုယ်လုပ်ချင်ရာတွေ လျှောက်လုပ်နေမယ်၊ တိုင်းပြည်ရဲ့မျက်နှာကို မကြည့်ဘဲ ဆိုးမြဲဆိုး မိုက်မြဲမိုက်နေမယ်ဆိုရင် ငါတို့ရတဲ့ လွတ်လပ်ရေးဆိုတာ ဘာအဓိပ္ပါယ် ရှိတော့မှာလဲ၊ ရပ်ရွာအေးချမ်းရေးလုပ်ငန်းတွေမှာ စွမ်းစွမ်းတမံ တာဝန်ယူနေရတယ်ကွ၊ လွတ်လပ်ရေးရတယ် ဆိုပေမယ့် လွတ်လပ်ရေးကို အန္တရာယ်ပြုမယ့်လူတွေက ရှိနေသေးတယ် မဟုတ်လား၊ မင်းတို့လို အားရှိတိုင်း လွမ်းဆွေးမနေနိုင်တော့ဘူးကွ"

"ဒါနဲ့ ဦးလေးမိန်းမရောဗျ"

"ရှိပါ့ဗျာ၊ ရှိပါ့၊ သူနဲ့ငါနဲ့ အတူတူပဲပေါ့ကွာ၊ လင်တထမ်းမယားတရွက်ဆိုတဲ့ စကားလိုပေါ့၊ ကဲ...ကဲ ဒါပေမယ့် ထမင်းမရောင်းတော့ဘူးကွ၊ ပြီးတော့ ဝက်သားဟင်းလဲ မချက်တော့ဘူး၊ ဟား...ဟား"

ဦးအောင်ကြီးသည် ပြောပြောဆိုဆိုနှင့် ဘမော်၏ပခုံးကို လှမ်း၍ဆုပ်ကိုင်ကာ စာတ်ရုံအပြင်ဖက်သို့ ခေါ်သွားလေ၏။

"ဘမော် ထမင်းမစားရသေးဘူး မဟုတ်လား၊ ဒီတော့

http://obookshelf.blogspot.com



မြို့ထဲမှာ သွားစားကြရအောင်ကွာ၊ အေးအေးဆေးဆေး ထမင်းစားရင်း ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်ပြီး စားမြုံ့ပြန်ရတာပေါ့၊ ငါလဲ မင်းနဲ့ မတွေ့ရတာ ကြာပြီဆိုတော့ အချိန်ကြာကြာလေး စကားပြောချင်သေးတယ်"

ဓာတ်ရုံရှေ့၌ ဂျစ်ကားတစ်စီး ရပ်၍ထားလေ၏။ ဦးအောင်ကြီးသည် ထိုဂျစ်ကားပေါ်သို့ တက်ကာ စက်နှိုးလေတော့၏။ ထိုအခါ ဘမော်သည် ကြောင်လျက် ငေးကြည့်နေမိ၏။

"ဟေ့ကောင် ဘမော်၊ ဘာငေးနေတာလဲ၊ ကားပေါ်ကို တက်လေကွာ"

ဘမော်သည် ဂျစ်ကားကလေးပေါ်သို့ တက်လိုက်ပြီးသည့်အချိန်၌ ဦးအောင်ကြီးသည် မော်တော်ကားကို ကျင်လည်စွာ မောင်း၍ ထွက်သွားလေ၏။

တရုတ်တန်းသို့ ရောက်လျှင် ခေါက်ဆွဲဆိုင်တစ်ဆိုင်သို့ ဝင်သဖြင့် ဘမော်က...

"ဦးလေး ကျွန်တော် ဘာမှမစားချင်ဘူး" ဟု ပြောသော်လည်း ဦးအောင်ကြီးက 'မင်း ဘာမှ မစားချင်မှန်း ငါသိပါတယ်၊ ငါစားချင်လို့ ဝင်တာပါ' ဟု ပြောကာ ခေါက်ဆွဲကြော်ကို မှာ၍စားရင်း တိုင်းပြည်၏ကံကြမ္မာနှင့် မိမိတို့ ရပ်တည်ရမည့် အနေအထားကို စိတ်ပါလက်ပါ ပြောဆိုဆွေးနွေးလေ၏။

"ဦးလေးက တိုင်းရေးပြည်ရေးကို သိပ်ပြီး စိတ်ဝင်စားနေပါလား" ဟု ဘမော်က ပြောလိုက်ရာ ဦးအောင်ကြီးက...

"ဝမ်းရေးထက် လွှမ်းရေးခက်၊ လွှမ်းရေးထက် ပြည်ထဲရေးက ပိုပြီးခက်တာပေါ့ကွ၊ တိုင်းရေးပြည်ရေးဆိုတာ ငါတို့အရေးပဲ မဟုတ်လားကွ" ဟု ပြော၍ ခေါက်ဆွဲကြော်ကို ဆက်၍





စားလေ၏။

ထို့နောက် ဦးအောင်ကြီးက ဘမော်ကို အိမ်သို့ ပြန်၍ပို့လေ၏။

❖ ❖ ❖

ဘမော်အိမ်သို့ ပြန်၍ရောက်သောအချိန်မှာ အတော်ပင်ညဉ့်နက်၍ နေလေပြီ။ ဦးအောင်ကြီးက ခြံဝတွင် ကားကို စက်မှ သတ်ဘဲ ရပ်လိုက်ပြီးလျှင်...

"ကဲ...လွှမ်းတတ်ဆွေးတတ်တဲ့ ပုဂံသားလေးရေ၊ မင်းရဲ့မမလေး မြကိန္နရီကတော့ မင်းကို မျှော်နေရှာရော့မယ်၊ ငါ့ရဲ့အိမ်က မိန်းမကြီးကလဲ ဝက်သားဟင်းအိုးတည်ထားတာ ခုလောက်ဆိုရင် ကြက်သွန်နံ့ထည့်ဖို့ ငါ့ကို မျှော်နေတော့မယ်"

"ဟာ...ဗျာ...ဦးလေးကလဲ ကြံကြံဖန်ဖန် ပြောတော့မယ်"

"ဟား...ဟား...ဟား"

ဦးအောင်ကြီးမှာ အားပါးတရ ရယ်မောပြီးလျှင် ဘမော်အား နှုတ်ဆက်၍ ကားကို မောင်းနှင် ထွက်ခွာသွားလေတော့၏။ ခြံဝ၌ ဘမော်တစ်ယောက်တည်းသာ ကျန်ခဲ့လေ၏။ ဘမော်လည်း ခြံထဲသို့ဝင်ကာ ခြံအတွင်းရှိ ကျောက်စရစ် ခင်းလမ်းအတိုင်း အိမ်ကြီးဆီသို့ လျှောက်၍လာလေ၏။ ညဦးက ပင်ပန်းထားကြသောကြောင့် တစ်အိမ်လုံးမှာ အိပ်မောကျ၍ နေကြလေပြီ။ ဘမော်လည်း စေ့ထားသော တံခါးမကြီးကို တွန်းဖွင့်လိုက်ပြီး

လျှင် ချည်ခန်းထဲသို့ ဝင်ခဲ့လေ၏။ အိပ်ချင်လိုသောစိတ် မရှိသေးသည်နှင့် ပထမသော် စန္ဒယားတီးမည်ဟု ကြံမိသေး၏။ အိပ်ပျော်နေကြသောသူများကို အနှောင့်အယှက် ဖြစ်နေမည် စိုးသောကြောင့် နံရံတွင်ချိတ်ထားသော တယောလေးကို ယူကာ အိမ်ပြင်သို့ ထွက်လာပြီးလျှင် ခြံဝင်းထဲရှိ စိန်ပန်းပင်ကြီးအောက်၌ ရှိသော ခုံတန်းရှည်လေးဆီသို့ ဦးတည်၍ လျှောက်လာခဲ့လေတော့၏။

လဝန်းကြီးက ထိန်ထိန်သာ၍ နေလေ၏။ သို့ရာတွင် မြူနှင်းငွေ့တို့ ဝေ၍နေသောကြောင့် ကောင်းကင်ပြင်မှာ မှိုင်းပြရီဝေလျက် ရှိလေ၏။ ဤညအခါ၌ သဘာဝအလှ ခင်းကျင်းထားပုံသည်ကား လွမ်းသူကို လွမ်းဆင့်ပိုအောင် ဖန်တီးနေသကဲ့သို့တည်း။ ထိုအချိန်၌ လွမ်းတတ်သော လွမ်းလျက်နေသော လွမ်း၍နေပြီဖြစ်သော ဘမော်က နွမ်းလျဖွယ်ကောင်းသော တယောသံလေးကို ဖန်တီးလိုက်လေ၏။ ထိုတယောသံနှင့်အတူ သူ၏ တိုးညှင်းသော သီချင်းသံကလေးကပါ အဖော်ပြု၍ လိုက်ပါလာလေ၏။

(နွမ်းလျက်)၊ လွမ်းရက် ကုဋေကုဋာ...ချစ်တစ်ရက်...လွမ်းရက်က ရှည်ကြာ...ကျွမ်းမဖက်(လွမ်းလျက်)၊ မနေနိုင်တာ...မောင့်အသည်းဟာ မီးလောင်တိုက်ပမာ...

တစ်ပင်လုံး ထိန်ဝေစွာ ပွင့်နေကြသော တောင်မရီးပွင့်တို့၏ မွှေးရနံ့က စူးရှလှ၏။ သို့ရာတွင် တဒင်္ဂအချိန်၌ သင်းပျံ့သော ကိုယ်သင်းရနံ့ငွေ့ငွေ့ကလေးက ဘမော်၏ ဂန္ဓာရုံကို လွှမ်းမိုးလိုက်နိုင်လေ၏။ ဘမော်က နောက်ဖက်ဆီသို့ လှည့်အကြည့်လိုက်၊ တွေဝေစွာငေးလျက် ရပ်နေသော မြကိန္နရီအား တွေ့ရလေတော့၏။ စပါးကြီးမြွေ အညှို့ခံနေရသော သမင်မငယ်ကဲ့သို့





မြကိန္နရီသည်လည်း ဘမော်၏တယောသံတွင် အညှို့ကို ခံနေရလေပြီ။ ပင့်ကူအိမ်တွင် တွယ်ငြိနေရသောကြောင့် မလှုပ်မရှားနိုင်သည့်ပမာ ဖြစ်၏။

မြကိန္နရီသည် ငြိမ်၍ရပ်နေရာမှ တဖြည်းဖြည်းချင်း ဘမော်အနီးသို့ ရွေ့၍လာလေ၏။

"ထိုင်လေ အစ်မလေး၊ မအိပ်သေးဘူးလား၊ ပြဇာတ်ကရတာ တော်တော်ကလေး ပင်ပန်းသွားသလား" ဟု ဘမော်က တယောထိုးရင်းက မော့၍မကြည့်ဘဲ မေးလိုက်၏။

"ပြဇာတ် ကြည့်ရတဲ့သူပါ၊ ကရတဲ့သူ မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုဘမော်ရဲ့ပြဇာတ်မှာ သီက အဓိကဇာတ်ကောင် မဟုတ်လား" ဟု ပြောလိုက်သော အသံကို ကြားသဖြင့် ဘမော်သည် တယောထိုးခြင်းကို ဆပ်ခနဲရပ်၍ မော့ကြည့်လိုက်ပြီးလျှင်...

"သီသီပါလား" ဟု တစ်လုံးချင်း ရေရွတ်လိုက်လေ၏။

"ဟုတ်ပါတယ် သီသီပါ၊ ပုဂံက ဘုန်းကြီးကျောင်းမှာ ငယ်ငယ်တုန်းက သိခဲ့ရတဲ့ သီသီပါ" ဟု သီသီက ပြောလေသည်။

ထိုအချိန်၌ ခြံတွင်းမှမီးများ အိမ်တွင်းမှမီးများ ထိန်ထိန်လင်း၍လာပြီးလျှင် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး တီးလိုက်သော စန္ဒယားသံကိုပါ ကြားရလေတော့၏။

ဘမော်လည်း မည်သို့ဖြစ်သည်မသိ အံ့သြခြင်းမက အံ့သြ၍ နေလေ၏။ ထိုအချိန်၌ စက္ကဝက်ကြည်သည် အိမ်တွင်းမှ ထွက်လာပြီးလျှင်...

"သီသီနဲ့ ဘမော်တို့ရေ၊ ကော်ဖီ လာပြီးသောက်ကြဟေ့" ဟု အော်၍ခေါ်လိုက်သဖြင့် ဘမော်သည် အူကြောင်ကြောင်နှင့် အိမ်ဘက်သို့ လျှောက်၍လာခဲ့လေ၏။ သီသီလည်း နောက်မှ

http://obookshelf.blogspot.com



ပါ၍လာလေသည်။

အိမ်တွင်းသို့ ရောက်သည့်အခါ၌ ကောလိပ်ကျောင်းသားကြီးက စန္ဒယား တီး၍နေရာမှ ဘမော်နှင့် သီသီကို ပြုံး၍ နှုတ်ဆက်လိုက်လေ၏။ စန္ဒယော်ကလေးနှင့် ကိုညွှန့်တို့ကလည်း ကော်ဖီပန်းကန်ကိုယ်စီနှင့် ကော်ဖီသောက်နေ၏။ ဘမော်နှင့် သီသီကို မထူးဆန်းသော အကြည့်နှင့်ပင် ကြည့်လေ၏။ ထိုအချိန်၌မှာပင် အိမ်တွင်းသို့ ဦးအောင်ကြီးနှင့် သူ၏မိန်းမ ဒေါ်သိန်းရင်သည် ရင်ဘောင်တန်း၍ ဝင်လာကြလေ၏။

"ဟော့ကောင်၊ သီသီကို ပြန်ပြီး မတွေ့နိုင်တော့ဘူးဆို၊ အခု ပြန်တွေ့ရပြီလေကွာ၊ ဟဲ...ဟဲ၊ နောက်တစ်ယောက် တွေ့ရဦးမယ်၊ သူ့ကိုတွေ့ရင် မင်း သိပ်ပြီးအံ့သြသွားလိမ့်မယ်" ဟု ဆိုလိုက်သည့်အချိန်၌ပင် အိမ်ပေါ်ထပ်မှ အဘိုးကြီးတစ်ဦး ဆင်း၍လာလေ၏။ ဓာတ်သမားတစ်ယောက်နှင့် စစ်ဗိုလ်တစ်ဦးက တွဲ၍လာလေသည်။

ဘမော်သည် အဘိုးကြီးကို သေသေချာချာ ကြည့်လိုက်သည့်အချိန်၌ အဘိုးကြီးက...

"ပုဂံသားရေ မနောဝိညာဉ်သီချင်းကလေးကို တယောနဲ့ ထိုးစမ်းပါဦးကွယ်" ဟု လှမ်းပြောလိုက်ရာ ဘမော်သည် အံ့သြခြင်းမက အံ့သြ၍သွားလေ၏။

"ဟင်...ဦးလေး" ဟု ဘမော်၏ ပါးစပ်မှ ယောင်၍ ထွက်သွားလေ၏။

"ဟုတ်ပါတယ် ပုဂံသားရဲ့၊ တယောထိုးပြီး ပိုက်ဆံတောင်းတဲ့ သူတောင်းစားကြီးလေကွာ" ဟု အဘိုးကြီးက ပြောလိုက်ရာ ဘမော်လည်း အဘိုးကြီးထံသို့ ပြေးသွားပြီးလျှင်...





"ဦးလေး ရှိသေးတယ်နော်" ဟု အားရဝမ်းသာပြောရင်း ဖက်လိုက်လေ၏။

"အားလုံးရှိပါတယ်...ဘမော်...လူစုံတက်စုံ ရှိပါတယ်၊ မရှိတာက မြကိန္နရီတစ်ယောက်တည်း မရှိတာပါ" ဟု ဦးအောင်ကြီးက ပြောလိုက်ရာ ဘမော်သည် မျက်လုံးပြူး၍ သွားလေ၏။

"အစ်မလေး မရှိတော့ဘူး...ဟုတ်လား၊ အစ်မလေး ဘယ်ထွက်သွားပြီလဲ" ဟု ဘမော်က စက္ကဝက်ကြည်ဘက်သို့ လှည့်၍ မေးလိုက်လေ၏။

"သီသီရောက်လာပြီ ဆိုကတည်းက မြကိန္နရီဟာ သူနေရမယ့်နေရာကို သူ့ဘာသာ ရွေးချယ်သွားတော့တာပဲ၊ ဘယ်နေရာလဲ သိလား ဘမော်၊ မယ်သီလရှင် ဇရပ်ပေါ့ကွာ၊ မင်းကို ငါက တရုတ်တန်း ခေါ်သွားတဲ့အချိန်မှာ မြကိန္နရီဟာ မယ်သီလရှင် ဇရပ်ကိုသွားပြီး ကတုံး တုံးလိုက်တော့တာပဲ၊ ဟောဒီမှာ သူ့ဆံပင်၊ မင်းကို လက်ဆောင်ပေးလိုက်ပါတဲ့၊ ကျန်တဲ့လူတွေက မင်းကိုပေးရမှာ မပေးရက်လို့ ငါ့ကို ပေးခိုင်းတာ" ဟု ဆိုကာ မသေမသပ် လုပ်ထားသည့် ဆံစုရှည်ကြီးတစ်ခုကို ဘမော်အား ဦးအောင်ကြီးက ပစ်၍ပေးလိုက်လေ၏။

ဘမော်၏စိတ်၌ ကမ္ဘာမြေကြီးတစ်ခုလုံး အိုးထိန်းစက်ကဲ့သို့ ချာချာလည်၍ သွားသည်ဟု ထင်မှတ်လိုက်ရ၏။

"သီသီဟာ ငယ်က သိကျွမ်းခဲ့ရတဲ့ မိတ်ဆွေပါ၊ စွဲစွဲလမ်းလမ်း မှတ်မိနေတယ်ဆိုတာတော့ ကျွန်တော် မငြင်းပါဘူး၊ ဒါပေမယ့် ကျွန်တော့်ချစ်သူလို့ မပြောနိုင်ပါဘူး၊ သတိရနေတာဟာ သတိရနေတာပါပဲ၊ တကယ်ကတော့ အစ်မလေးကသာ ကျွန်တော့် ချစ်သူပါ၊ ဒါလောက်တော့ အစ်ကိုကြီးနဲ့ အစ်မကြီး စက္က

http://obookshelf.blogspot.com



ဝက်ကြည်က သိသင့်ပါတယ်၊ နားလည်သင့်ပါတယ်" ဟု ဘမော်က ဆွေးမြွေ့ဆို့နှင့်သံကြီးနှင့် ပြောလိုက်လေ၏။

"မောင်လေးရယ်...မမတို့ကိုတော့ အပြစ်မတင်ပါနဲ့ကွယ်၊ မောင်လေးက တသိထဲသိနေတော့ သိသိနဲ့တွေ့ရင် လောကကြီးကိုတောင် မေ့သွားတယ်လို့ ထင်မိတာကိုး" ဟု စက္ကူဝက်ကြည်က ခပ်ငေါ့ငေါ့ ပြောလိုက်လေ၏။

"သိသိကို အားနာစရာ မမရယ်၊ သိသိနဲ့ ကျွန်တော်က ငယ်ငယ်ကသိဖူးတွေ့ဖူးတဲ့ သူငယ်ချင်းတွေပါ၊ အို...ဘာပဲဖြစ်ဖြစ် အစ်မလေးဆီကို သွားရမှာပဲ" ဟု ဆိုကာ အပြင်သို့ထွက်မည်အပြုတွင် ကိုဩဇာက ဘမော်၏လက်ကို ဖမ်း၍ဆွဲထားပြီးလျှင်...

"ဟေ့...ဘမော်...အားလုံး မျက်နှာပျက်ကုန်လိမ့်မယ်ကွ၊ သိသိ့ဘက်က လူကြီးတွေလဲ ပြောပြီးပြီ၊ ဟောဒီလို စီစဉ်နိုင်အောင်လဲ မြကိန္နရီ ရောင်ထွက်သွားတာကို ငါတို့အားလုံး လက်ပိုက်ကြည့်နေကြရတာပဲ၊ လက်ပိုက်ကြည့်နေကြရတယ်ဆိုလို့ ငါတို့ဟာ မြကိန္နရီကို မသနားလို့ မဟုတ်ဘူး၊ မြကိန္နရီကို သနားပါတယ်၊ မြကိန္နရီကို သနားပေမယ့် မင်းကို ပိုပြီးသနားကြလို့ပဲကွ၊ ငါတို့အားလုံးဟာ မင်းရဲ့တစ်သက်လုံး မျှော်လင့်လာတဲ့ မျှော်လင့်ချက်တွေ ပြည့်စုံပါစေတော့ဆိုပြီး မြကိန္နရီ ထွက်သွားတာကို မျက်ရည်စက်လက်နဲ့ လက်ပိုက်ပြီး ကြည့်နေလိုက်ရတယ် မောင်ဘမော်" ဟု လူ့ရှင်တော် ကိုဩဇာက ဝမ်းနည်းသံကြီးနှင့် ပြောလိုက်ရာ ဘမော်သည် မျက်ရည်များ တတွေတွေကျ၍လာပြီးလျှင်

"ခင်ဗျားတို့လို ဘာမှမပတ်သက်တဲ့လူတွေက မျက်ရည်စက်လက်နဲ့ ဖြစ်ကြတယ်ဆိုတော့ ကျုပ်က သေလိုက်ဖို့ပဲ ရှိတော့တာပေါ့ဗျာ၊ အစ်မလေးဟာ ကျုပ်ရဲ့ကျေးဇူးရှင်ပါ၊ ကျုပ်အပေါ်မှာ





တကယ့်ကို သံယောဇဉ်ကြီးတဲ့သူပါ၊ ဓာတ်ထဲမှာ ခိုင်းချင်တာခိုင်းပါဆိုပြီး ဓာတ်ထဲကိုရောက်သွားတော့ အစ်မလေးက စပြီး ကျုပ်ကို ထမင်းကျွေးခဲ့တယ်၊ ကျုပ်ကို စောင့်ရှောက်ခဲ့တယ်၊ ဘယ်သူတွေ မျက်နှာပျက်ပျက် မပျက်ပျက် ကျုပ်ကတော့ အစ်မလေးနောက်ကို လိုက်ရမှာပဲ" ဟု ဆိုကာ ကိုဩဇာကို တွန်း၍ပစ်လိုက်လေ၏။

"မင်း...သိသိကို ဒီလိုပဲ ရက်စက်တော့မှာလား ဘမော်၊ ဟိုမှာကလဲ သိလရှင် ဝတ်သွားပါပြီကွာ၊ မြကိန္နရီကိစ္စက ပြီးသွားပါပြီ၊ သိသိကိုတော့ ဒီလိုမထားခဲ့သင့်ဘူးလို့ ငါထင်တယ်" ဟု ဦးအောင်ကြီးက ဝင်၍ပြောလေ၏။

"မဟုတ်ဘူး ဦးလေး၊ သိသိနဲ့ ကျွန်တော်နဲ့က ဘာမှဖြစ်ကြတာမှ မဟုတ်ဘဲ၊ သိသိ့ကိုလဲ မေးကြည့်ပါဦး" ဟု ဘမော်က ပြောလေ၏။

"ဒါဖြင့်ရင် သိသိ့ကို မင်း မချစ်ဘူးပေါ့"

"ချစ်တာ မဟုတ်ပါဘူး၊ ခင်တာပါ၊ သတိရတာ" ဟု ဘမော်က ပြောလိုက်ရာ ဦးအောင်ကြီးက...

"ကဲ...မနိမ့်မမြင့် ဆင်တိုင်းတင့်ပါတဲ့...စံလှ...စံမြ...စံထူးဆိုတဲ့ စံအစ်ကိုတို့ရဲ့ညီမ...တုမရ နိုင်းမမှီတဲ့ စံညီမလေး...မြကိန္နရီရေ..." ဟု အငြိမ့်များ၌ လူ့ရှင်တော်က မင်းသမီးကို ခေါ်လိုက်သကဲ့သို့ ခေါ်လိုက်ရာ ယိမ်းသမနှစ်ဦးက မြကိန္နရီကို ဒရွတ်တိုက်ဆွဲ၍ ထုတ်လာလေတော့၏။

"ကဲ...မြကိန္နရီ...နားနဲ့ ဆတ်ဆတ်ကြားပြီ မဟုတ်လား၊ မင်းကို ချစ်ပါတယ်တဲ့...ဟဲ...ဟဲ...ဒီလိုပါကွ၊ တကယ်လို့ သိသိဟာ ယောကျ်ားကလေးတစ်ယောက်ဆိုရင် ဘမော်အနေနဲ့ ငယ်ငယ်က တွေ့ကြုံဖူးတဲ့ သူငယ်ချင်းတစ်ယောက်အဖြစ် ခင်မင်တာ



OBookShelf blogspot.com

http://obookshelf.blogspot.com



သတိရတာ ရိုးရိုးဆိုတာ ရှင်းပါတယ်၊ ဒါပေမယ့် မိန်းမနဲ့ယောကျ်ား ဆိုတော့ ခင်မင်မှန်းမသိ၊ ချစ်မှန်းမသိ၊ ရိုးရိုးသတိရမှန်းမသိ၊ လွမ်းမှန်းမသိ၊ အကုန်လုံး ရောကုန်တော့တာပေါ့" ဟု ဦးအောင်ကြီးက ပြောလိုက်ရာ အားလုံးက 'ဟုတ်ပ၊ ဟုတ်ပ' ဟု ထောက်ခံကြလေ၏။

"သီလဲ ကိုဘမော်ကို မကြာမကြာ သတိရပါတယ်၊ ဒါ. ပေမယ့် ချစ်တာ မဟုတ်ပါဘူး၊ ရိုးရိုးသတိရတာပါ" ဟု သီသီက ဝင်၍ပြောလေ၏။

ထိုအချိန်၌ အပေါ်ထပ်မှ အဘိုးကြီးကို တွဲ၍ဆင်းလာသော စစ်ဗိုလ်က ဘမော်နှင့် မြကီနွရီအနီးသို့ လျှောက်လာပြီးလျှင် ဘမော်၏လက်နှင့် မြကီနွရီ၏လက်ကို ဆွဲယူ၍ လက်ထပ်ပေးပြီးလျှင်...

"ကျွန်တော် မြကီနွရီရဲ့ အစ်ကိုလတ် စံမြပါ" ဟု ဘမော်အား ပြောလိုက်လေ၏။ ကျန်သော်ပရိသတ်ကလည်း လက်ခုပ်တဖြောင်းဖြောင်းတီး၍ အသိအမှတ် ပြုလိုက်ကြလေတော့၏။ သီသီကပါ တကက်တကက်ကြွကြွ လက်ခုပ်သြဘာ ပေးလေ၏။

"သိပ်ဝမ်းသာတာပဲ၊ ကိုဘမော်နဲ့ အစ်မလေးက သိပ်ပြီး ရှေ့သွားနောက်လိုက် ညီတာပဲ" ဟု သီသီက ပြောလိုက်လျှင်...

"ဘမော်...သီသီက အစ်မလေးရဲ့ ယောက်မကွယ့်၊ အစ်ကိုလေးရဲ့ မိန်းမလေ" ဟု မြကီနွရီက ပြောရာ ဘမော်က အူကြောင်ကြောင်နှင့် ဟိုကြည့်ဒီကြည့် ကြည့်၍နေလေ၏။

"ကိုဘမော်...ကျွန်တော့်ကို သိတယ်မဟုတ်လား၊ ကျွန်တော်တို့ ညီအစ်ကိုကြောင့် ကိုဘမော် ဒုက္ခရောက်သွားရတာပါ၊ ဒါတွေက ပြီးသွားပါပြီဗျာ၊ ငယ်ငယ်က ကိစ္စတွေပါ၊ ကျွန်တော်က



OBookShelf
blogspot.com



ဟိုစစ်မဖြစ်ခင်ကတည်းက ကိုဘမော်ရဲ့ ပြဇာတ်တွေကို ကြည့်လာတဲ့ ပရိသတ်ပါ၊ ပြီးတော့ ဦးအောင်ကြီးရဲ့ ပြောပြချက်အရ ကိုဘမော်ဟာ လွတ်လပ်ရေး ကြိုးပမ်းမှုမှာလည်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တယ်ဆိုတာလဲ သိရတော့ ဂုဏ်ယူပါတယ်ဗျာ" ဟု ဗိုလ်ကြီးစံမြက ပြောလိုက်လေ၏။

ဘမော်၏စိတ်၌ ငယ်စဉ်ကလေးဘဝက ဓားခုတ်မှု ဖြစ်ပွားခဲ့ပုံကို ပြန်လည်၍ မြင်ယောင်လာမိ၏။

"အစ်မလေးနဲ့က မောင်နှမ အရင်းလား" ဟု ဘမော်က မြကီနွရီအား မေးလေ၏။

"ဟုတ်ပါတယ်၊ မိဘတွေ သေပြီးတော့ မောင်နှမတွေလဲ ဟိုတကွဲ ဒီတကွဲ ဖြစ်ကုန်ကြတယ်လေ" ဟု မြကီနွရီက ပြောလေ၏။

"သိပ်ပြီးဆန်းတာပဲ" ဟု ဘမော်က တစ်ကိုယ်တည်း ရေရွတ်လိုက်လေ၏။

"ဘာကို သိပ်ပြီးဆန်းတာပဲလို့ ပြောတာလဲ" ဟု ဦးအောင်ကြီးက ဝင်၍မေးလိုက်၏။

"အားလုံး ဆန်းနေတာပဲ၊ အစ်မလေးက ကိုစံမြရဲ့ညီမ၊ သီသီက ကိုစံမြရဲ့ဇနီး၊ ကျွန်တော်က ကိုစံမြရဲ့အစ်ကိုကို ကလေးဘဝက ဓားနဲ့ခုတ်သတ်ခဲ့တဲ့လူ၊ ဇာတ်ပေါင်းတော့ ဒီလူတွေ အကုန်လုံး ဒီနေရာမှာ လာဆုံကြတယ်၊ အဲဒါ သိပ်ပြီးဆန်းနေတာပဲ" ဟု ဘမော်က ပြောလိုက်ရာ ဦးအောင်ကြီးက...

"ဒီထက်ဆန်းတာက ဟောဟို အဘိုးကြီးပဲ" ဟု ပြောလိုက်လေ၏။

"ဘယ်လို ဆန်းတာလဲ" ဟု ဘမော်က မေးလေ၏။

http://obookshelf.blogspot.com



"ဆန်းပြီလား ကိုယ့်လူရယ်၊ မြကိန္နရီရဲ့အမေ မြနန်းနွယ်က မြကိန္နရီရဲ့အဖေ ဆီစက်သူဌေးကိုလဲ ယူလိုက်ရော သူလဲ ပျက်စီးခြင်းမလှ ပျက်စီးပြီး နောက်ဆုံး သူတောင်းစားကြီးအထိ ဖြစ်သွားတဲ့ ချစ်ကံမွဲသူကြီးပေါ့ကွာ၊ ပြီးတော့ သူ အင်မတန်ချစ်ရှာတဲ့ မြနန်းနွယ်ရဲ့သမီး မြကိန္နရီကို ကယ်ဆယ်ရာကနေ လူသတ်မှုနဲ့ ထောင်ကျခဲ့ရတယ်၊ အခုလို ဇာတ်ပေါင်းနိုင်တာကလဲ သူ့ကျေးဇူးပဲကွ၊ သူက မြကိန္နရီအကြောင်း၊ မင်းအကြောင်း၊ မင်းနဲ့တွဲဖူးတဲ့ ငါ့အကြောင်း အကုန်လုံးကို ခရေစေ့တွင်းကျ စုံစမ်းပြီး ဇာတ်လမ်းတစ်ခုလုံး ခြုံငုံမိတဲ့အခါမှာ ငါ့ဆီကို မရရအောင် ရှာဖွေလာပြီး ပြောပြတာ၊ အဲဒီတော့မှ ငါလည်း ဇာတ်ရည်လည်တော့တာကိုကွ၊ ဒီအထဲမှာ ငါတို့တပ်က ဗိုလ်စံမြကလဲ ဇာတ်ကောင်အဖြစ်ပါနေတဲ့အပြင် ဗိုလ်စံမြကတော် သီသီကလဲ ဒီဇာတ်လမ်းရဲ့ သော့ချက် ဖြစ်နေပြန်တယ်၊ ဟဲ...ဟဲ...ဒီတော့ အဘိုးကြီးဆီက ဇာတ်လမ်းကို ငါက လက်လွှဲယူလိုက်ပြီး ကျန်တာတော့ ငါက ဒါရိုက်တာပေါ့ကွာ" ဟု ဦးအောင်ကြီးက ပြောလိုက်ရာ အားလုံးက လက်ခုပ်လက်ဝါး တီး၍...

"သိပ်ကောင်းတဲ့ ဒါရိုက်တာကြီး၊ ဒါရိုက်တာဘမော်ရဲ့ ပုဂံသားမောင်ဘမော် ပြဇာတ်အစစ်ကို ဇာတ်သိမ်းပေးနိုင်တဲ့ ဒါရိုက်တာကြီး" ဟု လူရွှင်တော် ကိုညြဇာက ပြောလိုက်ရာ အားလုံးက 'ဟုတ်တယ်' ဟု ထောက်ခံလိုက်လေ၏။

"ဘယ်တော့မှ မရနိုင်တဲ့ မြနန်းနွယ်ကို စွဲလမ်းလာတဲ့ ဟောဒီအဘိုးကြီးကလဲ အခုအခါမှာတော့ ဆီစက်ဆန်စက်တွေကို ပိုင်ဆိုင်တဲ့ သူကြွယ်ကြီး ဖြစ်နေပြီမို့ ဒီဇာတ်လမ်းသိမ်းရင် မြကိန္နရီကို သမီးအမှတ်နဲ့ မွေးစားပါရစေလို့ ပြောထားတယ်၊ သဘောတူရင် လက်ခုပ်တီးပါ၊ ဒီထက်သဘောတူရင် ကောလိပ်ကျောင်းသားကြီးက အခါပေးတာက နတ်ရေးငယ်ရွှေစာကို စန္ဒယားနဲ့ တီးပြီး စက္ကဝက်ကြည်က ဆိုစေချင်ပါတယ်" ဟု ဦးအောင်ကြီးက ပြောလိုက်ရာ လက်ခုပ်သံများနှင့်အတူ ကောလိပ်ကျောင်းသားကြီး၏ စန္ဒယားလက်သံကိုသာမက စက္ကဝက်ကြည်၏ ငြိမ့်ညောင်းသော သီချင်းသံပါ ထွက်ပေါ်၍ လာလေတော့၏။

'အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ..ကောင်းခြင်းတည့် ခုရိုန်ခါ' သီချင်းသံ ထွက်၍လာသောအခါ၌ ဘမော်က မြကိန္နရီအား 'အစ်မလေး ရှက်စရာကြီး ခြံထဲ သွားနေကြရအောင်ပါ' ဟု တိုးတိုးကလေးပြောကာ မြကိန္နရီ၏ ပခုံးကလေးကို သိုင်းဖက်၍ ခေါ်သွားလေ၏။ မြကိန္နရီမှာလည်း ရှက်လွန်း၍ မျက်နှာတစ်ခုလုံး ပန်းနုရောင် ပြေးနေသော်လည်း ဘမော်ခေါ်ဆောင်ရာသို့ လိုက်ပါသွ းလေတော့၏။

ထိုညက ပုဂံမြို့မှ ဘုန်းကြီးကျောင်းသားကလေး မောင်ဘမော်(သို့မဟုတ်)ပုဂံသားမောင်ဘမော်၏ ပြဇာတ်စင်ပေါ်၌ ဇာတ်မသိမ်းလိုက်ရသော ဇာတ်သိမ်းပိုင်းကို ကောလိပ်ကျောင်းသားကြီးနှင့် စက္ကဝက်ကြည်တို့၏အိမ်၌ ဦးအောင်ကြီး၏ အကူအညီဖြင့် ကောင်းမွန်စွာ ပျော်ရွှင်စွာ ဇာတ်သိမ်းလိုက်နိုင်ပေသည် တကား။

ပြီးပါပြီ

http://obookshelf.blogspot.com





## ကျွန်ုပ်နှင့် ပြဇာတ်

ကျွန်ုပ်သည် ငယ်စဉ်က ပြဇာတ်ကို ဝါသနာပါသည့်အလျောက် ပြဇာတ်ဆိုလျှင် အသည်းစွဲ ကြည့်ခဲ့ပေသည်။ ကျွန်ုပ်အနေနှင့် ဂျပန်ခေတ် ကန်တော်မိတ်ရုံ၌ ပြသခဲ့သော ပြဇာတ်များ၊ စစ်ပြီးခေတ် ဝင်းဝင်း၊ ကာဌေးရုံတို့၌ ကပြခဲ့သော ပြဇာတ်များနှင့် ဇာတ်အဖွဲ့အမျိုးမျိုးမှ ကပြခဲ့သော ပြဇာတ်များကို မလွတ်တမ်းဟု ဆိုရလောက်အောင် ကြည့်ရှုခဲ့ဖူးပါသည်၊ ကျွန်ုပ်ဆိုလိုသည်မှာ ကျွန်ုပ်သည် ပြဇာတ်ကို စွဲစွဲမြဲမြဲကြည့်ရှုတတ်သော ပြဇာတ်ကြည့်သမားတစ်ဦးပင် ဖြစ်ပေသည်။ (၁၉၅၈-၅၉)ခုနှစ်လောက်တွင်ဟု ထင်ပါသည်။ ကျွန်ုပ်တို့၏ မြန်မာ့တပ်မတော်ခြေလျင်တပ် (၂၁)တပ်ရင်း ရုံးစိုက်ရာ မကွေးမြို့သို့ ပြဇာတ်အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာလေသည်။ ထိုပြဇာတ်အဖွဲ့ကြီး၏ နဖူးစည်း၌ ကျားခေါင်းပုံကြီး ချိတ်ဆွဲထားသည်ကိုလည်း ကျွန်ုပ် ကောင်းစွာမှတ်မိနေပါသေးသည်။ ထိုကျားခေါင်းပုံကြီးနှင့်အတူ **'အရေအတွက်မှ အရည်အချင်းသို့'** ဟူသော ဆောင်ပုဒ်စာတမ်းတစ်ခု

http://obookshelf.blogspot.com



သည်း ပါရှိလေသည်။

ထိုပြဇာတ်အဖွဲ့သည် ကျွန်ုပ်တို့၏ တပ်ရင်း(၂၁)မှ တပ်ဖြန့်ထားသော မင်းဘူး၊ စကု၊ စလင်း၊ ပွင့်ဖြူ၊ ဆင်ဖြူကျွန်းမြို့များသို့ လှည့်လည်၍ ကပြရာ၌ ကျွန်ုပ်နှင့် ရဲဘော်တစ်ယောက်ကိုပါ အကူအညီ ပေးရန်အတွက် ခေါ်၍သွားလေ၏။ တပ်မှလည်း ကျွန်ုပ်တို့နှစ်ယောက်အား ထိုပြဇာတ်အဖွဲ့အား ကူညီရန် မှာကြားလိုက်သဖြင့် ကျွန်ုပ်တို့သည် နေရင်းထိုင်ရင်းနှင့်ပင် ပြဇာတ်အဖွဲ့၏ ခိုင်းချင်ရာ ခိုင်းစေနိုင်ခွင့်ရှိသော အခိုင်းအစေများ၊ ထို့ထက်ဆိုရပါမူ ဇာတ်ကျွန်များဘဝသို့ ရောက်၍သွားလေတော့၏။

ကျွန်ုပ်တို့မှာ ထိုသို့ ဇာတ်ကျွန်အဖြစ် လိုက်ပါရသည်ကိုပင် အကျေနပ်ကြီး ကျေနပ်၍ နေကြလေ၏။ ကျွန်ုပ်နှင့် လိုက်ပါခဲ့ရသော ရဲဘော်မှာ ဇာတ်ပိုးပါသူ ဖြစ်သဖြင့် ထိုအဖွဲ့နှင့် လိုက်ပါရသည့်နေ့မှ စ၍ ပြဇာတ်မင်းသား ဖြစ်ချင်သော ပိုးတို့သည် ထိုရဲဘော်အား နှိပ်စက်လေတော့၏။

သီချင်းတွေ ကျက်၏။ အမူအရာ လုပ်ကြည့်၏။ ထို့နောက် ဇာတ်ဆရာကို သွား၍ဆိုပြ၏။ အမူအရာများ လုပ်ပြ၏။ ဇာတ်ဆရာမှာ တပ်မတော်မှ စစ်ဗိုလ်တစ်ဦး ဖြစ်လေသည်။ ထိုဇာတ်အဖွဲ့၏ ပိုင်ရှင်မှာမူ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဖြစ်ပေသည်။ တစ်နည်းဆိုရပါမူ ထိုဇာတ်အဖွဲ့သည် မြန်မာ့တပ်မတော်၏ အနုပညာစစ်ကြောင်းတစ်ခုမှ တပ်ခွဲကလေးတစ်ခွဲမျှသာ ဖြစ်ပေသည်။

ထိုဇာတ်အဖွဲ့မှ ပြဇာတ်မင်းသား၊ လူကြမ်း၊ ဆိုင်းဆရာ၊ နဲ့ဆရာ၊ ကားဆွဲမှစ၍ တပ်မတော်သားချည်း ဖြစ်ပေသည်။ ပြဇာတ်မင်းသမီးနှင့် ယိမ်းအဖွဲ့မှာလည်း တပ်မတော်သားတို့၏



OBookShelf
blogspot.com



ဇနီးသားမယားသာလျှင် ဖြစ်ကြလေသည်။

ထိုဇာတ်အဖွဲ့ကိုအုပ်ချုပ်၍ ပြဇာတ်များကို ညွှန်ပြရသော ဗိုလ်ကြီးမှာလည်း ပြဇာတ်ရေးရ၊ တယောကလေးဖြင့် သီချင်းအသံ ရှာရ၊ သူ၏လူများကို အုပ်ချုပ်ရဖြင့် မအားရသည့်အထဲတွင် ပြဇာတ်မင်းသား ပိုးထနေသော ကျွန်ုပ်၏ရဲဘော်ကလည်း တစ်နည်းတစ်ဖုံ ဒုက္ခပေးလျက် ရှိလေတော့၏။ ကြာတော့လည်း ဇာတ်ဆရာ ဗိုလ်ကြီးသည် ကျွန်ုပ်ရဲဘော်၏ခွဲကို အသိအမှတ်ပြုရလေတော့သည်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို တင်ပြ၍ ကျွန်ုပ်၏ရဲဘော်အား တပ်ရင်း(၂၁)မှ နေ၍ သူ၏တပ်မတော်ဇာတ်အဖွဲ့သို့ ပြောင်းရွှေ့အမှုထမ်းရန် တောင်းဆိုလိုက်လေတော့၏။ ထိုအချိန်မှစ၍ ကျွန်ုပ်နှင့် အတွဲကြီးတွဲခဲ့သော ကျွန်ုပ်၏ရဲဘော်မျိုးမြင့်သည် တပ်မတော်ဇာတ်အဖွဲ့၌ စကင်းဟီးရိုး(ခေါ်)ဒုတိယပြဇာတ်မင်းသား ဖြစ်၍သွားလေတော့၏။

မျိုးမြင့်သည် အရှင်လတ်လတ် နတ်ပြည်သို့ ရောက်သွားသည့်အလား အပျော်ကြီးပျော်လျက် ရှိလေသည်။

ဇာတ်အဖွဲ့ကြီး စလင်းမြို့၌ ကပြသည့်အခါ၌ ပရိသတ်က တောင်းဆိုသဖြင့် သတ်မှတ်ထားသည့် ကပြရက်ကို တိုး၍ ကပြနေရစဉ် ညတစ်ည၌ ဇာတ်ဆရာဗိုလ်ကြီးသည် ကျွန်ုပ်အနီးသို့ လာရောက်၍...

"ဆာဂျင်ကြီး...ခင်ဗျားလူကတော့ ပြဇာတ်မင်းသား ဖြစ်သွားပြီ၊ ခင်ဗျားရော ကျုပ်ဇာတ်ထဲလိုက်ဖို့ စိတ်မကူးမိဘူးလား" ဟု ဆိုလေ၏။

ကျွန်ုပ်၌လည်း ရဲဘော်မျိုးမြင့်ကဲ့သို့ ပြဇာတ်မင်းသားပိုး မရှိသော်လည်း အခြားသောပိုးတစ်မျိုး ရှိနေပေရာ ထိုဗိုလ်ကြီးက

http://obookshelf.blogspot.com



စကားစလိုက်လျှင် စလိုက်ချင်း အားရဝမ်းသာဖြင့်...

"ပြဇာတ်မင်းသားတော့ မလုပ်ချင်ပါဘူး ဗိုလ်ကြီးရာ၊ ကျွန်တော်ရေးထားတဲ့ ပြဇာတ်ကလေးတစ်ပုဒ် ရှိပါတယ်၊ ဗိုလ်ကြီးတို့အနေနဲ့ သုံးလို့ရမယ်ဆိုရင် သုံးပေးစေချင်ပါတယ်" ဟု ကျွန်ုပ်၏ ပြဇာတ်ဆရာပိုးကို ထုတ်၍ ပြောလိုက်ရာ ထိုဗိုလ်ကြီးက သဘောကျစွာ ရယ်မောလေ၏။

"ဖတ်ကြည့်တာပေါ့ဗျာ၊ ဒါပေမယ့် ဆရာချင်ကြီးကို ပြောချင်တာက ဒီမှာ ကျုပ်တို့ ကနေတဲ့ပြဇာတ်တွေက သောင်းကျန်းမှုနှိမ်နင်းရေးနဲ့ တိုင်းရင်းသားညီညွတ်ရေးဆိုတဲ့ ဦးတည်ချက်ကို အကောင်အထည်ဖော်ရတဲ့ ပြဇာတ်တွေချည်းပဲဗျ၊ အဲဒီလိုင်း ဝင်တဲ့ ပြဇာတ်ဆိုရင် ကလို့ရပါတယ်" ဟု ဗိုလ်ကြီးက အားပေးစကားပြောလေသည်။

ကျွန်ုပ်နှင့် ထိုဗိုလ်ကြီးလည်း မကြာမကြာ ပြဇာတ်များအကြောင်းကို ပြောဆိုဆွေးနွေးခဲ့ကြရလေသည်။ ထိုဗိုလ်ကြီးကလည်း သူ၏ပြဇာတ်များနှင့် ပတ်သက်၍ အကြံများ တောင်းလေ၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်နားလည်ထားသလောက် ပြန်၍ပြော၏။

"ဗိုလ်ကြီး နေဝင်ချိန်ဆိုတဲ့ ပြဇာတ် ending မှာ သောင်းကျန်းသူ သေနတ်မှန်ပြီး သေတာဟာ မကောင်းဘူးထင်တယ်၊ ပရိသတ်က သောင်းကျန်းသူလုပ်တဲ့ ဇာတ်လိုက်ကို သနားသွားကြတယ်" ဟု ကျွန်ုပ်၏ ပြဇာတ်တစ်ပုဒ်ကို ဝေဖန်ရာ ထိုဗိုလ်ကြီးက..

"ဟုတ်တယ် ဆရာချင်ကြီး၊ ကျုပ်လဲ အဲဒီအခန်းကို ဖြုတ်ပစ်ဖို့အထိကို စာတင်ထားတယ်" ဟု ဆိုလေ၏။

"ဒါလေးဖြုတ်တာပဲ ဗိုလ်ကြီးရာ၊ အထက်ကို စာတင်ဖို့





မလိုပါဘူး၊ ပိုပြီးကောင်းအောင် လုပ်တာပဲ၊ အထက်လူကြီးတွေကလည်း ဘာမှပြောကြမှာ မဟုတ်ပါဘူး" ဟု ကျွန်ုပ် ဖောဒကတက်ရာ ထိုဗိုလ်ကြီးက...

"ကိုယ့်လူက ကျုပ်တို့ဟာ စစ်သားတွေ ဖြစ်တယ်ဆိုတာ မေ့သွားပြီကိုး၊ အမှန်က ကျုပ်တို့ဟာ တကယ့် ဇာတ်သမားတွေ မဟုတ်ကြဘူးဗျ၊ စစ်သားတွေပဲ၊ ဒီနေရာမှာ သေနတ်နဲ့ မတိုက်ကြနဲ့၊ မင်းတို့က အနုပညာလက်နက်နဲ့ တိုက်ကြဆိုလို့ အနုပညာလက်နက်နဲ့ တိုက်နေတာပဲ၊ ကျုပ်တို့ဟာ ဇာတ်ကနေတာ မဟုတ်ဘူး၊ စစ်တိုက်နေတာဖြစ်တယ်၊ စစ်တိုက်နေတာဆိုတော့ အမိန့်ကိုနာခံဖို့ သိပ်အရေးကြီးတယ် မဟုတ်လား" ဟု စိတ်ရှည်လက်ရှည်ကြီး ရှင်းပြလိုက်မှပင် ကျွန်ုပ်လည်း ကောင်းစွာသဘောပေါက်၍ သွားလေတော့၏။

ထိုဒေသ၌ တပ်မတော်ပြဇာတ်ကို ကျေနပ်လောက်အောင် ကပြပြီးနောက် ပြဇာတ်အဖွဲ့ကြီး ထွက်ခွာ၍ သွားလေတော့၏။ မျိုးမြင့်ဆိုသည့် ပြဇာတ်မင်းသားရှုးလည်း ထိုပြဇာတ်အဖွဲ့နှင့်အတူ ပါ၍သွားလေတော့၏။

ကျွန်ုပ်သာလျှင် ပြဇာတ်ဆရာ မဖြစ်ဘဲ တပ်ရင်း(၂၁)၌ပင် ကျန်ရစ်ခဲ့လေတော့၏။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီးနောက် ကျွန်ုပ်လည်း စာရေးဆရာ ဖြစ်၍လာလေတော့၏။ တစ်နေ့သ၌ ယဉ်ကျေးမှုဌာနမှ ကပြတင်ဆက်သော ပြဇာတ်ကို သွားရောက်ကြည့်ရှုခဲ့ရာ မမျှော်လင့်ဘဲလျက် နှစ်ပေါင်းများစွာက ကွဲကွာသွားခဲ့သော ရဲဘော်မျိုးမြင့်ကို သွား၍တွေ့ရလေတော့၏။ မျိုးမြင့်သည် ဗိုလ်မှူးကြီးတစ်ဦးနှင့် ရပ်၍စကားပြောနေသဖြင့် ကျွန်ုပ်က နှုတ်မဆက်သေး

http://obookshelf.blogspot.com



ဘဲ စောင့်၍နေရလေ၏။ ထိုသို့ စောင့်၍နေရာမှ မျိုးမြင့်နှင့် စကားပြောလျက်ရှိသော ဗိုလ်မှူးကြီး၏မျက်နှာကို လှမ်း၍ကြည့်မိလေ၏။ ကျွန်ုပ်၏စိတ်၌ ထိုဗိုလ်မှူးကြီးကို တစ်နေရာရာ၌ မြင်ဖူးသကဲ့သို့ ရှိ၏။ သို့ရာတွင် မည်သည့်နေရာ၌ မြင်ဖူးသည်ကိုမူ မမှတ်မိတော့ပေ။

မျိုးမြင့်နှင့် ဗိုလ်မှူးကြီး နှုတ်ဆက်၍ လမ်းခွဲသည့်အခါ၌ ကျွန်ုပ်က မျိုးမြင့်ကို နှုတ်ဆက်လေ၏။

"ဟော...ဆရာပါလား...မမှတ်မိဘူးဗျာ၊ ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်ကတော့ ဆရာနဲ့ မတွေ့ရပေမယ့် ဆရာစာတွေကိုတော့ ဖတ်ရပါတယ်ဗျာ" ဟု မျိုးမြင့်က အားရပါးရ နှုတ်ဆက်လေ၏။

"မျိုးမြင့် စောစောတုန်းက မင်းနဲ့စကားပြောနေတဲ့ ဗိုလ်မှူးကြီးက ဘယ်သူလဲကွ၊ ငါတော့ မြင်ဖူးသလိုလိုပဲ" ဟု ပြောရာ မျိုးမြင့်က...

"ဆရာကလဲ အဲဒါ ကျွန်တော်တို့ တပ်ထဲမှာတုန်းက ပြဓာတ်အဖွဲ့နဲ့ ပါလာတဲ့ ဗိုလ်ကြီးလေ၊ အခုတော့ ဗိုလ်မှူးကြီးဖြစ်နေပြီ၊ ဗိုလ်မှူးကြီးဘမော် ဆိုတာပေါ့၊ ယဉ်ကျေးမှုဌာနမှာလေ၊ ဟဲ...ဟဲ၊ သူ့အဖြစ်အပျက်ကလေးက စိတ်ဝင်စားဖို့ကောင်းတယ်၊ ဆရာများ ဝတ္ထုရေးလိုက်ရရင်" ဟု မျိုးမြင့်က ပြောလေ၏။

"ဒါနဲ့ နေစမ်းပါကွာ၊ မင်းက အခုဘယ်မှာလဲ၊ ဘာလုပ်နေသလဲ" ဟု ကျွန်ုပ်က ခပ်လောလောကလေး မေးလိုက်ရာ မျိုးမြင့်က...

ပ၊ "ဓာတ်ထဲမှာလေ၊ ဟိုအခန်း ဒီအခန်းကပေါ့ ဆရာရယ်" ပြောလေ၏။





ဤသို့လျှင် ပြဓာတ်မင်းသားဟောင်း မျိုးမြင့်နှင့်တွေ့ပြီး တစ်ပတ်ခန့်အကြာတွင် မျိုးမြင့်သည် ကျွန်ုပ်ထံ လာရောက်၍ အင်းစိန်ဘက်သို့ ခေါ်သွားပြီးလျှင် အငြိမ်းစား ဗိုလ်မှူးဟောင်းတစ်ဦးနှင့် မိတ်ဆက်ပေးလေ၏။ ထိုဗိုလ်မှူး၏အမည်ကား ဦးအောင်ကြီး ဟူ၍ ဖြစ်ပေသည်။

ဦးအောင်ကြီးသည် ကျွန်ုပ်အား ပုဂံသားမောင်ဘမော်၏ အကြောင်းကို စရေစေ့တွင်းကျ ပြောပြခဲ့လေသည်။ ကျွန်ုပ်လည်း သေချာစွာ နားထောင်ခဲ့ရုံမျှမက မရှင်းမလင်းသော အချက်များကို အောက်ပါအတိုင်း မေးခဲ့ရလေ၏။

"မောင်ဘမော်နဲ့ မြကိန္နရီဟာ ဦးအောင်ကြီးရဲ့ ကောင်းမှုကြောင့် ပေါင်းဖက်သွားကြရပြီးတဲ့နောက်မှာ မောင်ဘမော်က ဘယ်လိုကနေ တပ်ထဲ ရောက်သွားရတာလဲ"

"တပ်ထဲ ရောက်သွားရတာက ကျုပ်တို့ကြောင့်ပေါ့၊ ဘမော်ရေ ပြဓာတ်ကနေလို့ မဖြစ်သေးဘူးကွ၊ ငါတို့ရထားတဲ့ လွတ်လပ်ရေးကို ထိပါးနေကြပြီ၊ ရန်သူတွေ ဝိုင်းနေကြပြီဆိုပြီး တရားဟောလိုက်ရသေးတယ်၊ ဘမော်ဟာ တယောကိုချပြီး ရိုင်ဖယ်ကို ကိုင်တော့တာပါပဲ" ဟု ဦးအောင်ကြီးက ရှင်းပြလေ၏။

"စစ်အချုပ်ထဲမှာ သီသီနဲ့အတူ အဖမ်းခံရတာက စံထူး၊ စံလှ၊ စံမြဆိုတဲ့ ညီအစ်ကိုသုံးယောက်ထဲက ဘယ်သူလဲ"

"စံလှလေ၊ ဂျပန်ခေတ်မှာ ဂျပန်သတ်လို့ သေပါပြီ၊ သီသီနဲ့ အိမ်ထောင်ကျတာက စံမြလေ၊ အခုတော့ သူလည်း အငြိမ်းစား ဒုဗိုလ်မှူးကြီးတစ်ဦးပါပဲ၊ ဒါထက် ဝတ္ထုရေးရင်တော့ နာမည်ကလေးတွေ နေရပ်ကလေးတွေ ပြောင်းပေးပါနော်၊ ပြောင်းပေးဆိုတာက တခြားကြောင့် မဟုတ်ပါဘူး၊ မောင်ဘမော်က သူ့ဘဝ



OBookShelf.blogspot.com

http://obookshelf.blogspot.com



ဟာ ဝတ္ထုရေးရလောက်တဲ့အထိ စိတ်ဝင်စားဖို့ ကောင်းပါလား ဆိုပြီး ဘဝင်မြင့်သွားမှာစိုးလို့ပါ၊ ဟား...ဟား" ဟု ပြောကာ ဦးအောင်ကြီးက ရယ်မောလိုက်လေတော့၏။

ကျွန်ုပ်လည်း ဦးအောင်ကြီး၏အိမ်မှ ပြန်လာပြီးနောက် ခဲတံကို ချွန်၍ ပုဂံမြို့မှ ဘုန်းကြီးကျောင်းသားလေးနှင့် ကွန်ဗင့်ကျောင်းသူကလေးတို့၏ မေတ္တာဇာတ်လမ်းကို စတင်၍ ရေးသားခဲ့လေ၏။ ထို့နောက် ထိုဝတ္ထု၏အမည်ကို အောက်ပါအတိုင်း ပေးလိုက်လေသတည်း။

## ' ပုဂံသားမောင်ဘမော် '

[illegible]

မင်းသိခ်



OBookShelf
.blogspot.com
မှ
အစအဆုံး PDF ပြုလုပ်သည်။